# ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း?

၂၀၁၂ အပစ်ခတ်ရပ်စဲပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်း
ပြောင်းလဲလာသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံတို့၏ တုံ့ပြန်မှုများ




KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

# ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း?

## ၂၀၁၂ အပစ်ခတ်ရပ်စဲပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်း ပြောင်းလဲလာသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံတို့၏ တုံ့ပြန်မှုများ

ကရင်လူ့အခွင့်အရေးအဖွဲ့
မေလ၊ ၂၀၁၄ ခုနှစ်

**ဆိုင်းငံ့ခြင်း (သို့) အသွင်ကူးပြောင်းခြင်း?**
**၂၀၁၂ အပစ်ခတ်ရပ်စဲပြီးနောက် မြန်မာပြည် အရှေ့တောင်ပိုင်း ပြောင်းလဲလာသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဒေသခံတို့၏တုံ့ပြန်မှုများ**

ကရင်လူ့အခွင့်အရေးအဖွဲ့ မှ ရေးသားထုတ်ဝေသည်။

မေလ၊ ၂၀၁၄ ခုနှစ်။ KHRG #2014-01

ရှေ့မျက်နှာဖုံး။ ။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ကျောက်ကြီးမြို့နယ် ဆက်ဆံရေးရုံး၏ လုပ်ပိုင်ခွင့် အား ကရင်အမျိုးသား အစည်းအရုံး သို့ တရားဝင် ပေးအပ်ခြင်း အခမ်းအနား၌ မြန်မာအစိုးရ နှင့် KNU အရာရှိများ လက်စွဲနှုတ်ဆက် နေခြင်း ဖြစ်သည်။ အစိုးရ နှင့် KNU အရာရှိများ နှင့် စစ်သားများအကြား ဆက်သွယ်ရေး လုပ်ဆောင်ရန် အသုံးပြုမည် ဖြစ်သည်။

နောက်မျက်နှာဖုံး။ ။ တောင်ငူခရိုင်၌ ၂၀၁၂ ဖေဖော်ဝါရီလတွင်တပ်မတော်စစ်သားများ မှ ရိက္ခာများ၊ လက်နက်များ၊ နှင့် အခြား ပစ္စည်းများ ပို့ဆောင်ခြင်း ဖြစ်သည်။ ထိုဒေသ ရှိ ရွာသားများ ပြောပြချက်အရ စစ်သားများသည် အပစ်အခတ် လွန်ကာလတွင် ၎င်းတို့၏ စစ်အခြေစိုက်စခန်း သို့ ရိက္ခာပမာဏ ပိုမို ပို့ဆောင်ခဲ့ပြီး ဒေသခံပြည်သူလူထု အကြား စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ကို ၁၉ ၉ ၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည် ကျေးလက်ဒေသရှိ ရွာသားများနှင့် မြို့နေ လူထုများ တွေ့ကြုံခံစားရသော အခြေအနေများကို တိုက်ရိုက်တွေ့ဆုံမေးမြန်းပြီး အစီရင်ခံစာ ထုတ်ပြန်ပါသည်။ ဓာတ်ပုံ နှင့် အခြား သက်သေအထောက်အထားများကိုလည်း ထည့် သွင်းဖော်ပြပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်သောအဖွဲ့အစည်းဖြစ်ပြီး မည်သည့် နိုင်ငံရေး (သို့) အဖွဲ့အစည်းနှင့်မျှပတ်သက်ခြင်းမရှိပါ။ အဖွဲ့၏ လုပ်ငန်းများကို သိရှိလိုပါက အင်တာနက်စာမျက်နှာ ဖြစ်သည့် www.khrg.org တွင် ဖတ်ရှုနိုင်သလို ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ် လိပ်စာ khrg@khrg.org သို့ ဆက်သွယ် တောင်းခံနိုင်ပါသည်။

ဤအစီရင်ခံစာကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ထုတ်ဝေပါသည်။ ကရင် လူ့အခွင့်အရေးအဖွဲ့၏ မူပိုင် ဖြစ်ပါသည်။ အစီရင်ခံစာတွင် ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင် အကျိုးအမြတ်အတွက် မဟုတ်ဘဲ အများ အကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုပါက ထပ်မံ ကူးယူ အသုံးပြု၊ ဖြန့်ဝေနိုင်ပါသည်။ သို့သော် စီးပွားရေး အကျိုးအမြတ်အတွက် ပုံနှိပ်ထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ ထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသည်။

**ဤစာအုပ်သည် ရောင်းရန်မဟုတ်ပါ။**

# စကားဦး

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် မြန်မာစစ်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးအကြား အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီချက် လက်မှတ်ထိုးပြီးသည့်နောက် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် လူ့အခွင့်အရေး အခြေအနေများ ပြောင်းလဲလာပါသည်။ ၁၉၉၂ခုနှစ် မှစ၍ KHRG မှ မှတ်တမ်းတင်ထားသည့် အချို့သော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများသည် အထူးသဖြင့် စိုးရိမ်ဖွယ်ရာ အခြေအနေတွင် ကျန်ရှိနေသေးသော်လည်း အချို့သောလူ့အခွင့်အရေးချိုးဖောက်မှုများမှာ ပျောက်ကွယ်လုနီးပါးရှိလာပြီဖြစ်သည်။ တချိန်တည်းမှာပင် ပြောင်းလဲဖြစ်ပေါ်နေသော ပတ်ဝန်းကျင်၏ လုံခြုံရေးအခြေအနေအရ လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံ အသစ်များနှင့်အတူ ဒေသခံများ၏စိုးရိမ်မှုများလည်း ပေါ်ထွက်လာပါသည်။ ဤအသွင်ကူးပြောင်းသည့် ကာလတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၏ သဘောတူညီချက်သည် ယာယီစစ်ပြေငြိမ်းခြင်းအတွက် အမှတ်အသားတစ်ခု သို့မဟုတ် ငြိမ်းချမ်းရေး အတွက် မှန်ကန်သောအသွင်ကူးပြောင်းခြင်းနှင့် ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းများအတွက် တည်ငြိမ်မှု အခြေအနေအတွက် အမှတ်အသားတစ်ခုဖြစ်မည်ကို ဒေသဆိုင်ရာအဆင့်တွင်ထင်မြင်ချက်ပေးခြင်းများ ရှိပါသည်။

လူ့အခွင့်အရေးအခြေအနေများကို ၎င်းတို့၏ကိုယ်ပိုင် လူ့အဖွဲ့အစည်းတွင် စောင့်ကြည့်မှတ်သားရန် လေ့ကျင့်ပေးထားသော ရွာသားများမှ လွန်ခဲ့သော နှစ်နှစ်အတွင်း ကောက်ယူထားသော နှုတ်ဖြင့်မေးမြန်းခြင်း ၃၈၈ခု နှင့် စာရွက်စာတမ်း စုစုပေါင်း ၁၄၀၄ ခု ပါဝင်သည့် သတင်းအချက်အလက်များအား စိစစ်ရေးဆွဲပြီး လူ့အခွင့်အရေးချိုးဖောက်မှု သို့မဟုတ် အခွင့်အရေးချိုးဖောက်မှုနှင့် ဆက်နွယ်သော အကြောင်းအရာအမျိုးအစား ၁၆ခုကို တင်ပြထားပါသည်။ ဤစီစစ်ချက်သည် နှစ်ပေါင်း ၂၀ အတွင်း KHRG ၏ သုတေသနပြုရာနေရာ ၇ ခု၌ ဖြစ်ပွားခဲ့သော ညှဉ်းပမ်းနှိပ်စက်မှုများနှင့် အဓိက လူ့အခွင့်အရေး ချိုးဖောက်သူများနှင့် ပတ်သက်၍ မကြာသေးမီက ထုတ်ဖော်ပြောဆိုချက်များကို တင်ပြထားခြင်း ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီး နောက်ပိုင်းတွင် ပြောင်းလဲလာသော လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများအပေါ် ဒေသခံများ၏ တုံ့ပြန်ချက်များအားလည်း စနစ်တကျ မှတ်တမ်းတင်ခြင်း မရှိသေးပါ။

အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်မှ တွေ့ကြုံရမည့် ခြိမ်းခြောက်မှု အပေါ် ဒေသခံရွာသားများ ထားရှိသည့် သဘောထားများသည်လည်း အလားတူပင် မှတ်တမ်းတင်ရန် ကျန်ရှိနေပါသေးသည်။ ထို့ကြောင့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်ကျေးလက်ဒေသများတွင် နေထိုင်သော ဒေသခံများ၏ အခြေအနေကို တင်ပြပေးခြင်းဖြင့် ဒေသတွင်းရှိအဖွဲ့များ၊ ပြည်တွင်းနှင့် နိုင်ငံတကာရှိ လုပ်ဆောင်မှု ပြုသူများမှ လုပ်ငန်းလုပ်ဆောင်ရာနှင့် မူဝါဒများ ချမှတ်ရာတွင် ဒေသတွင်းရှိ ရွာသားများ၏ အခြေအနေကို အခြေခံပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးမှုများကို နားလည်သဘောပေါက်၍ ပြုလုပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

# မာတိကာ

**စကားဦး** ....................................................................................................................................၁
မာတိကာ ....................................................................................................................................၂
အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ ......................................................၄
လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ပြောင်းလဲမှုပုံစံများ ................................................................................၆
မြေပုံ (၁) ဒေသတွင်းသတ်မှတ်ထားသော ကရင်ဒေသများ
(ကရင် ပြည်နယ်၊ မွန်ပြည်နယ် နှင့် ပဲခူးတိုင်း အရှေ့ဘက်) .................................................................၉
မြေပုံ (၂) ဒေသတွင်းသတ်မှတ်ထားသော ကရင်ဒေသများ (တနင်္သာရီတိုင်းဒေသကြီး) ................................၁၀

၁။ **နိဒါန်း** ....................................................................................................................................**၁၁**
အစီရင်ခံစာ ဖြစ်ပေါ်လာသောအခြေခံအကြောင်းအရင်း ...........................................................................၁၂
အဓိက ရှာဖွေတွေ့ရှိချက်များ ................................................................................................................၁၃
ပဋိပက္ခများ၏နောက်ခံသမိုင်း ...............................................................................................................၁၄
အသေးစိတ် ရှာဖွေတွေ့ရှိချက်များ ........................................................................................................၁၉
အကြံပြုတင်ပြချက်များ ......................................................................................................................၂၄
သတင်းအချက်အလက် ရှာဖွေစုဆောင်းပုံနည်းလမ်းများ ..........................................................................၂၇

**၂။ ပြောင်းလဲလာသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံများ၏ ပြန်လည်တုန့်ပြန်မှုများ ....................၃၄**
(က) အရပ်သားများအပေါ်တိုက်ခိုက်ခြင်းနှင့် တရားဥပဒေမဲ့သတ်ဖြတ်ခြင်း ............................................၃၄
(ခ) အဓမ္မဖမ်းဆီးထိန်းသိမ်းထားခြင်း ..................................................................................................၄၂
(ဂ) ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်အကြမ်းဖက်ခြင်း ........................................................................................၄၄
(ဃ) အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ......................................................................၄၉
(င) အဓမ္မခိုင်းစေခြင်း ..........................................................................................................................၅၄
(စ) အဓမ္မ တပ်သားသစ်စုဆောင်းခြင်း ....................................................................................................၆၄
(ဆ) လူသတ်မိုင်း နှင့် အခြားသော မိုင်းများ ...........................................................................................၇၃
မြေပုံ (၃) မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သော နေရာများနှင့် တည်ရှိသောနေရာများ ၂၀၁၂ -၂၀၁၃ ........၈၇
(ဇ) လွတ်လပ်စွာလှုပ်ရှားခွင့် (သို့) ကုန်သွယ်ခွင့်အပေါ် ကန့်သတ်ခြင်းများ ..............................................၈၈
(ဈ) အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်း ......................................................................၉၅

**၃။ပြောင်းလဲလာသော ကိစ္စရပ်များ။ သဘာဝ အရင်းအမြစ် စီမံခန့်ခွဲခြင်း ....................................................၁၀၅**
(က) မြေယာသိမ်းယူခြင်း .................................................................................................................. ၁၀၅
(ခ) အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများ ..........................................၁၁၆

**၄။ ပြောင်းလဲလာသော ကိစ္စရပ်များ။ လုံခြုံစိတ်ချမှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လူမှုရေး ပဋိပက္ခများ..........၁၂၇**
(က) ဆက်လက်ဖြစ်ပွားနေသော စစ်အုပ်ချုပ်မှု ပုံစံသွင်းခြင်းနှင့်
လုံခြုံစိတ်ချမှု မရှိသောအခြေအနေအပေါ် တွင် ရွာသားများ၏ ထင်မြင်ယူဆမှုများ...............................၁၂၇
မြေပုံ (၄)။ ။ တပ်မတော် စစ်စခန်း နှင့် လုပ်ဆောင်မှုများ ၂၀၁၂- ၂၀၁၃.............................................၁၄၂
(ခ) ငြိမ်းချမ်းရေးတည်ဆောက်ရန်ကြိုးပမ်းမှုများ .......................................................................................၁၄၃

(ဂ) ကျန်းမာရေးနှင့် ပညာရေး အခွင့်အလမ်း ..........................................................................၁၅၂
(ဃ) ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှု ......................................................................၁၇၅
(င) မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းနှင့် လူမှုရေးအကျိုးဆက်များ ......................................၁၈၂

## အသုံးပြုထားသော ဝေါဟာရများနှင့် အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| BPHWT | နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေး လုပ်သားအဖွဲ့ |
| BGF | တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့ |
| BMA | မြန်မာနိုင်ငံ ဆေးပညာရှင်များ အသင်း |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CIDKP | ဌာနေမဲ့ ပြည်တွင်း ကရင် ဒုက္ခသည်များ ဆိုင်ရာ ကော်မတီ |
| DKBA | ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် |
| EAG | တိုင်းရင်းသားလက်နက်ကိုင်အုပ်စု |
| FBR | မြန်မာပြည်လွတ်မြောက်ရေးတပ်သားများ အဖွဲ့ |
| IB | တပ်မတော်ခြေလျင်တပ်ရင်း |
| ICRC | အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ |
| IDP | ပြည်တွင်းစစ်ပြေးဒုက္ခသည်များ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| KDHW | ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန |
| KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNLA/KNU-PC | KNLA/KNU- ငြိမ်းချမ်းရေးကောင်စီ |
| KNDO | ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ |
| KNU | ကရင် အမျိုးသားအစည်းအရုံး |
| KORD | ကရင် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ |
| KPF | ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| LIB | တပ်မတော်ခြေမြန်တပ်ရင်း |
| LID | တပ်မတော်ခြေမြန်တပ်မ |
| MOC | စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| MOU | နားလည်မှုစာချွန်လွှာ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| VPDC | ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |

## ငွေကြေးနှင့်အတိုင်းအတာများ

| | |
|---|---|
| ဘတ် | ထိုင်းနိုင်ငံသုံးငွေကြေး။ အမေရိကန် ၁ ဒေါ်လာလျှင်ဈေးကွက်ပေါက်ဈေး အရထိုင်းဘတ်ငွေ ၃၂ ဘတ်နှင့် အနီးစပ်ဆုံးညီမျှသည်။ |
| တင်း | စပါး၊ဆန်နှင့်အစေ့များကိုချိန်တွယ်ရာတွင်အသုံးပြုသောထုထည်တိုင်း ယူနစ်။ စပါးတစ်တင်းလျှင် အလေးချိန်၂၀.၉ ကီလိုဂရမ်/ ၄၆.၀၈ ပေါင် နှင့်ညီမျှသည်။ဆန်တစ်တင်းလျှင် အလေးချိန် ၃၂ ကီလိုဂရမ်/ ၇၀.၄ ပေါင် နှင့်ညီမျှသည်။ |
| တစ်ခွဲ | စပါး၊ဆန်နှင့်အစေ့များကိုချိန်တွယ်ရာတွင်အသုံးပြုသောထုထည်တိုင်း ယူနစ်။ စပါးတစ်ခွဲလျှင် အလေးချိန်၁၀.၄၅ ကီလိုဂရမ်/ ၂၃.၀၄ ပေါင် |

| | |
|---|---|
| | နှင့်ညီမျှသည်။ဆန်တစ်တင်းလျှင် အလေးချိန် ၁၆ ကီလိုဂရမ်/ ၃၅.၂ ပေါင် နှင့်ညီမျှသည်။ |
| ကျပ် | မြန်မာနိုင်ငံသုံးငွေကြေး။ အမေရိကန် ၁ ဒေါ်လာလျှင် ဈေးကွက်ပေါက်ဈေး အရမြန်မာငွေ ၉၈၇ ကျပ် နှင့်အနီးစပ်ဆုံး ညီမျှသည်။ |
| ပိဿာ | အလေးချိန်တိုင်းတာသည့် စံယူနစ်၊ တစ် ပိဿာ လျှင် ၁.၆ ကီလိုဂရမ်/ ၃.၅ ပေါင်နှင့် ညီမျှသည်။ |

## ကရင်ဘာသာစကားအသုံးအနှုန်းများ

| | |
|---|---|
| ဂါဒါး | မိမိတို့ရပ်ရွာကိုမိမိတို့ကိုယ်တိုင်ကာကွယ်စောင့်ရှောက်ရန်ဒေသခံ ရွာသားများစုစည်းပြီးဖွဲ့စည်းထားသောကျေးရွာစောင့်အုပ်စုများ၊ KNLA တပ်များနှင့်ပူးပေါင်းဆောင်ရွက်မှုရှိနိုင်သော်လည်း ၎င်းတို့၏တိုက်ရိုက်အမိန့်ပေးမှုအောက်တွင်မရှိပေ။ |
| နော် | စကောကရင်အမျိုးသမီးများ၏နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသောအသုံးအနှုန်း။ |
| သရာ/ သရာမူ | ဆရာ/ဆရာမ။ အမျိုးသား သို့မဟုတ် အမျိုးသမီးကို လေးစားသမှုဖြင့်ခေါ်သောအသုံး။ |
| စော | စကောကရင်အမျိုးသားများ၏နာမည်ရှေ့တွင် ခေါ်ဝေါ်သုံးစွဲသောအသုံးအနှုန်း။ |

# လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ပြောင်းလဲမှုပုံစံများ

### ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့်ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)

KNUနှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ KNLAတို့ကို မြန်မာနိုင်ငံ(ယခင်ဗမာနိုင်ငံ) လွတ်လပ်ရေးမရမီ တစ်နှစ်အလို ၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ စတင်တည်ထောင်ပြီးသည့်အချိန်မှစ၍ ၎င်းအစည်းအရုံးသည် မြန်မာအစိုးရနှင့် စစ်အာဏာသိမ်းအစိုးရ အဆက်ဆက်ကို လက်နက်ကိုင်ဆန့်ကျင်လှုပ်ရှားခဲ့ပါသည်။ ၎င်း၏စစ်ဆင်ရေးလုပ်ဆောင်ချက်များကို ပိုင်နက်နယ်မြေကာကွယ်ရေး အပေါ်တွင်သာ အဓိကအလေးထား လုပ်ဆောင်ခဲ့ပြီး ၁၉၇၀ပြည့်နှစ်များမှစ၍ မြန်မာနိုင်ငံအနှံ့မှ အခြားသောတိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ဒီမိုကရက်တစ် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲထူထောင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်လုပ်ဆောင်လာခဲ့ပါသည်။ ၎င်းလက်အောက်တွင် နိုင်ငံရေးနှင့်စစ်ရေးအုပ်စုများအပြင် ၎င်းတို့ဩဇာလွှမ်းမိုးသော ဧရိယာအတွင်း အရပ်ဖက်ရေးရာကိစ္စများကို စီမံခန့်ခွဲလုပ်ဆောင်နေသော ဌာနခွဲများစွာလည်းရှိပါသည်။ အဆိုပါ ရေးရာကိစ္စများတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုများ ပါဝင်ပါသည်။
အရပ်ဖက်ဌာနခွဲများကို ဗဟိုဌာနချုပ်နှင့် ဒေသတွင်း အသိအမှတ်ပြုထားသောခရိုင် (၇)ခရိုင် အနက်ခရိုင်တစ်ခုစီရှိ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များက စီရင်အုပ်ချုပ်ပါသည်။ အလားတူပင် KNLAသည် အမြင့်ဆုံးစစ်ဌာနချုပ် ဖြစ်ပြီး တပ်မဟာ (၇) ခုခွဲခြားထားပါသည်။ (တပ်မဟာ ၁ မှ တပ်မဟာ ၇ ဟုအမည်ပေးထားပါသည်။)

### ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO)

KNDO ကို KNU က ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး KNLA ၏ ရှေ့ပြေးအဖွဲ့ ဖြစ်ပါသည်။ ယနေ့ခေတ် KNDO မှာ KNLA က လေ့ကျင့်သင်ကြားကာ လက်နက်တပ်ဆင်ပေးထားသော ဒေသခံစေတနာ့ဝန်ထမ်း ပြည်သူ့စစ်အဖွဲ့များကို ရည်ညွှန်းပြီး ၎င်းတို့ကို KNLA ၏ တပ်ရင်းတပ်ဖွဲ့နှင့် အမိန့်ပေးမှုပုံစံအောက်တွင် ထည့်သွင်းထားပါသည်။

### ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA) သို့မဟုတ် ကလိုထူးဘော

ကလိုထူးဘောအဖွဲ့ဟုလည်း သိထားသည့် DKBA သည် ကရင် EAG အဖွဲ့များထဲတွင် ဒုတိယအကြီးဆုံးဖြစ်ပြီး လက်ရှိ အချိန်၌တပ်မတော်နှင့် အပစ်အခတ်ရပ်စဲထားသည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် KNU/KNLA နှင့် ဂိုဏ်းကွဲရာမှ ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် အဖြစ် စတင် တည်ထောင်ခဲ့သည်။ ယင်းသို့ဖွဲ့စည်းပြီးနောက် ထိုစဉ်က မြန်မာအစိုးရ ဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC) နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကာ တပ်မတော်နှင့် ပူးပေါင်းစစ်ဆင်ရေးကို တပ်မတော်၏ လက်အောက်ခံအဖွဲ့ တစ်ဖွဲ့ အနေနှင့် စတင်ဆောင်ရွက်ခဲ့သည်။ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဦးဇင်းဦးသုဇန၏ ဩဇာလွှမ်းမိုးမှု အလွန်အမင်းရှိခဲ့ပြီး SLORC ၏ ထောက်ပံ့မှုကိုအမှီအခိုပြုခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် DKBA ကို တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) ဖြစ်လာစေရန် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားတပ်မတော်အဖြစ် တရားဝင်လက်ခံပေါင်းစည်းခဲ့သည်။ သို့သော် တပ်မဟာ ၅ (၅၅၅ ဟုလည်း သိကြပါသည်) ၏ အဓိကတပ်ရင်းအများစုနှင့် အချို့သောတပ်ရင်းတပ်ဖွဲ့လေးများသည် အသွင်ပြောင်းလဲဖွဲ့စည်းမှု မပြုခဲ့ပါ။ ထို့နောက် ၂၀၁၀ နိုဝင်ဘာလတွင် တပ်မတော်နှင့် ပဋိပက္ခများ ပြန်လည်စတင်ခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအသစ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် DKBA အဖွဲ့သည် ၎င်း၏ အဖွဲ့အမည်မှ "ဗုဒ္ဓဘာသာဝင်" (Buddhist) ဟူသော အသုံးအနှုန်းကို "အကျိုးပြု" (Benevolent) ဟု ပြောင်းလဲခဲ့ပါသည်။ ယင်းမှာ ၎င်း၏ ဘာသာရေးအရ စွက်ဖက်မှု၊ ဩဇာလွှမ်းမိုးမှု မရှိ၊ ဟူသော သဘောထားကို ထင်ဟပ်စေလို၍ ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်း၏နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းအဖြစ် ကလိုထူးဘောကရင်အစည်းအရုံး (KKO)ကို ဖွဲ့စည်းခဲ့ပါသည်။ သို့ရာတွင် ယင်းနှစ်

နောင်းပိုင်းမှာပင် ခေါင်းဆောင်များ အချင်းချင်းအငြင်းပွားမှုများ ဖြစ်ပေါ်လာပြီး အဖွဲ့မှာ သက်ဝင်လှုပ်ရှားမှုမရှိခဲ့ပေ။ DKBA အဖွဲ့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ဆက်နွယ်သော နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် KNU နှင့် တရားဝင်ညှိနှိုင်းခြင်းမရှိခဲ့ပေ။ ဒူးပလာရာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ ဆုံဆည်းမြိုင်ဒေသအတွင်း၌ရှိသော ၎င်း၏ဌာနချုပ်နှင့်အတူ ကလိုထူးဝါးနှင့် ကလိုထူးလားဟုအမည်တွင်သော ၎င်း၏ တောင်ပိုင်းနှင့်မြောက်ပိုင်း စစ်ဆင်ရေးနယ်မြေများအတွက် နည်းဗျူဟာ ဆိုင်ရာညွှန်ကြားချက် နှစ်ရပ်နှင့် လက်ကျန် DKBAအဖွဲ့များကို အမိန့်ပေးစုစည်းထားပါသည်။

**ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (KPF)**

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (KPF) ကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့သည်။ KNU/KNLA မှ ခွဲထွက်ပြီးနောက် ထိုစဉ်က မြန်မာအစိုးရဖြစ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ထံတွင် လက်နက်ချအလင်းဝင်၍ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ KPF အဖွဲ့သည် (ထိုင်းနိုင်ငံနှင့်ဒူးပလာရာခရိုင်နယ်စပ်) ဘုရားသုံးဆူတောင်ကြားရှိ ဧရိယာအချို့ကိုထိန်းချုပ်ထားသည်။ KPF ကို တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ် အသွင်ပြောင်းရန် တပ်မတော်၏ အဆိုပြုချက်များကို အကြိမ်ကြိမ် ပယ်ချခဲ့ပြီးနောက် တပ်ဖွဲ့ဝင် ရာဂဏန်းခန့်သည် ၂၀၁၀ခုနှစ်တွင် ယင်းအဆိုပြုချက်ကို လိုက်လျောလက်ခံခဲ့သည်။ အခြားသော လက်ကျန် KPF အဖွဲ့ဝင်များအနေဖြင့်မူ လွတ်လပ်စွာ ရပ်တည်နေဆဲဖြစ်သည်။

**KNU/KNLA ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA – PC or KPC)**

KNU/KNLA-PC သည် နိုင်ငံရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး လက်နက်ကိုင်အုပ်စုသည် ဖားအံခရိုင်၊ ထိုကော့ကိုးတွင် အခြေစိုက်သည်။ ၂၀၀၇ ခုနှစ်တွင် KNUမှ ခွဲထွက်ပြီး ယင်းကာလမှာပင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၀ခုနှစ်တွင် ၎င်း၏တပ်ဖွဲ့များကို တပ်မတော် နယ်ခြား စောင့်တပ်များအဖြစ် အသွင်ပြောင်းဖွဲ့စည်းရန် မြန်မာအစိုးရ၏ ညွှန်ကြားချက်ကို ငြင်းဆန်ခဲ့သည်။ ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်မရေးထိုးမီ ၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်နှင့် တိုက်ပွဲအနည်းငယ် ဖြစ်ပွားခဲ့သည်။

**တပ်မတော်**

မြန်မာလက်နက်ကိုင်တပ်ဖွဲ့များကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် တပ်မတော် (Tatmadaw) ဟု တရားဝင်ရည်ညွှန်းသုံးစွဲပါသည်။ KHRG လေ့လာမှုပြုသည့်နယ်မြေများတွင် ကျယ်ပြန့်ဆုံးသော ဝန်ဆောင်မှု ပေးခြင်းနှင့် လှုပ်ရှားမှုအရှိဆုံးလက်နက်ကိုင်အဖွဲ့မှာ တပ်မတော်ကြည်းတပ်ဖြစ်သည်။ စစ်တပ်ကို ၁၉၄၈ခုနှစ် လွတ်လပ်ရေးကာလတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့လွတ်လပ်ရေး တိုက်ပွဲဝင်သူ အများစုဖြင့် စတင်တည်ထောင်ခဲ့သည်။ ၁၉၆၂ မှ၂၀၁၁ ခုနှစ် အတွင်း တပ်မတော်သည် နိုင်ငံ၏အဓိကအုပ်ချုပ်ရေးဆောင်ရွက်သည့်အဖွဲ့ အဖြစ်ရှိနေခဲ့ပါသည်။ နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် နှစ်ခုစလုံးတွင် တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံရေးကိစ္စများကိုလည်း အဓိကဦးစီး ဦးဆောင်ပြုသည့် အဖွဲ့ဖြစ်ပါသည်။ နယ်ပယ်အသီးသီးတွင် ၎င်း၏ဩဇာလွှမ်းမိုးမှုမှာ ကြီးမားစွာ ကျန်ရှိနေခဲ့ပါသည်။ တပ်မတော်သည် နယ်စပ်ဒေသများတွင် သောင်းကျန်းသူ စစ်ဆင်ရေးများကို ပထမအဆင့်အနေဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါသည်။ တပ်ဖွဲ့ဝင်အများစုမှာ ခြေလျင်တပ်သားများဖြစ်ပြီး ၎င်းတို့ကို ခြေမြန်တပ်ရင်း (LIBs) နှင့် ခြေလျင်တပ်ရင်း (IBs) များအဖြစ် စုစည်းကာ အထိုင်နှင့်ရွှေ့လျား တပ်ဖွဲ့များကို အမိန့်ပေးဖွဲ့စည်းပုံစနစ်ဖြင့် လှုပ်ရှားဆောင်ရွက်ပါသည်။ နိုင်ငံတစ်ခုလုံးတွင် တိုင်းစစ်ဌာနချုပ် ၁၃ ခုရှိပြီး KHRG လေ့လာရေးပြုလုပ်သည့် ဧရိယာသည် အရှေ့တောင် တိုင်းစစ်ဌာနချုပ် လက်အောက်တွင် တည်ရှိပါသည်။ သောင်းကျန်းသူ စစ်ဆင်ရေးကြီးများကို လုပ်ဆောင်ရာတွင် တပ်မတော်ကြည်း၏ ခြေမြန်တပ်မ ၁၀ ခုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များကို အလျင်အမြန်တပ်ဖြန့်စေပြီး တပ်မတော် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (MOC) များမှ ဦးဆောင်ရွက်ပါသည်။

၂၀၁၁ ခုနှစ်တွင် SPDC ကိုတရားဝင်ဖျက်သိမ်းပြီး ဖြစ်သော်လည်းကျေးလက် ဒေသများတွင် မြန်မာအစိုးရ သို့မဟုတ် တပ်မတော်ကို ရည်ညွှန်းရာတွင် ဗမာစကားအသုံးအနှုန်း "နအဖ" (SPDC) အဖြစ် သုံးနှုန်း ဖော်ပြလျှက် ရှိနေပါသေးသည်။ အချို့သက်ကြီးရွယ်အိုများအနေဖြင့် ၁၉၉၇ ခုနှစ်အထိ ကောင်စီ၏ အမည်ဖြစ်သော "နဝတ" (SLORC) ဟူသော အမည်ကိုပင် ဆက်လက်သုံးစွဲလျှက်ရှိနေပါသည်။

### တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs)

တပ်မတော် နယ်ခြားစောင့်တပ်ဖွဲ့များကို ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကြေညာခဲ့သော အစိုးရ၏ ကနဦးကမ်းလှမ်းမှုကို သဘောတူသောယခင် EAG ဟောင်းများမှ စစ်သားများနှင့် အများဆုံးဖွဲ့စည်းခဲ့ပါသည်။ EAG အချို့ အနေဖြင့် လက်တွေ့တွင် သတ်မှတ်ထားသော စစ်သား အရေအတွက်ဖြည့်ဆည်းရန် ပျက်ကွက်မှုများ ရှိသော်လည်း BGF တပ်ဖွဲ့များတွင် EAG စစ်သား ၃၂၆ ယောက် နှင့် တပ်မတော်တပ်သား ၃၀ ပါဝင်ဖွဲ့စည်းရန် အစေအပိုင်းတွင် ရည်ရွယ်ခဲ့ပါသည်။ BGF ၏ အရာရှိများသည် မူလက EAG အရာရှိဟောင်းများဖြစ်ပြီး တပ်မတော်အရာရှိများက အခြားအုပ်ချုပ်မှုနှင့် ထောက်ပံ့မှုကို တာဝန်ယူကာ ယခင် EAG တပ်သားများကို ခြေလျင်တပ်သားများအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ EAG တပ်ဖွဲ့ များကို ၁၀ ဖြင့်စသည့် ဂဏန်းလေးလုံးပါသော တပ်ရင်းအမှတ်စဉ်များ သတ်မှတ်ပေးထားပါသည်။ တပ်မတော်တပ်ရင်း တပ်ဖွဲ့များကို ဂဏန်းနှစ်လုံး သို့မဟုတ် သုံးလုံးပါသော တပ်ရင်းအမှတ်စဉ်များ သတ်မှတ်ပေးထားပါသည်။


မြန်မာနိုင်ငံရှိ BGF အများစုကို ကရင်ပြည်နယ်ရှိ EAG များဖြင့် ဖွဲ့စည်းထားပါသည်။ တပ်ရင်းပေါင်း ၁၃ ရင်းရှိပါသည်။ ယင်းတို့အနက် တပ်ရင်း ၁၂ရင်း အမှတ် ၁၀၁၁ မှ အမှတ် ၁၀၂၂ အထိ) မှာ ယခင် DKBA အဖွဲ့များဖြစ်ပါသည်။ ယင်း DKBA အဖွဲ့များမှာ တပ်မတော်နှင့် ၁၅ နှစ်ကျော် ပူးပေါင်းစစ်ဆင်ရေး ဆောင်ရွက်ခဲ့ကြသော အဖွဲ့များဖြစ်ပါသည်။ ကျန်တပ်ရင်း တစ်ရင်းဖြစ်သော (အမှတ် ၁၀၂၃) မှာ KPF ၏ တပ်ဖွဲ့ဝင်တချို့နှင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ DKBA အရာရှိများက အဆင့်မြင့် ဆွေးနွေးပွဲများတွင် သဘောတူညီကြောင်း ဖော်ပြခဲ့သည့် ၂၀၀၉ မေလတွင် ယင်းသို့သော အပြောင်းအလဲများ ဖြစ်လာခြင်း ဖြစ်သည်။ KHRG အနေဖြင့် လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း သတင်းပေါက်ကြားခဲ့သည့် အစည်းအဝေးမှတ်တမ်းကို ရရှိကာ ဖိုင်တွဲသိမ်းဆည်း ထားခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် DKBA အဖွဲ့၏ ကြီးမားသောအစိတ်အပိုင်းများကို BGF တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းကြောင်း တပ်မတော်အရာရှိကြီးများ တရားဝင်တက်ရောက်သည့် အခမ်းအနား များ၌ ကြေညာခဲ့ပါသည်။

**မြေပုံ (၁)   ဒေသတွင်း သတ်မှတ်ထားသော ကရင် ဒေသများ (ကရင် ပြည်နယ်၊  မွန်ပြည်နယ် နှင့် ပဲခူးတိုင်း အရှေ့ဘက်)**




**ကရင်လူ့အခွင့်အရေးအဖွဲ့**

## မြေပုံ (၂)။ ။ ဒေသတွင်းသတ်မှတ်ထားသော ကရင် ဒေသများ (တနင်္သာရီတိုင်းဒေသကြီး)




**ကရင်လူ့အခွင့်အရေးအဖွဲ့**

# ၁။ နိဒါန်း

*"အခြေအနေက ပိုပြီး ကောင်းမွန်လာပါတယ်။ ခေါင်းဆောင်တွေက သူတို့ နှစ်ဦး နှစ်ဖက်ကြား ဆက်ဆံရေးကို ကောင်းအောင်လုပ်ဆောင်နေကြတယ်။ ပြောင်းလဲမှုရှိပါတယ်။ ရွာသားတွေအနေနဲ့လည်း လွတ်လွတ်လပ်လပ် သွားလာနိုင်တယ်။ အပစ်အခတ် ရပ်စဲရေး မတိုင်ခင်ကတော့ (တပ်မတော်) စစ်သားတွေက တစ်ရွာပြီးတစ်ရွာ ဝင်ထွက်သွားလာ နေကြတဲ့အတွက် ရွာသားတွေအနေနဲ့ ကြောက်ရွံ့ကြရတယ်။ အသွားအလာ မလုပ်ရဲကြဘူး။ ဒါပေမယ့် အခုတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် သွားလာရဲကြပါပြီ။"*

စော ---- (ကျား၊ ၄၆ နှစ်)၊
တောင်ငူခရိုင်၊ ဧပြီလ၊ ၂၀၁၂[1]

*"(တချို့) ရွာသားတွေကတော့ အပစ်အခတ်ရပ်စဲရေးဟာ သူတို့အတွက် တည်ငြိမ်ခိုင်မာတဲ့ လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘူးလို့ ယုံကြည်ကြပါတယ်။ အကြောင်းက အပစ်အခတ် ရပ်စဲရေး ကာလအတွင်းမှာ ဗမာစစ်တပ်က သူတို့ရဲ့စခန်းတွေကို ပြန်တည်ဆောက်နေပြီး၊ ရိက္ခာတွေလည်း ပိုပြီး ပို့ပေးနေတာကြောင့် ဖြစ်ပါတယ်။ ရွာသားတွေအဖို့ အားရကျေနပ်မှု မရှိကြပါဘူး။ အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းမှာလည်း ဗမာစစ်တပ်ရဲ့ ခြိမ်းခြောက် အကြပ်ကိုင်မှုတွေ မြေယာသိမ်းဆည်းမှုတွေနဲ့ ကြုံတွေ့ရပြီး ရွာသားတွေ အဖို့ အမြဲတမ်း စိုးရိမ်ထိတ်လန့်နေရပါတယ်။ စစ်တပ်အနေနဲ့ သူတို့ရဲ့စခန်းတွေကို ဖယ်ရှား သွားရမယ့်အစား၊ စစ်တပ်ကို လူလုံးမပြရဲတဲ့ ရွာသားတွေရဲ့ လုပ်ငန်းခွင်ဧရိယာနား တောင်ပေါ်တွေမှာ ပြန်လာပြီး သူတို့ရဲ့စခန်းတွေကို ပြန်လည် တည်ဆောက်ခဲ့ကြတယ်။"*

ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံအဖွဲ့ဝင်မှ ရေးသားသော ဒေသတွင်း အခြေအနေ တင်ပြချက်၊
ဖာပွန်ခရိုင်၊ ဇန်နဝါရီလ ၂၀၁၃[2]

၂၀၁၂ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါသဘောတူညီချက်က ကမ္ဘာ့ အရှည်ကြာဆုံးသော ပြည်တွင်းစစ်ပွဲအဖြစ် မကြာခဏညွှန်းဆိုခံခဲ့ရမှုကို ရပ်တန့်စေခဲ့ပါသည်။ ဤပြည်တွင်းစစ်ပွဲသည် လက်နက်ကိုင်တပ်များရှိရာ နယ်မြေများတွင် အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အကြီးအကျယ် ဖြစ်ပွားစေခဲ့ပါသည်။ အထူးသဖြင့် မြန်မာ့ လက်နက်ကိုင်တပ်များ (တပ်မတော်) ရှိရာ နယ်မြေများတွင် ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာနိုင်ငံတွင် အခြားသော နိုင်ငံရေးဆိုင်ရာ တိုးတက်မှုများက အရှေ့တောင်ဘက်ရှိကရင်လူမျိုးများ ကြုံတွေ့ရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုပုံစံများကို အပြောင်းအလဲ ဖြစ်စေခဲ့ပြီး၊ အဆိုပါချိုးဖေါက်ခံရမှုများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် အနေအထားလည်း ပြောင်းလဲဖြစ်ပေါ်လာပါသည်။ ဤအစီရင်ခံစာသည် အပစ်အခတ်ရပ်စဲရေးလွန် ကာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ပုံစံများ မည်သို့မည်ပုံပြောင်းလဲသွားခဲ့သည်ကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြသရန် ရည်ရွယ်ပါသည်။

KHRGအနေဖြင့် ဇန်နဝါရီလ ၂၀၁၂ခုနှစ် နှင့် နိုဝင်ဘာလ ၂၀၁၃ ခုနှစ် အတွင်း ဒေသတွင်း သတ်မှတ်ထားသည့် ကရင်တိုင်းဒေသ (၇) ခုမှ KHRG သတင်းကောက်ယူသူများ စုဆောင်းရရှိခဲ့သည့်ဓာတ်ပုံမှတ်တမ်း ၁၆၂ စုံ နှင့် မှတ်တမ်းမှတ်ရာ အထောက်အထားပေါင်း ၃၈၈ ခု တို့အပေါ် အခြေခံ၍ ပြုစုထားပါသည်။ ကရင်ခရိုင် (၇) ခုသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့တည်ရှိပါသည်။ (မြေပုံ ၁ နှင့် ၂ ကို ကြည့်ပါ။)

[1] Source #22 ကိုကြည့်ပါ။
[2] Source #275 ကိုကြည့်ပါ။

ဤအစီရင်ခံစာသည် ၎င်းသုတေသနအချက်အလက်များမှ ခွဲခြားဖော်ထုတ်ထားသော အဓိက ပြောင်းလဲလာသည့် အခြေအနေ သုံးမျိုးအပေါ်တွင် အလေးထားတင်ပြထားပါသည်။ [3] ပထမပြောင်းလဲမှု အခြေအနေသည် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ဒေသခံများ၏တုံ့ပြန်မှုများ ဖြစ်ပြီး၊ လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စကိုးခု ပါဝင်ပါသည်။ ၎င်းတို့မှာ ပြည်သူလူထုများကိုတိုက်ခိုက်ခြင်းနှင့် ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အဓမ္မဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း နှင့် အကြမ်းဖက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ အဓမ္မ တပ်သားစစ် စုဆောင်းခြင်း၊ လူသတ်မိုင်းနှင့် အခြားမိုင်းများ၊ လွတ်လပ်စွာလှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်းတို့ ဖြစ်ပါသည်။

ဒုတိယအနေဖြင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ပေါ်ထွက်လာသည့်အကြောင်းအရာနစ်ခု ကို တင်ပြထားပါသည်။ ၎င်းတို့မှာ မြေယာသိမ်းဆည်းမှုများ၊ အခြေခံအဆောက်အအုံများ နှင့် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ၏ ဆန့်ကျင်ဘက် အကျိုးဆက်သက်ရောက်မှုများ ဖြစ်ပါသည်။ တတိယ အမျိုးအစားတွင် လုံခြုံရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် လူမှုရေးအရပေါင်းစည်းညီညွတ်မှု နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသောအကြောင်းအရာ ငါးခု ဖြစ်သည့် ဆက်လက်ဖြစ်ပွားနေသော စစ်အုပ်ချုပ်မှုပုံစံသွင်းခြင်း နှင့် တည်ငြိမ်မှုလုံခြုံမှုမရှိဟု ခံစားနေရခြင်းများအပါအဝင်၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကြိုးပမ်းမှု၏ရိုက်ခတ် သက်ရောက်မှုများ၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာအရေးကိစ္စများ၊ ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုတို့နှင့် ပတ်သက်သောလူမှုရေး အကျိုးဆက်များ ပါဝင်ပါသည်။

## အစီရင်ခံစာဖြစ်ပေါ်လာသော အခြေခံ အကြောင်းအရင်း

၂၀၁၁ ခုနှစ်မှစ၍ မြန်မာအစိုးရသည် ဖြေလျော့မှုနှင့် ဆိုင်သည့် လုပ်ဆောင်မှုများအား အလျင်အမြန်ဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းစွာ ဆွေးနွေးခြင်း၊ စုရုံးခြင်း များအား ပိုမို အခွင့်ပေးမှု ပါဝင်သော ဥပဒေသစ်များ ၊ အလုပ်သမားအခွင့်အရေး နှင့် နိုင်ငံရေးတွင် ပိုမို ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်နိုင်ရေး များကို မြှင့်တင်ပေးခြင်း နှင့်ဆိုင်သည့် ဥပဒေသစ်များ ပြဋ္ဌာန်းအတည်ပြုပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးများ နေထိုင်ရာကျေးလက်ဒေသများရှိ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် နိုင်ငံတကာကိုယ်စားလှယ်များနှင့် လုပ်ငန်းသဘောတူညီမှုများ လုပ်ဆောင်ခဲ့ပါသည်။ ယင်းကာလ အတွင်း အစိုးအရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ (EAGs)နှင့် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ကရင်လက်နက်ကိုင်အုပ်စုများ (Karen EAGs) နှင့် လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များက မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ လုံခြုံရေးအခြေအနေကို အပြောင်းအလဲ ဖြစ်စေခဲ့ပါသည်။ အစိုးရအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာ စိန်ခေါ်မှုများနှင့် ပတ်သက်၍ လွတ်လပ်စွာ ပြောဆိုခွင့်များ ဖွင့်ထားပေးပြီး မြန်မာပြည် အရှေ့တောင်ပိုင်းသို့ နိုင်ငံရပ်ခြားမှ အကူအညီပေးသူသစ်များ အများအပြား ဝင်ရောက်လာကြသည်။ ထိုအခါ ဒေသခံများနှင့် နိုင်ငံတကာမှ မြန်မာပြည်အရေး ဆောင်ရွက်သူများကြား ဒေသတွင်း ဖြစ်ပေါ်နေသော ပြဿနာ အခက်အခဲများကို နားလည်ခြင်းတွင် သိသာစွာ ကွာခြားလျက်ရှိနေကြသည်။

အပစ်အခတ်ရပ်စဲမှု စတင်သည့် အချိန်မှစ၍ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်အား ပျက်စီးစေမည့် ခြိမ်းခြောက်မှုများအပေါ် ဒေသတွင်းသဘောထားအမြင်များကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းမရှိခဲ့ပါ။ အလားတူပင် အပြောင်းအလဲအတွက်ထားရှိသော ဦးစားပေးသတ်မှတ်ချက်များနှင့် ဒေသခံများမှ ပို၍ နှစ်သက်လိုလားသောဖြေရှင်းနည်းများကိုလည်း သိရှိခြင်းမရှိသေးပါ။

[3] ဤအစီရင်ခံစာ၏ ကဏ္ဍအားလုံးကိုရေးသားရန် အသုံးပြုသောနည်းလမ်းများကိုအပြည့်အစုံဖေါ်ပြထားပါသည်။ သုတေသနအချက်လက် ရှာဖွေစုဆောင်းပုံ နည်းလမ်းများ ခေါင်းစဉ်အောက်တွင်ကြည့်ပါ။

လူပုဂ္ဂိုလ်အဖွဲ့အစည်းအသစ်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပို၍ တက်ကြွစွာ ပါဝင်ပတ်သက်လာသောကြောင့် ရေရှည်တည်တံ့သော အဖြေတစ်ခုအား ရရှိရန်မှာ ပဋိပက္ခဒေသတွင်း နေထိုင်သော လူမှုအဖွဲ့အစည်း၏ သဘောထား အမြင် အား သိရှိ ထည့်သွင်း စဉ်းစားရန်မှာ အခြေခံကျသော လိုအပ်ချက် တစ်ခုဖြစ်သည်။ ထို့အပြင် အပစ်အခတ်ရပ်စဲရေး ဖြစ်စဉ် နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း မရှိခဲ့သော ဆန့်ကျင်ဘက်အကျိုးဆက် အများအပြားရှိပြီး ၎င်းအချက်များက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတစ်ခု ပေါ်ပေါက်ရေးအတွက် အဓိကကျသော အဟန့်အတားများ အဖြစ် တည်ရှိနေပါသည်။

သို့ဖြစ်၍ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်လူမျိုးများ နေထိုင်ရာကျေးလက်ဒေသများ၏ ဒေသ အခြေအနေများကို တင်ပြပေးခြင်းဖြင့် ဆိုခဲ့ပါ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါ သည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ နိုင်ငံအရေးဆောင်ရွက်သူ များအနေဖြင့် ပဋိပက္ခလွန်ဒေသနှင့်ပတ်သက်သောမူဝါဒများ ချမှတ်ရာတွင် ဒေသခံပြည်သူများ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ချမှတ်နိုင်ရန် နှင့် ရွာသားများ၏ စိုးရိမ်ပူပန်မှုများ နှင့်ဦးစားပေး ဆောင်ရွက်လိုသည်များကို နားလည်ခြင်းအားဖြင့် ၎င်းတို့အပေါ်ပိုမိုကောင်းမွန်စွာ အထောက်ပံ့ပြုနိုင်မည်ဖြစ်ပါသည်။

**အဓိက ရှာဖွေတွေ့ရှိချက်များ**

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ လူ့အခွင့်အရေး အခြေအနေ ပြောင်းလဲခြင်းများအား KHRG၏ မှတ်တမ်းတင်ခြင်းအရ။ ။

- မကြာခဏ အများဆုံးတင်ပြသော ပို၍လွတ်လပ်စွာသွားလာနိုင်စွမ်းရှိခြင်းသည် ရွာသူရွာသားများ၏ လူနေမှုဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြောင်းလဲမှုဖြစ်ခဲ့ သည်။

- စစ်တပ်၊ခံတပ်များပြန်လည်တည်ဆောက်ထားခြင်းနှင့်စားနပ်ရိက္ခာသယ်ဆောင်ခြင်းများတိုးများလာမှုကြောင့် ရွာသူရွာသားများက သူတို့၏ကိုယ်ပိုင်လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု ခံစားစေရပြီး တည်တံ့ခိုင်မြဲ သော အပစ်ခတ်ရပ်စဲရေး ဖြစ်သည်ကိုလည်း သံသယဖြစ်စေသည်။

- ပြည်သူများ၏အခြေချ နေထိုင်သောနေရာများကိုပစ်မှတ်ထား၍စစ်ပိုင်းဆိုင်ရာကြီးမားကျယ်ပြန့်သောတိုက်ခိုက် မှုများ မရှိပါ၊

- တပ်မတော်နှင့်နယ်ခြားစောင့်တပ်တို့မှ အချို့ဒေသများတွင် ပြည်သူများအား လက်နက်ကိုင်တပ်ဖွဲ့များကို ကူညီပံ့ပိုးပေးသည်ဆိုပြီးစွပ်စွဲကာ အဓမ္မဖမ်းဆီး ထိန်းသိမ်းထားခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း နှင့် အကြမ်းဖက် ခြင်းများ ဆက်လက်ရှိနေသေးသည်။

- ခြုံငုံသုံးသပ်လျှင် တပ်မတော်မှ အတင်းအဓမ္မစေခိုင်းမှုအတွက် တောင်းဆိုခြင်းများ လျော့နည်းလာသည်ကိုတင်ပြခဲ့ကြသည်။ တချို့ဒေသများတွင်မူ တပ်မတော်နှင့်နယ်ခြားစောင့်တပ်များ ပုံမှန်အခြေခံမှုအပေါ် အတင်းအဓမ္မခိုင်းစေမှုများဆက်လက်တောင်းဆိုလျက်ရှိသည်။

- နယ်ခြားစောင့်တပ်အရာရှိကြီးများ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်း ပိုမိုများပြား လာပြီး သွားလာရေး ယခင်ကထက်လွတ်လပ်လွယ်ကူမှုကြောင့်လည်းဖြစ်နိုင်သည်ဟု တင်ပြလာခဲ့သည်။

- လက်နက်ကိုင်သူများ၏အမြတ်အစွန်းရရှိရန် ရည်ရွယ်လုပ်ဆောင်မှုများသည်လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံအမျိုးမျိုး သို့ ဦးတည်စေသည်။ ကျယ်ပြန့်စွာပြောရလျှင် နယ်ခြားစောင့်တပ်၏ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် စစ်သားများ၏လစာအတွက်အခွန်ကောက်ခံခြင်း၊လယ်ယာမြေသိမ်းယူခြင်းတွင်တပ်မတော်ပါဝင်ခြင်းနှင့်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့်တိုးတက်သောကရင်အကျိုးပြုတပ်မတော်အပါအဝင်လက်နက်တပ်ဖွဲ့များအားလုံးမှအတင်းအဓမ္မအခွန်ကောက်ခံမှုပုံစံများအမျိုးမျိုးတို့နှင့်ပတ်သက်သောကိစ္စရပ်များဖြစ်သည်။

- ရွာသူရွာသားများသည်ငြိမ်းချမ်းရေးလုပ်စဉ်ကာလတွင်ဒေသခံအာဏာပိုင်များထံသို့လယ်ယာမြေ သိမ်းယူခြင်းအကြောင်းများကိုတင်ပြနိုင်ခြင်းနှင့် ရွာသားများအတူတကွ တုံ့ပြန်လုပ်ဆောင်မှုများ ကိုလည်းတ င်ပြခဲ့သည်။

- ရခိုင်ပြည်နယ်တွင်လူမျိုးစုအကြမ်းဖက်မှုဖြစ်ပြီးနောက်၊ဘာသာရေးခေါင်းဆောင်များ နှင့် နယ်ခြားစောင့်တပ်အမှုထမ်းများမှမူဆလင်နှင့်ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းများအကြားတွင်တင်းကျပ်သောတုံ့ပြန်မှုစည်းမျဉ်းစည်းကမ်း များထုတ်ပြန်ခြင်း၊ ဤလူ့အဖွဲ့အစည်းများအကြားတွင် တင်းမာမှုများ များပြားလာစေခြင်း။

- နေရာအများစုတွင်လက်နက်ကိုင်တပ်ဖွဲ့များသည်လူသတ်မိုင်းနှင့်အခြားမိုင်းအသစ်များထောင်ခြင်းကိုကျယ်ပြန့်စွာရပ်တန့်လာသည်။တချို့လူ့အဖွဲ့အစည်းများမှမိုင်းများဖယ်ရှားပေးရန်အတွက်ထပ်တလဲလဲတောင်းဆိုသော်လည်းမိုင်းအကြွင်းအကျန်များမရှင်းလင်းခြင်းသည်သေဆုံးခြင်းနှင့်ဒဏ်ရာရရှိခြင်းများကို ဆက်လက် ဖြစ်စေပြီး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် လွတ်လပ်စွာသွား လာခြင်းကို ကန့်သတ်ထားမှုဖြစ်စေသည်။

## ပဋိပက္ခများ၏နောက်ခံသမိုင်း

၁၉၄၈ ခုနှစ်မှစ၍ ကာလရှည်ကြာခဲ့ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခသည် KHRG ၏ သုတေသနပြုရာ နေရာဒေသများအပါ အဝင်ဖြစ်သော မြန်မာပြည်အရှေ့ဘက်ခြမ်းကို ကြီးမားစွာထိခိုက်စေခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ၎င်း၏မူလလက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သော ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) နှင့် အတူတကွ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ KNDO ကို ၁၉၄၉ ခုနှစ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် အစားထိုးခဲ့ပါသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် တိုင်းပြည်၏နယ်စပ်ဒေသတစ်လျှောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ တော်လှန်ထကြွမှုများ ရှိခဲ့ပြီး

အဆိုပါဒေသရှိအရပ်သားပြည်သူများသည် မြန်မာ့တပ်မတော်၏တန်ပြန်သောင်းကျန်းမှုနှိမ်နင်းရေး "ဖြတ်လေးဖြတ်"[4] မဟာဗျူဟာဖြင့် ဆိုးရွားသောတုန့်ပြန်မှုကို ခံစားခဲ့ကြရပါသည်။

"ဖြတ်လေးဖြတ်" မဟာဗျူဟာကို ၁၉၆၀ ပြည့်လွန်နှစ်များတွင် စတင်ကျင့်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ KNU၊ ဗမာပြည် ကွန်မြူနစ်ပါတီ (CPB) နှင့် မြန်မာပြည်မြောက်ပိုင်းတရုတ်နယ်စပ်ရှိ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ကို ဆန့်ကျင် ဟန့်တားရန် အစကနဦး၌ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။[5] ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသော အထောက်အပံ့မဏ္ဍိုင် လေးရပ်ဖြစ်သည့် အစားအစာ၊ ငွေကြေးရန်ပုံငွေ၊ စစ်ရေးသတင်းနှင့် တပ်သားသစ်စုဆောင်းမှုတို့ကို ဖြတ်တောက်ပြီး သောင်းကျန်းသူများနှင့် သူတို့၏မိသားစုများ၊ ဒေသခံရွာသားများအကြားရှိ အဆက်အသွယ်ကွင်းဆက်များကို ဖျက်ဆီးပစ်ရန် အဆိုပါမဟာဗျူဟာက ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ "ဖြတ်လေးဖြတ်" လှုပ်ရှားမှုတွင် လက်နက်ကိုင်အဖွဲ့များ (EAG) ကို အထောက် အပံ့ပေးသည်ဟု ယူဆရသော အရပ်သားများကို ပစ်မှတ်ထားခြင်း၊ လက်နက်များကို အဆင်အခြင်မဲ့ ခွဲခြားမှုမရှိ ပစ်ခတ်ခြင်း၊ အစားအစာအထောက်ပံ့နှင့်အိုးအိမ်များကို ဖျက်ဆီးပစ်ခြင်း၊ EAG အဖွဲ့များ ဝင်ထွက်သွားလာမှု မပြုနိုင်သည့် နေရာများသို့ အရပ်သားများကို အဓမ္မရွှေ့ပြောင်းနေရာချထားခြင်းများပါဝင်ပါသည်။ တပ်မတော်အရာရှိများအနေဖြင့် "ဖြတ်လေးဖြတ်"မဟာဗျူဟာကို မိန့်ခွန်းများတွင် လူသိရှင်ကြား ဂုဏ်ယူပုံကြားစွာ ဖော်ထုတ်ပြောဆိုခဲ့ကြပါသည်။[6] အငြိမ်းစား တပ်မတော်အရာရှိကြီးများ[7] ရေးသားပုံနှိပ်ထုတ်ဝေသော ကိုယ်တွေ့မှတ်တမ်းများက "ဖြတ်လေးဖြတ်" မဟာဗျူဟာ ကျင့်သုံးကာ သောင်းကျန်းသူများအား သတ်ဖြတ်သုတ်သင်ရန်အတွက် အရပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ အပါအဝင် ဖြတ်တောက်မှုတစ်ခုစီကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခဲ့ပုံများကို ဂုဏ်ယူစွာဖြင့် ပြန်လည်တွေးတောကာ ဖော်ပြကြပါသည်။[8]

၁၉၈၀ ပြည့်လွန်နှစ်များ KHRG အဖွဲ့ သုတေသနပြုရာ နယ်မြေများတွင် "ဖြတ်လေးဖြတ်" လှုပ်ရှားမှုများကို ကာလရှည်ကြာစွာ ရင်ဆိုင်လာခဲ့ရ၍ KNU တို့ ထိန်းချုပ်ထားသော ပိုင်နက်နယ်မြေအကျယ်အဝန်း သိသိသာသာ လျော့ကျလာသည် ကိုမြင်တွေ့ခဲ့ရပါသည်။[9] ၁၉၉၄ခုနှစ်တွင် KNLA အဖွဲ့ ကွဲမှုမှ[10] တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကို ပေါ်ပေါက်လာစေခဲ့ပါသည်။[11] DKBA သည် KNLA ဆန့်ကျင်ရေးကို

[4] ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့(KNDO) ကို၁၉၄၇ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ၁၉၄၈ ခုနှစ်တစ်လျှောက်လုံး အုပ်စုလိုက်အကြမ်းဖက်မှုများ နေရာအနှံ့ဖြစ်ပွားခဲ့ပါသည်။ ကရင်တော်လှန်ရေးတိုက်ခိုက်မှုကို အင်းစိန်မြို့ အပိုင်းခံရသည်နှင့် ဆက်စပ်၍ ၁၉၄၉ ဇန်နဝါရီ ၃၁ရက်နေ့ အဖြစ်တရားဝင် ရက်စွဲသတ်မှတ်ခဲ့ကြပါသည်။ နောက်ခံအခြေအနေကိုထပ်မံသိရှိလိုပါက Martin Smith. *Burma: Insurgency and the Politics of Ethnicity*, New York: St. Martin's Press, 1999 pp. 258-259 တွင်ကြည့်ပါ။

[5] နောက်ခံအခြေအနေကို ပိုမို သိရှိလိုပါက Martin Smith. *Burma: Insurgency and the Politics of Ethnicity*, New York: St. Martin's Press, 1999 pp. 258-259 တွင်ကြည့်ပါ။

[6] မကြာသေးမီနှစ်များအတွင်းက တပ်မတော်ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် `ဖြတ်လေးဖြတ်´ မဟာဗျူဟာ မရှိကြောင်းကိုငြင်းဆိုထားပါသည်။ သို့ရာတွင်နေဝင်း၏ ကာလရှည် လက်ထောက်ဗိုလ်ချုပ်စန်းယု၊ တပ်မတော်ကာကွယ်ရေးဝန်ကြီးဟောင်းနှင့် လက်ရှိNLDခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီးတင်ဦးတို့လို အထင်ကရတပ်မတော်ခေါင်းဆောင်ကြီးများက ဂုဏ်ယူပုံကြွားစွာပြောဆိုခဲ့ကြပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာက ၄င်းမဟာဗျူဟာ အသုံးပြုခဲ့မှုအကြောင်းကို ကောင်းစွာမှတ်တမ်းတင်ထားခဲ့ပါသည်။ Martin Smith. *Burma: Insurgency and the Politics of Ethnicity*, NewYork: St.Martin'sPress,1999 pp.259 တွင် မှတ်စုထုတ်ထားသောအများပြည်သူကိုပြောကြားသည့်မိန့်ခွန်းများ။

[7] ဥပမာအနေဖြင့် Thaung Wai Oo, "Not Fated to Die, Not Yet Die". Yangon Hlowet Sankye Magazine, 1999, p. 512, cited in Aung Myoe, "Neither Friend nor Foe," pp. 79-80. တွင်ကြည့်ပါ။

[8] ဥပမာအနေဖြင့် Thaung Wai Oo, "Not Fated to Die, Not Yet Die". pp. 79-80. တွင်ကြည့်ပါ။

[9] South, *Ethnic politics in Burma: States of conflict*, 2009, p.55 - 57. ကိုကြည့်ပါ။

[10] ၁၉၉၄ ခုနှစ်တွင် KNLA ဂိုဏ်းကွဲမှုကြောင့် DKBA ဖွဲ့စည်းပေါ်ပေါက်လာပြီး KNU ဌာနချုပ် မာနယ်ပလောကို ဆုံးရှုံးခဲ့ရသည်။ထိုအချိန်က KHRG အစီရင်ခံစာများအရ ယင်းပတ်ဝန်းကျင်ဒေသရှိ သောင်းနှင့်ချီသောရွာသားများ၏ ဘဝများထိခိုက်ခဲ့ရသည်။ ကျေးရွာများဖျက်ဆီးခံရပြီး အတင်းအဓမ္မရွှေ့ပြောင်း နေရာချထားခံကြရသောကြောင့်ရွာသားများအနေဖြင့် နယ်စပ်ဖြတ်ကျော် ထွက်ပြေးကာ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံခဲ့ကြရသည်။ SLORC'S Northern Karen Offensive, KHRG, March 1995; *KHRG Commentary*, KHRG, February 5th 1995. For background information, see Ashley South, *Ethnic politics in Burma:* States of conflict, p. 57 – 58. တွင်ကြည့်ပါ။

[11] တိုးတက်သောဗုဒ္ဓဘာသာကရင် အမျိုးသားတပ်မတော် (DKBA) ကို ဘုန်းကြီးဦးသုဇနခေါင်းဆောင်ပြီး ထိုအချိန်ကမြန်မာပြည်၏စစ်အစိုးရဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(SLORC)၏ ကူညီထောက်ပံ့မှုဖြင့် ၁၉၉၄ ခုနှစ်ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ DKBA ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီးထပ်မံသိရှိလိုပါက "Inside the DKBA," KHRG, 1996. တွင်ကြည့်ပါ။

မြန်မာ့တပ်မတော်နှင့် ပူးပေါင်း၍ စစ်ဆင်ရေး စတင်ဆင်နွဲခဲ့ရာ KNU တို့၏ ကာလကြာရှည်စွာ တည်ရှိခဲ့သော မာနယ်ပလောရှိဌာနချုပ် ကျရှုံးခဲ့ရသည်အထိ ဖြစ်စေခဲ့ပါသည်။[12] ပိုင်နက်နယ်မြေများသိသိသာသာဆုံးရှုံးလာရခြင်းနှင့် ၁၉၉၇ ခုနှစ်တွင် တပ်မတော်ရှေ့တန်း အခြေစိုက်စခန်းများ တစ်ဖန်ပြန်၍အမြဲတမ်းတပ်စွဲလာခြင်းတို့ကြောင့်[13] KNLA အနေဖြင့် ပြောက်ကျားနည်းဗျူဟာကို တရားဝင်ကျင့်သုံးလာခဲ့ပါသည်။ [14] လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားပြီး ပထဝီအနေအထားအရ ပို၍ ကျယ်ကျယ်ပြန့်ပြန့်ထိခိုက်မှုများဖြစ်လာခဲ့ပါသည်။ KNLA အနေဖြင့် ပိုင်နက်နယ်မြေကို အသေဆုပ်ကိုင်ထားရန် မကြိုးစားတော့သော်လည်း အခြေစိုက်နယ်မြေများနှင့် ရိက္ခာထောက်ပံ့သည့် လမ်းကြောင်းများကို ကာကွယ်ရန် မြေမြှုပ်မိုင်းအသုံးပြုမှု အပေါ် အားထားမှုပိုမိုကြီးမားလာပါသည်။ [15] "လူကြီးလူကောင်းသဘောတူညီချက်" [16] ဟု လူသိများသည့် ၂၀၀၄ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုပျက်ပြားခြင်းနှင့် အသစ်တည်ထောင်လိုက်သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အနေဖြင့် ၂၀၀၇ ခုနှစ်တွင် စွန့်ခွာသွားခြင်း[17]က KNU ကို ထပ်မံ၍ အင်အားချိနဲ့စေပါသည်။ တစ်ချိန်တည်းတွင် KNU ထိန်းချုပ်ထားသည့်နယ်မြေများသည် ပစ်မှတ်ထား ထိုးစစ်ဆင်မှုများ၏ ဖိအားအသစ်များ အောက်သို့ ကျရောက်လာခဲ့ပါသည်။[18]

## မြောက်ပိုင်းထိုးစစ်ဆင်မှု (၂၀၀၅-၂၀၀၈)

၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစ၍ တပ်မတော်စစ်သည်တပ်ဖွဲ့များသည် ဘက်စုံသုံးတပ်ရင်းတပ်ဖွဲ့များဖြင့် အရပ်သားများ၊ ၎င်းတို့၏ အခြေချနေထိုင်မှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကိုစနစ်တကျ ပစ်မှတ်ထားကာ၊ ဒေသအလိုက်သတ်မှတ် ထားသော မြောက်ပိုင်းကရင်ခရိုင်များဖြစ်သည့် ညောင်လေးပင်၊ တောင်ငူနှင့် ဖာပွန်ခရိုင်များကို ဟန်ချက်ညီညီ တိုက်ခိုက် ဖျက်ဆီးခဲ့ပါသည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းမြန်မာနယ်စပ်ပူးပေါင်းအဖွဲ့ (TBBC)[19] က ကရင်ပြည်နယ်ရှိ ရွာ ပေါင်း ၁၃၀ ကျော်မှ အရပ်သား ၂၇၄၀၀ ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း တွက်ချက်ဖော်ပြခဲ့ပါသည်။

၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အကုန်အထိ တရစပ်တိုက်စစ်ဆင်နေစဉ် ကာလအတွင်း[20]၊ ကျေးရွာများနှင့် အသက်မွေး ဝမ်းကျောင်းပြုသော လုပ်ငန်းခွင်များအား စနစ်တကျ၊ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုကို ရင်ဆိုင်ရသောကြောင့်

---

[12] နောက်ခံအခြေအနေကိုထပ်မံသိရှိလိုပါက"SLORC's Northern Karen Offensive," KHRG, March 1995. တွင်ကြည့်ပါ။

[13] ဥပမာအနေဖြင့် "Clampdown in Southern Dooplaya: Forced relocation and abuses in newly SLORC-occupied area," KHRG, September 1997; "Refugees from the SLORC Occupation of Dooplaya District," May 1997, KHRG; "Free-fire zones in Tenasserim," KHRG, August 1997; "Wholesale Destruction: The SLORC/SPDC Campaign to Obliterate all Hill Villages in Hpapun and Eastern Nyaunglebin Districts," KHRG, April 1998. တွင်ကြည့်ပါ။

[14] ဒူးပလာယာခရိုင် မဲထရောသ တွင် ၁၉၉၈ ခုနှစ်တွင် ကျင်းပသော စစ်ရေးညီလာခံတွင် ပြောက်ကျားနည်းဗျူဟာအသုံးပြုကြောင်း KNLA အနေဖြင့်တရားဝင် ပြောကြားခဲ့သည်။ see, South, *Ethnic politics in Burma: States of conflict*, 2009, p. 56. တွင်ကြည့်ပါ။

[15] ဥပမာ ၂၀၁၁ ခုနှစ်တလျှောက်လုံးအစိုးရနှင့် NSAG တပ်များ အနေဖြင့် မိုင်းသစ်များထောင်ကြောင်းကို KHRG ကအထောက်အထားများ ဆက်လက်ရရှိခဲ့ပါသည်။ *Uncertain Ground: Landmines in eastern Burma*, KHRG, May 2011. တွင်ကြည့်ပါ။

[16] ၂၀၀၃ ခုနှစ်ဒီဇင်ဘာလတွင် KNU နှင့် ထိုစဉ်ကနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (SPDC) တို့သည် အပစ်အခတ်ရပ်စဲရေး "လူကြီးလူကောင်းသဘောတူညီချက် ́တစ်ရပ်ကိုရရှိခဲ့ကြပါသည်။ Ashley South, *Ethnic Politics in Burma: States of conflict*, New York: Routledge, 2009, pp. 61 – 65. တွင်ကြည့်ပါ။

[17] KNU/KNLA-PCသည်နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး လက်နက်ကိုင်အုပ်စုသည် ဖားအံခရိုင်၊ထိုကော့ကိုးတွင် အခြေစိုက်သည်။ ၂၀၀၇ ခုနှစ်တွင်KNUမှခွဲထွက်ပြီး ယင်းကာလမှာပင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့သည်။၂၀၁၀ခုနှစ်တွင်၎င်း၏တပ်ဖွဲ့များကို တပ်မတော် နယ်ခြားစောင့်တပ်များအဖြစ်အသွင်ပြောင်းဖွဲ့စည်းရန် မြန်မာအစိုးရ၏ ညွှန်ကြားချက်ကို ငြင်းဆန်ခဲ့သည်။ ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်မရေးထိုးမီ ၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်နှင့် တိုက်ပွဲအနည်းငယ် ဖြစ်ပွားခဲ့သည်။

[18] ထင်မောင်ခေါင်းဆောင်သောခွဲထွက်အဖွဲ့၏ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများ နှင့် ၂၀၀၇ခုနှစ်တွင် KNU/KNLA-PC ထူထောင်ခြင်းများ ကို ထပ်မံ သိရှိလိုပါက South, 2009, p.57. တွင်ကြည့်ပါ။

[19] ယခုအခါ ထိုင်းနယ်စပ် ယာယီပူးပေါင်းအဖွဲ့ (TBC) ဟု ခေါ်သည်။

[20] KHRG အနေဖြင့် ပြင်းထန်သောတပ်ပေါင်းစုံ စစ်ဆင်ရေးများ လျော့ကျလာပြီး ကရင်မြောက်ပိုင်းခရိုင်တလျှောက် မှ စစ်စခန်း ၃၀ ကျော် မှ စစ်သားများပြန်လည်ဆုတ်ခွာသွားခြင်းတို့ကြောင့်၂၀၀၈ ဒီဇင်ဘာ တွင်မြောက်ပိုင်းထိုးစစ် အဆုံးသတ်သည်ဟုမှတ်ယူခဲ့သော်လည်း ၂၀၁၁

ရွာသားအမြောက်အမြား အိုးအိမ်စွန့်ခွာထွက်ပြေးရမှုနှင့် အဓိကအားဖြင့် ဖာပွန်၊ ညောင်လေးပင်နှင့် တောင်ငူခရိုင်များတွင် စစ်စခန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ချဲ့ထွင်ခဲ့မှုတို့ကို KHRG အဖွဲ့မှ မှတ်တမ်းတင်ခဲ့ပါသည်။ ကရင်ပြည်နယ် မြောက်ပိုင်းရှိ ခရိုင်များတွင် ၃-နှစ်ကျော်ကြာ တပ်မတော်၏ ရေရှည်စစ်ဆင်ရေးများသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု နှင့်လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျကျူးလွန်ခဲ့ကြောင်း မြင်တွေ့ခဲ့ရပါသည်။ ယင်းသို့သော ချိုးဖောက်မှုများတွင် အိုးအိမ်နှင့်ကောက်ပဲသီးနှံများကို ဖျက်ဆီးပစ်ခြင်း၊ အဓမ္မခိုင်းစေခြင်း၊ လူသတ်မိုင်းများထောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အရပ်သားများကို ဥပဒေမဲ့ သတ်ဖြတ်ခြင်းများပါဝင်ပါသည်။[21] အဆိုပါအပြုအမူများကို နိုင်ငံတကာလေ့လာစောင့်ကြည့်သူများက အမှန်ပင် ဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြီး ပြစ်တင်ဝေဖန်ခဲ့ကြပါသည်။[22]

၂၀၀၅-၂၀၀၈ တိုက်စစ်ဆင်မှု၏ ထူးခြားသောအဓိကအချက်မှာ ယခင်တိုက်ခိုက်မှုများကဲ့သို့ မိုးရာသီအစပြုချိန်တွင် တိုက်ခိုက်မှုကို ယာယီအခိုက်အတန့်ရပ်စဲမှုမပြုခဲ့ခြင်းဖြစ်သည်။ ထိုနည်းဗျူဟာသစ်သည် ပုန်းလျှိုးကွယ်လျှိုး နေရာများတွင် နေထိုင်သော ရွာသားများ၏လုံခြုံရေးကိုခြိမ်းခြောက်မှုဖြစ်သည် သာမက တိုက်စစ်ဆင်မှုစတင်သည့်ကာလ[23]တွင် ထွက်ပြေးခဲ့သော ရွာသားများအနေဖြင့် စိုက်ပျိုးရေးအတွက် အရေးပါသော မှတ်သုံကာလတွင် နေရပ်သို့ပြန်လာပြီး စပါးသီးနှံများစိုက်ပျိုးခြင်းကို အတားအဆီး ဖြစ်စေခဲ့ပြီး ရွာသားများအနေဖြင့် မိုးကာလတွင် ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများကို စုဆောင်းသိမ်းဆည်းခြင်း၊ အစားအသောက်များ သိုလှောင်ခြင်း၊ မိုးမမိစေရန် အမိုးအကာများတည်ဆောက်ရန် ဆောင်ရွက်ခြင်းများကိုပါ အတားအဆီးဖြစ်စေသည်။[24]

## မြောက်ပိုင်းထိုးစစ်ဆင်သည်မှ ၂၀၁၂ ဇန်နဝါရီအပစ်အခတ်ရပ်စဲသည်အထိ ကာလ

KHRG အနေဖြင့် ၂၀၀၈ ဒီဇင်ဘာလတွင် ထိုးစစ်ဆင်မှုရပ်ဆိုင်းခဲ့သည်ဟု ရက်စွဲသတ်မှတ်ခဲ့သည့်အကြောင်းမှာ မိုးတွင်း ကာလအတွင်း တပ်ပေါင်းစုံပူးပေါင်း စစ်ဆင်မှု၏ ပြင်းထန်မှုနှင့် အကြိမ်အရေအတွက် လျော့နည်းလာခဲ့ပြီး

---

တလျှောက်လုံး စစ်ဆင်ရေးများပြတ်တောင်းပြတ်တောင်းရှိနေပြီး အရပ်သားများနှင့်စစ်တပ်ထိန်းချုပ်ရာနယ်မြေပြင်ပရှိအစားအစာ အရင်းအမြစ်ရှိရာ ဒေသများကို တမင်ရည်ရွယ်တိုက်ခိုက်မှုများ တပ်မတော်က ဆက်လက်လုပ်ဆောင်နေကြောင်း KHRG မှအထောက်အထားများဆက်လက် ရရှိခဲ့ပါသည်။၂၀၀၈ ဒီဇင်ဘာတွင်ရှေ့တန်းစခန်းများမှ ဆုတ်ခွာသွားပြီးနောက်ပထမဆုံး လ၂၀ အတွင်း တပ်မတော်၏ထိုးစစ်ဆင်မှုများနှင့် မြောက်ပိုင်းထိုးစစ် အကြောင်း ထပ်မံသိရှိလိုပါက *Self-protection under strain: Targeting of civilians and local responses in northern KarenState*, KHRG, August2010 တွင်ကြည့်ပါ။ ၂၀၁၁ မှလက်ရှိကာလအတွင်း အရပ်သားများအပေါ် တိုက်ခိုက်မှုများနှင့်ပတ်သက်၍အသေး စိတ်သိရှိလိုပါကဤအစီရင်ခံစာတွင်ပါဝင်သော `အရပ်သားများကို တိုက်ခိုက်ခြင်းနှင့်ဥပဒေမဲ့သတ်ဖြတ်ခြင်း´ အခန်းတွင်ကြည့်ပါ။

21 ၂၀၀၅မှ၂၀၀၈အတွင်း ကရင်မြောက်ပိုင်းဒေသနှင့်ပဲခူးတိုင်းဒေသကြီးအရှေ့ဘက်တို့တွင် တပ်မတော်၏အရပ်သားများကို ဦးတည် တိုက်ခိုက်ခဲ့မှုများကို သိရှိလိုပါက *Self-protection under strain: Targeting of civilians and local responses in northern Karen State*, KHRG, August 2010, especially pp.15-22. တွင်ကြည့်ပါ။ထပ်မံသိရှိလိုပါက inter alia: *Crimes Against Humanity in Eastern Myanmar*, Amnesty International, June 2008; *Burma: Army Forces Thousands to Flee*, Human Rights Watch, November 2006; *Shoot on Sight: The ongoing SPDC offensive against villagers in northern Karen State,* Burma Issues, December 2006; *Campaign of Brutality*, Free Burma Rangers (FBR), April 2008; *State of Terror,* Karen Women's Organisation, February 2007. တွင်ကြည့်ပါ။

22 "Myanmar: ICRC denounces major and repeated violations of international humanitarian law," ICRC, June 29th 2007, News Release 82/07. တွင်ကြည့်ပါ။ *Crimes Against Humanity in Eastern Myanmar*, Amnesty International, June 2008; *Burma: Army Forces Thousands to Flee*, Human Rights Watch, November 2006; and "Report of the Special Rapporteur on the situation of human rights in Myanmar," Tomás Ojea Quintana," UN Human Rights Council (HRC), September 5th 2008, A/HRC/63/341 paras. 56-58: တွင်လည်းကြည့်ပါ။

23 "Recent Attacks on Villages in Southeastern Toungoo District Send Thousands Fleeing into the Forests and to Thailand," KHRG, March 2006; "Offensive columns shell and burn villages, round up villagers in northern Hpapun and Toungoo districts," KHRG, June 2006. တွင်ကြည့်ပါ။

24 "Papun Update: SPDC attacks on villages continue," KHRG, October 2006; "SPDC forces attack rice harvest and force villagers into 'new towns'," KHRG, November 2006; "Bullets and Bulldozers: The SPDC offensive continues in Toungoo District," KHRG, February 2007 တွင်ကြည့်ပါ။

တောင်ငူ၊ ညောင်လေးပင်နှင့် ဖါပွန်ခရိုင်များအတွင်းရှိ စခန်းပေါင်း ၃၀-ကျော်မှ စစ်သားများကို ပြန်လည်လျှော့ချခဲ့ကြောင်းလည်း တွေ့ရှိ မှတ်သားခဲ့ပါသည်။

သို့ရာတွင် ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင် အတော်အသင့်ကြီးမားသော အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများ ထပ်မံဖြစ်ပွားခဲ့ပါသည်။ ပထမဖြစ်ရပ်မှာ ထိုင်းနယ်စပ်အနီး၊ ဖာပွန်ခရိုင်ရှိ KNLA တပ်မဟာ (၇) တည်ရှိရာနေရာကို တပ်မတော်နှင့် DKBA ပူးပေါင်းထိုးစစ်ဆင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ တိုက်ခိုက်မှုဖြစ်ပွားနေစဉ်အတွင်း ပြည်သူ ၃၅၀၀ ကျော် ထိုင်းနိုင်ငံဇရီယာထဲသို့ ထွက်ပြေးခဲ့ကြပါသည်။ ၎င်းတို့အနက်အများစုမှာ တပ်မတော်နှင့် DKBA တို့မှ အမြောက် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သော လယ်ပဟဲ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် စခန်းတွင် နေထိုင်ခဲ့ကြသူများဖြစ်ပါသည်။[25] ဒုတိယဖြစ်ရပ်မှာ မြန်မာနိုင်ငံတွင်အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ ၂၀၁၀ နိုဝင်ဘာလ ၇ရက်တွင် ဖြစ်ပွားခဲ့ပြီး၊ DKBA ဒုတိယမြောက် အကွဲအပြဲဖြစ်ခဲ့သည့်ကာလဖြစ်ပါသည်။ နယ်ခြားစောင့်တပ်ဖွဲ့ (BGF)များအဖြစ် တပ်မတော်သို့ ဝင်ရောက်ရန် ငြင်းဆန်သော အချို့ DKBA တပ်များ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်ပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းမှာ နယ်စပ်မြို့ကြီးဖြစ်သော မြဝတီမြို့ တွင် စတင်ဖြစ်ပွားခဲ့ပါသည်။ ပထမနေ့များအတွင်းမှာပင် အနည်းဆုံးဒုက္ခသည် ၂၀,၀၀၀ကျော် ထွက်ပြေးခဲ့ကြပြီး အများစု မှာ မြဝတီမြို့ [26] မှဖြစ်ပါသည်။ ပဋိပက္ခစတင်ဖြစ်ပွားသည့်သီတင်းပတ်များအတွင်းမှာပင် ထိုဒေသ၌ နောက်ထပ်လူ့အခွင့် အရေးချိုးဖေါက်မှုများနှင့် နေရာရွှေ့ပြောင်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။[27]

DKBA တပ်ရင်းအများစုမှာ တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) အဖြစ် ထိုနှစ်အစောပိုင်းကာလတွင် တရားဝင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ တပ်ရင်းစုစုပေါင်း ၁၂ ခု ဖွဲ့စည်းခဲ့ပြီး ယခင်ကရင်ငြိမ်းချမ်းရေးတပ်ပေါင်းစု (KPF) မှ တပ်မှူး များက တပ်ရင်းနောက်တစ်ရင်းကို ဖွဲ့စည်းခဲ့သည်။

သို့ရာတွင် ၂၀၀၉ မှ ၂၀၁၁ နှစ်လယ်ကာလအထိ ဝေးလံသောအစွန်အဖျားနေရာဒေသများသို့ လက်နက်ကြီးနှင့် ပစ်ခတ်မှုများ၊ စစ်စခန်းများ၏ အနီးတဝိုက်ဒေသများကို ကင်းလှည့်ခြင်း၊ ယင်းသို့ ကင်းလှည့်ရာတွင် စစ်သားများအနေဖြင့် ရွာသားများကို တမင်ရည်ရွယ်ပစ်ခတ်ခြင်း၊ အိမ်များ အစားအစာသိုလှောင်ထားမှုများ၊ လယ်တဲနှင့်စားကျက်စိုက်ခင်းများကိုလည်း မီးရှို့ဖျက်ဆီးပစ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းလုပ်ဆောင်မှုများမှာ တပ်ပေါင်းစုံထိုးစစ် [28] ၏ လုပ်ဆောင်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့်မျှ လိုအပ်ခြင်းလည်း မရှိပေ။ ဆက်လက်လုပ်ဆောင်နေသော တပ်မတော်၏ အကြမ်းဖက်မှု အမူအကျင့်များမှာ တစ်ဦးချင်း ပြစ်မှုကျူးလွန်သူများ၏ သီးခြားအပြုအမူများမဟုတ်ဘဲ၊ တပ်မတော်၏ မဟာဗျူဟာတွင် ခိုင်ခိုင်မာမာတည်ရှိနေသော အမူအကျင့် များဖြစ်သည့် အထူးသဖြင့် "ဖြတ်လေးဖြတ်" ဗျူဟာကို အခြေခံထားခြင်း ဖြစ်သည်။

**အပစ်အခတ်ရပ်စဲရေးကာလ**

တိုင်းပြည်၏ကာလရှည်ကြာအုပ်စိုးခဲ့သော စစ်ခေါင်းဆောင်သန်းရွှေ အနားယူသွားသည့်နောက် ၂၀၁၁ ခုနှစ် မတ်လတွင် ယခင်ဗိုလ်ချုပ်ကြီးဟောင်း သိန်းစိန်၏ အရပ်သားအစိုးရက အာဏာရယူခဲ့ပါသည်။ လက်ရှိဖြစ်ပွားနေသည့်တိုင်းရင်းသားပဋိပက္ခများကို အဆုံးသတ်စေရေးအတွက် ခိုင်မာ သောသဘောတူညီချက်ရရှိရန် ရည်ရွယ်ထားကြောင်းအပါအဝင် ကျယ်ပြန့်သည့်ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ် ကိုလည်း ချက်ချင်း ကြေညာခဲ့ပါသည်။ KNU/KNLA နှင့် အလွတ်သဘောငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ယင်းနှစ်အောက်တိုဘာလတွင်

[25] "Over 3,000 villagers flee to Thailand amidst ongoing SPDC/DKBA attacks," KHRG, June 2009; တွင်ကြည့်ပါ။ "Update on SPDC/DKBA attacks at Ler Per Her and new refugees in Thailand," KHRG, June 2009. တွင်လည်းကြည့်ပါ။

[26] "THAILAND: Thousands flee Myanmar fighting," IRIN News, November 2010. တွင်ကြည့်ပါ။

[27] "Civilians at risk from continued SPDC-DKBA conflict in Dooplaya District," KHRG, November 2010.

[28] ဥပမာ"Joint Tatmadaw patrol burns field huts and seed stores, displace six villages in Toungoo District," KHRG, June 2011; "Tenasserim Interview: Saw C---, Received in May 2011," and "Attacks on cardamom plantations, detention and forced labour in Toungoo District," KHRG, May 2010. တွင်ကြည့်ပါ။

ကြေညာခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဖားအံမြို့၌ ပဏာမ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် ဆက်လက်ကျင်းပသည့် ဆွေးနွေးပွဲတွင် နှစ်ဘက်စလုံးအနေဖြင့် သဘောတူညီချက် ၁၃ ချက်ရရှိခဲ့ပါသည်။ အပစ်အခတ် ရပ်စဲရေးအတွက် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို နှစ်ဖက်စလုံးမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘော တူညီချက်တွင် သတ်မှတ်ထားပြီး ပြည်တွင်းရှိ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများ နှင့် ဒုက္ခသည်များ၏ကံကြမ္မာ၊ မြေမြုပ်မိုင်းနှင့် မြေယာမှတ်ပုံတင်ပြုလုပ်ရေး ကိစ္စများ[29] အပါအဝင် ပြဿနာရပ်များကို နှစ်ဖက်စလုံးအတူတကွ ပူးတွဲဖြေရှင်းကြရန် သတ်မှတ်ထားပါသည်။ ၂၀၁၄ ခုနှစ် မတ်လတွင် လိုက်နာရမည့်စည်းကမ်းချက်များကို နောက်ဆုံးအချောသတ်ရမည် ဖြစ် ပါသည်။

ယခုအစီရင်ခံစာရေးသားနေချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကျယ်ပြန့်သော နိုင်ငံရေးဆွေးနွေးပွဲနှင့် ပြည့်စုံ ငြိမ်းချမ်းရေးတည်ဆောက်မှု ဆီသို့ ဦးတည်သောပထမခြေလှမ်းတစ်ရပ်အဖြစ် အမျိုးသားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ရရှိရန် အဓိကရည်ရွယ်၍ အစိုးရနှင့် KNU ကြား စေ့စပ်ဆွေးနွေးပွဲများကို အခြားသော EAG အဖွဲ့ကြီးများနှင့် ပူးတွဲလုပ်ဆောင်လျှက်ရှိပါသည်။ EAG စေ့စပ်ဆွေးနွေးသူများအနေဖြင့် NCA တွင် အများလက်ခံနိုင်သော လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့် ကြားကာလတွင် ၎င်းတို့၏ တရားဝင်ရပ်တည်မှု အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ ထည့်သွင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြသည်။

## အသေးစိတ် ရှာဖွေတွေ့ရှိချက်များ

- မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ ကရင်ခရိုင် (၇) ခု တစ်လျှောက်ရှိ KHRG ကွင်းဆင်းလေ့လာသူများ နှင့် ရွာသားများအနေဖြင့် အပစ်အခတ်ရပ်စဲရေးမှ ရရှိလာသည့် တစ်ခုတည်းသော အပြုသဘောအဆောင်ဆုံး အချက်မှာ လွတ်လပ်စွာ သွားလာ၊ လုပ်ကိုင်လာနိုင်မှုဟု ဖော်ပြထားကြသည်။ ဤအပြောင်းလဲသည် လက်နက်ကိုင်ပဋိပက္ခတစ်ခု အဆုံးသတ်သွားခြင်းကြောင့်ဖြစ်ပြီး၊ တစ်ဆက်တည်းအနေဖြင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၏ သွားလာ လှုပ်ရှားမှု ကန့်သတ်ချက်များနှင့် အနှောက်အယှက်ပေးမှုများလည်း လျော့ကျသွားခဲ့ပါသည်။ သို့ရာတွင် အချို့သော ဒေသများ၌မူ ရွာသားများက တပ်မတော်နှင့် EAG များ၏ လှုပ်ရှားမှုများကြောင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အပေါ် ကန့်သတ်မှုများရှိနေသေးကြောင်း ပြောပြကြပါသည်။ ယင်းသို့ ပြောပြကြသည့်အထဲတွင် စစ်ဆေးရေးဂိတ်များတွင် တစ်ဖက်သတ်ထင်သလို အခွန်ကောက်ခံခြင်း၊ တစ်ဖက်သတ်ညမထွက်ရအမိန့် (ကာဖျူး) ထုတ်ပြန်ခြင်း၊ ရွာသားများအနေဖြင့် ခရီးသွားလာခွင့် လက်မှတ်ပြသရန်လိုအပ်ခြင်း (သို့မဟုတ်) မှတ်ပုံတင်ကဒ်ပြား ပြသရန်လိုအပ်ခြင်းများနှင့် မြေမြုပ်မိုင်းအန္တရာယ်ရှိမှုများ ပါဝင်ပါသည်။

- ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်ကာလတစ်လျှောက်လုံးတွင် KHRG အဖွဲ့ သုတေသနပြုရာ နယ်မြေများ၌ တပ်မတော် အခြေစိုက်စခန်းအသစ်တည်ဆောက်ခြင်းများနှင့် ရှိပြီးသား အခြေစခန်းများကို ပို၍ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်းများလုပ်ဆောင်လျှက်ရှိပါသည်။ ဆက်လက်ဖြစ်ပွားနေဆဲ စစ်အုပ်ချုပ်မှု အခြေအနေကြောင့် ပြည်တွင်း အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများအဖို့ ယာယီအခြေချနေထိုင်ရာနေရာများတွင် ဆက်လက်နေထိုင်ရ လျှက်ရှိနေပြီး ၎င်းတို့အနေဖြင့် တပ်မတော်စစ်စခန်းများ ပိတ်သိမ်းမသွားမချင်း ၎င်းတို့၏ မူလနေရပ်သို့ ပြန်မသွားလို ကြပေ။ မြင့်မားသောစစ်ရေးလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် တပ်မတော်နှင့် EAG အဖွဲ့များ အကြား မကြာမကြာအသေးစား တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ရွာသားများအနေဖြင့်

[29] သဘောတူညီချက်အသေးစိတ်ကို Karen National Union Website တွင်ကြည့်နိုင်ပါသည်။

သူတို့၏လုံခြုံရေးအပေါ် ခြိမ်းခြောက် မှုများရှိနေသေးသည်ဟု ခံစားနေကြရပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ ရေရှည်ခံမှုအပေါ် သံသယရှိနေကြပါ သည်။

- ၂၀၁၂ခုနှစ် ဇန်နဂါရီလမှစ၍ KHRG သည် ပြည်သူများကို ချိန်ရွယ်၍ ကြီးမားကျယ်ပြန့် ပြီး စနစ်ကျသော စစ်ရေး တိုက်ခိုက်မှုများ မတွေ့ရှိခဲ့ပါ။ အရပ်သားများအပေါ် တမင်ရည်ရွယ်တိုက်ခိုက်မှု သီးခြားဖြစ်ရပ်သုံးခုကို KHRG သို့တင်ပြခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုတစ်လျှောက်လုံးတွင် ဤအကြောင်းအရင်းကိုအခြေခံပြီး ပြည်သူများအပေါ်တိုက်ခိုက်မှုများကို KHRG အနေဖြင့်မှတ်တမ်းတင်ထားပါသည်။လက်နက်ကိုင်ပဋိပက္ခဖြစ်ချိန် တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များသည် အရပ်သားများနေထိုင်ရာ နေရာများတွင် မဆင်မခြင် ခွဲခြားမှုမရှိ လက်နက်ကြီး/ငယ်များ ဖြင့် ပစ်ခတ်မှုများ ကိုလည်း KHRG မှ အစီရင်ခံများ ရရှိခဲ့သည်။

- အရပ်သားများကို ထင်သလိုဖမ်းဆီးချုပ်နှောင်ခြင်း၊ ထိန်းသိမ်းထားခြင်း၊ အကြမ်းဖက် ညဥ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းစသည့် လုပ်ရပ်များကို ၂၀၁၂ ခုနှစ် ဇန်နဂါရီလမှစ၍ ကရင်ခရိုင် (၇)ခု စလုံးတွင် ကျူးလွန်ခဲ့ကြောင်းတွေ့ရှိရသည်။မြန်မာ့တပ်မတော်အနေဖြင့်ယင်းသို့သောမတော်မတရားပြုမှုများကို ကျူးလွန် သည်မှာတစ်ချို့နေရာတွင်အဆိုပါအရပ်သားများအနေဖြင့်EAGအဖွဲ့တစ်ဖွဲ့ဖွဲ့နှင့် ပတ်သက်ဆက်နွယ်မှုရှိ ကြောင်း သံသယရှိမှုအပေါ်အခြေခံ၍အများဆုံးဖြစ်ပွားခြင်းဖြစ်ပါသည်။သို့ရာတွင်မြန်မာ့တပ်မတော်နှင့်ကရင် အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA) နှစ်ဖက်စလုံးမှ စစ်သားများသည် တခြားသောအကြောင်းများကြောင့်လည်း ယင်းသို့သော ချိုးဖောက်မှုများကို ကျူးလွန်ကြပါသည်။

- ရွာသားများမှ ဖာပွန်နှင့် ဖားအံခရိုင်ရှိ နယ်ခြားစောင့်တပ် (BGF) စစ်သားများက ရာဘ (မက်သမ်ဖက်တမင်း) ဆေးပြားများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းများ ပိုမိုတိုးပွားလာကြောင်း တင်ပြကြသည်။ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချ၊ အသုံးပြုခြင်း၏ မကောင်းသောအကျိုးဆက်များနှင့် ပတ်သက်၍ မကျေမနပ်ပြောဆိုမှုများ ပိုမိုများပြားလာပြီး ယင်းနှင့်ဆက်နွယ်သည့် သတ်ဖြတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လူမှုရေးအရ သက်ရောက်မှုနှင့်လူငယ်များမူးယစ်ဆေးဝါးကိုအလွယ်တကူ ရရှိနိုင်မှု၏ မကောင်းသောအကျိုးဆက်များကိုလည်း မကျေမနပ်ပြောဆိုမှုများ ပိုမိုများပြားလာပါသည်။ အပစ်အခတ်ရပ်စဲရေးစတင်သည်မှစ၍ လက်နက်ကိုင်များနှင့် အရပ်သားများအနေဖြင့်အထောက်အလျောက်အလွယ်တကူခရီးသွားလာနိုင်လာကြသောကြောင့်တစိတ် တပိုင်း အားဖြင့်ယင်းသို့သောမူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့်ပြဿနာရပ်များ များပြားလာခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

- တပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ အဓမ္မလုပ်အားပေးခိုင်းစေရန် ဆင့်ခေါ်မှုများ ယေဘုယျအားဖြင့် လျော့ကျသွား ကြောင်း ရွာသားများက တင်ပြကြပါသည်။ ဤသို့ လျော့ကျသွားခြင်းမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အရ လွတ်လပ်စွာ သွားလာနိုင်ခြင်းအခွင့်နှင့် တပ်မတော်မှ လုံခြုံမှုရှိသော ပတ်ဝန်းကျင်အသစ်တွင် ၎င်းတို့ကိုယ်တိုင် အလုပ်များ လုပ်ဆောင်နိုင်ခြင်း၊ အဓမ္မလုပ်အားပေးစေခိုင်းမှု အဆုံးသတ်ရေးအတွက် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်လျှောက်လုံး ပြည်တွင်းပြည်ပမှ စောင့်ကြည့်စစ်ဆေးအားထုတ်မှု များကြောင့် ယခုကဲ့သို့ လျော့ကျသွားခြင်းဖြစ်သည်ဟု ယူဆကြပါသည်။ သို့ရာတွင် အချို့သောချိုးဖေါက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ တပ်မတော်နှင့် နယ်ခြားစောင့်တပ်များမှ အရာရှိများနှင့် စစ်သားများသည် အပစ်အခတ်ရပ်စဲ ထားသောကာလအတွင်း အချို့နေရာများ၌ ရွာသားများကို

အဓမ္မလုပ်အားပေးဆောင်ရွက်ရန် ပုံမှန်အတိုင်း ဆက်လက် ခေါ်ယူခိုင်းစေမှုများ လုပ်ဆောင်လျှက်ရှိပါသည်။ ရွာသားများကို အထမ်းသမားများ၊ လမ်းပြများ၊ သတင်း ပေးများအဖြစ် ဆောင်ရွက်ရန် အဓမ္မစေခိုင်းလျှက်ရှိပြီး စစ်စခန်းများအတွက် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ပစ္စည်းပစ္စယများ လုပ်ခိုင်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်စေခြင်းနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခိုင်းခြင်းတို့ကို အခကြေးငွေမပေးဘဲ ဆက်လက်စေခိုင်းလျှက်ရှိပါသည်။

- ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ရွာသားများကို BGF တပ်ဖွဲ့များတွင် ပါဝင်ရန် သို့မဟုတ် ဆက်လက်နေထိုင်ရန် ဖိအားပေးခဲ့ပြီး၊ ကျေးရွာပြည်သူ့စစ်တပ်ဖွဲ့များကို တပ်မတော် နှင့် BGF နစ်ဖက်စလုံးမှ တည်ထောင်ပေးခဲ့ကြပါသည်။ BGF အရာရှိစစ်သည်များအနေဖြင့် DKBA တပ်ဖွဲ့မှ ယခင်စစ်သားဟောင်းများကို ပြန်လည်စာရင်းသွင်းရန် အတင်းအကြပ်ကြိုးပမ်းလျှက်ရှိပါသည်။ ယင်းသို့လုပ်ဆောင်သည့်အထဲတွင် အသက် (၁၈)နှစ်အောက်တွင် စတင် စစ်မှုထမ်းခဲ့ရသော ယောက်ျားလေးနစ်ဦးပါဝင်ခဲ့ပြီး၊ ၎င်းတို့အနေဖြင့် DKBA ကို BGF အဖြစ် ပြောင်းလဲဖွဲ့စည်းသည့် ကာလအတွင်းတွင် ၎င်းတို့၏ စစ်မှုထမ်းသက်တမ်းပြည့်ပြီး သို့မဟုတ် တပ်မှထွက်ခွာခဲ့ပြီးဖြစ်ပါသည်။ တပ်သားသစ် စုဆောင်းခံခြင်းမှ ရှောင်ရှားနိုင်ရန် ရွာသားများအနေဖြင့် အခကြေးငွေပေးရခြင်း၊ တပ်သားသစ်စုဆောင်းသည့် ကာလ တွင် ရွာမှစွန့်ခွာထွက်ပြေးရခြင်း၊ သို့မဟုတ် ဘုန်းကြီးဝတ်ခြင်းတို့ကိုလုပ်ဆောင်ကြရသည်။

- KNLA နှင့် BGF တပ်များသည် အချို့နေရာများတွင် မိုင်းထောင်ခြင်းများကို ဆက်လက်ပြုလုပ်လျှက်ရှိသော်လည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ လက်နက်ကိုင်တပ်များအနေဖြင့် မိုင်းသစ်ထောင်ခြင်းများ လျော့ကျလာကြောင်း KHRG မှ မှတ်တမ်းတင်ခဲ့သည်။ မြေမြှုပ်မိုင်းအန္တရာယ်များ ဆက်လက်ကြုံတွေ့နေရခြင်းကို ခရိုင် (၇)ခု အနက် (၆)ခရိုင်တွင် မှတ်တမ်းရရှိခဲ့ပြီး ယင်းဖြစ်ရပ်များကြောင့် ပြည်သူ့ဒါဇင်ပေါင်းများစွာ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများ ကြုံတွေ့ရကာ ရွာသားများ၏ လှုပ်ရှားသွားလာမှုနှင့် အသက်မွေးဝမ်းကျောင်း ပြုမှုကို အလွန်အမင်း ကန့်သတ်တားမြစ်ထားရာ ရောက်စေသည်။ တပ်မတော်နှင့် EAGအဖွဲ့များအနေဖြင့် မိုင်း ရှင်းလင်းခြင်းကို စတင်လုပ်ဆောင်ခဲ့သော်လည်း မတော်တဆထိခိုက်မိခြင်း၊ နည်းပညာကျွမ်းကျင်မှု အားနည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများကြောင့် ယင်းသို့သော ကြိုးပမ်းအားထုတ်မှုများကို အချိန်မတိုင်ခင် အဆုံး သတ်ခဲ့ရပါသည်။ ရွာသားများအနေဖြင့် စစ်သားများက မိုင်းများကို ရှင်းလင်းဖယ်ရှားပေးရန် တောင်းဆိုခြင်း၊ အခြား သောလမ်းကြောင်းများကို ရွေးချယ်အသုံးပြုခြင်းနှင့် မြေမြှုပ်မိုင်းများ၏ တည်နေရာကို မှတ်သားရန် လက်နက်ကိုင်အုပ်စုများနှင့် အတူလုပ်ဆောင်ခြင်းကဲ့သို့သော ကာကွယ်ရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်လာစေရန် ဆက်လက်ဆောင်ရွက်ကြပါသည်။


- ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ စစ်စခန်းများတည်ဆောက်ရန်၊ ဆည်များတည်ဆောက်ရန်၊ အကြီးစားစိုက်ပျိုးရေး လုပ်ငန်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ရွာသားများ၏ လယ်မြေများကို ယာယီ သို့မဟုတ် အမြဲတမ်းသိမ်းယူမှုများရှိကြောင်း ရွာသားများက တင်ပြကြသည်။ အတိတ်ကာလ၌ တပ်မတော်မှ သိမ်းယူခဲ့သောမြေများကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိသေးသောကြောင့် ရွာသားများအနေဖြင့် ဆက်လက်၍ အကျိုးဆက်များအနေဖြင့် ထိခိုက်နစ်နာမှုများ အကြီးအကျယ်ခံစားနေကြရသည်။ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုမပြုဘဲ မြေယာများ ကို မြေလွတ်မြေရိုင်း သို့မဟုတ် နိုင်ငံပိုင်မြေအဖြစ် ခွဲခြား၍ အစိုးရဥပဒေကို အသုံးချကာ မြေယာသိမ်းယူမှုများ ဆောင်ရွက်ခဲ့ကြောင်း ရွာသားများက တင်ပြကြပါသည်။ ရွာသားများအနေဖြင့်


၎င်းတို့၏ မြေယာများ အသိမ်းခံရခြင်းမှ ကြိုတင်ဟန့်တားရန် ဒေသန္တရအစိုးရအာဏာပိုင်များ၊ KNU သို့မဟုတ် နှစ်ဖက်စလုံးမှ အာဏာပိုင်များကို မြေယာ မှတ်ပုံတင်ခြင်းများ ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သို့ရာတွင် ပဋိပက္ခဖြစ်ပွားနေသည့်ကာလအတွင်း ပိုင်ဆိုင်ခွင့်အထောက်အထားများ ဆုံးရှုံးခြင်း၊ အဖွဲ့များ ရောနှောထိန်းချုပ်ထားရာ နယ်မြေများတွင် အာဏာပိုင်များ အချင်းချင်း အငြင်းပွားမှုများရှိခြင်း၊ ရွာသားများအချင်းချင်းအငြင်းပွားမှုများ ရှိခြင်းနှင့် ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာခြင်း နှင့် ပတ်သက်၍ နယ်မြေပိုင်းခြားသတ်မှတ်ပေးရာတွင် ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များ ရှိခြင်းကြောင့် အခက်အခဲများကြုံတွေ့ရကြောင်း တင်ပြ ကြပါသည်။

- ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပတ်ဝန်းကျင်ပျက်ဆီးခြင်းနှင့် ရွာသားများ၏ အသက်မွေးဝမ်းကျောင်း ဆက်လက်လုပ်ကိုင်ရန် အဟန့်အတားဖြစ်ခြင်းများကို ရင်ဆိုင်ကြရပါသည်။ ၎င်းဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရာဘာစိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများပါဝင်ပြီး လုပ်ငန်းများကို အစိုးရ၊ စစ်တပ် သို့မဟုတ် EAG အုပ်စုများနှင့် ချိတ်ဆက်ကာ မြန်မာနိုင်ငံသားများမှ အများဆုံးစတင်လုပ်ကိုင်ကြပါသည်။ တစ်ဖက်မှပြန်ကြည့်လျှင် ထိုကဲ့သို့သော အခက်အခဲများကြောင့် အချို့ရွာသားများကို အလုပ်အကိုင် ရှာဖွေရန်အတွက် နေရာရွှေ့ပြောင်းရခြင်းများကို ဖြစ်စေသည်။ လက်နက်ကိုင်တပ်များအကြားရှိ အချင်းဖြစ်ပွားမှုများသည်လည်း ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဆက်နွယ်မှုရှိပါသည်။
- ကရင်ခရိုင် (၇) ခုလုံးရှိ ရွာသားများအနေဖြင့် တပ်မတော်၊ BGF၊ မြန်မာအစိုးရ၏ အရာရှိများ၊ ရဲတပ်ဖွဲ့၊ KNU၊ KNLA၊ DKBA နှင့် KPF အဖွဲ့များ၏ တစ်ဖက်သတ်အခွန်ကောက်ခံခြင်းကို ရင်ဆိုင်ကြရသည်။ စစ်တပ်နှင့် ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းသွားသော ခရီးသွားများအနေဖြင့်လည်း အခွန်ကောက်ခြင်းခံကြရသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရွှေတွင်းပိုင်ရှင်များ၊ သစ်ကုန်သည်များ၊ ဖာလာစေ့နှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများလည်း ပါဝင်သည်။ အဖွဲ့များ ရောနှောထိန်းချုပ်ရာ နယ်မြေများတွင် နေထိုင်ကြသူရွာသူရွာသားများ မှာ လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများ အကြောင်းပြ၍ အမျိုးမျိုးသောအာဏာပိုင်များ၏ ငွေကြေးကောက်ခံခြင်းကိုလည်း ခံကြရသည်။ ထို့ပြင် ရွာသားများသည် ဒေသတွင်းစစ်ရေးလှုပ်ရှားမှုများနှင့် စစ်သားလစာများအတွက် အထောက်အပံ့အနေဖြင့်လည်း ငွေကြေးပေးဆောင်ကြရသည်။
- ဒေသတွင်းလူ့အဖွဲ့အစည်းများအကြားအပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်အပေါ် သတိမူနိုးကြားမှုပိုမိုတိုးတက်လာ စေရန် တပ်မတော်နှင့် EAG အုပ်စုများ၊ တစ်ခါတစ်ရံဒေသတွင်း CBO များက ကြိုးပမ်းလုပ်ဆောင်မှုများရှိကြောင်း တင်ပြကြသည်။BGFနှင့်KNLAစစ်သားများသည်ဒေသခံဘာသာရေးခေါင်းဆောင်များနှင့်ယုံကြည်မှုတည်ဆောက် ရေးလှုပ်ရှားမှုများတွင်ချိတ်ဆက်ဆောင်ရွက်ကြသည်။အစိုးရနှင့်KNUအာဏာပိုင်များအကြားအဆက်အသွယ်ပြု ရန် နှင့် ရွာသားများအတွက် ပြဿနာများတင်ပြနိုင်ရန် ဆက်ဆံရေးရုံးများ ဖန်တီးပေး ထားပါသည်။
- ရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုကို အစိုးရ၊ KNU၊ ဒေသတွင်း NGO နှင့် INGO ဆေးခန်းဆေးရုံများမှ ခံယူရရှိကြပါသည်။ သို့ရာတွင် ၎င်းတို့၏နယ်မြေ၌ ဆေးခန်းမရှိခြင်းနှင့် ဆေးခန်းရှိသည့်မြို့ကြီးများသို့ သွားလာရန် ငွေကြေးမရှိခြင်းတို့ကြောင့် ရံဖန်ရံခါကျန်းမာရေးစောင့်ရှောက်မှု ခံယူရရှိရန် အခွင့်အလမ်းမရှိဖြစ်ကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ လုပ်သားအင်အား မလုံလောက်မှုနှင့် ငွေကြေးမတတ်နိုင်မှုတို့သည်လည်း ရရှိမှုအခွင့်အလမ်း ကို ကန့်သတ်ခံထားရခြင်း ဖြစ်စေသည်။ အထောက်အကူပြုပစ္စည်းချို့တဲ့မှုနှင့် အရည်အချင်းမမီသောဝန်ထမ်းများ ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးနိမ့်ကျလျှက်ရှိပါသည်။ အချို့သောရွာသားများသည် ပြင်ပကူညီ ထောက်ပံ့မှုမပါဘဲ ကိုယ်ထူကိုယ်ထဆေးခန်းများတည်ဆောက်ထားကြသော်လည်း တချို့ရွာသားများမှာ စစ်ရေးလှုပ်ရှားမှုများ

ဆက်လက်ဖြစ်ပွားနေသောကြောင့် ထိုသို့ပြုလုပ်ရန် ထိတ်လန့်ကြောက်ရွံ့ နေကြပါသည်။ ထောက်ပံ့ပစ္စည်းများ မရှိခြင်းနှင့်ဆရာ/ဆရာမများမရှိခြင်းများအပါအဝင်ကျောင်းများအတွက်အထောက်အပံ့မလုံလောက်သောကြောင့် ကျေးရွာအချို့တွင် ပညာရေး အခွင့်အလမ်းမရှိပေ။ အပြုသဘောဆောင်သည့် အလားအလာတစ်ရပ်အနေဖြင့် အစိုးရမူလတန်းကျောင်းများတွင် အခမဲ့ပညာသင်ကြားခွင့်ရရှိရန် ဖြစ်သည်။

- မြန်မာအစိုးရအရာရှိများ၊ BGF စစ်သားများနှင့် ဗုဒ္ဓဘာသာ ဘာသာရေးခေါင်းဆောင်များက လုပ်ဆောင်သော ဘာသာရေး၊လူမျိုးရေးခွဲခြားဆက်ဆံသည့်သာဓကဖြစ်ရပ်များကိုရွာသားများကတင်ပြခဲ့ကြပါသည်။ဗုဒ္ဓဘာသာဝင် နှင့်မွတ်စလင်ဘာသာဝင်လူအုပ်စုများအကြားလူမှုရေး၊စီးပွားရေးအရအပြန်အလှန်ဆက်ဆံခြင်းကိုတားမြစ်ပိတ်ပင် သည့်စာရွက်စာတမ်းများကိုဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများကထုတ်ပြန်ပြီးနောက်ဖားအံနှင့်ဖာပွန်ခရိုင်အတွင်းရှိ ဗုဒ္ဓဘာသာဝင်နှင့်မွတ်ဆလင်ဘာသာဝင်ရွာသားများအကြားတွင်ဆက်ဆံရေးယိုယွင်းပျက်စီးမှုများရှိလာကြောင်း၊ ရွာသားများကပြောကြားကြသည်။ရွာသားတစ်ဦးကလည်းသူ့အနေဖြင့် နတ်ကိုးကွယ်သူတစ်ယောက် ဖြစ်သော်လည်း အစိုးရအရာရှိများက သူ၏မှတ်ပုံတင်ကဒ်ပြားတွင် ဗုဒ္ဓဘာသာဝင်ဟု သတ်မှတ်ရေးသားခဲ့ကြောင်းလည်း ဖော်ပြခဲ့ပါ သည်။



# အကြံပြုတင်ပြချက်များ

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဖာပွန်၊ ဖားအံနှင့် မြိတ်-ထားဝယ်ခရိုင်တို့မှ KHRG သတင်းကောက်ယူသူ ၂၂ ဦးက တင်ပြဆွေးနွေးခဲ့သော အရေးကိစ္စတစ်ခုချင်းအလိုက် အကြံပြုတင်ပြချက်များကို အခန်းအသီးသီးရှိ ပထမအပိုင်းတွင် ထည့်သွင်းထားပါသည်။ အဆိုပါ အကြံပြုတင်ပြချက် အသေးစိတ်များကို အခြေခံ၍ မြုံငုံကာ ဤအပိုင်းတွင် ယေဘုယျကျသော အကြံပြုချက်များ တင်ပြထားပါသည်။

- အပစ်အခတ်ရပ်စဲရေးသည် လူ့အခွင့်အရေးချိုးဖောက်မှုပုံစံအများစုကို လျော့ကျစေရေးအတွက် အထောက်အပံ့ဖြစ်သောကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အစိုးရနှင့်လက်နက်ကိုင်အုပ်စုများ (EAGs) အနေဖြင့် အပစ်အခတ် ရပ်စဲရေးကို ရေရှည်ခိုင်မြဲအောင် လုပ်ဆောင်သင့်ပါသည်။ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို နောက်ဆုံးငြိမ်းချမ်းရေး သဘောတူညီချက်ရသည်အထိ မြန်နိုင်သမျှ ဦးတည်လုပ်ဆောင်သင့်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၏ တစိတ်တဒေသဖြစ်စေ၊ ကရင် (၇) ခရိုင်လုံးရှိ အစိုးရနှင့် KNU အာဏာပိုင်များ လက်မှတ်ရေးထိုးထားသော သဘောတူညီချက်အရဖြစ်စေ သက်ဆိုင်သူများအနေဖြင့် သဘောတူညီချက်အတွက် လိုအပ်မှုများကို ဖြည့်ဆည်းလုပ်ဆောင်ပေးသင့်ပါသည်။

- လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် ယခင်ပဋိပက္ခဖြစ်ခဲ့ရာနေရာများတွင် စစ်ရေးလှုပ်ရှားမှုများကို စတင်လျှော့ချ သင့်ပါသည်။ အထူးသဖြင့် ကျေးရွာများနှင့် နီးစပ်သည့်နေရာများတွင် ဖြစ်သည်။ ဆိုလိုသည်မှာ တပ်သား အရေအတွက်၊ စစ်အခြေစိုက်စခန်းများ၊ စစ်ဆေးရေးဂိတ်များနှင့် လက်နက်သိုလှောင်ထားမှုများကို ငြိမ်းချမ်းရေးအကူးအပြောင်း သဘောဆောင်စေရန် လျှော့ချရမည်ဖြစ်ပါသည်။ အရပ်သားများအပေါ် စစ်သားများ၏ သင့်တင့်လျောက်ပတ်သော ပြုမူဆက်ဆံမှုနှင့် တပ်ရင်းတပ်ဖွဲ့များအတွက် စစ်ရေးလှုပ်ရှားရန် ကန့်သတ်ဧရိယာများကို ရှင်းရှင်းလင်းလင်း သတ်မှတ်နိုင်ရေးအတွက် ပူးတွဲလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို တပ်မတော်နှင့် EAG များအနေဖြင့် နောက်ဆုံးအပြီးသတ် လုပ်ဆောင်သင့်ပါသည်။ ထို့ပြင် အဖွဲ့အစည်းများနှင့် ရွာသားများ အတူပါဝင်ကြိုးပမ်းအားထုတ်မှုများကို အထောက်အပံ့ဖြစ်ရန် အပစ်အခတ်ရပ်စဲရေးနှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်းအချက်များကိုလည်း အများပြည်သူသိအောင် ရှင်းလင်းစွာပြသရန် လုပ်ဆောင်သင့်ပါသည်။ လက်ရှိတည်ရှိနေသော KNU နှင့် အစိုးရဆက်ဆံရေးရုံးများက ဒေသန္တရအဆင့်တွင် ဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန် အကူအညီဖြစ်စေကြောင်း KHRG လေ့လာသူများက တင်ပြကြပါသည်။ အဆိုပါဆက်ဆံရေးရုံးများတွင် လိုအပ်သောအရည်အချင်းရှိ ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးရေးအတွက်လည်း နှစ်ဖက်စလုံးမှ သေချာအောင် လုပ်ဆောင်သင့်ပါသည်။

- မြန်မာအစိုးရအနေဖြင့် ၎င်း၏ ထိန်းချုပ်ကွပ်ကဲမှုလက်အောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို ပြည်တွင်းနှင့် နိုင်ငံ တကာလူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဥပဒေများအောက်တွင် ၎င်းတို့၏ တာဝန်ရှိမှုကို နားလည်လိုက်နာ စေရေးအတွက် သေချာစေရန် ဆောင်ရွက်ရပါမည်။ တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) အနေဖြင့် ညဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေခြင်းများတွင် ပါဝင်ပတ်သက်နေပြီး၊ အပစ်အခတ် ရပ်စဲရေးကာလအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင်လည်း ပါဝင်ပတ်သက်နေပါသည်။ မြန်မာအစိုးရ အနေဖြင့် ၎င်း၏ BGF တပ်ဖွဲ့ဝင်များကို လိုအပ်သော လူ့အခွင့်အရေးစံနှုန်းများကို သိနားလည်စေရန် ဆောင်ရွက်စေရမည်ဖြစ်ပြီး မည်သည့် BGF စစ်သား (သို့)

အရာရှိကို ဖြစ်စေ တစ်စုံတစ်ယောက်၏ အခွင့်အရေး ကို ချိုးဖောက်ခြင်းအတွက် တာဝန်ခံမှုရှိစေရန် သေချာစွာကိုင်တွယ်ရမည်ဖြစ်ပါသည်။

- ရွာသားများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် စပ်လျဉ်းသည့် တိုက်ကြားချက်များကို လက်ခံရရှိစေရန် ပွင့်လင်းမြင်သာမှုရှိပြီး အလွယ်တကူလမ်းဖွင့်ပေးထားသည့် လုပ်ထုံးလုပ်နည်းများကို ဒေသခံအရပ်သားများနှင့် စစ်တပ်အာဏာပိုင်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အမှုဖွင့်တိုင်ကြားထားသော ပုဂ္ဂိုလ်များ (သို့) အစုအဖွဲ့များကို လက်တုန့်ပြန်ခြင်းမှ အကာအကွယ်ပေးရေးအတွက် နောက်ဆက်တွဲလုပ်ငန်းများကို သေချာစွာစီစဉ်ဆောင်ရွက်ထားသင့်ပါသည်။ ဒေသအာဏာပိုင်များ၏ မတရားပြုမှုခံရသော (သို့) ဒေသတွင်းတင်ပြရန် အခက်ခဲရှိသော ရွာသားများအတွက် ဖြစ်ရပ်များကို ရွာသားများအတွက် သေချာလုံခြုံမှုရှိသော တိုင်ကြားမှု နှင့် ဖြေရှင်းပေးရေးလုပ်ထုံးလုပ်နည်းများကို မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စုအဆင့် အာဏာပိုင်များအနေဖြင့် အလားတူ သေချာအောင်ဆောင်ရွက်ထားသင့်ပါသည်။ အဆိုပါ အစိုးရ၏လုပ်ထုံးလုပ်နည်း လည်ပတ်ပုံကို ပြည့်စုံစေရေးနှင့် ယုံကြည်မှုနည်းနေသေးသော ရွာသားများကို အထောက်အကူဖြစ်စေရေးအတွက် ရွာသားများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို တိုင်ကြားစေရန် အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် NGO များ၊ CBO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ရှိပြီးသားလုပ်ထုံးလုပ်နည်းများကို ပို၍ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်သင့်ပါသည်။

- အစိုးရအနေဖြင့် ဒေသဆိုင်ရာ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောလူမှုဝန်ဆောင်ရေး ပုံစံများကို တရားဝင်အသိအမှတ် ပြုနိုင်ရေး ရည်မှန်းကာ လုပ်ဆောင်သင့်ပါသည်။ အစိုးရနှင့် အစိုးရမဟုတ်သော ဝန်ဆောင်မှု ပံ့ပိုးပေးသူ များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ဝန်ဆောင်မှုပေးနိုင်သော နေရာများတွင် တတ်နိုင်သမျှ ညှိနှိုင်းခြင်း၊ ပူးပေါင်းခြင်းနှင့် ဖြည့်ဆည်းလုပ်ကိုင်ပေးခြင်းတို့ ရှိစေရန် ဆက်လက် အားထုတ်ဆောင်ရွက်သင့်ပါသည်။ အစိုးရအနေဖြင့် လက်နက်ကိုင်တိုင်းရင်းသားအုပ်စုများနှင့် ဆက်သွယ်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ဝန်ဆောင်မှု ပံ့ပိုးပေးသူများ ရှိသည့်နေရာ၌လည်း ယင်းသို့သော ပူးပေါင်းဆောင်ရွက်မှုမျိုးကို လုပ်ကိုင်ရန်ဆန္ဒရှိသင့်ပါသည်။ နိုင်ငံတကာမှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်း အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက် လုပ်ကိုင်နေသော ဒေသတွင်းတရားဝင် အတွေ့ကြုံ အရှိဆုံးဖြစ်သော ထောက်ပံ့လုပ်ဆောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဦးစားပေးပံ့ပိုးကူညီသင့်ပါသည်။

- လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေသည့် နေရာများတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများသည် ဒေသခံလူ့အဖွဲ့အစည်းများနှင့် ကာလရှည်ကြာစွာ ဆက်ဆံရေးထူထောင်ထားခဲ့သော ဒေသခံ CBO များနှင့် ပူးပေါင်း လုပ်ကိုင်သင့်ပါသည်။ ကြားဝင်ဆောင်ရွက်ချက်များကို ပြည့်စုံကျယ်ပြန့်သော ပဋိပက္ခလေ့လာသုံးသပ်ချက်အပေါ် အခြေခံ၍ ဆောင်ရွက်သင့်ပြီး ပဋိပက္ခဖြစ်ပွားမှုအပေါ် အလေးထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သင့်ပါသည်။ ပါဝင်လုပ်ဆောင်ခြင်းများ၌လည်း ဒေသခံလူ့အဖွဲ့အစည်း၏ လိုအပ်ချက်ကို ဦးစားပေး၍ လုပ်ကိုင်သင့်ပါသည်။

- ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏နေထိုင်မှုအပေါ် သက်ရောက်မှုရှိသည့် မည်သည့်မူဝါဒဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင်မဆို ပူးပေါင်းပါဝင်ရန် အခွင့်အရေးရှိရပါမည်။ အစိုးရနှင့်ပုဂ္ဂလိကလုပ်ကိုင်သူများအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြေယာနှင့်သယံဇာတစီမံခန့်ခွဲမှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး နှင့်ရွာသားများ၏ဘဝနှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ်ရိုက်ခတ်စေသည့် အခြားပြောင်းလဲမှုများနှင့်ဆိုင်သော ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းအဆင့်များ၌ ဒေသခံလူ့အဖွဲ့အစည်းများကို ဦးစွာအသိပေး ပါဝင်စေသင့်ပါသည်။ ကျယ်ပြန့်စွာပြောရလျှင် စီးပွားရေးစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးအကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝထည့်သွင်းနိုင်ရေး နှင့် ပဋိပက္ခဆိုင်ရာနစ်နာမှုများ ဖြစ်စေသည့် စွန့်စားမှုမျိုး မဖြစ်စေရေးအတွက် ဒေသတွင်းလိုအပ်ချက်များဖြင့် ညွှန်ပြသော မူဝါဒများ ကို အသိပေးဖော်ပြ၍ သေချာစွာဆောင်ရွက်သင့်ပါသည်။

- မြန်မာအစိုးရ သို့မဟုတ် EAG များက ကောက်ခံမည့်အခွန်အခများကို ကြိုတင်သတ်မှတ်ထားသင့်သည်။ အခွန်ကောက်ခံမည့် အချိန်များကို ရွာသားများအား ကြိုတင်ဖြန့်ဝေအသိပေးထားသင့်သည်။ အာဏာပိုင်များအနေဖြင့် တစ်ဖက်သတ် အခွန်ကောက်ခံခြင်းကို ရှောင်ကြဉ်သင့်သည်။ တစ်ဖတ်သတ်အခွန်ကောက်ခံမှုကို ရှောင်ကြဉ်ရန် မြန်မာအစိုးရနှင့် EAG အဖွဲ့များမှ ၎င်းတို့၏ ဒေသခံကိုယ်စားလှယ်များအား လုပ်ငန်းတာဝန်ထမ်းဆောင်ရန် လိုအပ်သည့်ငွေကြေး၊ ပစ္စည်းပစ္စယများ ပံ့ပိုးပေးရေးနှင့် လုံလောက်သော လစာပေးရေးကို သေချာအောင်ဆောင်ရွက်သင့်ပါသည်။

- လက်နက်ကိုင်အဖွဲ့များအားလုံးက မြေမြှုပ်မိုင်းအသစ်အသုံးပြုမှုကို ကျယ်ပြန့်စွာ တားဆီးရေးအား သဘောတူလက်ခံဆောင်ရွက်သင့်ပါသည်။ ယင်းသို့သောတားဆီးမှုမျိုးအပေါ် သဘောတူညီမှုမရခင်တွင် အရာရှိများအနေဖြင့် အရပ်သားများ၏ လယ်မြေများနှင့် သွားလာသည့် လမ်းကြောင်းများတွင် မိုင်းသစ်ချခြင်းကို တားမြစ်ရန် တာဝန် ယူသင့်ပါသည်။ ရှိပြီးသားမိုင်းများနှင့် မိုင်းသစ်များ၏ နေရာကို ဒေသခံလူ့အဖွဲ့အစည်းအား အကြောင်းကြား အသိပေးထားရပါမည်။ မြေမြှုပ်မိုင်းများနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များနှင့် ရှင်းလင်းဖယ်ရှားရေးဆိုင်ရာကိစ္စရပ်များတွင် ရွာသားများ၏ သဘောထားအမြင်ကို သိရှိရန်နှင့် ပြည့်ဝစွာ ပူးပေါင်းပါဝင်သော ဆွေးနွေးတိုင်ပင်မှုများ၊ သုံးသပ်ချက်များကို ထည့်သွင်း စဉ်းစားနိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမှ မိုင်းရှင်းလင်းရေးဆောင်ရွက်သူများအနေဖြင့် အလေးထားဆောင်ရွက်သင့်ပါသည်။ မိုင်းရှင်းလင်းရန် ရွာသားများနှင့် ဆုံးဖြတ်ထားသည့်နေရာဒေသများတွင် ကျွမ်းကျင်စွာ လေ့ကျင့်သင်ကြားပေးထား၍ ကိရိယာပစ္စည်းများ တပ်ဆင်ပေးပြီးမှသာ နိုင်ငံတော် နှင့်/သို့ နိုင်ငံတကာမှ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မိုင်းရှင်းလင်းရေးကို စတင် ဆောင်ရွက်သင့်ပါသည်။

# သတင်းအချက်အလက် ရှာဖွေစုဆောင်းပုံနည်းလမ်းများ

## ကွင်းဆင်းလေ့လာမှု

မြန်မာပြည်အရှေ့ပိုင်းတွင် ၁၉၉၂ ခုနှစ်မှစ၍ KHRG အနေဖြင့် လူ့အခွင့်အရေးချိုးဖေါက်ခံရမှုဖြစ်စဉ် ဖြစ်ရပ်များကို လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် သက်သေ ထွက်ဆိုချက်များ၊ အထောက်အထားမှတ်တမ်းရယူစုဆောင်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာရေးသားရန် သုတေသနပြုမှုကို KHRG မှ အထောက်အထားမှတ်တမ်း ရယူမှုနည်းပညာအား လေ့ကျင့်သင်တန်းပေး၍ လိုအပ်သည့်ပစ္စည်းပစ္စယ ဖြည့်ဆည်းပေးထားသော KHRG နှင့် လုပ်ငန်းလက်တွဲ ဆောင်ရွက်နေသည့် ဒေသခံရွာသားများမှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပါသည်။ အသုံးပြုသောနည်းပညာများတွင် အောက်ပါတို့ ပါဝင်ပါသည်။[30]

နှုတ်ဖြင့် သက်သေထွက်ဆိုချက်များ ရယူစုဆောင်းခြင်း။ ။ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် နေထိုင်သော ရွာသားများကို လူတွေ့မေးမြန်းပြီး အသံဖမ်းယူခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါသည်။ ယင်းသို့ လူတွေ့မေးမြန်းရာတွင် KHRG ဒေသခံအဖွဲ့ဝင်မှ မည်ကဲ့သို့သောမေးခွန်းများမေးမြန်းရမည် ပါဝင်သည့် လမ်းညွှန်ချက်များကို အသုံးပြုရန် သင်တန်းပေးထားပါသည်။ သို့ရာတွင် ရွာသားများ အနေဖြင့် လတ်တလော အဖြစ်အပျက်များ၊ အရေးကြီးသည်ဟု ယူဆသော ပြဿနာများနှင့် ပတ်သက်၍ လွတ်လပ်စွာ ပြောဆိုခွင့်ပေးရပါမည်။ မတရားပြုခံရမှုများနှင့် အခြားသောဒေသတွင်း ပြောင်းလဲမှုများအပေါ် ၎င်းတို့၏ ထင်မြင်ယူဆချက် သဘောထားကိုလည်း ပြောကြားရန် တိုက်တွန်းပေးရပါမည်။

- စံသတ်မှတ်ထားသောအစီရင်ခံစာပုံစံကိုအသုံးပြု၍လူတစ်ဦးချင်းခံရသော ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း။ KHRG ဒေသခံအဖွဲ့ဝင်များမှ ဖြစ်စဉ်ဖြစ်ရပ်တင်ပြချက်များကို ရေးသားမှတ်တမ်းတင်ရာတွင် ၎င်းတို့အနေဖြင့် အရေးကြီးသည်ဟုယူဆသည့် ချိုးဖောက်ခံရမှုများကိုရေးသားမှတ်တမ်းတင်ရန် တိုက်တွန်းခဲ့ပါသည်။ သတင်းအချက်အလက်ရယူရာတွင်အရင်းအမြစ်အမြောက်အမြားမှ သတင်းအချက်အလက်များကို စိစစ်ခြင်း၊ သတင်းအချက်အလက်ပေးသူများသည် ဘက်လိုက်ပြောဆိုမှု ရှိ/မရှိ ဝေဖန်ပိုင်းခြားမှုပြုခြင်း ၊ ဒေသအတွင်း အခြား ချိုးဖောက်ခံရသောဖြစ်ရပ်များနှင့် နှိုင်းယှဉ် တင်ပြခြင်းစသည့်အချက်များကိုလုပ်ဆောင်ရပါမည်။

- ၎င်းတို့နှင့် အကျွမ်းတဝင်ရှိသည့် နယ်မြေဒေသများ၏ နောက်ဆုံး ယေဘုယျအခြေအနေများကို ရေးသားတင်ပြခြင်း။ ။ရေးသားရာတွင် ဒေသခံအဖွဲ့ဝင်များအနေဖြင့် လတ်တလောအဖြစ်အပျက်များ၊ ၎င်းတို့ အရေးကြီးသည်ဟု ယူဆသောအကြောင်းအရာများ တို့ကို အကျဉ်းချုပ်ရေးသားစေပါသည်။ ချိုးဖောက်မှုများအပေါ် ၎င်းတို့၏ သဘောထား အမြင်နှင့် လုပ်ငန်းဆောင်ရွက်ရာ နယ်ပယ်အတွင်းရှိ အခြားသောအသွင် အပြောင်းအလဲများကိုလည်း ထည့်သွင်းရေးသားရပါမည်။

- သတင်းဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများ စုဆောင်းရယူခြင်း။ ။ ချိုးဖောက်ခံရမှု ဖြစ်စဉ်ဖြစ်ရပ်များကို တွေ့ကြုံခံစားရသူများ၊ သက်သေများ၊ အထောက်အထားများနှင့် နောက်ဆက်တွဲအခြေအနေများကို ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ ရယူရန် အခြေအနေမှာ ကြုံတောင့်ကြုံခဲဖြစ်သောကြောင့် ၎င်းတို့အတွက် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော အနေအထားရှိပါက ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းများ ရယူထားကြရန် ဒေသခံ

[30] the *KHRG Field Documentation Philosophy*, ကိုတောင်းဆိုမှုပေါ် မူတည်၍ ရရှိနိုင်ပါသည်။

အဖွဲ့ဝင်များအား KHRG မှ လေ့ကျင့်သင်ကြားပေးထားပါသည်။ ထို့ပြင် ၎င်းတို့ အရေးပါသည်ဟုယူဆသော အဖြစ်အပျက်များကိုလည်းဓာတ်ပုံ၊ဗီဒီယိုမှတ်တမ်းတင်သင့်ပေသည်။ဥပမာရွာသားများ၏နေ့စဉ်သွားလာလှုပ်ရှားမှု မှတ်တမ်း၊ထုံးတမ်းစဉ်လာရိုးရာပွဲတော်များနှင့်အခွင့်အရေးချိုးဖောက်မတရားခံရမှုကြောင့်ရေရှည်ဖြစ်ပေါ်နေသော ဆိုးကျိုးများအကြောင်းစသည်တို့ကိုလည်းရိုက်ကူးတင်ပြသင့်ပေသည်။

- အခြားသက်သေအထောက်အထားများ ရရှိနိုင်မည်ဆိုပါက ရယူစုဆောင်းခြင်း။ အခမ့လုပ်အားပေးခိုင်းစေခြင်း (သို့) အဓမ္မရွှေ့ပြောင်းနေရာချထားပေးခြင်းများ ဆောင်ရွက်ရန် စစ်တပ်အရာရှိများမှ ရေးသားထုတ်ပြန်သည့် အမိန့်စာများကို ရယူစုဆောင်းခြင်းကဲ့သို့သော ဆောင်ရွက်မှုမျိုးဖြစ်သည်။

အချို့သော ဒေသခံအဖွဲ့ဝင်များမှာ လစာနှင့်အခြားထောက်ပံ့ပစ္စည်းများ ရရှိပြီး အချို့မှာ အခကြေးငွေမယူဘဲ မိမိတို့ဆန္ဒအလျောက် KHRG နှင့်လုပ်ကိုင်ကြရသည်။ KHRG အနေဖြင့် လူနေမှုဘဝပုံစံမျိုးစုံနှင့် နောက်ခံအခြေအနေအမျိုးမျိုးရှိသော ဒေသခံအဖွဲ့ဝင်တို့အား ၎င်းတို့၏ ဒေသများတွင် ဖြစ်ပေါ်နေသော အကြောင်းအရာများကို သတင်းစုဆောင်း မှတ်တမ်းတင်နိုင်ရန် လေ့ကျင့်သင်ကြားပေးထားပါသည်။ KHRG ၏ ဂန်ထမ်းခန့်ထားရေးမူဝါဒသည် လူမျိုးရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေး နောက်ခံအခြေအနေ၊ နိုင်ငံရေးအဆက် အသွယ်နှင့် အလုပ်အကိုင်အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုမရှိပါ။ ဒေသတွင်း အရေးကိစ္စများကို သိရှိသူ၊ ၎င်းတို့အသိုင်းအဝိုင်းအတွင်း လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာရေး စိတ်ပါဝင်စားမှုရှိပြီး ရပ်ရွာ၏ ရိုသေလေးစားခြင်းခံရသူ မည်သူ့ကိုမဆို လေ့ကျင့်သင်ကြားပေးပါသည်။ မည်သူမျှ အစစ်အမှန် ကြားနေ သဘောထားမရှိဘဲ၊ လူတိုင်းတွင် မတူညီသောရှုထောင့်အမြင်နှင့် ဘက်လိုက်မှု အနည်းနှင့် အများရှိကြောင်း KHRG အနေဖြင့် သဘောပေါက်နားလည်ပါသည်။ ထို့ကြောင့် လက်ခံရရှိသည့် သတင်း အချက်အလက်များကို အမြဲတမ်းသေချာစွာ စိစစ်ကာ တတ်နိုင်သမျှ အခြားသော သတင်းအချက်အလက်အရင်းအမြစ်များနှင့် ရှုထောင့်အမြင်များနှင့် တိုက်ဆိုင် စစ်ဆေးမှုများလည်းပြုလုပ်ပါသည်။

## စိစစ်အတည်ပြုခြင်း

KHRG သည် ဒေသခံအဖွဲ့ဝင်များကို စိစစ်အတည်ပြုခြင်း မူဝါဒများကို လိုက်နာစေရန် လေ့ကျင့်သင်ကြားပေး ပါသည်။ သတင်းရယူရာတွင် ရရှိနိုင်သမျှသတင်း အရင်းအမြစ်အားလုံးမှရယူရန်၊ အရင်းအမြစ်၏ ယုံကြည်စိတ်ချရမှုကို ချင့်ချိန်ဆုံးဖြတ်ရန်၊ ၎င်းတို့၏ ဒေသတွင်း အခြေအနေများအပေါ် ကိုယ်ပိုင်နားလည်စွမ်းဖြင့် နှိုင်းယှဉ်သုံးသပ်ရန် နည်းလမ်းများအသုံးပြုရန်လည်း ပါဝင်ပါသည်။ KHRG အနေဖြင့် ရရှိလာသော သတင်းအချက်အလက်များကို စီစစ်ရာတွင် မှန်ကန်တိကျမှုရှိစေရန် အချက်လက်တစ်ခုစီကို ဘာသာပြန်ခြင်းသို့ မပြုမှီ သေချာစွာဖတ်ရှုစစ်ဆေးပြီး လိုအပ်ပါက သတင်းပေးပို့သူထံပြန်လည်ဆက်သွယ်ပြီး အတည်ပြုချက်ရယူရပါသည်။

ဤအစီရင်ခံစာသည် လေ့လာမှုပြုရာ နယ်မြေဒေသအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ဆိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များ၏ စုစုပေါင်းအရေအတွက်ကို ရေတွက်ပြရန် ကြိုးစားအားထုတ်ထားခြင်း မဟုတ်ဘဲ၊ ကိန်းဂဏန်းအချက်အလက်များက KHRG ကွင်းဆင်းမှတ်တမ်းတင်ခြင်းတွင် နစ်နာမှု ဖြစ်ရပ်များကိုသာ ဖော်ပြည့္ဘန်ပြခြင်းဖြစ်ပါသည်။ KHRG အစီရင်ခံစာကို စီစဉ်ရာတွင် အဖြစ်အပျက်တစ်ခုချင်းစီအပေါ် အခြေပြုအစီရင်ခံ ခြင်း (သို့) အတည်ပြုနိုင်သော ဖြစ်စဉ်ဖြစ်ရပ်အရေအတွက်ကို ရေတွက်ပြခြင်း ထက် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် ရှုထောင့်အမြင်များကို တင်ပြနိုင်ရန် အဓိကအားဖြင့် ပုံဖော် ထားပါသည်။ ဒေသတွင်းအဖွဲ့ဝင်များအနေဖြင့် ဖြစ်ရပ်များကို တိကျသည့် မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းထားနိုင်မှုမရှိခြင်း၊ ရွာသားများအနေနှင့်လည်း အကြောင်းအရာများကို ရှင်းလင်းစွာ ပြောဆိုနိုင်မှု မရှိသည်များလည်း ရှိတတ်သောကြောင့် ဒေသခံများတင်ပြသော စိုးရိမ်ပူပန်မှုများကိုသာ

အဓိကတင်ပြထားခြင်း ဖြစ်ပါသည်။ အချို့ ကိစ္စရပ်များတွင် ရွာသားများသည် အချိန်၊ နာရီ၊ဒေသ စသည်တို့ကို အတိအကျ ဖော်ပြခြင်းမရှိပဲ အချို့ပြောဆိုချက်များမှာ ကောက်ယူသော သတင်းအချက်အလက်များနှင့် မသက်ဆိုင်ခြင်းများပါဝင်သည်။ ဤအစီရင်ခံစာသည် များစွာသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာကာ စိစစ်အတည်ပြုထားပြီး ဒေသအတွင်းမှ ပြည်သူများ တင်ပြထားသော စိုးရိမ်ပူပန်မှုများနှင့် ရှေ့နောက် ကိုက်ညီမှုကို အလေးပေးသုံးသပ်ကာတင်ပြထားခြင်းဖြစ်သည်။

## အစီရင်ခံစာ ခွဲခြားစိတ်ဖြာသုံးသပ်ပုံ

ဤအစီရင်ခံစာသည် မြန်မာအစိုးရနှင့် KNU အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၀၁၃ နိုဝင်ဘာလအထိ ကာလအတွင်း ကွင်းဆင်းလေ့လာရာမှ ရရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ ရေးသားထားသည်။ ယင်းကာလအတွင်း KHRG လေ့လာသူများအနေဖြင့် နှုတ်ဖြင့်ပြောဆိုသက်သေခံချက် ၁၄၀၄ ခု၊ ဓာတ်ပုံနှင့် အခြားသောမှတ်တမ်း အထောက်အထားများ အပါအဝင် အင်တာဗျူးအသံသွင်းမှတ်တမ်း ၇၂၁ ခု၊ ဖြစ်ရပ်များကို အစီရင်ခံတင်ပြသည့် စာ ၂၂၈ စောင်၊ အခြေအနေ တင်ပြသော အစီရင်ခံစာ ၉၅ ခု ၊ ရွာသားများရေးသားသည့် အခြားမှတ်တမ်း ၁၂၁ စောင်၊ ဒေသတွင်း စုစုပေါင်း ဓာတ်ပုံ ၂၅၉၆၄ ခုမှ ထုတ်ယူရရှိသော ဓာတ်ပုံ နှင့် ဗီဒီယိုမှတ်တမ်း ၁၆၂ စုံ နှင့် အရပ်ဖက်နှင့် စစ်ဖက်အရာရှိများက ထုတ်ပြန်ခဲ့သည့်အမိန့် ကြော်ငြာစာ (၇၇)စောင် စုဆောင်းရရှိခဲ့ပါသည်။ ထိုသတင်းအချက်အလက်များ ရရှိသည့်အခါ KHRG ဝန်ထမ်းများက မှတ်တမ်းမှတ်ရာအထောက်အထား တစ်ခုစီကို ချင့်ချိန်ဆုံးဖြတ်စိစစ်ပြီးနောက် အင်္ဂလိပ် ဘာသာပြန်ဆိုကာ ဌာနေ အင်္ဂလိပ်စကားပြောသူများက ပံ့ပိုးမှုပါဝင်သော ကရင်သတင်းအချက်အလက် စီစစ်ရေးအရာရှိများနှင့် အလုပ်သင်သူများ ပါဝင်သည့်အဖွဲ့က လေ့လာသုံးသပ်မှု ပြုလုပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ တွင် မှတ်တမ်းမှတ်ရာ ၆၀၁ ခုကို ဦးစားပေးအလိုက် ဘာသာပြန်ဆိုပြီးစီးခဲ့ပြီး ဤအစီရင်ခံစာကို စိစစ်ဆုံးဖြတ်ရန် အသင့် ဖြစ်နေပြီဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော KHRG ပြည်တွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ဤအချက်အလက်များကို ဘာသာပြန် အစီရင်ခံစာတင်သည့် ဝန်ထမ်းများမှ အလေးထားပူပန်ရမည့်အကြောင်းအရာများကို အဓိကအမျိုးအစားနှစ်မျိုးခွဲခြားခဲ့ပါသည်။ ပထမ အမျိုးအစားမှာ လွန်ခဲ့သော နှစ် နှစ်ဆယ်လုံးလုံး ပျံ့နှံ့နေခဲ့ပြီး အပစ်အခတ်ရပ်စဲရေးကာလအတွင်း၌လည်း ဆက်လက် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးပုံစံများ ဖြစ်သည်။ ဒုတိယမှာ လက်ရှိအပြောင်းအလဲနှင့် ဆက်စပ်၍ ပေါ်ထွက်လာသော အလေးထားစရာကိစ္စရပ်များဖြစ်သည်။ ထို့နောက် KHRG ဝန်ထမ်းများအနေဖြင့် အဆိုပါအမျိုးအစားများကို သက်ဆိုင်ရာကဏ္ဍအလိုက် ခွဲခြားရန် မှတ်တမ်းမှတ်ရာ ၆၀၁ ခုကို စိစစ်အကဲဖြတ် ခြင်း၊ ပိုင်းခြားခြင်းတို့စတင် လုပ်ဆောင်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် နောက်ပိုင်း ဖြစ်ပွားခဲ့သောဖြစ်ရပ်များ သို့မဟုတ် ဖြစ်ပွားနေဆဲသက်ရောက်မှုများ ပါဝင်ပါသည်။ ဤသို့ ပြန်လည် စီစစ်သော အချက်အလက်များတွင် မှတ်တမ်းမှတ်ရာ ၃၈၈ ခု ပါဝင်ခဲ့ပါသည်။

ထို့နောက် အဆိုပါ မှတ်တမ်း ၃၈၈ ခုကို အမျိုးအစား (၃) ခုအဖြစ် ပြန်လည်ခွဲခြားခဲ့ပါသည်။ ပထမအမျိုးအစားဖြစ်သည့် "ပြောင်းလဲလာသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများနှင့် ဒေသခံတို့၏ တုန့်ပြန်မှု" ခေါင်းစဉ်အောက်တွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ၉-ခု ပါဝင်ပါသည်။ ၎င်းတို့မှာ ပြည်သူလူထုအား တိုက်ခိုက်ခြင်းနှင့် ဥပဒေမဲ့သတ်ဖြတ်ခြင်း (၁၇ ခု) ၊ အဓမ္မဖမ်းဆီးထိန်းသိမ်းထားခြင်း (၉ ခု) ၊ ညင်းပန်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်စော်ကားခြင်း (၂၁ ခု) ၊ အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (၉ ခု) ၊ အဓမ္မအလုပ်ခိုင်းစေခြင်း (၁၀၅ ခု)၊ အဓမ္မတပ်သားသစ် စုဆောင်းခြင်း (၂၀ ခု)၊ လူသတ်မိုင်းနှင့် အခြားမိုင်းထောင်ခြင်းများ (၇၃ ခု) ၊ လွတ်လပ်စွာ လှုပ်ရှားသွားလာမှု(သို့) ကူးသန်းရောင်းဝယ်မှု ကို ကန့်သတ်ခြင်း (၃၆ ခု)၊ အဓမ္မအခွန်ကောက်ခံခြင်းနှင့် ငွေကြေးကောက်ခံခြင်း (၆၈ ခု) တို့ ဖြစ်ပါသည်။

ဒုတိယအမျိုးအစားတွင် "သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု" နှင့် ဆက်နွယ်၍ပေါ်ထွက်လာသော အကြောင်းအရာ (၂) မျိုး ပါဝင်သည်။ ၎င်းတို့မှာ မြေယာသိမ်းဆည်းခြင်း (၉၂ ခု) နှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး နှင့် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ၏ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်သည်။ တတိယအမျိုးအစားမှာ "လုံခြုံစိတ်ချမှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လူမှုရေး ပဋိပက္ခများ" ဆိုင်ရာ အကြောင်းအရာ (၅) မျိုး ပါဝင်သည်။ ၎င်းတို့မှာ ဆက်လက်ဖြစ်ပွားနေသော စစ်အုပ်ချုပ်မှု ပုံစံသွင်းခြင်းနှင့် လုံခြုံစိတ်ချမှု မရှိသောခြေအနေအပေါ်တွင် ရွာသားများ၏ ထင်မြင်ယူဆချက်များ (၁၂၃ ခု)၊ ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများ (၃၂ ခု)၊ ကျန်းမာရေး နှင့် ပညာရေးဆိုင်ရာ ရရှိနိုင်မှု (၆၈ ခု)၊ ဘာသာရေးနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုများ (၁၅ ခု) နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ (၁၇ ခု) ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ဆောင်ရွက်သည့် နောက်တစ်ဖန် စီစစ်လေ့လာနေသည့်ကာလအတွင်း KHRG ဝန်ထမ်းများ အနေဖြင့် အစီရင်ခံစာအကြောင်းအရာများကို ခေါင်းစဉ်အလိုက် စိစစ် အတည်ပြုပြီး ၎င်းတို့ကို သက်ဆိုင်ရာခရိုင် အလိုက် ကောက်နုတ်စုစည်းခဲ့ကြ သည်။ ထို့နောက် KHRG ဝန်ထမ်းများသည် ခရိုင်တစ်ခုချင်းစီအလိုက် ချိုးဖောက်ခံ ရမှုတစ်ခုချင်းအား ပြန်လည်သုံးသပ်မှု ပြုခဲ့ပါသည်။ အဆိုပါသတင်းအချက်အလက်များကို အခန်းတစ်ခန်းချင်းစီ၏အစတွင် ထည့်သွင်းထားသော လူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စများ၏ သဘာဝနှင့်ပထဝီအနေအထားတို့နှင့် စပ်လျဉ်း၍ ကောက်ချက်ဆွဲ တင်ပြနိုင်ရန်အတွက် အသုံးပြုခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လ အကြားတွင် မတရားပြုကျင့် ခံရမှုနှင့် လူ့အခွင့်အရေးဆိုင်ရာအရေးကိစ္စ ၁၆ မျိုးအနက်တစ်မျိုးစီကို ဝန်ထမ်း (၁၀)ဦးမှ အခန်းများခွဲ၍ ရေးသားခဲ့ပါသည်။ ယင်းသို့ရေးသားရာ တွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသောအရေးအသားနှင့် စိစစ်လေ့လာခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။

## ကျွမ်းကျင်သူများ၏ တုံ့ပြန်ချက်

အစီရင်ခံစာ မူကြမ်းနှစ်စောင်ကို ပြန်လည်သုံးသပ်ရန်အတွက် ပြည်တွင်းနှင့်နိုင်ငံတကာမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ သီးခြားအုပ်စုနှစ်စု ထံသို့ ဖြန့်ဝေခဲ့သည်။ ထို့နောက် ဝန်ထမ်းများအနေဖြင့် KHRG ၏သတင်းအချက်အလက်ဖော်ပြချက်များမှ ဒေသတွင်းစိုးရိမ်မှုများ ကိုအခြေခံ၍ ပြန်လည်သုံးသပ်ရန်နှင့် တုံ့ပြန်မှုများကို ပေါင်းစပ်ထည့်သွင်းရန် ရုံးတွင်း အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ ကျွမ်းကျင်သူများကို ရွေးချယ်ရာတွင် အပစ် အခတ်ရပ်စဲရေးဆိုင်ရာ အထွေထွေဗဟုသုတနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် KHRG အစီရင်ခံစာများ ယခင်က ရေးသားခဲ့ဖူးသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။

## အကြံပြုတင်ပြချက်များ

အစီရင်ခံစာ၏ ယေဘုယျအကြံပြုချက်များကို အစတွင်ထည့်သွင်းထားပြီး အခန်းတစ်ခန်းချင်းအဆုံးတွင် လည်း သက်ဆိုင်ရာ အကြောင်းအရာအလိုက် သီးခြားအကြံပြုချက်များကို ထည့်သွင်းထားပါသည်။ အဆိုပါအကြံပြုချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဖာပွန်၊ ဖာအံနှင့် မြိတ်-ထားဝယ် ခရိုင်များမှ KHRG ကွင်းဆင်းလေ့လာသူ ၂၂ ဦး နှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်စဉ် စတင်ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက် KHRG သတင်းအချက်အလက်စိစစ်ရေး နှင့် မူဝါဒ စည်းရုံးလှုံ့ဆော်ရေး ဝန်ထမ်းများ၊ KHRG ၏ ဒါရိုက်တာများ၊ KHRG အကြံပေးဘုတ်အဖွဲ့များနှင့် နောက်ဆက်တွဲအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်စဉ် ပြန်လည်စိစစ်တည်းဖြတ်ခဲ့ပါသည်။ ဖော်ပြပါ ကျွမ်းကျင်သူအဖွဲ့ နှစ်ဖွဲ့စလုံးမှ တုန့်ပြန်ချက်များအပေါ်တွင် အခြေခံ၍ ယင်းအကြံပြုချက်များကို ပိုမိုပြည့်စုံအောင် လုပ်ဆောင်ခဲ့ပါသည်။

## အရင်းအမြစ်နှင့် ကိုးကားမှုများ

ဤအစီရင်ခံစာထဲတွင်ရှိသောသတင်းအချက်အလက်အပိုင်းအစများအားလုံးသည်အစီရင်ခံစာတင်ပြသောကာလအတွင်း ရွာသားများမှ မေးမြန်းခြင်းအပေါ်ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် KHRG ၏ ဒေသခံအဖွဲ့ဝင်များမှ မှတ်တမ်းတင်ခြင်းနှင့် စီစစ်ရေးသားခြင်းများအပေါ်တွင်တိုက်ရိုက် အခြေခံသည်။ ဤသတင်းအချက်အလက်များကို ရှင်းလင်းစွာ သိမြင်နိုင်ရန်နှင့် မှန်မမှန်စစ်ဆေးနိုင်ရန် အလို့ငှာ ဥပမာများ အားလုံးသည် KHRG ၏ ဂက်ဆိုဒ်တွင် မေးမြန်းခြင်းနောက်ဆက်တွဲ (၁) တွင် ရရှိနိုင်ပြီး မှတ်တမ်းမှတ်ရာ (၃၈၈) ခုကို ထည့်သွင်းဖော်ပြထားပါသည်။ အထောက်အထားခိုင်လုံစေရေးအတွက် အစီရင်ခံစာ၏ စာကိုယ်တစ်ခုလုံးတွင် သီးခြား အရင်းအမြစ်များကို အောက်ခြေမှတ်စုများတွင်ရည်ညွှန်းဖော်ပြထားပါသည်။

## လေ့လာသည့်နယ်မြေဒေသ

ပထဝီအနေအထားအရ သတင်းအချက်အလက်များကို ခွဲခြားနိုင်စေရန် KHRG အနေဖြင့် လေ့လာသည့်နယ်မြေ (၇)ခု သတ်မှတ်၍ သတင်းအချက်အလက်များကို စုစည်းခဲ့ပါသည်။ ယင်းနယ်မြေ (၇)ခုမှာ သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ မြိတ်-ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဖားအံတို့ ဖြစ်ပါသည်။ အဆိုပါ လေ့လာသည့် နယ်မြေ (၇)ခုကို "ခရိုင်" များအဖြစ် ရည်ညွှန်း ဖော်ပြထားပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ၎င်းနှင့်ပတ်သက် ဆက်နွယ်မှု ရှိသည့် ကရင်အဖွဲ့အစည်းများရော၊ ဆက်နွယ်မှုမရှိသည့် ကရင်ဒေသခံအဖွဲ့များကပါ "ခရိုင်" ဟု သုံးနှုန်းခေါ်ဆိုကြပါသည်။

KHRG အနေဖြင့် လေ့လာသည့် နယ်မြေဒေသများကို "ခရိုင်" ဟု ရွေးချယ်သတ်မှတ်အသုံးပြုမှုသည် မည်သည့်နိုင်ငံရေးအရ ပေါင်းစည်းဆက်နွယ်မှုကိုမျှ ကိုယ်စားပြုခြင်းမရှိပါ။ အတိအကျဆိုရလျှင် KHRG မှလူတွေ့ မေးမြန်းသော ရွာသားများနှင့် ပူးပေါင်းလုပ်ကိုင်သောဒေသတွင်းအဖွဲ့အစည်းများ အနေဖြင့် အဆိုပါ အသုံးအနှုန်း ကို အများအားဖြင့် သုံးစွဲကြသောကြောင့် KHRG အနေဖြင့် အစဉ်အလာထုံးစံအတိုင်း သုံးစွဲလာပြီး အသားကျနေ၍ ဖြစ်ပါသည်။

ခရိုင် (၇) ခရိုင်သည် မြန်မာအစိုးရသုံးစွဲသည့် မည်သည့်ပိုင်းခြားသတ်မှတ်မှုနှင့်မှ ကိုက်ညီမှုမရှိပါ။ သို့ရာတွင် အစိုးရ သတ်မှတ်ထားသော ပြည်နယ်နှစ်ခုနှင့် တိုင်းဒေသကြီးနှစ်ခု၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် အားလုံးကို လွှမ်းခြုံနိုင်ပါသည်။ တောင်ငူခရိုင်တွင် ကရင်ပြည်နယ်၏ အနောက်မြောက်ဒေသတစ်ခုလုံးနှင့် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ဘက် အစိတ်အပိုင်းအနည်းငယ်ပါဝင်ပြီး ညောင်လေးပင်ခရိုင်သည် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ဘက်ကို အဓိကလွှမ်းခြုံ ထားပြီး၊ ဖာပွန်၊ ဖားအံနှင့် ဒူးပလာယာခရိုင်များသည် ကရင်ပြည်နယ်၏ မြောက်ဖက်၊ အလယ်ဗဟိုနှင့် တောင်ဘက်များ အသီးသီးဖြစ်ပါသည်။ သထုံခရိုင်သည် မွန်ပြည်နယ်မြောက်ပိုင်းဖြစ်ပြီး မြိတ်-ထားဝယ် ခရိုင်သည် တနင်္သာရီတိုင်းဒေသကြီးဖြစ်ပါ သည်။

ဒေသဆိုင်ရာ ကရင်ခရိုင်သတ်မှတ်ချက်ကို အသုံးပြုသူများရော၊ အဆိုပါဒေသများအတွက် မြန်မာအစိုးရသတ်မှတ်ချက် များနှင့် အကျွမ်းတဝင်ရှိသူများပါ ဤအစီရင်ခံစာ သတင်းအချက်အလက်များကို နားလည်စေနိုင်ရေးအတွက် မြန်မာ အစိုးရသုံးစွဲသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် ဤအစီရင်ခံစာတွင် သုံးသောလေ့လာသည့် နယ်မြေ သို့မဟုတ် ခရိုင် (၇) ခုတို့ကို မြေပုံ (၁) နှင့် မြေပုံ (၂) တို့ထဲတွင် ထည့်သွင်းဖော်ပြထားပါသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဒေသခံကရင်လူထု အခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့်KHRGတို့မှနေရာဒေသ/ကျေးရွာနာမည်များကိုတသမတ်တည်းစာလုံးပေါင်းနိုင်စေရန်ကရင်ဘာသာစကားအကွာရာ ဖလှယ်သည့်စနစ် ကိုဖော်ထုတ်ခဲ့ကြပြီး [31] KHRG အနေဖြင့် ကရင်ကျေးရွာနာမည်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားရာတွင် ထို စနစ်၊ မူ ကို အသုံးပြုပါသည်။

[31] ယင်းအသံဖလှယ်မှုစနစ်သည်KHRGအသုံးပြုသောယခင်စနစ်များနှင့်မတူသောကြောင့် နေရာဒေသဆိုင်ရာစာလုံးပေါင်းများမတူကြောင်း သတိပြုပါ။

## အမည်များ၊ နေရာဒေသများနှင့် အခြားအသေးစိတ်အချက်အလက်များကို ဆင်ဆာဖြတ်တောက် စိစစ်ခြင်း

KHRG အနေဖြင့် သတင်းအချက်အလက်များကို ဖော်ပြရာတွင် ရွာသားများအပေါ် အသက်အန္တရာယ်ကျရောက်စေနိုင်သည်ဟု ယူဆပါက သတင်းပေးပို့သော ရွာသား၏အမည်နှင့် ရွာအမည်များကို ဆင်ဆာဖြတ်တောက်ထားပါသည်။ မူလအမည်မှန်ကို ချန်လှပ်ပြီး ဦး.......၊ ဒေါ်..... သို့မဟုတ် က.........ရွာ၊ ခ........ရွာဟု ဖော်ပြထားသည်။ ဆင်ဆာ ဖြတ်တောက်ထားပြီးဖြစ်သည့် လျှို့ဝှက်သင်္ကေတအမည်များသည် သက်ဆိုင်ရာဘာသာစကားအလိုက် ရှိနေသော တကယ့်အမည်နာမများနှင့် မသက်ဆိုင်ပါ။ ဤစနစ်ကို အသုံးပြု၍ ဆင်ဆာစိစစ်ဖြတ်တောက်ထား သော အမည်နာမများနှင့် နေရာဒေသ အပြည့်အစုံအားလုံးကို KHRG အနေဖြင့်မူရင်းအစီရင်ခံစာများ ဖိုင်တွဲများအားလုံးကို သိမ်းဆည်းထားပါသည်။ သို့ဖြစ်၍ ဆင်ဆာစိစစ် ဖြတ်တောက်ခြင်းကို သတင်းအချက်အလက် တင်ပြရန် ပျက်ကွက်ခြင်းဟု အဓိပ္ပာယ်မကောက်ယူသင့်ပါ။ ဖြစ်ရပ်အများအပြားရှိ အသေးစိတ်အချက်အလက်များကိုလည်း ရွာသားများနှင့် KHRG လေ့လာသူများ၏ လုံခြုံရေးအတွက် ထိန်ချန်ထားပါသည်။ ရွာသားများ ပြောသောအမည် များကို ကရင်ဘာသာမှတိုက်ရိုက် ပြန်ဆိုထားသောကြောင့် ကရင်ဓလေ့ အတိုင်း စောဖြူ အမေ၊ စောမဲ အဖေ စသည်ဖြင့်ဖော်ပြထားပါသည်။ ထိုနည်းတူ ဦးလေး၊ အဒေါ် စသည့် အသုံးအနှုန်းကို ထည့်သွင်းဖော်ပြထားသော်လည်း ဓလေ့ထုံးစံအရ ခေါ်ဆိုခြင်း ဖြစ်ပြီး ဆွေမျိုးတော်စပ်သည်ဟု မယူဆနိုင်ပေ။

## လေ့လာမှုပြုလုပ်ရန် လွတ်လပ်မှု၊ အတားအဆီး နှင့် ဘက်လိုက်ရွေးချယ်မှုများ

KHRG သည် တပ်မတော်၊ တပ်မတော်နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ထားရာနေရာများတွင် KHRG အနေဖြင့် မကြာခဏ လုပ်ငန်းဆောင်ရွက်ခဲ့ရသော်လည်း လွတ်လပ်စွာ ရပ်တည်ပြီး မည်သည့်အဖွဲ့အစည်းနှင့် မျှပတ်သက်ဆက်နွယ်ခြင်း မရှိပါ။ အထောက်အထားမှတ်တမ်းမှတ်ရာများ ရယူရန် တပ်မတော်စစ်စခန်းများအနီး ဖြတ်သန်းသွားလာရခြင်းနှင့် မိုင်းထောင်ထားသည့် ဧရိယာများကို ဖြတ်သန်းသွားလာခြင်းတို့နှင့် ကြုံတွေ့ရလျှင်သာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ လွယ်ကူချောမွေ့ အောင် ပံ့ပိုးကူညီပေးခဲ့ပါသည်။ အခြားလက်နက်ကိုင် အုပ်စုများအနေဖြင့် KHRG ၏ လေ့လာမှုလုပ်ငန်းအဆင်ပြေချောမွေ့အောင် အကူအညီမပေးလိုကြပါ။ အစီရင်ခံစာအတွက် ကွင်းပိုင်းလေ့လာမှု လုပ်ဆောင်စဥ်ကာလအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တွင် လုံခြုံစိတ်ချစွာ လေ့လာမှုပြုနိုင်ရေးအတွက် အဓိကအနှောင့်အယှက် အဟန့်အတားများမှာ တပ်မတော်၊ တပ်မတော် နယ်ခြားစောင့်တပ် (BGF) နှင့် ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA) တပ်ဖွဲ့များ ဖြစ်ကြသည်။ လူ့အခွင့် အရေးချိုးဖောက်ခံခဲ့မှုများကို သက်သေအထောက်အထားများ တင်ပြခဲ့သော ဒေသခံပြည်သူများအနေဖြင့် အဆိုပါ ပြစ်မှုကျူးလွန်ခဲ့သူများက ၎င်းတို့၏တင်ပြမှုများကို သိရှိခဲ့လျှင် ဖမ်းဆီးခံရခြင်း သို့မဟုတ် သတ်ဖြတ်ခံရခြင်းတို့ ကြုံတွေ့နိုင် ကြောင်း သိရှိနားလည်သော်လည်း သက်သေအထောက်အထားများကို တင်ပြခဲ့ကြပါသည်။

အထက်တွင် ဖော်ပြခဲ့သော အဟန့်အတားများကြောင့် ဒေသခံတွင်း အဖွဲ့ဝင်များအနေဖြင့် အရပ်သားများကို လူတွေ့မေးမြန်းရာ တွင် နှုတ်ဖြင့်ထွက်ဆိုချက်များကိုသာ ရရှိနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အပေါ် အန္တရာယ်ပြုနိုင်သော ကြောင့် အာဏာပိုင်များနှင့် ပတ်သက်သော အထောက်အထားများကို တင်ပြလိုခြင်းမရှိပေ။ မတရားမှုကျူးလွန်သော အာဏာပိုင်များ အား သူတို့အားခြိမ်းခြောက်မှုများပြုလုပ်မည်ကိုမှတ်ယူပြီး ထွက်ပြေးနေသော၊ ဒေသတွင်း ပုန်းလျှိုးကွယ်လျှိုး နေနေရသောနေရာများတွင်မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် အခက်အခဲအတားအဆီး မရှိပေ။ သို့သော် လုံခြုံရေးအတွက် ထည့်သွင်းစဥ်းစားရသော နေရာများတွင်လည်း လူတွေ့မေးမြန်းခြင်းများကို လွတ်လပ်ပွင့်လင်းစွာ မဆောင်ရွက်နိုင်ပေ။ ဒေသခံပြည်သူများအကြားတွင်လည်း အချို့မှာတပ်မတော်နှင့် ပတ်သက်၍ အပြုသဘောအမြင်များကို တင်ပြချင်ကြပြီး အစိုးရနှင့် ပဋိပက္ခဖြစ်ပွားနေသော

လက်နက်ကိုင်အုပ်စုများကို ဂေဖန်ဆန်းစစ်သည့်အမြင်များရှိသောကြောင့် KHRG နှင့် လက်တွဲဆောင်ရွက်သော ရွာသားများမှာ လုံခြုံရေးအတွက် စိုးရိမ်ထိခိုက်စေနိုင်သော သဘောကိုလည်း ဖော်ပြကြပါသည်။

အထက်ပါ ကန့်သတ် ချက်များကြောင့် KHRG အနေဖြင့် အစိုးရ၏ အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ချက်များနှင့် အတိုက်အခံတိုင်းရင်းသား လက်နက်ကိုင်များ၏ လုပ်ဆောင်ချက်များတို့နှင့် ပတ်သက်သည့် ရှုထောင့်အမြင်များကို သုံးသပ်ရာတွင် အပြည့်အဝ မသိရှိနိုင်ကြောင်းကို အသိမှတ်ပြုလက်ခံပေးရန် အရေးကြီးပါသည်။ သို့ဖြစ်၍ လေ့လာမှုမပြုနိုင် သောနေရာများရှိ အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်မှုများအပါအဝင် အထောက်အထားအချက်အလက်များ မရရှိဘဲ ဤအစီရင်ခံစာ တွင် ဂေဖန်သုံးသပ်ခြင်းမပြုခဲ့ပေ။ အစီရင်ခံစာအနေဖြင့် ရွာသားများ ၏ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများနှင့် ပတ်သက်၍ စိုးရိမ်သောကဖြစ်စေသောအကြောင်းအရာများကို တင်ပြပေးခြင်းနှင့် အဆိုပါအတွေ့အကြုံများအား KHRG မှ ယခင်ရရှိထားခဲ့သောသတင်းများ နှင့် နှိုင်းယှဉ် ခွဲခြားသုံးသပ်မှု ပြုခြင်းကိုသာ အလေးထားလုပ်ဆောင်ထားပါသည်။

အဆိုပါလေ့လာမှုဆိုင်ရာ အကန့်အသတ်ရှိမှုများကြောင့် တပ်မတော်နှင့် အခြားအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများနှင့် ပတ်သက်သည့် အထောက်အထားမှန်ကန်မှု၊ သုံးသပ်မှုအပေါ်တွင် မှန်ကန်ရန် ခဲယဉ်းမည်ဟု မယူဆရန်မှာလည်း အရေးကြီးသော အချက်ဖြစ်ပါသည်။ KHRG မှ အင်တာဗျူးလုပ်သော ပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့နှင့် နီးစပ်သူများအပေါ် ဘက်လိုက်ကာ ချဲ့ကားပြောဆိုမှုများရှိနိုင်ပါသည်။ သို့သော် KHRG အနေဖြင့်အထက်တွင် ဖော်ပြခဲ့ သော စိစစ်အတည်ပြုခြင်းနည်းလမ်းများဖြင့် မှန် ကန်မှုရှိ၊ မရှိ စစ်ဆေးသုံးသပ်ပါသည်။ ထို့အပြင် လွန်ခဲ့သော နှစ် ၂၀ကျော်နှင့် အစီရင်ခံစာရေးသားနေချိန်အတွင်း စုဆောင်းခဲ့သော သတင်းအချက်အလက်များအပေါ် မူတည်သုံးသပ်ပြီး ရရှိသော သတင်းများ မှန်ကန်မှု ရှိ၊ မရှိ နှင့် မတိကျမှုများကို လျော့နည်းစေပါသည်။ အဆုံးသတ်အနေဖြင့် KHRG ရင်ဆိုင်ရသော အကန့်အသတ် အတားအဆီးများကြောင့် စုဆောင်းထားသော အချက်အလက်များထဲတွင် အကြောင်းအရာများနှင့် ဆိုင်သောမေးခွန်းများကိုဖြေကြားမှု မရှိခြင်းနှင့် ယင်းမေးခွန်းများအတွက် နောက်ထပ်လေ့လာမှုများ ဆက်လက် လုပ်ဆောင်ရန် လိုအပ်ခြင်း ဖြစ်ပါသည်။

# ၂။ ပြောင်းလဲလာသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံများ၏ ပြန်လည်တုန့်ပြန်မှုများ

## (က) အရပ်သားများအပေါ် တိုက်ခိုက်ခြင်းနှင့် တရားဥပဒေမဲ့သတ်ဖြတ်ခြင်း

**အရပ်သားများအပေါ် တိုက်ခိုက်ခြင်း**

ထုံးစံဥပဒေတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာလူသားဆန်မှုဥပဒေ (IHL) အရ နိုင်ငံချင်းဖြစ်သည့်စစ်ဖြစ်စေ၊ နိုင်ငံချင်းမဟုတ်သည့်စစ် ဖြစ်စေ ပါဝင်တိုက်ခိုက်သည့်အဖွဲ့များအနေဖြင့် ခွဲခြားမှုစည်းမျဉ်း ကိုလိုက်နာရန် လိုအပ်သည်။ ယင်းမှာ စစ်ပြင်သည့် ကာလမှာရော၊ စစ်ဆင်သည့်ကာလမှာပါ မည့်သည့်အချိန်မဆို အရပ်သားနှင့် စစ်သားများအကြား၊ အရပ်သားပိုင်အရာဝတ္ထုများနှင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်အကြား ခွဲခြားထားရန်ဖြစ်သည်။ [32] ထို့ကြောင့် ထုံးစံဥပဒေဖြစ်သည့် IHL သည် ပဋိပက္ခတွင်ပါဝင်နေသူများအား အရပ်သားများနှင့် အရပ်ဘက်အရာဝတ္ထုများကို တမင်တကာ ချိန်ရွယ် တိုက်ခိုက်ခြင်းကို တားမြစ်သည်။ [33] ခွဲခြားမှုစည်းမျဉ်းမှ ဆင်းသက်လာသော ထုံးစံဥပဒေ IHL ၏ နောက်ထပ် စည်းကမ်းချက်များအရလည်း စစ်ဘက်ပစ်မှတ်များကို သတ်သတ်မှတ်မှတ်ထားပြီး ဦးတည်မတိုက်ခိုက် နိုင်သဖြင့် မဆင်မခြင် ခွဲခြားမှုမရှိ သဘောသက်ရောက်သော တိုက်ခိုက်မှုများ [34] ကိုသော်လည်းကောင်း၊ အရပ်သူအရပ်သားများ ကြောက်လန့် တကြားဖြစ်အောင် ရည်ရွယ်သည့်အပြုအမူ သို့မဟုတ် အကြမ်းဖက် ခြိမ်းခြောက်မှုများကိုသော်လည်းကောင်း တားမြစ်သည်။[35]

၂၀၁၂ ခုနှစ်မတိုင်မီ နှစ် ၂၀ ကာလတစ်လျှောက်လုံး သုတေသနပြုလုပ်မှုတွင်ပါဝင်သည့် ဒေသခုနစ်ခုစလုံး၌ အရပ်သားနှင့် စစ်သားအကြား ခွဲခြားမှုစည်းမျဉ်းကိုချိုးဖောက်သည့် တိုက်ခိုက်မှုများကို KHRG သည် ပုံမှန် မှတ်တမ်းတင်ခဲ့ရာ အရပ်သားများနှင့်အရပ်သားအရာဝတ္ထုများကို တမင်တကာပစ်ခတ်ခံခဲ့ရသည့်ဖြစ်ရပ်များ [36] နှင့်

---

[32] ICRC Customary IHL Database *စည်းကမ်းချက် ၁၊ အရပ်သားနှင့် စစ်သားများအကြား ခွဲခြားမှုစည်းမျဉ်း၊* "ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့်အဖွဲ့များသည် အရပ်သားနှင့်စစ်သားကို အမြဲခွဲခြားရမည်။ စစ်သားများကိုသာ ဦးတည်တိုက်ခိုက်နိုင်သည်။ အရပ်သား များကို ဦးတည်ပစ်မှတ်ထား မတိုက်ခိုက်ရ။" စည်းကမ်းချက် ၇၊ အရပ်သားအရာဝတ္ထုနှင့် စစ်ဘက်ပစ်မှတ်အကြား ခွဲခြားမှုစည်းမျဉ်း၊ "ပဋိပက္ခတွင်ပါဝင်နေသည့်အဖွဲ့များသည် အရပ်ဘက်အရာဝတ္ထုများနှင့် စစ်ဘက်ပစ်မှတ်တို့ကို အမြဲခွဲခြားထားရမည်။ စစ်ဘက်ပစ်မှတ်များကို သာ ဦးတည်တိုက်ခိုက်နိုင်သည်။ အရပ်ဘက်အရာဝတ္ထုများအား ဦးတည်မတိုက်ခိုက်ရ။"

[33] ICRC Customary IHL Database *စည်းကမ်းချက် ၈၊ စစ်ဘက်ပစ်မှတ်အဓိပ္ပာယ်သတ်မှတ်ချက်၊* "...စစ်ဘက်ပစ်မှတ်များ ဆိုသည်မှာ သဘောသဘာဝအရဖြစ်စေ၊ တည်နေရာ၊ ရည်ရွယ်ချက် သို့တည်းမဟုတ် အသုံးပြုမှုအရဖြစ်စေ စစ်ရေးကိစ္စများတွင် ထိရောက်စွာ ပံ့ပိုးပေးနေသည့်အရာဝတ္ထုများဖြစ်ပြီး အဆိုပါအချိန်ကာလရှိ အခြေအနေအရပ်ရပ်၏အောက်တွင် ၎င်းတို့၏အစိတ်အပိုင်း သို့မဟုတ် တစ်ခုလုံးပျက်စီးခြင်း၊ သိမ်းပိုက်ရမိခြင်း သို့မဟုတ် အသုံးမပြုနိုင်အောင်ပြုလုပ်လိုက်နိုင်ခြင်းတို့သည် လုံးဝသေချာပေါက် စစ်ရေးအရအသာရမှုကို ဖြစ်စေနိုင်သည့်အရာဝတ္ထုများကိုသာဆိုလိုသည်။" စည်းကမ်းချက် ၉၊ အရပ်သားအရာဝတ္ထု အဓိပ္ပာယ်ဖွင့်ဆို ချက်၊ "အရပ်သားအရာဝတ္ထုများဆိုသည်မှာ စစ်ဘက်ပစ်မှတ်မဟုတ်သည့်အရာဝတ္ထုများဖြစ်သည်။"

[34] ICRC Customary IHL Database *စည်းကမ်းချက်-၁၁ မဆင်မခြင်ခွဲခြားမှုမရှိတိုက်ခိုက်မှု။ စည်းကမ်းချက်-၁၂၊ မဆင်မခြင်ခွဲခြားမှုမရှိတိုက်ခိုက်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်၊* "မဆင်မခြင်တိုက်ခိုက်မှုဆိုသည်မှာ (က) စစ်ဘက်ပစ်မှတ်များကို တိတိကျကျချိန်ရွယ်တိုက်ခိုက်မှုမဟုတ်သည့် တိုက်ခိုက်မှု၊ (ခ) တိကျသည့်စစ်ဘက်ပစ်မှတ်ကို ချိန်ရွယ်၍မရနိုင်သည့် ချေမှုန်းသည့်နည်းလမ်းကိုအသုံးချသည့် တိုက်ခိုက်မှု၊ သို့မဟုတ် (ဂ) အပြည်ပြည်ဆိုင်ရာလူသားဆန်မှုဥပဒေတွင်ပါသည့် ပျက်စီးမှုပမာဏ ပြင်းထန်သည့် ချေမှုန်းရေးနည်းလမ်းများကိုအသုံးပြုတိုက်ခိုက်မှုများနှင့် ဖြစ်ရပ်တစ်ခုချင်းစီ၌ နောက်ဆက်တွဲအားဖြင့် စစ်ဘက်ပစ်မှတ်နှင့် အရပ်သားများ သို့တည်းမဟုတ် အရပ်ဘက်အရာဝတ္ထုများအကြား ခွဲခြားထားမှုမရှိဘဲ ထိုးစစ်ဆင်လိုသည့် သဘောရှိသော တိုက်ခိုက်မှု များ ဖြစ်သည်။"

[35] ICRC Customary IHL Database *စည်းကမ်းချက် ၂၊* "အရပ်သူအရပ်သားများအကြား ကြောက်ရွံ့တုန်လှုပ်မှုပြန့်ပွားအောင် အဓိက ဦးတည်ရည်ရွယ်သည့် အပြုအမူများ သို့မဟုတ် အကြမ်းဖက်မည်ဟုခြိမ်းခြောက်မှုများကို တားမြစ်ထားသည်။"

[36] နမူနာအနေဖြင့်, "Attacks on cardamom plantations, detention and forced labour in Toungoo District," KHRG, May 2010; "Attacks and displacement in Nyaunglebin District," KHRG, April 2010; "Attacks, killings and the food crisis in Papun District," KHRG, February 2009; "Mortar attacks, landmines and the destruction of schools in Papun District," KHRG, August 2008 တို့တွင်ကြည့်ပါ။

မဆင်မခြင်စစ်ဆင်မှု၏ ရလဒ်တစ်ခုအဖြစ် အရပ်သားများနှင့်အရပ်သားအရာဝတ္ထုများတိုက်ခိုက်ခံရမှုများလည်း အပါအဝင် ဖြစ်သည်။ [37]

**၁။ အရပ်သားများ သို့မဟုတ် အရပ်သား၏ အရာဝတ္ထုများကို တမင်တကာ ရှိန်ရွယ်ပစ်ခတ်ခြင်း**

ပဋိပက္ခကာလအတွင်း လက်နက်ကြီးဖြင့်ပစ်၍ဖြစ်စေ၊ မြေပြင်ထိုးစစ်ဆင်မှုပြု၍ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့်ဖြစ်စေ အရပ်သားများ သို့မဟုတ် အရပ်သားအရာဝတ္ထုများအပေါ် အသိသာဆုံး တမင်တကာရည်ရွယ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAG) များအကြား တိုက်ပွဲဖြစ်ပွားသည့် နေရာများ၊ သပ်သပ်စီဖြစ်နေသောနေရာများတွင် တရားဝင်ပစ်ခွင့်ရှိ စစ်ဘက်ပစ်မှတ်များရှိရာနှင့်သော်လည်းကောင်း မကြာမဏဆိုသလို လတ်တလော တိုက်ပွဲဖြစ်မှုမရှိသည့်ကာလ၊ သို့မဟုတ် အနီးအနားတွင် တိုက်ပွဲဖြစ်ပွားမှုမရှိသည့်ကာလတို့တွင်လည်း ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်များ၌ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ယခင်ကတိုက်ပွဲမဖြစ်ပွားဖူးခဲ့သည့် နေရာဒေသနှင့်သပ်သပ်စီဖြစ်နေသည့် ကျေးရွာများကိုပါ အဝေးမှ လက်နက်ကြီးများဖြင့်ပစ်ခတ်ပြီး တပ်မတော်တပ်ရင်းတပ်ဖွဲ့များအချင်းချင်းညှိကာ ပစ်ကွင်းသတ်မှတ်နေရာများ ကို စစ်ဆင်ကြသည်။ ထို့နောက်တွင် တပ်မတော်စစ်သားများသည် တစ်ခါတစ်ရံ အဆိုပါကျေးရွာသို့ ခြေကျင် ရောက်လာကြပြီး နေအိမ်များ၊ ဝတ်ပြုကိုးကွယ်ရာနေရာများ၊ စိုက်ပျိုးဆဲသီးပင်စားပင်များ၊ အိမ်မွေးတိရစ္ဆာန်များ၊ ချက်ပြုတ်ရာတွင် သုံးသည့်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ စားစရာများကို ပြုပြင်သည့် သို့မဟုတ် သိုလှောင်သည့် ကိရိယာများနှင့် ရိက္ခာများစသည့် အရပ်သားပိုင်အရာဝတ္ထုများကို ဖျက်ဆီးကြသည်။[38]

**"အမည်းရောင်နယ်မြေများ"နှင့် "လူတွေ့လျှင်ပစ်"စနစ်ကျင့်သုံးမှု**

"လူတွေ့လျှင်ပစ်"အသုံးအနှုန်း မှာ တပ်မတော်တပ်သားများက အရပ်သားများ၊ ရွာသူရွာသားများ၊ ရိက္ခာပစ္စည်းများနှင့် မရှိမဖြစ်သုံးအရပ်သားပိုင်ပစ္စည်းများအပေါ် တရားဝင်ပစ်ခွင့်ရှိသည့် စစ်ဘက်ပစ်မှတ်များအဖြစ် သဘောထားသည့် အလေ့အထကို ဆိုလိုခြင်းဖြစ်ပြီး IHL ကိုချိုးဖောက်မှုဖြစ်သည်။ ယင်းသို့သောတိုက်ခိုက်မှုပုံစံများမှာ EAG များအား အကူအညီပေး နေသည်ဟု ယူဆခံရသည့်အရပ်သူအရပ်သားထဲမှတချို့ကို ရည်ရွယ်ကျူးလွန်သည့် ပုံစံမျိုးတွေ့ရပြီး၊ တစ်ခါတစ်ရံတွင်မူ EAG များနှင့်လတ်တလောဖြစ်ခဲ့သည့် အပြန်အလှန်ပစ်ခတ်မှုများအတွက် လက်တုံ့ပြန်မှုအနေဖြင့် လုပ်ဆောင်ခြင်းမျိုးဖြစ်ပြီး၊ ဆယ်စုနှစ်နှင့်ချီထိုးစစ်ဆင်ကာ တပ်မတော်ကကြိုးစားနေသည့် ထိန်းချုပ်ရန် ခက်ခဲသည့် တောင်ပေါ်ဒေသများ၌နေထိုင်သည့် ရပ်ရွာအသိုက်အဝန်းများ လူဦးရေနည်းပါးရန် သာမက လက်တုံ့ပြန်မှုအနေဖြင့် လုပ်ဆောင်ခြင်းမျိုးလည်း ဖြစ်သည်။ တပ်မတော်မှ "အမည်းရောင်နယ်မြေများ" ဟု ရည်ညွှန်းခေါ်ဝေါ်သည့် အဆိုပါနယ်မြေများမှာ [39] များသော အားဖြင့် တပ်မတော်က အရပ်သားများအား အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းပြီးဖြစ်သောနေရာများ သို့မဟုတ် ၎င်းတို့အနေဖြင့် နယ်မြေ ထိန်းချုပ်နိုင်မှု

---

[37] နမူနာအနေဖြင့် "Tatmadaw soldiers shell village, attack church and civilian property in Toungoo District," KHRG, November 2011; Displacement Monitoring Update No. 40: "KHRG Photos document examples of damage to property caused by shelling in Waw Lay village," KHRG, January 2011; "SPDC mortar attack on school in Papun District," KHRG, February 2010; "Update on SPDC/DKBA attacks at Ler Per Her and new refugees in Thailand," KHRG, June 2009 တို့တွင်ကြည့်ပါ။

[38] ၂၀၁၁ ခုနှစ်အတွင်း အရပ်သားအရာဝတ္ထုများကိုတိုက်ခိုက်ဖျက်ဆီးမှုနှင့်ပတ်သက်ပြီး အသေးစိတ်သိလိုပါက "Tatmadaw attacks destroy civilian property and displace villages in northern Papun District," KHRG, April 2011 တွင်ကြည့်ပါ။ ထို့ပြင် "Tatmadaw soldiers shell village, attack church and civilian property in Toungoo District," KHRG, November 2011 တွင်လည်းကြည့်ပါ။

[39] တပ်မတော်၏တန်ပြန်ပုန်ကန်မှုသဘောတရားအရ တိုင်းရင်းသားလက်နက်ကိုင် (EAG)များစစ်ရေးလှုပ်ရှားမှုအတိုင်းအဆကိုလိုက်ပြီး နယ်မြေဒေသကို အမည်း၊ အညိုနှင့် အဖြူရောင်ဟူ၍ရှုမြင်သည်။ အမည်းရောင်နယ်မြေဆိုသည်မှာ လက်နက်ကိုင်ပုန်ကန်သူများ ထိန်းချုပ်ထားပြီး တပ်မတော်က စစ်ရေးလှုပ်ရှားမှုလုပ်သည့်နယ်မြေ၊ အညိုရောင်နယ်မြေဆိုသည်မှာ တပ်မတော်က ထိန်းချုပ်ထား ပြီး လက်နက်ကိုင်ပုန်ကန်သူများ စစ်ရေးလှုပ်ရှားသည့်နယ်မြေ၊ အဖြူရောင်နယ်မြေဆိုသည်မှာ (EAG) များကို မရှိ၊ ရှင်းသည့် နယ်မြေဒေသ ကိုခေါ်သည်။ Maung Aung Myoe, Neither Friend Nor Foe: Myanmar's Relations with Thailand since 1988, Singapore: Institute of Defence and Strategic Studies Nanyang Technological University, 2002, p. 71 တွင် ကြည့်ပါ။ အမည်းရောင်နယ်မြေအဖြစ်သတ်မှတ်ထားသည့် ဒေသများအား တိုက်ခိုက်မှုများအပေါ် KHRG ၏မှတ်တမ်းမှတ်ရာများကို သိလိုပါက "Toungoo Interview: Saw F---, October 2011," KHRG, November 2011 တွင်ကြည့်ပါ။; "Attacks killings and the food crisis in Papun District," KHRG February 2009; "Interview from the Irrawaddy Delta," KHRG, July 1996 တွင် လည်း ကြည့်ပါ။

အနည်းငယ်သာရှိသော နယ်မြေများဖြစ်သည်။လူတွေလျှင်ပစ်စနစ်ကျင့်သုံးမှုကြောင့် တပ်မတော်စစ်သားများသည် မိမိပစ်ခတ်လိုက်သူမှာ အရပ်သားလား၊ စစ်သားလား ခွဲခြားမသိနိုင်အောင်ဖြစ်စေသည်။ ဖြစ်ရပ်အချို့တွင် စစ်သားမဟုတ်ကြောင်းသိသာထင်ရှားသည့်သူများ - ဥပမာ ကလေးချီထားသည့်အမျိုးသမီးများ သို့မဟုတ် လယ်ယာလုပ်ငန်းခွင်တွင်လုပ်ကိုင်နေသည့်အရပ်သားများ - စသူတို့ကိုပင် ပစ်ခတ်ခဲ့ဖူးသည်။[40]
အထူးသဖြင့် ၁၉၉၇ ခုနှစ်နှင့် ၂၀၀၅-၂၀၀၈ ကာလ ထိုးစစ်ဆင်မှုများအတွင်း အစိုးရတပ်များက အရပ်သားများအပေါ် တိုက်ခိုက်မှုများကို KHRG ဒေသခံအဖွဲ့ဝင်များက မှတ်တမ်းတင်ထားခဲ့သည်။[41] ယင်းသို့တိုက်ခိုက်မှုများမှာ ၂၀၁၁ ခုနှစ်ထဲတွင် ဆက်လက်ပေါ်ပေါက်နေခဲ့သေးသည်။ အဆိုပါတိုက်ခိုက်မှုများတွင် တပ်မတော်မှ အခိုင်အမာ သို့မဟုတ် အခြေတကျ မထိန်းချုပ်နိုင်သည့် နယ်မြေဒေသများရှိ အရပ်သားများ၊ အရပ်သားတို့နေထိုင်ရာနေရာများနှင့် ၎င်းတို့၏ စားနပ်ရိက္ခာ ရင်းမြစ်များကို တမင် ပစ်မှတ်ထားမှုများပါဝင်သည်။[42]

## ၂၀၁၂ ခုနှစ်မှစ၍ တမင်ရည်ရွယ် တိုက်ခိုက်မှုများ

KNU နှင့် မြန်မာအစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများကြောင့် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ အရပ်သားတို့အခြေချရာ သို့မဟုတ် အဆောက်အဦးများကိုပစ်မှတ်ထားသည့် စနစ်တကျစစ်ဆင်မှုများကို KHRG အနေဖြင့် တွေ့ရှိမှု မှတ်တမ်းမတင်ရသေးပါ။
သို့သော် အပစ်ရပ်ထားသည့်ကာလအတွင်း အရပ်သားများအပေါ် တမင်ရည်ရွယ်တိုက်ခိုက်မှု သီးခြားဖြစ်ရပ်သုံးခုကို KHRG ကမှတ်တမ်းတင်ခဲ့သည်။ ဖြစ်ရပ်သုံးခုစလုံးမှာ အပစ်ရပ်သည့်အချိန်မှစပြီး တပ်မတော်မှ ၎င်း၏တပ်များဖြန့်ကျက်မှုကို အားကောင်းအောင်လုပ်နေသည့်နယ်မြေများအတွင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း KHRG မှ မှတ်တမ်းတင်ခဲ့သည့် "လူတွေ့လျှင်ပစ်" တိုက်ခိုက်မှု ပုံစံများတွင်ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုကူညီသည်ဟု ယူဆခံရသည့် ရပ်ရွာအသိုင်းအဝိုင်းများအပေါ် ကျူးလွန်ပုံရသည့် တိုက်ခိုက်မှုများ၏အစိတ်အပိုင်းဖြစ်သည်။[43]
၂၀၁၂ ခုနှစ် ဖွန်လ ၁၃ ရက်နေ့တွင် တပ်မတော်စစ်သားများသည် တောင်ကုန်းတစ်ခုပေါ်၌ မှီခိုရာနေသည့် IDP (ခေါ်) နေရပ်စွန့်ခွာ ထွက်ပြေးနေသူ ၁၀ ဦးပါအဖွဲ့တစ်ဖွဲ့ကိုချိန်ရွယ်ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုဖြစ်ချိန်တွင် ရှိနေသည့်ရွာသားနှစ်ဦးကို KHRG ကတွေ့ဆုံစကားပြောခဲ့ရာ ၎င်းတို့က တပ်မတော် စစ်သားများသည် အပစ်ရပ်စဲသည့်နောက်ပိုင်း ဖာပွန်ခရိုင် ဘူသိုမြို့နယ်ရှိ အဆိုပါနယ်မြေကို ယခုမှစတင် ကင်းလှည့်ခြင်း ဖြစ်သည်ဟု ရှင်းပြသည်။ သေဆုံးသွားသည့်အမျိုးသားအပါအဝင် ထိုစဉ်ကရှိနေသည့် အမျိုးသားများရော အမျိုးသမီးများပါ အရပ်ဝတ်များဝတ်ဆင်ထားပြီး အထင်းသားမြင်နိုင်သည်ဟုလည်း အဆိုပါရွာသားများကရှင်းပြသည်။[44]

> "ဗမာ (တပ်မတော်) တွေက ဒီပစ်ခတ်မှုဖြစ်သွားတဲ့နေရာကို အပစ်အခတ်မရပ်ခင်တုန်းကဆိုရင် တစ်ခါမှ လာဖူးတာ မဟုတ်ဘူး။ အပစ်ရပ်ပြီးတဲ့နောက်မှ သူတို့ကိုနေရာအတော်များများမှာ တွေ့လာရတာပဲ။ သူတို့က ကျွန်တော်တို့နေတဲ့ နေရာအနားကိုလာကြတယ်။ (ဖြစ်ရိုးဖြစ်စဉ်အရတော့) အရပ်သားတွေမှီလာရာလို့ရှိရင်

[40] လူတွေ့လျှင်ပစ်စနစ်ကျင့်သုံးမှုနှင့်ပတ်သက်ပြီး ဖြည့်စွက်သိရှိလိုပါက Self-protection under strain: Targeting of civilians and local responses in northern Karen State, KHRG, August 2010, pp. 22-46, 101-108 တွင်ကြည့်ပါ။

[41] ၁၉၉၇ နှင့် ၂၀၁၀ ပြည့်နှစ်အကြား တပ်မတော်၏ထိုးစစ်ဆင်မှုများအကြောင်း အသေးစိတ်သိလိုပါက Self-protection under strain: Targeting of civilians and local responses in northern Karen State, KHRG, August 2010, pp. 15-46 တွင်ကြည့်ပါ။

[42] ၂၀၁၁ ခုနှစ်အတွင်း KHRG သည် တောင်ငူ၊ ညောင်လေးပင်၊ မြိတ်ထားဝယ်၊ ဖာပွန်၊ ဒူးပလာယာနှင့် ဘားအံခရိုင်များအပါအဝင် သုတေသန ပြုမှုတွင်ပါဝင်သည့် နယ်မြေခုနစ်ခုအနက် နယ်မြေခြောက်ခုမှ အရပ်သားများအပေါ် တိုက်ခိုက်မှုများကို မှတ်တမ်းတင်ခဲ့ သည်။ 'All the Information I've Given You, I Faced It Myself': Rural testimony on abuse in eastern Burma since November 2010, KHRG, December 2011, pp. 23-29 တွင်ကြည့်ပါ။ တိကျသည့်နမူနာဖြစ်ရပ်များကိုသိလိုပါက "Tatmadaw attacks destroy civilian property and displace villages in northern Papun District," KHRG, April 2011; "Joint Tatmadaw patrol burns field huts and seed stores, displace six villages in Toungoo District," KHRG, June 2011 နှင့် "Tatmadaw soldiers shell village, attack church and civilian property in Toungoo District," KHRG, November 2011 တွင်ကြည့်ပါ။

[43] 'All the information I've given you, I faced it myself', KHRG, December 2011, pp. 24-29 တွင်ကြည့်ပါ။

[44] ဖွန်လ ၁၃ ရက်နေ့ တိုက်ခိုက်ခံရသည့် ရွာသားများအနက်မှနှစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုများကိုကြည့်ရှုရန်အတွက် Source #291 နှင့် #292 ကိုကြည့်ပါ။

> တောင်ကုန်းပေါ် တက်ရာတာပဲ။ အဲဒီအရပ်သားတွေက အပစ်အခတ်ရပ်စဲရေးကိုယုံကြည်ကြတော့ ကျန်တာ ဂရုမစိုက်ကြဘူး။ စစ်သားတွေလည်း သူတို့အသံကြားရော သူတို့စခန်းထဲကနေ ဆင်းချလာပြီး ရွာသားတွေကို လှမ်းပစ်တာပဲ။ သေသွားတဲ့ ရွာသားဆိုရင် စစ်သားဝတ်စုံဝတ်ထားတာလည်း မဟုတ်ဘူး။ သူက တီရှပ်အဖြူရောင်နဲ့ အားကစားဘောင်းဘီတိုနဲ့ ကရင်လုံချည်တစ်ထည်ဝတ်ထားတာ။ သူဝတ်ထားတာက ဘယ်လိုမှစစ်သားပုံ မပေါက်ဘူး။ သူအပစ်ခံရတဲ့နေရာကို ကြည့်လိုက်တော့လည်း အဲဒီမှာ ဘာမြက်အရှည်မှမရှိဘူး။ အဲတော့ သူဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာ မှားစရာအကြောင်းမရှိနိုင်ဘူး။ သူအရပ်သားဖြစ်တယ်ဆိုတာ အရှင်းကြီးပဲ။"
>
> စော---၊ ဘူသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။
> (၂၀၁၂ ခုနှစ် ဇွန်လတွင် တွေ့ဆုံမေးမြန်း)[45]

ဖာပွန်ခရိုင်နှင့် တောင်ငူခရိုင်နယ်ခြားရှိ တပ်မတော် အမှတ် ၆၆ ခြေမြန်တပ်မသည်လည်း အဆိုပါနယ်မြေအတွင်း ပိုမို ခိုင်မာလာနေသကဲ့သို့ အရပ်သားများအပေါ် တိုက်ခိုက်မှုများလည်းပြုလုပ်ခဲ့သည်။[46] ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့က ဖြစ်ပျက်ခဲ့သည့် ပထမဖြစ်စဉ်တွင် တပ်မ ၆၆ တပ်သားများသည် အရပ်သားတစ်စုနှင့် ကျေးရွာစောင့်အဖွဲ့ဝင်အရပ်သားများ[47] လမ်းကိုဖြတ်ကူးစဉ်အတွင်းပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အရပ်သားတစ်ဦးနှင့် ကျေးရွာစောင့်အဖွဲ့ဝင် တစ်ဦးသေဆုံးကာ နောက်အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။[48] အဆိုပါတိုက်ခိုက်မှုမှာ ဖာပွန်ခရိုင် လူသောမြို့နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဒေသရှိရွာသားများမှာ KNLA နှင့် အချိတ်အဆက်ရှိသည်ဟုယူဆခံရသဖြင့် သမိုင်းတစ်လျှောက်လုံး နှိပ်ကွပ်ခံလာ ရသူများဖြစ်သည်။[49]

၂၀၁၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် တပ်မ ၆၆ ၏ကွပ်ကဲမှုအောက်ရှိ အသစ်နေရာချထားသည့်တပ်ရင်းတစ်ခုသည် တောင်ငူ ခရိုင်အတွင်းရှိ ရှေ့တန်းစခန်းများသို့ ရိက္ခာပေးပို့မှုပြုလုပ်ခဲ့သည်။ ထိုနေ့မှာပင် မြို့မှဝယ်ယူလာသည့် ဆန်များကို မိမိရွာသို့ ပြန်သယ်ဆောင်လာသည့်အရပ်သားလေးဦးကို အဆိုပါတပ်ကပစ်ခတ်ခဲ့သော်လည်း ရွာသားတစ်ဦးမျှ ထိခိုက်ဒဏ်ရာ မရခဲ့ပါ။ အဆိုပါတိုက်ခိုက်မှုအကြောင်းကိုပြန်လည်အစီရင်ခံသည့် KHRG ဒေသခံ၏အဆိုအရ ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ သည့်နေရာမှာ ရွာသူရွာသားများ မိမိတို့ရွာသို့ ကုန်ပစ္စည်းများသယ်ဆောင်သည့်အခါ ဖြတ်သန်းလေ့ရှိသည့်နယ်မြေလည်း ဖြစ်သည်။ အဆိုပါအစီရင်ခံမှုအရ "ရွာသူရွာသားများသည် အဆိုပါလမ်းကို အဆိုပါနေရာ၌ဖြတ်ကူးပြီး သွားလာနေကျဖြစ်သည်။" အကြောင်းမှာ အနီးအနားရှိတပ်မတော်ပိုင်အဆောက်အဦးနှစ်လုံးမှာ ၂၀၀၈ ခုနှစ်ကတည်းက အသုံးမပြုတော့သည့် စခန်းနှစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ အဆိုပါကိစ္စဖြစ်ပြီးပြီးချင်း နောက်ရက်များအတွင်း ယင်းနယ်မြေအတွင်း တပ်မတော်ရဟတ်ယာဉ်ဖြင့် ကင်းလှည့်ခြင်း၊ KNLA နှင့် တပ်မတော် စစ်ကြောင်းများ အကြား အပြန်အလှန်ပစ်ခတ်ခြင်းအပါအဝင် စစ်ရေးလှုပ်ရှားဆောင်ရွက်မှုများ မြင့်တက်လာသည်ဟု KHRG ဒေသခံအဖွဲ့ဝင်က ဖော်ပြသည်။[50]

---

[45] Source #292 တွင်ကြည့်ပါ။

[46] ယင်းသို့နယ်မြေတိုးချဲ့ယူသည့်အရိပ်အယောင်များတွင် ၂၀၁၂ အောက်တိုဘာလအတွင်း လမ်းမတစ်ခုနှင့် တံတားများကို ပြုပြင်ခြင်းများ ပါဝင်ပြီး လူးသော် မြို့နယ်နှင့် တောင်ငူရှိရင်းတို့၏အခြေစိုက်စခန်းများအကြား ရိက္ခာပစ္စည်းများ ပိုပြီးလျင်မြန်စွာ သယ်ယူပို့ဆောင် နိုင်ရန်ဖြစ်သည်။ Source #146 တွင်ကြည့်ပါ။

[47] ကျေးရွာစောင့်အဖွဲ့ သို့မဟုတ် *ဂါးဒါး* များဆိုသည်မှာ အရပ်သားများအပေါ်ပစ်မှတ်ထားသည့် တပ်မတော် ထိုးစစ်ဆင်မှုများနှင့် ယင်းကြောင့်ဖြစ်သည့် အစားအစာအကြီးအကျယ်မလုံလောက်မှုကိုဖြေရှင်းရန် ကရင်ပြည်နယ်မြောက်ပိုင်း နေရာအချို့တွင် ဒေသအလိုက် ဖွဲ့စည်းထားကြသည့်အဖွဲ့များဖြစ်သည်။ KHRG က တွေ့ဆုံမေးမြန်းခဲ့သည့်ရွာသားများ၏ရှင်းလင်းပြောကြားချက်အရ ပုန်းအောင်းနေရသည့် ရပ်သူရွာ သားများအား လုံခြုံမှုပေးရန်ရည်ရွယ်၍ ဂါးဒါး အဖွဲ့များကိုဖွဲ့စည်းထားခြင်းဖြစ်ပြီး အထူးသဖြင့် အဆိုပါရပ်သူရွာသားများမှာ စားနပ်ရိက္ခာ ထုတ်လုပ်မှု သို့မဟုတ် အစားအစာဖြည့်တင်းမှုများကိုလုပ်ဆောင်နေသူများဖြစ်ပြီး တခြားနည်းဖြင့် ကာကွယ်ပေးမှုများ မရနိုင်သည့်အခါ များတွင် ကာကွယ်ပေးရန်ဖွဲ့ထားခြင်းဖြစ်သည်။

[48] Source #146 တွင်ကြည့်ပါ။

[49] Self-protection under strain: Targeting of civilians and local responses in northern Karen State, KHRG, August 2010, p.15 တွင်ကြည့်ပါ။

[50] Source #30 တွင်ကြည့်ပါ။

ဤဓာတ်ပုံများကို KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦးက ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဝဲပုံမှာ ၂၀၁၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကကြေးထနယ်မြေ၌ တပ်မတော်တပ်မ ၆၆ မှတပ်များ၏ပစ်သတ်ခြင်းခံခဲ့ရသည့် --- ရွာမှ အသက် ၁၉ နှစ်အရွယ်အမျိုးသားစော---ကိုဒေသခံရွာသားများကဓာတ်ပုံရိုက်ယူထားခဲ့သည့်ပုံဖြစ်သည်။ဒေသခံကျေးရွာစောင့်အဖွဲ့ဝင်များဖြစ်သည့်ရွာသားများက ၎င်း၏အလောင်းကို ပစ်သတ်ခံခဲ့ရသည့်နေရာ၌ ၂၀၁၂ မတ်လ ၉ ရက်နေ့တွင်တွေ့ရှိခဲ့ပြီး အလောင်း ကောက်ခဲ့သည့်ရွာသားများနှင့် စကားပြောခွင့်ရခဲ့သည့် KHRG ဒေသခံအဖွဲ့ဝင်၏အဆိုအရ တပ်မတော်စစ်သားများသည် သေသူထံမှ ကျပ် ၁၆၀,၀၀၀ (ဒေါ်လာ ၁၆၂.၁၂)[51] ကိုပါ ခိုးယူသွားခဲ့သည်ဟုသိရသည်။ ညာဘက်မှပုံမှာ --- ရွာမှပင်ဖြစ်သည့် အသက် ၂၈ နှစ်ရှိ စော --- ၏ပုံဖြစ်ပြီး မတ်လ ၉ ရက်နေ့တိုက်ခိုက်မှုကြောင့်ပင် ဒဏ်ရာရခဲ့သူဖြစ်သည်။ ၎င်းသည် တင်ပါးနှင့်ခါးတို့တွင်ရခဲ့သည့် ကျည်ဆန်ထိမှန်ဒဏ်ရာများအတွက် ဆေးကုသမှုခံယူပြီးနောက် အနားယူနေစဉ် အထက်ပါပုံအတိုင်း ဓာတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်သည်။[52] [ဓာတ်ပုံများ- *KHRG*]

## ၂။ တိုက်ပွဲဖြစ်စဉ်အတွင်း မဆင်မခြင် ခွဲခြားမှုမရှိ လုပ်ဆောင်မှု၏ အကျိုးဆက်တစ်ခုအဖြစ် အရပ်သားများနှင့် အရပ်သား အရာဝတ္ထုများ အပေါ် တိုက်ခိုက်မှုများ

မဆင်မခြင်ခွဲခြားမှုမရှိ ပစ်ခတ်သည့် အလေ့အထ၏အကျိုးဆက်အဖြစ် အရပ်သားများနှင့် အရပ်သား အရာဝတ္ထုများအပေါ် တိုက်ခိုက်မှု များမှာ တရားဝင်ပစ်ခတ်ခွင့်ရှိသည့်စစ်ဘက်ပစ်မှတ်များ သို့မဟုတ် တပ်မတော်နှင့် EAG များအကြား တိုက်ပွဲဖြစ်သည့် နေရာများနှင့် မြေပြင်အနေအထားအရဖြစ်စေ၊ အချိန်ကာလအရဖြစ်စေ နီးကပ်သည့်နေရာတစ်ဝိုက်တွင် ဖြစ်ပွားခြင်းဖြစ် သည်။ ၎င်းမှာ ရေရာသေချာသည့် စစ်ရေးပစ်မှတ်မထားဘဲ စစ်ဆင်ခြင်း၏အကျိုးရလဒ်ဖြစ်နိုင်သည်။ အတွေ့ရများသည့် ဖြစ်စဉ်မှာ တိုက်ပွဲဖြစ်နေစဉ်အတွင်းဖြစ်စေ၊ ဖြစ်ပြီးပြီးချင်းမှာဖြစ်စေ အရပ်သားများနေထိုင်အလုပ်လုပ်ကိုင်သည့် နယ်မြေ များအတွင်းသို့ အရပ်သားများရှိမှန်းသိလျက်နှင့်ဖြစ်စေ၊ အရပ်သားလား ရန်သူလားသေသေချာချာ မခွဲခြားဘဲနှင့်ဖြစ်စေ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းဖြစ်သည်။ KHRG အနေဖြင့် ၂၀၁၀ နိုဝင်ဘာနှင့် ၂၀၁၁ ဒီဇင်ဘာအကြားတွင် အရပ်သားများ နေထိုင်သည့်နယ်မြေများ[53]၊ အရပ်သားများ၏လယ်ယာလုပ်ငန်းခွင်ရှိရာများ[54] ပေါ်သို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မဆင်မခြင်ပစ်ခတ်သည့်ဖြစ်စဉ်များကို မှတ်တမ်းတင်ခဲ့သည်။

### ၂၀၁၂ ခုနှစ်ဇန်နဝါရီလ မှစ၍ မဆင်မခြင်ခွဲခြားမှုမရှိတိုက်ခိုက်မှုများ

ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း နှစ်အလိုက်ပြုစုခဲ့သည့်အစီရင်ခံမှုများနှင့်ယှဉ်လျှင် KHRG အနေဖြင့် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ် များအတွင်း အရပ်သားများအပေါ် မဆင်မခြင်ပစ်ခတ်တိုက်ခိုက်မှုအကြောင်း သတင်းပေးတိုင်ကြားမှုရရှိခြင်း လျော့ကျခဲ့ သည်။ သို့သော်လည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားစဉ်အတွင်း (သို့) ဖြစ်ပွားပြီးနောက်ပိုင်းတွင် သော်လည်းကောင်း အရပ်သားများ

[51] ဤအစီရင်ခံစာပါ ကျပ်ငွေလဲလှယ်မှုခန့်မှန်းတန်ဖိုးများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့၏တရားဝင်ဈေးကွက် ပေါက်ဈေးဖြစ်သည့် တစ်ဒေါ်လာလျှင် ၉၈၇ ကျပ်နှုန်းဖြင့်တွက်ချက်ဖော်ပြထားသည်။

[52] Source #352 ကိုကြည့်ပါ။

[53] Displacement Monitoring Update No. 83: "Shelling in Myawaddy Town," KHRG, June 2011

[54] "Dooplaya Situation Update: August 2011 to September 2011," KHRG, December 2011

နေထိုင်သည့်နယ်မြေများအတွင်းသို့ လက်နက်ကိုင်တပ်ဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် မဆင်မခြင်ပစ်ခတ်သည့် တိုက်ခိုက်မှုသတင်းအချို့ကို ဖာပွန်နှင့်ဘားအံခရိုင်များရှိ KHRG ဒေသခံအဖွဲ့ဝင်များက အစီရင်ခံတင်ပြကြသည်။ အဆိုပါတိုက်ခိုက်မှုများတွင် မဆင်မခြင် ပစ်ခတ်မှုကြောင့် အရပ်သားများ သေဆုံးဒဏ်ရာရရှိမှုဖြစ်စဉ်များပါဝင်သည်။

DKBA အခြေစိုက်စခန်းတစ်ခုမှ လက်နက်များကို တပ်မတော်လက်အောက်ခံနယ်ခြားစောင့်တပ် (BGF) စစ်သားများက ဝင်ရောက်စီးနင်းခိုးယူသည့်ဖြစ်ရပ်ပြီးနောက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် DKBA က မြိုင်ကြီးငူမြို့အနီး BGF တပ်ရင်း ၁၀၁၅ မှ တပ်ဖွဲ့များပါလာသည့် ထရပ်ကားတစ်စီးကို ခြုံခိုတိုက်ခိုက်ခဲ့သည်။ ယင်းခြုံခို တိုက်ခိုက်မှုမှာ လူနေအိမ်များနှင့် ရွာသူရွာသားများပိုင် ဈေးဆိုင်ငယ်များပါဝင်သည့် အရပ်သားဧရိယာ တည်ရှိရာ နေရာအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် အရပ်သားများရှိနေမှန်း မြင်သာနေပါလျက်နှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး ယင်းကြောင့် အသက် ၂၄ နှစ်ခန့်ရှိ အမျိုးသမီးအရပ်သူတစ်ဦးသေဆုံးပြီး အသက် ၁၇ နှစ် (သို့) ၁၈ နှစ်ခန့်ရှိ အမျိုးသမီးနှင့် အမျိုးသားတစ်ဦးဒဏ်ရာရရှိခဲ့သည်။[55] တိုက်ခိုက်မှု၏အကျိုးဆက်အနေဖြင့် အပစ်အခတ် ရပ်စဲသည့် အခြေအနေများ ယိုယွင်းလာမည်ကို စိုးရိမ်သောကြောင့် ကျေးရွာခြောက်ရွာမှ ရွာသူ ရွာသားများသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြသည်။ KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏အဆိုအရ အဆိုပါနယ်မြေအတွင်း BGF နှင့် DKBA တို့ စစ်ရေးလှုပ်ရှားမှုယာယီလျော့ကျမှုကြောင့် အဆိုပါရွာသူရွာသားများသည် နောက်လေးလအကြာတွင် မိမိတို့နေရပ်သို့ ပြန်လာခဲ့ကြသည်။[56]

တစ်နှစ်ကျော်သာသာအပြီး ၂၀၁၃ ဧပြီလ ၂၇ ရက်နေ့တွင် နယ်ခြားစောင့်တပ်နှင့် DKBA တပ်များသည် အဆိုပါ ဒေသမှာပင် အရပ်သားများနေထိုင်ရာအနီး၌ တစ်ဖန်ပြန်ပြီးတိုက်ပွဲဖြစ်ခဲ့ကြသည်။ အပြန်အလှန်ပစ်ခတ်မှုအတွင်း နေအိမ် တစ်ခုအတွင်းသို့ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် အိပ်နေသည့်ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရသွားခဲ့သည်။[57]

> "ဗုံး (လက်ပစ်ဗုံး) ကထွက်လာတဲ့ ဗုံးဆန်တစ်ခုက ကလေးမလေး (ဒဏ်ရာရသူနှစ်ဦးအနက်ပထမတစ်ဦး) ရဲ့ ခေါင်းကိုထိပြီး ဒဏ်ရာရသွားတယ်။ နောက်ထပ်ဗုံးဆန်တစ်စက သူ့နားတစ်ဖက်ကိုဖောက်သွားလို့ အပေါက်ဖြစ်သွားတယ်။ နောက်ထပ်ဗုံးဆန်နှစ်ခုကလည်း ကလေးမလေးရဲ့နောက်ကျောကို သွားမှန်သေးတယ်။ စော --- (ဒဏ်ရာရ သွားသည့် ဒုတိယကလေး) ရဲ့မျက်နှာကလည်း ဗုံးဆန်မှန်ပြီး စုတ်ပြဲသွားတယ်။ ဗုံးဆန်က သူ့ခြေသလုံးကိုမှန်ပြီး ကွဲရှဒဏ်ရာရသွားတယ်။ ဒါကတော့ မြိုင်ကြီးငူမှာဖြစ်တဲ့တိုက်ပွဲအတွင်း ဒဏ်ရာရတဲ့ ကလေးတွေရဲ့ အကြောင်းပါ။"
>
> KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရအခြေအနေတင်ပြချက်။ ဘုသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (ဧပြီလ ၂၀၁၃)[58]

၂၀၁၃ ခုနှစ်မတ်လက ဖာပွန်ခရိုင် ဘုသိုမြို့နယ်ရှိ KNLA နှင့် နယ်ခြားစောင့်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှု တစ်ခုအတွင်း အရပ်သားနေအိမ်တစ်လုံးနှင့် နီးကပ်သည့်နေရာသို့ လက်ပစ်ဗုံးနှစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ် အတွင်းရှိနေသည့် တစ်လသားအရွယ်ကလေးငယ်နှင့် ၎င်း၏ဖခင်တို့ထိခိုက်ဒဏ်ရာရခဲ့သည်။[59]

---

[55] Source #109 ကိုကြည့်ပါ။

[56] ၂၀၁၂ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့ တိုက်ခိုက်မှု၏ နောက်ဆက်တွဲအဖြစ် B---, C---, D---, E---, F--- နှင့် G--- ရွာများမှ ရွာသားများအပါအဝင် နယ်ခြားစောင့်တပ် တပ်ရင်း ၁၀၁၅ နှင့် DKBA ကလိုထူးလားစခန်းများနှင့် နီးရာတွင်နေထိုင်ကြသည့် အရပ်သားများသည် အဆိုပါတပ်ဖွဲ့နှစ်ဖွဲ့ကြား တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရမည်ကို စိုးရိမ်ကြောက်ရွံ့သဖြင့် နေအိမ်မှဝေးရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ၂၀၁၂ ဇွန် ၆ ရက်မှစပြီး မြိုင်ကြီးငူမြို့ သို့မဟုတ် အနီးအနားကျေးရွာဒေသများ၌ နယ်ခြားစောင့်တပ်နှင့် DKBA တို့ ယခင်ကလောက်လှုပ်ရှားမှုများမရှိတော့ဟု KHRG ဒေသခံတစ်ဦးက သတင်းပေးပို့ထားသည်။ ထွက်ပြေးခဲ့ကြသည့် ကျေးရွာသူ ကျေးရွာသားများအားလုံးလည်း ၎င်းတို့ကျေးရွာများသို့ အသီးသီးပြန်လည်ရောက်ရှိလာကြပြီးဖြစ်သည်။ Source #109 ကိုကြည့်ပါ။

[57] Source #280 နှင့် Source #167 တို့ကိုကြည့်ပါ။

[58] Source #280 ကိုကြည့်ပါ။

[59] Source #81 ကိုကြည့်ပါ



ယခုဓာတ်ပုံများကို ဖာပွန်ခရိုင်၊ ဘူသိုမြို့နယ် ထီးသဒေါထာ ကျေးရွာအုပ်စု၌ ၂၀၁၃ ဧပြီလ ၂၈ ရက်နေ့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ မတ်လ ၁၆ ရက်နေ့တွင် နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ နှင့် KNLA တပ်သားများအကြား တိုက်ပွဲဖြစ်စဉ်အတွင်း မဆင်မခြင် ပစ်ခတ်မှုကြောင့် ဒဏ်ရာရခဲ့သည့် ကလေးငယ် (ဝဲပုံ) နှင့် ၎င်း၏ဖခင် (ယာပုံ) တို့၏ပုံဖြစ်သည်။ တိုက်ပွဲဖြစ်ပွားနေစဉ် အဆိုပါ ရွာသားများ၏နေအိမ်ရှေ့၌ အမ် ၇၉ လောင်ချာဖြင့်ပစ်လွှတ်လိုက်သည့် ၄၀ မမ မော်တာကျည်သည် စနက်တံပြုတ်ကာ ပေါက်ကွဲထွက် ခဲ့ပြီး နောက်တစ်လုံးကလည်း ၎င်း၏နောက်၌ပေါက်ကွဲခဲ့သည်။ ယင်းကြောင့် တစ်လသားအရွယ်ကလေးငယ်၏ ခေါင်းနား နှင့် ၎င်း၏ဖခင်၏တံတောင်ဆစ် (ပုံပါအတိုင်း) တို့ကို ဗုံးဆန်ထိမှန်ခဲ့သည်။ KHRG ဒေသခံအဖွဲ့ဝင်၏အဆိုအရ အဆိုပါဗုံးပစ်ခတ်မှုအတွက် မည်သည့်အဖွဲ့တွင်တာဝန်ရှိမှန်း ဒေသခံရွာသားများမသိရှိကြပါ။ ကလေးငယ်နှင့် ၎င်း၏ဖခင်တို့မှာ ခေါ်တောဖိုး ဆေးရုံ၌ ဆေးကုသမှု ခံယူခဲ့သော်လည်း အဆိုပါနှစ်ဖွဲ့အနက် မည်သည့်အဖွဲ့ထံကမျှ ဆေးကုသစရိတ် ထောက်ပံ့ပေးမှုမရရှိခဲ့ပါ။[60] [ဓာတ်ပုံများ - *KHRG]*

## ဥပဒေမဲ့သတ်ဖြတ်ခြင်း

တမင်ရည်ရွယ်တိုက်ခိုက်မှု သို့မဟုတ် မဆင်မခြင်တိုက်ခိုက်မှုကြောင့် ရွာသူရွာသားများသေဆုံး၊ ဒဏ်ရာရခဲ့ကြသည့် အထက်ပါ ဖြစ်ရပ်များအပြင် KHRG သည် ၂၀၁၃ ခုနှစ် တစ်နှစ်တည်းအတွင်းဖြစ်ပွားခဲ့သည့် ဥပဒေမဲ့သတ်ဖြတ်မှုဖြစ်ရပ် လေးခုကိုမှတ်တမ်းတင်ခဲ့သည်။ အထက်ပါဖြစ်ရပ်များ၌ ရပ်ရွာလူထု သို့မဟုတ် အရပ်သူအရပ်သားများအား ပစ်မှတ် ထားတိုက်ခိုက်သည်ဆိုရာ၌ ၎င်းတို့နှင့် EAG များအကြား ပတ်သက်ဆက်စပ်မှုကြောင့်ဖြစ်သော်လည်း အောက်တွင်ဖော်ပြမည့် အရပ်သားများအား ဥပဒေမဲ့ သတ်ဖြတ်သည့် ဖြစ်ရပ်များမှာမူ စစ်သားများ၏ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချနေမှုတွင် ပါဝင် ပတ်သက်မိ၍သော်လည်းကောင်း၊ စုန်းအတတ်တတ်သည်ဆိုသည့် စွပ်စွဲခံရ၍လည်းကောင်း ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် သီးခြားဖြစ်စဉ်နှစ်ရပ်တွင် အသက် ၁၆ နှစ်ရှိယောကျာ်းလေးတစ်ဦးနှင့် အသက်ကြီးပိုင်း အမျိုးသမီးတစ်ဦးတို့မှာ ရာဘ (မက်သမ်ဖက်တမင်း) ဆေးပြားများ ရောင်းချမှုနှင့်ပတ်သက်၍[61] နယ်ခြားစောင့်တပ်သားများနှင့် အချင်းများပြီးနောက်တွင် အသတ်ဖြတ်ခံခဲ့ရသည်။

> "အသက် ၁၆ နှစ်အရွယ်ရှိ ရာဘ (မက်သမ်ဖက်တမင်း) ဆေးသုံးစွဲသူကျောင်းသားလေးတစ်ဦးသည် ရှိသမျှပိုက်ဆံ အကုန်ကုန်အောင် ဆေးပြားအတွက်သုံးပြီးနောက် နယ်ခြားစောင့်တပ်သားများရောင်းချသည့် ထို ဆေးပြားများ ရရှိနိုင်ရန်အတွက် သူ၏မော်တော်ဆိုင်ကယ်ကို သွားရောက်ပေါင်နှံခဲ့သည်။ သူ၏မိဘများက သူ့အား "ဆိုင်ကယ် ဘယ်မှာသိမ်းထားသလဲ" ဟု မေးမြန်းသည်။ သူ၏ဖခင်က ထပ်တလဲလဲမေးသည့်အခါ ကျောင်းသားလေးလည်း ပြောပြလိုက်သည်။ ထိုအခါသူ့အဖေက "ငါ့သား အဖေမင်းကို ဘတ် ၃၈,၀၀၀

[60] See Source #86 နှင့် #245 တို့ကိုကြည့်ပါ။

[61] မူးယစ်ဆေးနှင့်ဆက်စပ်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ယခုအစီရင်ခံစာပါ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ အသုံးပြုမှုနှင့် လူမှုဘဝအပေါ် သက်ရောက်မှုများ အခန်းတွင်ကြည့်ပါ။

(အမေရိကန်ဒေါ်လာ ၁၁၈၇.၅၀) [62] နဲ့ဒီဆိုင်ကယ် ဝယ်ပေးခဲ့တယ်။ မင်းကတော့ ဒါကို ကသီကသေ (မက်သမ်ဖက် တမင်း/ရာဘ) ဆေးပြား ၃၀ နဲ့သွားလဲတယ်။ ရော့ ဒီမှာပိုက်ဆံ။ မင်းရဲ့ဆိုင်ကယ်ကို သွားပြန်ရွေးချည်" ဟုပြောသည်။ ထို့နောက် ကျောင်းသားသည် ဆိုင်ကယ်ပေါင်ထားခဲ့သည့် နေရာသို့သွားရောက်၍ ဆေးပြားရောင်းချသူ နယ်ခြားစောင့် တပ်ဖွဲ့ဝင်စစ်သားနှင့် တွေ့ဆုံပြီးနောက ဆိုင်ကယ်ကိုပြန်ရွေးသည်။ ပိုက်ဆံပေးပြီး နောက်တွင် ထိုသတင်းအပြင် ပေါက်ကြားသွားမည်ကို ၎င်းတို့ကထိတ်လန့်ပြီး ကျောင်းသားလေးကို ဖမ်းကာ အုတ်ခဲကျိုးတစ်ခုဖြင့် ရိုက်နှက် သတ်ဖြတ်ပစ်ခဲ့သည်။"

"အဘွားအရွယ် အသက်ကြီးပိုင်းအမျိုးသမီးတစ်ဦးက နယ်ခြားစောင့်တပ်သားအချို့အား "မင်းတို့အားလုံး ဗမာ (တပ်မတော်) ရဲ့လူတွေပဲ။ မင်းတို့ ကထီးကထေး (ရာဘဆေး) ရောင်းပြီး ကြီးပွားလာကြတာ။ ငါ မင်းတို့ကို မလေးစားဘူး" ဟု ပြောသည်။ ၎င်းသည် နယ်ခြားစောင့်တပ်ရင်း ၁၀၁၆ မှ စစ်သားများနှင့် အချင်းများပြီးနောက် ထိုနေ့မှာပင် တပ်ရင်း ၁၀၁၆ ၏ တပ်ရင်းမှူးမြခိုင်၏စစ်သားလေးဦးသည် ၎င်းအား ထိုကော့ကိုးရွာ မြစ်နံဘေး၌ သတ်ဖြတ်ပစ်ခဲ့ကြသည်။ ၎င်းအားသတ်ဖြတ်ရန်အတွက် နယ်ခြားစောင့်တပ်သားများသည် ၎င်း၏လည်ပင်းကိုကြိုးနှင့်ချည်နှောင်ပြီးလျှင် ဦးခေါင်းကိုကျောက်တုံးများဖြင့် ထုရိုက်ခဲ့ကြသည်။ ၎င်းအား သတ်ဖြတ်ပစ်ရခြင်းမှာ နယ်ခြားစောင့်တပ်သားများ ကသီကသေ (ရာဘဆေး) ရောင်းချနေကြောင်း အပြင်ကိုလျှောက်ပြောမည်ကို စိုးရိမ်၍ဖြစ်သည်ဟု (သတ်ပစ်ခဲ့သည့် တပ်သားများ) က ဆိုသည်။"

KHRG ဒေသခံအဖွဲ့ခံတစ်ဦး၏ နောက်ဆုံးရအခြေအနေတင်ပြချက်။ နဘူးမြို့နယ်။ ဘားအံခရိုင်။
ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ မတ်နှင့် မေလ)[63]

၂၀၁၃ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သည့် အထက်ပါဖြစ်စဉ်များအပြင် နယ်ခြားစောင့်တပ်သားများသည် ရွာသူရွာသား ခြောက်ဦးကိုလည်း စုန်းကဝေအတတ်တတ်သည်ဟု စွပ်စွဲချက်ဖြင့် သတ်ဖြတ်ပစ်ခဲ့သည်။[64]

"နယ်ခြားစောင့်တပ် ၁၀၁၅ တပ်ရင်းမှူးကြာအေးသည် သူ့လူများအား အဆိုပါမော်ဆရာနှင့် မိသားစုဝင်အားလုံးကို ပစ်သတ်ရန် အမိန့်ပေးခဲ့သည်။ သူက ပြောသည်မှာ --- (အဖေလုပ်သူ) သည် စုန်းမော်အတတ်ကို တတ်မြောက် ကြောင်း၊ ထိုအတတ်ဖြင့် တခြားလူများကို သတ်ဖြတ်ပစ်နိုင်ကြောင်း၊ ထို့ကြောင့် ထိုလူ၊ ထိုလူ၏ဇနီးနှင့် သမီးနှစ်ဦး တို့ကို သတ်ပစ်ခဲ့ကြောင်း၊ တပ်ရင်းမှူးကြာအေးသည် သူ့လူ စစ်သားခြောက်ဦးအား မော်ဆရာနှင့်မိသားစုဝင်များကို သတ်ခိုင်းခဲ့ပြီး စစ်သားနှစ်ဦးဖြစ်သည့် ညမော်နှင့် နော်ကေးတို့က အကောင်အထည်ဖော်ခဲ့ကြောင်း ပြောခဲ့သည်။ ထိုသို့ မသတ်ဖြတ်မီ တပ်ရင်းမှူးကြာအေးက သူ့လူများအား "ဘာမှ မေးမနေနဲ့ သူတို့အားလုံးကိုသာ သတ်ပစ်လိုက်။ သူတို့ထဲက တစ်ယောက်ယောက်ရှင်နေသမျှ သူတို့စုန်းအတတ်နဲ့ တခြားလူတွေကို လိုက်သတ်နေလိမ့်မယ်" ဟု ပြောကာ သတ်ခိုင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နယ်ခြားစောင့်တပ်ရင်း ၁၀၁၅ မှစစ်သားများသည် --- ၊ သူ၏ဇနီးနှင့် သမီးတို့ကို သတ်ပစ်ခဲ့သည်။"

KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ ဖြစ်ပျက်မှုရေးသားသတင်းပေးပို့ချက်။ ပိုင်ကျုံ မြို့နယ်။
ဘားအံခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (ဖွန်လ ၂၀၁၃)[65]

---

[62] ဤအစီရင်ခံစာပါ ဘတ်ငွေလဲလှယ်မှုခန့်မှန်းတန်ဖိုးများကို ၂၀၁၄ ခုနှစ် မတ် ၁၈ ရက်နေ့၏ တရားဝင်ဈေးကွက်ပေါက်ဈေးဖြစ်သည့် တစ်ဒေါ်လာလျှင် ၃၂ ဘတ်နှုန်းဖြင့်တွက်ချက်ဖော်ပြထားသည်။

[63] Source #164 ကိုကြည့်ပါ။

[64] ၂၀၁၃ ဖွန် ၁၁ ရက်နေ့က အသတ်ခံခဲ့ရသည့်မိသားစုအကြောင်းသိရှိလိုပါက Source#206 နှင့် #362 တို့တွင် ကြည့်ပါ။ ဒုတိယ အဖြစ်အပျက်မှာ ဘားအံခရိုင်အတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုဖြစ်စဉ်အတွင်း အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးသေဆုံးခဲ့သော်လည်း ကျန်ရစ်ခဲ့သူ သားသမီးများ၏မေတ္တာရပ်ခံမှုကြောင့် အများသိအောင် ထည့်သွင်းမရေးသားနိုင်ပါ။

[65] Source #206 ကိုကြည့်ပါ။

## (ခ) အဓမ္မဖမ်းဆီးထိန်းသိမ်းထားခြင်း

၂၀၁၂ ဇန်နဝါရီလမှစကာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ သထုံ [66]၊ တောင်ငူ [67]၊ ညောင်လေးပင် [68]၊ ဖာပွန် [69]၊ ဒူးပလာယာ [70] နှင့် မြိတ်-ထားဝယ် [71] ဆိုသည့် ကရင်ခရိုင်ခုနစ်ခုအနက် ငါးခုအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စွဲချက်တင်ခြင်း သို့မဟုတ် တရားရေး ကျင့်စဉ်များအတိုင်းလုပ်ဆောင်ခြင်းမရှိဘဲ အရပ်သားများ ဖမ်းဆီးခံရခြင်းဖြစ်စေ၊ ထိန်းသိမ်းခံရခြင်းဖြစ်စေ၊ နှစ်ခုစလုံး ဖြစ်စေ ကြုံတွေ့ခံစားရသည့်ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်ပြီး KHRG ဒေသခံအဖွဲ့ဝင်များနှင့် ရွာသူရွာသားများက တင်ပြလာကြသည်။ အရပ်သားများမှာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) [72]၊ တပ်မတော် [73] နှင့် တပ်မတော် နယ်ခြားစောင့် တပ်ဖွဲ့ (BGF) [74] စစ်သားများ၏ လက်လွတ်စပယ်ဖမ်းဆီးကာ ထိန်းသိမ်းချုပ်နှောင်ထားခြင်းကို ခံခဲ့ရသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) သို့မဟုတ် ၎င်း၏တိုက်ခိုက်ရေးတပ်ဖြစ်သည့် KNLA တို့ကို အကူအညီပေးသည် သို့မဟုတ် ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်သည်ဟူသော စွပ်စွဲချက်အပေါ်အခြေခံ၍ တပ်မတော် (သို့) BGF တပ်ဖွဲ့ဝင်များက အရပ်သားများကို စိတ်လိုလက်ရဖမ်းဆီးကာ ချုပ်နှောင်သည် ဆိုသည့် ဖြစ်စဉ်ဖြစ်ရပ်များ [75] ကို အစီရင်ခံစာပြုစုနေဆဲကာလအတွင်း KHRG က သိရှိမှတ်တမ်းတင်ခဲ့သည်။ ဒေသတွင်းရှိတပ်ရင်းတစ်ခုပိုင် စီးပွားရေး လုပ်ငန်းတစ်ခုနှင့် ယှဉ်ပြိုင်ခြင်း [76] ၊ မှတ်ပုံတင်အထောက်အထားစာရွက်မရှိခြင်း [77] ၊ မိမိနေထိုင်ရာနေရာနှင့် ဝေးကွာသည့် နေရာတစ်ခုသို့ ခရီးသွားခြင်း [78] သို့မဟုတ် စစ်တပ်ကကန့်သတ်ထားသည့် လှုပ်ရှားမှုနယ်မြေဒေသ အတွင်းခရီးသွားလာ ခြင်း[79]စသည့် အကြောင်းပြချက်များဖြင့် ရွာသူရွာသားများဖမ်းဆီးထိန်းသိမ်းချုပ်နှောင်ခံရသည်။ ထို့နောက်တွင်လည်း ဖမ်းဆီးခံရသူအား လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့လက်မှ နောက်တစ်ဖွဲ့လက်ထဲသို့

[66] သထုံခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source#16 တွင်ကြည့်ပါ။

[67] တောင်ငူခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #262 တွင်ကြည့်ပါ။

[68] ညောင်လေးပင်ခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #370 တွင်ကြည့်ပါ။

[69] ဖာပွန်ခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #90၊ 91၊ 276 နှင့် 364 တို့တွင်ကြည့်ပါ။

[70] ဒူးပလာယခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #112 တွင်ကြည့်ပါ။

[71] မြိတ်-ထားဂယ် ခရိုင်အတွင်း အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #374 တွင်ကြည့်ပါ။

[72] KNLA ၏ အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #90 တွင်ကြည့်ပါ။

[73] တပ်မတော်စစ်သားများ၏ ရွာသားများအား အဓမ္မဖမ်းဆီးမှု နှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာများကို Source#370 နှင့် 262 တို့တွင်ကြည့်ပါ။

[74] BGF တပ်ဖွဲ့ဝင်များ၏ အဓမ္မဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုဖြစ်စဉ်နမူနာကို Source #16 နှင့် 91 တို့တွင်ကြည့်ပါ။

[75] နမူနာဖြစ်စဉ်တစ်ခုမှာ ၂၀၁၂ အောက်တိုဘာလအတွင်းက KNU အားသတင်းပေးသည်ဟု စွပ်စွဲချက်ဖြင့် ရွာသားတစ်ဦးသည် တပ်မတော်စစ်သားများ၏ ခြောက်ရက်ကြာ ဖမ်းဆီး ချုပ်နှောင်ခြင်းခံခဲ့ရသည်။ Source document #374 ကိုကြည့်ပါ။ ၂၀၁၂ ဇွန်လအတွင်းကလည်း KNU သူလျှိုဖြစ်သည်ဟူသောစွပ်စွဲချက်ဖြင့် ရွာသားနှစ်ဦးမှာ BGF အမှတ် ၁၀၁၄ မှ စစ်သားများ၏ ဖမ်းဆီး ခြင်းကိုခံခဲ့ရပြီး တစ်ဦးအသတ်ခံခဲ့ရသည်။ Source #16 ကိုကြည့်ပါ။

[76] နမူနာဖြစ်စဉ်တစ်ခုမှာ ၂၀၁၂ နိုဝင်ဘာ ၂ ရက်တွင် BGF ၁၀၁၄ တပ်မှ တပ်ရင်းမှူးစောမူးဆာသည် ရွာသားတစ်ဦးကိုဖမ်းဆီးပြီး မျက်နှာကိုအချက်များစွာထိုးကြိတ်ကာ ကျပ် ၃၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၀၃.၉၅) ကို သိမ်းယူခဲ့ပြီးနောက် ၎င်း၏အုတ်ဖုတ် လုပ်ငန်းကို ရပ်တန့်ရန်လည်း သတိပေးခဲ့သည်။ Source #91 နှင့် 276 တို့တွင်ကြည့်ပါ။

[77] နမူနာဖြစ်စဉ်တစ်ခုမှာ ၂၀၁၂ ဖေဖော်ဝါရီ ၁၅ ရက်တွင် မှတ်ပုံတင်ပါမလာမှုအတွက် မွတ်စလင်အမျိုးသားတစ်ဦးကို KNLA က ကော့ကရိတ်မြို့နယ်တွင် ဖမ်းဆီးကာ နယ်ခြားစောင့်တပ်လက်ထဲသို့ လွှဲပေးခဲ့သည်။ ထိုသူများလက်တွင် ၎င်းသည် လုပ်ထုံး လုပ်နည်း များနှင့်အညီ စစ်ဆေးမှုမပါဘဲ အကြမ်းပတမ်း အဆက်ဆံခံခဲ့ရသည်။ Source #112 ကိုကြည့်ပါ။

[78] ၂၀၁၃ မတ် ၂၅ ရက်တွင် တောင်ငူမြို့မှ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်ရှိမိသားစုနေထိုင်ရာကျေးရွာသို့ သွားနေသည့် ရွာသားတစ်ဦးကို တပ်မတော် ဗျူဟာတပ်ရင်းမှူးတစ်ဦးက တစ်ဖက်သတ်ထိန်းသိမ်းကာ စစ်ကြောခဲ့ပြီး နောက်တစ်ရက်တွင် ပြန်လွှတ် ပေးခဲ့သည်။ Source #370 တွင်ကြည့်ပါ။

[79] နမူနာဖြစ်စဉ်တစ်ခုတွင် KNLA တပ်မဟာ (၅) တပ်မဟာမှူး စောဖါးမီးသည် စစ်ရေးကန့်သတ်နယ်မြေအတွင်းရောက်ရှိနေသည့် ပုဒ်မဖြင့် ရွာသားတစ်ဦးကိုဖမ်းဆီးခဲ့ပြီး ၎င်းအား တစ်ညလုံးချုပ်နှောင်ကာ ခန္ဓာကိုယ်ကိုညှဉ်းဆဲခဲ့သည်။ Source #90 တွင်ကြည့်ပါ။

လက်လွှဲပေးခံရပြီး [80] ဖမ်းချင်သည့်အချိန်အထိ ဖမ်းထားခြင်း [81]၊ ပြန်လွှတ်ပေးရန်အတွက် အတင်းအဓမ္မငွေကြေးပေးခိုင်းခြင်း [82]၊ အရိုက်နှက်ခံရခြင်း [83]၊ နှိပ်စက်ခံရခြင်း [84] သို့မဟုတ် အသတ်ခံရခြင်း [85] စသည့်အဖြစ်အပျက်များအကြောင်းသတင်းပေးပို့မှုများလည်းရှိခဲ့သည်။

> "စောဖါးမီး (KNLA တပ်မဟာ-၅ တပ်မဟာမှူး) သည် စော --- ကိုတွေ့သည့်အခါ (ပိတ်ထားသည့်လမ်းပေါ်တွင် ဘာလုပ်နေသလဲဟု) မေးရာ စော --- က လမ်းပိတ်ထားကြောင်းကို မကြားမိ၊ မသိရှိကြောင်း၊ လမ်းပိတ်ထား သည်ဟု ကြိုသိခဲ့ပါက လာခဲ့မည်မဟုတ်ကြောင်းလည်းပြောသည်။ သို့ရာတွင် စောပါးမီးက ၎င်း၏အဖြေကို လက်မခံနိုင်ဘဲ ဆူငေါက်မြဲ ဆက်လက်ဆူငေါက်သည်။ ဆူငေါက်နေရင်းကလည်း စော---ထံမှ ပိုက်ဆံတောင်း သည်။ စော---က အကယ်၍ ကျပ် ၁၀၀,၀၀၀ (ဒေါ်လာ ၁၁၄) ပေးရမည်ဆိုပါက ပေးနိုင်ကြောင်းနှင့် ပေးမည်ဖြစ်ကြောင်းပြောသည်။ သို့ရာတွင် စောပါးမီးသည် စော--- ကို ကြိမ်းမြဲ ဆက်ကြိမ်းနေခဲ့ပြီး (၂၀၁၂ အောက်တိုဘာ ၁၅ ရက်) နံနက် ၁၂ နာရီတွင် စောပါးမီးသည် စော --- ၏ မျက်လုံးကိုစည်းနှောင်ကာ ရွာသားတစ်ဦး၏အိမ်အောက်၌ ကြိုးချည်ထားခဲ့ပြီး သုံးကြိမ်ထိုးကြိတ်သည်။ ၎င်းအား ကြိုးချည်ပြီးနောက် စောပါးမီးသည် ကျပ် ၁၀၀,၀၀၀ ကို မယူ (လို) တော့ဘဲ စော --- ၏ မျက်လုံးကိုသာ စည်းနှောင်ကာ နံနက် ၁၂ နာရီ (သန်းခေါင်) မှ မနက်မိုးလင်းသည်အထိ ကြိုးချည်ထားသည့်အတိုင်း ထားခဲ့သည်။"
>
> *KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ ဖြစ်ပျက်မှုရေးသားသတင်းပေးပို့ချက်၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (အောက်တိုဘာလ ၂၀၁၂ ခုနှစ်)*[86]

> "၂၀၁၃ မတ်လ ၂၅ ရက်နေ့တွင် SOC (တပ်မတော် ဗျူဟာတပ်ရင်း) အမှတ် (၈) ၏ တပ်ရင်းမှူး အောင်ကျော်ကေးသည် စောမီးလူ စစ်စခန်း၌ ရွာသားတစ်ဦးကို ချုပ်နှောင်ကာ ဒုက္ခပေးခဲ့သည်။ ထိုရွာသားမှာ တောင်ငူသို့ပြောင်းရွှေ့နေထိုင်နေသူဖြစ်သော်လည်း ရွာတွင်ကျန်ခဲ့သည့် မောင်နှမသားချင်းများနှင့် ကျန် ရွာသားများထံ အလည်ပြန်လာသူဖြစ်သည်။ ၎င်းပြန်လာသောအခါ အစိုးရစစ်တပ် (တပ်မတော် စစ်သား) က ၎င်းအားဖမ်းဆီးပြီး ဒုက္ခပေးကာ မတ်လ ၂၆ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။"
>
> *KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရဒေသတွင်းအခြေအနေတင်ပြချက်၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်းအရှေ့ပိုင်း (၂၀၁၃ ဖေဖော်ဝါရီမှ ဧပြီ)*[87]

---

[80] ၂၀၁၂ ဖေဖော်ဝါရီလအတွင်း မွတ်စလင်အမျိုးသားတစ်ဦးသည် မှတ်ပုံတင်အထောက်အထားမပါရှိမှုကြောင့် KNLA တပ်သားများ၏ ဖမ်းဆီးကာ နယ်ခြားစောင့်တပ်သားများလက်သို့ လွှဲပြောင်းပေးခြင်းကိုခံခဲ့ရပြီး ဦးခေါင်းနှင့် နောက်ကျောတို့တွင် ရိုက်နှက်ခံခဲ့ရသည်။ Source #112 တွင်ကြည့်ပါ။

[81] နမူနာဖြစ်စဉ်တစ်ခုတွင် ၂၀၁၂ အောက်တိုဘာလက ဖာပွန်ခရိုင်အတွင်း၌ ရွာသားတစ်ဦးသည် KNU ထံသတင်းပို့သည်ဆိုသော စွပ်စွဲချက်ဖြင့် တပ်မတော်တပ်ဖွဲ့များ၏ ခြောက်ရက်တာ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံခဲ့ရသည်။ Source #374 တွင်ကြည့်ပါ။ အောက်တို ဘာလအတွင်းမှာပင် KNLA စစ်သားတစ်ဦးသည် စော --- အားဖမ်းဆီးကာ တစ်ညလုံးထိန်းသိမ်းထားခဲ့သည်။ Source #90 ကို ကြည့်ပါ။

[82] ၂၀၁၂ နိုဝင်ဘာလအတွင်း နယ်ခြားစောင့်တပ်မှ စစ်သားတစ်ဦးသည် အရပ်သားတစ်ဦးကိုချုပ်နှောင်ထားခဲ့ပြီး ကျပ် ၃၀၀,၀၀၀ ပေးမှ ပြန်လွှတ်ပေးခဲ့သည်။ Source #91 ကိုကြည့်ပါ။

[83] ၂၀၁၃ ဇွန် ၂၆ ရက်တွင် တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်အတွင်း ဆိုင်ကယ်ဖြင့်ခရီးသွားနေသော ရွာသားတစ်ဦးကို တပ်မတော် စစ်သားများကရပ်တန့်စေခဲ့ပြီး ၎င်းတို့၏စစ်စခန်းထဲ၌ အဆိုပါရွာသားကို ချုပ်နှောင်ထားကာ အရက်အတင်းသောက်ခိုင်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာအနိုင်ကျင့်ခြင်းများပြုလုပ်ခဲ့သည်။ Source #262 ကိုကြည့်ပါ။

[84] Source #374 ကိုကြည့်ပါ။

[85] ၂၀၁၂ ဇွန် ၂၅ ရက်တွင် သထုံခရိုင် ဘားအံမြို့နယ်မှရွာသားနှစ်ဦးကို နယ်ခြားစောင့်တပ် ၁၀၁၄ မှ စစ်သားရှစ်ဦးက လက်လွတ်စပယ်ဖမ်းဆီးကာ KNLA စစ်သားများဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ထို့နောက်တွင် ရွာသားနှစ်ဦးမှာ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆက်ဆံ ခံခဲ့ရပြီး ယင်းကြောင့် တစ်ဦးသေဆုံးခဲ့သည်။ Source #16 ကိုကြည့်ပါ။

[86] Source #90 ကိုကြည့်ပါ။

[87] Source #370 ကိုကြည့်ပါ။

## (ဂ) ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်ခြင်း

### ညှဉ်းပန်းနှိပ်စက်ခြင်း

၁၉၈၄ ခုနှစ် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးပဋိညာဉ် (CAT) အပိုဒ် (၁) တွင် "ညှဉ်းပန်းနှိပ်စက်မှု" ကို ယခုလို အဓိပ္ပာယ် ဖွင့်ဆိုသည်။

*"ကာယကံရှင်ထံမှဖြစ်စေ၊ တခြားလူတစ်ဦးထံမှဖြစ်စေ အချက်အလက် သို့မဟုတ် ဖြောင့်ချက်ပေးဝန်ခံမှုကို ရရှိစေရန် အလို့ငှာလည်းကောင်း၊ ထိုသူဖြစ်စေ တခြားလူဖြစ်စေ ကျူးလွန်ခဲ့သည့် သို့မဟုတ် ကျူးလွန်ခဲ့သည်ဟု သံသယရှိခံရသည့် အပြုအမူ တစ်စုံတစ်ခုအတွက် အပြစ်ပေးခြင်းအနေဖြင့်သော်လည်းကောင်း၊ ထိုသူကိုဖြစ်စေ တခြားလူကိုဖြစ်စေ ခြိမ်းခြောက်ခြင်း သို့တည်းမဟုတ် အကျပ်ကိုင်ခြင်းအနေဖြင့်သော်လည်းကောင်း၊ တစ်စုံတစ်ရာသော ခွဲခြားဆက်ဆံမှုအပေါ် အခြေခံသည့် မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေသော်လည်းကောင်း၊ တစ်စုံတစ်ယောက်သော သူအပေါ် တမင်တကာရည်ရွယ်ချက်ရှိရှိ သက်ရောက်စေသည့် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်သော နာကျင်မှု သို့မဟုတ် အတိဒုက္ခခံစားရမှုသည် ညှဉ်းပမ်းနှိပ်စက်မှုဖြစ်ပြီး ယင်းသည် ပြည်သူ့ဝန်ထမ်း အရာရှိ သို့မဟုတ် တရားဝင် လုပ်ပိုင်ခွင့်ကိုကိုင်၍လုပ်ကိုင်နေသော တခြားပုဂ္ဂိုလ်တစ်ဦး၏ ပယောဂလှုံ့လ ကြောင့်ဖြစ်စေ၊ ၎င်းတို့၏ စေ့ဆော်မှုကြောင့်ဖြစ်စေ၊ သဘောတူညီမှုအရဖြစ်စေ၊ မကြည်မဖြူလိုက်လျောမှုအရဖြစ်စေ ခံစားရသည့်အချိန် အခါမျိုး၌ ဖြစ်ပွားခြင်းကို ညွှန်းဆိုသည်။"*

၂၀၁၂ခု ဇန်နဝါရီလမှစပြီး KHRG ဒေသခံအဖွဲ့ဝင်များသည် ရွာသူရွာသားများအပေါ် တပ်မတော်နှင့်နယ်ခြားစောင့်တပ် (BGF) စစ်သားများ၏ ရည်ရွယ်ကာဒုက္ခပေးမှုကြောင့် ခံစားရသည့် ရုပ်ပိုင်းနာကျင်ခံစားရမှုများအကြောင်း သတင်းစုဆောင်းကာ မှတ်တမ်းတင်ခဲ့သည်။ အဆိုပါဖြစ်စဉ်များ၌ ရွာသားမှာ KNLA သတင်းပေး သို့မဟုတ် အားပေးကူညီသူဖြစ်သည် ဆိုသော သက်သေနှင့်တကွ (သို့) စွပ်စွဲ၍ဖြစ်စေ အပြစ်ဒဏ်ပေးရန် ရည်ရွယ်လုပ်ဆောင်ခြင်းမျိုးဖြစ်သည်။ ဖာပွန် [88] ၊ သထုံ [89] ၊ နှင့် မြိတ်-ထားဝယ် [90] ခရိုင်များ၌ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းတင်ထားသော အဆိုပါဖြစ်စဉ်ဖြစ်ရပ်များကိုကြည့်လျှင် ရွာသားများသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (EAG) များနှင့် ပူးပေါင်းသည်ဟုအထင်ခံရမှုကြောင့် ဆက်လက် အငြိုးထားခံနေရဆဲဖြစ်သည်ကို ပြသလျက်ရှိသည်။ သာဓကအားဖြင့် ရွာသားတစ်ဦးပိုင်နွားတစ်ကောင်သည် KNLA ထောင်ထားသည့် မိုင်းတစ်လုံးကိုနင်းမိပြီးနောက် တပ်မတော်စစ်သားများက အဆိုပါရွာသားအား KNLA အတွက် မိုင်း ထောင်ပေးသည်ဟု စွပ်စွဲကာ မျက်နာကိုပြင်းထန်စွာရိုက်နက်သောကြောင့်၎င်းသည်နောက်ထပ်တစ်နှစ်ကျော်ကြာသည်အထိ နေအိမ်မှအပြင်မထွက်နိုင်သည်အထိဖြစ်ရသည်။[91] နောက်ထပ် သီးခြားဖြစ်ရပ်တစ်ခုတွင်လည်း ၂၀၁၂ ခုနှစ် ဩဂုတ်လ အတွင်း KNLA နှင့် BGF တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် အဆိုပါနယ်မြေအတွင်းရှိအရပ်သားတစ်ဦးသည် KNLA အတွက် သူလျှိုလုပ်ပေးသည်ဟု စွပ်စွဲခံရကာ နှစ်ရက်တာအနိုင်ကျင့်ခံခဲ့ရသည်။[92] ၂၀၁၂ ဖွန်လအတွင်း ရွာသား နှစ်ဦးအား KNLA တပ်သားများဖြစ်သည်ဟု စွပ်စွဲကာ အပြင်းအထန်အနိုင်ကျင့်နှိပ်စက်ခံရသဖြင့် တစ်ဦးသေဆုံးခဲ့သည်။[93]

"သူတို့ (နယ်ခြားစောင့်တပ်သား) တွေ ၂၀၁၂ ဩဂုတ်လ ၅ ရက်နေ့မှာ သူတို့ရဲ့စစ်စခန်းစဆောက်တော့ (KNU) အရာရှိ စောဖားမီးရဲ့တပ်တွေနဲ့ နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ က စောမောင်ချစ်ရဲ့တပ်တွေ

---

[88] ၂၀၁၂ ခုနှစ်မှစပြီးဖာပွန်ခရိုင် အတွင်းဖြစ်ပွားသည်ဟု သတင်းပေးပို့ခဲ့သည့် ဖြစ်ရပ်လေးခုအကြောင်း အစီရင်ခံစာ အပြည့်အစုံဖတ်ရန် Source #16, #88, # 90 and #312 တို့ကိုကြည့်ပါ။

[89] သထုံခရိုင်အတွင်းဖြစ်သည့် ဖြစ်ရပ်တစ်ခုအကြောင်းကို Source #16 တွင်ကြည့်ပါ။

[90] Source #374 ကိုကြည့်ပါ။

[91] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ အတွင်း ခြေမြန်တပ်မ ၄၄၊ ခြေလျင်တပ်ရင်း ၉ တပ်ခွဲမှူးကိုကိုဝင်းနှင့် တပ်စုမှူးကျော်သူတို့၏ညှဉ်းပန်းနှိပ်စက်မှု ခံရသည့် ရွာသားနှင့်ပတ်သက်သည့်ဖြည့်စွက်အချက်အလက်များကို Source #88 တွင်ကြည့်ပါ။

[92] Source #312 တွင်ကြည့်ပါ။

[93] Source #16 တွင်ကြည့်ပါ။

အချင်းချင်းပစ်ကြခတ်ကြ တယ်။ စောမောင်ချစ် [94] ရဲ့စစ်သားတချို့ ဒဏ်ရာရကြ၊ သေကုန်ကြတယ်။ အဲဒီမှာ စောမောင်ချစ်ရဲ့တပ်တွေ စောဖားမီးကို အရမ်းဒေါသထွက်ကြပြီး (နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ က အရာရှိ စောဝေးလူးနဲ့သူ့စစ်သားတွေက) သူ့ကို (ရွာသား စော --- ကို) သစ်ပင်ရင်းမှာကြိုးနဲ့ချည်ပြီး ထိုးကြိတ်ကြ၊ ရိုက်ကြနက်ကြတယ် နောက်တော့ စော --- ကို တောထဲကို ခေါ် သွားကြတယ် (စော --- ကို စစ်သားတွေနဲ့အတူ တောထဲမှာ ကင်းလှည့်ခိုင်းတယ်။) နှစ်ရက်ကြာတော့ စော --- ကို ပြန်လွှတ်ပေးလိုက်တယ်။ သူဘာအပြစ်လုပ်မိလို့မှန်းကို စော--- မသိဘူး။ သူ့ကိုပြန်လွှတ်ပေးပြီး တစ်ရက်၊နှစ်ရက်အကြာ မှာ သူပြန်ကြားတာက စောဝေးလူးကပြောတယ်ပေါ့။ "စော---က KNLA သူလျှိုဖြစ်နေလို့ ငါတို့ သူ့ကိုဝိုင်းနှိပ်စက်လိုက်ကြ တာ" တဲ့။ အဲဒါ သူပြောတာပဲ။"

*KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရဒေသတွင်း အခြေအနေတင်ပြချက်၊ ဘားသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ ဩဂုတ်မှ စက်တင်ဘာ)*[95]

"စော B--- ကို KNU ထောက်လှမ်းရေးဆိုပြီးတော့ စွပ်စွဲတယ်။ သူနဲ့သူ့ဦးလေး စော B--- တို့တွေ (မဲ့ကနဲထီးရွာကို) စော B--- ရဲ့ သမီးမီးဖွားဖို့ ငွေကျပ် ၅၅, ၀၀၀ (အမေရိကန် ၅၅.၇၂ ဒေါ်လာ)[96] လိုတယ်ဆိုလို့ ပေးဖို့သွားနေတုန်းမှာ နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ လက်အောက်က စစ်သားရစ်ယောက်က သူတို့ကို မဲ့ကနဲထီးရွာမှာတွေ့ပြီး စပြီးစစ်လား မေးလားလုပ်တော့တာပဲ။ နောက်ကျတော့ (နယ်ခြားစောင့်) စစ်သားတွေက သူတို့နှစ်ယောက်ကို KNU ထောက်လှမ်းရေးပါ ဆိုပြီး တုတ်တွေ၊ သေနတ်တွေသုံးပြီး ရိုက်နက်သတ်ဖြတ်ပစ်လိုက်တယ်။ စော B--- လည်း ရိုက်နက်ထိုးကြိတ်ခံရပြီး တော်တော်ပြင်းပြင်းထန်ထန် အနာတရ ဖြစ်သွားတယ်။"

*စော---- (ကျား၊ ၂၃) ၊ ------ကျေးရွာ၊ ဖားအံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၂ စက်တင်ဘာလအတွင်း တွေ့ဆုံမေးမြန်း)*[97]

KHRG ၏မှတ်တမ်းများအရ ရွာသူကြီးများသည် တပ်မတော်နှင့် တိုင်းရင်းသားတပ်ဖွဲ့များနှင့် ပူးပေါင်းလိမ့်မည်ဟု အထင်ခံရသဖြင့် ဒုက္ခရောက်ရသည်ကိုတွေ့ရသည်။ ယင်းကြောင့် ရွာသူကြီးများရော ရွာသားများပါ ညှဉ်းပန်းနှိပ်စက်ခံ ကြရသည်။ ဖြစ်ရပ်တစ်ခုတွင် အစည်းအဝေး၌ KNLA ၏လှုပ်ရှားမှုများသတင်းကိုပေးခိုင်းသည့်အခါ မပေးရမလားဟုဆိုကာ BGF စစ်သားများက ရွာသူကြီးတစ်ဦးကို နှိပ်စက်ကြသည်။[98] သီးခြားဖြစ်ရပ်တစ်ခုတွင်လည်း ရွာသားတစ်ဦးသည် KNLA ထံမှ စာတစ်စောင်ကို ၎င်း၏ရွာသူကြီးထံသွားရောက်ပေးပို့ပေးရန် သဘောတူညီခဲ့သည်။ ရွာသူကြီးက ဖြစ်စဉ်ကို တပ်မတော်ထံ သတင်းပေးလိုက်ပြီးနောက်တွင် စာယူလာမှုကြောင့် အဆိုပါရွာသားအား တပ်မတော်စစ်သားများက ခြောက်ရက်တိုင် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

"(KNLA) တပ်မှူးက သူ့ကို (ဦးလေး-----) ဥက္ကဋ္ဌ (သူကြီး) ဆီ စာတစ်စောင်ယူသွားခိုင်းတယ်။ ဥက္ကဋ္ဌနဲ့ တခြား တာဝန်ရှိတဲ့လူတွေလည်း စုဝေးပြီးတိုင်ပင်ကြတယ်။ စာထဲမှာပါတာက (KNLA ကို အကူအညီတစ်ခု) ပေးဖို့ကိစ္စပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး (ရွာသူကြီးက) KNLA ကိုအကူအညီပေးဖို့မစီစဉ်ဘဲ ဦးလေး.....[99] ရဲ့စာထဲမှာပါတဲ့ကိစ္စကို

---

[94] တပ်မှူးမောင်ချစ် (မော်ဆီးဟုလည်းခေါ်) သည် ဖာပွန်ခရိုင်ရှိ တပ်မတော်နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ ၏တပ်ရင်းမှူးဖြစ်သည်။ ဘားအံခရိုင် ကတ္တိုု ရှိတပ်ရင်း ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉ နှင့် ၁၀၂၀ များကိုကွပ်ကဲရသည့် အဆင့်မြင့်နယ်ခြားစောင့်တပ်မှူး မောင်ချစ်သူ (ချစ်သူဟုသုံးနှုန်းလေ့ရှိ) နှင့်မရောထွေးမိရန်ဖြစ်သည်။

[95] Source #312 တွင်ကြည့်ပါ။

[96] ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ ဤအစီရင်ခံစာပါ ကျပ်ငွေလဲလှယ်မှုခန့်မှန်းတန်ဖိုးများကို တရားဝင်ဈေးကွက်ပေါက်ဈေး ဖြစ်သည့် တစ်ဒေါ်လာလျှင် ၉၈၇ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားသည်။

[97] Source #16 ကိုကြည့်ပါ။

[98] ၂၀၁၂ ခု ဇန်နဝါရီလအတွင်း နယ်ခြားစောင့်တပ်ရင်း ၁၀၁၃ တပ်ရင်းမှူးစောဖားဒါးသည် ၉မမ စက်သေနတ်ငယ်ဖြင့် စော..... ၏ရင်ဝ ကိုချိန်ပြီး ၎င်း၏မျက်နှာကိုရိုက်ကာ ၎င်းသည် KNLA စစ်သားများရွာထဲရောက်နေကြောင်းကို နယ်ခြားစောင့်တပ်အား သတင်းမပေး ကြောင်း၊ KNLA အား အစားအစာထောက်ပံ့ပေးကြောင်းပြောသည်။ Source #363 ကိုကြည့်ပါ။

[99] *ဖထီး/ထီး* ဆိုသည်မှာ "ဦးလေး" ဟုအဓိပ္ပာယ်ရပြီး အသက်ကြီးအမျိုးသားတစ်ဦးအား ရိုသေသမှုဖြင့်သုံးနှုန်းသည့် ရင်းနှီးပြီးသား စကောကရင်စကားလုံးဖြစ်သော်လည်း အမှန်တကယ် ဆွေမျိုးတော်စပ်သည်ဟု အမြဲမှတ်ယူရန်မလိုပါ။

(တပ်မတော်) တပ်မ (၃၃) က စစ်ဦးစီးမှူးဆက်သန်းဆီ သတင်းသွားပေးလိုက်တယ်။ ၂၀၁၂ အောက်တိုဘာ ၁၀ ရက်မှာ စစ်သားတွေက (ဦးလေး ---) ကိုဖမ်းတယ်။ သူ့ကိုလာစစ်တိုင်း ရိုက်တယ်။ စစ်တိုင်းစစ်တိုင်းမှာ သူ့ကို (ပလပ်စတစ်နဲ့စွပ်) ပြီး စောင်နဲ့အုပ်တယ်။ သူ့ကိုခြောက်ရက်ခေါ်ထားပြီး တစ်ရက်တစ်ကြိမ်အစာကျွေးတယ်။ သူတို့ သူ့ကိုတစ်ရက်တစ်ကြိမ် ကျွေးတဲ့ ထမင်းက ကြက်ဥတစ်လုံးစာပဲရှိပြီး ဘာမှထပ်မကျွေးတော့ဘူး။ သူ့ကို ကရင် (KNLA) သူလျှိုဆိုပြီး စွပ်စွဲပြီး သူ့ဆီကနေ သေနတ်နဲ့ ဝေါ်ကီတော်ကီ (လမ်းလျှောက်စကားပြောစက်) တောင်းတယ်။ တောင်းတိုင်းတောင်းတိုင်းမှာ လည်း သူ့ကိုရိုက်နက်သေးတယ်။ သူ့ကိုရိုက်တိုင်းရိုက်တိုင်းလည်း ဦးလေး --- က *"ကျုပ်မှာ သေနတ် (ပစ္စတို) မရှိဘူး။ ဝေါ်ကီတော်ကီ (စကားပြောစက်) မရှိဘူး"* ပဲဖြေတယ်။"

*KHRGဒေသခံအဖွဲ့ဝင်တစ်ဦး၏ ဖြစ်ပျက်မှုရေးသားသတင်းပေးပို့ချက်၊ လယ်မူလားမြို့နယ်၊*
*မြိတ်-ထားဝယ်ခရိုင်/ တနင်္သာရီတိုင်းဒေသကြီး(အောက်တိုဘာ ၂၀၁၂)*[100]

အဆိုပါရွာသားသည် သူ့အားဖမ်းထားသူများလက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး မိသားစုနှင့်အတူ ထိုနယ်မြေမှ တိမ်းရှောင်သွားခဲ့သည်မှာ သူ့အားညှဉ်းပန်းနှိပ်စက်မှုအတွက်တာဝန်ရှိသည့် ဦးစီးမှူး နောက်တစ်နှစ်အကြာတွင် ထိုနယ်မြေမှပြောင်းရွှေ့ပြီးသွားသည့်အချိန်အထိဖြစ်သည်။

"ငင်းအား ဗမာ (တပ်မတော်စစ်သား) များကပြန်မလွှတ်ပေးသဖြင့် စစ်သားများမူးနေစဉ် သူလည်း ထွက်ပြေးလာ ခဲ့သည်။ ထို့နောက် မိန်းမ၊ ကလေးများနှင့်အတူ တောထဲ၌နေ့စဉ်သွားရောက်ပုန်းအောင်းနေခဲ့ရသည်။ သူထွက်ပြေးတိမ်း ရှောင်ခဲ့ပြီးနောက် ဆေးကုသရန်အတွက် ငွေကျပ် ၅၀,၀၀၀ ကုန်ကျခဲ့ရသည်။ နေရေးထိုင်ရေး၊ ရောဂါဘယ၊ စားရေး သောက်ရေးနှင့် (သူ့အားညှဉ်းပန်းနှိပ်စက်မှုအတွက် တာဝန်ရှိသည့်တပ်အရာရှိနှင့်နီးနီး၌) သွားရောက် အလုပ် မလုပ်ရဲခြင်း စသည်တို့ကြောင့် မိသားစုတစ်ခုလုံးဒုက္ခရောက်ခဲ့ကြသည်။ ထို့ကြောင့် ငင်း၏လယ်နှစ်ကွက်ကိုရောင်းချပြီးနောက် မြစ်ဖျားပိုင်းသို့သွားရောက်ကာ ကြိမ်ပင်နှင့် ကြိုးလုပ်ရာတွင် သုံးသည့်အပင်များကို သယ်ယူရောင်းချကာ ပိုက်ဆံရှာရသည်။ ငင်းသည်မြစ်ဖျားပိုင်း၌ တစ်နှစ်ကြာနေခဲ့ရပြီး အဆိုပါအရာရှိပြောင်းရွှေ့သွားပြီးနောက်မှသာ ပြန်လာကာ .........ကျေးရွာ နှင့်ကပ်လျက်၌ နေထိုင်သည်။"

*KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ ဖြစ်ပျက်မှုရေးသားသတင်းပေးပို့ချက်။ လဲမူးလာမြို့နယ်၊*
*မြိတ်-ထားဝယ်ခရိုင်/ တနင်္သာရီတိုင်းဒေသကြီး (အောက်တိုဘာ ၂၀၁၂)*[101]





အထက်ပါဓာတ်ပုံများကို KHRG က ၂၀၁၂ စက်တင်ဘာ ၂၅ ရက်တွင် လက်ခံရရှိခဲ့သည်။ ပုံများမှာ KNU ထောက်လှမ်းရေးဟု သံသယရှိခံရသဖြင့် ၂၀၁၂ ဇွန် ၂၅ ရက်တွင် နယ်ခြားစောင့်တပ်ရင်း ၁၀၁၄ ၏ နှိပ်စက်ညှဉ်းပန်းခြင်းခံခဲ့ရသည့် သထုံခရိုင် ဘားအံမြို့နယ်မှ ရွာသားနှစ်ဦးဖြစ်သည်။ ဝဲဘက်ပုံမှာ ညှဉ်းပန်းနှိပ်စက်ခံရသဖြင့် သေဆုံးသွားခဲ့သည့် အသက် ၅၂ နှစ်ရှိ စော ---ဖြစ်ပြီး ယာဘက်ပုံမှာ အသက်မသေဘဲကျန်ခဲ့သည့် အသက် ၆၇ နှစ်ရှိ စော --- ဖြစ်သည်။[102] *[ဓာတ်ပုံများ - KHRG]*

**အကြမ်းဖက်မှု**

[100] Source #374 ကိုကြည့်ပါ။

[101] Source #374 ကိုကြည့်ပါ။

[102] Source #16 ကိုကြည့်ပါ။

ယခုခေါင်းစဉ်မှာ အပြည်ပြည်ဆိုင်ရာဥပဒေအရဖွင့်ဆိုချက်အရ ညှဉ်းပန်းနှိပ်စက်မှုခေါင်းစဉ်အောက်တွင် အကျုံးမဝင်သော်လည်း လက်နက်ကိုင်စစ်သားများ၏ အရပ်သားများအပေါ် ကျူးလွန်သည့်ထိခိုက်နာကျင်စေမှု နှင့် သက်ဆိုင်သောဖြစ်ရပ်များနှင့် ပတ်သက်၍ ရွာသူရွာသားများ၏ တင်ပြတိုင်တန်းချက်များကိုအကျဉ်းချုပ် ထည့်သွင်းထားခြင်းဖြစ်သည်။

၂၀၁၂ ဇန်နဝါရီလမှစကာ တောင်ငူ၊ ဖာပွန်၊ ဘားအံနှင့် ဒူးပလာယာခရိုင်တို့မှရွာသားများသည် တပ်မတော်၊ တပ်မတော် နယ်ခြားစောင့်တပ်၊ KNLA နှင့် DKBA စစ်သားများ၏ အရပ်သားများအပေါ် အကြမ်းဖက်ဆက်ဆံမှုဖြစ်ရပ်များကို သတင်းပေးတင်ပြလာကြသည်။ အောက်ပါဇယားကွက်တွင် အဆိုပါဖြစ်ရပ်များဖြစ်ပွားခဲ့သည့် နေ့စွဲ၊ နေရာနှင့် အသေးစိတ်အချက်များနှင့်တကွရရှိပါက ကျူးလွန်သူနှင့်ပတ်သက်သည့် အချက်အလက်များရရှိပါကလည်း ထည့်သွင်း ဖော်ပြထားသည်။

| ဖြစ်ပွားသည့်နေ့ | ဖြစ်ပွားသည့်နေရာ | ဖြစ်ပျက်ပုံအသေးစိတ် | ကျူးလွန်သူ |
|---|---|---|---|
| ၂၀၁၃ ဇန်နဝါရီ ၁၅ | ဘားအံခရိုင် | အရက်မူးနေသည့်စစ်သားကနေအိမ်အတွင်းသို့ဗုံးတစ်လုံးပစ်သွင်းသဖြင့်မိခင်ဖြစ်သူ၏ခြေသလုံးနှင့်တစ်နှစ်သားကလေး၏ခါးတွင် ဒဏ်ရာရ[103] | BGF တပ်ရင်းမှူး စောဒေးဒေး |
| ၂၀၁၃ ဇွန် ၂၆ | တောင်ငူခရိုင် | အသက်၃၀ရှိရွာသားဆိုင်ကယ်ဖြင့်သွားစဉ်ရပ်တန့်ခိုင်းပြီး စစ်စခန်း အတွင်း အတင်းအရက်သောက်ခိုင်း၊၎င်းရွာ၌သေနတ်ဒင်ဖြင့် ထုရိုက်ခံရ[104] | တပ်မတော် |
| ၂၀၁၃ အောက်တိုဘာ ၁၈ | ဖာပွန်ခရိုင် | အရက်မူးနေသည့် လုံခြုံ ရေးအစောင့်ကလေ့ သမားကို ၆ ပေရှည် သည့် သံတုတ်ဖြင့်ရိုက်[105] | လုံခြုံရေးအစောင့် |
| ၂၀၁၃ | ဘားအံခရိုင် | ဆရာများအတွက် ထား ထားသည့် ငွေကိုပေးရန် ငြင်းဆန်သောကြောင့် ဟုဆိုကာအရက်မူးနေသည့် စစ်သားကရွာသားကို ရိုက်၊ နံရံသို့ကိုင်ပေါက်၊ မျက်နှာနှင့်သုံးကြိမ်၊ ခေါင်းနှင့်နှစ်ကြိမ် ထိ[106] | DKBA စစ်သား |
| ၂၀၁၂ ဖေဖော်ဝါရီ ၁၅ | ဒူးပလာယာ ခရိုင် | မှတ်ပုံတင်မပြနိုင်၍ ရွာသားကိုဖမ်းပြီး ဦးခေါင်း နှင့် ကျောတို့ကို ရိုက်နှက်[107] | KNLA ကရွာသားကို ဖမ်းဆီးခဲ့ ၊ BGF က ကာယကံမြောက် |

[103] BGF တပ်ရင်းမှူးစောဒေးဒေးသည် ပထမ အိမ်ထဲတွင်ရှိနေသည့်ထိုအမျိုးသမီးထံမှ ဓာတ်ဆီတောင်းသည်။ မရှိဟု ပြောသည့်အခါ ၎င်းသည် အမ်-၇၉ လက်ပစ်လောင်ချာကိုယူကာ အမျိုးသမီးထံသို့သွားပြီး ချိန်ရွယ်ပစ်ခတ်သည်။ ကျည်ဆန်ဗုံးသည် စက္ကန့်အနည်းငယ် အကြာတွင် လောင်ချာမှထွက်သွားသည်။ ဗုံးကျည်သည် မ......၏ခြေသလုံးနှင့် ၎င်း၏ခြေသလုံးပေါ်ထိုင်နေသည့် တစ်နှစ်ခွဲအရွယ်ကလေးငယ်ကို ထိမှန်သည်။ အဆိုပါဗုံးအမျိုးအစားသည် ပေါက်ကွဲရန်အတွက် အကွာအဝေးအတိုင်းအတာတစ်ခု အထိ သွားရမည်ဖြစ်သဖြင့် မပေါက်ကွဲသော်လည်း မအေးအေးဝင်း၏ခြေသလုံးနှင့် ကလေးငယ်၏ခါးတို့ ဒဏ်ရာရရှိသွားခဲ့သည်။ Source #280 ကိုကြည့်ပါ။

[104] Source #249 နှင့် 262 တို့ကိုကြည့်ပါ။

[105] Source #364 ကိုကြည့်ပါ။

[106] Source #241 ကိုကြည့်ပါ။

[107] Source #112 ကိုကြည့်ပါ။

| | | | |
|---|---|---|---|
| | | | နိုပ်စက်မှုကျူးလွန် |
| ၂၀၁၂ စက်တင်ဘာ | ဒူးပလာယာခရိုင် | စားစရာတောင်းသည်ကို မကြားမိသည့် အသက် ၂၀ ရှိ ထွန်စက်မောင်းသမား တစ်ဦး အဝေးမှ လှမ်း အပစ်ခံရပြီး ခြေထောက်တွင် ဒဏ်ရာရ[108] | DKBA တပ်စုမှူး နဲရော |
| ၂၀၁၂ အောက်တိုဘာ ၁၅ | ဖာပွန်ခရိုင် | ပိတ်ထားသည့်လမ်းပေါ် တက်သည်ဟုရွာ သားကိုစွပ်စွဲပြီးသုံးကြိမ်ထိုးကြိတ်၊အိမ်တစ် လုံးအောက်၌ တစ်ညလုံး ကြိုးဖြင့် ချည်ထား[109] | KNLA တပ်မဟာ ၅ တပ်မဟာမှူး စောဖားမီး |
| ၂၀၁၂ | ဖာပွန်ခရိုင် | စစ်သားက ရွာထဲဝင်လာ စဉ် KNLA စစ်သားများကို မြင်ပြီးနောက် ၉-မမ စက်သေနတ်ငယ်ဖြင့် ပစ်သဖြင့် ၆၅ နှစ်ရှိ အမျိုးသားတစ်ဦးခေါင်းကိုအကြိမ်ကြိမ်ထိ မှန်ခံရ[110] | BGF ၁၀၁၃ စစ်သား |
| ၂၀၁၂ | ဖာပွန်ခရိုင် | စာသွားမပေးမှုဖြင့်၄၆နှစ်ရှိအမျိုးသားတစ် ဦးရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရ[111] | အရာရှိ အောင်သူရ ကွပ်ကဲသည့်တပ်မတော် ခလရ ၂၁၈ |
| ၂၀၁၂ဇူလိုင်- အောက်တိုဘာ | ဖာပွန်ခရိုင် | စာသွားမပေးမှုဖြင့် အသက် ၅၀ အရွယ် အမျိုးသား တစ်ဦး လက်နှင့် မျက်နှာ တို့တွင် ရိုက်နက်ခံရ[112] | ခလရ၁၀၂၊စစ်ကြောင်း (၂)၊တပ်မ၄၄ စစ်သားများ |
| ၂၀၁၂ နိုဝင်ဘာ ၂ | ဖာပွန်ခရိုင် | ဆက်ကြေးမပေးမှုဖြင့် ရွာသားတစ်ဦး အကြိမ် အတော်အတန် ထိုးကြိတ်ခံရ[113] | နယ်ခြားစောင့်တပ် ၁၀၁၄ မှ တပ်ရင်းမှူး စောမောနီး(မောနီးစေး) |

[108] Source #138 ကိုကြည့်ပါ။
[109] Source #90 နှင့် #276 တို့ကိုကြည့်ပါ။
[110] Source #283 နှင့် 375 တို့ကိုကြည့်ပါ။
[111] Source #375 ကိုကြည့်ပါ။
[112] Source #147 ကိုကြည့်ပါ။
[113] Source #91 နှင့် 276 တို့ကိုကြည့်ပါ။

## (ဃ) အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

ပဋိပက္ခဖြစ်ပွားစဉ်ကာလအတွင်း KHRG သုတေသနပြုရာဒေသများ၌ အမျိုးသမီးများနှင့်မိန်းကလေးများကို စစ်သားများက အဓမ္မပြုကျင့်ခြင်းများနှင့် လိင်မတော်မတရားပြုမှုများရှိခဲ့ကြောင်း ပုံမှန်အစီရင်ခံစာများကို KHRG က ရရှိခဲ့သည်။[114] ဤအမှုများမှာ သဘာဝအရဒေသဆိုင်ရာစစ်မက်ဖြစ်ပွားမှု၏ အကျိုးဆက်တစ်ခုဖြစ်ပြီး၊ အမျိုးသမီးများကို ယင်းသို့ကြိမ်ဖန်များစွာစော်ကားကျူးလွန်ခံရစေသည့်အခြေအနေများသို့တွန်းပို့ခဲ့သည့် စစ်တပ်၏ရာထူးအဆင့်များအတွင်း အရိုးစွဲလာသောအားပေးအားမြှောက်ပြုသည့်အလေ့အထတစ်ခု၏ အကျိုးဆက်တစ်ခုပင်ဖြစ်သည်။[115] ကရင်အမျိုးသမီးများအစည်းအရုံး (KWO) က မှတ်တမ်းတင်ထားသကဲ့သို့ပင် ကျေးရွာသူကြီးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့်အမျိုးသမီးများသည် တပ်မတော်စစ်သားများ၏ အဓမ္မပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများကို အထူးသ ဖြင့် ခံကြရသည်။[116] ၂၀၁၈ ခုနှစ်တွင် အမျိုးသမီးများအပေါ် မည်သည့်နည်းနှင့်မဆိုခွဲခြား ဆက်ဆံခြင်း ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ(CEDAW)က "*ကရင်…အမျိုးသမီးများအပါဝင် ကျေးလက်ဒေသတိုင်းရင်းသားအမျိုးသမီးများကိုလက်နက်ကိုင်အဖွဲ့ ဝင်များကကျူးလွန်သည့်အဓမ္မပြုကျင့်မှုများအပါအဝင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့်အခြားသောအကြမ်းဖက်မှုများကိုအလွန်အမင်းစိုးရိမ်မကင်းဖြစ်ရကြောင်း။ပြစ်မှုအနည်းအကျဉ်းကို တရားစွဲဆိုထားသော် လည်း ယင်းအကြမ်းဖက်မှုပြုသူများပြစ်ဒဏ်မှ သိသာစွာပင် လွတ်ကင်းလျက်ရှိခြင်းနှင့် အကြမ်းဖက်ခံရသူများအပေါ် ခြိမ်းခြောက်သည့် အစီရင်ခံစာများကိုလည်း ကော်မတီက စိုးရိမ်မကင်းဖြစ်ရကြောင်း*" ဖော်ပြပြောဆိုခဲ့သည်။[117]

အပစ်အခတ်မရပ်စဲမီနှစ်အနည်းငယ်အတွင်း၌အဓမ္မပြုကျင့်မှုနှင့် *လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်*မှုအနည်းငယ်ကိုသာလျှင် KHRGသို့အစီရင်ခံခဲ့သည်။ ဖြစ်နိုင်ချေမှာ ယဉ်ကျေးမှု အကြောင်းအရင်းများကြောင့် ကျေးရွာသူကျေးရွာသားများသည် ကာလ ကြာမြင့်စွာက စော်ကားခံရမှုများ၏ ထိခိုက်မှုကိုသာပိုမိုဆွေးနွေးကြသည်။ ၎င်းတို့၏ အတိတ်က လိင်အကြမ်းဖက်မှု အတွေ့အကြုံများနှင့် အနာဂတ်၌ မတရားပြုကျင့်ခံရဖွယ်ရာခြိမ်းခြောက်မှုများကြောင့် ၎င်းတို့အပေါ် တပ်မတော်က အာရုံစိုက်လာစေမည့် ဆောင်ရွက်ချက်ဟူသမျှကို ပြုလုပ်ရန် အထူးပင်တွန့်ဆုတ်ကြကြောင်း ဆက်တိုက်ပင် အစီရင်ခံခဲ့ကြသည်။[118]

ဤအခန်းတွင် အဓမ္မမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၌ စစ်တပ်(သို့) အစိုးရနှင့်ပတ်သက်သူများ ပါဝင်ပတ်သက်ခဲ့သည့်အဖြစ်အပျက်များ ပါဝင်သည်။ ပဋိပက္ခကာလအတွင်း ဒေသခံများ၌ လိင်အကြမ်းဖက်မှုသည် ရံဖန်ရံခါတွင် တိုက်စစ်ဆင်နေသော စစ်အခြေအနေပေါ်တွင် မူတည်နေသည်။ ယင်းမှာ တပ်သားများအများအပြားဝင်ရောက်လာခြင်း (သို့) စစ်တပ်အတွင်းအပြောင်းအလဲများရှိခြင်း (သို့) ဒေသခံများ အပေါ် လိင်မတော်မတရားပြုအမြတ်ထုတ်ခြင်းပြုသည့် လက်နက်ကိုင်စစ်သားများပြားလာခြင်းတို့ကြောင့် အကြမ်းဖက်မှုများ မြင့်တက်လာခဲ့သည်။ အလားတူဖြစ်ရပ်အနေထားကို အောက်၌ဖော်ပြအပ်သည့်အမှုများ တွင် ထင်ရှားစွာတွေ့ရသည်။

114 *Dignity in the Shadow of Oppression: The abuse and agency of Karen women under militarisation*, KHRG, နိုဝင်ဘာလ ၂၀၀၆, စာမျက်နှာ ၄၇ တွင်ကြည့်ပါ။

115 *အထက်တွင်ဖော်ပြထားးသည့်အတိုင်း*

116 *Walking Amongst Sharp Knives,* ကရင်အမျိုးသမီးအစည်းအရုံး၊ ၂၀၁၀ ဖေဖော်ဝါရီ၊ စာမျက်နှာ ၁၄။

117 *Concluding Observations of the Committee to Eliminate Discrimation Against Women: Myanmar*, CEDAW နိုဝင်ဘာ ၂၀၁၈။

118 *All the information I've given you, I faced it myself,* KHRG, ဒီဇင်ဘာ ၂၀၁၁။

## ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစသည့် အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ ရွာသူရွာသားများနှင့် KHRG ဒေသခံအဖွဲ့ဝင်များသည် မြန်မာနိုင်ငံတောင်ပိုင်း ဘားအံ [119] နှင့်ဖာပွန် [120] ခရိုင်များရှိအဓမ္မပြုကျင့်မှုဖြစ်ရပ်တစ်ခုစီ၊ ဖာပွန် [121] နှင့်သထုံ [122] ခရိုင်များရှိ အလားတူလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သုံးခုတို့ကို အစီရင်ခံထားကြသည်။ ဤအစီရင်ခံစာကာလအတွင်း တင်ပြထားသောလိင်အကြမ်းဖက်မှု နှစ်ခုကို တပ်မတော်စစ်သားများကျူးလွန်သည်ဟုယူဆခဲ့ကြပြီး[123] အခြားတစ်ခုကို တပ်မတော်နယ်ခြားစောင့်တပ် (BGF) အဖွဲ့ဝင်တစ်ဦးဟု ယူဆခဲ့ကြသည်။ [124] တစ်ခုသော အဓမ္မပြုကျင့်မှုနှင့်သတ်ဖြတ်မှုသည် BGF တပ်ဖွဲ့တစ်ဖွဲ့မှစစ်သားများက ‌ေ ရာင်းချသည့်မူးယစ်ဆေးများနှင့်လည်း ဆက်နွယ်လျက်ရှိခဲ့သည်။ [125] လူဦးရေထူထပ်သည့်ဒေသများ၌ စစ်သားများအား လှည့်လည်သွားလာ‌စေ ကန့်သတ်ထားသည့် နေရာများတွင် ယင်းသို့သောမှုခင်းများလျော့ကျသွားခဲ့ကြောင်း KHRG ဒေသခံအဖွဲ့ဝင်များက ယေဘုယျအားဖြင့် သတင်းပေးပို့ခဲ့သည်။ [126]

အဓမ္မပြုကျင့်မှုနှစ်ခုသည် ဒေသခံစစ်တပ်နှင့် အရပ်ဖက်အာဏာပိုင်များနှင့် ဆက်နွယ်မှုရှိခဲ့ကြောင်း KHRG ဒေသခံအဖွဲ့ဝင်များက သတင်းပေးပို့ထားသည်။ ပထမအမှုတွင် အသက် ၂၅ နှစ်အရွယ်အမျိုးသမီးကို မြန်မာအစိုးရစိုက်ပျိုးရေးဌာနဝန်ထမ်းတစ်ဦး က အဓမ္မပြုကျင့်ခဲ့သည်။ ကျူးလွန်သူသည် ထောင်ချခံခဲ့ရပြီး ၎င်း၏ဖခင်ဖြစ်သူက အဓမ္မပြုကျင့်ခံရသူ အား နစ်နာကြေးအဖြစ် ငွေကျပ် ၃၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၀၃.၉၅)[127] ပေးခဲ့သည်။[128]

ဒုတိယအမှုမှာ .......ကျေးရွာ၌နေထိုင်သူ မ...... ကို စောဖါးသူးလေးဆိုသူက အဓမ္မပြုကျင့်ခြင်းဖြစ်သည်။ အဆိုပါလူငယ်နှစ်ဦးကို လက်ထပ်သင့်ကြောင်း နှစ်ဖက် မိဘများသဘောတူခဲ့ကြသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် အသက် ၂၁ နှစ်အရွယ် မ---သည် စောဖါးသူးလေး၏ အဓမ္မပြုကျင့်မှုနှင့် သတ်ဖြတ်မှုကိုခံခဲ့ရသည်။ စောဖါးသူးလေးသည် BGF တပ်ရင်း ၁၀၁၆ ကထုတ် လုပ်သည့် မက်သမ်ဖက်တမင်း (ရာဘ) ဆေးအသုံးပြုမှုနှင့် ၎င်းကျူးလွန်ခဲ့သောအမှု မှာ ဆက်နွယ်နေကြောင်း ရွာသားများက ဆက်စပ်တွေး တောခဲ့ကြသည်။ [129]

---

119 ဘားအံခရိုင်ရှိ အစီရင်ခံထားသည့်အဓမ္မမှု- Source #144 ကိုကြည့်ပါ။

120 ရည်ညွှန်း- Source #385 ကိုကြည့်ပါ။

121 ဖာပွန်ခရိုင်ရှိ လိင်အကြမ်းဖက်မှုအတွက်- Source #69 ကိုကြည့်ပါ။

122 Source #68 ကိုကြည့်ပါ။

123 ဥပမာအားဖြင့်- ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က တပ်မတော်ခြေမြန်တပ်ရင်း ၄၄၊ စစ်ကြောင်း ၃ အဖွဲ့မှ ဒုတပ်ရင်းမှူးသည် ......ကျေးရွာအတွင်းရှိ အမျိုးသမီးတစ်ဦး၏နေအိမ်၌တည်းခိုနေစဉ်အတွင်း ည ၁၁ နာရီအချိန် အမျိုးသမီး၏အခန်းအတွင်းဝင်ရောက် ခဲ့ကာ အမျိုးသမီး၏အဝတ်အစားကိုမ-တင်ခဲ့သည်။ အမျိုးသမီးကသိရှိခဲ့သည့်အတွက် ထွက်ပြေးခဲ့သည်။ Source #313 ကို ကြည့်ပါ။

124 ဥပမာအားဖြင့်- ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့က BGF တပ်ရင်း ၁၀၄၄ မှ တပ်ကြပ်ကြီးစောဒါတူးနှင့် ၎င်း၏စစ်သားများ သည် .......ရွာသို့လာရောက်ခဲ့ကာ မ---၏အိမ်၌တည်းခိုခဲ့ပြီး၊ ညအချိန်တွင် စောဒါတူးသည် မ---၏ အခန်းတွင်းသို့ဝင်ရောက်ကာ အလိုမတူပဲ နမ်းရှုပ်ခဲ့သည်။ Source # 69 ကိုကြည့်ပါ။

125 ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့က --- ရွာမှ နော်--- ဟုအမည်ရသော အသက် ၂၁ နှစ်အရွယ်မိန်းကလေးတစ်ဦးသည် ၎င်း၏ရည်းစားဖြစ်သူ ---ရွာမှ အသက် ၂၃ နှစ်အရွယ် စောပ ဆိုသူ၏ အဓမ္မပြုကျင့်ကာ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ထိုသို့ကျူးလွန်သည့် ကောင်လေးသည် BGF ၁၀၁၆ မှ တပ်ရင်းမှူးမြကြိုင်က ဖြန့်ဖြူးသည့် မက်သမ်ဖက်တမင်း (ရာဘ) ဆေးများသုံးစွဲထားခဲ့ကြောင်း သတင်းရရှိခဲ့သည်။ Source #144 ကို ကြည့်ပါ။

126 ဖော်ပြပါသတင်းအချက်အလက်များကို သထုံနှင့် ဘားအံခရိုင်များမှ KHRG ဒေသခံအဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးစဉ်ကာလအတွင်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလက KHRG သို့ပေးခဲ့ခြင်းဖြစ်သည်။

127 ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့အထိ ဤအစီရင်ခံစာရှိ ကျပ်ငွေအတွက်ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၉၈၇ ကျပ်နှုန်းဖြင့်တွက်ချက်ထားခြင်း ဖြစ်သည်။

128 Source #385 ကိုကြည့်ပါ။

129 Source #144 ကို ကြည့်ပါ။

ဒေသခံအဖွဲ့ဝင်များမှလည်း သီးခြားဖြစ်စဉ်သုံးခုကိုသတင်းပေးပို့ခဲ့ကြသည်။ နှစ်ခုမှာ ဖာပွန်ခရိုင် [130] တွင်ဖြစ်ကာ၊ အခြား တစ်ခုမှာ သထုံခရိုင် [131] တွင် ဖြစ်ခဲ့သည်။ ယင်းဖြစ်စဉ်များ၌ စစ်သားတစ်ဦးသည် အမျိုးသမီးတစ်ဦး၏အိပ်ခန်းအတွင်းသို့ခိုးကြောင်ခိုးဝှက်ဝင်ရောက်ခဲ့ကာအမျိုးသမီးကိုလိင်မတော်မတရားပြုရန်ကြိုးပမ်း ခဲ့ပြီး၊ အမျိုးသမီးက ခုခံကာကွယ်သည့်အတွက် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။ ဖာပွန်ခရိုင်မှ ဖြစ်စဉ်တစ်ခုတွင် BGF တပ်ရင်း ၁၀၁၄ တပ်ကြပ်ကြီး စောဒါးတူနှင့် ၎င်း၏စစ်သားများသည် နှစ်ရက်အလွန်တွင်ဂဲကြီးဒေသ၌ KLNA တပ်သားများနှင့်တိုက်ပွဲတစ်ခုအတွင်း BGF စစ်သားတချို့ဒဏ်ရာရရှိခဲ့သည့် အတွက် KLNA စစ်သားများကိုလက်တုံ့ပြန်လိုသောရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ နေလည်ခင်း၌ ---ကျေးရွာသို့လာရောက်ခဲ့ကြသည်။ ၎င်းတို့သည် ---ကျေးရွာသို့ရောက် သည့်အခါ မ---၏အိမ်တွင် တည်းခိုခဲ့ကြသည်။ ထိုည၌ စောဒါးတူသည်အရက်မူးကာ မ---၏အခန်းအတွင်းသို့ဝင်ရောက်ပြီး အဓမ္မပြုကျင့်ခဲ့သည်။ ယင်းဖြစ်စဉ်ကိုသိရသည့် မ....... ၏မိခင်သည် စောဒါးတူ၏တပ်ရင်းမှူးဖြစ်သူ BGF ၁၀၁၄ အရာရှိစောတင်ဝင်းထံသို့သွားရောက်ကာ စောဒါးတူက သမီးဖြစ်သူအပေါ်ပြုမူခဲ့သည့်အကြောင်း ဆွေးနွေး ပြောဆိုခဲ့သည်။ အရာရှိစောတင်ဝင်းသည် ယင်းသို့တွေ့ဆုံအပြီး မ..... ကို ငွေ ၂၀၀,၀၀၀ ကျပ် (ဒေါ်လာ ၂၀၂.၆၃) ပေးလျော်ခဲ့သည်။ [132] မ....... သည် ယင်းအဖြစ်ဆိုးကြောင့်ရရှိသည့်စိတ်ထိခိုက်မှုအတွက် မြိုင်ကြီးငူဆေးရုံတွင် ဆေးကုသခဲ့ရကြောင်း မိခင်ဖြစ်သူကသတင်းပေးခဲ့သည်။ မ....... သည် ယင်းသို့ပြုမူခံရရာ၌ ဖြစ်လာမည့် အကျိုးဆက်များကိုမသေချာသည့်အတွက် ဒေသခံအာဏာပိုင်များကိုပြောဆိုရန် ကြောက်ရွံ့ခဲ့ကြောင်း KHRG ဒေသခံအဖွဲ့ဝင် က သတင်းပေးပို့ခဲ့သည်။[133]

ဤသို့မတရားပြုမူမှုများကြောင့်ကျူးလွန်ခံရသူများနှင့်မိသားစုများသည် ဒေသခံစစ်အာဏာပိုင်များအပေါ် ယုံကြည်မှု ပျက်ပြားခဲ့သည်။ ဤကျူးလွန်ခံရမှုများကြောင့် အရှက်ရခဲ့ရပြီး အခြားသူများနှင့် မျက်နှာချင်းဆိုင်ရန် ယုံကြည်မှုဆုံးရှုံးခဲ့ရကြောင်းလည်း ကျူးလွန်ခံရသူများ(သို့) ၎င်းတို့၏ဆွေမျိုးများက ပြောကြားသည်။[134]

"*(သမီးကို လိင်မတော်မတရားပြုဖို့ သမီးအခန်းထဲကို တိတ်တဆိတ်ဝင်ခဲ့တဲ့) သမီးမှာ ဒီလိုအဖြစ်အပျက်ဖြစ်ခဲ့ စဉ်က ကျွန်မလည်းအိမ်မှာရှိခဲ့ပေမယ့် မသိခဲ့ပါဘူး။ ဒီအကြောင်းကို သမီးဆီကနေသိလိုက်ရတော့ ကျွန်မ အရမ်းစိတ်ဆိုးခဲ့တယ်။ ဒါ့ကြောင့် ဒီလိုလုပ်သူရဲ့ တပ်ရင်းမှူးနဲ့တွေ့ဖို့ ကျွန်မသွားခဲ့ပါတယ်။ သူတို့ဟာ ကျွန်မ အိမ်မှာတည်းပြီး ဘယ်လိုနည်းနဲ့များ ကျွန်မသမီး အပေါ်မှာ ဒီလိုလုပ်ရက်ခဲ့ကြတာတုန်းရှင်။ ဒီလိုအဖြစ် အပျက်မျိုး နောင်ဘယ်တော့မှ မဖြစ်စေရဘူးလို့ တပ်ရင်းမှူးက ကျွန်မကို ကတိပေးခဲ့ပါတယ်။*"

.....(အသက် ၅၀ အမျိုးသမီး)၊ ......ရွာ၊ မဲ့ပလီးကျေးရွာစု၊ ဘူးသိုမြို့နယ်၊
ဖာပွန်ခရိုင်၊ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (ဩဂုတ်လ ၂၀၁၃ )[135]

---

130 Source #67 နှင့် 385 ကိုကြည့်ပါ။

131 Source #68 ကိုကြည့်ပါ။

132 Source # 385 ကိုကြည့်ပါ။ ဤအမှုနှင့်စပ်လျဉ်း၍ ဘာသာမပြန်ဆိုရသေးသည့်အခြားအသေးစိတ်အချက်အလက်များအတွက် "Rape and sexual harassment Hpapun District ဇွန်နှင့် ဩဂုတ် ၂၀၁၃"၊ KHRG ၊ နိုဝင်ဘာ ၂၀၁၃ ကို ကြည့်ပါ။

133 စောဒါးတူက မ..... ၏မိသားစုအားပေးသည့် လျော်ကြေးငွေပမာဏနှင့် သူမခံစားခဲ့ရသည့်စိတ်ကစဥ့်ကလျားဖြစ်မှုအရ မ..... က ပြောကြားခဲ့သည့်အခြေအနေထက် ပိုမိုပြင်းထန်ဆိုးရွားနိုင်ကြောင်း ထင်ရှားသည့်သက်သေတချို့ရှိသည်။

134 KHRG ဒေသခံအဖွဲ့ဝင်များ၏အဆိုအရ အဓမ္မပြုမှုနှင့် လိင်အကြမ်းဖက်မှုများစွာတို့သည် ကျူးလွန်ခံရသူမှ နောက်ဆက်တွဲရလဒ်များကို စိုးရိမ်သည့်အတွက် တိုင်ကြားခြင်းမရှိကြောင်း သိရသည်။ ယင်းသို့တိုင်ကြားပြောဆိုပါက ခြိမ်းခြောက်ခံရခြင်း(သို့) သတ်ဖြတ်ခြင်းပြုခံရဖွယ် ရှိသည်ကို ကျူးလွန်ခံရသူများက စိုးရိမ်ကြသည်။ သတင်းပျံ့နှံ့သွားပါကလည်း ယဉ်ကျေးမှုအစဉ်အလာအရ အမျိုးသားများက လက်ထပ်ကြမည် မဟုတ်ကြသည့်အတွက်လည်း ကျူးလွန်ခံရသူများက စိုးရိမ်ကြရပြန် သည်။ ထို့ပြင် အမျိုးသား အများဆုံးဖြစ်ကြသည့် KHRG ဒေသခံအဖွဲ့ဝင် များကို အမျိုးသမီးများက ပြောဆိုအသိပေးလိုခြင်းလည်းမရှိကြချေ။ ဤသို့သောအကြောင်းရင်း များကြောင့် ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အဓမ္မမှုများစွာတို့သည် KHRG ထံသို့ သတင်းရောက်ရှိခဲ့ခြင်းမရှိခြင်းလည်းဖြစ်သည်။

135 Source #69 ကိုကြည့်ပါ။




ဤဓာတ်ပုံကို ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲ့ပလီးကျေးရွာအုပ်စု၊ ---ရွာတွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့က ရိုက်ကူးခဲ့သည်။ ပုံတွင်- မြန်မာအစိုးရ ဖာပွန်စိုက်ပျိုးရေးဌာနဂန်ထမ်း ကိုအာအိက ၎င်း၏ ရွာသူတစ်ဦးကို အဓမ္မပြုကျင့်ခဲ့ ကြောင်းပြောပြခဲ့သည့် ---ရွာသူကြီးကို တွေ့ရသည်။ [136] *[ဓာတ်ပုံ - KHRG]*




ဤဓာတ်ပုံကို ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲ့ပလီကျေးရွာအုပ်စု၊ .......ရွာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က ရိုက်ကူးခဲ့သည်။ ပုံတွင်- BGF တပ်ရင်း ၁၀၁၄ တပ်ကြပ်စောဒါးတူ၏ အဓမ္မပြုကျင့်ခံခဲ့ရသူ သမီးအကြောင်းကိုပြောပြနေစဉ်။ [137] *[ဓာတ်ပုံ - KHRG]*





ဤဓာတ်ပုံကို ဖာပွန်ခရိုင်၊ ဒွယ်လိုး မြို့နယ် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က ရိုက်ကူးခဲ့သည်။ ဘယ်ဘက်ပုံမှ အမျိုးသမီးသည် တပ်မတော် ခြေမြန်တပ်ရင်း ၄၄၊ စစ်ကြောင်း ၃ မှ တပ်ရင်းမှူး မိုးဂင်း၏ အဓမ္မပြုကျင့်ခံခဲ့ရသူဖြစ်သည်။ ယာဘက်ပုံမှ အမျိုးသားက မ...... ၏ခင်ပွန်းဖြစ်ပြီး တပ်မတော်တ ရွာသူကြီး အဖြစ်ခန့်အပ်ထားသူဖြစ်ကာ၊ ဇနီးဖြစ်သူအတွက် တပ်မတော် မှ မထီလေးစားလုပ်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ [138] *[ဓာတ်ပုံ - KHRG]*

သထုံနှင့်ဘားအံခရိုင်များမှလည်းထိုင်းနိုင်ငံဘက်သို့မော်တော်ဆိုင်ကယ်ကယ်ရီငှားရမ်းသည့်ရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားများကို ဆိုင်ကယ်မောင်းသူများက ကျူးလွန်သည့်အဓမ္မမှုများနှင့် လိင်မတော်မတရား ပြုမှုများစွာအကြောင်း အတည်မပြုရသည့်သတင်းများကိုလည်းKHRGကလက်ခံရရှိထားသည်။အစီရင်ခံစာများအရစီးပွားရေးနုံချာသည့်ရွာသူရွာသားများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်အမြတ်ထုတ်ခြင်း ခံရဖွယ် များရှိသည်ကိုသိရသည်။ [139]

---

[136] Source #385 ကိုကြည့်ပါ။

[137] Source #385 ကိုကြည့်ပါ။

[138] Source #351 ကိုကြည့်ပါ။

[139] ဤသတင်းအချက်အလက်များကို နိုဝင်ဘာလ ၂၀၁၃ ခုနှစ်က သထုံနှင့် ဖာပွန်ခရိုင်ရှိ KHRG သတင်းကောက်ယူသူများနှင့် ဆွေးနွေးမှုပြုလုပ်စဉ်တွင် သတင်းကောက်ယူသူများမှ သတင်း ပေးပို့ခဲ့ခြင်း ဖြစ်သည်။

ညောင်လေးပင်ခရိုင်မှ KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးကလည်း ညောင်လေးပင်မြို့ခံအမျိုးသမီးများသည် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းမရှိသည့်အတွက် လိင်လုပ်သားများပြုလုပ်ရန် ရန်ကုန်မြို့သို့ပြောင်းရွှေ့သွားကြ ကြောင်း ပြောဆိုခဲ့သည်။[140]

**အကြံပြုတင်ပြချက်များ**

မြန်မာလက်နက်ကိုင်စစ်တပ်များသည် ၎င်းတို့၏စစ်သားများကို အဓမ္မပြုကျင့်မှုနှင့် လိင်မတော်မတရားပြုမှုများမပြုစေရန် တာဝန်ရှိကြောင်းသိရှိရေးအတွက် လိုအပ်သောဆောင်ရွက်မှုအားလုံးကို သေချာစွာ ပြုလုပ်အပ်ပေသည်။ တပ်မတော်နှင့် KLNA တို့ကသတ်မှတ်ထားသည့် ကန့်သတ်စစ်နယ်မြေများတွင် သက်ဆိုင်ရာစစ်သားများအား စစ်စခန်းများအတွင်းသာနေစေခြင်းဖြင့်ထိန်းသိမ်းသင့်ပေသည်။ယင်းသို့ဆောင်ရွက်ခြင်းဖြင့်လိင်အကြမ်းဖက်မှုများကိုလျော့နည်းသွားစေကြောင်း သတင်းများအရသိရသည်။ အဓမ္မမှုနှင့် လိင်အကြမ်းဖက်မှုများ အတွက် ဘေးကင်းပြီး အမည်မဖော်အပ်သောသတင်းပေးတိုင်ကြားမှုအလေ့အကျင့်ကိုဖော်ဆောင်သင့်ပြီးပိုမိုအားပေးသင့်သည်။အခြားနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်သောအမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံရေးအတွက် ဒေသခံအဖွဲ့အစည်းများ က ဆောင်ရွက်ပေးသင့်သည်။ တည်ဆဲ ထိုင်း-မြန်မာရွှေ့ပြောင်းအစီအစဉ်များအတွင်း အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအတွက် အကာအကွယ်ပေးမှုများကို ပိုမိုခိုင်မာစေရန် ဆောင်ရွက်ပြီး ထိုအစီအစဉ်များကိုကျယ်ပြန့်စွာ အသိပေးမှုများ ဆောင်ရွက်ပေးသင့်ပေသည်။

[140] Source #48 ကိုကြည့်ပါ။

## (c) အဓမ္မခိုင်းစေခြင်း

၂၀၁၂ ခုနှစ် ဇန်နဝါရီလက လက်မှတ်ရေးထိုးသော ပဏာမ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုတွင် အစိုးရနှင့် KNU သည် "အဓမ္မ စေခိုင်းခြင်း၊ ဥပဒေမဲ့ အခွန်ကောက်ခြင်းနှင့် ရွာသားများကို ခြိမ်းခြောက်၍ ငွေတောင်းခြင်းများကို ချက်ခြင်း ရပ်ဆိုင်းရန်" စည်းကမ်းတစ်ခုအဖြစ် ထည့်သွင်း သဘောတူခဲ့သည်။ [141] တစ်လကြာပြီးနောက် ဖေဖော်ဝါရီလတွင် အစိုးရသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို ပြဌာန်းပြီး ၁၉၀၇ ခုနှစ် ကျေးရွာ ဥပဒေနှင့် မြို့ပြ ဥပဒေကို ဖယ်ရှားခဲ့ကာ အဓမ္မ စေခိုင်းသူကို စစ်ဥပဒေထက် အရပ်ဘက် ဥပဒေဖြင့် အပြစ်ပေးစေခဲ့သည်။[142]

အဆိုပါနှစ် မတ်လတွင် အစိုးရသည် ၂၀၁၅ တွင် အဓမ္မ စေခိုင်းခြင်း ပပျောက်ရေးအတွက် ILO နှင့် ပူးတွဲဗျူဟာချရန် ၎င်းကိုယ်တိုင် ကတိပြုခဲ့သည်။ လုပ်ငန်းစဉ်များတွင် မြေယာ သိမ်းဆည်းခြင်းမှ တဆင့် အဓမ္မ စေခိုင်းခြင်း၊ သို့မဟုတ် ကျေးရွာအဆင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အခြေခံအဆောက်အဦး လိုအပ်ချက်အတွက် ဘဏ္ဍာငွေ မရှိခြင်းကြောင့် အဓမ္မ စေခိုင်းခြင်း၊ ထို့အတူ ပြည်သူ ဆောက်လုပ်ရေး (သို့) စွမ်းအင်ကဏ္ဍများနှင့် ဆက်နွယ်သော အဓမ္မ စေခိုင်းမှုများ၊ ပုဂ္ဂလိက ကဏ္ဍများတွင် အဓမ္မ စေခိုင်းမှု ကိစ္စများရပ်များ ပါဝင်သည်။[143]

၂၀၁၂ ခုနှစ် ဧပြီလတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကလည်း စစ်တပ်က အဓမ္မ ခိုင်းစေခြင်းကို တားမြစ်ပြီး ကျူးလွန်ဖောက်ဖျက်သူများကို ပုဒ်မ ၃၇၄ ဖြင့် တရားစွဲဆိုခြင်း အမိန့်ကို ထုတ်ပြန်ခဲ့သည်။ [144] ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့က ကျင်းပသော အစိုးရ-KNU အပစ်အခတ် ရပ်စဲရေး တတိယအကြိမ် ဆွေးနွေးပွဲများတွင် အဓမ္မ ခိုင်းစေခြင်း အဆုံးသပ်ရေးဆိုင်ရာ ထပ်ဆောင်းသဘောတူညီမှုများကို ပေါ်ထွက်လာခဲ့သည်။[145]

ဤတိုးတက်မှုကို အသိအမှတ်ပြုကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ (ILC) ကိုယ်စားလှယ်များက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကျန်ရှိနေသေးသည့် ILO ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားရန် ၂၀၁၃ ခုနှစ် ဇွန်လက သဘောတူညီခဲ့သည်။ အစိုးရ၏ အဓမ္မခိုင်းစေခြင်းဆိုင်ရာ ဥပဒေများကို ILO အဓမ္မခိုင်းစေခြင်းဆိုင်ရာ သဘောတူညီမှု အမှတ် ၂၉နှင့် ညီစေရေး၊ အာဏာပိုင်များ အထူးသဖြင့် စစ်တပ်က အဓမ္မ (သို့) မလုပ်မနေရ ခိုင်းစေခြင်း အဆုံးသတ်ရေးနှင့် ကျူးလွန်ဖောက်ဖျက်သူများကို တရားစွဲခြင်းနှင့် စီရင်ချက်ချခြင်းတို့ အားကောင်းစေရေးတို့အတွက် ဖိအားပေးရန် ၁၉၉၉ နှင့် ၂၀၀၀ ခုနှစ်များတွင် ညီလာခံက မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများကို ကနဦး ချမှတ်ခဲ့သည်။ ညီလာခံက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ILO အဖွဲ့ဝင်နိုင်ငံများက ငွေကြေးအထောက်အပံ့ပေးရေး၊ လွတ်လပ်စွာ အဖွဲ့အစည်း ဖွဲ့စည်းခွင့်နှင့် နိုင်ငံအတွင်းတွင် သင့်တင့်သော လုပ်ငန်းခွင် အခြေအနေအပေါ် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုတို့ အပါအဝင် ILO ၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မှုများဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန် အုပ်ချုပ်မှုအဖွဲ့တစ်ခု ဖိတ်ကြားရေးတို့ကို တိုက်တွန်းခဲ့သည်။ ILO နှင့် မြန်မာအစိုးရတို့အကြား ထားရှိခဲ့သော ၂၀၀၇ ခုနှစ် ထပ်ဆောင်း

---

[141] ကရင်အမျိုးသား အစည်းအရုံး (KNU) ဝက်ဘ်ဆိုက်၊ ၂၀၁၂ ဇန်နဝါရီ ၁၃ "KNU နှင့် ဗမာအစိုးရကြား ကနဦးသဘောတူညီမှု" တွင်ကြည့်။

[142] CEACR လေ့လာခြင်း၊ ၂၀၁၂ ခု ပြဌာန်းပြီး၊ ၂၀၁၃ ခုနှစ် ၁၀၂ ကြိမ်မြောက် ILC အစည်းအဝေးတွင် ပုံနှိပ်ခဲ့သော "အုပ်ချုပ်မှု အဖွဲ့အတွင်း ဆွေးနွေးချက်များ" တွင်ကြည့်။

[143] ILO နှင့် RUM ကြား ၂၀၁၂ ခုနှစ် နားလည်မှု စာချွန်လွှာ အပြည့်အစုံကို ILO အုပ်ချုပ်ရေးအဖွဲ့၏ “Developments concerning the question of the observance by the Government of Myanmar of the Forced Labour Convention, 1930 (No. 29)” Geneva, 313th Session, GB.313/INS/6(Add.), March 2012, Appendix 2. တွင်ကြည့်။

[144] စစ်မှုထမ်း ၁၆၆ ဦးကို စည်းကမ်းထိန်းသိမ်းရေး ပြုလုပ်ခဲ့ပြီး အစိုးရအရာရှိ ၁၇၀ ဦးနှင့် စစ်မှုထမ်း ငါးဦးတို့ကို ပုဒ်မ ၃၇၄ ဖြင့် အရေးယူခဲ့သည်။ CEACR လေ့လာခြင်း၊ ၂၀၁၂ ခု ပြဌာန်းပြီး၊ ၂၀၁၃ ခုနှစ် ၁၀၂ ကြိမ်မြောက် ILC အစည်းအဝေးတွင် ကြည့်။

[145] တတိယအကြိမ် အပစ်အခတ် ရပ်စဲရေး သတင်းအတွက် ကရင့်သတင်းဌာန၏ ၂၀၁၂ စက်တင်ဘာ ၄ ရက်နေ့သတင်း “KNU and government verbally agree on ceasefire code of conduct,” တွင် ကြည့်။

သဘောတူညီချက်၊[146] ၂၀၁၂ ခုနှစ် နားလည်မှု စာချွန်လွှာနှင့် ဆက်စပ် လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ၂၀၁၅ တွင် အဓမ္မစေခိုင်းမှု ပုံစံအားလုံး ပပျောက်ရေး ကတိကဝတ်များ [147] ကို ဆက်လက် ဆောင်ရွက်ရန်ကိုလည်း တိုက်တွန်းခဲ့သည်။ ILO ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတွင် အဓမ္မခိုင်းစေမှု လုံးဝပပျောက်ပြီဟု ဆုံးဖြတ်ချိန်အထိ ILO အုပ်ချုပ်မှု အဖွဲ့ကို နှစ်စဉ် မတ်လတွင် အစီရင်ခံစာ တစ်စောင် တင်သွင်းမည်ဖြစ်သည်။[148]

ကုန်စည်များ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတွင် ရွာသားများ၏ သဘောဆန္ဒ မပါဘဲ ခိုင်းစေကာ မလုပ်လျှင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အပြစ်ပေးခြင်းကို အဓမ္မ ခိုင်းစေခြင်းအမျိုးအစားတွင် ထည့်နိုင်သည်။ အပစ်အခတ် ရပ်စဲရေး ကာလတိုင်အောင် KHRG သည် ဒေသတွင်း သတ်မှတ်ထားသော ကရင်ခရိုင် ခုနစ် ခုလုံးတွင် အဓမ္မ ခိုင်းစေခြင်းများကို မှတ်တမ်းတင်ခဲ့သည်။ အဓမ္မ ခိုင်းစေခြင်းများကို တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ရွာလူကြီးများကို ခိုင်းစေကြပြီး များသောအားဖြင့် ခိုင်းစေခြင်းနှင့်အတူ ပျက်ကွက်ပါက တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အကြမ်းဖက်ခြင်း သို့မဟုတ် အခြား အပြစ်ပေးမှုများ ပူးတွဲ ပါလေ့ရှိသည်။ [149] အချို့သော ခိုင်းစေချက်များကို လုပ်အားပေး ဟု အမည်တပ်ပြီး ထိုအသုံးအနှုန်းမှာ ရပ်ရွာအရေး သို့မဟုတ် ဘာသာရေး လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းဟု မြန်မာဘာသာတွင် အဓိပ္ပာယ် ရသည်။ အပစ်အခတ် ရပ်စဲရေး မတိုင်မီ အဓမ္မခိုင်းစေခြင်းကို ဤနည်းလမ်းဖြင့် ပြုလုပ်သည့် အစဉ်အလာကို KHRG အား တင်ပြကြသည်။[150]

KHRG သည် အဖြစ်အပျက်တစ်ခုကို အဓမ္မခိုင်းစေခြင်း အမျိုးအစားတွင် ထည့်သွင်းရန် ဆုံးဖြတ်ရာတွင် ILO အဓမ္မခိုင်းစေခြင်း သဘောတူညီချက် အပိုဒ် ၂ (၁) ရှိ "လူတစ်ယောက်ကို အပြစ်ပေးခြင်းဖြင့် ရရှိလာသော (သို့) အဆိုပါ လူကိုယ်တိုင်က စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ရန် မကမ်းလှမ်းသောအလုပ် သို့မဟုတ် ဝန်ဆောင်မှု အားလုံးကို အဓမ္မ သို့မဟုတ် မလုပ်မနေရ ခိုင်းစေခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်" ဟူသော ဖွင့်ဆိုချက်ကို အမှီပြုသည်။[151]

---

[146] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြား ၂၀၀၇ ခု ထပ်ဆောင်းသဘောတူညီမှု အပြည့်အစုံကို http://ilo.org/yangon/info/meetingdocs/WCMS_106131/lang--en/index.htm တွင်ကြည့်။

[147] မြန်မာနိုင်ငံတွင် ၂၀၁၅ ၌ အဓမ္မစေခိုင်းမှု ပုံစံအားလုံး ပပျောက်ရေးအတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်နှင့် ILO အကြား ပြည့်စုံသော ပူးပေါင်း စီမံမှတ်နည်းဗျူဟာအပြည့်အစုံကို http://www.ilo.org/gb/GBSessions/GB313/ins/WCMS_175839/lang--en/index.htm တွင်ကြည့်။

[148] ၁၀၂ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ ၂၀၁၃ ဇွန် ၁၈ နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက် “ILO lifts remaining restrictions in Myanmar,” ကိုကြည့်။

[149] *All the information I have given you, I faced it myself,* KHRG, December 2011 စာမျက်နှာ ၅၆-၆၀ ကြည့်

[150] “Living conditions for displaced villagers and ongoing abuses in Tenasserim Division” KHRG, October 2009 ကို ဥပမာကြည့်

[151] ILO C29 Forced Labour Convention (1930) Art. 2(1)

## ၂၀၁၂ ဇန်နဝါရီမှစ၍ အဓမ္မ ခိုင်းစေခြင်းများ

၂၀၁၂ ခုနှစ် ဇန်နဝါရီ မှ စကာ KHRG သုတေသန ပြုသည့် ဒေသများတွင် အဓမ္မ ခိုင်းစေမှု ပမာဏ ကျဆင်းလာကြောင်း ရွာသားများနှင့် KHRG ဒေသခံအဖွဲ့ဝင်များက တင်ပြကြသည်။ သို့သော်လည်း ဒေသခံအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ညောင်လေးပင်၊[152] ဖာပွန်၊[153] ဒူးပလာယာ၊[154] တောင်ငူ၊[155] သထုံ[156] နှင့် ဘားအံ[157] ခရိုင်များတွင် အဓမ္မခိုင်းစေသည့် ဖြစ်ရပ်များကို တင်ပြကြသည်။

အစီရင်ခံစာတင်ပြသည့် ကာလအတွင်းတွင် အဓမ္မ ခိုင်းစေမှုများကို တပ်မတော်[158] နှင့် တပ်မတော် နယ်ခြားစောင့်တပ်များ[159] က အများဆုံး ကျူးလွန်ကြပြီး ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA)၊[160] မြန်မာအစိုးရ အရာရှိများ၊[161] KNLA[162] နှင့် ဆရာတော် ဦးသုဇန[163] တို့ကလည်း ကျူးလွန်ခဲ့ကြသည်။

> "၂၀၁၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ကျွန်တော့်ကားထဲကို ဆီ ၁၀ လီတာထည့်ပြီး ကျွန်တော့် လယ်ထဲကို သွားခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်က အောင်မင်္ဂလာ စစ်စခန်းကို ဖြတ်သွားရပါတယ်။ ကျွန်တော် အဲဒီစခန်းကို ဖြတ်တုန်းမှာ တပ်မတော် စစ်သားတွေက ကျွန်တော့်ကို ရပ်ခိုင်းပါတယ်။ သူတို့က ကျွန်တော့်ကို ကနဲလေး စစ်စခန်းကို လက်နက်တွေ ပို့ခိုင်းပါတယ်။ ကျွန်တော် လက်နက်ကြီးတွေ သယ်ရပါတယ်။ တစ်ခုက ၈၁ မီလီမီတာ မော်တာ တစ်လက်နဲ့ နှစ်ခုက ၅၅- နှစ်လက် (၅၅ အမျိုးအစား ၁၂၀ မီလီမီတာ မော်တာဖြစ်ဖို့များပါတယ်) သယ်ရပါတယ်။ အဲဒီနေ့က (ရွာသားတွေရဲ့) ကား သုံးစီးနဲ့ ကနဲလေး စစ်စခန်းကို (စစ်သားတွေအတွက် ကုန်ပစ္စည်းတွေ ပို့ပေးခဲ့ရပါတယ်)။ (ကျွန်တော့်ကားက) လက်နက်ကြီးတွေ

---

[152] ဥပမာ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၊ ကျောက်ပြ ကျေးရွာတွင် အခြေစိုက်သော ခမရ ၅၉၉ သည် ရွာသားများကို စည်းရိုးဆောက်ရန် ဝါးနှင့် သစ်များ ခုတ်ခိုင်းသည်။ Source # 53 ကိုကြည့်။

[153] ဥပမာ ဖာပွန်ခရိုင် ဘူးသိုမြို့နယ်၊ မဲပရီး ကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာမှ ရွာသားခြောက်ယောက်ကို နယ်ခြားစောင့်တပ် ၁၀၁၄ တပ်မှူး ညွှန့်သိန်းက တပ်ကင်းစောင့်ခိုင်းသည်။ Source # 300 ကိုကြည့်။

[154] ဥပမာ ၂၀၁၂ ခုနှစ် မတ်လက ဒူးပလာယခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကလေဒီး ရွာမှ ရွာသားများကို တပ်မတော် စစ်သားများက ကားလမ်းဖောက်ခိုင်းပြီး တစ်နေ့လျှင် ကျပ် ၃၀၀၀ နှုန်းပေးခဲ့သည်။ Source # 317 ကိုကြည့်။

[155] ဥပမာ ၂၀၁၂ နိုဝင်ဘာလက တောင်ငူခရိုင် စစ်စခန်းနှင့် နီးသော ခလယ်လာ၊ ကော်သေးဒဲ၊ ကော်စိုးခို၊ မော်ဖဒဲ၊ ကလောမီးဒဲ၊ ပလေးစလို၊ ရှားစေးဘို၊ ခဂဲ ၊ ကသောဘွဲ့နှင့် ထော်ထစော ရွာများမှ ရွာသားများကို တပ်မတော်စစ်သားများအတွက် စားနပ်ရိက္ခာ သယ်ယူခြင်း၊ စာပို့ခိုင်းခြင်း၊ ကားလမ်းဘေးမှ ဝါးခုတ်ခြင်းနှင့် သစ်ပင်ရှင်းခြင်း တို့ကို အဓမ္မ ခိုင်းစေခဲ့သည်။ Source # 32 ကိုကြည့်။

[156] ဥပမာ ၂၀၁၂ ခုနှစ် ဧပြီလမှစကာ သထုံခရိုင် ထီးကျူ မဲ့ကနာခီး၊ နှင့် ထီးကျော်ခီး ရွာတို့မှ ရွာသားများကို တပ်မတော် နယ်ခြားစောင့်တပ် ၁၀၁၄ မှ တင်ဝင်းနှင့် သော်မ တို့က မြဲရှင်းခြင်း၊ လယ်ကွင်းများ ရှင်းခြင်းနှင့် ကျွန်းနှင့် ရာဘာ စိုက်ခြင်းတို့ကို အဓမ္မ ခိုင်းစေခဲ့သည်။ နယ်ခြားစောင့် တပ်သားများက အဆိုပါ အလုပ်များအတွက် လုပ်အားခ မပေးခဲ့ပေ။ Source # 18 ကိုကြည့်။

[157] ဥပမာ ၂၀၁၃ မေလတွင် ဘားအံခရိုင်၊ တနေးရှား မြို့နယ်၊ ထိုကော်ကိုး ကျေးရွာအုပ်စု၊ --------- ကျေးရွာမှ ရွာသားများကို ခမရ ၃၅၇ မှ တပ်မှူးက ၎င်းအတွက် လယ်ထွန်ခိုင်းခဲ့သည်။ ရွာသားများက ၎င်းတို့ကိုယ်ပိုင် ထွန်စက်များ ယူဆောင်လာရသည်။ Source # 165 ကိုကြည့်။

[158] ဥပမာ ၂၀၁၂ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ဒူးပလာယ ခရိုင်၊ သဝေါသောကျေးရွာမှ ရွာသားများကို တပ်မတော် စစ်သားများက အဓမ္မ ခိုင်းစေခဲ့သည်။ Source # 136 ကိုကြည့်။ Source # 13၊ 32၊ 33၊ 36၊ 76၊ 191၊ 267၊ 274၊ 325 နှင့် 370 တို့တွင်လည်းကြည့်။

[159] ဥပမာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ဖာပွန်ခရိုင်၊ မဲပရီးကျေးရွာအုပ်စုမှ ရွာသားခြောက်ဦးကို နယ်ခြားစောင့်တပ် တပ်မှူး မောင်ချစ်က အဓမ္မ စေခိုင်းခဲ့သည်။ Source # 61 ကိုကြည့်။ Source # 1, 2, 14, 15, 18, 60, 71, 74, 77, 78, 260 နှင့် 278 တို့တွင်လည်းကြည့်။

[160] ဥပမာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက် တွင် ဒူးပလာယ ခရိုင်မှ ၊ က.......၊ ခ......၊ ဂ....နှင့် ဃ....... ကျေးရွာများတို့မှ ရွာလူကြီးတို့ကို DKBA က ရွာသားများ၏ လက်တွန်းထွန်စက်များ ပို့ပေးရန် ခိုင်းစေခဲ့သည်။ Source # 22 တွင်ကြည့်။ Source # 10 တွင်လည်းကြည့်။

[161] ဥပမာ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင် ကျေးရွာ စာရေးတစ်ယောက်ကို အဓမ္မ အစည်းအဝေး တက်ခိုင်းပြီး အဆိုပါ အစည်းအဝေးတွင် မြို့နယ်ခွဲအဆင့်မှ အစိုးရ အရာရှိများက ဖာပွန်ခရိုင်တွင် လမ်းဖောက်ရေးအတွက် လုပ်အား ပေးရန် တောင်းခဲ့သည်။ Source # 216 တွင်ကြည့်။

[162] ဖာပွန်ခရိုင် မဲ့လ ကျေးရွာအနီးတွင် KNLA မှ အဓမ္မ ပေါ်တာဆွဲခြင်းနှင့် အဓမ္မ ကင်းစောင့်ခိုင်းခြင်း စသည့် အဓမ္မခိုင်းစေခြင်း သတင်းကို KHRG မှ ရရှိခဲ့သည်။ Source # 103 တွင်ကြည့်။

[163] ဥပမာ- ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့တွင် ဆရာတော် ဦးသုဇနက ဖာပွန်ခရိုင် မဲ့မွဲ ၊ ဒေးဝါး၊ ကျော်ပါး ၊ မဲ့ပရီး နှင့် ထီးသဒေါထ ကျေးရွာအုပ်စုများမှ ရွာသားများကို ပိုက်ဆံမပေးဘဲ လမ်းဖောက်ခိုင်းခဲ့သည်။ Source # 279 တွင်ကြည့်။ Source # 74, 75, 83, 278, 279, 371 နှင့် 373 တို့တွင်လည်းကြည့်။

> သယ်ခဲ့ရပြီး (အခြားရွာသားတွေရဲ့ ကားနစ်စီးက) ကျည်ဆံတွေ သယ်ရပါတယ်။ သူတို့ ကျွန်တော်တို့ကို ဆီလဲမပေးဘူး။ ဘာမှလဲ မပေးပါဘူး။ ကိုယ့်ဟာကို ဆီဂါလံထည့်ခဲ့ရပါတယ်။ ကျွန်တော် ဆီ ၁၀ လီတာ ထည့်ထားပြီးပေမယ့် မလောက်ပါဘူး။ လယ်ကော်ရွာမှာ နောက်ထပ် ဆီ နှစ်လီတာ ထပ်ထည့်ခဲ့ ရပါတယ်။"
>
> စော----------(ကျား၊ ၄၀) ---------- ရွာ၊ ကော့ကရိတ် မြို့နယ်၊
> ဒူးပလာယခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း။ (၂၀၁၂ ဇွန်လတွင် တွေ့ဆုံ မေးမြန်းချက်)[164]

အပစ်အခတ် ရပ်စဲပြီးကတည်းက တပ်မတော်၊ တပ်မတော် နယ်ခြားစောင့်တပ်များနှင့် ၎င်းတို့နှင့် ဆက်စပ်သူများသည် ရွာသားများကို စိုက်ပျိုးရေး လုပ်သား၊[165] စီးပွားရေး အဖွဲ့အစည်းများ[166] အတွက် သစ်ထုတ်လုပ်သား၊[167] လက်နက်ကိုင် တပ်များအတွက် ဂါးနှင့် သက်ကယ် ထုတ်လုပ် ပို့ဆောင်ခြင်း၊[168] လက်နက်ကိုင် တပ်များအတွက် လမ်းပြများ၊[169] ကင်းစောင့်သူများ၊[170] စစ်ပစ္စည်း သယ်ယူပို့ဆောင်သူများ၊[171] စစ်စခန်းများ ပြုပြင်မွမ်းမံသူများ၊[172] စစ်တပ်များ၏ စာပို့များ၊[173] စစ်သားများ၏ ဂေယျာ ဂိစ္စများအတွက် မိမိတို့ ကိုယ်ပိုင်ကားများဖြင့် မောင်းကာ ဆောင်ရွက်ပေးရသူများ၊[174] လက်နက်ကိုင် တပ်များနှင့် ဆက်စပ်ပတ်သက်သူများ၏ အကျိုးအတွက် ဘာသာရေးအရ လုပ်အားပေး[175] ကိစ္စများတွင် ဆောင်ရွက်ခိုင်းခဲ့သည်။ ရွာသားများအနေဖြင့် လုပ်အားမပေးပါက ၎င်းအစား ပိုက်ဆံပေးရန် ဖိအားပေးခဲ့သည်။[176] ဤကျူးလွန်မှုများသည် ကာလကြာရှည် တည်ရှိခဲ့သော အဓမ္မ ခိုင်းစေခြင်းနှင့် အခြားတောင်းဆိုမှုများ ဆက်လက်ကျန်ရှိနေခြင်း ဖြစ်သည်။[177]

---

164 Source # 132 ကိုကြည့်။

165 ၂၀၁၂ ခုနှစ် မေလ ၆ ရက်နေ့တွင် ခမရ ၅၄၈ က ဘားအံခရိုင်၊ နိခေး ကျေးရွာအုပ်စုမှ ရွာသားများကို စစ်တပ်အတွက် လယ်ထွန်ပေးရန် နဘူး စစ်စခန်းသို့ မနက်ခြောက်နာရီ အရောက်လာခိုင်းသည်။ လယ်ထွန်ရန်အတွက် ရွာသားများက သူတို့ဘာသာ စားစရာနှင့် လယ်ထွန်ရန် ပစ္စည်းကရိယာများ သယ်ဆောင်လာရကြောင်း သတင်းပေးသည်။ Source # 123 ကိုကြည့်။

166 ၂၀၁၂ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ဖာပွန်ခရိုင်တွင် နယ်ခြားစောင့်တပ်မှူးမောင်ချစ်က ရွာလူကြီးကို ၎င်းနှင့်အတူ သစ်ခုတ်နိုင်သော ရွာသားများကို ခေါ်ကာ မဲ့မွဲထ ဘုန်းကြီးကျောင်းသို့ မပျက်မကွက်လာရန် ခိုင်းစေခဲ့သည်။ Source # 210 တွင်ကြည့်။

167 Sources #123 and #210 တွင်ကြည့်။

168 ၂၀၁၂ ခုနှစ် ဧပြီလအတွင်းက သထုံခရိုင် ဘီးလင်းမြို့နယ်၊ ကျေးရွာအုပ်စု လေးခုမှ ရွာသားများသည် တပ်မတော် ခြေမြန်တပ်မ ၄၄ က ဆောက်လုပ်ရေး ပစ္စည်းများအဖြစ် ဂါးလုံး ၅၀၀၀ နှင့် သက်ကယ်/ဓနိအချပ် ၂၀၀၀၀ ကျော်နှင့် စာပို့ရန် လုပ်အား တို့ကို တောင်းဆိုခြင်းခံရသည်။ Source # 13 တွင်ကြည့်။

169 ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူ ကျေးရွာအုပ်စု၊ ----- ကျေးရွာသို့ တပ်မတော်စစ်သားများလာကာ အသက် ၄၀ အရွယ် ရွာသားတစ်ဦးကို ၎င်းတို့အား လမ်းပြခိုင်းသည်။ အစိုးရ စစ်သားများက ၎င်းတို့ လမ်းပျောက်နေပြီဟုဆိုကာ ပြန်လိုက်ပို့ခိုင်းသော်လည်း သူတို့က ထိုရွာသားအား ဘယ်အထိခေါ်သွားလဲ ကျွန်တော်တို့ မသိရပေ။ သတင်းပေးချိန် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့အထိ စော---------- ပြန်မရောက်သေးပေ။ Source # 285 တွင်ကြည့်။

170 ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် တပ်မတော်သည် နယ်ခြားစောင့်တပ်စစ်သားများကို ထီးလနဲ တောင်ခြေတွင် သင်တန်းပေးနေစဉ် ညောင်ပင်ရွာသားတစ်ဦးကို သူတို့စစ်စခန်းသို့သွားစေကာ၎င်းတို့အတွက် ထမင်းချက်ပြီး ထင်းသယ်ခိုင်းသည်။ သင်တန်းကာလမှာ နှစ်လ ဖြစ်ပြီး ရွာတစ်ရွာစီမှ ရွာသားငါးဦးသည် တစ်ကြိမ်လျှင် ငါးရက် သင်တန်းမပြီးမချင်း စစ်စခန်းသို့ သွားခဲ့ရသည်။ Source # 110 တွင်ကြည့်။

171 ခမရ ၄၃၄ မှ စစ်သားများသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စော်ဘွားဒဲ ရွာသားလေးယောက်ကို ၎င်းတို့၏ ပစ္စည်းကရိယာများကို ဖာပွန်မြို့သို့ သယ်ခိုင်းပြီး ထိုမှတဖန် စော်ဘွားဒဲ ရွာသို့ သယ်ခိုင်းသည်။ Source # 274 ကိုကြည့်။

172 ဘားအံခရိုင်တွင် ၂၀၁၂ ခုနှစ် ဧပြီလ ၁၅ ရက်နှင့် ၁၆ ရက်နေ့က ခမရ ၅၉၉ က တဂုန်းရွာခွဲ၊ သခေါ့ဘွာ ကျေးရွာအုပ်စုမှ ရွာသားများကို စစ်တန်းလျားများ ပြုပြင်ခိုင်းပြီး စခန်းကို ခြံစည်းရိုး သုံးထပ်ကာခိုင်းသည်။ Source # 46 ကိုကြည့်။

173 ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် တပ်မတော်ခြေလျင် တပ်ရင်း ၉၆ တပ်ရင်းမှူး ရိုင်ကိုကိုမှ ဂေါမူ ရွာသားတစ်ဦးအား ဖာပွန်ခရိုင်တွင် MOC# 44 တပ်ရင်းမှူး ထံသို့ စာတစ်ထုတ် ပို့ခိုင်းသည်။ Source # 314 တွင်ကြည့်။

174 ဘားအံခရိုင်တွင် ၂၀၁၂ ခုနှစ် မေလ ၆ ရက်နေ့က ခမရ ၅၄၈ တပ်ရင်းမှူးက နောင်ခိုင် ရွာလူကြီးကို ခမရ ၅၄၈ သို့ ထွန်စက် ငါးစီးနှင့် ထယ်သွားတစ်ခု ပို့ရန် ခိုင်းစေခဲ့သည်။ Source # 205 တွင်ကြည့်။

175 ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စကာ ဇူလိုင်လအထိ ဆက်လက်၍ဆရာတော် ဦးသုဇနသည် နယ်ခြားစောင့်တပ် နောက်ခံရှိကာ ဖာပွန်ခရိုင် ဘူးသိုမြို့နယ်မှ ရွာသားများကို လုပ်အားခ မပေးဘဲ တံတားဆောက်ခိုင်းသည်။ ၎င်းအတွက် ရွာတစ်ရွာချင်းစီမှ ရွာသား ၁၀ ဦးစီ လိုအပ်ကာ အလှည့်ကျဖြင့် တစ်ပတ်လုံး အလုပ်လုပ်ရသည်။ Source # 87 နှင့် 279 တွင်ကြည့်။

176 ညောင်လေးပင်ခရိုင်၊ ကျွန်းကြီး စစ်စခန်းတွင် တပ်မတော် ခမရ ၂၆၄ က ရွာလူကြီးများနှင့် တွေ့ဆုံကာ နေ့စဉ် ရွာသားနှစ်ဦးစီ ကင်းစောင့်ရန် တောင်းဆိုခဲ့သည်။ မလုပ်နိုင်ပါက လူတစ်ဦးလျှင် တစ်နေ့ ကျပ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂.၂၉) ပေးခိုင်းသည်။ Source # 48 တွင်ကြည့်။

177 KHRG မှတ်တမ်းတင်ခဲ့သော အဓမ္မခိုင်းစေမှု ပုံစံ အမျိုးမျိုးကို *All the information I've given you, I've faced it myself*, KHRG, December 2011 စာမျက်နှာ ၅၆-၆၃ တွင် ကြည့်။

"၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ မနက် ၇ နာရီခွဲမှာ တပ်မတော် ခြေမြန်တပ်မ ၄၄ က …….ရွာထဲကို ဝင်လာပြီး ကျွန်မယောကျ်ားကို လမ်းပြလုပ်ဖို့ ခေါ်ပြီး မနက် ၉ နာရီမှာ ပြန်ထွက်သွားပါတယ်။ အဲဒီနေ့က ကျွန်မက ကောက်ရိတ်နေတာ။ ရွာပြန်လာတဲ့ လမ်းမှာပဲ ကျွန်မယောကျ်ားကို အစိုးရ စစ်တပ်က ဖမ်းသွားတယ်လို့ ကျွန်မ သူငယ်ချင်းက သတင်းပေးတော့ ကျွန်မ အရမ်း ဝမ်းနည်းသွားပါတယ်။ ကျွန်မ အိမ်ပြန်ရောက်တော့ အိမ်မှာ ကျွန်မသား အငယ်ဆုံးလေးက တစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့တာ တွေ့ရတယ်။ တခြားသူတွေက ကျွန်မယောကျ်ားကို ဗမာအစိုးရ စစ်တပ်က လမ်းပြလုပ်ဖို့ ခိုင်းခဲ့ပေမယ့် သူတို့က သက်သက်မဲ့ ပြဿနာ ရှာနေတာ လို့ ပြောပါတယ်။ သူတို့ ကျွန်မယောကျ်ားကို လမ်းပြလုပ်ဖို့ ခေါ်သွားတယ်ဆို သူ့ကို ပြန်လာခွင့် ပြုခဲ့မှာပေါ့။ အခုတော့ တစ်ရက်ခွဲ ကျော်သွားပြီ။ ကျွန်မယောကျ်ားက ပြန်မလာသေးဘူး။"

------------(မ၊ ၄၀ နှစ်)၊ ------------ ရွာ၊ ခေါပူး ကျေးရွာ အုပ်စု၊ ဘူးသို မြို့နယ်၊
ဖာပွန် ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ နိုဝင်ဘာလ တွေ့ဆုံမေးမြန်းချက်)[178]

အစီရင်ခံစာတင်ပြသည့် ကာလအတွင်းတွင် ရွာသားများအိမ်သို့ ရောက်လာသော စစ်သားများသည် အထက်တွင်ဖော်ပြသကဲ့သို့ အဓမ္မ လုပ်အားပေးခိုင်းခဲ့သည်။ [179] အခြားအချိန်များတွင် ရွာသားများသည် အစည်းအဝေးများတက်ရန် တပ်မတော် တပ်မှူးများထံမှ စာများ ရရှိကြသည်။ [180] အဆိုပါ အစည်းအဝေးများတွင် အဓမ္မ လုပ်အားပေးများ စေခိုင်းကြသည်။[181]ထို့ပြင် "လုပ်အားပေး" တောင်းသည့် စာများလည်း ရှိပြီး ၎င်းစာနှင့်အတူ ပွင့်ပွင့်လင်းလင်းဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ချိန်းခြောက်မှုအတူ ပါလာသည့်အတွက် တောင်းခံမှုသည် တကယ်တန်းတွင် အဓမ္မ လုပ်အားပေးရန် အမိန့် ဖြစ်သည်။[182]
အစီရင်ခံစာတင်ပြသည့် ကာလအတွင်းတွင် တပ်မတော်နှင့် တပ်မတော်နယ်ခြားစောင့်တပ်များသည် အဓမ္မ ခိုင်းစေမှုများကို ချိန်းခြောက်မှု နည်းစွာဖြင့် ယဉ်ကျေးစွာ တောင်းခံခြင်း၊ လုပ်အားကို အချိန်တိုသာ တောင်းခံခြင်း စသော အပြုသဘော ပြောင်းလဲမှုများလည်း ရှိသည်။ [183] ထို့ပြင် တပ်မတော် တပ်ရင်းများသည် အချို့သော ရွာသားများကို ဖိအားပေး အလုပ်စေခိုင်းရာတွင် လုပ်ခ စတင်ပေးခြင်းများ စတင်ပြုလုပ်လာသည်။ [184] ဤသို့သော တိုးတက်မှုများ ရှိသော်လည်း အဆိုပါ တောင်းဆိုမှုများသည် အဓမ္မ ခိုင်းစေခြင်းအဖြစ် ရှိနေသေးပြီး ရွာသားများကလည်း ထိုကဲ့သို့ ခံစားကြရသည်။[185]

၂၀၁၃ ခုနှစ် နိုဝင်ဘာလက သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဖာပွန်နှင့် ဘားအံ ခရိုင်များမှ KHRG ဒေသခံအဖွဲ့ဝင်များနှင့် ဆွေးနွေးရာ ယခင်လများတွင် ၎င်းတို့ဒေသများ၌ အဓမ္မ ခိုင်းစေမှုများ လျော့နည်းသွားကြောင်း

---

178 Source # 284 တွင်ကြည့်။
179 Source # 284 တွင်ကြည့်။
180 Source # 372 တွင်ကြည့်။
181 Source # 373 တွင်ကြည့်။
182 Source # 75 တွင်ကြည့်။
183 ဥပမာ ဘားအံခရိုင် ထီးသဘျူထ ကျေးရွာအုပ်စု ခေါင်းဆောင်မှ ဒေသရှိ တပ်မတော် တပ်မှူးက ရွာသားများကို သူ့စခန်းပြင်ရန် ခေါ်လျှင် ခဏာသာ ခေါ်ခိုင်းပြီး ယဉ်ကျေးစွာ ပြောဆိုကာ တစ်ခါတစ်ရံ စားစရာများ ပို့ပေးကြောင်း ပြောသည်။ Source # 213 တွင်ကြည့်။ KHRG ဒေသခံအဖွဲ့ဝင်များကလည်း ၎င်းတို့ဒေသတွင် အလားတူ ပြောင်းလဲမှု များစွာတွေ့ရကြောင်း တင်ပြကြသည်။
184 ၂၀၁၂ ခုနှစ် မတ်လက တပ်မတော်စစ်သားများသည် ဒူးပလာယ ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကလီဒီး ကျေးရွာမှ ရွာသားများကို ကားလမ်းတစ်ခု ဖောက်ခိုင်းပြီး ၎င်းတို့ကို တစ်နေ့လျှင် ကျပ် ၃၀၀၀ (ဒေါ်လာ ၃.၀၄) ပေးသည်။ Source # 317 တွင်ကြည့်။
185 ၂၀၁၂ ခုနှစ် မတ်လက တပ်မတော်စစ်သားများသည် ဒူးပလာယ ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကလီဒီး ကျေးရွာမှ ရွာသားများကို ကားလမ်းတစ်ခု ဖောက်ခိုင်းပြီး ၎င်းတို့ကို တစ်နေ့လျှင် ကျပ် ၃၀၀၀ (ဒေါ်လာ ၃.၀၄) ပေးသည်။ Source # 317 တွင်ကြည့်။

၎င်းတို့ အားလုံးက တညီတညွတ်တည်း တင်ပြကြသည်။[186]၎င်းပြောင်းလဲမှုကို KHRG သို့ ၎င်းတို့ ပေးပို့တင်ပြသော မှတ်တမ်းများအရလည်း တွေ့မြင်နိုင်သည်။ KHRG သည် အနည်းဆုံးအနေဖြင့် အဆိုပါ ခရိုင် သုံးခုတွင် ၂၀၁၃ ခုနှစ် မတ်လမှစကာ အဓမ္မ ခိုင်းစေမှု တင်ပြခြင်းများ မတွေ့ရပေ။[187]

၂၀၁၂ ခုနှစ် စက်တင်ဘာလက ရပ်သွားသော အဓမ္မခိုင်းစေမှုကို သထုံခရိုင်၊ ဘီလင်းမြို့နယ်၊ လေးခေး ဒေသတွင် ၂၀၁၃ ဧပြီလက ပြန်လည်ဖြစ်ပေါ်ခဲ့ကြောင်း KHRG က သတင်းရရှိခဲ့သည်။ [188] ဤပြောင်းလဲမှုကို တင်ပြခဲ့သော KHRG ဒေသခံအဖွဲ့ဝင်သည် အဓမ္မခိုင်းစေမှု ရပ်တန့်သွားသည့် အကြောင်းရင်း သုံးခုကို ဖော်ပြခဲ့သည်။ (၁) ILO သို့ KHRG တင်ပြခြင်း၏ သက်ရောက်မှု၊ (၂) KNU - အစိုးရ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုနှင့် ဆက်စပ်ကာ (၃) တပ်မတော် စစ်သားများသည် အပစ်အခတ် ရပ်စဲရေး ကာလတွင် ထောက်ပံ့ရေး ပစ္စည်းများ စုဆောင်းရာ၌ ၎င်းတို့ကို တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် ရွာသားများကို ခိုင်းစေချင်းမျိုးမလိုအပ်ပဲ ကိုယ်တိုင် ပစ္စည်းများ သယ်ယူခြင်းတို့ကြောင့် ဖြစ်သည်။[189]

အဓမ္မ စေခိုင်းခြင်း ကျဆင်းလာကြောင်း ဒေသခံအဖွဲ့ဝင်များထံမှ တင်ပြမှုများရှိသော်လည်း ဤအစီရင်ခံစာတင်ပြသည့် ကာလ တစ်လျှောက်လုံး ဖာပွန်နှင့် ဘားအံ ခရိုင်များတွင် အဓမ္မ ခိုင်းစေမှု တင်ပြမှုများကို KHRG က ရရှိခဲ့သည်။ ဖာပွန်ခရိုင်တွင် ၂၀၁၂ [190] ခုနှစ်အတွင်း အဓမ္မ စေခိုင်းမှု အဓိက ကျူးလွန်သူများဟု တင်ပြခံရသည့် တပ်မတော် နယ်ခြားစောင့်တပ်ရင်း အမှတ် ၁၀၁၃ နှင့် ၁၀၁၄ တို့သည် ၂၀၁၃ ခုနှစ်အထိ ရွာသားများ၏ လုပ်အားကို ဆက်လက် တောင်းခံ ခဲ့ကြသည်။ [191] ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဖာပွန်ခရိုင် ဘူးသို မြို့နယ်မှ ရွာသားတစ်ဦးကို KNLA မှ ကုန်သယ်သူနှင့် ကင်းသမားအဖြစ် အဓမ္မစေခိုင်းခဲ့ကြောင်း ရွာသားများက ပြောသည်။ ထိုသို့ လုပ်ဆောင်နေစဉ် ရွာသားကို နယ်ခြား စောင့်တပ်အမှတ် ၁၀၁၄ နှင့် ဖြစ်ပွားသော တိုက်ပွဲတွင်ပါဝင်စေခဲ့ပြီး ရွာသားဒဏ်ရာရရှိခဲ့သည်။[192] ၎င်းအဖြစ်အပျက်သည် ကာလကြာရှည်စွာ တည်ရှိခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များအတွက် အဓမ္မစေခိုင်းမှုများ

[186] ဒူးပလာယ ခရိုင်မှ ဒေသခံအဖွဲ့ဝင်များ ဤဆွေးနွေးမှုတွင် မပါဝင်သော်လည်း နောက်ဆုံးတင်ပြသော အဓမ္မစေခိုင်းမှု အပြည့်အစုံတွင် ကော့ကရိတ်မြို့နယ်အတွင်းတွင် ၂၀၁၂ ခုနှစ် ဇူလိုင်လမှ နောက်ဆုံး ၂၀၁၃ ခုနှစ်လယ်ပိုင်းအထိ ရှိနေသေးကြောင်း မှတ်သားထားသည်။ Source # 133 ကိုကြည့်။

[187] ၂၀၁၃ ခုနှစ် မတ်လတွင် နောက်ဆုံး ရရှိသော အဓမ္မ ခိုင်းစေမှုမှာ နယ်ခြားစောင့်တပ် ၁၀၁၄ က သထုံခရိုင်တွင် စိုက်ပျိုးရေးလုပ်ငန်းတွင် အဓမ္မ ခိုင်းစေမှု ကျူးလွန်ခဲ့သည့်အမှု ဖြစ်သည်။ Source # 260 တွင်ကြည့်။ ထို့ထက် နောက်ကျကာ ၂၀၁၃ ခုနှစ် စက်တင်ဘာလက နယ်ခြားစောင့်တပ် ၁၀၁၄ သည် ဘားအံခရိုင် နိခ္ခ ရွာကို သစ်နှင့် ဝါးများ တောင်းခဲ့သည်။ သို့သော် ထိုတောင်းဆိုချက်များကို ရွာသားများအနေဖြင့် ဖြည့်ဆည်းရာတွင် လုပ်အား သို့မဟုတ် ပို့ဆောင်ခြင်း မည်သို့ ပေးခဲ့ရသည်မှာ မရှင်းလင်းပေ။ အကယ်၍ ၎င်းတောင်းဆိုချက်သည် ထိုအတိုင်းဖြစ်ခဲ့လျှင် ၎င်းသည် KHRG သို့ တင်ပြသည့် နောက်ဆုံး အဓမ္မစေခိုင်းမှု ဖြစ်မည်။ Source # 361 တွင်ကြည့်။ ယခင်က ပုံမှန် အဓမ္မ စေခိုင်းခံရသော တောင်ငူခရိုင်၊ သံတောင်ကြီးနှင့် ထန်းတပင် မြို့နယ်များမှ ရွာသားများသည် တပ်မတော် စစ်တပ်များ ပုံမှန် ကင်းလှည့်သော်လည်း ၂၀၁၂ အကုန်မှစကာ တပ်မတော်က အဓမ္မစေခိုင်းမှုများ မလုပ်တော့ကြောင်း ရွာသားများက တင်ပြကြသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ခြေမြန်တပ်မ ၆၆ မှ စစ်သားများ ၎င်းတို့၏ ရိက္ခာများကို ကိုယ်တိုင်သယ်နေသည့် အောက်ပါ ဓာတ်ပုံကို ကြည့်ပါ။ ညောင်လေးပင် ခရိုင်တွင် နောက်ဆုံး အဓမ္မစေခိုင်းမှု တင်ပြချက်မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က မုန်းမြို့နယ်၊ မျော့ဦး နှင့် ထီးထိုလို့ ရွာမှ ရွာသားများကို ခမရ ၃၀ က တပ်ပြောင်းချိန်တွင် ရိက္ခာ၊ လက်နက်နှင့် အခြား ထောက်ပံ့ပစ္စည်းများကို သယ်ဆောင်ခိုင်းခြင်းဖြစ်သည်။

[188] Source # 257 တွင်ကြည့်။

[189] Source # 257 တွင်ကြည့်။

[190] ၂၀၁၂ ခုနှစ်အတွင်း နယ်ခြားစောင့်တပ် ၁၀၁၄ ၏ အဓမ္မ ခိုင်းစေမှုများကို Source # 300, 310 နှင့် 383 တို့တွင် ကြည့်။

[191] ၂၀၁၃ ခုနှစ်အတွင်း နယ်ခြားစောင့်တပ် ၁၀၁၄ ကျူးလွန်ခဲ့သော အဓမ္မ ခိုင်းစေမှုများကို Source #278, 289, 379, 380, 381 နှင့် 382 တို့တွင်ကြည့်။ နယ်ခြားစောင့်တပ် ၁၀၁၃ အတွက် Source # 71, 278, 379, 380, 381 နှင့် 382 တို့တွင်ကြည့်။ Source # 71 သည် ဤအစီရင်ခံစာတွင် ပါသော အဓမ္မ ခိုင်းစေမှု အားလုံးတွင် နောက်ဆုံးဖြစ်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သည်။

[192] Source # 103 တွင်ကြည့်။

လုပ်ဆောင်ပေးရခြင်း၏ ရလဒ်တစ်ခုအဖြစ် ရွာသားများ ဒုက္ခရာရရှိမှု ဆက်လက်ရှိနေသေးကြောင်း ဖော်ညွှန်းသည်။[193]




ဤဓာတ်ပုံကို သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ လေးခေးကျေးရွာမှ ရွာသားများကို လေးခေး စစ်စခန်းမှ တပ်မတော် LIB # 207က ဓနိ မိုးများ ပြုလုပ်၍ ပို့ဆောင်ခိုင်းပုံဖြစ်သည်။ ဘယ်ဘက်ပုံသည် ရွာသားများ စစ်စခန်းသို့ ဓနိများပို့ဆောင်နေပုံဖြစ်သည်။ ညာဘက်ပုံသည် ရွာလူကြီးများက ဓနိတောင်းဆိုချက်ကိုစွဆွေးနွေးနေပုံဖြစ်သည်။ [194] (ဓာတ်ပုံ- KHRG)




ဤဓာတ်ပုံများသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တပ်မတော် တပ်မ ၆၆ မှတပ်သားများငင်းတို့၏ရိက္ခာများကို ဘူးစဒီး နှင့် သအေးထ စစ်စခန်းများသို့ သယ်ဆောင်စဉ် တောင်ငူခရိုင်၊ ထန်းတပင် မြို့နယ် ကော်သေးဒါး ရွာတွင် ခေတ္တနားနေပုံဖြစ်သည်။ KHRG ဒေသခံအဖွဲ့ဝင် မှ တပ်များ မိမိ တို့အလုပ် မိမိတို့လုပ်နေပုံ ကို ရိုက်ယူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ယခင်က အဆိုပါ စစ်စခန်းများမှ တပ်မတော်စစ်သားများသည် ၎င်းတို့အတွက် ရိက္ခာများကိုရွာသားများအား အဓမ္မ သယ်ဆောင်ခိုင်းခဲ့သည်။[195] [ဓာတ်ပုံ- KHRG]

ဖာပွန်ခရိုင်မှ ရွာသားများကလည်း နယ်ခြားစောင့်တပ်နှင့် ဆက်နွယ်မှုရှိသည့် ဆရာတော် ဦးသုဇနက တံတား တည်ဆောက်ရေး စီမံကိန်းကြီးတစ်ခုအတွက် အဓမ္မခိုင်းစေကြောင်းတင်ပြကြသည်။ [196] ၂၀၁၃ ခုနှစ် မေလအထိ

[193] အပစ်အခတ်ရပ်စဲရေးမတိုင်မီ အဓမ္မ ခိုင်းစေခံရသော ရွာသားများ ဒုက္ခရာရရှိခြင်းကို *All the information I told you, I faced it myself*, KHRG, December, 2011 ၏ စာမျက်နှာ ၅၈-၅၉ ကိုကြည့်။

[194] Source # 154 တွင်ကြည့်။

[195] Source # 163 ကိုကြည့်။

[196] ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအတွင်း ရွာသားများကို အခကြေးငွေမပေးဘဲ တံတားဆောက်ခိုင်းသည့် ဆရာတော် ဦးသုဇန အကြောင်းကို Source #74, 75, 83, 278, နှင့် 371 တို့တွင် ကြည့်။ ထို အဓမ္မခိုင်းစေမှုကို ဦးသုဇနက မလုပ်ဘဲ ဆရာတော်၏ ခွင့်ပြုချက် မပါဘဲ တပ်မတော်

တည်ဆောက်ရေးစီမံကိန်းမှာ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ ၏ တပ်မှူးမောင်ချစ်[197] နှင့် ဆရာတော် ဦးသုဇန၏ လက်ထောက် ဘုန်းတော်ကြီးတစ်ပါး [198] တို့ ကြီးကြပ်မှုဖြင့် တည်ဆောက်ဆဲဖြစ်ကြောင်း KHRG ဒေသခံအဖွဲ့ဝင် တစ်ဦးမှ တင်ပြခဲ့သည်။ ယခုအချိန်အထိ တံတားတည်ဆောက်ရေး စီမံကိန်းသည် အဓမ္မ ခိုင်းစေမှုနှင့်အတူ လေးလ ကြာမြင့်ပြီဖြစ်၍ ၂၀၁၃ အကုန်အထိ တည်ဆောက်ရေးလုပ်ငန်း အများအပြားဖြင့် ဆက်လက် ကြာဦးမည်ဖြစ်ကြောင်း ရွာသားများက ခန့်မှန်းကြသည်။[199]

> "ယွန်းစလင်းမြစ်အနီး ဘူးသိုမြို့နယ်၊ နို့ထ ကျေးရွာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ဘာသာရေးနှင့် ဆက်နွယ်သော အဓမ္မ ခိုင်းစေမှုတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ မြစ်ကို ဖြတ်ကူးနိုင်ရန်အတွက် (ဦးသုဇန အောက်မှ အလုပ်သမားများသည်) ထီးလာအဲထာ တံတားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က တည်ဆောက်ခဲ့ပါသည်။ တံတား တည်ဆောက်ရန်အတွက် ကျေးရွာများမှ တစ်ရွာလျှင် ရွာသား ငါးဦးမှ ၁၀ ဦးအထိ တစ်ပတ်လျှင် ခုနစ်ရက် အဆိုင်းများဖြင့် သွားရောက် လုပ်ကိုင်ကြရသည်။ တံတားတည်ဆောက်မှု ပြီးစီးရန် ရွာသားများသည် အားသည်ဖြစ်စေ မအားသည်ဖြစ်စေ သုံးနှစ် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ အဓမ္မ စေခိုင်းခံရသည့် ရွာသားများမှာ မဲ့မွဲ၊ ဒေးဝါး၊ကျော်ပါး၊ မဲ့ပရီး၊ နှင့် ထီးသဒေါထ ကျေးရွာအုပ်စုများ တို့မှ ဖြစ်သည်။ အဆိုပါ ကျေးရွာအုပ်စုများမှ ယောက်ျား၊ မိန်းမ၊ ကလေးအပါအဝင် ရွာသားအားလုံး လုပ်အားပေးရမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တိုင်အောင် ရွာသားများသည် အဆိုင်းများဖြင့် အဓမ္မ စေခိုင်းခံကြရသည်။"
>
> KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ရေးသားသော နောက်ဆုံးရ ဒေသတွင်း အခြေအနေတင်ပြချက်၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် မြောက်ပိုင်း (၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီထိ)[200]

ထို့အတူ ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ် ပီးတခ ကျေးရွာအုပ်စုမှ ရွာသားများကလည်း ၎င်းတို့သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလက အဓမ္မ ခိုင်းစေခံခဲ့ရကြောင်း တင်ပြကြသည်။ [201] ထို့ပြင် ၂၀၁၃ ခုနှစ်က ဘားအံနှင့် ဖာပွန်ခရိုင်များမှ တပ်မတော် စစ်သားများက ရွာသားများကို စိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်အားခ မပေးဘဲ အဓမ္မ ခိုင်းစေကြသည်။[202] ၂၀၁၂ ခုနှစ် ဧပြီလ[203]နှင့် ၂၀၁၃ ခုနှစ် မေလ[204]များတွင် ဘားအံခရိုင် နဘူးမြို့နယ်ရှိ တပ်မတော်

စစ်သားများက ဆရာတော့် အမည်ကို သုံးစွဲခြင်းဖြစ်ကြောင်း KHRG ဒေသခံအဖွဲ့ဝင်တစ်ယောက်၏ တင်ပြချက်လည်း ရှိသည်။ Source # 81 တွင်ကြည့်။ ဦးသုဇနသည် မြိုင်ကြီးငူတွင် အခြေချသော ဩဇာသက်ရောက်သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ၎င်းသည် ၁၉၉၄ ခုနှစ်က DKBA ဖွဲ့စည်းရာတွင် အဓိက ကျခဲ့သည်။ "Inside the DKBA," KHRG, March 1996 ကိုကြည့်။ ၁၉၉၅ တွင် ဦးသုဇနသည် တပ်မတော်နှင့် ပူးပေါင်းကာ ထိုအချိန်က အရှေ့တောင်ပိုင်း တပ်မှူး ဗိုလ်မှူးချုပ် မောင်လှနှင့် တွေ့ဆုံကာ ဘုန်းကြီးကျောင်းအတွင်းရှိ စစ်သား ၄၀၀၀ အတွက် လက်နက်နှင့် ထောက်ပံ့ပစ္စည်းများ ရယူပေးခဲ့ကြောင်း KHRG အစီရင်ခံစာတွင်ရှိသည်။ အဆိုပါ သဘောတူညီမှုကြောင့် ဘားအံခရိုင် မြောက်ပိုင်း မြိုင်ကြီးငူရှိ ဆရာတော် ဦးသုဇန၏ ဘုန်းကြီးကျောင်းမှာ စစ်တပ်၏ နှိပ်စက်မှုမှ ရွာသားများ ခိုနားနိုင်သည့် အုံခြေဖွယ်နေရာအဖြစ် နာမည် ထွက်လာခဲ့သည်။ "Karen Human Rights Group commentary," KHRG, February 1995 တွင်ကြည့်။

[197] မော်စီ ခေါ် တပ်မှူး မောင်ချစ်သည် ဖာပွန်ခရိုင် တပ်မတော် နယ်ခြားစောင့်တပ် ၁၀၁၄ ၏ တပ်မှူးဖြစ်သည်။ ၎င်းကို ဘားအံခရိုင်၊ ကဒ္ဒိုရှိ နယ်ခြားစောင့်တပ်ရင်းအမှတ် ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉ နှင့် ၁၀၂၀ တို့ကို ကွပ်ကဲနေသော နယ်ခြားစောင့်တပ် အဆင့်မြင့် တပ်မှူး ချစ်သူ ခေါ် မောင်ချစ်သူနှင့် မရောထွေးပါနှင့်။

[198] Source # 81 တွင်ကြည့်။

[199] Source # 81 တွင်ကြည့်။

[200] Source # 278 တွင် ကြည့်။

[201] Source # 362 တွင်ကြည့်။

[202] ဘားအံခရိုင်အတွင်း အဓမ္မ စေခိုင်းမှုအတွက် Source # 164 တွင်ကြည့်။ ဖာပွန်ခရိုင်အတွင်း အဓမ္မ စေခိုင်းမှုအတွက် Source # 384 တွင်ကြည့်။

[203] Source # 126 တွင်ကြည့်။

[204] Source # 165 တွင်ကြည့်။

ခမရ ၅၄၇, ၅၄၈, နှင့် ၅၄၉ တို့က ရွာသားများကို စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓမ္မ ခိုင်းစေခဲ့ကြသည်။ ဤသည် ယခင်နှစ်များမှအတိုင်း ဆက်လက် တည်ရှိနေမှုကို ပြသည်။[205]

"၂၀၁၂ ခုနှစ် မေလ ၉ ရက်နေ့က တနေးရှား (နဘူး) တပ်၊ တပ်မတော် ခမရ ၅ က ကျွန်တော့်ကို သူတို့အတွက် လယ်ထွန်ပေးဖို့ စာတစ်စောင် ပို့လာပါတယ်။ ကျွန်တော်တို့က နှစ်တိုင်း အဓမ္မ စေခိုင်းခံရပါတယ်။ ကျွန်တော်တို့က သူတို့အတွက် လယ်ထွန်တာ၊ စပါးစိုက်တာ၊ ကောက်ရိတ်တာ၊ ကောက်လှိုင်းတွေကို စပါးကျီထဲ ထည့်တာတွေ လုပ်ပေးကြရပါတယ်။ အဲဒါကြောင့် ဆရာ (KHRG ဒေသခံအဖွဲ့ဝင်) က ကူညီနိုင်မယ်ဆို ဒီအကြောင်းကို နိုင်ငံတကာ (မီဒီယာနဲ့ အသိုင်းအဝိုင်း) ကို ပျံ့နှံ့အောင် တင်ပြပေးပါ။ နဘူးမြို့နယ်က ကျေးရွာအုပ်စုတိုင်း နှစ်စဉ် အဓမ္မ စေခိုင်းခံရပါတယ်။ အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ကို ကူညီပါ။"

စော---------၊ (ကျား)၊ -------- ကျေးရွာလူကြီး၊ --------- ကျေးရွာ၊ နဘူးမြို့နယ်၊
ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၂ ခုနှစ် မေလ တွေ့ဆုံမေးမြန်းချက်)[206]

## ဒေသခံများ၏ တုံ့ပြန်မှု

ရွာသားများသည် အဓမ္မ ခိုင်းစေမှုများကို ငြင်းဆန်ခြင်း သို့မဟုတ် တစ်ပိုင်းတစ်စ လုပ်ခြင်းဖြင့် တုံ့ပြန်ကြသည်။[207] ၎င်းတို့သည် အဓမ္မ ပေးရန် တောင်းသည့် ကုန်ပစ္စည်းများအတွက် အဖိုးအခ တောင်းခံခြင်း[208] နှင့် လုပ်အားခ မပေးသော အဓမ္မ စေခိုင်းမှုများအတွက် ကုန်ကျစရိတ်များ ပြန်ပေးရန် ညှိနှိုင်းခြင်းများကို ပြုလုပ်ကြသည်။[209]

## အကြံပြုချက်များ

ILO သည် မြန်မာအစိုးရ၊ ဒေသခံ အဖွဲ့အစည်းများ၊ ရွာသားများနှင့် ပူးပေါင်းကာ အချို့သော အဓမ္မ ခိုင်းစေမှုများကို အရေးယူခြင်း၊ စောင့်ကြည့်ခြင်းများကို ဆက်လက် ပြုလုပ်ကာ သတင်းဌာနများနှင့် နိုင်ငံတကာ အာရုံစိုက်မှု မရောက်ရှိသော ဒေသများကို အထူးအလေးထား ဆောင်ရွက်သင့်သည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှုများ ထိရောက်စေရန် အစိုးရသည် ILO အား အစိုးရ မထိန်းချုပ်သော ကျေးလက်ဒေသများသို့ လုံခြုံစွာနှင့် လွတ်လပ်စွာ ရောက်ရှိနိုင်ရန် ခွင့်ပြုသင့်သည်။ ILO နှင့် အခြားအဖွဲ့အစည်းများသည် ဒေသခံများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများနှင့် အမျိုးမျိုးသော အဓမ္မ ခိုင်းစေမှုများကို ပိုမိုသိရှိရန် သင်တန်းများ ဆက်လက် ပေးသင့်သည်။ အဓမ္မ ခိုင်းစေမှုများကို စောင့်ကြည့်လိုသူများသည် ပိုမိုလျို့ဝှက်သော အဓမ္မခိုင်းစေမှုများ၊ အဓမ္မ ခိုင်းစေမှု ဖြစ်နိုင်သည့် 'ယဉ်ကျေးမှု' နှင့် 'ဘာသာရေး' အတွက် လုပ်အားပေးဖြင့် အမြတ်ထုတ်ခြင်း (သို့) နယ်ခြားစောင့်တပ်များအတွက်

---

[205] DKBA တပ်ရင်း ၂၁၆ တပ်မှူး မြခိုင်သည် ၂၀၁၁ ခုနှစ်တွင် နယ်ခြားစောင့်တပ် ၁၀၁၆ ၏ တပ်မှူး မဖြစ်ခင် စိုက်ပျိုးရေးလုပ်ငန်းတွင် အဓမ္မ ခိုင်းစေမှုပြုခဲ့သည်။ ထိုသို့ ကျူးလွန်စဉ်က မြခိုင်သည် အစိုးရဘက်မှ မဟုတ်သော်လည်း ၎င်းကျူးလွန်ပြီး မကြာမီ တပ်မတော်တွင် တပ်မှူးအဆင့်သို့ ပြောင်းရွှေ့ခဲ့သည်။ "Pa'an Situation Update: T'Nay Hsah Township, September 2011 to April 2012," KHRG, July 2012 တွင်ကြည့်။ KHRG မှတ်တမ်းများရှိသော ၂၀၁၁ နှင့် ၂၀၁၂ အတွင်း တပ်မတော် ခမရ ၅၄၇၊ ၅၄၈ နှင့် ၅၄၉ တို့၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် လုပ်အားခ မပေးဘဲ အဓမ္မ စေခိုင်းခြင်းကို Source # 109 တွင်ကြည့်။

[206] Source # 122 တွင်ကြည့်။

[207] ဥပမာ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ထူးကော့ကိုး ကျေးရွာအုပ်စု၊ တဂါဒဲ ရွာသားတစ်ဦးသည် တပ်မတော်တပ်ရင်း ၃၅၇ က စိုက်ပျိုးရေးလုပ်ငန်းတွင် အဓမ္မ စေခိုင်းခြင်းကို ပထမ ငြင်းဆန်ပြီး နောက်ပိုင်းတွင် တောင်းဆိုသည့် လေးရက်မှ တစ်ရက်သာ သဘောတူလုပ်ပေးခဲ့သည်။ Source # 165 တွင်ကြည့်။

[208] -------- ရွာလူကြီး ------- သည် ခမရ ၄၄ မှ စစ်သားများက သူမ၏ ရွာသားများထံမှ တောင်းသော ဓနိနှင့် ဝါးဖိုး တောင်းသော်လည်း စစ်သားများက ပေးရန် ငြင်းဆန်ခဲ့သည်။ Source # 13 တွင် ကြည့်။

[209] ဥပမာ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့က ဘားအံခရိုင် ပိုင်ကျုံမြို့နယ်၊ ပီးတခ ကျေးရွာအုပ်စု၊ နော်တာခီး ရွာသားများသည် နယ်ခြားစောင့်တပ် ၁၀၁၅ က ကျင်းပသော ပွဲတစ်ပွဲအတွက် ဖျော်ဖြေရေးသမားတစ်ဦးကို ပို့ဆောင်နိုင်းရာ ရွာသားများက နယ်ခြားစောင့်တပ် ၁၀၁၅ ၏ တပ်မှူး ကျအေး နှင့် ဆီဖိုးကုန်ကျစရိတ်ကို ညှိနှိုင်းခဲ့သည်။ Source # 362 တွင်ကြည့်။

အမြတ်ထုတ်ခြင်းကို အာရုံစိုက်သင့်သည်။ အစိုးရသည် တပ်မတော် စစ်သားများအနေဖြင့် လုပ်အား သို့မဟုတ် ငွေကြေးအတွက် ရွာသားများကို မှီခိုခြင်း မရှိရန် လုံလောက်သော လစာ ပေးသင့်သည်။ ဤအချက်သည် နယ်ခြားစောင့် တပ်စစ်သားများအတွက်လည်း အကျုံးဝင်သည်။ တပ်မတော်နှင့် တပ်မတော် နယ်ခြားစောင့်တပ် ခေါင်းဆောင်များသည် ၎င်းတို့၏ တပ်သားများကို သင်တန်းများ ထပ်ပေးရန်နှင့် အဓမ္မ ခိုင်းစေခြင်းကို တားမြစ်ရန် တာဝန်ယူသင့်သည်။ ရွာသားများ၏ လုပ်အားမှန်သမျှ၊ တပ်မတော်၊ တပ်မတော် နယ်ခြားစောင့်တပ်၊ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိက တစ်ဦးဦးကိုယ်စား အလုပ်လုပ်မှု အားလုံးအတွက် အခကြေးငွေ ပေးသင့်သည်။ အခကြေးငွေ ပေးခြင်းတစ်ခုတည်းသည် မလုံလောက်ပေ။ လုပ်အား အားလုံးသည် မိမိတို့ ဆန္ဒအလျောက် ဖြစ်ရမည်။




ဤပုံများကို ၂၀၁၂ ခုနှစ် ဧပြီလတွင် ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် ရိုက်ခဲ့ပြီး ဓာတ်ပုံများသည် တပ်မတော် ခြေလျင် တပ်ရင်းအမှတ် ၅၄၇၊ ၅၄၈ နှင့် ၅၄၉ တို့က ခိုင်းသဖြင့် ထီးဖိုးကျော်၊ မြပဒဲနှင့် နိတဖွေး ကျေးရွာအုပ်စုများမှ ရွာသားများ ၎င်းတို့၏ ကိုယ်ပိုင် လက်တွန်းထွန်စက်များဖြင့် စပါးစိုက်ပျိုးရန် လယ်ထွန်နေပုံဖြစ်သည်။ ကျေးရွာအုပ်စု တစ်ခုစီမှ ရွာသားများကို ၎င်းတို့ပိုင် လက်တွန်းထွန်စက်များဖြင့် လယ် ၁၀ဧကကို အဓမ္မ ထွန်ရက် ခိုင်းသည်။[210] [ဓာတ်ပုံ - KHRG]




ဤပုံများကို ၂၀၁၂ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် သထုံခရိုင်၊ ဘီလင်းမြို့နယ်၊ ကျိုက်ကော်နှင့် ကျိုက်ထိုမြို့များတွင် ရိုက်ယူခဲ့ပြီး ပထမပုံသည် တပ်မတော် တပ်မ ၄၄ အတွက် လမ်းဘေးတွင် ပုံထားသော ဓနိပုံများဖြစ်သည်။ ဒုတိယပုံသည် ဓနိများကို ကားပေါ်သို့ တင်ထားပြီးတပ်မတော် တပ်မ ၄၄ သို့ပို့ရန် တပ်ရှိရာဘက်သို့ ကားခေါင်းဦးတည်ထားပုံဖြစ်သည်။ ငါးရက်အကြို ဧပြီ ၂ ရက်နေ့က ဒေသမှ ရွာသားများကို LID# 44 သို့ ဓနိ ၂၁၀၀၀ နှင့် ဝါးလုံး ၅၀၀၀ ပေးရန် ဖိအားပေးခဲ့သည်။[211] ပုံပါပစ္စည်းများသည် အဆိုပါ ပစ္စည်းများဖြစ်သည်ဟု KHRG မှ ယုံကြည်သည်။[212][ဓာတ်ပုံ - *KHRG*]

---

[210] Source # 126 တွင်ကြည့်။

[211] Source # 325 တွင်ကြည့်။

[212] Source # 13 ကိုကြည့်။




အထက်ပါ ဓာတ်ပုံများကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့က ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်၊ မဲ့ကလော ကျေးရွာ အုပ်စု၊ ဘိုးထ ကျေးရွာတွင် ရိုက်ခဲ့သည်။ ပုံတွင် ရွာသားများသည် တပ်မတော် စစ်စခန်းသို့ ဝါးများ ပို့ဆောင်နေကြသည်။ ခမရ ၃၄၀ မှ ရွာသားများကို အခကြေးငွေမပေးဘဲ ခိုင်းစေခဲ့ခြင်းဖြစ်သည်။[213] [ဓာတ်ပုံ - KHRG]

## (စ) အဓမ္မ တပ်သားသစ်စုဆောင်းခြင်း

ဤအခန်းတွင် အစိုးရ၏ လက်နက်ကိုင် တပ်ဖွဲ့များ (တပ်မတော် သို့မဟုတ် တပ်မတော် နယ်ခြားစောင့်တပ်များ)၊ ပြည်သူ့စစ်များနှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များ (EAGs) သို့ ရွာသားများကို အဓမ္မ စာရင်းသွင်းခြင်း သို့မဟုတ် တာဝန်ထမ်းဆောင်စေခြင်းစသည့် ဖြစ်ရပ်များ ပါဝင်သည်။
အရွယ်မရောက်သူများကို အစိုးရ၏လက်နက်ကိုင်အဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများတွင် စစ်မှုမထမ်းမနေရဥပဒေဖြင့် စစ်မှုထမ်းစေခြင်းအား နိုင်ငံတကာဥပဒေမှ တားမြစ်သည်။ [214] ထို့ပြင် ၁၉၃၀ အဓမ္မခိုင်းစေခြင်းသဘောတူညီချက်က အရွယ်ရောက်ပြီးသူများကို ပြဋ္ဌာန်းထားသော နိုင်ငံတော်၏ စစ်မှုမထမ်းမနေရဥပဒေဖြင့် မဟုတ်ဘဲ စစ်မှုထမ်းစေခြင်းကိုတားမြစ်သည်။ [215] အဆိုပါ သဘောတူညီချက်ကို လက်မှတ်ထိုးထားသည့်အတွက် မြန်မာနိုင်ငံကို ထိုသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များဖြင့် ထိန်းချုပ်ထားသည်။[216]
မြန်မာအစိုးရသည် စစ်မှုမထမ်းမနေရဥပဒေကို ၁၉၅၉ ခုနှစ်တွင် ထည့်သွင်းထားပြီး ၂၀၁၀ ဥပဒေတွင်လည်း ထိုအချက်အား ဆက်လက်ထည့်သွင်းခဲ့သည်။ [217] အဆိုပါ ဥပဒေနစ်ခုလုံးတွင် သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင်သာ ဤဥပဒေရပ်များ အသက်ဝင်မည်ဟု ပါရှိခြင်းကြောင့် နောင်အနာဂတ်တွင်

[213] Source # 356 တွင်ကြည့်။

[214] ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၂၀၀၀ ခုနှစ် မေလ ၂၅ ရက်နေ့က ချမှတ်ခဲ့သော ကလေးသူငယ်များ လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ခြင်းဆိုင်ရာ ကလေးသူငယ် အခွင့်အရေး သဘောတူညီချက်တွင် နိုင်ငံတော် လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင် ပဋိပက္ခများတွင် အသက် ၁၈ နှစ်ကို အနိမ့်ဆုံး အသက်အဖြစ် သတ်မှတ်ပြီး မဖြစ်မနေ စစ်သားစုဆောင်းရေးကို ကန့်သတ်ထားသည်။ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များမှ အသက် ၁၈ နှစ်အောက် ကလေးစစ်သား စုဆောင်းခြင်းကိုလည်း တားမြစ်ထားသည်။ ကလေးများကို စစ်တပ်သို့ သွင်းခြင်းနှင့် ကြမ်းတမ်းသည့် အခြေအနေများတွင် အသုံးချခြင်းဆိုင်ရာ နိုင်ငံတကာ ဥပဒေစံနှုန်းများကို http://www.child-soldiers.org/international_standards.php တွင် ကြည့်ပါ။

[215] အပိုဒ် ၂(က) အဓမ္မ စေခိုင်းခြင်းတွင် စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှန်သော စစ်မှုထမ်းခြင်းများ မပါဝင်ပေ။ အဓမ္မ စေခိုင်းခြင်း သဘောတူညီချက်ကို ၁၉၃၀ (အမှတ် ၂၉)၊ ၁၄ ကြိမ်မြောက် ILC ဂျီနီဗာတွင် ၁၉၃၀ ဇွန် ၂၈ က ချမှတ်ခဲ့သည်။

[216] ၁၉၃၀ အဓမ္မ စေခိုင်းခြင်း သဘောတူညီချက် အမှတ် ၂၉ ကို မြန်မာနိုင်ငံက ၁၉၅၅ မတ်လ ၂၉ တွင် လက်မှတ်ရေးထိုးခဲ့သည်။

[217] မြန်မာ့ပြည်သူ့စစ်မှုထမ်းဥပဒေ အပြည့်အစုံကို http://democracyforburma.wordpress.com/2011/01/12/spdc-s-military-conscription-law-english-burmese/ တွင်ကြည့်။

စစ်မှုမထမ်းမနေရ ဟူသည့် တာဝန်ထမ်းခိုင်းရန်လျာထားလျက်ရှိသည်ကို တွေ့ရသည်။ ၁၉၅၉ သို့မဟုတ် ၂၀၁၀ ခုနှစ်၏ စစ်မှုမထမ်းမနေရဥပဒေအား လိုက်နာရန် အမိန့်စာထုတ်ပြန်ထားခြင်း မရှိသေးသဖြင့် အဆိုပါပြဋ္ဌာန်းချက်များ အသက်မဝင်သေးသည့်အတွက် တပ်မတော်၏ စစ်သားစုဆောင်းခြင်းသည် အဓမ္မစေခိုင်းခြင်း သဘောသို့ သက်ရောက်သည်။

၂၀၀၃ ခုနှစ်မှစတင်ကာ KNLA သည် KNU နယ်မြေအတွင်းမှ သားနှစ်ယောက်နှင့်အထက်ရှိသော မိသားစုတစ်ခုတွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် သားတစ်ယောက်ကို တရားဝင် လုပ်ခလစာမရရှိဘဲ အနည်းဆုံး စစ်မှုနှစ်နှစ်ထမ်းစေသည့် စစ်သားစုဆောင်းရေး မူဝါဒတစ်ခုကို ချမှတ်လိုက်နာခဲ့သည်။[218] သို့သော် အဆိုပါမူဝါဒကို စာဖြင့်ရေးချထားသည့် မိတ္တူစာရွက်ကို မရရှိနိုင်ပေ။ [219] သို့ရာတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ကရင်ရွာသားများသည် KNLA/KNU ကို သစ္စာခံသည့် သဘောထားရှိ၍ စစ်မှုထမ်းရန် ဆန္ဒရှိသောကြောင့် KNU ဒေသရှိ ရွာသားများအတွက် စာရွက်ရှိခြင်း မရှိခြင်းမှာ အရေးမကြီးပေ။

စစ်မှုမထမ်းမနေရအမိန့်အား အသုံးပြုပါက ပေါင်းစပ်ထိန်းချုပ်နယ်မြေရှိ လူငယ်များသည် တစ်ချိန်တည်းတွင် တပ်ဖွဲ့အဘက်ဘက်မှ ခေါ်ယူခြင်းကို ခံရမည်ဖြစ်သောကြောင့် ပြဿနာ ရှိလာနိုင်သည်။

ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA) ကို တပ်မတော်နယ်ခြားစောင့်တပ် (BGFs) အဖြစ် တရားဝင် ပြောင်းလဲပြီးသည့်နောက်တွင် DKBA သို့ မိမိဆန္ဒအလျောက် ဖြစ်စေ၊ အဓမ္မ တပ်သားသစ်စုဆောင်းခြင်းဖြင့်ဖြစ်စေ ဝင်ရောက်ခဲ့သူများသည် အစိုးရစစ်တပ်၏ အဖွဲ့ဝင်များ ဖြစ်လာကြသည်။[220] KNLA သို့ ဝင်ရောက်ခဲ့သူများနည်းတူ အချို့သော DKBA အဖွဲ့ဝင်များသည် DKBA ကို သစ္စာစောင့်သိလိုစိတ် ရှိသော်ငြားလည်း အစိုးရအပေါ်၌မူ ထိုသို့ မဟုတ်ပေ။ အောက်တွင် ထွက်ဆိုထားသည့်အတိုင်း မူလ တာဂန်ထမ်းဆောင်သည့် သက်တမ်းတစ်နှစ်ခွဲ သို့မဟုတ် သုံးနှစ် ပြည့်ပြီးဖြစ်သည့် အချို့သော DKBA စစ်သားများအား နယ်ခြားစောင့်၏ တပ်သားများအဖြစ် ဆက်လက်၍ တာဂန်ထမ်းဆောင်ခိုင်းခြင်းကြောင့် တပ်သားများ တပ်မှထွက်ပြေးမှုများဖြစ်ပေါ်ခဲ့ပြီးနှင့် နယ်ခြားစောင့်တပ်၏ တပ်မှူးမှ ထိုတပ်ပြေးများအား အာဏာဖြင့် အဓမ္မ ပြန်လည် ခေါ်ဆောင်စေခြင်းများ ဖြစ်ပေါ်လာသည်။

ပြည်သူ့စစ်သည် မြန်မာပြည်အတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖွဲ့စည်းခြင်းကို ရည်ညွှန်းသည်။ အစဉ်အလာအားဖြင့် အဆိုပါ ဝေါဟာရမှာ ကျေးရွာအဆင့်ရှိ ရွာသားများဖြင့် တပ်မတော်က ဖွဲ့စည်းထိန်းချုပ် ထားသော လက်နက်ကိုင် အဖွဲ့များကို ရည်ညွှန်းသည်။ [221] သို့သော် ဒေသခံတပ်ရင်းများနှင့် ပူးပေါင်း၍

---

[218] ၁၉၄၉ မှစကာ KNLA သည် ၁၆ နှစ်အရွယ် ရွာသားများကို တပ်သားသစ်များအဖြစ်စုဆောင်းခဲ့ပြီး ၂၀၀၃ မှစကာ ၁၈ နှစ်ကို စုဆောင်းခဲ့သည်။ KNLA စစ်သားများသည် လစာ မရသော်လည်း KNU က ဒေသခံများထံမှ ရိက္ခာ ထောက်ပံ့မှုနှင့် အခွန်ကောက်ကာ တပ်သားများ၏ မိသားစုများကို ငွေကြေးထောက်ပံ့သည်။ အကြီးဆုံး သားများမှာ စစ်မှုမထမ်းရဘဲ မိသားစုကို စောင့်ရှောက်ရသည်။ KNLA စစ်သားများသည် နှစ်နှစ်မှ သုံးနှစ်အထိ စစ်မှုထမ်းကြပြီး ထိုထက်ပို၍ အချိန်ကြာကြာ စစ်မှုထမ်းရန်အတွက် ခေါင်းဆောင်များက အားပေးသည်။ ဤအချက်အလက်များကို KHRG နှင့် KNLA ခေါင်းဆောင်များ ၂၀၁၄ခုနှစ် မတ်လတွင် တွေ့ဆုံစဉ်အချိန်၌ ရရှိခဲ့သည်။

[219] KNLA ခေါင်းဆောင်များက မာနယ်ပလော မီးလောင်မှုတွင် စာရွက်စာတမ်းများနှင့် ဟာ့ဒ်ဒရိုက်များ မီးထဲပါသွားချိန်တွင် ၁၉၉၅ နောက်ပိုင်း စစ်သားစုဆောင်းမှု မူဝါဒဆိုင်ရာ စာရွက်စာတမ်းများလည်း ပါဝင်သောကြောင့် ၎င်းတို့တွင် ထိုတပ်သား စုဆောင်းရေးမူဝါဒအား မှတ်တမ်းတင်ရေးသားထားမှု မရှိတော့ကြောင်း ပြောကြားခဲ့သည်။

[220] DKBA၏ တပ်ရင်းများကို တပ်ရင်းတစ်ခုစီတွင် တပ်မတော်မှ အရာရှိများ အချို့ပါဝင်သော တပ်မတော် ထိန်းချုပ်မှုလက်အောက်ရှိ နယ်ခြားစောင့် တပ်ရင်းများအဖြစ် ၂၀၁၀ ခုနှစ် စက်တင်ဘာလက တရားဝင် ပြောင်းလဲခဲ့သည်။ ဗိုလ်ချုပ်စောလားပွေ့ ဦးဆောင်သော တပ်မဟာ ၅ ရှိ DKBA အဖွဲ့ သည် အဆိုပါ ဖွဲ့စည်းမှုကို ငြင်းဆန်ခဲ့ပြီး ၂၀၁၀ခုနှစ် စက်တင်ဘာလတွင် တပ်မတော် စစ်တပ်များနှင့် တိုက်ခိုက်ခဲ့သည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ အစောပိုင်းတွင် တပ်မဟာ ၅ သည် ၎င်း၏ တပ်များကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲခြင်းကို ဖယ်ရှားပစ်ပြီး အစိုးရနှင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ် ရေးထိုးခဲ့ကာ ၎င်း၏ ရုံးချုပ်ကို ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် ဝေါလေသို့ ပြောင်းရွှေ့ခဲ့သည်။

[221] ဤအသုံးအနှုန်းကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်နယ်မြေများမှ စစ်သားအဖြစ် တပ်သားသစ်စုဆောင်းခံရသော အရပ်သားများ သုံးပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခွဲထွက်လာသော အဖွဲ့ငယ် အချို့ကလဲ ဤ အသုံးအနှုန်းကို အသုံးပြုသည်။ ဥပမာ နယ်ခြားစောင့်တပ်အဖြစ် မပြောင်းလဲသော တည်ရှိနေသော အချို့ DKBA တပ်ရင်းများသည် ၂၀၁၀ တွင် ပြည်သူ့စစ်အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အစပိုင်းတွင် သဘောထား မတိုက်ဆိုင်သော DKBA ခေါင်းဆောင်များသည် ရွာသားများကို (တာဂန်ထမ်းဆောင်ရမည့် နယ်မြေမှ တစ်ရွာလျှင် ငါးယောက်နှုန်း တစ်လတစ်ကြိမ် အလှည့်ကျစနစ်ဖြင့်) ပြည်သူ့စစ်အတွက် အဓမ္မစစ်သားစုဆောင်းခဲ့ရသည်။ သို့သော် ထိုပြည်သူ့စစ်များသည် နောက်ပိုင်းတွင် နယ်ခြားစောင့်တပ်နှင့် ပူးပေါင်းသွားခဲ့သည်။

ကိုယ်ပိုင်အာဏာ အထိုက်အလျောက်ရှိသည့် အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ငယ်လေးများကိုလည်း ပြည်သူ့စစ်ဟု သမုတ်သည်။[222]

၂၀၀၂ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ (ILO) သည် ယခင်က သဘောတူညီမှု ရရှိထားသည့်အတိုင်း မြန်မာအစိုးရနှင့် ပူးပေါင်း၍ တပ်မတော် အတွင်းသို့ အရွယ်ရောက်ပြီးသူများနှင့် ကလေးများကို အဓမ္မစစ်သားစုဆောင်းခြင်းအပါအဝင် အဓမ္မစေခိုင်းခြင်းများကို အဆုံးသတ်ရန်အတွက် နည်းလမ်းများ ချမှတ်ရန် ဆောင်ရွက်ခဲ့သည်။[223] ၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာအစိုးရသည် အသက် ၁၈ နှစ်အောက် ကလေးများကို တပ်သားသစ်အဖြစ် စုဆောင်းခြင်း မပြုရန် ကတိကဝတ်တစ်ရပ် ထပ်ဆောင်းပြုခဲ့သည်။ အဆိုပါ ကတိကဝတ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ သဘောတူညီချက် ၁၆၁၂ နှင့် အညီ မြန်မာနိုင်ငံမှ UN Country Task Force on Monitoring and Reporting (CTFMR) နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။[224] ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် KNLA သည် အသက် ၁၈ နှစ် ပြည့်ပြီးသူများကိုသာ တပ်သားအဖြစ်စုဆောင်းရမည်ဟူသည့် စီမံချက်များကို လိုက်နာရန် အတွက် ဂျီနီဗာကောလ် (Geneva Call) နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။[225]

## ၂၀၁၂ ဇန်နဝါရီ မှ စတင်၍ အဓမ္မ တပ်သားသစ်စုဆောင်းခြင်း

လွန်ခဲ့သော အနှစ် ၂၀ ပတ်လုံး KHRG၏ မှတ်တမ်းများသည် တပ်မတော်နှင့် EAG တို့က ရွာသားများကို အဓမ္မ တပ်သားသစ်းစုဆောင်းခြင်းများ ပြုလုပ်နေသည်ကို သက်သေများဖြင့် ဖော်ပြနိုင်ခဲ့သည်။[226] ၂၀၁၂ ခုနှစ် ဇန်နဝါရီလ တွင် ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိသည့် အချိန်မှစ၍ ကရင်ပြည်နယ် ခရိုင်ခုနစ်ခုအနက်မှ ၅ ခုဖြစ်သော ဘားအံ၊[227] ဖာပွန်၊[228] သထုံ၊[229] ညောင်လေးပင်[230] နှင့် ဒူးပလာယာ[231] တို့တွင် အဓမ္မ

---

[222] မြန်မာနိုင်ငံ၏ အခြားဒေသများမှ အနည်းဆုံး ပြည်သူ့စစ် ရှစ်ဖွဲ့ကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းပြီး တပ်မတော်အောက် သွင်းခဲ့သော်လည်း ပြည်သူ့စစ်အမည်ကို ဆက်လက် သုံးခဲ့သည်။ *Ethnic Politics in Burma: The Time for Solutions*, Transnational Institute၊ ဖေဖော်ဝါရီ ၂၀၁၁၊ စာမျက်နှာ ၁၀ ကိုကြည့်ပါ။

[223] ILO သည် မြန်မာအစိုးရနှင့် ပူးပေါင်းကာ Joint Action Plan ဖြင့် အဓမ္မစစ်သားစုဆောင်းခြင်းကို စောင့်ကြည့်သည်။ ၂၀၀၇ ခုနှစ်မှ စတင်ကာ ILO သည် အဓမ္မ စေခိုင်းခြင်းအား တိုင်ကြားရေး ကိုဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကလေးစစ်သား စုဆောင်းမှု တိုင်စာ ၉၆၂ စောင်၊ သက်ကြီး အဓမ္မစစ်သား စုဆောင်းမှုတိုင်စာ ၁၂၄ စောင် ရရှိခဲ့သည်။

[224] UNICEF, UNHCR, ILO, UNOCHA, UNDP, WFP, UNFPA, Save the Children *နှင့်* World Vision *တို့ ပါဝင်သော* CTFMR *သည် မြန်မာအစိုးရနှင့် ပူးပေါင်းကာ အသက် ၁၈ နှစ်အောက် ကလေးစစ်သား စုဆောင်းခေါ်ယူထားမှုများအား ပြန်လည် ထုတ်ပေးရေးကို ဆောင်ရွက်သည်။ ရဲလွင်ဦး၊* "Government of Myanmar and the United Nations sign landmark Plan of Action to release children from armed forces," UNICEF၊ **၂၀၁၂၊ ဇွန် ၂၇ ရက် ကိုကြည့်**ပါ။

[225] "The KNU/KNLA commits to the protection of children and the prohibition of conflict-related sexual and gender-based violence," Geneva Call, July 24th 2013 ကိုကြည့်ပါ။

[226] ၂၀၁၁ ခုနှစ်တွင် အဓမ္မစစ်သားစုဆောင်းခြင်းနှင့်ဆိုင်သည့် KHRG မှတ်တမ်းများအတွက် *'All the information I've given you, I faced it myself,'* KHRG, December 2011 စာမျက်နှာ ၆၈-၆၉၊ "Forced recruitment of child soldiers: An Interview with two DKBA deserters," KHRG, August 2009; "Forced recruitment, child soldiers in the Burma Army: Interviews with SPDC deserters," KHRG, June 2009; *Growing up under militarisation: Abuse and agency of children in Karen State*, KHRG, April 2008 စာမျက်နှာ ၁၄၀-၁၅၈ ကိုကြည့်။

[227] ၂၀၁၂ ခုနှစ် မတ်လတွင် နယ်ခြားစောင့်တပ်မှ တပ်သားများသည် ဘားအံခရိုင်၊ နဘူး မြို့နယ် ရွာတစ်ရွာမှ ကျေးရွာလူကြီးကို တပ်ပြေးများအား ရှာဖွေကာ နယ်ခြားစောင့်တပ်သို့ ပြန်သွင်းရန် တောင်းဆိုခဲ့ကြသည်။ Source # 160 ကိုကြည့်။

[228] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင် နယ်ခြားစောင့်တပ်မှ တပ်သားများက ရွာလူကြီးအား ဖိအားပေးမှုကြောင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ရွာသားတစ်ဦးမှ နယ်ခြားစောင့်တပ်သို့ ဝင်ခဲ့သည်။ Source # 286 ကို ကြည့်ပါ။

[229] ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်က နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ ၏ တပ်မှူးမိုးညို ဖွဲ့စည်းဦးဆောင်သောသောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ က သထုံခရိုင်၊ ဘားအံမြို့နယ်မှ ရွာသားများကို လစဉ် စစ်သားအဖြစ် အမှုထမ်းခိုင်းပြီး စစ်မှုမထမ်းပါက ကျပ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀.၆၆) ပေးဆောင်ခိုင်းသည်။ ၂၀၁၂ ခုနှစ်အတွက် Source # 361 နှင့် ၂၀၁၃ ခုနှစ်အတွက် #4, #18, #15, #3 တို့ကို ကြည့်။

[230] တပ်မတော်သည် လယ်ဒို (ကျောက်ကြီး) စစ်ဆင်ရေးအတွက် ဩဂုတ်လ ၂၀၁၃ ခုနှစ်က ညောင်လေးပင်တွင် ရွာသားများကို ပြည်သူ့စစ် အဖြစ် တာဝန်ထမ်းဆောင်ရန် အတွက် စာရင်းသွင်းခိုင်းသည်။ Source # 270 ကိုကြည့်ပါ။

[231] နယ်ခြားစောင့်တပ် တပ်ရင်းတစ်ခု (ယခင် ဗိုလ်မှူး ကတိုး ဦးဆောင်သော DKBA #999 စစ်စခန်း) သည် ဒူးပလာယာ ခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ရွာသားများအား စစ်မှုထမ်းရန် ခိုင်းဆိုခဲ့သည်။ သို့သော် ရွာသားများသည် စစ်မှုထမ်းမည့်အစား စစ်သားလစာများကိုသာ ပေးခဲ့ကြသည်။ Source # 130 ကိုကြည့်ပါ။

စစ်သားစုဆောင်းခြင်း ပြဿနာများနှင့် ပတ်သက်၍ KHRG သုတေသန ပြုသူများနှင့် ရွာသားများက တင်ပြခဲ့ကြသည်။ နယ်ခြားစောင့်တပ်များ၊[232] တပ်မတော်ပြည်သူ့စစ်များ[233] နှင့် နယ်ခြားစောင့် တပ်မှူးတစ်ယောက် ထိန်းချုပ်သော လွတ်လပ်သည့် ပြည်သူ့စစ်တစ်ခု[234] တို့၏ အဓမ္မ စစ်သားစုဆောင်းခြင်းများကို ရွာသားများက တင်ပြခဲ့ကြသည်။

ရွာသားများက ၎င်းတို့၏ဆန္ဒမပါဘဲ[235] စစ်ထဲသို့ အဓမ္မဝင်ခိုင်းခြင်း သို့မဟုတ် ၎င်းတို့ မူလကစစ်ထဲဝင်စဉ် သတ်မှတ်ထားခဲ့သော ကာလထက် ပိုမိုအချိန်ကြာမြင့်စွာ စစ်မှုထမ်းခိုင်းခြင်းများ ခံရကြောင်း တင်ပြကြသည်။[236] ရွာသားများအနေနှင့် စစ်မှုမထမ်းလျှင် စစ်မှုထမ်းရန် စေခိုင်းခံရသူများကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ ကျေးရွာအုပ်ချုပ်သူများကိုလည်းကောင်း အခွန်ကောက်ခံကြောင်းကိုလည်း ရွာသားများက တင်ပြကြသည်။[237]

> *"သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ကို မိုးညို[238] က ဦးဆောင်ပါတယ်။ အခုထက်ထိ သူက ရွာသားတွေကို သူ့အဖွဲ့မှာ စစ်မှုထမ်းဖို့ အမိန့်ပေးဆဲပါ။ ကျေးရွာနှစ်ရွာက ရွာသားနှစ်ယောက်ဟာ [တစ်လ တစ်ကြိမ် အလှည့်ကျ စနစ်] နဲ့ စစ်မှုထမ်းကြရပါတယ်။[239] သူတို့အနေနဲ့ စစ်မှုမထမ်းရင် တစ်ယောက်ကို ကျပ် ၅၀၀၀၀ (အမေရိကန် ဒေါ်လာ ၅၀.၆၆) [240] စီ ပေးဆောင်ရပါတယ်။ ဒီပြဿနာကို ရွာသားတွေက အနေနဲ့ ညည်းငြူကြပေမယ့် သူတို့ဟာ မဆန့်ကျင်ရဲကြပါဘူး။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံမြို့နယ်၊ သထုံခရိုင်/ မွန်ပြည်နယ် မြောက်ပိုင်း။ (ဇူလိုင်မှ နိုဝင်ဘာ ၂၀၁၃)[241]

[232] ဥပမာအားဖြင့် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၄ ၏ တပ်မှူး မောင်ချစ်သည် ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်တွင် လစာမပေးဘဲ စစ်သား စုဆောင်းရန် ကြိုးစားခဲ့သည်။ Source # 312 ကိုကြည့်ပါ။ ဘားအံခရိုင် နဘူးမြို့နယ်မှ နယ်ခြားစောင့် တပ်ရင်း အမှတ် ၁၀၁၆၊ ၁၀၁၈ နှင့် ၁၀၁၉ တို့သည် ၂၀၁၂ ခု အောက်တိုဘာလတွင် အစည်းအဝေး ပြုလုပ်ကာ စစ်မှုထမ်းသက် တစ်နှစ်ခွဲ ပြည့်ပြီးသော ရွာသား ၂၂ ယောက်သည် အရန်စာရင်းသို့မသွင်းဘဲ စစ်မှုဆက်လက်ထမ်းဆောင်ရန် အကြောင်းကြားခဲ့သည်။ Source # 145 ကိုကြည့်။

[233] ဥပမာအားဖြင့် ကျိုက်ထိုမြို့နယ်မှ ရွာသားများသည် ၂၀၁၃ ခုနှစ်တွင် ပြည်သူ့စစ်မှ ထွက်ရန် တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၈ သို့ လက်နက်များကို ပြန်အပ်ရန် ကြိုးပမ်းသော်လည်း တပ်မတော်က သေနတ်အားလုံး ပြန်လက်ခံရန် ငြင်းဆန်ခဲ့သည်ကို Source #256 တွင် ကြည့်ပါ။

[234] ဥပမာအားဖြင့် KHRG သည် (၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ) မိုးညိုဦးဆောင်သော နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၁၄ သည် သထုံခရိုင် ဘားအံမြို့နယ်တွင် ရွာသားများမှ တစ်လကြာ စစ်မှုထမ်းရန် ရွာတစ်ရွာလျှင် နှစ်ယောက်နှုန်းဖြင့် ရွာ ၅ ရွာမှ ရွာသားများအား အဓမ္မ စစ်သားစုဆောင်းခဲ့ခြင်းနှင့် ဆိုင်သည့် သတင်းများကို ရရှိခဲ့သည်။ Source # 361 ကိုကြည့်။

[235] ၂၀၁၀ နှင့် ၂၀၁၂ နိုဝင်ဘာလ ကြားတွင် သထုံခရိုင် ----------- ရွာမှ တစ်လလျှင် ရွာသားလေးယောက် နယ်ခြားစောင့်တပ်တွင်စစ်မှုထမ်းရန် အဓမ္မ စေခိုင်းခံရကြောင်း ရွာသားတစ်ဦးက "ကျွန်တော်တို့ မလုပ်ချင်ရင်တောင် သူတို့မှာ သေနတ်ရှိနေတဲ့အတွက် ကျွန်တော်တို့မှာ ဘာမှ မလုပ်နိုင်ဘူး" ဟု ပြောသည်။ Source # 6 ကိုကြည့်ပါ။

[236] ဖာပွန်ခရိုင် ဘူးသို မြို့နယ်မှ ရွာသားတစ်ဦးက ၎င်းစတင်ထမ်းဆောင်ခဲ့စဉ်က သဘောတူထားခဲ့သည့်အတိုင်း စစ်မှုထမ်းသက် သုံးနှစ် ပြည့်သော ၂၀၁၂ ခု ဖေဖော်ဝါရီလက နယ်ခြားစောင့်တပ်မှ ထွက်ခွင့်တောင်းသော်လည်း ၎င်းကို စစ်မှုဆက်ထမ်းရန် အဓမ္မ စေခိုင်းခဲ့သည်။ Source # 56 ကိုကြည့်။

[237] သထုံခရိုင်မှ ရွာသားများကို ၂၀၁၃ ဇူလိုင်လနှင့် နိုဝင်ဘာလကြားတွင် နယ်ခြားစောင့်တပ်မှူးခေါင်းဆောင်သော သောင်းကျန်းသူ နှိမ်နင်းရေးအဖွဲ့ တွင် စစ်မှု ထမ်းရန် အမိန့်ပေးခဲ့ပြီး စစ်မှုမထမ်းနိုင်ပါက တစ်ရွာလျှင် ရွာသားတစ်ဦးလျှင် ကျပ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀.၆၆) ပေးဆောင်ခိုင်းခဲ့သည်။ Source # 361 ကိုကြည့်။


[238] KHRG သုတေသန ပြုသူတစ်ယောက်အရ မိုးညိုသည် ယခင် DKBA တပ်မှူးတစ်ယောက်ဖြစ်ပြီး ၂၀၁၀ က DKBA ကို နယ်ခြားစောင့်တပ် အဖြစ် ပြောင်းလဲခြင်းကို ကန့်ကွက်ခဲ့ပြီး သူ့နောက်လိုက် DKBA စစ်သား ခြောက်ယောက်ခန့်ဖြင့် လွတ်လပ်သော သောင်းကျန်းသူ နှိမ်နင်းရေးအဖွဲ့ တစ်ခုကို ထူထောင်ခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ်တွင် သူသည် သထုံခရိုင် ဘားအံမြို့နယ် နော်ဖူးမိုး အခြေစိုက် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ တပ်မှူးအဖြစ်ဖြင့် နယ်ခြားစောင့်တပ်သို့ ဝင်ခဲ့သည်။ Source # 3 ကိုကြည့်။

[239] ဤကဲ့သို့ လစဉ် စစ်မှုထမ်းရခြင်းသည် ၂၀၁၃ ဇူလိုင်လနှင့် နိုဝင်ဘာလကြားတွင် ဆက်လက် ဖြစ်ပေါ်နေကြောင်း သတင်းပို့ခဲ့သည်။ Source # 361 ကိုကြည့်။

[240] ဤအစီရင်ခံစာပါ ငွေလဲနှုန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက် တရားဝင်ဈေးကွက်ပေါက်ဈေး အမေရိကန် တစ်ဒေါ်လာ လျှင် ၉၈၇ ကျပ်နှုန်းဖြင့် တွက်ချက်ထားသည်။

[241] Source # 361 ကိုကြည့်။

ရွာသားများအနေနှင့် စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းများကို ဆန့်ကျင်ရန်မှာ ပေါ်တင်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အကြမ်းဖက်မည့် ခြိမ်းခြောက်မှုများကြောင့် ဆန့်ကျင်ရန် ခက်ခဲကြောင်း ရွာသားများက ပြောသည်။ အပစ်အခတ် ရပ်စဲသည့် အချိန်မှစ၍ KHRG သည် အိမ်ထောင်မိသားစုများနှင့် ရပ်ရွာလူထုကို တပ်မှူးများက စစ်မှုထမ်းရန် စေခိုင်းခြင်း သို့မဟုတ် ၎င်းအစား အခွန်ပေးဆောင်စေခြင်း စသည့် နည်းလမ်းများကို မှတ်တမ်းတင်ခဲ့သည်။ ရွာသားများသည် စစ်ထဲသို့မဝင်ပါက [242] ၎င်းတို့ကို သတ်ခြင်း၊ သို့မဟုတ် ထောင်ချခြင်းများ ပြုလုပ်မည်ကို စိုးရိမ်သည့်အပြင်၊ သို့မဟုတ် ၎င်းတို့အား သွားလာလုပ်ကိုင်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိတ်ပင်ခြင်းခံရမည်ကိုလည်း စိုးရိမ်ကြသည်။ [243] စစ်သားများ ထွက်ပြေးပါက တပ်မှူးများသည် ကျေးရွာအုပ်ချုပ်သူများထံသို့သွားကာ ထွက်ပြေး သူများကို ရှာဖွေကာ တပ်သို့ ပြန်ဝင်ရန် သို့မဟုတ် ၎င်းအစား အခွန်ပေးရန် ခိုင်းစေကြသည်။[244]



ဤဓာတ်ပုံကို KHRG သုတေသန ပြုသူက ဖာပွန်ခရိုင်၊ ထီးသဒေါထာ ကျေးရွာအုပ်စု၊ ------- ကျေးရွာတွင် ၂၀၁၃ ခုနှစ် မေလ ၅ ရက်နေ့က ရိုက်ယူခဲ့သည်။ ထိုဓာတ်ပုံသည် ကျေးရွာလေးရွာ၏ အမည်နှင့် နယ်ခြားစောင့်တပ်၏ စစ်သားစုဆောင်းခြင်းမှ ကင်းလွတ်စေရန် ပေးအပ်ရမည့် ငွေပမာဏဖြစ်သည်။ KHRG သုတေသနပြုသူ၏ အဆိုအရ ယခင်နှစ်များက ကျေးရွာ တစ်ရွာစီမှ ရွာသားတစ်ဦးစီကို DKBA က စစ်မှုသုံးနှစ်ထမ်းခိုင်းခဲ့သည်။ ရွာသားတစ်ဦးကို စစ်မှုထမ်းခြင်းမှရပ်ဆိုင်းမည့်နှစ်တွင် နယ်ခြားစောင့်တပ်များကို ဖွဲ့စည်းခဲ့ပြီး ၎င်းကို နောက်ထပ် စစ်မှုတစ်နှစ် ထမ်းခိုင်းသည်။ ၂၀၁၃ ခုနှစ်မှ စတင်ကာ တပ်မှူး မောင်ချစ် [245] က အဆိုပါ စစ်သားကို လူစားလဲခိုင်းခဲ့သည်။ ထိုအချိန်မှစ၍ ရွာသားများ ပျက်ကွက်ပါက ကျပ် ၂,၀၀၀,၀၀၀ (အမေရိကန် ဒေါ်လာ ၂၀၂၆.၃၄) ပေးဆောင်ရမည်ဖြစ်သည်။အထက်ပါဓာတ်ပုံသည် ကျေးရွာ လေးရွာပေါင်းမှ ရရှိမည့် ငွေပမာဏကို ပြသည်။[246] [ဓာတ်ပုံ - KHRG]



ဤဓာတ်ပုံကို KHRG သုတေသန ပြုသူ တစ်ယောက်က ဖာပွန်ခရိုင်၊ ကျော့ဖ ကျေးရွာအုပ်စု၊ --------- ကျေးရွာမှ စော----------- ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့က ရိုက်ယူခဲ့သည်။ ၂၀၁၂ ခုနှစ်က နယ်ခြားစောင့်တပ်သည် ရွာသားများကို အဓမ္မ စစ်သားစုဆောင်း ခိုင်းခဲ့ပြီး ရွာသားများမှ တပ်သားမပေးပါက ငွေပေးရန် တောင်းခဲ့ကြောင်း စော--------- ကပြောသည်။ KNLA စစ်သားများက ရွာသားများကို နယ်ခြားစောင့်တပ်တွင် စစ်မှုမထမ်းရန်နှင့် ပိုက်ဆံမပေးရန် ခိုင်းစေခဲ့သည်။ ဤဓာတ်ပုံရိုက်သည့် ဒေသခံအဖွဲ့ဝင်၏ အဆိုအရ ရွာသားများသည် KNLA ခိုင်းသည့်အတိုင်း နေခဲ့ကြပြီး နယ်ခြားစောင့်တပ်က မည်သို့မျှ တုံ့ပြန်ခြင်း မပြုနိုင်ခဲ့ပေ။[247] [ဓာတ်ပုံ - KHRG]

[242] နယ်ခြားစောင့်တပ်သို့ မဝင်လျှင် တွေ့ကြုံခံစားရမည့် ရွာသားများ၏ ခံစားမှုကို သထုံခရိုင်မှ ကျေးရွာခေါင်းဆောင် တစ်ဦးနှင့် အင်တာဗျူးတွင် Source # 6 တွင် တွေ့နိုင်သည်။ နယ်ခြားစောင့်တပ်သို့ မဝင်လျှင် အသတ်ခံရခြင်း၊ ထောင်ချခံရခြင်းများကို တွေ့ကြုံမည်ကို ကြောက်ရွံ့ကြောင်း ရွာသားတစ်ဦးနှင့် အင်တာဗျူး (Source #7) တွင် ဖော်ပြထားသည်။

[243] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ ရွာသားတစ်ဦးက ရွာသားများအနေဖြင့် ကျေးရွာအုပ်စုအတွင်း လွတ်လပ်စွာ သွားလိုလျှင် နယ်ခြားစောင့်တပ်မှ စစ်သားများသို့ စစ်သား သို့မဟုတ် ငွေ ပေးရန် ကျေးရွာ လူကြီးကို ဖိအားပေးကြောင်း ရှင်းပြထားခြင်းကို Source # 286 တွင်ကြည့်ပါ။

[244] နယ်ခြားစောင့်တပ်မှ တပ်မှူးတစ်ယောက်သည် ၂၀၁၂ ခုနှစ် မတ်လ ၂၉ ရက်နေ့က ဘားအံခရိုင်၊ နဘူး မြို့နယ်မှ ကျေးရွာလူကြီးတစ်ဦးကို ၎င်း၏ရွာတွင် နေထိုင်သော တပ်ပြေးများအား ရှာဖွေခိုင်းသည်။ ရွာလူကြီးက တပ်ပြေးများနှင့် တွေ့သောအခါ ၎င်းတို့သည် စစ်မှုထမ်းသက် တစ်နှစ်ခွဲ ပြည့်ပြီးဖြစ်ကြောင်း တွေ့ရသည်။ Source # 160 ကိုကြည့်။

[245] တပ်မှူးမောင်ချစ်ခေါ် မော်စီသည် တပ်မတော် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ ၏ တပ်မှူးဖြစ်သည်။ မောင်ချစ်အား ဘားအံခရိုင်၊ ကိုကိုးမှ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉၊ ၁၀၂၀ တို့၏ အဆင့်မြင့်တပ်မှူး ချစ်သူခေါ် မောင်ချစ်သူနှင့် မရောထွေးပါနှင့်။

[246] Source # 245 ကိုကြည့်။

[247] Source # 357 ကိုကြည့်။

တပ်မှူးများက စစ်သားများ၏မိဘများကို ၎င်းတို့၏ညီအစ်ကိုများဖြင့်အစားထိုးရန်ဖိအားပေးသည့် ဖြစ်စဉ်များကိုလည်း KHRG က မှတ်တမ်းတင်ခဲ့သည်။ ထိုကဲ့သို့ ဖြစ်စဉ်တစ်ခုမှာ နယ်ခြားစောင့်တပ်မှထွက်ပြေးကာ ဘုန်းကြီးဝတ်သွားသူ တစ်ယောက်အတွက်အစ်ကိုဖြစ်သူက အစားဝင်ပေးခဲ့ရသည်။ [248] စစ်သားစုဆောင်းမှုများအစား ပေးဆောင်ရသည့်ငွေကြေးသည် အလုပ်အကိုင်အခက်အခဲများ ရင်ဆိုင်နေကြရသော သို့မဟုတ် အကြွေးတင် နေသော မိသားစုများအဖို့ ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်စေသည်။

*"တကယ်လို့ ရွာသားတွေက [နယ်ခြားစောင့်တပ်မှာ စစ်မှုမထမ်းချင်လည်း] ဘာမှ လုပ်လို့ မရပါဘူး။ ဘာလို့လဲ ဆိုတော့ သူတို့မှာ သေနတ်ရှိတယ်။ ကျွန်တော်တို့ရွာက တစ်လကို လေးယောက်ပေးရတယ်။ တကယ်လို့ မသွားနိုင်ရင် လူငှားထည့်ရတယ်။ နော်မူးကွီးရွာက ၂၀၁၀ အောက်တိုဘာကစပြီး လစဉ် လူလေးယောက် ပေးရတယ်။"*

ဦး ----------၊ (ကျား ၄၄ နှစ်) ----------- ကျေးရွာ၊ ဘားအံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၂ ဖွန်တွင် တွေ့ဆုံမေးမြန်း)[249]

*"သူတို့မှာ သေနတ် ရှိတယ်။ ကျွန်တော်တို့က ကြောက်တယ်။ အဲဒီတော့ ကျွန်တော်တို့က တစ်လပြီး တစ်လ အမိန့် နာခံရတယ်။ တကယ်တော့ အဲဒါ ကျွန်တော်တို့ လိုက်နာတဲ့ ပုံမှန် အမိန့် ဖြစ်လာတယ်။ ကျွန်တော်တို့ အမြဲတမ်း ပေးရမယ်။ ဘာလို့တုန်းဆိုတော့ ကျေးရွာ အုပ်ချုပ်ရေးမှူးက ပေးမယ်လို့ ကတိပေးထားတယ်။ မပေးရင် သူတို့က ကျွန်တော်တို့ကို သတ်မှာ။ တကယ်လို့ ကျွန်တော်တို့က (စစ်သား သို့မဟုတ် ပိုက်ဆံ) မပေးရင် သူတို့က ကျွန်တော်တို့ကို ထောင်ထဲထည့်မှာ။"*

စော---------၊ (ကျား ၅၀ နှစ်)၊ ---------- ကျေးရွာ၊ ဘားအံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၂ ဖွန်တွင် တွေ့ဆုံမေးမြန်း)[250]

*"၂၀၁၂ မတ်လ ၂၉ ရက်နေ့က ကျွန်တော်တို့ ရွာကို နယ်ခြားစောင့် တပ်တွေ ဝင်လာပြီး တပ်ထဲက ထွက်ပြေးတဲ့သူတွေကို လာရှာတယ်။[251] သူတို့က စစ်မှု ထမ်းပြီးသား အိမ်တွေကို သွားတယ်။ တပ်ပြေးတွေ အိမ်ကို သွားပြီး ရွာလူကြီးတွေကို အဲဒီ တပ်ပြေးတွေကို သူတို့အတွက် ဖမ်းခိုင်းတယ်။ ရွာလူကြီးက တပ်ပြေးတွေ အိမ်သွားပြီး နယ်ခြားစောင့်တပ်က သူတို့ကို တပ်ထဲ ပြန်ဝင်ဖို့ အမိန့်ထုတ်သွားကြောင်း သွားပြောတော့ တပ်ပြေးတစ်ယောက်က ရွာလူကြီးကို သူ နယ်ခြားစောင့်တပ်မှာ စစ်သားမလုပ်ချင်တော့ကြောင်း၊ သူ့အနေနဲ့ တစ်နှစ်ခွဲ စစ်မှုထမ်းပြီး ဖြစ်ကြောင်း၊ အခု အိမ်ပြန်လာရလို့ သူ ပျော်တဲ့အကြောင်း ရွာလူကြီးကို ပြောတယ်။ "ခင်ဗျားက နယ်ခြားစောင့် တပ်ရဲ့ သူလျှိုပဲ။ ဘာလို့တုန်းဆိုတော့ ခင်ဗျားက ကျုပ်ကို တပ်ထဲ ပြန်သွားခိုင်းနေတယ်။ ကျုပ်ကို တပ်ထဲ ပြန်ဝင်စေချင်ရင် ခင်ဗျား ကျုပ်ကို ကျပ်၅,၀၀၀,၀၀၀ (အမေရိကန် ဒေါ်လာ ၅၀၆၅.၈၆) ပေး။ အရင်တုန်းက ခင်ဗျားပဲ ကျုပ်ကို တစ်နှစ်ခွဲ စစ်မှု ထမ်းဖို့ ပြောခဲ့တာ။ အခု ကျွန်တော် ထမ်းပြီးပြီ။ ခင်ဗျား ကျုပ်ကို နောက်တစ်ကြိမ် စစ်သားလုပ်စေချင်ရင် [အခု] ကျုပ်တောင်းတဲ့ ပိုက်ဆံ ခင်ဗျား [ကျုပ်ကို] ပေး" လို့ သူက ပြောတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏နောက်ဆုံး ရ ဒေသတွင်း အခြေအနေ တင်ပြချက်။ နဘူး မြို့နယ်၊ ဘားအံ ခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၂ မေလ)[252]

---

[248] နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄ မှ အသက် ၁၇ နှစ်နှင့် အသက် ၂၀ နှစ်ရှိ စစ်သားနှစ်ယောက် ၂၀၁၂ ခုနှစ် မေလတွင် ထွက်ပြေးလာကြသောအခါ တပ်မှူးကျော်ဘ က စစ်သားတစ်ဦး၏ မိသားစုအား စစ်တပ်မှ ထွက်ပြေးသွားသူကို တပ်သို့ ပြန်ပို့ရန် သို့မဟုတ် အခြားသားတစ်ယောက်နှင့် အစားထိုးပေးပို့ရန် ခိုင်းစေခဲ့သည်။ Source # 288 ကိုကြည့်ပါ။ တပ်ပြေးများဟု သုံးရသော်လည်း ၎င်းတို့သည် မူလသဘောတူညီချက်ဖြစ်သော စစ်မှုထမ်းသက် တစ်နှစ်ခွဲပြည့်ပြီးဖြစ်သည်။

[249] ဦး ------------ နှင့် အင်တာဗျူးကို Source # 6 တွင် ကြည့်။

[250] စော------------ နှင့် အင်တာဗျူးကို Source # 7 တွင် ကြည့်။

[251] KHRG သုတေသနပြုသူသည် "တပ်ပြေး" ဟု သုံးနှုန်းသော်လည်း စစ်မှုထမ်းသက် တစ်နှစ်ခွဲ ပြည့်ပြီးသူများဖြစ်သည်။

[252] Source # 160 ကိုကြည့်ပါ။

*"အရင်တုန်းကဆို ကျွန်တော်တို့ ပင်ငွေနဲ့ သက်တောင့်သက်သာ နေနိုင်တယ်။ ဒါပေမယ့် အခုတော့ ကျွန်တော်တို့မှာ အစိုးရ [တပ်မတော်] ပြည်သူ့စစ် ရဲ့ ဆင်းရဲသားတွေကို စစ်သားစုဆောင်းတာ၊ လူစားထိုးဖို့ လူစားပင်မယ့်သူကို ပိုက်ဆံပေးဖို့ သူများဆီက ငွေချေးရနဲ့ ကျပ်ကျပ်တည်းတည်း နေနေရတယ်။ သူတို့မှာ အကြွေးလဲ ဆပ်ပြီးရော ဘာမှ မကျန်တော့ဘူး။ တချို့ဆို မတတ်နိုင်လို့ တခြားကို ထွက်ပြေးကြရတယ်။"*

စော---------၊ (ကျား ၅ဂ နှစ်)၊ ---------- ကျေးရွာ၊ ဘားအံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း။ (၂ဂ၁၂ ဖွန်တွင် တွေ့ဆုံမေးမြန်း)[253]

**ဒေသခံများ၏ တုန့်ပြန်ချက်**

၂ဂ၁၂ ခုနှစ် ဇန်နဂါရီလ ကတည်းက အစိုးရ၊ နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်များသို့ စစ်သားစုဆောင်းခြင်း မခံရအောင် ရှောင်ကျဉ်သည့် နည်းလမ်းများစွာကို ရွာသားများက တင်ပြကြသည်။ KHRG ၏ မှတ်တမ်းများက ရွာသားများ အနေဖြင့် စစ်မှုထမ်းခြင်းမှ ရှောင်ကြဉ်ရန် လက်နက်ကိုင် အဖွဲ့အစည်းကို ပိုက်ဆံပေးခြင်း၊ ၎င်းတို့အစား စစ်မှုထမ်းမည့်သူကို ငှားရမ်းခြင်းတို့ ပြုလုပ်ပုံကို ဖော်ပြသည်။ [254] ရွာလူကြီးများနှင့် ရွာသားများသည် တပ်မှူးများ တောင်းသော စစ်သားအရေအတွက်ကို လျှော့ရန်[255] သို့မဟုတ် မူလ စစ်သားစုဆောင်းစဉ် ကာလက သတ်မှတ်သော အချိန်ထက် ရွာသားများကို ပို၍ စစ်မှု မထမ်းစေရန် တပ်မှူးများနှင့် ညှိနှိုင်းပုံများကို ရွားသားများက တင်ပြကြသည်။[256] ဖြစ်စဉ် သုံးခုသည် ရွာသားများ စစ်သားစုဆောင်းခံရခြင်းမှ ရှောင်ရှားခြင်းနှင့် ထိုသို့ ပြုလုပ်ခြင်းကြောင့် ရင်ဆိုင်ရသည့် အခက်အခဲများအတွက် နမူနာ ဖြစ်သည်။ ၂ဂ၁၂ ခုနှစ် ဧပြီလတွင် နယ်ခြားစောင့်တပ် ၁ဂ၁၃ က အသက် ၁၇ နှစ်နှင့် ၂ဂ နှစ်ကြား စစ်သား ၂ ယောက်ကို စစ်မှုထမ်းသက် ၃ နှစ်ပြည့်သော်လည်း စစ်တပ်မှ ထွက်ခွင့်မပေး ကြောင်းပြောခဲ့သည်။ ထို့ကြောင့် စစ်တပ်မှထွက်ပြေးကြပြီး ဘုန်းကြီးဝတ်ကြသည်။ [257] အခြားဖြစ်စဉ်တစ်ခုတွင် မိသားစု ငါးစုသည် စစ်သားစုဆောင်းခြင်းမှ ရှောင်ရှားရန် မြန်မာနိုင်ငံ အခြားဒေသများနှင့် ထိုင်းနိုင်ငံ မယ်လဒုက္ခသည်စခန်းသို့ ရွှေ့ပြောင်းသွားကြသည်။[258] တတိယ ဖြစ်စဉ်တွင် ရွာသားများသည် အပစ်အခတ် ရပ်စဲရေး ကာလအတွင်း တပ်မတော် ပြည်သူ့စစ်တွင် စစ်မှုမထမ်းလိုကြောင်းကိုပြရန် သေနတ်တစ်လက်လျှင် ကျပ် ၅ဂဂဂဂ (အမေရိကန်ဒေါ်လာ ၅ဂ.၆၆) နှုန်းဖြင့် ပြန်အပ်ခဲ့ကြသည်။ သို့သော် သေနတ် ၁၆ လက်မှ ၈ လက်ကိုသာ ပြန်လည် အအပ်ခံခဲ့သည်။[259]

*"၂ဂ၁၂ ခုနှစ် ဧပြီလက ---------- ရွာမှ [လူငယ်] တစ်ဦးကို နယ်ခြားစောင့်တပ်က [ပြန်လည် စစ်သားစုဆောင်းခဲ့ပြီး] DKBA တွင် ၎င်း၏ စစ်မှုထမ်းကာလ သုံးနှစ်ပြည့်သော်လည်း ၎င်းကို ထွက်ခွင့် မပြုကြောင်း အဓမ္မ စစ်သားစုဆောင်းခဲ့သည်။ [၎င်း]သည် [အနီးနား] ကျေးရွာသို့ ထွက်ပြေးကာ ဘုန်းကြီး ဝတ်ခဲ့သည်။ ထိုဖြစ်မှုကို ကျူးလွန်ခဲ့သော နယ်ခြားစောင့်တပ် တပ်မှူး ကျော်ဘယ်လောလ က ကျေးရွာ လူကြီးကို ထိုစစ်သားအားပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ခိုင်းသည်။ ထွက်ပြေးသွားသော စစ်သား၏ မိဘများ သည်လည်း ကျေးရွာလူကြီးနှင့်အတူ နယ်ခြားစောင့် တပ်စခန်းသို့ သွားရောက်ခဲ့ရသည်။ ထိုထွက်ပြေးသွားသော စစ်သားသည် ဘုန်းကြီးဝတ်သွားသောကြောင့် ၎င်းအနေဖြင့် စစ်တပ်သို့ [ပြန်ဝင်ရန်] မဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါ[စစ်သား] ဘယ်မှာရှိမှန်းလဲ မသိကြောင်း ကျေးရွာလူကြီးက [နယ်ခြားစောင့် တပ်သားများ]ကို*

[253] စော----------နှင့် အင်တာဗျူး အပြည့်အစုံကို Source # 7 တွင် ကြည့်။

[254] စစ်သားစုဆောင်းရေးထဲ ဝင်မည့်အစား ရွာသားများက ငွေပေးခဲ့သည့် ဥပမာကို Source # 361၊ 245 နှင့် 145 တွင် ကြည့်ပါ။

[255] သထုံခရိုင် ဘားအံမြို့နယ် ကျေးရွာ ငါးရွာမှ ရွာသားများသည် ၂ဂ၁၂ ခုနှစ် ဖွန်လက ရွာတစ်ရွာမှ ရွာသားငါးဦး စစ်သားစုဆောင်းရန် တောင်းခံခြင်းကို လျှော့ချရန် နယ်ခြားစောင့်တပ်မှူး မောင်ညွန့်နှင့် ညှိနှိုင်းခဲ့ကြသည်။ Source # 6 ကိုကြည့်ပါ။

[256] ဥပမာအားဖြင့် ၂ဂ၁၂ ခုနှစ် မတ်လက ဘားအံခရိုင် နဘူးမြို့နယ်၏ ရွာလူကြီးတစ်ဦးသည် စစ်သားစုဆောင်းရန် နယ်ခြားစောင့်တပ်က လိုအပ်နေသူသည် စစ်မှုထမ်း တစ်နှစ်ခွဲ ထမ်းပြီးသူ ဖြစ်ကြောင်း နယ်ခြားစောင့်တပ်သားများကို ရှင်းပြခဲ့သည်။ Source # 160 ကိုကြည့်ပါ။

[257] Source # 288 ကိုကြည့်ပါ။

[258] Source # 7 ကိုကြည့်ပါ။

[259] Source # 256 ကိုကြည့်ပါ။

*ပြောကြားခဲ့သည်။ ထို့ကြောင့် ကျေးရွာလူကြီးက ၎င်းတို့ဘာသာ ရှာပြီး ပြန်ခေါ်ရန် ပြောကြားခဲ့သည်။ ပြီးနောက် ကျေးရွာလူကြီးသည် ရွာသားများနှင့် တွေ့ကာ ၎င်းတို့ကို [နယ်ခြားစောင့် တပ်သားများ] ရှာမတွေ့ရန် အဝေးသို့ သွားနေရန် အကြံပေးခဲ့သည်။ ၎င်းတို့တွင် စိုးရိမ်မှုများနှင့် ပြည့်နှက်နေပြီး နယ်ခြားစောင့်တပ်များ မေးလာပါက မည်သို့ ဖြေရမည်ကို ကြောင့်ကျမှုများဖြင့် နေထိုင်နေကြရသည်။*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသိုမြို့နယ်၊ ဖာပွန် ခရိုင်/ ကရင်ပြည်နယ် မြောက်ပိုင်း (ဧပြီ ၂၀၁၂)[260]

*"ပြည်သူ့စစ်သို့ စစ်သားစုဆောင်းမှုများကြောင့် အချို့သော မိသားစုများ ကျေးရွာမှ ထွက်ပြေးကြပါတယ်။ စုဆောင်းတဲ့ စစ်သားအရေအတွက် လျှော့ပေးဖို့ ကျွန်တော်တို့ သူတို့နဲ့ ဆွေးနွေးပါတယ်။ ချမ်းသာတဲ့ လူတွေအတွက်က ပြဿနာ မရှိပေမယ့် ပိုက်ဆံသိပ်မရှိတဲ့ သူတွေကျတော့ လူစားငှားဖို့ ပိုက်ဆံ ချေးရတဲ့အတွက် ခက်ခဲပါတယ်။ အချို့ဆို အကြွေးပြန်ဆပ်ဖို့ မလွယ်ကူပါဘူး။ တချို့က မယ်လ ဒုက္ခသယ် စခန်းကို ထွက်ပြေးကြပြီး တစ်ချို့က မြဝတီ၊ ကိုကို၊ တရောပဒိ တို့လို မြန်မာနိုင်ငံရဲ့ တခြားနေရာတွေကို ထွက်ပြေးကြပါတယ်။"*

စော---------၊ (ကျား ၅၀ နှစ်)၊ ---------- ကျေးရွာ၊ ဘားအံမြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၂ ဇွန်တွင် တွေ့ဆုံမေးမြန်း)[261]

ကျောက်လုံးကြီး ကျေးရွာအုပ်စုမှ ရွာသားများ ပြည်သူ့စစ်တွင် အမှုထမ်းရန် သေနတ် ၁၆ လက် ပေးခဲ့သည်။ သူတို့က တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၈ ကို သေနတ်တွေ ပြန်ပေးဖို့ ကြိုးစားခဲ့ပါတယ်။ သို့သော် တပ်မတော်က သေနတ်အားလုံးကို ပြန်လည် လက်မခံခဲ့ပေ။ ၎င်းသည် ဒေသတွင် ပြည်သူ့စစ် အမြဲတမ်း ရှိရမည်ဟု အဓိပ္ပာယ် ရသည်။ ရွာသားများသည် ခြေလျင်တပ်ရင်း အမှတ် ၈ ကို သေနတ်များ ပြန်လက်ခံရန် တစ်လက်လျှင် ကျပ် ၂၅၀၀၀ (၂၅.၃၄ ဒေါ်လာ) ပေးခဲ့သော်လည်း ခြေလျင်တပ်ရင်း အမှတ် ၈ က သေနတ် ၈လက်သာ ပြန်လည် လက်ခံခဲ့သည်။ ၎င်းတို့က တစ်လက်လျှင် ကျပ် ၅၀,၀၀၀ (၅၁.၃၉ ဒေါ်လာ) နှုန်း ပေးခဲ့သော်လည်း တပ်မတော်က လက်မခံခဲ့ပေ။"[262]

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘီလင်းမြို့နယ်၊ သထုံ ခရိုင်/ မွန်ပြည်နယ် မြောက်ပိုင်း (၂၀၁၃ စက်တင်ဘာ)[263]

**အကြံပြုတင်ပြချက်များ**

နိုင်ငံတော်ကပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီမဟုတ်ဘဲ နယ်ခြားစောင့်တပ်အဖြစ် တပ်မတော်အတွင်းသို့ သွင်းခဲ့သော ယခင် တိုင်းရင်းသားလက်နက်ကိုင်များ အပါအဝင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ နိုင်ငံတော်၏ လက်နက်ကိုင် တပ်ဖွဲ့ဝင်များသို့မဟုတ် ပြည်သူ့စစ်များအဖြစ် တပ်သားသစ်စုဆောင်းခြင်းများ မရှိသင့်ပေ။ မြန်မာအစိုးရသည် နိုင်ငံတကာ ဥပဒေ ပြဋ္ဌာန်းချက်များကို လိုက်နာသင့်သည်။ အရွယ်ရောက်ပြီးသူများကို စစ်တပ်အတွင်းသို့ တရားမဝင် တပ်သားသစ်စုဆောင်းခြင်းနှင့် ကလေးသူငယ်များကို တပ်သားသစ်အဖြစ် စုဆောင်းခြင်းအားလုံးကို ထိရောက်စွာ အဆုံးသတ်ရန် မြန်မာအစိုးရသည် နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ဖြစ်ပေါ်နေသော တပ်မတော်နယ်ခြားစောင့်တပ်များနှင့် တပ်မတော် ပြည်သူ့စစ်

[260] အစီရင်ခံစာ အပြည့်အစုံကို Source # 56 တွင်ကြည့်ပါ။

[261] စော-----------နှင့် အင်တာဗျူး အပြည့်အစုံကို Source # 7 တွင်ကြည့်ပါ။

[262] KHRG ရရှိသည့် မဖြန့်ဝေရသေးသော သတင်းအချက်အလက်အရ တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၉၆ သည် ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ ကျိုက်တိုတွင် အခြေချခဲ့သည်။ ခမရ (၉)၊ တပ်မ (၄၄) နှင့် ခလရ (၈) တို့သည် သထုံမြို့နယ်တွင် လှုပ်ရှားပြီး ကမ်းရိုးတမ်း ယာဉ်သွားလမ်း တစ်လျှောက် လုံခြုံရေးကို တာဝန်ယူရန် ထုတ်နုတ်အင်အား အဖြစ် တပ်ပေါင်းစုံမှ စစ်သားများက ပူးပေါင်းဆောင်ရွက်ကြသည်။ တပ်မ ၄၄ လက်အောက်ရှိ ခမရ (၃) နှင့် ခလရ (၈) တို့သည် ကျိုက်ထိုနှင့် ဘားအံဒေသများမှ ပြည်သူ့စစ် တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

[263] Source # 256 ကိုကြည့်ပါ။

အတွင်း အဓမ္မစစ်သားစုဆောင်းခြင်းများနှင့် စစ်သားစုဆောင်းခြင်းအစား ငွေတောင်းခံမှုများအတွက် တာဝန်ယူဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

KNU အနေဖြင့် ၎င်းတို့၏ စစ်သားစုဆောင်းရေးမူဝါဒကို အများပြည်သူသို့ချပြပြီး အဆိုပါမူဝါဒသည် မည်သူများနှင့် အကျုံးဝင်သည်၊ မည်သည့်နယ်မြေဒေသများနှင့် အကျုံးဝင်သည်ကို ရှင်းလင်းသင့်သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် Geneva Call နှင့် KNU/KNLA တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက် ကတိအတိုင်း လက်နက်ကိုင် အဖွဲ့အစည်းများတွင် ကလေးစစ်သားများ အသုံးပြုခြင်း အဆုံးသပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းကို ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများမှ အနီးကပ်လေ့လာ စောင့်ကြည့်သင့်သည်။

တပ်သားသစ်စုဆောင်းခြင်း နှင့်ဆိုင်သည့် ဥပဒေ သို့မဟုတ် မူဝါဒများတွင်  အသစ် စုဆောင်းထားသော တပ်သားများ ထမ်းဆောင်ရမည့် ကာလနှင့် ၎င်းတို့အတွက် တာဝန်ထမ်းဆောင်နေချိန်တွင် ရရှိမည့် လခနှင့် အကျိုးအမြတ်များနှင့်ဆိုင်သည့် အချက်များ ရှင်းလင်းပြတ်သားစွာ ပါဝင်သင့်သည်။

## (ဆ) လူသတ်မိုင်း နှင့် အခြားသော မိုင်းများ

၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်နှစ်ခုစာ ကာလတလျှောက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကရင်ပြည်နယ်ဒေသ (၇) ခု တွင်ပါဝင်လှုပ်ရှားသူ အမျိုးမျိုးကို မှ လူသတ်မိုင်းနှင့် အခြားသောမိုင်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြောင်းကို KHRG အနေဖြင့် မှတ်တမ်းတင်ထားသည်။ တပ်မတော်အနေဖြင့် ရှေ့တန်းစစ်စခန်းများ အနီးတစ်ဝိုက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAG)နှင့် ၎င်းတို့အား ပံ့ပိုးကူညီသည်ဟု ယူဆထားသည့် အရပ်သားများကို ဒုက္ခိတသို့မဟုတ် သေကြေပျက်စီးစေရန်နှင့် ကျေးရွာများမှ အတင်းအဓမ္မဖယ်ရှားခြင်းခံထားရသော လူများပြန်လည်ဝင်ရောက်လာခြင်းကို တားဆီးရန်ရည်ရွယ်၍ လူသတ်မိုင်းများကို ထောင်ထားခြင်းများ ပြုလုပ်ခဲ့ပါသည်။ [264] လူအင်အားအရေအတွက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှလည်း တပ်မတော်နှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် ၎င်းတို့၏ နယ်မြေဒေသကို ခြေကုပ်ရယူနိုင်ရန်အတွက် မိုင်းများကို အလွန်အကျွံအသုံးပြုခဲ့ကြသည်။ [265] ထိုကဲ့သို့ နှစ်ဘက်စလုံးမှ မိုင်းများကို အသုံးပြုခြင်းအားဖြင့် အထူးသဖြင့် နေရပ်ပျောက်၍ နေစရာမရှိသော အရပ်သားများတွင် သေကြေပျက်စီးမှု အများဆုံး ဖြစ်ခဲ့ရသည်။ အရေအတွက်အားဖြင့် နည်းပါးသော ပြည်တွင်း ဥဒ္ဓနေမဲ့ဒုက္ခသည်များရှိသော ဇရိယာနယ်မြေများ၊ ပုန်းခိုရာနေရာများနှင့် အခြေကျနေထိုင်လျက်ရှိသော ကျေးရွာများမှ အရပ်သားများကလည်း ၎င်းတို့နေထိုင်ရာနေရာကို ကာကွယ်စောင့်ရှောက်ရန်၊ တပ်မတော်၏ ကျူးကျော်ဝင်ရောက်မှုကို ဟန့်တားနိုင်ရန်နှင့် အချိန်မီ ထွက်ပြေးလွတ်မြောက်နိုင်စေရန် ကြိုတင်သတိပေးချက် ရယူသည့်အနေဖြင့် မိုင်းများကို အသုံးပြုခဲ့ကြသည်။ ထို့ပြင်ရိက္ခာသိုလှောင်ရုံကို ကာကွယ်ရန် သို့မဟုတ် စိုက်ပျိုးမြေများတွင် တပ်မတော်၏ ရန်စွယ်အန္တရာယ်မှ ကင်းဝေးစွာလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မိုင်းများကို အသုံးပြုခဲ့ကြသည်။[266]

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လူသတ်မိုင်းများ ရှိနေခြင်းသည် ဆယ်စုနှစ်များစွာကြာမြင့်သောအခါတွင် ကိုယ်လက်အင်္ဂါထိခိုက်မှုများ၊ လွတ်လပ်စွာသွားလာခွင့်များ နှင့် အသက်မွေးဝမ်းကြောင်းများလုပ်ကိုင်နိုင်ရန်

[264] တပ်မတော်အင်အားစု မိုင်းထောင်ခြင်းနောက်ခံသမိုင်းကြောင်းနှင့်သာဓကကိုသိရှိလိုပါက *Self-protection under strain: Targeting of civilians and local responses in northern Karen State*, KHRG, August 2010, pp. 32-45 နှင့် *Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 18-21 တွင်ကြည့်ပါ။

[265] EAGs များမိုင်းထောင်ခြင်းနောက်ခံသမိုင်းကြောင်းနှင့် သာဓကကိုသိရှိလိုပါက *Self-protection under strain: Targeting of civilians and local responses in northern Karen State*, KHRG, August 2010, pp. 37-38 နှင့် '*All the information I've given you, I faced it myself': Rural testimony on abuse in eastern Burma since November 2010*, KHRG, December 2011, pp. 34-37; see also *Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 22-25တွင် ကြည့်ပါ။

[266] အရပ်သားများ မိမိကိုယ်ကိုကာကွယ်ရန်အတွက် မိုင်းများအသုံးပြုခြင်းနောက်ခံသမိုင်းနှင့် သာဓကကိုဖတ်ရှုလိုပါက *Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 81-87 နှင့် *Self-protection under strain: Targeting of civilians and local responses in northern Karen State*, KHRG, August 2010, pp. 90-91တွင် ကြည့်ပါ။

ကန့်သတ်မှုများကြောင့် လူသားမျိုးနွယ်စု၏ လုံခြုံမှုကို ခြိမ်းခြောက်လာခဲ့ပါသည်။ ကိုယ်လက်အင်္ဂါထိခိုက်မှုမှ ကင်းဝေးစေရန် နှင့် အစားအစာနှင့် ဂင်ငွေ ပုံမှန် ရရှိစေရန် ရွာသားများသည် နည်းလမ်းမျိုးစုံဖြင့် တုံ့ပြန်ချက်များကိုလည်း KHRG မှ လွန်ခဲ့သည့် အနှစ် ၂၀ ကောက်လျှောက် မှတ်တမ်းတင်ခဲ့ပါသည်။ [267] အစိုးရသည် လူသားဆန်မှုဆိုင်ရာ ပါဂင်မှုများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မည်သို့ပင် တင်းကျပ်စေကာမူ ပြည်တွင်းအဖွဲ့အစည်းများမှ မိုင်းအန္တရာယ် ပညာပေးအစီအစဉ် (MRE) များကို နိုင်ငံတကာမှပါဂင်လှုပ်ရှားသူများ၏ ထောက်ပံ့မှုတချို့ နှင့် ပံ့ပိုးပေးလျက်ရှိပါသည်။[268]

ဇန်နဂါရီ ၂၀၁၂ ခုနှစ်မှစတင်၍ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ဖြင့် လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရအကြားတွင် မိုင်းများကို စနစ်တကျရှင်းလင်းနိုင်ရန်အတွက် ဆွေးနွေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန Myanmar Peace Centre (MPC) နှင့်အတူ အပြည်ပြည်ဆိုင်ရာ လူသားဆန်မှု မိုင်းရှင်းလင်းရေး လုပ်ဆောင်သူများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ မိုင်းရှင်းလင်းရေးဌာန (MMAC) ကိုတည်ထောင်ခဲ့ပါသည်။ တည်ထောင်ရခြင်း၏ ရည်ရွက်ချက်မှာ နိုင်ငံတစ်ပှမ်း မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပြီး လက်ရှိအချိန်ထိ တိုးတက်မှု အနည်းငယ်သာ ရှိထားသည်။ [269] တစ်ချိန်တည်းမှာပင် တပ်မတော်၊ BGF နှင့် EAGs တို့သည် ဒေသအချို့တွင် မိုင်းများလျော့ကျသွားစေရန်ညှိနှိုင်းဆောင်ရွက်မှုများ ရှိခဲ့သည်။[270] အောက်တွင်ဖော်ပြပါရှိသည့်အတိုင်း အဆိုပါ လက်နက်ကိုင် အဖွဲ့များတွင် မိုင်းများကို အန္တရာယ်ကင်းစွာ ဖယ်ရှားနိုင်ရန်လတ်တလောတွင် နည်းပညာပိုင်းကျွမ်းကျင်မှု မရှိသလို အဆိုပါဒေသများတွင် လုံးဂဥသုံ မိုင်းရှင်းလင်းမှုကို အာမခံနိုင်ခြင်း မရှိချေ။

၁၉၉၇ မိုင်း အသုံးပြုမှု တားမြစ်ရေး သဘောတူစာချုပ် (MBT) အရ " မိုင်းဆိုသည်မှာ မြေပြင် သို့မဟုတ် အခြားသော မျက်နှာပြင်ဧရိယာ၏ အပေါ်၊ အောက် သို့မဟုတ် အနီးတစ်ပိုက်တွင် ထားရှိပြီး လူတစ်ဦး သို့မဟုတ် ယာဉ်တစ်စီး၏ ထိစပ်မှု သို့မဟုတ် ထိတွေ့မှုရှိခြင်းအားဖြင့် ပေါက်ကွဲစေရန် ပြုလုပ်ဖန်တီးထားသော ခဲယမ်းမီးကျောက် တစ်မျိုး ဖြစ်ပါသည်။ MBT မှ ' လူသတ်မိုင်း ဆိုသည်မှာ တစ်ဦး (သို့) တစ်ဦး ထက်ပိုသော လူများကို မသန်မစွမ်းဖြစ်စေခြင်း၊ ထိခိုက်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် အသက်သေဆုံးစေခြင်းများ ဖြစ်ပေါ်စေမည့် လူတစ်ဦး၏ ထိစပ်မှု သို့မဟုတ် ထိတွေ့မှုကနေ ပေါက်ကွဲစေရန် ပြုလုပ်ဖန်တီးထားသော မိုင်း" ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ [271] တပ်မတော်ဘက်ကအစိတ်စိတ်အမွှာမွှာကွဲထွက်သော လက်ပစ်ဗုံးနှင့် ပေါက်ကွဲအားပြင်း

[267] ဒေသခံအဖွဲ့အစည်းများအနေဖြင့် မိုင်းဧရိယာသတင်းအချက်အလက်များ မျှဝေခြင်း၊ အန္တရာယ်ကင်းစွာသွားလာနိုင်သောနေရာများသတ်မှတ်ခြင်း၊ အခြားသွားလာနိုင်သောလမ်းကြောင်းများသတ်မှတ်ခြင်း၊ မိုင်းဧရိယာများနှင့် ပက်သက်၍ ၎င်းတို့ကိုသတိပေးခြင်းများ ပြုလုပ်ပေးရန်အတွက် လက်နက်ကိုင်လှုပ်ရှားသူများနှင့် ဆက်ဆံရေးကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့် အမှတ်အသားသတ်မှတ်ခြင်း (သို့) မိုင်းဖယ်ရှားခြင်းများကို သိရှိလိုပါက *Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 30-31 and 42-43 တွင် ကြည့်ပါ။

[268] ဌာနေမဲ့ ပြည်တွင်း ကရင် ဒုက္ခသည်များ ဆိုင်ရာ ကော်မတီ (CIDKP)သည် Danish Church Aid (DCA) ၏အကူအညီယူ၍ မိုင်းအန္တရာယ် ပညာပေးအစီအစဉ်များဆောင်ရွက်နေစဉ်တွင် KDHW မှလည်း MRE လှုပ်ရှားမှုများကိုတနင်္သာရီတိုင်းတွင် ပြုလုပ်မှုများကိုဖတ်ရှုလိုပါက *Landmine Monitor Report 2009: Toward a Mine-Free World,* International Campaign to Ban Landmines, Myanmar Country Report, pp. 1029 - 1040တွင် ကြည့်ပါ။

[269] မိုင်းဖယ်ရှားခြင်းအစီအစဉ်ကို*Landmine Monitor Report 2013: Toward a Mine-Free World,* International Campaign to Ban Landmines, Myanmar Country Report, Myanmar Country Profile, last updated October 30th 2013 တွင် ကြည့်ပါ။

[270] ၂၀၁၂ ခုနှစ် ဖေဖော်ဂါရီလတွင် ဘားအံခရိုင်၌ KNLA တပ်မအမှတ် ၁၀၁ နှင့် BGF တို့သည် ယခင်၎င်းတို့ ထောင်ထားခဲ့သောမိုင်းများကိုရှင်းလင်းဖယ်ရှားရန်အတွက် သဘောတူညီခဲ့ပါသည်။ ထိုဧရိယာအတွင်းရှိရွာသားများမှလည်းဖယ်ရှားပေးရန် အဆက်မပြတ်တောင်းဆိုနေကြသည်။ BGF မှစစ်သားတစ်ဦး ၎င်းတို့ကိုယ်တိုင်ထောင် ထားသောမိုင်းကို မတော်တဆ မိုင်းစနက်တံ ဖြုတ်မိ၍ ဒဏ်ရာမရခင်အချိန်ထိ မိုင်းပေါင်း ၃၀ နီးပါးကိုဖယ်ရှားခဲ့ပါသည်။ ထိုရှင်းလင်းရေးလှုပ်ရှားမှုမှာ ရပ်ဆိုင်းသွားပြီး ဆက်လက်အကောင်အထည်ဖော်ခြင်းမရှိတော့ပါ။ အသေးစိတ်ကို Pa'an Situation Update: T'NayHsah Township, September 2011 to April 2012," KHRG, July 2012တွင် ကြည့်ပါ။ ၂၀၁၂ခုနှစ် ဇူလိုင်လတွင် BGF၊ DKBA နှင့်KNLA တို့ပူးပေါင်း၍ မြိုင်ကြီးငူဒေသတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင်မိုင်းပေါင်း ၅၀ ခန့်ရှင်းလင်းနိုင်ခဲ့ပါသည်။ အသေးစိတ်ကို Landmine clearance in MyaingGyiNgu nearing completion: Karen groups," Mizzima, August 21st 2013 တွင် ကြည့်ပါ။

[271] *Mine Ban Treaty*; Article 2 (1). တွင်ကြည့်ပါ။

လူသတ်မိုင်းများကို[272] ထုတ်လုပ်တင်သွင်းလာသလို လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့များ (EAG) ဘက်ကလည်း သေစေသော ပေါက်ကွဲရေးပစ္စည်းများ (VAIEDs)[273] ကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့သည်။ အဆိုပါ ပစ္စည်းများသည် MBT မှ တားမြစ်ထားသော လူသတ်မိုင်းများ ဖြစ်ပါသည်။[274]

ထို့ပြင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ(EAG) နှစ်ဖက်စလုံးက ကားထောင်မိုင်းများကို အသုံးပြုကြသည်။ ကားထောင်မိုင်းဆိုသည်မှာ "လူနှင့် ယာဉ် တစ်သီးတစ်ခြားစီ ဖြစ်စေရန် မြေကြီး (သို့) အခြားမျက်နှာပြင် အောက်၊ အပေါ် (သို့) အနီးတွင်ထားရှိပြီး ၎င်းအနီး၊ အပေါ်တွင်ဖြစ်စေ ယာဉ်တစ်စီးစီး၏ ထိစပ်မှု သို့မဟုတ် ထိတွေ့မှုရှိခြင်းအားဖြင့် ပေါက်ကွဲစေရန် စနက်တံ[275] ဖြင့် ပြုလုပ်ဖန်တီးထားသော မိုင်းတစ်မျိုး"ဖြစ်ပါသည်။ အပြည်ပြည် ဆိုင်ရာ လူသားဆန်မှု ဥပဒေအရ" ယင်းမိုင်းများကို အသုံးပြုသည့်အခါ ၎င်း၏ နောက်ဆက်တွဲ ဖျက်အားပြင်း သက်ရောက်မှုများ အနည်းဆုံး ဖြစ်စေရန် အထူးဂရုပြုရန် လိုအပ်သည်"[276] ဟု ပြဋ္ဌာန်းထားသော်လည်းမိုင်းအသုံးပြုမှု တားမြစ်ရေး သဘောတူစာချုပ်(MBT) တွင်တော့ ကားထောင်မိုင်းများကို ထည့်သွင်းထားခြင်း မရှိချေ။

မြန်မာနိုင်ငံသည် လက်ရှိတွင် မိုင်းအသုံးပြုမှု တားမြစ်ရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမထားသော်လည်း နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရေးကို စဉ်းစားလျက်ရှိကြောင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားခဲ့သည်။ ထို့ပြင် တပ်မတော်သည် မိုင်းအသုံးပြုမှုကိုရပ်ဆိုင်းပြီးလက်နက်ကိုင် တိုင်းရင်းသား အဖွဲ့များ(EAG)နှင့် မိုင်းအသုံးပြုမှုကို တားမြစ်သွားမည့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ရယူရန်လုပ်ဆောင်နေကြောင်းကို ဝန်ကြီးက ပြောကြားသွားကြောင်း ဖော်ပြထားသည်။[277]

## ၂၀၁၂ဇန်နဝါရီလမှစတင်၍တပ်မတော်နှင့်လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များ(EAGs)မှမိုင်းအသစ်များမြှုပ်နှံခြင်း

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဒေသနှစ်ခုတွင် တပ်မတော် သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAGs) မှ မိုင်းများ မြှုပ်နှံချထားကြောင်းကိုKHRG က သတင်းရရှိထားသည်။ ထိုဖြစ်ရပ်သည် အပစ်အခတ်ရပ်စဲရေး မတိုင်မီအစောတလျှင်ပြုလုပ်သောဆန့်ကျင်ဖက်လုပ်ရပ်တစ်ခုပင်ဖြစ်သည်။၂၀၁၁ခုနှစ်အတွင်းတပ်မတော်သားများ ဘက်

[272] တရုတ်အမျိုးအစား၅၉ - stake-mounted fragmentation mineကိုပုံစံတူထုတ်လုပ်ထားသော MM1 နှင့် တရုတ်အမျိုးအစား ၅၈ - blast mine၊ ကိုပုံစံတူထုတ်လုပ်ထားသော MM2၊ Claymore-type directional fragmentation mine နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံမှ M14 တို့ကိုပုံစံတူထုတ်လုပ်ထားသောမိုင်းတို့ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်သည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သောမိုင်းအမျိုးအစားများအကြောင်းကိုထပ်မံသိရှိလိုပါက *Landmine Monitor 2012: Myanmar/Burma Country Profile,* Production, stockpiling and transfer section, updated October 30th 2012 နှင့် *Landmine Monitor 2004*, Production, stockpiling and transfer, International Campaign to Ban Landmines, 2004 တွင် ကြည့်ပါ။

[273] KNLA နှင့် KNDO တို့သည် VAIEDs ကိုဖန်ပုလင်း၊ သတ္တုပိုက်များသို့ ဗူးများ၊ သစ်သားတုံးများသို့ ဝါးဆစ်တို့ဖြင့် ထုတ်လုပ်ထားပါသည်။ စက်ရုံများမှထုတ်လုပ်သောမိုင်းများနှင့် မတူပဲကွဲပြားသည်မှာ ထိုအိမ်လုပ် လက်နက်မှာချထားပြီးသည့် အချိန်မှစ၍ ၆ လခန့်တွင် အလုပ်မလုပ်တော့ပေ။ သို့သော်လည်းအချိန်ကြာမြင့်စွာတည်ရှိနိုင်သည်။

[274] MBT သည် လူသတ်မိုင်းများ၊stake-mounted fragmentation mines နှင့် VAIEDs မိုင်းများအသုံးပြုခြင်းကိုတားမြစ်ရန် အခြေခံ၍ သတ်မှတ်ထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုအသုံးပြုပါသည်။

[275] စနက်တံဖြုတ်သည့် ကိရိယာဆိုသည်မှာမိုင်းကိုကာကွယ်ပေးသောကိရိယာကိုဆိုလိုခြင်းဖြစ်ပြီး ၎င်းမှ မိုင်းတွင်ဖြစ်စေ၊ မိုင်းအောက်တွင်ဖြစ်စေမိုင်း၏အစိတ်အပိုင်းတစ်ခုအဖြစ်သော်လည်းကောင်း၊ ချိတ်ဆက်၍သော်လည်းကောင်း၊ ပူးတွဲလျက်သော်လည်းကောင်းပါရှိနေပြီး ၎င်းကိုကျွမ်းကျင်မှုမရှိပဲ လက်ဆော့သောအခါတွင် သို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပျက်ဆီးစေရန် အလို့ငှာ ဖြုတ်သောအခါတွင် အသက်ဝင်လာခြင်း ဖြစ်ပါသည်။ အသေးစိတ်ကြည့်ရှုလိုပါက *Mine Ban Treaty*; Article 2 (1).

[276] ICRC Customary IHL Database, Rule 81: Restrictions on the Use of Landminesတွင်ကြည့်ပါ။

[277] ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဖနွမ်းပင် ၌ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ၁၁ ကြိမ်မြောက် အစိုးရအဖွဲ့များ အစည်းအဝေးတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။ Myanmar seriously considering landmine treaty as part of its state reforms," တွင် ကြည့်ပါ။ Anti-Personnel Mine Ban Convention Implementation Support Unit, July 12th 2012သတင်းထုတ်ပြန်ချက်တွင် ကြည့်ပါ။ မြန်မာအစိုးရ၏ မိုင်းအသုံးပြုမှု ရပ်စဲရေးသဘောထားအကျဉ်းချုပ်ကိုအသေးစိတ်သိရှိလိုပါကLandmine & Cluster Munition Monitor: Myanmar/Burma Country Profile, Mine Ban Policy, updated October 30th 2012တွင်ကြည့်ပါ။

မှ ပြည်နယ်ခုနစ်ခု အနက် ခြောက်ခု [278] နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ (EAGs)ဘက်မှပြည်နယ်လေးခု[279] တွင် မိုင်းအသစ်များကို မြှုပ်နှံထားကြောင်းကို KHRG တွင် မှတ်တမ်း ရရှိထားသည်။

*"KNU နဲ့ အစိုးရကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးတဲ့နောက်ပိုင်းအချိန်တွေကို ပြန်ကြည့်လိုက်ရင် မိုင်းအသစ်တွေ ထောင်တာမျိုး မရှိဘူးလို့ အသေအချာပြောရဲတယ်။ အရင်တုန်းက မဖယ်ရသေးတဲ့ မိုင်းအဟောင်းတွေပဲ ရှိမယ်"*

KHRG ဒေသခံအဖွဲ့ဝင် ၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေတင်ပြချက်။ သံတောင်ကြီးနှင့် ထန်းတပင်မြို့နယ် တောင်ငူခရိုင်၊ ကရင်ပြည်နယ်မြောက်ပိုင်း (ဖေဖော်ဝါရီလမှဇူလိုင်လထိ ၂၀၁၃)[280]

၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် KNLA နှင့် ရွာသားများသည် တပ်မတော်၏ ထိုးစစ်ဆင်မှု အန္တရာယ်ကို စိုးရွံ့သည့်အတွက် ဖာပွန်ခရိုင် လူသော ကျေးရွာရှိ ဒုက္ခသည်စခန်း အနီးတစ်ပိုက်တွင် လူသတ်မိုင်းများ မြှုပ်နှံမှုကို ဆက်လက် လုပ်ဆောင်ခဲ့ကြသည်ဟု KHRG ဒေသခံအဖွဲ့ဝင်များက တင်ပြထားသည်။ [281] ထို့အတူ ၂၀၁၃ဖေဖော်ဝါရီလတွင် ဖာပွန်ခရိုင်တွင်လည်း BGF ထောက်ပံ့မှုရှိသည့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့မှ အကောင်အထည်ဖော်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခု ကို ဟန့်တားရန် KNLA မှ လမ်းမပေါ်တွင်ကားထောင်မိုင်းတစ်လုံးကို ထောင်ထားခဲ့သည်ဟု KHRG အစီရင်ခံစာတွင် သက်သေ အထောက်အထားနှင့်တကွ ဖော်ပြထားသည်။ မကြာသောအချိန်တွင် ထိုမိုင်း ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ ၅ ဦး သေဆုံးခဲ့ရသည်။[282] ၂၀၁၂ အတွင်း ဒေသတွင်း BGF နှင့် DKBA စစ်သားများသည် ဘားအံခရိုင် နဘူးမြို့နယ်တွင်လည်း မိုင်းအသစ်များကို ဆက်လက်ထောင်ထားခဲ့သည်ဟု KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးမှ တင်ပြထားသည်။[283]

*"၂၀၁၂ ခုနှစ်အတွင်း BGF စစ်သားတွေဘက်က မိုင်းတွေ ထောင်ကြသလို လက်နက်ကိုင် အဖွဲ့များဘက်ကလည်း မိုင်းအသစ်တွေ ဆက်ထောင်နေတုန်းပဲ။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က စော ---- ဟာ ---- ရွာမှာ မိုင်းတက်နင်းမိတယ်။ မိုင်းက DKBA တွေ ထောင်ထားတဲ့ မိုင်းအသစ်ပါပဲ"*

KHRG သုတေသီ၏ နောက်ဆုံးအခြေအနေပေါ် ရေးသားချက် နဘူးမြို့နယ်၊ ဘားအံ ခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၂ ဇွန်လမှ ၂၀၁၃ ဖေဖော်ဝါရီလထိ )[284]

## မိုင်းထောင်ထားသည်ဟုသိရှိထားသောနယ်မြေဒေသများ

၂၀၁၂ ဇန်နဝါရီလမှစ၍ ယခုထိ တောင်ငူ၊ ညောင်လေးပင်၊ ဖာပွန်၊ ဒူးပလာယာ နှင့် ဘားအံ ခရိုင်တို့တွင် မိုင်းအန္တရာယ် ဆက်လက် ကြီးမားလျက်ရှိကြောင်းကို KHRG ၏ ကွင်းဆင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

### *တောင်ငူခရိုင်*

တောင်ငူခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုစလုံးတွင် မြေမြှုပ်မိုင်းများရှိနေသေးကြောင်းကို KHRG ဒေသခံအဖွဲ့ဝင် များက အစီရင်ခံထားသည်။[285] ထန်းတပင်မြို့နယ်တွင် နော်ဆိုး - ဘူဆားခီး[286]လမ်းတစ်လျှောက်နှင့် ဘူဆားခီးရှိ တပ်မတော်

---

[278] သထုံ၊ တောင်ငူ၊ မြိတ်-ထားဝယ်၊ ဒူးပလာယာ ၊ ဖာပွန် နှင့် ဘားအံ -*Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 18-21 တွင်ကြည့်ပါ။

[279] တောင်ငူ၊ ဖာပွန်၊ ဒူပလယာနှင့် ဘားအံ -*Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 22-24 တွင်ကြည့်ပါ။

[280] Source #262 တွင်ကြည့်ပါ။

[281] ဤသတင်းအချက်အလက်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ အကြံပြုဆွေးနွေးပွဲအတွင်းဖာပွန်ခရိုင်ရှိဒေသခံအဖွဲ့ဝင်များက KHRG ကိုပေးပို့ခြင်းဖြစ်သည်။

[282] Source#307 တွင်ကြည့်ပါ။ Green Hill Company ကို ၎င်းတို့၏ လုပ်ရှားမှုများရပ်တန့်ရန် အကြိမ်ကြိမ်သတိပေးပြီးနောက် KNLA မှ ကားထောင်မိုင်းချထားခြင်းကို ဖော်ပြခြင်းဖြစ်သည်။ ဤဖြစ်ရပ်နှင့်ပက်သက်၍ အသေးစိတ်သိရှိလိုပါက Sources #84, #279 နှင့် #295 တွင်ကြည့်ပါ။

[283] Source #155 တွင်ကြည့်ပါ။

[284] Source #155 တွင်ကြည့်ပါ။

စစ်စခန်းအနီးတဝိုက်တွင်[287] KNLA မှ ထောင်ထားသော မိုင်းများ ကျန်ရှိနေသေးသလို ဂါဆိုး ရွာ[288] စစ်စခန်းများ အနီးတွင်လည်း တပ်မတော်မှ ထောင်ထားသော မိုင်းများ ကျန်ရှိနေသေးသည်။ သံတောင်ကြီးမြို့နယ် မြောက်စူးစူးရှိ တပ်မတော်၏ စွန့်ပစ်စစ်စခန်းဟောင်း[289]ဖြစ်သည့် ကသွယ်ဒီး ကျေးရွာအနီးတစ်ဝိုက်နှင့် ၂၀၀၀ ခုနှစ် အလယ်ပိုင်းမှ စ၍ "KNLA ၏ ချုံခို တိုက်ခိုက်မှုကို ခံရပြီးနောက် ကော်သေးဒါး နှင့် မေသေးဒါးတောင်တစ်ပိုက်တွင် တပ်မတော်မှ အရေအတွက် အတိအကျမသိရ သောမိုင်းများ ထောင်ထား ခဲ့သည်" [290]ဟု ဖော်ပြထားသည်။

### *ညောင်လေးပင်ခရိုင်*

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်ရှိလူသတ်မိုင်းများ ထောင်ထားခြင်းကြောင့် ရွာသား ၆ ဦး အပြင်းအထန် ဒဏ်ရာရရှိသွားခဲ့သည်ဟု KHRG က မှတ်တမ်းတင်ထားသည်။ [291] ထို့ပြင် ၂၀၁၁ ခုနှစ်အတွင်း တပ်မတော်၏ ကပ်ပီး အခြေစိုက်စခန်းနှင့် မူသဲကျေးရွာအကြားတွင် KNLA မှ ကားထောင်မိုင်းတစ်လုံး ထောင်ထားခဲ့သည်။[292]

### *ဖာပွန်ခရိုင်*

စွန့်ပစ် အခြေစိုက်စခန်းများ သို့မဟုတ် တပ်စခန်းများ[293]နှင့် မဲဆိပ် ရှိ BGF တပ်ရင်း အမှတ် ၁၀၁၃ နှင့် ၁၀၁၄ တို့ စခန်းချသော စစ်ဆင်ရေး အခြေစိုက်စခန်းများ [294] နှင့် ဘူသိုမြို့နယ် မဲ့ပရီးရှိ BGF တပ်ရင်း အမှတ် ၁၀၁၅ ဌာနချုပ်အနီးတစ်ဝိုက် [295] တို့တွင် မပေါက်ကွဲသေးသော မိုင်းများ ကျန်ရှိနေသေးသည်။ [296] တပ်မတော်၏ ဆီးဒေး အခြေစိုက်စခန်း[297] နှင့် IDP ကျေးရွာများ[298] တစ်ပိုက် အပါအဝင် လူသော မြို့နယ်[299]နှင့် ဒွဲလို မြို့နယ်[300]တို့တွင် မြေအောက်မိုင်းများ ကျန်ရှိနေသေးသည်။

---

[285] KNLA အနေဖြင့် ထိုဒေသတွင် မိုင်းရှင်းလင်းရန်အချိန်မရောက်သေးကြောင်းထင်မြင်သည်ဟု တောင်ငူခရိုင် ဒေသခံအဖွဲ့ဝင်တစ်ဦးက ရှင်းပြထားသည်။ ဆက်လက်၍ KNLA မှ ၎င်းတို့ထောင်ထားသော မိုင်းနေရာကိုရွာသားများအား သတင်းပေးသော်လည်း တပ်မတော်ဘက်က သတင်းမပေးကြောင်းကိုပြောကြားသွားသည်။ Source #32 တွင်ကြည့်ပါ။

[286] Source #358 တွင်ကြည့်ပါ။

[287] KNLA မှ မိုင်းများကိုမည့်သည့်နေရာတွင် ထောင်ထားခဲ့သည်မှာမမှတ်မိတော့ချေ။ ထို့ကြောင့် မိုင်းရှင်းလင်းရေးတွင် အခက်အခဲများရှိနေသည်ဟု ရှင်းပြထားသည်။ Source #261 တွင်ကြည့်ပါ။

[288] Source #331 တွင်ကြည့်ပါ။

[289] Source #27 တွင်ကြည့်ပါ။

[290] Source #324 တွင်ကြည့်ပါ။

[291] ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ ငလောက်တက်ကျေးရွာနှင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျွန်းပင်ဆိပ်ကျေးရွာ အနီးရှိသစ်ခုတ်စခန်းတွင်လည်းကောင်း၊ မတ်လ ၂ ရက်နေ့တွင် မယ်ပေါက် ရွာဟောင်းအနီးတွင် ဟင်းရွက်ရှာနေစဥ်တွင်လည်းကောင်း၊ ဧပြီလ ၂၀ ရက်နေ့တွင် လမြိုင်ဒေသ ကျောက်စုကြီးကျေးရွာမှ တစ်မိုင်အကွာတွင် လည်းကောင်း ရွာသားများမိုင်းကြောင့် ဒဏ်ရာရရှိပုံကို Source #370 တွင် ကြည့်ပါ။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် KNLA စခန်းအမှတ် ၈ နှင့် တပ်မတော် LIB တပ်စခန်းအမှတ် ၅၉၉ အကြားရှိ မောလေးတော ထဲတွင် ရွာသားတစ်ဦးမိုင်းနင်းမိသည်။ ဇွန်လ ၁ ရက်နေ့တွင်  တပ်မတော်စစ်တပ် စခန်း နှစ်ခုကြား (ခက်ပနှင့် ပဒ) တွင် ရွာသားတစ်ဦးမိုင်းနင်းမိသည်။ Source #263 တွင်ကြည့်ပါ။

[292] Source #51 တွင်ကြည့်ပါ။

[293] Source # 304တွင်ကြည့်ပါ။

[294] BGFအမှတ် ၁၀၁၃နှင့်၁၀၁၄ တို့သည် မဲဆိပ် တွင် ပူးတွဲအခြေစိုက်၍ ၎င်းတို့စခန်းအနီးတစ်ပိုက်တွင် လုံခြုံရေးအတွက် မိုင်းများကိုအသုံးပြုသည်။ Source #81တွင်ကြည့်ပါ။

[295] မဲ့ပရီးရှိ BGF အမှတ် ၁၀၁၅ အခြေစိုက်စခန်း တပိုက်တွင် မိုင်းများရှိနေပါသေးသည်။ Sources #77 နှင့် #308 တွင်ကြည့်ပါ။

[296] ဘူးသိုမြို့နယ်အတွင်းရှိထောင်ထားသောမိုင်းများအကြောင်းကိုထပ်မံသိရှိလိုပါကSources #79 နှင့် #357 တွင်ကြည့်ပါ။

[297] ဆီးဒေအခြေစိုက်စခန်းအနီး၌ တပ်မတော် စစ်သားတစ်ဦးမိုင်းနင်းပြီးသေဆုံးသွားသည်။ Sources # 369 တွင်ကြည့်ပါ။

[298] ၂၀၁၃ ခုနှစ် ဧပြီလတွင် လယ်မူပလေါ၊ ခေးပူ၊ နောယူထ နှင့် ကောလူဒဲ ကျေးရွာအုပ်စုများတွင် တပ်မတော်စစ်သားများကမိုင်းစနက်ဖြုတ်ရန်အတွက် ဆားများကျဲပက်၍ ကျွဲများကိုဆွဲဆောင်သောကြောင့် ကျွဲ အကောင်ရေခန့်မှန်းခြေ ၂၀ မှ ၃၀ အထိသေဆုံးခဲ့သည်။ Sources  #281 တွင်ကြည့်ပါ။

[299] ၂၀၁၃ ခုနှစ် နိုဝင်ဘာလ အစည်းအဝေးပွဲ၌ လူသောမြို့နယ်၊ ဘားအံခရိုင်တွင် မိုင်းများကျန်ရှိနေသေးသည်ဟုဖာပွန်ခရိုင်မှ ဒေသခံအဖွဲ့ဝင်များကသတင်းပေးပို့သည်။

[300] ဒွဲလိုမြို့နယ်၊ ခိုးသူးထ ကျေးရွာအုပ်စုတွင် နွားတစ်ကောင် မိုင်းနင်းမိ၍ သေဆုံးသွားသည်။ Sources # 88 တွင်ကြည့်ပါ။

***ဒူးပလာယာ ခရိုင်***

ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်တွင် ၂၀၁၀- ၂၀၁၁ အတွင်း DKBA၊ KNLA နှင့် တပ်မတော်တို့မှ ထောင်ထားသော မိုင်းများမှာ ကျန်ရှိနေသေးသည်။ စွန့်ပစ်စစ်စခန်းများ၊ ခရစ်ယာန် ဘုရားကျောင်းဝန်းမြေ [301]၊ ကျေးရွာအတွင်း (သို့) အနီးအနားတစ်ဝိုက် [302] ၊ ရွာသားများ၏ စိုက်ခင်းများ၊ ရေမြောင်းများနှင့် တောင်ကုန်းများပေါ်တွင် မိုင်းများ ကျန်ရှိနေသေးသည်။[303] ကြာအင်းဆိပ်ကြီးမြို့နယ် ဦးကရေထာကျေးရွာ အပြင်ရှိ တပ်မတော်အခြေစိုက်စခန်း အနီးတစ်ဝိုက်တွင်လည်း မိုင်းအချို့ ကျန်ရှိနေသေးသည်။[304]

*"DKBA က သူတို့မိုင်းချထားတယ်ဆိုတာကို သတိပေးတဲ့အနေနဲ့ သစ်ပင်နှစ်ပင်မှာ အနီရောင်သတိပေး အမှတ်အသား နစ်ခုကို ချိတ်ဆွဲထားတာကို ကျွန်တော်တွေ့ခဲ့တယ်၊ ထီးသဲလယ် ကနေ ကလောဂေါ် ရွာကိုသွားတဲ့ လမ်းမှာလည်း အဲ့ဒီလို အမှတ်အသားနစ်ခုကို တွေ့ခဲ့တယ်။ ဂါးရှူ့ တောင်မှာရှိတဲ့ ရေမြောင်းမှာလည်း မိုင်းတွေထောင် ထားတယ်။ ထီးသဲလယ် ကနေ ဂေါလေ၊ ဂေါလေ မှ ဦးကရေ့ထ ကြားမှာလည်း မိုင်းအနည်းအကျဉ်း ရှိသေးတယ်။ ဒီနေရာတွေက တပ်မတော် ဖျူဟာကုန်း စစ်စခန်းနဲ့ နီးလို့လေ။ ဗမာစစ်တပ်တွေဘက်က သူတို့ရဲ့ စခန်း အနီးတစ်ဝိုက်မှာ မိုင်းတွေ ထောင်ထားလို့ DKBA တပ်ရင်း ၉၀၇ နဲ့ ကော်သူးလေး (KLNA) ကလည်း မိုင်းတွေ ပြန်ထောင်ကြတာပေါ့။ ဦးကရေထာ ကျေးရွာနဲ့ ဂမီထ ကျေးရွာကြားမှာ မိုင်းတွေ ပိုများလိမ့်မယ်။ ၂၀၁၀ ခုနှစ်လောက်ကစပြီး DKBA တပ်ပေါင်းစု အမှတ် ၉၀၇ ၏ မိုင်းများကြောင့် ရွာသားတွေ အဲဒီကိုသွားပြီး ဖက်မခူးရဲကြတော့ဘူး။ ဒေါနတောင်တန်း အရှေ့ပိုင်းမှာရှိတဲ့ KNLA တပ်ရင်း အမှတ် ၁၈ တပ်စွဲထားတဲ့နေရာနဲ့ ကြာကဂ ကျေးရွာနှင့် ပဲကလယ် ကျေးရွာအထိ ရှိတဲ့ KNLA တပ်ရင်း အမှတ် ၁၀၃ တပ်စွဲထားနေရာတွေမှာလည်း မိုင်းတွေရှိသေးတယ်"*

KHRG သုတေသီ၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်
ကော့ကရိတ်ကျေးရွာ၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၂ ဧပြီလမှ ဇွန်လထိ)[305]

***ဘားအံခရိုင်***

၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်အတွင်း ဘားအံခရိုင် နဘူးမြို့နယ်သည် DKBA၊ BGF၊ တပ်မတော် နှင့် KNLA တို့မှ မိုင်းထောင်ထားခြင်းကြောင့် အလွန်အမင်းကြီးမားသည့် ဧရိယာအဖြစ် ရှိနေသည်။ ၂၀၁၀ ခုနှစ်တွင် DKBA တပ်ပေါင်းစုများသည် BGF တပ်ရင်း အသွင်ပြောင်းရန် ငြင်းဆန်ပြီးနောက် ငြင်းဆန်သူများနှင့် ပြောင်းလဲရန် လက်ခံသူများအကြားတွင် တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ထို့နောက်တွင် နှစ်ဖက်စလုံးမှ ၎င်းတို့၏ အခြေစိုက်စခန်းများကို ကာကွယ်ရန်နှင့် အဖွဲ့အတွင်းမှ လူများ တစ်ဖက်သို့ သွားပေါင်းမည်ကို ထိန်းချုပ်ရန် လူသတ်မိုင်းများကို မဟာဗျူဟာကျစွာ ထောင်လာကြသည်။ အုပ်စုတစ်ခုချင်းစီကလည်း ဆန့်ကျင်ဘက်အဖွဲ့မှ ဒေသတွင်း ဝင်ရောက်လုပ်ကိုင်မည် အထင်ဖြင့် ရွာသားများ၏ စိုက်ခင်းများနှင့် ဥယျာဉ်ခြံမြေများတွင် မိုင်းများကို ထောင်ခဲ့ကြသည်။[306] ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် နဘူးမြို့နယ် ထီးဂါပလော ကျေးရွာအုပ်စုတွင် (ယခင် DKBA)- BGF တပ်ရင်း နှင့် တပ်မတော်တို့သည် KNLA အခြေစိုက်စခန်းကို ဝင်ရောက်တိုက်ခိုက်ပြီးနောက်တွင် ကျေးရွာများနှင့် လယ်မြေများ ဘေးတွင် မိုင်းများကို ထောင်ထားခဲ့သည်။ [307] KHRG မှတ်တမ်းများအရ နိုကေ၊

---

[301] ၂၀၁၁ ခုနှစ်တွင် တပ်မတော်နှင့် DKBA အကြားတွင် ဖြစ်ပွားခဲ့သောတိုက်ပွဲအတွင်းတွင် KNLA မှ ဘုရားကျောင်းအနီး တစ်ဝိုက်သို့ စစ်သားများဝင်ရောက်လာမည်ကို စိုးရိမ်သောကြောင့် မိုင်းထောင်ခဲ့သည်။ Sources #137 နှင့် #327 တွင် ကြည့်ပါ။

[302] အိုးကိုနီ နှင့် ဂေါလေ ကျေးရွာများအနီးတွင် DKBA မိုင်းများကျန်ရှိနေသေးသည်။ Sources #221နှင့် #223 တွင် ကြည့်ပါ။

[303] KHRG မှတ်တမ်းများအရ ဂလောဂေါကျေးရွာအနီးရှိတောင်များပေါ်နှင့် DKBA စစ်စခန်းတစ်ခု၊ ရွာသားများ၏ လယ်များတွင် DKBA ၏ မိုင်းများရာနှင့်ချီကျန်ရှိနေသေးသည်။ Sources #111နှင့် #327 တွင် ကြည့်ပါ။

[304] Sources # 317 တွင်ကြည့်ပါ။

[305] Sources # 128 တွင်ကြည့်ပါ။

[306] Sources # 159 တွင်ကြည့်ပါ။

[307] Sources # 127 တွင်ကြည့်ပါ။

ထီးခလေး နှင့် ထီးချားရာ ကျေးရွာအုပ်စုများ၊ နဘူးမြို့နယ် အားလုံးတွင် လူသတ်မိုင်းများ များစွာကျန်ရှိနေသေးသည်။[308]

## မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စ၍ မိုင်းပေါက်ကွဲမှုကြောင့် အရပ်သား ေ သေဆုံးရမှု (သို့) ထိခိုက်ဒဏ်ရာရရှိမှုများကို သီးခြားမှတ်တမ်းအဖြစ် ခရိုင်သုံးခု [309] မှ KHRG ေ ဒေသခံအဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည်။ ၂၀၁၃ ခုနှစ် ေ ဖဖော်ဝါရီလနှင့် ဖွန်လအတွင်း ေ ညာင်လေးပင် ခရိုင် မုန်းမြို့နယ်တွင် လူသတ်မိုင်းကြောင့် ရွာသား ၆ ဦး ဒဏ်ရာရရှိသွားခဲ့သည်။ အဆိုပါဖြစ်ရပ်များမှာ ရွာသားများ ထင်းကောက်၊ ထင်းခွေ၊ ဟင်းသီးဟင်းရွက်ရှာ၊ လမ်းလျှောက်ခရီးသွားရင်းကနေ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ထိုရွာသားများအနက်မှ ၃ ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် ခြေထောက်များ ဖြတ်တောက်ပစ်ခဲ့ရသည်။ [310] ညောင်လေးပင် ခရိုင် ကျောက်ကြီးမြို့နယ်တွင် ၂၀၁၂ အောက်တိုဘာလ၌ လမ်းဖောက်လုပ်ရေးယာဉ်မှ လူသတ်မိုင်းတစ်လုံး၏ စနက်တံကို မတော်တဆ သွားဖြုတ်မိသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိသွားခြင်း မရှိချေ။[311]

*"၂၀၁၃ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ မုန်းမြို့နယ်က မနက် ၇ နာရီလောက်မှာ အသက် ၂၃ အရွယ် ---- ဟာ ထင်းရှာသွားတုန်း မိုင်းနင်းမိတယ်။ သူ့ကို မုန်းမြို့နယ် ဆေးရုံကို ပို့ခဲ့တယ်။ ဘယ်ခြေတစ်ဖက် ဖြတ်လိုက်ရတယ်။ မိုင်းပေါ်ကို သွားနင်းလိုက်တော့ မိုင်းက ထပေါက်ကွဲတယ်။ ပေါက်ကွဲမှု ဖြစ်တဲ့နေရာက ကြည်လမြောင်ဒေသထဲမှာပဲ ကျောက်စု ကနေ တစ်မိုင်လောက် ဝေးတယ်။ KNLA ရော ဗမာစစ်တပ်ရော လှုပ်ရှားမှုရှိတဲ့ နေရာပေါ့ "*

KHRG ဒေသခံအဖွဲ့ဝင်ရေးသားသော နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်
မုန်းမြို့နယ်၊ ညောင်လေးပင် ခရိုင်၊ ပဲခူးရိုးမ အရှေ့ပိုင်း (၂၀၁၃ ဖေဖော်ဝါရီလမှ ဧပြီလထိ)[312]

[308] ၂၀၁၂ ခုနှစ် ထီးကလေးကျေးရွာအုပ်စုတွင် မိုင်းများရှိနေခြင်း- နွားတစ်ကောင်ဒဏ်ရာရခြင်း၊ အောက်တိုဘာ ၂၀၁၂ ခုနှစ်တွင် ထီးချားရာကျေးရွာအုပ်စုရှိ ဂါးကလိ ကျေးရွာတွင် တပ်မတော်စစ်သားတစ်ဦးဒဏ်ရာရရှိခြင်း၊ စက်တင်ဘာ ၂၀၁၂ ခုနှစ်တွင် နို့ကေ ကျေးရွာအုပ်စု နို့ကျော်ကျေးရွာတွင် ရွာသားတစ်ဦးဒဏ်ရာရရှိခြင်းတို့ကိုသာဓကနှင့်တကွအစီရင်ခံစာတွင် ဖော်ပြထားသည်။ Sources #125, #141, #143နှင့် #360 တွင် ကြည့်ပါ။ နို့ကေရှိတောင်သုံးလုံးစစ်စခန်းအနီးတွင် KNLA နှင့် BGF မှမိုင်းများ ကျန်ရှိနေသေးသည်။ Sources # 153 တွင်ကြည့်ပါ။ သိဂါး၊ သဝေါသော နှင့် နို့ကျော် ကျေးရွာများအနီးရှိရွာသားများ၏လယ်များ နှင့် ထီးခလေး-ဂေါသို လမ်းတလျှောက်တွင်လည်းကောင်းခန့်မှန်းခြေမိုင်း ၃၀၀ နှင့် အရေအတွက် မခန့်မှန်းနိုင်သော မိုင်းများ ထောင်ထား ခဲ့သည်။ Source #227 တွင်ကြည့်ပါ။

[309] ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ခုနှစ် နိုဝင်ဘာလအထိ ဖာပွန်၊ ဘားအံနှင့် ညောင်းလေးပင်ခရိုင်များတွင် မိုင်းကြောင့် သေဆုံးမှုများနှင့် ဒဏ်ရာရမှုများရှိခဲ့သည်။

[310] ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိညောင်လေးပင်ခရိုင် မုန်းမြို့နယ်တွင် မိုင်းမတော်တဆမှု ၆ခု ဖြစ်ပွားခဲ့သည့် မှတ်တမ်းများ ရှိပြီး Sources #263 နှင့် #370တွင်ကြည့်ပါ။

[311] ဒေလော်ပလောဇရိယာအတွင်းရှိ ကျောက်ကြီးမြို့နယ်၊ မဲ့သဲကျေးရွာနယ်စပ်တွင် KNLA က ထောင်ထားသော မိုင်းကိုတပ်မတော် D7 အမျိုးအစားလမ်းဖောက်ယာဉ်မှ ဖောက်ခွဲမိခဲ့သည်။ Source #52တွင် ကြည့်ပါ။

[312] Source #370 တွင်ကြည့်ပါ။



အထက်တွင် ဖော်ပြထားသောဓာတ်ပုံကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့ .......ကျေးရွာ၊ နဘူးမြို့နယ်၊ ဘားအံခရိုင် တွင် ရိုက်ခဲ့ပြီး ဓာတ်ပုံတွင်ပါရှိသော .....သည် ၂၀၁၂ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ၎င်းနေထိုင်ရာ ရွာအနီးရှိ တောထဲသို့ စိမ်းစားဥ အရှာသွားရာမှ လူသတ်မိုင်း နင်းမိပြီး ဘယ်ခြေအောက်ပိုင်း တစ်ဝက်မှစတင်၍ ဖြတ်တောက်ခဲ့ရသည်။[313][*ဓာတ်ပုံ- KHRG*]



အထက်တွင် ဖော်ပြထားသောဓာတ်ပုံကို ဖေဖော်ဝါရီလ ၁ ရက်နေ့၌နဘူးမြို့နယ်၊ ဘားအံခရိုင်တွင် ရိုက်ကူးခဲ့သည်။ ဤဓါတ်ပုံတွင် DKBA ထောင်ထားသော လူသတ်မိုင်းအား ရေကူးကီးတွင်နင်းမိခဲ့ရာမှ ညာဖက် ခြေထောက်ဖြတ်ပစ်ခဲ့ရပြီး နာလန်ထူလာ သော အသက် ၃၆ အရွယ် အမျိုးသားတစ်ဦး၏ ပုံဖြစ်ပါသည်။[314][*ဓာတ်ပုံ - KHRG*]



အထက်တွင် ဖော်ပြထားသောဓာတ်ပုံကိုဒွယ်လိုမြို့နယ်ဖာပွန်ခရိုင်တွင် ၂၀၁၃ ခုနှစ် မတ်လ ၄ ရက်နေ့က ရိုက်ကူးသည့်ရှမ်းရွာနှင့် တောင်သူရွာကြား ယွန်းစလင်းမြစ်ဘေးရှိ သဲသောင်ပြင်ပေါ်တွင် ထရပ်ကားတစ်စီး KNLA ကားထောင်မိုင်းကြောင့် ပျက်စီးသွားပုံ။ အဆိုပါ ဖြစ်ရပ်တွင် အရပ်သား ၅ ဦး သေဆုံး။ [315] *[ဓာတ်ပုံ - KHRG*]

ဖာပွန်ခရိုင်တွင် ဖေဖော်ဝါရီလ ၁၁ ရက် ၂၀၁၃ ခုနှစ်၌ လမ်းဖောက်လုပ်ရာတွင် အသုံးပြုသော ကျောက်စရစ်နှင့် သဲများကို တင်ဆောင်လာသော အလုပ်သမား ၅ ဦး စီးနင်းလိုက်ပါလာသည့် Green Hill ကုမ္ပဏီပိုင် ထရပ်ကားသည် ကားထောင်မိုင်းထိမှုကြောင့် ဒရိုင်ဘာအပါအဝင် အလုပ်သမား ၅ ယောက်စလုံး သေဆုံးသွားခဲ့ပြီး သုံးဦးမှာ အသက် ၁၈ နှစ်အောက် အလုပ်သမားဖြစ်သည် ဟု KHRG ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ (မိုင်းထိပြီးနောက် ကျန်ရစ်ခဲ့သော ထရပ်ကားပုံ) KHRG၏ မှတ်တမ်းများအရ ထိုနေရာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရပ်ဆိုင်းရန် အကြိမ်ကြိမ် တောင်းဆိုမှု ပြုလုပ်ခဲ့ပြီးနောက် KNLA စစ်သားများမှ မိုင်းထောင်ခဲ့ခြင်း ဖြစ်ပါသည်။ [316] ဘားအံခရိုင် နဘူးမြို့နယ်တွင်လည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း စားစရာစုဆောင်းစဉ် လယ်ယာလုပ်ငန်းခွင် ဝင်နေစဉ် လူသတ်မိုင်းပေါက်ကွဲမှုကြောင့် အရပ်သား ၅ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။[317]

*"KNLA ကမိုင်းတွေထောင်ထားတာ ... ကျောင်းဆောက်ဖို့အတွက် သဲတွေအယူမှာ စတာပဲ (Green Hill ကုမ္ပဏီမှ ကိုမျိုး) ၊ အဲဒါကိုလည်း (ပြည်တွင်း KNU အရာရှိတွေနဲ့ ကျေးရွာအုပ်စု အကြီးအကဲတွေ) ဆီကနေ ခွင့်ပြုချက်*

[313] Source #360 တွင်ကြည့်ပါ။

[314] Source #227 တွင်ကြည့်ပါ။

[315] Source #230 တွင်ကြည့်ပါ။

[316] ဖြစ်စဉ်ကို ပြည့်စုံစွာသိရှိလိုပါက Sources #84, #95, #279, #295 နှင့် # 307 တွင်ကြည့်ပါ။

[317] ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွာသားတစ်ဦး ယုကုခီးကျေးရွာတွင် မိုင်းတက်နင်းမိပြီး ထိုအချိန်တွင် ဒဏ်ရာအခြေအနေကို မသိရှိရ သေးပါ။ Source #155တွင် ကြည့်ပါ။ ဇန်နဝါရီလ ၂၈ ရက်နေ့၌ ရွာသားတစ်ဦးမြေပြန့်လယ်ကွင်းတွင် အလုပ်လုပ်နေစဉ် မိုင်းနင်းမိခဲ့ပြီး၊ မတ်လ ၁၂ ရက်နေ့တွင် မြစ်ကမ်းနံဘေးနှင့် တောင်ကုန်းအောက်ခြေတွင် ရွာသားနှစ်ဦးမိုင်းနင်းမိခဲ့သည်။ Source #121 တွင်ကြည့်ပါ။ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် နို့ကေကျေးရွာအုပ်စုမှ ရွာသားတစ်ဦးမိုင်းနင်းမိခဲ့ကာ ၎င်း၏ခြေထောက် ဘေးဘက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ Source #141တွင် ကြည့်ပါ။

*ရထားပြီးသားပါ။ ပထမတော့ သူတို့က ခွင့်ပြုတာပေါ့ ဘာလို့လဲဆိုတော့ အဲ့ဒါကကျောင်းဆောက်ဖို့အတွက်ကိုး။ နောက်ပိုင်းကျတော့ Green Hill ကုမ္ပဏီ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် ကိုမျိုးကသဲတွေကို သယ်တော့တာပဲ။ ပြီးတော့ အဲဒီဆောက်လုပ်ရေးကို BGF က ထောက်ပံ့ပေးထားတာ။ KNU က အဲဒါကို မကြိုက်ဘူး။ အဲဒါကြောင့် သူတို့က တားဆီးဖို့ လုပ်ကြတာ။ ပြဿနာက အဲဒီကနေ စတာပဲ။ ဘာလို့လဲဆိုတော့ ကိုမျိုးက အဲ့ဒီကို အကြိမ်ပေါင်းများစွာ သဲတွေ သွားသယ်တော့ KNU ထဲကလူတွေကလည်း သဲတွေ ဆက်မသယ်ဖို့ ပြောပါသေးတယ်"*

--------(ကျား) ၊ ဒွဲလိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း

(မတ်လ ၂၀၁၃ ခုနှစ်တွင် တွေ့ဆုံမေးမြန်း)[318]

## လှုပ်ရှားသွားလာခွင့်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက်ကန့်သတ်မှုများ

တောင်ငူ၊ ညောင်လေးပင်၊ ဖာပွန်၊ ဒူးပလာယာ နှင့် ဘားအံ ခရိုင်များရှိ ရွာသားများ တင်ပြလာသော စိတ်အပူဆုံးအရာမှာ လက်ရှိမိုင်းများ ရှိနေခြင်းကြောင့် ၎င်းတို့၏လွတ်လပ်စွာသွားလာခွင့်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ဆောင်ခွင့်ကို ကန့်သတ်ခံရမှုပင် ဖြစ်ပါသည်။ ထိုဒေသများရှိ ရွာသားများသည် မိုင်းအန္တရာယ်ကို ကြောက်ရွံ့သဖြင့် ၎င်းတို့စိုက်ပျိုးထားသော အခင်းများကို မရိတ်သိမ်းနိုင်ခြင်း၊ တောထဲမှ အစားအစာနှင့် အခြားသော ပစ္စည်းများကို မရှာဖွေနိုင်ခြင်းတို့ ကြုံတွေ့နေကြကြောင်း တင်ပြထားသည်။ [319] စိုက်ခင်းတစ်ပိုက်ရှိ အရိပ်အာဂါသတစ်ခုအောက်တွင် မိုင်းကို ထောင်ထားခြင်းသည် အလုပ်ချိန်အတွင်း အနားယူရန် သင့်လျော်သည့်နေရာ အသုံးပြုခြင်းအား တားဆီးလိုက်သလိုပင် ဖြစ်သည်ဟု ရွာသားတစ်ဦးက ပြောကြားထားသည်။ [320] ထို့ပြင် ရွာသားများ မွေးမြူထားသော အထူးသဖြင့် ကျွဲနွားများအပါအဝင် ခြံမွေးတိရစ္ဆာန်များကို စားကျက်လွှတ်ထားစဉ် မိုင်းနင်းမိ၍ ဒါဏ်များစွာ သေဆုံးခဲ့ရသည်ဟု KHRG ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ [321] လက်နက်ကိုင် အဖွဲ့များက ဒေသခံလူထုကို မိုင်းတည်နေရာအချို့ကိုသာ သတင်းပေးပို့သည့်အတွက် ရွာသားများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်လိုက်သလို ဖြစ်နေပြီး သတင်းရထားသည့် နေရာသည်လည်း လုံခြုံမှုရှိသည်ဟု မယုံကြည်နိုင်တော့ချေဟုရွာသားများက ပြောကြားသည်။[322]

*"ရလဒ်အနေနဲ့ သိဂါး၊ သဂေါသော နှင့် နီ့ကျော်ရွာမှာရှိတဲ့ရွာသားတွေပြောတာကတော့ ရွာသားအချို့နဲ့ အိမ်တွင်း တိရစ္ဆာန်တွေ မိုင်းနင်းမိကတည်းက တောထဲသွားဖို့နဲ့ ဥယျာဉ်ခြံ ထဲသွားဖို့ဆိုတာ စိတ်တောင်မကူးရဲဘူး"*

KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏နောက်ဆုံးရဒေသတွင်း အခြေအနေတင်ပြချက်

နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၃ ဧပြီ)[323]

*"မဖော်ရသေးတဲ့မိုင်းတွေရှိသေးတယ်။ကျွန်တော်ကကွမ်းသီးခြံဝယ်ထားတာအခုတော့အဲဒီကို သွားတောင်မသွားရဲဘူး။ တိုက်ရိုက်ပေါက်တဲ့လမ်းလည်း မသွားရဲဘူး။ အဲဒီကိုတိုက်ရိုက်ပေါက်တဲ့ လမ်းမှာ မိုင်းတွေကျန်သေးတယ်။"*

စော --- (ကျား)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်။

ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ ဖေဖော်ဝါရီ တွေ့ဆုံမေးမြန်းချက်)[324]

---

[318] Source #84 တွင်ကြည့်ရှုပါ။

[319] ဘားအံခရိုင်တွင် မိုင်းများရှိနေမှုကြောင့် အသက်မွေးဝမ်းကျောင်းအလုပ်များအတွက် ကန့်သတ်မှုရှိခြင်းကိုနမူနာအနေဖြင့် ကြည့်ရှုလိုပါက Sources #117 နှင့်#125တွင်ကြည့်ပါ။ ဒူးပလာယာခရိုင်အတွက် Sources #106 နှင့်#221တွင်ကြည့်ရှုပါ။ ဖာပွန်ခရိုင်အတွက်Sources #79, #292 နှင့်#308တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင်အတွက် Sources #270 နှင့်#370တွင်ကြည့်ပါ။ တောင်ငူခရိုင်အတွက် Sources # 331 တွင် ကြည့်ပါ။

[320] စိုက်ခင်းများမှ ခြောက်မိနစ်ခန့် လမ်းလျှောက်အကွာအဝေးရှိ အရိပ်ရသည့် နေရာတွင် မိုင်ထောင်ထားခြင်းကရွာသားများအတွက် သင့်လျော်သော နေရ ဌ အနားယူစရာမရှိတော့ဟုဒူးပလာယာခရိုင်ရှိရွာသားတစ်ဦးကရှင်းပြထားသည်။ Source #327 တွင်ကြည့်ပါ။

[321] သာဓကအားဖြင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်းဘားအံခရိုင် နဘူးမြို့နယ်တွင် မိုင်းမတော်တဆမှုကြောင့် ကျွဲ၊ နွား၊ နှင့် နွားထီး ၁၅ ကောင်ခန့် သေဆုံးခြင်း(သို့) ပြင်းထန်စွာဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ Source #121တွင် ကြည့်ပါ။

[322] သာဓကအနေဖြင့် KNLA မှ ရွာသားများအား မိုင်းနေရာများကိုသတင်းပေးခြင်းကို Source #159 တွင်ကြည့်ပါ။

[323] Source #159 တွင် ကြည့်ပါ။

[324] Source #79 တွင်ကြည့်ပါ။

## ဒေသခံများ၏ တုန့်ပြန်ချက်

အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက် ကန့်သတ်မှုများကြောင့် ရွာသားများအနေဖြင့် ၎င်းတို့၏ စိုက်ခင်းများသို့ အခြားသော လမ်းများကနေ သွားလာရခြင်းနှင့် အန္တရာယ်ကင်းသော လမ်းများကို အချင်းချင်း အသိပေးခြင်း၊ [325] ခြံမွေးတိရစ္ဆာန်များကို ကြိုးချည်ထားရခြင်း၊ [326] မိုင်းပေါက်ကွဲမှုကြောင့် ခြံမွေးတိရစ္ဆာန်များ ဆုံးရှုံးသွားသဖြင့် ရွာသားအချင်းချင်း ပြန်လည်ငှားရမ်းခြင်း [327] နှင့် မိုင်းများမှ ကင်းလွတ်သော အခြားရွာသားများ၏ လယ်ယာမြေတစ်စိတ်တစ်ပိုင်းကို ထွန်ယက်စိုက်ပျိုးရန် ငှားရမ်းခြင်းတို့ ပြုလုပ်ရကြောင်း[328] တုံ့ပြန်ပြောဆိုကြသည်။ မိုင်းထောင်ထားသော နေရာအနီးတစ်ဝိုက်တွင် နေထိုင်သော ရွာသားများအနေဖြင့် ကျေးရွာနယ်မြေအတွင်း မီးသွေးဖုတ်ခြင်း၊ အရက်ချက်ခြင်း သို့မဟုတ် ခြံမွေးတိရစ္ဆာန်များ မွေးမြူခြင်း၊ သစ်ပင်ထွက် ပစ္စည်းများကို အသုံးပြုခြင်း စသည်ဖြင့် နယ်မြေအနေအထားကို လိုက်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ ပြောင်းလဲသွားခဲ့သည်။ [329] ဤနည်းဗျူဟာများသည် စီးပွားကုန်ကျစရိတ် ရှိသည့်အတွက် ရွာသားများအနေဖြင့် ၎င်းတို့၏ ကျေးရွာအတွင်း ကုန်ပစ္စည်းများ ထုတ်လုပ်သော်လည်း လယ်မြေစိုက်ခင်း ကျယ်ကျယ်တွင် စိုက်ပျိုးရေး လုပ်ကိုင်သလောက် ဝင်ငွေရရှိမှု မရှိပေ။

*"(တပ်မတော်နှင့် DKBA ကြား) တိုက်ပွဲတွေ ဖြစ်ပွားတဲ့အခါ အဲ့ဒီရွာနှစ်ရွာ (တအူးထနှင့် ကွီးလာရူ) ကြားမှာ မိုင်းတွေ ဘယ်လောက်ထောင်ထားလဲဆိုတာ ဘယ်သူမှမသိဘူး။ အဲဒါကြောင့် ရွာသားတွေအနေနဲ့ အစားအစာ ထွက်ရှာဖို့တာတောင် ဒုက္ခအကြီးအကျယ်တွေ့နေတယ်။ အစားအစာ ထွက်ရှာတဲ့အခါ အလုပ်သွားလုပ်တဲ့အခါ ရွာသားအချင်းချင်းသတိဂီရိယရှိဖို့အကြံဉာဏ်ပေးကြရတယ်လို့ ရွာသူကြီးက ရှင်းပြပါတယ်။"*

KHRG ဒေသခံအဖွဲ့ဝင် တစ်ဦး၏ ဖြစ်ပျက်မှု ရေးသားတင်ပြချက်
ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ် တောင်ပိုင်း (ဖေဖော်ဝါရီ ၂၀၁၂) [330]

*"ရွာသားတွေဟာ ခရီးသွားလာတာတို့ ရွာအပြင်ထွက်ပြီး ထင်းရှာတာတို့ သူတို့ လယ်အနီးအနားကို သွားတာတို့ မလုပ်ရဲကြဘူး။ အဲဒီတော့ ရွာထဲမှာပဲ ထင်းရှာတယ်။ ကျွဲ၊ နွား၊ ဆိတ်တွေကိုလည်း ကြိုးတွေနဲ့ ချည်ထားရတယ်။ မိုင်းတွေ မြေကြီးထဲမှာ ရှိနေသမျှ ကာလပတ်လုံး ရွာသားတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ မိုင်းမရှိတဲ့ သူတစ်ပါးရဲ့ လယ်မြေတွေကို ငှားရမ်းလုပ်ကိုင်ပြီးတော့ အသက်ရှင်ဖို့အတွက် ဆန်တွေကို သူများဆီက ဝယ်ယူစားသောက်ရတယ်။ သူတို့ရဲ့ ဝမ်းစာအတွက် တခြားနည်းလမ်း မရှိတော့တဲ့အခါ မီးသွေးဖုတ်တယ် ကျွဲ နွား ဆိတ် ဝက် ကြက်တွေကို မွေးမြူကြတယ်။ အရေအတွက်အများကြီးတော့ မဟုတ်ပေမယ့် နေ့စဉ် စားသောက်ရုံပေါ့။ ပြီးတော့ မွေးထားတဲ့ သားသမီးတွေကို ဘန်ကောက်မှာ အလုပ်သွားလုပ်ခိုင်းပြီးတော့ မိဘတွေဆီ ပိုက်ဆံပြန်ပို့ဖို့ ခိုင်းကြရတယ်"*

KHRG ဒေသခံအဖွဲ့ဝင် တစ်ဦး၏ ဖြစ်ပျက်မှု ရေးသားတင်ပြချက်
နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ ဧပြီလ)[331]

---

[325] သာဓကအနေဖြင့် ဒူးပလာယာခရိုင်ရှိရွာသားများသည် အစားအစာထွက်မရှာခင် (မိုင်းမရှိသည့်) အန္တရာယ်ကင်းသော လမ်းကြောင်းကိုသွားလာရန် တစ်ဦးနှင့်တစ်ဦးအကြံပေးကြသည်။ Source #111တွင် ကြည့်ပါ။

[326] သာဓကအနေဖြင့် ရွာသားများသည် ၎င်းတို့၏ ခြံမွေးတိရိစ္ဆာန်များကိုမိုင်းအန္တရာယ်မှ ကာကွယ်ရန် ချည်နှောင် ထားကြသည်။ Source #115 တွင်ကြည့်ပါ။

[327] Source #281တွင်ကြည့်ပါ။

[328] Source #125တွင်ကြည့်ပါ။

[329] နဘူးမြို့နယ်ရှိရွာသားများသည် ၎င်းတို့ရွာအနီးသစ်တောအတွင်းမိုင်းများပျံ့နှံ့နေမှုကြောင့် ရွာတွင်း၌သာထင်းခွေ ကြကြောင်း ရွာသားတစ်ဦးကဆိုထားသည်။ Source #326တွင်ကြည့်ပါ။

[330] Source #111တွင်ကြည့်ပါ။

[331] Source #125တွင်ကြည့်ပါ။

*"ရွာအနီးအနားနဲ့ တောထဲမှာ မိုင်းတွေ ရှိနေတဲ့အတွက် ရွာထဲက ဥယျာဉ်ခြံတွေကနေ သရက်ပင် ပိန္နဲပင်နဲ့ အခြားအပင်တွေကို ခုတ်ချလိုက်ရတယ်။ သူတို့အတွက် နေထိုင်စရာ အိမ်ဆောက်ဖို့ကိုတော့ သူတို့ပိုင်တဲ့ အပင်တွေကိုပဲ အသုံးပြုကြတယ်"*

KHRG ဒေသခံအဖွဲ့ဝင် တစ်ဦး၏ ဓာတ်ပုံမှတ်တမ်း ရည်ညွှန်းချက်
နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ ဖေဖော်ဝါရီလ)[332]

**အမှတ်အသား ပြုလုပ်ခြင်းနှင့် ဖယ်ရှားခြင်း**

၂၀၁၀ ခုနှစ်တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAG)၏ မိုင်းရှင်းလင်းရေးလုပ်ဆောင်သော အစီရင်ခံစာများကို KHRG မှ စတင်လက်ခံရရှိခဲ့ပြီး [333] ၂၀၁၂ ခုနှစ်တွင် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရသည်။ ရွာသားများက မိုင်းဖယ်ရှားမှု၏ အကျိုးကျေးဇူးကို ဖော်ပြကြသော်လည်း လက်နက်ကိုင်အဖွဲ့များဘက်မှ တင်ပြလာသည့် အများဆုံးကြုံတွေ့ရသော အခက်အခဲများမှာ မိုင်းများ ရှင်းလင်းခြင်းနှင့် ဘက်လိုက်သော မိုင်းရှင်းလင်းမှုများ၏ နောက်ဆက်တွဲ ပြဿနာများပင် ဖြစ်ပါသည်။

မိုင်းရှိသောနေရာများကို မှန်မှန်ကန်ကန် အမှတ်အသားပြုလုပ်ထားသောအခါ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခွင့် အကျိုးကျေးဇူးကို သိသိသာသာ ရရှိလာသည်ဟု ဒေသခံလူထုများက ရှင်းပြသည်။ ရပ်ရွာတစ်ခုတွင် ရွာသားများသည် ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်း၍ ၎င်းတို့ကိုယ်တိုင် မိုင်းထောင်ထားသည့်နေရာများကို ရှာဖွေဖော်ထုတ်ပြီး အမှတ်အသား ပြုလုပ်ထားသည်။

*"ကုန်းလမ်းကနေ မြို့ကြီးတွေကို သွားလာရတာ အခုတော့ ပိုလွယ်သွားပါပြီ။ ဒီနားဝန်းကျင်မှာ မိုင်းအသစ်တွေလည်း ထောင်ထားတာ မရှိတော့ အိမ်ဆောက်ဖို့ သစ်ပင်တွေလည်း အလွယ်တကူ ရသွားပြီ။ KNU၊ BGF နဲ့ ဗမာ့စစ်အစိုးရ (တပ်မတော်) တွေက မိုင်းတွေ အတိအကျရှိတဲ့နေရာကို ရှင်းလင်းလမ်းညွှန်မှုပေးထားတဲ့အတွက် ရွာသားတွေက မိုင်းရှိမယ့်နေရာကို အမှတ်အသားပြုလုပ်ပြီး အခြားသူတွေကို သတိပေးကြတယ်"*

KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏နောက်ဆုံးရဒေသတွင်း အခြေအနေတင်ပြချက်
ပိုင်ကျုံမြို့နယ်၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၃ စက်တင်ဘာ)[334]

အခြားဒေသများတွင် ၎င်းတို့၏ စိုက်ခင်းများမှ မိုင်းများ[335]နှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းအနီးမှ မိုင်းတစ်လုံးကို[336] ဖယ်ရှားပေးရန် ရွာသားများက စဉ်ဆက်မပြတ် တောင်းဆိုထားသော်လည်း မရရှိသေးချေ။

မိုင်းများကို စနစ်တကျရှင်းလင်းရာတွင် အကြီးမားဆုံး အခက်အခဲများအဖြစ် KNLA စစ်သားများသည် မိမိတို့ ထောင်ထားခဲ့သည့် နေရာများကို မမှတ်မိတော့ခြင်း[337]နှင့် မိုင်းများကို ရှင်းလင်းဖယ်ရှားရာတွင် လိုအပ်သော သင်တန်း သို့မဟုတ် ကိရိယာများ မရှိခြင်းတို့လည်း ဖြစ်သည်ဟုလည်း ရွာသားများက တင်ပြထားသည်။[338]

---

[332] Source #227တွင်ကြည့်ပါ။

[333] ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်တွင် KHRG မှတ်တမ်းများအရမိုင်းနေရာသတ်မှတ်ခြင်းနှင့်ဖယ်ရှားခြင်းကို *Uncertain Ground: Landmines in eastern Burma*, KHRG, May 2012, pp. 42-51တွင်ကြည့်ပါ။

[334] Source #362 တွင်ကြည့်ပါ။

[335] သာဓကအားဖြင့် ဘားအံခရိုင်တွင် ရွာသားများက ၎င်းတို့ လယ်မြေအတွင်းမှ မိုင်းများဖယ်ရှားပေးရန် တောင်းဆိုခြင်းကို Sources #116 နှင့် #153တွင် ကြည့်ပါ။

[336] ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ် ခရစ်ယာန်တနင်္ဂနွေကျောင်းအနီးရှိ မိုင်းကို KNLA အားဖယ်ရှားပေးရန် ရွာသားများကတောင်းဆိုထားသည်။ သို့သော် ဤမှတ်တမ်းရေးသားနေသည့်အချိန်ထိဖယ်ရှားပေးခြင်းမရှိသေးပါ။ Source #327 တွင်ကြည့်ပါ။

[337] သာဓကအနေဖြင့် KNLA စစ်သားများသည် ၎င်းတို့ ချထားခဲ့သောမိုင်းများ၏ နေရာကိုမမှတ်မိသောကြောင့် မိုင်းရှင်းလင်းရေး တွင် ကြီးမားသော ပြဿနာများရင်ဆိုင်နေရသည်။ Sources #159 နှင့်#262တွင် ကြည့်ပါ။

[338] သာဓကအနေဖြင့် တောင်ငူခရိုင်တွင် KNU ဘက်က ၎င်းတို့တွင် မိုင်းရှင်းလင်းရန်အတွက် နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု မရှိဟုရှင်းထားသည်။ Source #262တွင်ကြည့်ပါ။ ကျောက်ကြီးတွင် ကားထောင်မိုင်းများဖယ်ရှားလျှင် လမ်းပျက်စီးနိုင်သောကြောင့် KNLA ဘက်က ဖယ်ရှားနိုင်စွမ်းမရှိပါ။ Source #51 တွင်ကြည့်ပါ။

*"KNU/KNLA (အရာရှိများ) က သူတို့ဆီမှာ မိုင်းစနက်တံကို ဖြုတ်ဖို့ အရည်အချင်း မပြည့်ဝသလို လုပ်လည်း မလုပ်ရဲဘူး လို့ ဆိုပါတယ်။ ဒီအနီးအနားပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေရော KNU ရော တပ်မတော် ဘယ်နားမှာ မိုင်းထောင်သွားလဲဆိုတာ မသိကြသလို တပ်မတော်က ၎င်းတို့ကို သတင်းလည်း မပေးဘူး"*

KHRGဒေသခံအဖွဲ့ဝင်တစ်ဦး၏နောက်ဆုံးရဒေသတွင်းအခြေအနေတင်ပြချက်။ ထန်းတပင်နှင့် သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်၊ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ)[339]

တပ်မတော်အင်အားစုများက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးသော်လည်း အရပ်သားများအား ကာကွယ်ရန်ထက် တပ်မတော်လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးကို အားသန်နေပုံပေါ်သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်အနေဖြင့် ယာဉ်သွားလမ်းမပေါ်နှင့် ဦးကရေထာကျေးရွာအနီး စစ်စခန်းအနီးရှိ ကုန်းမိုင်းများကို ဘူဒိုဇာယာဉ်များ သုံးပြီး ဖယ်ရှားရှင်းလင်းခဲ့သည်။ သို့သော် ဦးကရေထာကျောင်းဝင်း၊ ရွာနှင့် ရွာပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေဧရိယာများတွင် မိုင်းများကျန်ရှိနေသေးသည်ဟု ရွာသားများက ဝေဖန်ပြောဆိုကြသည်။[340]

နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ လူသောမြို့နယ်၊ ဖာပွန်ခရိုင်တွင် တပ်မတော်သည် မိုင်းများကို ဖောက်ခွဲရန်အတွက် ရွာသားများပိုင်ဆိုင်သော ကျွဲများကို ဆားများ ကြဲပက်၍ မျှားခေါ်ရာတွင် ကျွဲအကောင်ရေ ၂၀ မှ ၃၀ ခန့် သေဆုံးခဲ့ရသည်။[341] မိုင်းရှင်းလင်းရေးကို ထိရောက်မှုရှိစေရန် စနစ်တကျဖြစ်ဖို့ လိုအပ်သည်။ ခြံမွေးတိရစ္ဆာန်များ သေဆုံးမှုကြောင့် ၎င်းတို့ကို အသုံးပြု၍ စိုက်ခင်းများ ထွန်ယက်စိုက်ပျိုးရာတွင် လည်းကောင်း၊ ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း ထိခိုက်မှုများ ရှိသည့်အတွက် တပ်မတော်၏ ချဉ်းကပ်လုပ်ဆောင်မှုပုံစံသည် ဒေသတွင်း လုံခြုံမှုကို အနည်းငယ်သာ ထိရောက်မှု ရှိသော်လည်း ရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် များစွာထိခိုက်စေသည်။

*"ကျွဲတွေက (တပ်မတော်မှ စစ်သားများ ကြဲထားသော ဆား) အနံ့ကိုရပြီး အဲဒီဧရိယာထဲ ဝင်သွားတဲ့အခါ မိုင်းနင်းမိတာပေါ့။ မိုင်းနင်းပြီးသေတဲ့ အရပ်သားပိုင် ကျွဲအကောင်ရေက ၂၀ ကနေ ၃၀ လောက်ရှိမယ်။ ပိုင်ရှင်တွေအနေနဲ့ သူတို့ရဲ့ ကျွဲတွေဟာ မိုင်းနင်းပြီး သေသွားတဲ့အတွက် ထွန်ယက်စိုက်ပျိုးတဲ့နေရာမှာ သုံးဖို့ ကျွဲတွေ မရှိတော့ဘူး။ အဲဒီအတွက် သူများတွေဆီက ငှားရတဲ့အခါ ဒုက္ခရောက်ရတယ်။ အလုပ်ခိုင်းဖို့ ကျွဲတွေ မရှိတော့လို့ လုပ်ငန်းခွင်မှာ လုပ်ရကိုင်ရတာ မတွင်ကျယ်တော့ဘူး"*

KHRGဒေသခံအဖွဲ့ဝင်တစ်ဦး၏နောက်ဆုံးရဒေသတွင်းအခြေအနေတင်ပြချက်
လူသောမြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ)[342]

ဘားအံခရိုင် နဘူးမြို့နယ် နို့ကေးနှင့် ထီးခလေးကျေးရွာအုပ်စုမှ ရွာသားများ၏ တောင်းဆိုချက်အရ KNLA နှင့် BGF အဖွဲ့တို့မှ စစ်သားများ၊ ဒေသခံများ ပူးပေါင်း၍ ၂၀၁၁ အတွင်း နှစ်ဖက်လက်နက်ကိုင်အဖွဲ့များမှ ထောင်ထားခဲ့သော မြေမြှုပ်မိုင်းများကို ဖယ်ရှားရန် ကြိုးပမ်းရာတွင် ယခင်က အမှတ်အသားပြုလုပ်ထားမှု မရှိခြင်းတို့ကြောင့် မိုင်းပေါက်ကွဲမှုများဖြစ်ပြီး ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သည်။[343] BGF မှ တပ်သားတစ်ဦး မိုင်းနင်းမိ၍

---

[339] Source #262 တွင်ကြည့်ပါ။
[340] Sources #108 နှင့် #317တွင်ကြည့်ပါ။
[341] Source #281 တွင်ကြည့်ပါ။
[342] Source #281 တွင်ကြည့်ပါ။
[343] Source #124 တွင်ကြည့်ပါ။

အသက်ဆုံးရှုံးသွားပြီး လုံလောက်သော နည်းပညာပိုင်း ကျွမ်းကျင်မှု မရှိဘဲ မိုင်းရှင်းလင်းဖယ်ရှားမှု၏ အန္တရာယ်ကို မီးမောင်းထိုးပြနေသဖြင့် အခြေတည်စ မိုင်းရှင်းလင်းဖယ်ရှားမှု ကြိုးပမ်းချက်မှာ ရပ်ဆိုင်းသွားခဲ့ရသည်။[344]

*"၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း KNLA တပ်ရင်း အမှတ် ၁၀၁ နှင့် နယ်ခြားစောင့်တပ် (စစ်ကြောင်း) အမှတ် ၃ [345] တို့ ပူးပေါင်းပြီး (၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင်ပါရှိသည့်အတိုင်း) အမိန့်အတိုင်း မိုင်းများကိုရှင်းလင်းခဲ့ကြတယ်။ BGF ဘက်က တပ်ခွဲမှူး ဖားမောနို၊ တပ်ကြပ် ဒီးကျော်၊ တပ်သား ထွီဟဲဂေး၊ဒုတိယ တပ်ရင်းမှူး မောင်ငွေဟဲတို့ဦးဆောင်တဲ့ စစ်သား ၂၀ ရယ်။ KNLA ဘက်က ဒုဗိုလ်ကြီးကလူးကူးနဲ့ ဖားထွီမော်တို့ ဦးဆောင်သော တပ်သား ၁၅ ယောက်တို့ရယ် ရောက်လာပြီးတော့ မိုင်းရှင်းလင်းရေး ပြုလုပ်ခဲ့တယ်။သူတို့နဲ့အတူ ကျေးရွာ လူကြီးတချို့ပါလာတယ်။ စုစုပေါင်း မိုင်းအလုံး ၃၀ ခန့်ရှင်းလင်းဖယ်ရှားနိုင်ခဲ့တယ်။ အဲဒီနေ့ ဖေဖော်ဝါရီ ၁၁ ရက်နေ့ ညနေ ၃ နာရီလောက်မှာ နယ်ခြားစောင့်တပ်က ထွီဟဲဂေးဟာ သူတို့ထောင်ထားတဲ့ မိုင်းပဲပြန်ထိသွားတယ်။ အဲဒါကြောင့်မို့လို့ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်က ရပ်သွားတာ"*

KHRGဒေသခံအဖွဲ့ဝင်တစ်ဦး၏နောက်ဆုံးရဒေသတွင်းအခြေအနေတင်ပြချက်
နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ)[346]

၂၀၁၂ ခုနှစ် မေလတွင် ၄င်းဒေသရှိ ဒေသခံ ၃၇ ဦးတို့သည် ၄င်းတို့၏ လယ်မြေ ၁၃ ကွက်နှင့် ငွေပေါ်ရာသီ စိုက်ခင်း ၂၃ ကွက်တွင် လုပ်ကိုင်ရန် အဆိုပါ မိုင်းများက အဟန့်အတားဖြစ်နေသည် ဆိုသည့်အချက်ကို KHRG အနေဖြင့် အများပြည်သူအားအသိပေးရန်တောင်းဆိုခဲ့ပြီး၄င်းတို့၏ အမည်စာရင်းကို တင်သွင်းခဲ့သည်။ အဆိုပါရွာသားများသည် ၄င်းတို့နယ်မြေတပိုက်ကို မိုင်းရှင်းလင်းရေးလုပ်ငန်းများ အပူတပြင်း ဆောင်ရွက်ပေးနိုင်ရန် KHRG အား ၄င်းတို့၏ အမည်နှင့် ၄င်းတို့ ကျေးရွာအကြောင်းကို အများပြည်သူသို့ ချပြပေးရန် တောင်းဆိုခဲ့သည်။[347]

*"ကျွန်တော်တို့ကသူတို့ရဲ့မိုင်းတွေကိုဖယ်ရှားပေးဖို့တောင်းဆိုချင်တာပါ။သူတို့အနေနဲ့ လုပ်ရဲလား။ အကယ်၍သူတို့ ဖယ်ရှားရဲတယ်ဆိုရင် ဖယ်ရှားပေးဖို့ တောင်းဆိုချင်ပါတယ်။ ဒါမှ ကျွန်တော်တို့ လွတ်လပ်စွာသွားလာလို့ရမှာ..... ကျွန်တော်အနေနဲ့သွားစရာဒီတစ်လမ်းပဲရှိတယ်။ဒီလမ်း(မိုင်းတွေထောင်ထားတဲ့လမ်း)ကကျွန်တော်တို့စိုက်ခင်းတွေဆီ သွားတဲ့လမ်းဖြစ်နေလို့ပါ"*

----- (ကျား)၊ နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း
(၂၀၁၂ ခုနှစ် မေလ တွေ့ဆုံမေးမြန်းချက်)[348]

[344] ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် BGF ဘက်ကစစ်သားတစ်ဦး KNLA နှင့် ပူးပေါင်း၍ မိုင်းရှင်းလင်းနေစဉ် သေဆုံးသွားသည်။ Source #127 တွင် ကြည့်ပါ။

[345] ဤအကြောင်းအရာသည် BGF တပ်ရင်း ၁၀၁၆ လက်အောက်ရှိစစ်ကြောင်းကိုရည်ညွှန်းပါသည်။

[346] Source #127 တွင်ကြည့်ပါ။

[347] သဝေါသော ကျေးရွာသားများအကြောင်းထပ်မံသိရှိလိုပါက *Uncertain Ground: Landmines in eastern Burma,* KHRG May 2011, Section III: Source Documents: 2012/May/Pa'an/1 တွင်ကြည့်ရှုပါ။

[348] Source #153 တွင်ကြည့်ပါ။



အထက် ဖော်ပြပါဓာတ်ပုံသည် ၂၀၁၂ခုနှစ် မေလ ၁၇ ရက်နေ့ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရိုက်ကူးထား ခြင်းဖြစ်သည်။ ထိုသစ်ပင်နှစ်ပင်အောက်တွင် မိုင်းရှိသည်ဆိုသည်ကို မြန်မာ၊ ကရင်၊ အင်္ဂလိပ်ဘာသာ ဖြင့် ပြထားခြင်းဖြစ်ပါသည်။ ထိုမိုင်းသည် DKBA မှထောင်ထားခြင်းဖြစ်ပြီးယခင်က မြန်မာစစ်တပ် စစ်ချီရာတွင် ထိုသစ်ပင်အောက်၌အနားယူလေ့ရှိသောကြောင့်ဖြစ်သည်။၎င်းတို့၏ သားသမီးများက ကျွဲနွားများကို ထိုနေရာတစ်ပိုက်တွင် လွှတ်ကျောင်းလေ့ရှိသောကြောင့် ထိုအနီးအနားရှိလယ်ပိုင်ရှင်များက အဆိုပါ မိုင်းနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြသည်။[349] *[ဓာတ်ပုံ - KHRG]*



အထက် ဖော်ပြပါဓာတ်ပုံသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် KNLA တပ်ရင်း ၁၀၂ မှ စစ်သားတစ်ဦးမိုင်းရှင်းလင်းနေသည်ကို ပြသသောပုံဖြစ်သည်။ ထိုစစ်သား၏ ပြောကြားချက်အရ ထိုမိုင်းသည် ဖာပွန်ခရိုင်၊ မဲကလောကျေးရွာအုပ်စု၊ ......ရွာဘေးရှိ လယ်ကွက်တွင် တပ်မတော်ကထောင်ထားသော မိုင်းဖြစ်ပြီး တပ်မတော်က မည်သည့်နေရာတွင် မိုင်းထောင်ထားသည်ကို ရွာသားများအား သတင်းပေးခြင်းမျိုး မရှိပေ။ ၎က်များ အစာရှာဖွေရာမှ မြေကြီးပေါ်သို့ ပေါ်ထွက်လာခြင်းဖြစ်သည်။ ရွာသားများက ထိုမိုင်းကို မြင်၍ KNLA ကို အကြောင်းကြားပြီး ဖယ်ရှားခိုင်းခဲ့သည်။ [350] *[ဓာတ်ပုံ - KHRG]*







အထက် ဖော်ပြပါဓာတ်ပုံဓာတ်ပုံနှစ်ပုံအား ၂၀၁၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရိုက်ကူးထားခြင်းဖြစ်ပြီး ဘားအံခရိုင်၊ နဘူးမြို့နယ်၊ သဂါသော ကျေးရွာမှ ရွာသားနှစ်ဦး၏ ဓါတ်ပုံဖြစ်သည်။ ထိုဧရိယာသည် ကျေးရွာသားများမှ မိုင်းရှင်းလင်း ပေးရန် ခဏခဏ တောင်းဆိုထားသောရွာဖြစ်သည်။ (ဤအခန်း၏အထက်ပိုင်းတွင် ကြည့်ရှုနိုင်ပါသည်။) ဘယ်ဖက်မှ ဓာတ်ပုံသည်ဖေဖော်ဂါရီလတွင်၎င်း၏လယ်အတွင်းသို့အသွား BGF မှ ထောင်ထားသော မိုင်းနင်းမိ၍ ညာခြေထောက် ဖြတ်ခဲ့ရသော စော--- ၏ပုံ ဖြစ်သည်။[351] ညာဘက်မှဓာတ်ပုံသည် ချောင်းဘေး ငါးမျှားနေစဉ်တွင် KNLA ထောင်ထားသော မိုင်းနင်းမိကာ ဘယ်ခြေ အပြင်းအထန် ဒဏ်ရာရရှိထားသော စော --- ၏ ပုံဖြစ်ပါသည်။[352] *[ဓာတ်ပုံ - KHRG]*

[349] Source #327 တွင်ကြည့်ပါ။

[350] Source #356 တွင်ကြည့်ပါ။

[351] Source #326 တွင်ကြည့်ပါ။

[352] Source #326 တွင်ကြည့်ပါ။

**အကြံပြုချက်များ**

လက်နက်ကိုင်အဖွဲ့များသည် မိုင်းအသစ်များအသုံးပြုမှုနှင့်ပတ်သက်သော တားမြစ်ချက်များကို သဘောတူညီ လိုက်နာကျင့်သုံးရပါမည်။ ထိုတားမြစ်ချက်ကို သဘောမတူညီမီ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ စိုက်ပျိုးမြေများ၊ လျှောက်လမ်းများတွင် မိုင်းအသစ်ထောင်ခြင်းကို တားမြစ်ခြင်းနှင့် မိုင်းဟောင်းများ၊ မိုင်းသစ်များ ရှိသည့်နေရာများကို ဒေသခံလူထုအားအသိပေးရန် တာဝန်ယူရပါမည်။ နောက်ဆုံးငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ် မချုပ်ဆိုမီ အချိန်အထိ ကရင်ပြည်နယ်တစ်ဝန်းလုံးရှိ မိုင်းများကို စနစ်တကျ ဖယ်ရှားရှင်းလင်းရန်မှာ မဖြစ်နိုင်သေးပါ။ KNU ချုပ်ကိုင်ထား သောနယ်မြေ၊ နေရပ်စွန့်ခွာထွက်ပြေးနေသူများ၏ နယ်မြေ နှင့် တပ်မတော်မှ တပ်စခန်းချထားသော နယ်မြေများ၊ EAG နှင့် ရွာသားများနေထိုင်သည့် နေရာများတွင် မိုင်းများကို ကာကွယ်ရေးနှင့် မိမိကိုယ်ကို ကာကွယ်ရန်အတွက် ၂၀၁၃ ခုနှစ် အဆုံးပိုင်းအထိ ဆက်လက်အသုံးပြုသွားမည်ဟု ထုတ်ပြန်ထားသည်။


နည်းပညာပိုင်းမဟုတ်သောစစ်တမ်းများအရ [353] အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းလုပ်ရှားသူများအနေဖြင့် ရွာသားများ၏ မိုင်းနှင့် ပတ်သက်သော၊ မိုင်းရှင်းလင်းရေးနှင့် သက်ဆိုင်သည့် ထင်မြင်ယူဆချက်များနှင့် ရှုထောင့်များကို ဘက်ပေါင်းစုံမှ အကြံပြုဆွေးနွေးပေးခြင်းနှင့် ချင့်ချိန်ဆုံးဖြတ်ပေးခြင်းတို့ ပြုလုပ်ရပါမည်။ ရွာသားများအနေဖြင့် မိုင်းများကို ဖယ်ရှားသင့်သည်ဟု ခံယူထားသော ရပ်ရွာများတွင် အသေအချာ လေ့ကျင့်ပြီး လိုအပ်သော ကိရိယာများ ပါရှိသည့် ပြည်တွင်းနှင့် နိုင်ငံတကာမှပါဝင်လုပ်ရှားသူများက မိုင်းရှင်းလင်းရေးကို စတင်လုပ်ဆောင်ရပါမည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAG)နှင့်တပ်မတော်ကြား မိုင်းများကို စနစ်တကျ ဖယ်ရှားရှင်းလင်းရန်အတွက် စင်စစ် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ ယခုချိန်ထိ ပူးပေါင်းဆောင်ရွက်မှု မရရှိသေးချေ။ မည်သည့် နေရာတွင်မဆို မိုင်းအန္တရာယ်ပညာပေးရေး ကျွမ်းကျင်သူများအနေဖြင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မိုင်းအန္တရာယ်နှင့် ပတ်သက်သည့် မိမိကိုယ်ကို ကာကွယ်ရေးနည်းလမ်းများကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်သင့်ပါသည်။ လက်နက်ကိုင်ပါဝင်လုပ်ရှားသူများအနေဖြင့် မိုင်းရှင်းလင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိုင်းရှင်းမည့် သူအား လိုအပ်သော ကျွမ်းကျင်မှုနှင့် ကိရိယာများ အရင်ဆုံး ပံ့ပိုးပေးရန် လိုအပ်သည်။ နိုင်ငံတကာ မိုင်းရှင်းလင်းရေးသမားများနှင့် အစိုးရဘက်မှ လက်နက်ကိုင်လုပ်ရှားသူများကို လိုအပ်သော အထောက်အပံ့ ပေးရုံသာမက ထိုပါဝင်လုပ်ရှားသူများအနေဖြင့် မည်သည့်နေရာတွင် ထိုအထောက်အပံ့များရရှိနိုင်သည်ကို အသိပေးထားရန် လိုအပ်ပါသည်။

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAG) အနေဖြင့် မတော်တဆမှုများဖြစ်ပွားပါက မိုင်းထိလူနာများအား အခမဲ့ဆေးကုသခွင့်ရရှိရန် စီစဉ်ပေးထားသင့်သည်။ အပြည်ပြည်ဆိုင်ရာ လူသားဆန်မှုပါဝင် လုပ်ရှားသူများအနေဖြင့် မိုင်းထိလူနာများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် အစိုးရနှင့် အစိုးရမဟုတ် သော ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သော အရည်အသွေးမြင့် သင်တန်းများ ပံ့ပိုးပေးရမည်။

[353] ပညာရပ်မဆန်သောလေ့လာစမ်းစစ်ချက်ဆိုသည်မှာယေဘုယျအားဖြင့် မြေကို အန္တရာယ်ရှိဧရိယာဟုသတ်မှတ်ရာတွင် သံသယမကင်းသော သို့မဟုတ် အတည်ပြုနိုင်သောစသည်ဖြင့် အမျိုးအစားခွဲရာတွင် အစောဆုံးအဆင့်ဖြစ်ပြီး ဆက်စပ်လုပ်ငန်းစဉ် များအဖြစ် ဖျက်သိမ်းခြင်း၊ လျှော့ချခြင်းသို့မဟုတ် မြေသန့်ရှင်းခြင်းတို့ ပါဝင်သည်။ ၎င်းတွင် သံသယမကင်းသောနေရာအတွင်းတွင် မိုင်းရှင်းလင်းရေးကိရိယာများကိုယေဘုယျအားဖြင့် အသုံးမပြုဘဲမိုင်း/ ပေါက်ခွဲရေးပစ္စည်းအစအနများလွင့်စင်နေမှု (ERW) သို့မဟုတ် ယခင်ကတည်းက အန္တရာယ်ရှိသည်ဟုမှတ်ယူထားသောဧရိယာများနှင့် ပတ်သက်ပြီးသတင်းအချက်အသစ်များကိုစေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးခြင်းများ ပါဝင်သည်။ *Non-technical survey,* တွင် ကြည့်ပါ။ ၂၀၀၉ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော အပြည်ပြည်ဆိုင်ရာမိုင်းရှင်းလင်းရေးစံနှုန်း (IMAS) ကို ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ပြင်ဆင်ခဲ့သည်။

## မြေပုံ (၃) မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သော နေရာများနှင့် တည်ရှိသောနေရာများ ၂၀၁၂ -၂၀၁၃




ကရင်လူ့အခွင့်အရေးအဖွဲ့

အထက်ပါမြေပုံသည် ၂၀၁၂ ဇန်နဝါရီ မှ ၂၀၁၃ နိုဝင်ဘာလ အတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြသော ဖြစ်ရပ်များသာထည့်သွင်းထားပြီးမိုင်းများတည်ရှိသောနေရာဒေသအားလုံး(သို့) ထိုကာလအတွင်းပေါက်ကွဲမှုဖြစ်ပွား သော ဖြစ်စဉ်တိုင်း မပါဝင်ပါ။

## (ဇ) လွတ်လပ်စွာလှုပ်ရှားခွင့်(သို့) ကုန်သွယ်ခွင့်အပေါ် ကန့်သတ်ခြင်းများ

ဤအခန်းတွင် ရွာသားများငင်းတို့၏ကျေးရွာများမှ ထွက်ခွာ၍ အခြားကျေးရွာများ(သို့မဟုတ်) မြို့ကြီးပြကြီး(သို့မဟုတ်) စိုက်ပျိုးရေး လုပ်ကိုင်ရာ နေရာများသို့ ကုန်းလမ်း ရေလမ်းဖြင့် လွတ်လပ်စွာ ခရီးသွားလာခွင့် (သို့) ကုန်စည်ကူးသန်းခွင့်အပေါ် အမိန့်အာဏာဖြင့်ဖြစ်စေ၊ လိုအပ်၍ဖြစ်စေနှင့် ပဋိပက္ခကြောင့်ဖြစ်စေ တားဆီးထားမှုများ ပါဝင်သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ အပစ်အခတ်ရပ်စဲမှုမှ အပြုသဘောဆောင်သည့် ရလာဘ်တစ်ခုအဖြစ် အဟန့်အတားများမရှိပဲ ခရီးသွားလာပြီး အလုပ်လုပ်ကိုင်နိုင်မှု ပိုမိုများပြားလာကြောင်း ပြည်နယ်ခုနှစ်ခုစလုံးမှ KHRG ဒေသခံအဖွဲ့ဝင်များက ထုတ်ဖော်ပြောဆိုထားကြသည်။ [354] အပစ်အခတ်ရပ်စဲခြင်းကြောင့် စစ်ရေးပဋိပက္ခများ အဆုံးသတ်ပြီး ရွာသူရွာသားများအပေါ် စစ်သားများ၏ အနှောင့်အယှက်ပေးမှု လျော့ကျသွားသဖြင့် ရွာသူရွာသားများမှ ပိုမိုလွတ်လပ်စွာ ခရီးသွားလာနိုင်ပြီး အလုပ်လုပ်နိုင်ပြီဖြစ်ကြောင်း သုတေသနပြုသူများက ရှင်းလင်းပြောဆိုထားသည်။ ကေအန်ယူဒေသများရှိ ရွာသူရွာသားများသည်လည်း ယခုအချိန်အခါတွင် လွတ်လပ်စွာ ခရီးသွားလာနေပြီဖြစ်သော KLNA စစ်သားများ၏ လုပ်ဆောင်မှုအတိုင်း စတင်၍ လုပ်ဆောင်လျက်ရှိသည်။

*"အကြမ်းဖက်မှုတွေ ဒါမှမဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုတွေ အများကြီးမကြုံတွေ့ရတော့တဲ့အတွက် အခြေအနေတွေဟာ အရင်ကထက် ပိုကောင်းလာပြီး၊ ရွာသားတွေအနေနဲ့ လွတ်လွတ်လပ်လပ် သွားလာနိုင်ပြီ ဖြစ်သလို တပ်မတော်သားတွေ သွားလေ့သွားထရှိတဲ့ လမ်းကြောင်းတွေမှာတောင် သွားလာနိုင်ပြီလို့ ရွာသားအများစုက ပြောခဲ့ကြတယ်"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း၊ ဖာပွန်ခရိုင်၊ ဒွဲလိုမြို့နယ်။ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလထိ)[355]

*"အရပ်သားတွေရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနဲ့ ပတ်သက်ပြီး ဒီနှစ်အတွင်း အခြေအနေတွေကို ကြည့်ရရင် ခရီးသွားလာတာတွေနဲ့ နေထိုင်တဲ့နေရာတွေ ပြောင်းလဲသွားတယ်။ အရင်နှစ်တွေကဆို ရွာအပြင်ဖက်ကို သွားအလုပ်လုပ်တဲ့ ရွာသားတွေဟာ ကြောက်လန့်နေခဲ့ရပြီး အလုပ်လုပ်ကိုင်ခွင့်ရဖို့အတွက် ဒေသဆိုင်ရာ အာဏာပိုင်တွေဆီကနေ ထောက်ခံစာယူကြရတယ်။ ဒါပေမယ့် အခုနှစ်ကျတော့ ရွာပြင်မှာအလုပ်လုပ်ကြတဲ့ ရွာသူရွာသားတွေဟာ ထောက်ခံစာယူဖို့မလိုသလို ကြောက်ရွံ့ဖို့လည်းမလိုပဲ၊ ရွာကိုတောင် မကြာခန သွားချည်ပြန်ချည်လုပ်လို့ရပြီဖြစ်တယ်။ [ထောက်ခံစာတွေအရ တပ်မတော်နဲ့ ဒေသခံ အာဏာပိုင်တွေ အရင်က သွားလာခွင့် တားမြစ်ထားတဲ့ လယ်ယာတွေမှာ ရွာသားတွေဟာ အခုဆိုရင် သွားအိပ်နိုင်ပြီဖြစ်တယ်။]"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်။ (၂၀၁၂ ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ)။ [356]

လွတ်လပ်စွာ ခရီးသွားလာနိုင်ခွင့်အား အပစ်အခတ်ရပ်စဲရေး၏ အပြုသဘောဆောင်သောရလဒ်တစ်ခုအနေနှင့် အများအားဖြင့် တင်ပြခဲ့ကြသော်လည်း ရွာသားများနှင့် KHRGမှ သုတေသနပြုသူများသည် အပစ်အခတ်ရပ်စဲသည့် ကာလအတွင်း ကရင်ပြည်နယ်၏ ခရိုင်ခြောက်ခု ဖြစ်သည့် တောင်ငူ [357] ၊ ဒူပလာယာ [358] ၊ဘားအံ [359] ၊

[354] သထုံခရိုင်ရှိ လွတ်လပ်စွာသွားလာခွင့်နှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေများကို ဖော်ပြထားသော နောက်ဆုံး အခြေအနေများအတွက် Source # 258၊ တောင်ငူအတွက် Source # 262၊ ညောင်လေးပင်အတွက် Source # 50၊ ထားဝယ်အတွက် Source # 272 နှင့် ဖာပွန်အတွက် Source #23 တို့ကိုကြည့်ပါ။

[355] SOURCE # 73 ကိုကြည့်ပါ။

[356] Source # 272 ကိုကြည့်ပါ။

[357] ဥပမာအားဖြင့် တောင်ငူခရိုင်ရှိရွာသားများသည် မြန်မာအစိုးရ၏ ကရင်ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနမှ ခွင့်ပြုမိန့်မယူခြင်း၊ အခွန်ပေးဆောင်ခြင်းများမရှိပဲ မျှစ်များကို ကုန်သွယ်ခွင့်မရှိချေ။ Source #250 တွင်ကြည့်ပါ။

ဖာပွန်[360]၊ညောင်လေးပင်[361] နှင့် မြိတ်-ထားဝယ်[362] ခရိုင်များ၌ အရပ်သားများ၏ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်(သို့) ကုန်သွယ်ခွင့်ကို ဟန့်တားမှုများနှင့်ပတ်သက်၍ တင်ပြမှုများ ဆက်လက် ရှိနေသေးသည်။ အစီရင်ခံစာ တင်ပြသည့် ကာလအတွင်းတွင် မြန်မာအစိုးရအာဏာပိုင်များ[363]၊ KNU/KLNA[364]၊ တပ်မတော်[365]၊ တပ်မတော်နယ်ခြားစောင့်တပ်မှ စစ်သားများ[366]အပါအဝင် အာဏာပိုင်တစ်ချို့က ရွာသူရွာသားများ၏ လွတ်လပ်စွာသွားလာခွင့်အား ကန့်သတ်သည့် အမိန့်များထုတ်ပြန်ခြင်း(သို့) ဆောင်ရွက်မှုပြုလုပ်ခြင်းများရှိခဲ့သည်။

**စစ်ဘက်ဆိုင်ရာစစ်ဆေးရေးဂိတ်များနှင့် တပ်စခန်းများမှပေါ် ပေါက်လာသည့် ကန့်သတ်ချက်များ**

အပစ်အခတ်ရပ်စဲခဲ့ချိန်မှစ၍ အမျိုးမျိုးသော စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များကြောင့် ၎င်းတို့၏ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အတွက် ကန့်သတ်မှုများရှိကြောင်း ရွာသားများက ပြောဆိုခဲ့ကြသည်။ ရွာသားများအနေနှင့် စစ်အခြေစိုက်စခန်းတစ်ခုကိုဖြတ်၍ ကုန်ပစ္စည်း(သို့) အစားအစာများတင်ပို့ချိန်တွင်သော်လည်းကောင်း [367] ၊ မြစ်ကမ်းနံဘေးရှိ စစ်တပ်၏ စစ်ဆေးရေးဂိတ်များကိုဖြတ်၍ လှေဖြင့်ခရီးသွားလာစဉ်တွင်သော်လည်းကောင်း [368] ၊ လမ်းဘေးရှိစစ်ဆေးရေးဂိတ်များကိုဖြတ်၍ ကား(သို့) ကုန်တင်ကားများဖြင့်ခရီးသွားလာစဉ်တွင်သော်လည်းကောင်း[369]၊ ၎င်းတို့ကို အဓမ္မရပ်တန့်စေပြီး အခွန်ပေးဆောင်စေခြင်းများ ရှိသည်ဟု တင်ပြကြသည်။ ရွာသားများက ၎င်းအပေါ် လက်နက်ကိုင်များမှ ဒဏ္ဍပေးခြင်း(သို့) အကြမ်းဖက်စော်ကားခြင်းများကို ရှောင်ရှားရန်အတွက် စစ်တပ်အခြေစိုက် စခန်းများအနီးတွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်း သို့မဟုတ် ခရီးသွားလာခြင်းများ မပြုပဲ အလိုက်သင့်ပြုမူနေထိုင်နေရကြောင်း တင်ပြထားကြသည်။[370]

---

[358] ဥပမာအားဖြင့်- ဒူးပလာယာခရိုင်တွင် လယ်ထွန်စက်များအသုံးပြုရန်အတွက် ရွာသားများသည် DKBA နှင့် KNU နှစ်ဖွဲ့စလုံးထံမှ ခွင့်ပြုလက်မှတ်တစ်စောင်စီ ရယူရန်လိုအပ်သည်။ Source # 128 ကိုကြည့်ပါ။

[359] ဥပမာအားဖြင့်- ရွာသားများနှင့် ၎င်းတို့၏ကလေးများသည် တပ်မတော် နယ်ခြားစောင့်တပ်၏ မြေမြှုပ်မိုင်းများ အန္တရာယ်ကို ကြောက်ရွံ့သည့်အတွက် ယင်းတို့၏ လယ်ယာများသို့ သွားလာနိုင်ခြင်းမရှိကြပဲ၊ ရွာနယ်နိမိတ်လည်း ကန့်သတ်ခံထားရသည်။ Source # 117 ကိုကြည့်ပါ။ မိုင်းများကြောင့် သွားလာခွင့်ကန့်သတ်မှုကိုပိုမိုလေ့လာလိုလျှင် ဤအစီရင်ခံစာရှိ လူသတ် လက်နက်နှင့် အခြားမိုင်းများကို ကြည့်ပါ။

[360] ဥပမာအားဖြင့်- ကျွဲနွားကုန်သည်များ အသုံးပြုသောလမ်းမကြီးကို တပ်မှူးစောဖားမီက တမင်ပိတ်ထားသည့်အတွက် ထိုင်း-မြန်မာနယ်စပ်တွင် အသက်မွေး ဝမ်းကျောင်းပြုလုပ်ရန် ခက်ခဲစွာ ရုန်းကန်ကြရသည်။ အကယ်၍တားမြစ်မှုကိုချိုးဖောက်ပါက ပြင်းထန်စွာ အပြစ်ပေးခံရသည်။ Source # 276 ကို ကြည့်ပါ။

[361] ဥပမာအားဖြင့်- ရွာသားများအနေနှင့် ဒေသအတွင်း တပ်စွဲထားသော တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၅၉၀ ထံမှ ခရီးသွားလာခွင့် လက်မှတ်ရယူထားခြင်း မရှိပါက ၎င်းတို့၏ လွတ်လပ်စွာသွားလာနိုင်ခြင်းနှင့် လုပ်ကိုင်စားသောက်နိုင်ခြင်းများအား ကန့်သတ်ခံထားရသည်။ Source # 52 ကိုကြည့်ပါ။

[362] ဥပမာအားဖြင့်- ရဲအရာရှိများသည် မနိရိုစခန်းတွင် အခြေစိုက်ပြီး ကားများကိုသာမက စက်ဘီးများကိုပါ စစ်ဆေးခဲ့ကြသည်။ Source # 340 ကိုကြည့်ပါ။

[363] ဥပမာအားဖြင့်- တောင်ငူခရိုင်ရှိရွာသားများသည် မြန်မာအစိုးရ၏ ကရင်ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနမှ ခွင့်ပြုမိန့်ရယူကာ အခွန်ပေးဆောင်ခြင်းမရှိပဲ မျှစ်များကို ကုန်သွယ်နိုင်ဖြင်းမရှိချေ။ Source # 250 ကိုကြည့်ပါ။

[364] ရွာသားများသည် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၌ ၎င်းတို့၏သွားလာမှုအပေါ် KLNA က မည်သို့တားမြစ်ထားပုံနှင့် မြေမြှုပ်မိုင်းများဆက်လက်အသုံးပြုထားပုံကို တင်ပြကြသည်။ Source # 53 ကိုကြည့်ပါ။

[365] ဥပမာအားဖြင့်- မော်တော်ဆိုင်ကယ်စီးနင်းသူများက တောင်ငူခရိုင်ရှိ ခလယ်လာလမ်းမကြီးအား စစ်သားများမှ မကြာခန ပိတ်ထားခြင်းနှင့် အဓမ္မ အခွန်ကောက်ခံမှုများကို မကျေမနပ်တိုင်ကြားပြောဆိုကြသည်။ Source # 32 ကိုကြည့်ပါ။

[366] ရွာသားများသည် ဖာပွန်ခရိုင်၊ ကျောဖကျေးရွာအုပ်စုရှိ ရွာသားများအပေါ်တွင် တပ်မတော်နယ်ခြားစောင့်တပ်၏ စစ်သားများမှ အဓမ္မ ညမထွက်ရအမိန့် ကာဖျူး ထုတ်ပြန်ပုံကို တင်ပြပြောဆိုကြသည်။ Source # 298 တွင်ကြည့်ပါ။

[367] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်ရှိရွာသားများက ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များအတွင်း တပ်မတော်စစ်စခန်းရှိ စစ်ဆေးရေးဂိတ်များအား ငွေကျပ် ၅၀၀ မှ ၁၅,၀၀၀ အတွင်း အဓမ္မ ပေးဆောင်ကြရပုံကို တင်ပြပြောဆိုကြသည်။ Source # 303 ကိုကြည်ပါ။

[368] ဥပမာအားဖြင့်- ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်ရှိ သံလွင်မြစ်တစ်လျှောက်တွင် ရွာသားများက လှေများဖြင့် ခရီးသွားလာကြချိန်၌ ရွှေကျင်ဆည်အနီးတွင် အခြေစိုက်သော တပ်မတော်စစ်စခန်းများတစ်ခုချင်းစီသို့ တစ်ကြိမ်သွားလာတိုင်း တစ်ကြိမ်ကျ အခွန်များအတင်းကောက်ခံခြင်းခံကြရသည်။ Source # 269 ကိုကြည့်ပါ။

[369] ဘားအံမှမြဝတီသို့သွားသည့်ကားလမ်းတစ်လျှောက်တွင် အမျိုးမျိုးသော အာဏာပိုင်များကို အခွန်ပေးဆောင်ကြရကြောင်း ရွာသားများက အစီရင်ခံကြသည်။ Source # 355 ကိုကြည့်ပါ။

[370] ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်မှရွာသားများက ၎င်းတို့ဒေသတွင်တပ်စွဲထားဆဲဖြစ်သော တပ်မတော်စစ်စခန်းတစ်ခုကြောင့် ၎င်းတို့အနေနှင့် ကိုယ်ပိုင်နေအိမ်များသို့မပြန်နိုင်ကြသေးခြင်း(သို့) ထွန်ယက်စိုက်ပျိုးနိုင်ခြင်းများ မရှိသေးကြောင်း အစီရင်ခံခဲ့ကြသည်။ Source # 53 ကိုကြည့်ပါ။

*"ရွာသားတွေရဲ့ လယ်ကွင်းတွေနားမှာ တပ်မတော်ကလာပြီး အခြေစိုက်စခန်းချကတည်းက ရွာသားတွေဟာ သူတို့ရဲ့ လယ်ကွင်းတွေဆီကို မသွားရဲကြတော့ဘူး။ သူတို့ရဲ့ လယ်ကွင်းထဲကိုသွားနေတုန်းမှာ စစ်သားတွေက သူတို့ကို မြင်တွေ့သွားပြီး သေနတ်နဲ့ပစ်မှာ၊ ဒါမှမဟုတ် ဖမ်းဆီးနိုပ်စက်မှာကို ရွာသားတွေက စိုးရိမ်နေကြရတယ်။ ဒါဟာ ရွာသားတွေအတွက် ပြဿနာကြီးတစ်ခုပါ။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။ (၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအထိ)[371]

## မှတ်ပုံတင်ကဒ်များနှင့် ခရီးသွားလာရန် ခွင့်ပြုအမိန့်စာ

အပစ်အခတ်ရပ်စဲခဲ့အချိန်မှစ၍ မြန်မာအစိုးရသည် မှတ်ပုံတင်ကဒ်များကို ထုတ်ပေးရန်စီစဉ်ထားသည်။ ရွာသားများအနေနှင့် ထိုကဒ်များကို အသုံးပြု၍ မည်သည့်နေရာသို့သွားလာခွင့်ရှိသည်ကို မသိပဲ ၎င်းတို့၏ သွားလာလှုပ်ရှားမှုကို ၎င်းတို့ကိုယ်တိုင်က ပြန်လည်ကန့်သတ်လာခြင်းများ ဖြစ်ပေါ်ခဲ့သောကြောင့် ထိုကဲ့သို့ မှတ်ပုံတင်ကဒ်ထုတ်ပေးခြင်းက ၎င်းတို့အား စိတ်ဇဝေဇဝါဖြစ်စေခဲ့သည်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ နေထိုင်သောနယ်မြေများရှိရွာသားများ လိုအပ်သည့် မှတ်ပုံတင်ကဒ်များ ထုတ်ပေးထားခြင်း မရှိသေးသည့်အတွက် ထိုရွာသား များမှဖာပွန်မြို့နယ်သို့ ခရီးသွားလာခြင်း(သို့) အလုပ်လုပ်ကိုင်ခြင်းများ မပြုနိုင်ကြောင်း ပြောကြသည်။[372]
ညောင်လေးပင် ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် မြန်မာအာဏာပိုင်များသည် ရွာသူရွာသားဒုဂကျော်ကိုမှတ်ပုံတင်ကဒ်များထုတ်ပေးခဲ့ပြီး၊ ထိုကဒ်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ခရီးသွားလာနိုင်မည်ဖြစ်သည်ဟု ရှင်းလင်းပြော ကြားခဲ့ကြသည်။ ရွာသားများကမူ ထိုကဒ်များသည် ၎င်းတို့ခရီးသွားလာချိန်တွင် ၎င်းတို့အတွက် အထောက်အကူဖြစ် မည်ဟု ယုံကြည်မှုမရှိသဖြင့် ထိုမှတ်ပုံတင်ကဒ်များကို သုံးစွဲလိုခြင်းမရှိဟု ပြောဆိုခဲ့ကြသည်။[373]ရွာသူရွာသားများအတွက် မှတ်ပုံတင်ကဒ်များအပြင် ခရီးသွားလာခွင့်လက်မှတ်နှင့် ထောက်ခံစာများ လိုအပ်ခြင်း သည်လည်းဒေသခံပြည်သူများ၏သွားလာလှုပ်ရှားမှုအားအာဏာပိုင်များမှမည်သို့မည်ပုံကန့်သတ်ထားခြင်းဖြစ်သည်ကို KHRG က မှတ်တမ်းတင်ထားသည်။ ထိုခရီးသွားလာခွင့်လက်မှတ်များကို စစ်တပ်[374]၊ မြန်မာအစိုးရအာဏာပိုင်များ[375]၊ KNU နှင့် DKBAတို့က ထုတ်ပေးထားခြင်းဖြစ်သည်။ [376] ဒေသမျိုးစုံရှိ ရွာသူရွာသားများက ခရီးသွားလာရန်အတွက်သော်လည်းကောင်း [377]၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက်နှင့် [378] ညအိပ်ညနေဧည့်သည်များ [379] အတွက်ထောက်ခံစာများ လိုအပ်ကြောင်း ပြောဆိုခဲ့ကြသည်။ရေယာက်ထိန်းချုပ် နယ်မြေ၌ နေထိုင်လျက်ရှိသည့် ရွာသူရွာသားများအနေနှင့် ခရီးသွားလာရန်အတွက် လက်နက်ကိုင် အဖွဲ့တစ်ခုချင်းစီမှ ခရီးသွားလာခွင့်လက်မှတ်များကို ရယူရန်လိုအပ်သဖြင့်အခက်အခဲများစွာကို ပိုမိုရင်ဆိုင်ကြရသည်။

---

[371] Source # 303 ကိုကြည့်ပါ။

[372] Source # 274 ကိုကြည့်ပါ။

[373] Source # 40 ကိုကြည့်ပါ။

[374] ဥပမာအားဖြင့်- တပ်မတော်စစ်သားများသည် ရွာသားများထံမှ ခွင့်ပြုချက်လက်မှတ်များ တောင်းခံခဲ့ကြသည်။ Source # 52 နှင့် 262 ကိုကြည့်ပါ။

[375] အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော မြန်မာအစိုးရက ထုတ်ပေးသည့် ကုန်သွယ်ရန် ခွင့်ပြုလက်မှတ်နှစ်စောင်ကို Source # 219 နှင့် 220 ကိုကြည့်ပါ။

[376] ရွာသားများအတွက် လယ်ထွန်စက်များလုပ်ကိုင်ရန် KNU နှင့် DKBA တို့ကတောင်းခံသော ခွင့်ပြုလက်မှတ် သာဓကတစ်စောင် အတွက် Source # 128 ကို ကြည့်ပါ။

[377] ကျောက်ကြီးမြို့နယ်တစ်ဝိုက် သွားလာလုပ်ကိုင်ရန်အတွက် ရွာသားများသည် တပ်မတော်ထံမှ ခွင့်ပြုချက်လက်မှတ်ကို ယူဆောင်ရမည်။ Source # 52 ကိုကြည့်ပါ။

[378] ဥပမာအားဖြင့်- သစ်ထုတ်သူများသည် ဒူးပလာယာခရိုင်တွင် ခွင့်ပြုချက်လက်မှတ်များကိုရယူရမည်။ Source # 128 ကိုကြည့်ပါ။

[379] ဥပမာအားဖြင့်- ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ခြေမြန်တပ်ရင်း အမှတ် ၅၉၀ တပ်ဖွဲ့ ၄ မှ တပ်မှူးအောင်ကိုကိုက ရွာသားများသည် ခရီးသွားခွင့်ပြုလက်မှတ်ရယူရမည်ဖြစ်ကြောင်း နှင့် ညအိပ်ညနေဧည့်သည်များအတွက် အာဏာပိုင်များကို ဧည့်စာရင်းတိုင်ရမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ Source # 52 ကိုကြည့်ပါ။

*"DKBA နဲ့ KLNAတို့မှ လယ်ထွန်စက်တွေအတွက် ခွင့်ပြုလက်မှတ်များထုတ်ပေးသည်။ လယ်ထွန်စက် တစ်စီးချင်းစီအတွက် DKBA နဲ့ KLNA နှစ်ဘက်လုံးထံမှ ခွင့်ပြုလက်မှတ်များ လိုအပ်သည်။ ရွာသားတစ်ဦးချင်းစီသည်လည်း လယ်ထွန်စက်တစ်စီးချင်းစီအတွက် ခွင့်ပြုလက်မှတ်တစ်ခုစီလိုပါတယ်။ သစ်ခုတ်သောသူများသည်လည်း KLNA နဲ့ DKBA နှစ်ဖွဲ့ စလုံးမှ စစ်သားများကို ပိုက်ဆံပေးရန်လိုပါသည်။ သစ်တုံးများ သယ်ယူရန် ထွန်စက်အသုံးပြုသူများသည် တပ်မတော်နဲ့ DKBA စစ်ဆေးရေးဂိတ်များတွင် အခွန်ပေးဆောင်ကြရပါမည်။ ထို့ကြောင့် သစ်ခုတ်သမားအဖြစ် လုပ်ကိုင်သူများအတွက် နစ်နာရပါသည်။ သစ်စက်များထောင်ရန်အတွက် တစ်လတစ်ကြိမ် အခွန်ပေးရန်လိုအပ်ပြီး စစ်သားများကလည်း သစ် စက်တစ်ခုချင်းစီမှ မကြာခန လိုအပ်သလိုငွေတောင်းနေကြသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကော့ကရိတ်နဲ့ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်တောင်ပိုင်း/ဒူးပလာယာခရိုင်။ (၂၀၁၂ ခုနှစ် ဧပြီလမှ ဇွန်လအထိ)[380]

## မြေမြှုပ်မိုင်း အန္တရာယ်

ဖာပွန်၊ ဒူးပလာယာ၊ ဘားအံနှင့် ညောင်လေးပင်ခရိုင်တစ်ဝန်းရှိ ရွာသူရွာသားများက မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် ၎င်းတို့အနေနှင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် [381] ၊ သစ်တောထဲမှ ထင်း၊ အစားအစာနှင့် အခြားပစ္စည်းများရှာဖွေရန် [382]၊ လူသွားလမ်းများတစ်လျှောက်သွားလာရန် [383] နှင့် ကျွဲနွားကျောင်းရာ နေရာများသို့ သွားရာတွင် [384] အဟန့်အတားဖြစ်ရပုံကို KHRG သတင်းကောက်ယူသူများအား အသိပေးပြောကြားထားကြသည်။ ဤအစီရင်ခံစာ တင်ပြစဉ် ကာလအတွင်းတွင် ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းများဆိုင်ရာ သတင်းအချက်အလက်နှင့် စပ်လျဉ်းသော နောက်ထပ်လေ့လာဆန်းစစ်မှုများကို ဤအစီရင်ခံစာ၏ လူသတ်မိုင်းနှင့် အခြားမိုင်းများ အခန်းတွင် ကြည့်ပါ။

*"ကျွန်တော်တို့တွေဟာ ကိုယ့်တဲထဲမှာ၊ ဒါမှမဟုတ် ကိုယ့်လမ်းလေးပေါ်မှာပဲ နေနေကြရတယ်။ ဒါဟာ တကယ်ကြီးမားတဲ့ ပြဿနာတစ်ရပ်ပါပဲ။ ကျွန်တော်တို့ ဒီလိုချည်းနေသွားလို့မရပါဘူး။ ကျွန်တော်တို့ဟာ ယာမြေနဲ့ လမ်းတွေရဲ့ အပြင်ကို တောင်မသွားရဲကြတော့ဘူး။ (မိုင်းအန္တရာယ်မရှိတဲ့) လမ်းတစ်လျှောက် မှာပဲ ထင်းရှာဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။...အခက်အခဲတွေအများကြီးပါပဲ။သွားလာလုပ်ကိုင်စားသောက်ဖို့နဲ့မွေးမြူရေးလုပ်ငန်းတွေအားလုံး ထိခိုက်ကုန်တယ်။ (မိုင်းရှိနိုင်တဲ့နေရာတွေကိုလည်း) ကလေးတွေကို ဘယ်တော့မှ မသွားခိုင်းတော့ဘူး။ တစ်ခါတစ်လေကျတော့ ကိုယ့်ဟာကိုယ်ပဲ တစ်ယောက်တည်း သွားရတယ်။ မြေမြှုပ်မိုင်းတွေ ဘယ်မှာ ထောင်ထားတယ်ဆိုတာ သိမှမသိကြတာ။"*

စော--- (၅၆ နှစ်၊ အမျိုးသား) သီဂါး ကျေးရွာ၊ နိကေးကျေးရွာအုပ်စု၊ နဘူးမြို့နယ်၊ ဘားအံခရိုင်။ ကရင်ပြည်နယ်အလယ်ပိုင်း၊ (၂၀၁၂ ခုနှစ် မေလတွင် တွေ့ဆုံ မေးမြန်းချက်)[385]

---

[380] Source # 128 ကိုကြည့်ပါ။

[381] ဖာပွန်ခရိုင်တွင် BGF စစ်သားများကထောင်ထားသော မြေမြှုပ်မိုင်းများကြောင့် ရွာသားများသည် လယ်ယာစိုက်ပျိုးနိုင်ခြင်း မရှိတော့ပါ။ Source #119 ကိုကြည့်ပါ။ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် BGF နှင့် KNLA တို့ ထောင်ထားသော မိုင်းများကြောင့် ရွာသားများသည် ယင်းတို့၏စိုက်ခင်းများသို့ သွားလာနိုင်ခြင်းမရှိတော့ချေ။ Source #125 ကိုကြည့်ပါ။

[382] ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် ရွာသားများသည် မြေမြှုပ်မိုင်းများ၏ အန္တရာယ်ကိုကြောက်ရွံ့သဖြင့် သစ်တောများတွင် သွားလာ၍ လောင်စာထင်း ကောက်ယူခြင်းများ ပြုလုပ်နိုင်ခြင်းမရှိတော့ချေ။ Source # 116 နှင့် 153 ကိုကြည့်ပါ။

[383] ဒူးပလာယာခရိုင်တွင် မြေမြှုပ်မိုင်းများကြောင့် ရွာသားများသည် တည်ရှိနေဆဲ လူသွားလမ်းများနှင့် ထိုလူသွားလမ်းများ၏ ဘေးဘက်များမှ ခရီးသွားလာနိုင်ခြင်းမရှိတော့ချေ။ Source # 128 ကိုကြည့်ပါ။

[384] BGF နှင့် KNLA တို့၏ မိုင်းများကြောင့် ရွာသားများသည် တောင်ခြေသို့သွားရောက်ကာ ကျွဲနွားများ လွှတ်ကျောင်းနိုင်ခြင်း မရှိတော့ချေ။ Source # 199 ကိုကြည့်ပါ။

[385] Source #117 ကိုကြည့်ပါ။





အထက်တွင် ဖော်ပြထားသော လက်ဝဲဘက်မှ ပုံသည် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်ရှိ KHRG သုတေသနပြုသူတစ်ဦးက ၂၀၁၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ရိုက်ကူးထားသော ပုံဖြစ်ပြီး စော---၏ ခရီးသွားလက်မှတ်၏ ဓာတ်ပုံကိုမြင်တွေ့ရသည်။ စော---သည် လွတ်လပ်စွာခရီးသွားလာနိုင်ရန် ယင်းလက်မှတ်ကို လိုအပ်သည်။ လက်ယာဘက်ရှိပုံမှာ ကျောက်ကြီးမြို့နယ် ဃဲဒါးကျေးရွာအုပ်စု၊ မူထီးရွာ၌ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က ရိုက်ယူထားသော စော---၏ ဓာတ်ပုံကိုတွေ့မြင်ရခြင်းဖြစ်သည်။ ယင်းပုံ၌ စော---သည် သူ၏နယ်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ဆိုင်သော အစည်းအဝေးတစ်ခုသို့ တက်ရောက်ရန်အတွက် မြန်မာအစိုးရအာဏာပိုင်များထံမှ ခရီးသွားခွင့်လက်မှတ် ဦးစွာရယူရန် လိုအပ်ကြောင်းကို KHRG သုတေသနပြုသူတစ်ဦးကို ရှင်းလင်းပြောဆိုခဲ့သည်။[387] [ဓာတ်ပုံ- KHRG]





အထက်ပါဓာတ်ပုံနှစ်ပုံသည် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် အရပ်သားများခရီးသွားလာနိုင်ရေးကို မည်သို့မည်ပုံအဟန့်အတားဖြစ်ရကြောင်းကို ဖော်ပြထားသည်။ ယင်းဓာတ်ပုံနှစ်ပုံစလုံးကို KHRG သတင်းကောက်ယူသူတစ်ဦးမှ ၂၀၁၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ရိုက်ယူထားခဲ့သည်။ လက်ဝဲဘက်မှပုံတွင် ဒူးပလာယာခရိုင်၌ ပဋိပက္ခဖြစ်စဉ်ကာလအတွင်း DKBA က လူသွားလမ်းနှစ်လမ်းအကြားတွင် မြေမြှုပ်မိုင်းတစ်လုံး ချထားသည်ကို အနီရောင်ဖြင့်ဖော်ပြထားသည်။ မိုင်းကိုမြေမြှုပ်ခြင်းမပြုမီက ရွာသားများသည် ယင်းသစ်ပင်၏နံဘေးတွင်အနားယူနိုင်ပြီး ကလေးများသည်လည်း စားကျက်မြေ၌ ကျွဲနွားများကို လွှတ်ကျောင်းထားနိုင်ခဲ့သည်။ ထို့ကြောင့် ဤသို့ကျန်ရှိနေသေးသော မိုင်းသည် ဒေသခံပြည်သူများအတွက် ကြီးမားသော စိုးရိမ်စရာတစ်ခုဖြစ်ရသည်။ လက်ယာဘက်ရှိဓာတ်ပုံတွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဦးကရေးထီးရွာရှိ ခရစ်ယာန် ဘုရားကျောင်းတစ်ခု၏ အိမ်သာနစ်ခုနံဘေး၌ KLNAမှ မြှုပ်နှံထားသော မိုင်းတစ်ခု၏တည်နေရာကို သစ်သားတုတ်များနှင့် ဂါးစများဖြင့် ပြထားခြင်းဖြစ်သည်။ ဒေသအတွင်းရှိရွာသားများသည် ဥပုဒ်စာဖြေသင်တန်းတက်သည့် ကလေးငယ်များ သွားလာအသုံးပြုသော အိမ်သာ၌ ယင်းသို့သော ဘေးအန္တရာယ်များရှိခြင်းအတွက် ရတက်မအေးဖြစ်ကြရသည်။[388] [ဓာတ်ပုံ- KHRG]





အထက်ပါဓာတ်ပုံနှစ်ပုံသည် မြဝတီ- ဘားအံလမ်းမပေါ်၌ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ရိုက်ယူခဲ့ခြင်းဖြစ်သည်။ တပ်မတော်၊ ရဲ၊ လူဝင်မှုကြီးကြပ်ရေး၊ BGF၊ စည်ပင်သာယာရေးကော်မတီ၊ ရဲကင်းများအပါအဝင် လမ်းတစ်လျှောက်ရှိ မြန်မာအစိုးရ၏ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များစွာအနက်မှ တစ်ခုကို ပုံတွင် တွေ့ရသည်။ ရွာသားများသည် စစ်ဆေးရေးဂိတ် တစ်ခုချင်းစီတွင် ကျပ်ငွေ ၅၀၀ မှ ၁၀၀၀ အကြားပေးဆောင်ကြရသည်။ ဤလမ်းတစ်လျှောက်တွင် ခရီးသွားလာသည့် ရွာသားများကို တွေ့ဆုံမေးမြန်းခဲ့သော KHRG သုတေသနပြုသူတစ်ဦး၏ အဆိုအရ ယင်းအခွန်အခနှုန်းသည် ခရီးသွားလာသော ရွာသားများအတွက် ကြီးမားလှသည့် ဝန်ထုတ်ဝန်ပိုးကြီးဖြစ်ကာ ပိုမိုချို့တဲ့သူ ရွာသားများအတွက်ဆိုလျှင် ခရီးသွားလာမှုကို ဟန့်တားသည်အထိပင်ဖြစ်ရသည်။[386] [ဓာတ်ပုံ- KHRG]

[386] Source #355 ကိုကြည့်ပါ။

[387] Source # 338 ကိုကြည့်ပါ။

[388] Source #327 ကိုကြည့်ပါ။

*"မြေမြှုပ်မိုင်းတွေဟာ လူသွားလမ်းပေါ်၊ လူသွားလမ်းဘေးနဲ့ တောင်တွေပေါ်မှာရှိပါတယ်။ မြေမြှုပ်မိုင်း အန္တရာယ်ရှိတဲ့အတွက် လူတွေဟာ သွားချည်လာချည်မလုပ်ရဲကြပါဘူး။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်။ ကရင်ပြည်နယ်တောင်ပိုင်း။ (၂၀၁၂ ခုနှစ် ဧပြီလမှ ဇွန်လအထိ)[389]

အစိုးရစစ်တပ်များမှ ရွာသူရွာသားများအား တိုက်ခိုက်လာမည်ကိုကြောက်ရွံ့နေရမှုနှင့် မြေမြှုပ်မိုင်းအန္တရာယ် နှစ်ခုတို့သည် ရွာသားများ၏ဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဆိုးရွားသည့် အနှောင့်အယှက် များဖြစ်သည်။

*"တောထဲကို ခင်ဗျားသွားလာတဲ့အချိန် တပ်မတော် စစ်သားတွေနဲ့ တွေ့ရင် ခင်ဗျားကိုပစ်မှာပဲ။ သူတို့က ခင်ဗျားကို တောထဲမှတွေ့ရင် ခင်ဗျားကို တကယ်ပစ်ကြမှာ။ ဒီပြဿနာတွေကြောင့်ပဲ ခင်ဗျားဟာ ရွာပြင်ကို မသွားမလာနိုင်တာမဟုတ်ဘူး။ မဲ့သရီရွာနဲ့ မဲ့ခနော်ရွာတွေရဲ့အပြင်ဘက်မှာ မိုင်းတွေ အမြဲရှိနေတဲ့ အတွက် ရွာပြင်ကိုဘယ်သူမှ သိပ်သွားကြတာမဟုတ်ဘူး။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။ (၂၀၁၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၂ ခုနှစ် ဇူလိုင်လအထိ)[390]

## သွားလာလှုပ်ရှားမှုအား တားမြစ်မှုများနှင့် အကြမ်းဖက်အနိုင်ကျင့်မှု

ရွာသားများသည် သွားလာလှုပ်ရှားမှုများအား ရုတ်တရက် တားမြစ်ခံရခြင်းနှင့် ယင်းတားမြစ်မှုများကို လိုက်နာခြင်း မရှိသောကြောင့် အကြမ်းဖက်ခံရခြင်းများကို အစီရင်ခံတင်ပြကြသည်။ BGF က ခွင့်ပြုထားသော ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုမှ သဲတင်ကားတစ်စီးသည် မြေမြှုပ်မိုင်းတစ်လုံးကို ဖြတ်မောင်းမိသောကြောင့် လူငါးဦးသေဆုံးခဲ့ပြီး နောက်တွင် တပ်မတော်နှင့် BGF စစ်သားများက ရွာသားများကို ရွာပြင်မထွက်ရဟူသော ကာဖျူး အမိန့်ထုတ်ပြန်ကာ၊ ယင်းသို့ တားမြစ်ထားစဉ်ကာလအတွင်း ခရီးသွားလာခဲ့ကြသည့် ရွာသားနှစ်ဦးကို ကြမ်းတမ်းစွာ ညှင်းပမ်းနှိပ်စက်ခဲ့ကြသည်။[391] အခြားသောဖြစ်စဉ်တစ်ခု၌ ရွာသားတစ်ဦးသည် လမ်းပိတ်ထားသည်ကို မသိသည့်အတွက် ၎င်း၏နွားကို ထိုလမ်း၌ လွှတ်ကျောင်းနေစဉ် ဖာပွန်ခရိုင်ရှိ KLNA တပ်မှူးတစ်ဦးက အဓမ္မဖမ်းဆီးကာ ပြင်းထန်စွာ အပြစ်ပေးပြီး ပြန်လွှတ်ခဲ့သည်။[392]

*"စော--- ကို KLNA တပ်မ ၅ က ဗိုလ်မှူး စောဖားမီး တွေ့တဲ့အချိန်မှာ ဘာလုပ်နေတာလဲလို့မေးခဲ့တယ်။ စော---က လမ်းပိတ်ထားတဲ့အကြောင်း မကြားမိ၊ မသိမိဘူးလို့ ပြောခဲ့တယ်။ သူသာသိခဲ့ရင် ဒီကိုလာမှာမဟုတ်ပါဘူးလို့လဲ ရှင်းပြခဲ့တယ်။ ဒါပေမယ့် စောဖားမီးက သူ့အဖြေကိုလက်မခံပဲ ဆက်ပြီး ကြိမ်းမောင်းခဲ့တယ်။ အဲဒီလို ဆဲဆိုကြိမ်းမောင်းပြီး စောဖားမီးက စော---ကို ပိုက်ဆံလည်းတောင်းခဲ့တယ်။ စော---က ငွေကျပ်တစ်သိန်း (အမေရိကန်ဒေါ်လာ ၁၁၄ ဒေါ်လာ) ပေးရမယ်ဆိုရင် ဖြစ်တယ်၊ သူပေးချင်ပါတယ် လို့ပြောတယ်။ ဒါပေမယ့် စောဖားမီးက ညသန်းခေါင် ၁၂ နာရီအထိဆက်ပြီးဆူပူခဲ့တယ်။ နောက်တော့ စောဖားမီးက သူ့ကိုမျက်နှာစည်းပြီး ရွာသားတစ်ယောက်ရဲ့အိမ်မှာချည်ထားတယ်။ ပြီး တော့ သူ့ကို သုံးခါတောင်ထိုးကြိတ်ခဲ့တယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ ခုနှစ် အောက်တိုဘာလ)[393]

---

[389] Source #128 ကိုကြည့်ပါ။

[390] Source #311 ကိုကြည့်ပါ။

[391] Source #54 ကိုကြည့်ပါ။

[392] KNLA တပ်ရင်း အမှတ် (၅)၏ ဗိုလ်မှူးစောဖားမီးက ရွာသားတစ်ဦးကို ပြင်းထန်စွာ အနိုင်ကျင့်သည့်ဖြစ်ရပ်အတွက် Source #90 ကိုကြည့်ပါ။

[393] အဖြစ်အပျက်အပြည့်အစုံအတွက် Source #90 ကိုကြည့်ပါ။

ဤအခန်း၏ အစပိုင်းတွင်ဖော်ပြခဲ့သည့် အပစ်အခတ်ရပ်စဲရေးကြောင့် တိုးတက်လာသော လွတ်လပ်စွာ သွားလာနိုင်မှု အခြေအနေသည် အချို့သောရွာသားများအတွက်မူ အချိန်မတန်မီ သတိလက်လွတ်မှု ဖြစ်စေခဲ့ပါသည်။ ရွာသားတစ်ဦးသည် အခြားရွာသားများနှင့်အတူ တောထဲ၌ထင်းကောက်နေစဉ် တပ်မတော်သားများ၏ ပစ်ခတ်ခြင်းကြောင့် သေဆုံးခဲ့ရသည်။

> *"အရပ်သားတွေက အပစ်အခတ်ရပ်စဲထားတာကို ယုံကြည်ခဲ့တဲ့အတွက် ဘာကိုမှသတိမထားတော့ဘူး။ ဒါကြောင့်လည်း စစ်သားတွေကို သတိမပြုမိခဲ့တာပေ့ါ။ မြန်မာစစ်တပ်ဘက်က ဒီလိုသဘောထားမျိုးရှိမယ်လို့ ရွာသားတွေက မျှော်လင့်မထားခဲ့ကြဘူး။ ဒ့ါကြောင့်လည်း သူတို့ဟာ တောထဲကိုသွား၊ ပျော်ပျော်ကြီး မှိုတွေကောက်၊ စကားအကျယ်ကြီးပြောတာတွေလုပ်ခဲ့ကြတယ်။ ဒီအဖြစ်အပျက်မှာဆို တပ်မတော်က အဲဒါကို စောင့်ကြည့်နေခဲ့ပြီး ရွာသားတစ်ဦးကို ပစ်သတ်ခဲ့တယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို မလေးစားတာဟာ ကျွန်တော်တို့ အရပ်သားတွေအတွက် အရမ်းအခက်အခဲဖြစ်စေပါတယ်၊ ပြီးတော့ အပစ်အခတ်ရပ်စဲရေးကိုလည်း မယုံကြည်နိုင်တော့ပါဘူး။ ဒါဟာ ကျွန်တော်တို့တိုင်းပြည်အနာဂတ်အတွက် မကောင်းပါဘူး။"*
>
> စော--- (အမျိုးသား)၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း။ (၂၀၁၂ ခုနှစ်၊ ဇွန်လ တွေ့ဆုံမေးမြန်းချက်)[394]

## အကြံပြု တင်ပြချက်များ

တပ်မတော်၊ ရဲနှင့် EAGများ၏ စစ်ဆေးရေးဂိတ်များသည် ရွာသားများ၏သွားလာမှုကို အဟန့်အတားဖြစ်စေပြီး အဓမ္မ အခွန်ကောက်ခံခြင်းနှင့် အခြားသောတောင်းခံမှုများလည်း ဖြစ်ပေါ်စေသည့်အတွက် ထိုစစ်ဆေးရေး ဂိတ်အရေအတွက်ကို လျှော့ချသင့်သည်။ အစိုးရနှင့် EAG များသည် ဒေသခံ ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို တားမြစ်ရခြင်း၏ အခြေအနေအကြောင်းရင်းများကို ဒေသခံပြည်သူများအား တရားဝင် အသိပေးပြောကြားပြီး အခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ မူဝါဒများ ချမှတ်ကာ မှတ်ပုံတင်ကဒ်ပြုလုပ်ပေးခြင်းနှင့် ပတ်သက်၍လည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပေသည်။

[394] Source #292ကိုကြည့်ပါ။

## (ဈ) အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်း

ဤအခန်းကဏ္ဍတွင် အရပ်သား သို့မဟုတ် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များက အလျဉ်းသင့်သလိုဖြစ်စေ၊ ခန့်မှန်း၍မရသော ပုံစံများဖြင့် နှုတ်အားဖြင့်သော်လည်းကောင်း၊ စာအားဖြင့်သော်လည်းကောင်း ရွာသားများ၏ ငွေကြေး၊ အစားအသောက် သို့မဟုတ် ပိုင်ဆိုင်မှုများကို အာဏာဖြင့် တောင်းခံမှုများ ပါဝင်သည်။ ထိုကဲ့သို့သော တောင်းဆိုချက်အမျိုးမျိုးအား ရွာသားများမှ လက်ခံဆောင်ရွက်ပေးရခြင်းများကို 'အဓမ္မ ခိုင်းစေခြင်း' အခန်းတွင် ထည့်သွင်းထားသည်။

၂၀၁၂ ခုနှစ်မှ စ၍ ရွာသားများနှင့် KHRG ဒေသခံအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဖာပွန်၊ [395] ဘားအံ၊ [396] ဒူးပလာယာ၊ [397] တောင်ငူ၊ [398] သထုံ [399] နှင့် ညောင်လေးပင် [400] ခရိုင်များတွင်ဖြစ်ပေါ်ခဲ့သည့် အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်း ပတ်သက်သည့် ပြဿနာများကို တင်ပြခဲ့ကြသည်။ ရွာသားများသည် တပ်မတော်၊ [401] တပ်မတော် နယ်ခြားစောင့်တပ်များ၊ [402] မြန်မာအစိုးရ အရာရှိများ၊ [403] KNU/KNLA၊ [404] DKBA၊ [405] KPF[406] နှင့် KNDO[407] တို့၏ အဓမ္မ အခွန်ကောက်ခံခြင်းနှင့် ငွေကြေးတောင်းခံခြင်းများကို ရင်ဆိုင်ကြရသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ တပ်မတော်နှင့် အစိုးရအရာရှိများသည် စစ်အခြေစိုက်စခန်းများအား ခြေကျင်ဖြတ်လျှောက်သူများ၊[408] မော်တော်ယာဉ်များ[409]နှင့် ဆိုင်ကယ်များ[410]ဖြင့် ဖြတ်သန်းသွားလာသူများကို ဥပဒေမဲ့

---

[395] ဖာပွန်ခရိုင်တွင် ဥပဒေမဲ့အခွန်များကို နယ်ခြားစောင့်တပ်က စစ်သားများ၏ လစာအတွက် ရွာသားများမှသော်လည်းကောင်း ဖာလာရောင်းဝယ်သူများကိုလည်းကောင်း ကောက်ခံသည်။ Source #186 ကိုကြည့်ပါ။ ဖာပွန်ခရိုင်တွင် အစိုးရ မြေတိုင်းသူ တစ်ယောက်အား ကြက်ဖြင့် ကျွေးမွေးဧည့်ခံရန်လည်း ရွာသားများကို ခိုင်းစေသည်။ Source #218 ကိုကြည့်ပါ။

[396] ဘားအံခရိုင်တွင် ကျွဲနွားရောင်းသူများသည် လက်နက်ကိုင်အဖွဲ့အမျိုးမျိုးကို အခွန်ပေးရသည်။ Source #213 ကိုကြည့်ပါ။

[397] ဒူးပလာယာ ခရိုင်တွင် များစွာသော လက်နက်ကိုင် အဖွဲ့များသည် ရွာသားများ၏ ကားနှင့် သစ်ထုတ်စက်များအတွက် အခွန်ကောက်ခံကြသည်။ Source #113 ကိုကြည့်ပါ။

[398] တောင်ငူခရိုင်တွင် တပ်မတော်သည် ၎င်းတို့အသုံးပြုရန် ရွာသားများထံမှ ကုန်တင်ကားများ တောင်းခံသည်။ Source #30 ကိုကြည့်ပါ။ တောင်ငူခရိုင်တွင် ဆိုင်ကယ်သမားများကိုလည်း ဥပဒေမဲ့ အခွန်ကောက်ခံလျက်ရှိသည်။ Source #331 ကိုကြည့်ပါ။

[399] သထုံခရိုင်ရှိ ရွာသားများသည် လုပ်အားပေးအစား နယ်ခြားစောင့်တပ်များကို အခွန်ငွေပေးဆောင်သည်။ Source #260 ကိုကြည့်ပါ။

[400] ညောင်လေးပင်ခရိုင်တွင် ရွှေတူးသူများကို တပ်မတော်က ဥပဒေမဲ့ အခွန်ကောက်လျက်ရှိသည်။ Source #50 ကိုကြည့်ပါ။

[401] တပ်မတော် စစ်သားများသည် ပြည်သူ့စစ်များကို ငွေကြေးထောက်ပံ့ပေးရန်အတွက် ရွာသားများထံမှ ဥပဒေမဲ့ အခွန်များ ကောက်ခံသည်။ Source #47 ကိုကြည့်ပါ။ လယ်ယာမြေအပေါ် အခွန်ကောက်ခံခြင်းကို Source #135, 356 နှင့် 128 ကိုကြည့်ပါ။ မွေးမြူရေးတရိစ္ဆာန်များအပေါ် အခွန်ကောက်ခံခြင်းကို Source #194 ကိုကြည့်ပါ။ ရွာသားများ ခရီးသွားရာတွင် စစ်ဆေးရေးဂိတ်များ၌ အခွန်ကောက်ခံခြင်းကို Source #32 တွင်ကြည့်ပါ။

[402] တပ်မတော်နယ်ခြားစောင့်တပ်များသည် များသောအားဖြင့် ရွာသားများအပေါ် စစ်သားလစာအတွက် အခွန်ကောက်သည်။ Source # 145, 245 နှင့် 186 ကိုကြည့်ပါ။ နွားကုန်သည်များထံမှ အခွန်ကောက်ခြင်းကို Source #293, 362, 217 နှင့် 361 တွင်ကြည့်ပါ။

[403] ဥပမာ (မြေယာမှတ်ပုံတင်ရေးဌာနမှ) အစိုးရ အရာရှိတစ်ယောက်သည် ရွာသားတစ်ဦးချင်းဆီအား ကြက်ယူလာပေးရန် တောင်းခဲ့သည့်အတွက် ရွာသားများမှ ဖြည့်ဆည်းပေးခဲ့ရသည်။ Source #218 ကိုကြည့်ပါ။

[404] KNU နှင့် KNLA တို့သည် ရွှေတူးသည့် ရွာသားများကို ဥပဒေမဲ့အခွန်များ ကောက်ခံခဲ့သည်။ Source #306 နှင့် 73 ကိုကြည့်ပါ။ ဒေသတွင်းလုံခြုံရေးအတွက် ဥပဒေမဲ့ အခွန် ကောက်ခြင်းကို Source #269 ကိုကြည့်ပါ။ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးအတွက် ဥပဒေမဲ့ အခွန် ကောက်ခြင်းကို Source #377 ကိုကြည့်ပါ။ KNU နှင့် KNLA အရာရှိများ လစာနှင့် ဖာလာခွန် တောင်းခံခြင်းကို (ရွာသားများမှ ၎င်းတို့ကို ပေးဆောင်ရန် မတတ်နိုင်ကြကြောင်း ဖော်ပြထားသည်) Source #163 ၏ နောက်ဆုံးအပိုင်း ကိုကြည့်ပါ။

[405] DKBA သည် ရွာသားများ ခရီးသွားရာတွင် စစ်ဆေးရေးဂိတ်များ၌ ဥပဒေမဲ့အခွန်များ ကောက်သည်။ Source #245 ကိုကြည့်ပါ။ စစ်သားများ၏ လစာအတွက် ဥပဒေမဲ့ အခွန် ကောက်ခြင်းကို Source #187 ကိုကြည့်ပါ။

[406] KPF သည် လှေသမားများအား ဥပဒေမဲ့ အခွန် ကောက်ခြင်းကို Source #347 တွင်ကြည့်ပါ။

[407] ဥပမာ ရွာသားများသည် ရွှေတူးရန်အတွက် KNDO ထံမှ ခွင့်ပြုချက်စာ ယူရသည်။ ၎င်းအတွက် ငွေကျပ် ၁၀,၀၀၀ (ဒေါ်လာ ၁၁.၄၉) အထိ ပေးရသည်။ Source #306 ကိုကြည့်ပါ။

[408] ဥပမာ ရွာသားများသည် တောင်ငူခရိုင်ရှိ တပ်မတော် စစ်ဆေးရေးဂိတ်များတွင် အခွန်ပေးဆောင်ရသည်။ Source #32 ကိုကြည့်ပါ။

[409] လူစီးကားနှင့် ကုန်တင်ကားမောင်းသူများအား ဥပဒေမဲ့အခွန်ကောက်ခံသည့် အသေးစိတ်ဥပမာကို Source #31, 112 နှင့် 355 တွင်ကြည့်ပါ။

[410] ဖာပွန်ခရိုင်တွင် ဆိုင်ကယ်သမားများထံမှ ကောက်ခံသော ဥပဒေမဲ့ အခွန်နှင့်ဆိုင်သည့် ဥပမာကို Source #208 ကိုကြည့်ပါ။ တောင်ငူခရိုင်အတွက် ဥပမာကို Source #311 တွင်ကြည့်ပါ။ ဒူးပလာယာခရိုင်အတွက် ဥပမာကို Source #140 တွင်ကြည့်ပါ။

အခွန်များ ကောက်ခံလျက်ရှိသည်။ လှေများ [411] ကို အခွန်ကောက်ခံရန်အတွက် မြစ်ကြောင်းများတွင်လည်း စစ်ဆေးရေး ဂိတ်များ ထားရှိသည်။ ရာဘာနှင့် ပြောင်းစိုက်ခင်းပိုင်ရှင်များ၊ [412] ရွှေတူးဖော်ရေးလုပ်ငန်းများ၊ [413] သစ်လုပ်ငန်းများ၊ [414] ဖာလာ၊ [415] ကျွဲနှင့် နွားကုန်သည်များ [416] ထံမှလည်း အခွန်ကောက်ခံကြသည်။ ထို့ပြင် မြေယာအသုံးပြုခြင်းအတွက် ပုံစံမျိုးစုံဖြင့် ကောက်ခံသော အခွန်များနှင့် ပတ်သက်၍လည်း ရွာသားများမှ သတင်းပေးပို့ခဲ့ကြသည်။ ယခင်က လယ်သမားများထံမှ သိမ်းယူထားသည့် [417] မြေများပေါ်တွင် လယ်သမားများမှ စိုက်ပျိုးအသုံးပြုခြင်း၊ ထွန်ယက်ခြင်းနှင့် ပျိုးထောင်ခြင်းများ [418] အတွက်လည်း အခွန်ကောက်သည်။ ထို့ကဲ့သို့ ကောက်ခံခြင်းများသည် ရွာသားများအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိသည့်အပြင် ရွာသားများထံမှ ပစ္စည်းနှင့် ငွေကြေးများ ကောက်ခံရန် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ စေခိုင်းခြင်းခံရသော ရွာလူကြီးများအပေါ်တွင်လည်း ဖိအားပေးမှုများ ဖြစ်ပေါ်လျက်ရှိသည်။[419]

> *"လွှစက်ထောင်သော ရွာသားအားလုံးဆီမှ နွတ်ခမ်းမွှေး[420] လက်အောက်ခံ အရာရှိက တစ်လလျှင် ဘတ် ၄၀၀၀ နှင့် ပျဉ်ပြား ၁၅၀၀ လစဉ် တောင်းခံလျက်ရှိပြီး KNU သစ်တောဌာနမှလည်း တစ်လလျှင် ဘတ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၆၂.၅၀) တောင်းသည်။ DKBA သည် ထိုင်းနိုင်ငံမှ ပြန်လာသော ကုန်တင်ကား တိုင်းကို ဂိတ်တိုင်းတွင် ဘတ် ၂၀၀ (ဒေါ်လာ ၆.၂၅)[421] တောင်းသည်။ ခရီးသည်တင် ကားတစ်စီးလျှင် ကျပ် ၅၀၀ (ဒေါ်လာ ၀.၅၀)[422] တောင်းခံကြောင်း ယာဉ်မောင်းများက ပြောသည်။ နယ်ခြားစောင့်တပ်များသည် ပလူး-မြဝတီလမ်းရှိ ဂိတ်တိုင်းတွင် ကားတစ်စီးလျှင် ၅၀၀ ကျပ် နှင့် ခရီးသည် တစ်ဦးလျှင် ကျပ် ၅၀၀ စီ တောင်းခံသည်။ အသက်မွေးလုပ်ငန်းများနှင့် ပတ်သက်၍ ဗမာအစိုးရ (တပ်မတော်) သည် ၎င်းတို့ လိုသမျှကို တောင်းဆိုသည်။ ပလူးနှင့် ဝေါလေ ကြားတွင် DKBA ၏ စစ်ဆေးရေးဂိတ် လေးခု ရှိပြီး ပလူးနှင့် မြဝတီကြားတွင် ဂိတ် ခြောက်ခုရှိသည်။"*

[411] လှေသမားများအား နယ်ခြားစောင့်တပ်နှင့် KPFမှ ဥပဒေမဲ့အခွန်ကောက်ခြင်းအတွက် ဥပမာကို Source #347 တွင်ကြည့်ပါ။ လုံခြုံရေးများမှ အခွန်ကောက်ခံခြင်း အတွက် Source #364 ကိုကြည့်ပါ။

[412] ရာဘာစိုက်ခင်းပိုင်ရှင်များကို ဥပဒေမဲ့ အခွန်ကောက်ခံခြင်းအတွက် ဥပမာအဖြစ် Source #260၊ 377 နှင့် 152 ကိုကြည့်ပါ။ ပြောင်းခင်းပိုင်ရှင်များထံမှ အခွန်ကောက်ခံခြင်းအတွက် Source #128 ကိုကြည့်ပါ။

[413] ဥပမာ KNLA သည် ရွှေတူးသူများအား အခွန်ကောက်ရန် ဖာပွန်ခရိုင်တွင် စစ်ဆေးရေးဂိတ်တစ်ခု တည်ဆောက်ထားသည်ကို Source #73 တွင်ကြည့်ပါ။ ရွှေတူးသူများကို KNDOမှ အခွန်ကောက်ခံခြင်းအတွက် Source #306 ကိုကြည့်ပါ။ ရွှေမျှောများ တည်ဆောက်ခြင်းအတွက် တပ်မတော်က ရွာသားများအား အခွန်ကောက်ခြင်းကို Source #73 ကိုကြည့်ပါ။

[414] ဥပမာ သစ်စက်ပိုင်သော သစ်သမားတစ်ယောက်ကို အခွန်ကောက်ခံခြင်းအတွက် Source #113 ကိုကြည့်ပါ။

[415] ဥပမာ ဖာလာကုန်သည်တစ်ဦးကို နယ်ခြားစောင့်တပ် စစ်သားများက ဥပဒေမဲ့ အခွန်ကောက်ခြင်းအတွက် Source #186 ကိုကြည့်ပါ။

[416] ဥပမာ KNU၊ နယ်ခြားစောင့်တပ် နှင့် DKBA တို့က ကျွဲနွားကုန်သည်များအပေါ် အခွန်ကောက်ခြင်းအတွက် Source #213 ကိုကြည့်ပါ။ သားငါးကုန်သယ်များကို နယ်ခြားစောင့်တပ်မှ အခွန်ကောက်ခြင်း ဥပမာအဖြစ် Source #283၊ 361 နှင့် 276 ကိုကြည့်ပါ။

[417] ရွာသားများသည် ယခင်က သူတို့ပိုင်ခဲ့သော မြေတွင် အလုပ်လုပ်ရန် အခွန်ပေးရသည်နှင့် ပတ်သက်၍ Source #365 ကိုကြည့်ပါ။

[418] ဥပမာ ရွာသားများသည် စိုက်ခင်းများအတွက်၊ ကောက်ရိတ်သိမ်းခြင်းအတွက်နှင့် မျိုးစေ့အတွက် အခွန်ပေးရသည်။ Source #128 ကိုကြည့်ပါ။

[419] များသောအားဖြင့် တပ်မတော်သည် တစ်စုံတစ်ခု လိုအပ်လျှင် ရွာလူကြီးသို့မဟုတ် ကျေးရွာအုပ်စု လူကြီးနှင့် တွေ့ဆုံပြီး (Source # 376 နှင့် 234 ကိုကြည့်ပါ။) ထိုကဲ့သို့ တွေ့ဆုံစဉ်အချိန်တွင် ငွေကြေး သို့မဟုတ် ပစ္စည်းများကို တိုက်ရိုက်တောင်းဆိုမှုပြုလုပ်သည် ။ Source #191 ကိုကြည့်ပါ။ အစည်းအဝေး တစ်ခုတွင် နယ်ခြားစောင့်တပ် တစ်ခုသည် သူတို့လိုချင်သော ပိုက်ဆံနှင့် အခြားပစ္စည်းများကို တောင်းသည်။ Source #378 ကိုကြည့်ပါ။ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄၏ တပ်မှူး မောင်ချစ်သည် ရွာလူကြီးတစ်ဦးကို စီးပွားရေးသမားများထံမှ ငွေကြေး တောင်းခံစေပြီး ထိုရရှိသော ငွေများအား အပ်ပေးစေသည်။ Source #208 ကိုကြည့်ပါ။

[420] နွတ်ခမ်းမွှေး (အမည်အရင်း စောလားပွယ်) သည် ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA) ၏ တပ်မှူးဖြစ်သည်။ ၎င်းသည် KNU/KNLA မှ ၁၉၉၇ တွင် ထွက်ခဲ့ကာ DKBA တပ်ရင်း ၉၀၇ ၏ တပ်မှူးဖြစ်လာသည်။ ၂၀၀၇ ခုနှစ်တွင် ၎င်းကို DKBA တပ်ရင်းလေးခု (၉၀၁၊ ၉၀၆၊ ၉၀၇ နှင့် လုံခြုံရေးတပ်ရင်း) ၏ ခေါင်းဆောင် ကလိုထူးဘော (ရွှေဖားစည်) ဗျူဟာမှူး အဖြစ် ရာထူးတိုးခဲ့သည်။ ၂၀၀၉ ခုနှစ် မေလတွင် ထိုတပ်ကို DKBA တပ်မဟာ ၅ အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နွတ်ခမ်းမွှေးက တပ်ရင်း ၉၀၁၊ ၉၀၅၊ ၉၀၆၊ ၉၀၇ နှင့် ၉၀၉ တို့ကို အုပ်ချုပ်သည်။ တပ်မဟာ ၅ သည် ဒူးပလာယာ နှင့် ဘားအံခရိုင်ရှိ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်နှင့် မြဝတီ နယ်များတွင် လှုပ်ရှားသည်။ နွတ်ခမ်းမွှေးကို ထိုင်းနိုင်ငံက မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြင့် အလိုရှိသည်။

[421] ဤအစီရင်ခံစာတွင် သုံးသော ထိုင်းဘတ်ငွေလဲနှုန်းမှာ ၂၀၁၄ ခုနှစ် မတ်လ ၁၈ ရက်နေ့၏ တရားဝင် ငွေလဲနှုန်းအရ တစ်ဒေါ်လာ ၃၂ ဘတ်ဖြစ်သည်။

[422] ဤအစီရင်ခံစာတွင်သုံးသော မြန်မာကျပ်ငွေလဲနှုန်းမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့၏ တရားဝင်ငွေလဲနှုန်းအရ တစ်ဒေါ်လာ ၉၈၇ ကျပ်ဖြစ်သည်။

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း။ (၂၀၁၂ ခုနှစ် မတ်လ)[423]

*" အ------ ရွာမှ အသက် ၃၂ နှစ်အရွယ် မောင် ---သည် ကျွဲနွား ကုန်သည်တစ်ဦးဖြစ်ပြီး ၎င်း၏ ကျွဲနွားများအတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မြန်မာစစ်တပ် (တပ်မတော်)၊ DKBA နှင့် KNU တို့ကို အခွန်များ ပေးဆောင်ခဲ့ရသည်။ သူသည် ကျွဲနွား အကောင်ရေ စုစုပေါင်း ၄၃ ကောင် ပိုင်ဆိုင်သည်။ ကျွဲနွား တစ်ရှဉ်းစီအတွက် နယ်ခြားစောင့်တပ်ကို ကျပ် ၁၀၀၀၀ (ဒေါ်လာ ၁၀.၁၃)၊ မြန်မာအစိုးရကို ကျပ် ၅၀၀၀ (ဒေါ်လာ ၅.၀၇)၊ KNU ကို ကျပ် ၁၀၀၀ (ဒေါ်လာ ၁.၀၁) စသည်ဖြင့် [သူဖြတ်သည့် ဂိတ်များပေါ် မူတည်ကာ] ပေးရသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ ခုနှစ် အောက်တိုဘာလ)[424]

*"ဒွဲလိုမြို့နယ်မှ ရွှေတွင်းများကို KNLA စုံထောက်တပ်ဖွဲ့က ထိန်းချုပ်၍ လုံခြုံရေး တာဝန်ယူထားသည့်အတွက် ထိုရွှေတွင်းများမှ [ရွှေတူးသူများထံမှ] အခွန်ကောက်ခံသည်။ ၎င်းတို့သည် လက်နက်ခဲယမ်းများ ဝယ်ရန် ဘဏ္ဍာငွေ စုဆောင်းနေခြင်းဖြစ်သည်ဟု ရွာသားများအား ပြောခဲ့သည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ဒွဲလိုမြို့နယ်၊
ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီ)[425]





အထက်ပါ ပုံများကို ၂၀၁၂ ခုနှစ် မေလ ၂၄ ရက်နေ့က ရိုက်ယူခဲ့သည်။ ပုံသည် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၁၁ မှ ချမှတ်ထားသော တောင်ငူခရိုင် 'မိုင်၂၀' ကျေးရွာ/ စစ်စခန်း၏ စစ်ဆေးရေးဂိတ်ဖြစ်သည်။ ထိုစစ်ဆေးရေးဂိတ်တွင် စစ်သားများမှ ဖြတ်သွားသည့် ယာဉ်များထံမှ အခွန်ငွေကောက်ခံပြီး ကားများမှ ငွေကြေး သို့မဟုတ် ကုန်ပစ္စည်းများ မပေးနိုင်ပါက ဖြတ်သန်းခွင့် မပြုပေ။[426] [ဓာတ်ပုံ - KHRG]





အထက်ပါ ပုံများကို ဘားအံခရိုင် ဘားအံ-မြဝတီ ကားလမ်းပေါ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ရိုက်ယူခဲ့သည်။ ပုံတွင် ဘားအံ-မြဝတီလမ်းတွင် သွားသည့် ကားများ ဖြတ်သန်းရမည့် အစိုးရ စစ်ဆေးရေးဂိတ်တစ်များထဲမှ ဂိတ်တစ်ခုပုံဖြစ်သည်။ ဤပုံကို ရိုက်ယူခဲ့သည့် KHRG သုတေသနပြုသူ၏ တင်ပြချက်အရ

[423] Source #113 ကိုကြည့်ပါ။
[424] Source #213 ကိုကြည့်ပါ။ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၁ က ရွာသားတစ်ဦးအား နွားနှင့် ကျွဲများအတွက် အခွန်ပြေစာ ထုတ်ပေးခြင်းကို Source #217 ကိုကြည့်ပါ။
[425] Source #73 ကိုကြည့်ပါ။
[426] Source #331 ကိုကြည့်ပါ။

ကားသမားများနှင့် ခရီးသည်များမှ တပ်မတော်၊ ရဲ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အရာရှိများ၊ တပ်မတော် နယ်ခြားစောင့်မှ တပ်သားများ၊ ဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲအရာရှိတို့အား အခွန်ပေးရန် အဓမ္မ စေခိုင်းခဲ့သည်။ ယာဉ်မောင်းတစ်ဦးလျှင် ကျပ် ၅၀၀ မှ ၁၀၀၀ (ဒေါ်လာ ၀.၅၀ မှ ၁.၀၀) နှုန်း၊ ခရီးသည်တစ်ဦးလျှင်လည်း ပျမ်းမျှအားဖြင့် ၎င်းနှုန်းထားဖြင့် ဂိတ်တိုင်းတွင် ကောက်ခံလျက်ရှိသည်။ သုတေသနပြုသူက အဆိုပါလမ်းတွင် ယာဉ်အစီးရေ ၄၀၀ ခန့် ဖြတ်သန်းလျက်ရှိကြောင်း ခန့်မှန်းသည်။[427] [ဓာတ်ပုံ - KHRG]



အထက်ပါပုံကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ညောင်လေးပင်ခရိုင်မှ ------- ရွာသားများက အိမ်ဆောက်ရန်အတွက် သစ်များ သယ်ဆောင်နေပုံဖြစ်သည်။ ဤဓာတ်ပုံကို ရိုက်ခဲ့သည့် KHRG ဒေသခံအဖွဲ့ဝင်အရ သစ်ခုတ်သူများသည် သံဆိပ် စစ်စခန်းကို ဖြတ်သန်းတိုင်း တပ်မတော်စစ်သားများကို အခွန်ငွေ ကျပ် ၅၀၀၀ (ဒေါ်လာ ၅.၀၇) ပေးရသည်။[428][ဓာတ်ပုံ - KHRG]




အထက်ပါ ပုံကို ၂၀၁၃ ခုနှစ် ဧပြီလ ၄ ရက်နေ့က ရိုက်ယူခဲ့သည်။ ထိုပုံသည် ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်၊ မဲ့ပရီးမြစ်ရှိ DKBA ဂိတ်တစ်ခု၏ ဆိုင်းဘုတ်တစ်ခုဖြစ်ပြီး ရွာသားများ သယ်ဆောင်သည့် ကုန်ပစ္စည်းများ အတွက် ပေးဆောင်ရမည့် အခွန်ငွေပမာဏကို ရေးထားသည်။ သင်ပုန်းတွင် မြန်မာဘာသာဖြင့် "စစ်ဆေးရန် ရပ်။ မဲပလိဂွင်မှ ထွက်လာသော သစ်ခွဲသား တစ်တန်လျှင် ၅၀၀ဝိ ကျပ်။ ယွန်းစလင်းချောင်းမှ ဆင်းလာသော သစ်တစ်ဖောင်လျှင် ၃၅၀ဝိ ကျပ်။ ယွန်းစလင်းချောင်းတစ်လျှောက်မှ ဆင်းလာသော ဝါး တစ်ဖောင်လျှင် ၁၀၀ဝိ ကျပ်။ စက်လှေ တစ်စီးလျှင် ၅၀ဝိ ကျပ်"ဟု ရေးသားထားသည်။ ဤပုံကို ရိုက်ယူခဲ့သော KHRG သတင်းကောက်ယူသူ၏ ပြောကြားချက်အရ ဤဂိတ်ကို လွန်ခဲ့သော တစ်နှစ်က ဖယ်ရှားခဲ့ သော်လည်း ရွာသားများသည် အလားတူဂိတ်များစွာမှ အခွန်ငွေ ကောက်ခံခြင်းများကို ရင်ဆိုင်နေကြရသည်။[429][ဓာတ်ပုံ - KHRG]





ဤပုံကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ရိုက်ယူခဲ့ပြီး ညောင်လေးပင်ခရိုင် ရွှေကျင်ဆည်အောက်တွင် ရွှေလုပ်သားများ ရွှေတူးနေပုံဖြစ်သည်။ ရွှေတူးသမားများသည် အထက်ပါပုံအတိုင်း ရွက်ထည်တဲ တစ်ခုစီမှနေ၍ ရွှေတူးကြသည်။ ဤပုံကိုရိုက်ခဲ့သည့် KHRG သုတေသနပြုသူ၏ အဆိုအရ ရွှေလုပ်သားများသည် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၅၇၂ သို့ တစ်လလျှင် ကျပ် ၈၀၀,၀၀၀ (ဒေါ်လာ ၈၁၀.၅၄) ပေးရသည်။[430] [ဓာတ်ပုံ - KHRG]

## ဥပဒေမဲ့ကောက်ခံသော အခွန်များသည် အာဏာရှင်အုပ်စုများစွာ၏ လက်အောက်တွင်နေရသော ရွာသားများအတွက် မည်ကဲ့သို့အခက်အခဲ ဖြစ်စေကြောင်း ရွာသားများက ရှင်းပြသည်။ ထိုသို့ ရောယှက်အုပ်ချုပ်နယ်မြေများဖြစ်သည့် ဘားအံနှင့် ဒူးပလာယာခရိုင်ကဲ့သို့သောနေရာများရှိ ရွာသားများကို ဒေသခံအာဏာပိုင် လေးခု သို့မဟုတ်

[427] Source #355 ကိုကြည့်ပါ။
[428] Source #343 ကိုကြည့်ပါ။
[429] Source #245 ကိုကြည့်ပါ။
[430] Source #343 ကိုကြည့်ပါ။

ထိုထက်ပိုသောအာဏာပိုင်များမှ လူမှုရေးနှင့်ဘာသာရေးများအတွက်ဟူ၍ အခွန်ကောက်ခံကြသည်။ တစ်ခါတစ်ရံ ကားလမ်းမ တစ်ခုတည်းတွင်ပင် အာဏာပိုင်အဖွဲ့ များစွာက အခွန်ငွေများကောက်ခံကြသည်။

*"ကျွန်တော်တို့ဒေသတွင်DKBAဒုတပ်ရင်းမှူးအောင်ရင်၏တပ်သည်--------ရွာတွင်အခြေချပြီး ၎င်းတို့သည် စစ်ရေးလှုပ်ရှားမှုများကိုမလုပ်ဆောင်သော်လည်းရာဘာနှင့်ဖုန်းခွန်များကိုနှစ်စဉ်ကောက်ခံကြသည်။ ကျွန်တော်တို့ဒေသတွင် KNU၊ ဦးသိန်းစိန်အုပ်စု (တပ်မတော်)၊ နယ်ခြားစောင့်တပ်၊ DKBA၊ KPC နှင့် KPFကဲ့သို့ လှုပ်ရှားနေသောအဖွဲ့ များစွာရှိသည်။ အရပ်သားများအနေနှင့် မည်သည့် လက်နက်ကိုင်အဖွဲ့ အား မှီခိုရမည်ကိုဇဝေဇဝါဖြစ်နေကြသည်။အထိန်းအမှတ်နေ့များကျင်းပရန်သို့မဟုတ်ပညာရေး၊ကျန်းမာရေးနှင့်ဘာသာရေးတို့အတွက်အဖွဲ့ တိုင်းမှအလှူ ခံကြပြီးရွာသားများမှပိုက်ဆံစုကာ ထိုသူများအား ပေးရသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ကျုံဒိုးမြို့နယ်၊ ဒူးပလာယာ ခရိုင်/ ကရင်ပြည်နယ် တောင်ပိုင်း။ (၂၀၁၂ ဇူလိုင်မှ နိုဝင်ဘာအထိ)[431]

ဥပဒေမဲ့ အခွန်ကောက်ခံခြင်းနှင့် အခြားတောင်းဆိုမှုများသည် ရွာသားများ၏ ဝင်ငွေနှင့် ၎င်းတို့ မိသားစုအိမ်ထောင်၏ ပိုင်ဆိုင်မှုများကိုထိခိုက်စေသည်။အထူးသဖြင့်နေ့စားအလုပ်သမားများနှင့် မိမိတို့၏ ကိုယ်ပိုင်လုပ်အားဖြင့် ရရှိလာသော ထွက်ကုန်များအပေါ် မှီခိုနေသော သို့မဟုတ် မိမိတို့ သီးနှံထွက်ကုန်များ၏ ရောင်းချရငွေအပေါ် မှီခိုနေရသူသော လယ်သမားများကို ထိခိုက်စေသည်။

*"မိသားစုကို ကျွေးမွေးဖို့အတွက် ကျွန်တော်တို့ အလုပ်ရဖို့ ကြိုးစားရပါတယ်။ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို ထိန်းသိမ်းဖို့ ခက်ခဲပါတယ်။ ကျွန်တော်တို့ -------- ရွာက ရွာသားတွေအနေနဲ့ အခြားအလုပ် မလုပ်တတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ပြောင်းဖူး၊ မြေပဲ၊ စပါး စိုက်ပျိုးခြင်းနဲ့ သစ်လုပ်ငန်းတွေ လုပ်ပါတယ်။ (အဲဒီ လုပ်ငန်း တစ်ခုခုနဲ့) အသက်မွေးဖို့ ကျွန်တော်တို့ အနေနဲ့ လစဉ် (DKBA, KNLA, နှင့် သို့မဟုတ် တပ်မတော်) ဆီကနေ ခွင့်ပြုစာ ယူရပါတယ်။ တစ်ခါတစ်လေ အဲဒီခွင့်ပြုစာပါပေမယ့် သူတို့က နှောင့်ယှက်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ပြဿနာကြီးပါ"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်/ ကရင်ပြည်နယ်တောင်ပိုင်း။ (၂၀၁၂ ခုနှစ် ဧပြီမှ ဖွန်လ)[432]

ရွာသားများသည် ၎င်းတို့ ပေးရသောအခွန်ပမာဏကို လျှော့ချနိုင်ရန်ကြိုးပမ်းကြသည်။ အောက်တွင် ဖော်ပြထားသည့် အတိုင်းဘာသာရေးခေါင်းဆောင်များမှတဆင့်စစ်သားများအားအခွန်လျှော့ပေးရန်တောင်းပန်ခြင်း၊အခွန်ပေးဆောင်ရမည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကန့်သတ်ခြင်းနှင့် စစ်သားများ၏ လစာအတွက် တောင်းဆိုမှုများကို လျှော့ချရန် တပ်မှူးများနှင့် တိုက်ရိုက် ညှိနှိုင်းခြင်းတို့ ပြုလုပ်ကြပါသည်။

*"သူတို့က ကျွန်တော်တို့ကို လယ်ထွန်စက် တစ်စီးကို (အခွန်အဖြစ် တစ်နှစ်လျှင်) ကျပ် ၁၀၀၀၀ (ဒေါ်လာ ၁၀.၁၃) တောင်းပါတယ်။ ဒါဟာ သူတို့ နှစ်စဉ် လုပ်တဲ့ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၅ ရဲ့စီးပွားရေးလုပ်ငန်းပါ။ရွာသားများကထိုတောင်းဆိုမှုကိုဆန့်ကျင်ရန်နည်းမျိုးစုံဖြင့်အားထုတ်ကြသည်။ .........ရွာသားများသည်နယ်ခြားစောင့်တပ်ကိုအခွန်လျှော့ပေးရန်တောင်းပန်ခဲ့ကြသည်။ဥပမာနွား၁၀ကောင်ရှိလျှင်သုံးကောင်အတွက်ကိုသာအခွန်ကောက်ရန်တောင်းဆိုခဲ့ပြီးနောက်ပိုင်းတွင်ရွာသားများ၏တောင်းဆိုချက်ကိုလိုက်လျောခဲ့သည်။ရွာသားများသည်ဘုန်းတော်ကြီးတစ်ပါးကိုသူတို့အစားပြောပေးရန်လည်းတောင်းဆိုခဲ့သည်။ အချို့သော လှေခရီးစဉ်များ အတွက် အခွန်လျှော့ပေးခဲ့ပြီးအချို့ သောလှေခရီး စဉ်များ ကိုအခွန်*

[431] Source #152 ကိုကြည့်ပါ။

[432] Source #128 ကိုကြည့်ပါ။

*မကောက်ဘဲ အလကားပေးဖြတ်ခဲ့သည်။ နောက်ဆုံးတွင် အချို့ရွာသားများမှာ ၂၀၁၃ ခုနှစ် အစပိုင်းမှစတင်၍ လှေများနှင့် လယ်ထွန်စက်များအတွက် အခွန်ပေးဆောင်ရန် လုံးဝ မလိုအပ်တော့ကြောင်း သိရသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၃ ခုနှစ် ဖွန်မှ နိုဝင်ဘာလ)[433]

## စစ်ဘက်ဆိုင်ရာ လုပ်ရှားမှုများအတွက် ဥပဒေမဲ့ အခွန်ကောက်ခြင်း

အပစ်အခတ် ရပ်စဲချိန်မှစကာ အဓမ္မ စေခိုင်းခြင်းများ လျော့နည်းလာသော်လည်း [434] စစ်ဘက်ဆိုင်ရာ လုပ်ငန်းများအတွက် ငွေကြေးနှင့် အခြားပစ္စည်းများ တောင်းခံမှုအား ပုံမှန်လုပ်ဆောင်နေခြင်းများကို ရွာသားများက တင်ပြကြသည်။ အဆိုပါ တောင်းဆိုမှုများတွင် များသောအားဖြင့် စစ်အခြေစိုက်စခန်း တည်ဆောက်ရန် ရွာသားများအား လုပ်အားပေးခြင်းအစား[435] ငွေကြေးတောင်းခံခြင်း သို့မဟုတ် ရိက္ခာပြန်ဖြည့်နိုင်းခြင်း၊ ရွာသားများ၏ ထွန်စက်များကို အသုံးပြုရန် အမိန့်စာထုတ်ခြင်း၊ စစ်ရိက္ခာများသယ်ယူရန် ကားသို့မဟုတ် ကုန်တင်ကားများ အသုံးပြုရန် အမိန့်ထုတ်ခြင်း၊ [436] ရွာသားများ စိုက်ပျိုးရောင်းချသော ကြက်၊ ဂက်၊ ဆန်နှင့် အခြား ကောက်ပဲသီးနှံများကို စစ်တပ်ရိက္ခာအဖြစ် ထုတ်နှုတ်ခြင်း[437] တို့ ပါဝင်သည်။

*"ရွာသားများအား အုပ်ချုပ်သော ရွာလူကြီးများကို ရွာသားများက ရွေးချယ်တင်မြှောက်ခြင်း မဟုတ်ဘဲ နယ်ခြားစောင့်တပ်က ရွေးချယ်ခြင်း ဖြစ်သည်။ အကယ်၍ နယ်ခြားစောင့်တပ်မှ ကျပ် ၁၀၀,၀၀၀ (ဒေါ်လာ ၁၀၄.၂၉) ကောက်ခံခိုင်းလျှင် ရွာလူကြီးမှ ကျပ် ၂၀၀,၀၀၀ (ဒေါ်လာ ၂၂၈.၅၇) ကောက်ခြင်းကို ရွာသားများ ခံစားနေရသည်။ တစ်လ ရွာလူကြီးများအတွက် ရွာသားများက ထိုလအတွက် ၎င်းတို့ကို ကူညီကြသည်။ ဆန်သုံးတင်း (၉၆ ကီလိုဂရမ်/၂၁၁.၂ ပေါင်)[438] နှင့် ငွေကျပ် ၃၀,၀၀၀ (ဒေါ်လာ ၃၀.၃၄) ပံ့ပိုးပေးကြသည်။ အိမ်ထောင်စု တစ်ခုစီတိုင်းသည် တစ်လ ရွာသူကြီးအဖြစ် တာဝန်ယူရသည်။ တစ်လရွာလူကြီးသည် နယ်ခြားစောင့်တပ်က ရွေးချယ် တင်မြှောက်သည့် ရွာလူကြီး၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၂ ခုနှစ် မေမှ ဇွန်လ)[439]

*"ကိုနီးကျေးရွာအုပ်စုမှ ရွာသားများသည် ကင်းစောင့် စစ်သားများအတွက် ကျပ် ၃၅,၀၀၀ (ဒေါ်လာ ၃၅.၄၆) နှင့် ဆန် ရှစ်တင်း (၂၅၆ ကီလိုဂရမ်/၅၆၃.၂ ပေါင်) ပေးရသည်။ ----------- ရွာသားများသည် (အထွေထွေ အခွန်အဖြစ်) ကျပ် ၁၄,၀၀၀ (ဒေါ်လာ ၁၄.၁၈)၊ (တပ်မတော် ပြည်သူ့စစ်) စစ်သားများအတွက် လစဉ်ကင်းကြေး ကျပ် ၁၀,၀၀၀ (ဒေါ်လာ ၁၀.၁၃) နှင့် ဆန် ရှစ်လုံး ပေးရသည်။ တခါမှာ*

---

[433] Source #362 ကိုကြည့်ပါ။

[434] ဤအစီရင်ခံစာ၏ အဓမ္မခိုင်းစေခြင်း အပိုင်းကိုကြည့်ပါ။

[435] ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ထန်းတပင်မြို့နယ်မှ တပ်မတော် တပ်မှူးတစ်ယောက်က ရွာသားများကို စစ်စခန်းတစ်ခုတွင် အဓမ္မလုပ်အားပေး လာရောက်လုပ်ကိုင်ရန်နှင့် အလုပ်မလုပ်နိုင်ပါက ငွေပေးရန် တောင်းခံခြင်းအတွက် Source #191 ကိုကြည့်ပါ။ ဖာပွန်ခရိုင်တွင် နယ်ခြားစောင့်တပ်မှ တပ်သားတစ်ယောက်က ရွာသားများကို ဓနိမပေးနိုင်လျှင် ငွေပေးခိုင်းခြင်းကို ဥပမာအဖြစ် Source # 378 ကိုကြည့်ပါ။

[436] ၂၀၁၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့က အမှတ် ၆၆ တပ်မတော် ခြေမြန်တပ်မ မှ စစ်သားများသည် ၎င်းတို့၏ ရိက္ခာများကို သယ်ရန် ရွာသားများ၏ ကုန်တင်ကားများကို ခိုင်းစေခဲ့သည်။ Source #30 ကိုကြည့်ပါ။ တပ်မတော်သည် ရွာသားများ၏ ကုန်တင်ကားများကို ၎င်းတို့၏ ထောက်ပံ့ပစ္စည်းများကို သယ်ဆောင်ရန် စေခိုင်းခြင်း (Source #221) နှင့် ရွာအရွယ်အစားကိုလိုက်ကာ ရွာသားများ၏ လှည်းများကို တောင်းခြင်းများ ပြုလုပ်ခဲ့သည်။ Source #၂၆၄ ကိုကြည့်ပါ။

[437] တပ်မတော်နှင့် နယ်ခြားစောင့်တပ်များက ရွာသားများထံမှ ဒူးရင်းသီး၊ ကြက်၊ ဆန်နှင့် အခြား စားစရာများ တောင်းခံခြင်းအား Source #47, 199 နှင့် 214 တွင်ကြည့်ပါ။

[438] တင်းသည် စပါး၊ ဆန်နှင့် မျိုးစေ့များကို ချင်တွယ်သည့် ယူနစ်တစ်ခုဖြစ်သည်။ တစ်တင်းသည် စပါး ၂၀.၉ ကီလို၊ သို့မဟုတ် ၄၆.၀၈ ပေါင်၊ ဆန် ၃၂ ကီလို သို့မဟုတ် ၇၀.၄ ပေါင်နှင့် ညီမျှသည်။ တစ်တင်းသည် သံဖြူဘူးကြီး နှစ်ဘူး ပမာဏ ရှိသည်။

[439] Source #199 ကိုကြည့်ပါ။

*ကျေးရွာအုပ်စုတွင် အိမ်ခြေ ၄၅၀၊ ကိုနီးကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၀၁ အိမ် နှင့် ကော်သော ကျေးရွာတွင် အိမ်ခြေ ၃၀ ရှိသည်။ ထိုဒေသများမှ ရွာသားများသည် အထက်ပါ ငွေနှင့် ပစ္စည်းပမာဏကို လစဉ် ပြည်သူ့စစ်စခန်းသို့ ပေးကြရသည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း။ (၂၀၁၂ ခုနှစ် ဇွန်လ)[440]

*"တပ်မတော်သည် ---------- နှင့် --------- ရွာများမှ အုန်းသီးနှင့် ဟင်းသီးဟင်းရွက်များ တောင်းခံခဲ့သည်။ ၎င်းတို့သည် ရွာသားများကို ပိုက်ဆံတောင်းခံခြင်း၊ ပေါ်တာထမ်းခိုင်းခြင်း၊ ကင်းစောင့် သို့မဟုတ် စစ်သားအဖြစ် တာဝန်ထမ်းရန် တောင်းဆိုခြင်းများ မပြုလုပ်တော့ပေ။ ထို့ပြင် ရွာသားတွေကို လမ်းပြလုပ်ပေးရန်လည်း တောင်းဆိုခြင်းမျိုး မလုပ်တော့ပေ။ သို့သော် ၎င်းတို့သည် ရွာသားများထံမှ ဓနိများ တောင်းခံဆဲ ဖြစ်သည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေတင်ပြချက်။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၂ ခုနှစ် မတ်လမှ ဧပြီလ)441

## စစ်သားလစာအတွက် ဥပဒေမဲ့ အခွန်ကောက်ခြင်း

အပစ်အခတ်ရပ်စဲပြီးသည့်အချိန်မှစ၍ နယ်ခြားစောင့်တပ် သို့မဟုတ် အစိုးရနှင့် သက်ဆိုင်သော ပြည်သူ့စစ်များအဖြစ ရွာသားများအား တပ်သားသစ်စုဆောင်းခြင်းများကို ငြင်းဆန်ခြင်းအတွက် "လျော်ကြေး"[442] တောင်းခြင်း သို့မဟုတ် အစားထိုး စစ်သားများအတွက် လစာပေးရန် ငွေကြေးတောင်းခံခြင်းများ ပြုလုပ်လာသည်ဟု တင်ပြထားသည်။[443] မူလသတ်မှတ်ထားသော စစ်မှုထမ်းသက်ပြည့်ပြီးသည့် ရွာသားစစ်သားများကို တပ်မှထွက်ခွင့်ပေးရန်အတွက် ငွေကြေးတောင်းခံပြီး ထိုသို့တောင်းခံခြင်းသည် ၎င်းတို့နေရာသို့ အစားပြန်ဝင်မည့် စစ်သားများ၏ လစာအတွက်ဟု တပ်မှူးများက ဆိုသည်။[444] နယ်ခြားစောင့်တပ်မှ တပ်မှူးတစ်ယောက်က စစ်သားများ၏ ဝန်ထမ်းသက်တမ်း တိုးမြှင့်ရန်အတွက်ဟုဆိုကာ ရပ်ရွာလူထုကို ဥပဒေမဲ့အခွန်ကောက်ခံခဲ့သည်။[445] နယ်ခြားစောင့်တပ်မှ တပ်မှူးများသည် စစ်သားများ၏လစာကို တောင်းခံရာ၌ ရွာများတွင် တရားဝင် အစည်းအဝေးများ ကျင်းပ၍သော်လည်းကောင်း၊ ရွာသူကြီးများထံ စာပို့ခြင်းဖြင့်သော်လည်းကောင်း၊ ကျေးရွာလူကြီး သို့မဟုတ် ရွာသားများမှ ပေးဆောင်မည်ဟု ဝန်ခံကတိပြု လက်မှတ်ထိုးခိုင်းခြင်းအားဖြင့်လည်းကောင်း တောင်းခံခဲ့ကြသည်။ တပ်မှူးများက ၎င်းတို့အနေဖြင့် တပ်သားသစ်စုဆောင်းရန်နှင့် လက်ရှိတပ်သားများအား ဆက်လက်တာဝန် ထမ်းဆောင်စေရန်အတွက် ငွေကြေးမလုံလောက်ကြောင်းနှင့် အခက်အခဲရှိကြောင်းကို အစည်းအဝေးများ သို့မဟုတ် စာများတွင် ရှင်းပြကြသည်။ တပ်မှူးများသည် ထိုတောင်းဆိုမှုများမှ ရရှိသော ငွေကြေးများအား ၎င်းတို့ကိုယ်ကျိုးအတွက် အသုံးပြုနေသည်ဟု ရွာသားများက သုံးသပ်ကြသည်။

*"နယ်ခြားစောင့်တပ်၏ တပ်မှူး မောင်ချစ်[446] မှ (ထွက်သွားသောတပ်သားနေရာတွင်) တပ်သားသစ် အစားထိုးသင့်ပြီး အကယ်၍ လူစားထိုးရန် မရှိလျှင် ရွာသားများမှ ငွေကျပ် ၂,၀၀၀,၀၀၀ (ဒေါ်လာ ၂၀၂၆)*

---

[440] Source #47 ကိုကြည့်ပါ။

[441] Source #304 ကိုကြည့်ပါ။

[442] ဥပမာ နယ်ခြားစောင့်တပ်က ရွာသားများ စစ်ထဲဝင်ရန် ငြင်းဆိုလျှင် ထိုအတွက် ငွေတောင်းခြင်းကို Source #208 တွင် ကြည့်ပါ။

[443] ဥပမာ DKBA နှင့် နယ်ခြားစောင့်တပ်များက စစ်သားလစာအတွက် ငွေတောင်းခြင်းကို Source # 130, 145, 187, 189 နှင့် ကိုကြည့်ပါ။

[444] ဥပမာ နယ်ခြားစောင့်တပ်သည် ၎င်းတို့နေရာအတွက် အခြား (ရွာသား) စစ်သား အစားမထိုးပေးသော စစ်တပ်မှ ထွက်ခွာနိုင်သည့် စစ်သားများကို ကျပ် ၂,၀၀၀,၀၀၀ (ဒေါ်လာ ၂၀၂၆) တောင်းခြင်းကို Source #245 ကိုကြည့်ပါ။

[445] Source #145 ကိုကြည့်ပါ။

[446] မော်စီခေါ် တပ်မှူးမောင်ချစ်သည် ဖာပွန်ခရိုင်ရှိ တပ်မတော် နယ်ခြားစောင့်တပ် ၁၀၁၄ ၏ တပ်မှူးဖြစ်သည်။ မောင်ချစ်ကို ဘားအံခရိုင် ကိုးကိုရှိ နယ်ခြားစောင့်တပ် ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉ နှင့် ၁၀၂၀ တို့၏ အဆင့်မြင့်တပ်မှူး ချစ်သူခေါ် မောင်ချစ်သူဖြင့် မမှားသင့်ပေ။

*ပေးရမည်ဟု အမိန့်ပေးခဲ့သည်။ ထို့ကြောင့် ရွာသားများသည် ကြောက်ရွံ့သည့်အတွက် ငွေကြေး ကောက်ခံခဲ့ကြပြီး ကျေးရွာစာရင်းကိုပါ ပြုစုခဲ့ကြသည်။"*

KHRG ဒေသခံအဖွဲ့ဝင်၏ ဓာတ်ပုံသတင်း ရေးသားတင်ပြချက်။ ဘူးသို မြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၃ ခုနှစ် မေလ)[447]

*"နယ်ခြားစောင့်တပ် အမှတ် ၁၀၁၄၏ တပ်မှူး စောမောင်ချစ်သည် လစာမပေးပဲ ရွာသားများထံမှ တပ်သားသစ်များ ပိုမိုစုဆောင်းရန် ကြိုးစားခဲ့သည်။ စောမောင်ချစ်သည် စစ်သားစုဆောင်းရန် ငွေကြေးမလုံလောက်သဖြင့် အမိန့်စာတစ်စောင် ထုတ်ကာ ရွာသားများထံ ပေးပို့ခဲ့သည်။ အမိန့်စာမှာ ရွာသားများထံမှ ငွေကြေးတောင်းခံသည့်စာဖြစ်သည်။ သူသည် က-------- ကျေးရွာမှ ကျပ် နှစ်သန်း (ဒေါ်လာ ၂၂၆၆)၊ ဘ------- ကျေးရွာမှ ကျပ် တစ်သန်း (ဒေါ်လာ ၁၁၃၃)၊ ဖ--------- ကျေးရွာမှ ကျပ် သုံးသန်း (ဒေါ်လာ ၃၄၀၀) နှင့် တ---------- ကျေးရွာမှ ကျပ် ၁၂ သန်း (ဒေါ်လာ ၁၃၅၉၇) ကို အဆိုပါ စာဖြင့် တောင်းခဲ့သည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသို မြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ ခုနှစ် ဩဂုတ်မှ စက်တင်ဘာလ)[448]

*"နယ်ခြားစောင့်တပ်ရင်း အမှတ် ၁၀၁၆၊ ၁၀၁၈ နှင့် ၁၀၁၉ တို့မှ စစ်မှုထမ်းသက် တစ်နှစ်ခွဲ ပြည့်ပြီးသည့် ဒေသခံ စစ်သား ၂၂ ယောက်သည် အရန်စာရင်းတွင် ဆက်လက် တည်ရှိတော့မည် မဟုတ်သည့်အတွက် တာဝန်ထမ်းဆောင်မည့် စစ်သားအရေအတွက် ဆုံးရှုံးခြင်းကို ဟန့်တားရန် မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့သည်။ ထို့ကြောင့် အဆိုပါစစ်သားများသည် တာဝန်ထမ်းဆောင်သည့်ကာလ တိုးမြှင့်ရမည်ဖြစ်သည်။ တပ်သားစုဆောင်းရေး အကြောင်း ဆွေးနွေးသည့် အစည်းအဝေးတွင် (ကျေးရွာအုပ်စု ငါးခု) မှ ရွာသား ၁၀၀ တက်ရောက်ခဲ့သည်။ (နယ်ခြားစောင့်တပ်မှ ကြီးမှူးကျင်းပသည့် မူဝါဒနှင့်ပတ်သက်သော) အစည်းအဝေး တက်ရောက်ခဲ့သူများသည် လစာသစ်များ ပေးအပ်နိုင်ရန်အတွက် တပ်ရင်းများသို့ ပိုက်ဆံပေးကြရမည်။ စစ်သား တစ်ဦးစီအတွက် ရွာသားများက ကျပ် ၃,၀၀၀,၀၀၀ (ဒေါ်လာ ၃၅၂၅.၂၆) ပေးရမည်။ အိမ်ထောင်မိသားစုအားလုံး ပေးနိုင်သည်ဖြစ်စေ မပေးနိုင်သည်ဖြစ်စေ အနည်းဆုံး ကျပ် ၅၀,၀၀၀ (ဒေါ်လာ ၅၈.၇၅) စီ ပေးဆောင်ရမည်ဖြစ်သည်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက် အကျဉ်း။ နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၂ ခုနှစ် အောက်တိုဘာလ)[449]

*"အဲဒီ ဥပဒေမဲ့ ကောက်ခံတဲ့အခွန်တွေက နယ်ခြားစောင့်တပ်တွေ တပ်သားသစ်စုဆောင်းဖို့ အတွက် ဖြစ်လာတာပါ။ သူတို့က ပိုက်ဆံရဖို့အတွက် နည်းလမ်းရှာနေတာပါ။ ဘာလို့လဲဆိုတော့ အဲဒီပိုက်ဆံတွေကို သူတို့ကိုယ်ကျိုးအတွက် သုံးနေတာပါ။ ပြီးတော့ မင်းတို့ ရွာသားတွေလဲ ဝင်ရမယ်လို့ သူတို့က ပြောပါတယ်။ … ကျွန်တော့်ရွာက ဘိုခင် သူတို့ထဲ ဝင်သွားပါတယ်။ … (နယ်ခြားစောင့် တပ်သားတွေ) ကတိုင်တိမှာ နေနေတယ်လို့ ကြားတယ်။ … သူတို့ (မြန်မာအစိုးရဆီက) တစ်လကို ကျပ် ၁၂၀၀၀၀ (ဒေါ်လာ ၁၂၁.၅၈) ရတယ်လို့ ကြားတယ်။ အစိုးရကလဲ သူတို့ကို ပိုက်ဆံပေးတယ်။ သူတို့က ကျွန်တော်တို့ကိုလဲ အနိုင်ကျင့်ချင်ကြသေးတယ်။"*

မောင်---------၊ (ကျား၊ ၄၈ နှစ်) ဘူးသို မြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ ခုနှစ် မေလ တွင် တွေ့ဆုံမေးမြန်းချက်)[450]

---

[447] Source #245 ကိုကြည့်ပါ။

[448] Source #321 ကိုကြည့်ပါ။

[449] Source #145 ကိုကြည့်ပါ။

[450] Source #286 ကိုကြည့်ပါ။

ရွာသားများသည် နယ်ခြားစောင့်တပ်များမှ တပ်သားများအတွက် လစာငွေကောက်ခံခြင်းနှင့်ပတ်သက်ပြီး ထိုကိစ္စမှာ မြန်မာအစိုးရ၏ တာဝန်ဖြစ်ပြီး ရပ်ရွာလူထု၏ တာဝန်မဟုတ်ဟုဆိုကာ ငြင်းဆန်ရန် ကြိုးစားကြသည်။ ရွာသားများသည် စစ်သားများ၏ လစာငွေကို တပ်မှူးများထံသို့ မပေးဘဲ စစ်သားများအား တိုက်ရိုက်ပေးခြင်းလည်း ပြုလုပ်ကြသည်။

> "[ရွာလူကြီး တစ်ဦးက နယ်ခြားစောင့်တပ် တပ်မှူးကို ပြောခြင်း] *ခင်ဗျား DKBA မှာတုန်းက ကျွန်တော်တို့ ခင်ဗျားကို စစ်သားတွေ ခန့်ဖို့လုပ်ပေးခဲ့ပြီးပြီ။ ဒါပေမယ့် အခု ခင်ဗျားက နယ်ခြားစောင့်တပ် ဖြစ်လာတော့ ဗမာစစ်တပ် (တပ်မတော်) က ခင်ဗျားတို့ကို ကြွေးတယ်၊ လစာပေးတယ်။ အဲဒီတော့ အခုလို ရွာသားတွေကို လာလုပ်တာ မှားတယ်။*"
>
> ရွာလူကြီး၏ တင်ပြချက်။ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ကရင်ပြည်နယ် အလယ်ပိုင်း။ ။ (၂၀၁၇ ခုနှစ်၊ မတ်လ)[451]

> "[KHRG **သုတေသန ပြုသူက စော---------- ကို မေးသည်]** ***ဘိုကဒိုး (နယ်ခြားစောင့်တပ်မှ အရာရှိတစ်ယောက်) က စစ်သားတွေ အများကြီး စုဆောင်းပြီး အခု ချမ်းသာနေတယ်လို့ ကြားတယ်။ အဲဒါ ဟုတ်လား။*** *သူ ချမ်းသာလာတယ်လို့တော့ ကျွန်တော်မထင်ဘူး။ ဘာလို့လဲဆိုတော့ အသစ်ခန့်ထားတဲ့ စစ်သားတွေအတွက် လခကို ကျွန်တော်တို့က စစ်သားတွေကို တိုက်ရိုက်ပေးတာ။ ကျွန်တော်တို့ သူ့ကို မပေးဘူး။*"
>
> စော-------၊ (ကျား၊ ၆၃ နှစ်) နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၂ ခုနှစ် ဧပြီလတွင် တွေ့ဆုံမေးမြန်းချက်)[452]



အထက်ပါ ပုံသည် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရိုက်ယူခဲ့သော ဒူးပလာယာ ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ဟောင်သယောမြစ်မှ လှေ စစ်ဆေးရေး စခန်းတစ်ခု၏ ပုံ ဖြစ်သည်။ ထိုစခန်းတွင် နယ်ခြားစောင့်တပ်၊ မြန်မာအစိုးရ၏ ရဲနှင့် KPF ကို သီးခြားစီ လှေတစ်စီးလျှင် ကျပ် ၁၅၀၀၀ (ဒေါ်လာ ၁၅.၂၀) ပေးရသည်။[453][ဓာတ်ပုံ - KHRG]



ဤပုံသည် တောင်ငူခရိုင်၊ ထန်းတပင် မြို့နယ်၊ ----- ရွာမှ စော ----- ၏ပုံဖြစ်ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က ရိုက်ယူခဲ့သည်။ စော----- သည် KNU က ၂၀၁၃ ခုနှစ်တွင် အခွန်များ ပိုမို ကောက်ခံနေပြီး ဖာလာခွန်နှင့် KNLA စစ်သားလစာများအတွက်ကို ဒေသခံများမှ ပေးဆောင်ရန် မတတ်နိုင်ကြကြောင်း KHRG ကို တင်ပြသည်။[454][ဓာတ်ပုံ - KHRG]

---

[451] Source #160 ကိုကြည့်ပါ။
[452] Source #115 ကိုကြည့်ပါ။
[453] Source #347 ကိုကြည့်ပါ။
[454] Source #163 ကိုကြည့်ပါ။

**အကြံပြုတင်ပြချက်များ**

စစ်ဆေးရေးဂိတ်များတွင် ကောက်ခံသည့်အခွန်များ၊ ကုန်သည်များနှင့် စီးပွားရေး လုပ်ငန်းရှင်များအပေါ် ကောက်သည့် အခွန်များ၊ ကုန်စည်နှင့် ဂန်ဆောင်မှုများအပေါ် ကောက်ခံသော အခွန်များကို မည်သည့် အာဏာပိုင်က မည်သည့်ဒေသတွင် ကောက်ခံခွင့် ရှိသည်ကို ဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြရမည်။ ငွေရရှိကြောင်း သက်သေအဖြစ် ရွာသားများကို လက်ခံပြေစာများပေးအပ်ပြီး သတ်မှတ်ထားသော အခွန်နှုန်းထားများကို စစ်ဆေးရေးဂိတ်များတွင် မြင်သာအောင် ကပ်ထားသင့်သည်။ ရွာသားများအား ဥပဒေမဲ့ အခွန်ကောက်နေမှုများကို လျှော့ချရန်အတွက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်များ၏ စစ်ဆေးရေးဂိတ်အရေအတွက်ကို လျှော့ချသင့်သည်။ ထို့ပြင် အခွန်ကောက်ခံခွင့်ရှိသော ဒေသခံအာဏာပိုင်၏ လာဘ်စားမှုများအား ရပ်တန့်ရန် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များက စောင့်ကြည့်သင့်သည်။ နိဂုံးချုပ်အနေနှင့် အထူးသဖြင့် ကျေးလက်ဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေသော ဥပဒေမဲ့ အခွန်ကောက်ခံခြင်းနှင့် တောင်းဆိုမှုများကို တားဆီးနိုင်ရန် သတင်းဌာနများ၊ ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံသို့ တင်ပြသင့်သည်။

# ၃။ပြောင်းလဲလာသော ကိစ္စရပ်များ။ သဘာဝ အရင်းအမြစ်စီမံခန့်ခွဲခြင်း

## (က) မြေယာသိမ်းယူခြင်း

အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် ပြည်တွင်းပြည်ပမှ လုပ်ရှားသူအမျိုးမျိုးကြောင့် မြေယာသိမ်းယူခြင်းများမှာ ပိုမိုပြင်းထန် လာခဲ့သည်။ ၂၀၁၃ ခုနှစ် မတ်လတွင် *"ရပ်တည်ရာ ပျောက်ဆုံးခြင်း။* ။ မြန်မာပြည်အရှေ့ပိုင်းရှိ မြေယာ အငြင်းပွားမှုများနှင့် စုပေါင်းဆောင်ရွက်မှုများ" အစီရင်ခံစာကို KHRG မှထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ အထိ မြေယာသိမ်းယူမှု ပြောင်းလဲဖြစ်စဉ်များအပေါ် စိစစ်လေ့လာချက်များကို အသေးစိတ် ဖော်ပြထားပါသည်။ KHRGမှ သုတေသနပြုလုပ်ထားသော ဒေသများတွင် မြေယာသိမ်းယူခြင်းများမှာ ယေဘုယျအားဖြင့် ကိုယ်ကျိုးအတွက် သိမ်းယူခြင်းများဖြစ်ကြောင်းကို ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။ [455] ဤအခန်းကဏ္ဍသည် ထိုစိစစ်လေ့လာချက်များကို အခြေပြုထားခြင်းဖြစ်ပါသည်။[456]

မြန်မာနိုင်ငံတွင် မြေယာကဏ္ဍကိုအများနှင့် ထပ်တူကျသော၊ တစ်ခါတစ်ရံ အများနှင့် ဆန့်ကျင်နေသော ဥပဒေများနှင့် ချုပ်ကိုင်ထားသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရမှ အတည်ပြု ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေတွင် လူတစ်ဦးချင်း၏ မြေနှင့်မြေယာပိုင်ဆိုင်မှု အခွင့်အရေးများနှင့် စပ်လျဉ်းသော ရှင်းလင်းဖော်ပြချက်တချို့ ပါရှိသော်ငြားလည်း အစိုးရအနေဖြင့် အာဏာတောင့်တင်း ခိုင်မာစေရေးအတွက် လယ်ယာမြေများကို သိမ်းယူထားရှိသည်။ [457] စားနပ်ရိက္ခာ ဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၏ ပြောကြားချက်အရ ၁၉၉၁ ခုနှစ် မြေလွတ်မြေရိုင်း အသုံးချမှု ဥပဒေကို[458] အသုံးပြု၍ အထွက်တိုး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပများမှ ရင်းနှီးမြှုပ်နှံများကို ဖိတ်ခေါ်ကာ မြေယာသိမ်းယူ ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြေလွတ်မြေရိုင်း (သို့မဟုတ် မြေလွတ်၊ မြေလပ်၊ မြေရိုင်း) ဟု သတ်မှတ်ထားသော မြေများကို လူတစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီများအား ပို့ကုန်အထွက်တိုး စိုက်ခင်းများအဖြစ် အသုံးပြုခွင့်ရရန် ဓလေ့ထုံးတမ်းများအား ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ လွှဲပြောင်းပေးကြသည်။ နိုင်ငံတစ်ဝှမ်းရှိ မြေယာများ သိမ်းယူခြင်းကို ပိုမိုအားကောင်းစေသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ၂၀၁၂ ခုနှစ် မတ်လတွင် ထပ်လောင်း အတည်ပြုခဲ့သည်။[459]

မူဝါဒအသစ်တွင်လည်း မိရိုးဖလာ မြေယာလုပ်ပိုင်ခွင့် စနစ်များကို ထည့်သွင်းစဉ်းစားထားသော ဥပဒေများ သို့မဟုတ် စည်းကမ်းချက်များ ထည့်သွင်း ရေးဆွဲထားခြင်းမရှိပေ။ KHRG သုတေသနပြုလုပ်သော ဒေသတချို့တွင် KNU သည် မိရိုးဖလာမြေယာလုပ်ပိုင်ခွင့် လုပ်ထုံးလုပ်နည်းများမှတဆင့် ဒေသအလိုက်မှတ်ပုံတင်ခြင်းစနစ်သို့ အကောင်အထည် ဖော်သည့် စနစ်တစ်ခုကိုအသုံးပြု၍ ရွာသားများ၏ မြေယာများကို မှတ်ပုံတင်ပေးရန်အတွက် ကြိုးပမ်းလျက် ရှိသည်။[460]

ဤကဏ္ဍတွင် ပါဝင်ပတ်သက်လျက်ရှိသော အာဏာပိုင်များ နှင့် မြေယာကာကွယ်စောင့်ရှောက်ရေး ကျင့်ထုံးများ အများအပြား ရှိနေခြင်းများကြောင့် လူတစ်ဦးချင်းစီနှင့် ရပ်ရွာလူထုများမှာ ၎င်းတို့ပိုင်ဆိုင်သော မြေယာများကို ပြင်ပမှ

---

455 *Losing Ground: Land conflicts and collective action in eastern Myanmar,* KHRG, March 2013တွင် ကြည့်ပါ။

456 KHRG သည် ဖွံ့ဖြိုးရေး စီမံကိန်းများကို မပြတ် ကြည့်ရှုစစ်ဆေးနေပြီး Losing Ground တွင်ပါရှိသော သိမ်းပိုက်ခံရမှု အမျိုးမျိုးကို စုပေါင်းကာ အဆိုပါကိစ္စရပ်များပေါ်တွင် အခြေခံ၍ အချက် အလက်များအပြည့်အစုံပါဝင်သော မှတ်တမ်းကို ဒုတိယအကြိမ် ထုတ်ဝေရန် ပြင်ဆင်လျက်ရှိသည်။

457 မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၀ရက်၊ လယ်ယာမြေဥပဒေ၊ ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ကြည့်ပါ။

458 "အသုံးပြုခွင့်"ဆိုသည်မှာ မြေယာဥပဒေတွင် ပါဝင်သော ပညာရပ်အသုံးဖြစ်ပြီး လူတစ်ဦးတစ်ယောက်သည် မြေယာကို မပိုင်ဆိုင်ပဲ သတ်မှတ်ထားသော အချိန်အတိုင်းအတာတစ်ခုအထိ ထိုမြေကို အသုံးပြုနိုင်သည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

459 မြန်မာနိုင်ငံ မြေယာဥပဒေနှင့် လေ့လာစစ်ဆေးချက်များကို အသေးစိတ်သိရှိလိုပါက*Legal Review of Recently Enacted Farmland Law and Vacant, Fallow and Virgin Lands Management Law: Improving the Legal & Policy Frameworks Relating to Land Management in Myanmar,* Food Security Working Group - Land Core Group, November 2012တွင် ကြည့်ပါ။

460 သာဓကအားဖြင့် ကရင်အမျိုးသား ညွန့်ပေါင်းအဖွဲ့မှ မြေယာပေါ်လစီ (၂၀၀၉) ကို ကျင့်သုံးခဲ့ပြီး ၎င်းအုပ်ချုပ်ခွင့်ရသော ဒေသများအတွင်းတွင် ထိုပေါ်လစီကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့သည်။ ထိုပေါ်လစီများကို ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးလုပ်ရှားမှုကွန်ယက် (KESAN) ၏ ဝက်ဆိုဒ်တွင် စကောကရင် ဘာသာဖြင့် လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ဖတ်ရှုနိုင်သည်။

လုပ်ဆောင်သူများအနေနှင့် အသိအမှတ်ပြုရန်အတွက် မည်ကဲ့သို့ တောင်းဆိုရမည်၊ ကာကွယ်စောင့်ရှောက်ရမည်နှင့် ဆက်လျဉ်း၍ မသေမချာဖြစ်နေသည်။ ထိုစနစ်များမှ စနစ်တစ်ခုခုအား အသုံးပြု၍ မြေယာပိုင်ဆိုင်မှုကို လျှောက်ထားသော ရွာသားများမှာ ဌာနဆိုင်ရာ အကျင့်ပျက်ခြစားမှုများ၊ များပြားလှသော ကုန်ကျစရိတ်များနှင့် ဒေသတွင်း မြေယာအသုံးပြုမှုကို တိတိကျကျ ထင်ဟပ်နိုင်ခြင်း မရှိသည့် ရှုပ်ထွေးသောစနစ်များကို ကြုံတွေ့နေရသည်။ [461] အဆိုပါ အချက်များသည် ရွာသားများ၏ မြေယာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများကို ပိတ်ပင်တားဆီးထားသလို ဖြစ်နေပြီး တစ်ဖက်တွင်လည်း မြေယာသိမ်းယူခြင်း၊ ကျေးလက်ဒေသမှ ရွှေ့ပြောင်းနေထိုင်စေခြင်းနှင့် ဒေသတွင်း လူထုအတွက် အများအားဖြင့် အကျိုးအမြတ်မရှိသော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်ပေးသကဲ့သို့ ဖြစ်နေသည်။

မြန်မာအစိုးရနှင့် KNU အကြား ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ "မြေယာပိုင်ဆိုင်ခွင့်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများ ပံ့ပိုးပေးရန်" လိုအပ်ချက်ကို အသိအမှတ်ပြုထားသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် မြန်မာအစိုးရနှင့် KNU တို့ လက်မှတ်ရေးထိုးသော ဤသဘောတူစာချုပ်၌ မူဝါဒတစ်ရပ်အနေဖြင့် လယ်ယာမြေသိမ်းယူခြင်းများကို ရပ်ဆိုင်းရန်ဆိုသည့် အချက် အပါအဝင် များစွာသော ပုံမှန်ဖြစ်ပေါ်လျက်ရှိသည့် မတရားပြုမှုများအား အဆုံးသတ်ရန်အတွက် သဘောတူထားသည်။ [462] နှစ်ဖက်စလုံးမှ "ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးပြီး ဒေသခံရွာသားများ၏ အပြည့်အဝ ပါဝင်ဆောင်ရွက်မှုနှင့် ထောက်ခံအားပေးမှု ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြပ်မတ် လုပ်ဆောင်ရန်" သဘောတူညီထားကြသည်။[463]

ဆောင်ရွက်ဆဲ နိုင်ငံရေး စေ့စပ်ညှိနှိုင်းမှု လုပ်ငန်းစဉ်များတွင် ပြည်တွင်းအကျိုးစီးပွားကို ထောက်ရှုသော အခွင့်အလမ်းများကို ထောက်ပံ့ပေးပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့်ပါ ကိုက်ညီသော မြေယာအသုံးပြုမှု စနစ်များကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းများကို တင်ပြခဲ့သည်။ [464] တစ်ချိန်တည်းမှာပင် လက်ရှိဖြစ်ပေါ်နေသော လစ်ဟာနေမှုများကြောင့် ပုဂ္ဂလိက အခွင့်ထူးခံများသည် အစိုးရအရာရှိများ သို့မဟုတ် အစိုးရမဟုတ်သော ပါဝင်လှုပ်ရှားသူများနှင့် ဟန်ချက်ညီ ပူးပေါင်းကာ နိုင်ထက်စီးနင်းပြုမှုမှု သို့မဟုတ် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် [465] ဒဏ်ခတ်ခံရမှု ရှိမည်မဟုတ်ဟု စဉ်းစားကာ ဒေသတွင်း ရပ်ရွာလူထု အပေါ်တွင် [466] ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ထည့်သွင်းမစဉ်းစားဘဲ ၎င်းတို့၏ လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင် လျက်ရှိသည်။ ဗဟိုချုပ်ကိုင်မှုစနစ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာများသည် အုပ်ချုပ်မှုရေးရာနှင့် စစ်ဘက်ရေးရာ [467] တို့နှင့် ဆက်စပ်ရာတွင်

---

[461] မြေယာမှတ်ပုံတွင်ရာတွင် ကုန်ကျစရိတ်များ၊ မြေအမျိုးအစားကွဲပြားမှုများနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းများကို စနစ်များကို ရပ်ရွာအဆင့် အသိပညာပေးမှု မရှိခြင်း စသည့်အခက်အခဲများကို အစီရင်ခံစာတွင် အသေးစိတ် ဖော်ပြပါရှိသည်။ *Land tenure security in Myanmar's uplands*, Food Security Working Group (FSWG), 2012တွင် ကြည့်ပါ။

[462] "Govt, KNU sign ceasefire,"*Myanmar Times,* January 16th-22nd 2012; "KNU, Govt Reach Historic Agreement,"*The Irrawaddy,* January 12th 2012တွင် ကြည့်ပါ။

[463] Paul Keenan, "Burma's Ethnic Ceasefire Agreements," Burma Centre for Ethnic Studies, Peace and Reconciliation, January 2012, p. 5တွင်ကြည့်ပါ။

[464] KNU ၏ "မြေယာမှတ်ပုံတင်ခြင်းနှင့် အစိုးရ၏ ဖွဲ့စည်းပုံများအနက်မှ အစိုးရ၏ သွယ်ဝိုက် အုပ်ချုပ်မှုစနစ် ဖွဲ့စည်းပုံ အကြား ဆက်စပ်မှုကို ဆွေးနွေးနိုင်ရန် မြန်မာအစိုးရ-KNU အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ Ashley South, "Prospects for Peace in Myanmar," Peace Research Institute Oslo, No. 31, 2012 တွင် ကြည့်ပါ။

[465] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ "နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ်များကို တူးဖော်ခြင်းနှင့် အသုံးပြုခြင်းတို့ကို စီမံဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေများကို ထုတ်ပြန်သွားရမည်" ဖြစ်သည်။ သို့သော် စီမံကိန်းများအတည်ပြုလိုက်သည့် ကာလအတွင်း ဥပဒေပြဋ္ဌာန်းထားခြင်း အလျဉ်းမရှိသော ပြည်နယ်များအနေဖြင့် လူအခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ပေးရန် တာဝန်ရှိသည်။

[466] အသက်မွေးဝမ်းကျောင်း၊ ရပ်ပိုင်းဆိုင်ရာ လုံခြုံရေး ခြိမ်းခြောက်မှုများ၊ ရွှေ့ပြောင်းခြင်းနှင့် အခြား သဘာဝအရင်းအမြစ်များ ထုတ်ယူခြင်း၏ အကျိုးဆက်များနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအပေါ်တွင် ဆိုးကျိုးသက်ရောက်မှု အစီရင်ခံစာများကို KHRG မှ ၂၀၁၁ ခုနှစ် နှင့် ၂၀၁၂ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ *Section V: Consequences, Losing Ground: Land conflicts and collective action in eastern Myanmar,* KHRG, March 2013 တွင် ကြည့်ပါ။

[467] လက်ရှိတရားစီရင်ရေးစနစ်အောက်တွင် သမ္မတသည် နိုင်ငံတော်တရားရုံးချုပ်၏ တရားသူကြီးချုပ်ကို ရွေးချယ်သတ်မှတ်ပြီး ကျန်ရှိသော တရားရုံးချုပ်တရားသူကြီးများနှင့် ရာထူးနေရာ ခန့်ထားရေးကို တိုင်ပင်ရပါမည်။ မြန်မာနိုင်ငံ၏ လတ်တလော တရားစီရင်ရေးကိစ္စရပ်များကို လေ့လာရန် ခန့်အပ်ထားသော နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်မှာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် အနားယူသွားသော အငြိမ်းစား

အားပျော့ခြင်း၊ အမိန့်နာခံခြင်းနှင့် ကိုယ်ကျိုးရှာ မြေယာသိမ်းယူခြင်းများကို ကာကွယ်ပေးမည့် လုပ်ငန်းလည်ပတ်မှုယန္တရားကို အပြည့်အဝ ထောက်ပံ့မှု မပေးနိုင်ပေ။

သို့ရာတွင် မြန်မာအစိုးရသည် ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပြင် မြေယာတိုင်တန်းမှု ပြဿနာများကို စတင်ကိုင်တွယ် ဖြေရှင်းလျက်ရှိသည်။ မကြာသေးမီက ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သိမ်းယူထားသော မြေယာအငြင်းပွားမှုပြဿနာများကို [468] စုံစမ်းစစ်ဆေးရန် ပြည်ထောင်စုလွှတ်တော် (အောက်လွှတ်တော်) တွင် မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်နှင့် အောက်တိုဘာလ အစောပိုင်းတို့တွင် ကော်မရှင်အဖွဲ့သည် ဘားအံနှင့် သံတောင်ကြီးမြို့နယ်များသို့ လာရောက်စစ်ဆေးခဲ့သည်။ လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တိုင်စာများကို ပေးပို့ရန် အားပေးတိုက်တွန်းပြီး လိုလိုလားလားနှင့် လက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။[469]

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီအနေဖြင့် တိုင်တန်းမှုပေါင်း ရာနဲ့ချီ လက်ခံရရှိခဲ့ပြီး အများစုမှာ မြေယာအငြင်းပွားမှုများ ဖြစ်သည်။[470] မြေယာ စိစစ်ခွဲခြမ်းရေးကော်မတီသည် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် နေရာဒေသ၏ လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍ လွှတ်တော်ထံ သတင်းအချက်အလက်များကို ပေးပို့ပြီး အမျိုးသား မြေယာအသုံးချမှုပေါ်လစီအပေါ် ရှုမြင်သုံးသပ်ကာ ဗဟိုအစိုးရထံ အကြံပြုချက်များ ပြုလုပ်ပေးရသည်။ [471] ပဏာမ ခြေလှမ်းအဖြစ် အစိုးရဘက်မှသြဇာအာဏာသက်ရောက်သောသူများက မြေယာ တိုင်တန်းမှုများအား အနည်းဆုံး ရှင်းလင်းပေးရမည် ဖြစ်ပြီး သို့မှသာ အဓိပ္ပာယ်ရှိသော ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်း ဖန်တီးရာလည်း ရောက်ပေလိမ့်မည်။

ဤအစီရင်ခံစာအတွက် ရည်ရွယ်၍ မြေယာသိမ်းယူခြင်းကို အတိုချုံး အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ ရွာသားများ၏ မြေယာ အခွင့်အလမ်း သို့မဟုတ် အသုံးပြုမှုကို အခြားသူတစ်ဦးက ၄င်းတို့၏ သဘောဆန္ဒသို့ လုံလောက်သော နစ်နာကြေးမပါရှိဘဲ အတင်းအကျပ် သိမ်းယူခြင်းကို ဆိုလိုပါသည်။ တပ်မတော်၊ BGF သို့မဟုတ် EAG တို့၏ လှုပ်ရှားမှုကြောင့် လွတ်လပ်စွာ သွားလာခွင့်၊ လက်နက်ကိုင် တိုက်ပွဲများ သို့မဟုတ် အကြောက်တရားများအပေါ်တွင် ကန့်သတ်မှုများသည် ဤအမျိုးအစားတွင် ပါဝင်သည့် ရွာသားများအား မြေယာအသုံးပြုမှုကို တားဆီးထားသည့် ဖြစ်စဉ်များနှင့် သဘောတရားအရ ကွဲပြားခြားနားနိုင်သည်။

## ၂၀၁၂ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း မြေယာသိမ်းယူခြင်းများ

မြေယာများကို တပ်မတော်၊ မြန်မာအစိုးရ သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAG) များသည် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီ သို့မဟုတ် လူချမ်းသာတို့နှင့် ပူးပေါင်းကာ သိမ်းယူခဲ့ကြသည် ဟူ၍ "ရပ်တည်ရာပျောက်ဆုံးခြင်း" [472] စာအုပ်တွင် KHRG မှ အကျယ်တဝင့်ဖော်ပြထားသည်။[473]

---

ဗိုလ်မှူးကြီး ဦးထွန်းထွန်းဦးဖြစ်သည်။ ဤရုံးတော်နှင့် မကြာခဏတွေ့ဆုံကာ အခြားသော တရားမကြီးရုံး တရားသူများကို ရွေးချယ်ပါသည်။ *The Rule of Law in Myanmar: Challenges and Prospects*, International Bar Association's Human Rights Institute (IBAHRI), December 2012, specifically Chapter 8: The Judicial Sphere (I): Courts and Judges, pp. 56-60 တွင်ကြည့်ပါ။

[468] Soe Than Lynn "Reps Ignore Ministry on Land Grab Committee" The Myanmar Times, vol 32 no. 637, July 30th - August 5th 2012 တွင်ကြည့်ပါ။

[469] ရွာသားများအပေါ်တွင် အတင်းအဓမ္မ စေခိုင်းခြင်း၊ စနစ်တကျ အခွန်ကောက်ခံမှု မရှိခြင်း နှင့် အဓမ္မငွေတောင်းခံခြင်း စသည့်ဖြင့် ညှင်းပန်းနှိပ်စက်မှုနှင့် စပ်လျဉ်း၍ တိုင်စာများဖြင့် အမှုဖွင့်တရားစွဲဆိုထားသည်။ "နိုင်ငံရေးအခြေအနေက ပြောင်းလဲသွားပြီဖြစ်တဲ့အတွက် လူတွေအနေနဲ့ မကြောက်သင့်တော့ဘူး၊ အစိုးရဘက်သာ ပြဿနာရှာချင်တယ်ဆိုရင် ကျွန်တော်တို့တွေ အရင်ဆုံး ထောင်ထဲရောက်မှာပဲ။ အဲဒီတော့ တိုင်ကြားဖို့ မကြောက်ကြပါနဲ့ " ဟု လွှတ်တော်ကိုယ်စားလှယ်(ဦး)ဖြိုးမင်းက ပြောကြားခဲ့သည်။ Lawi Weng, "Land Grab Probe Travels Across Burma," The Irrawaddy, September 26th 2012 တွင် ကြည့်ပါ။

[470] "Rule of Law committee receiving complaints," Mizzima News, October 22nd 2012တွင်ကြည့်ပါ။

[471] "Third day session of the second Planning Commission," The Republic of the Union of Myanmar, President's Office, August 15th 2012တွင်ကြည့်ပါ။

[472] *Losing Ground: Land conflicts and collective action in eastern Myanmar*, KHRG, March 2013 တွင် ကြည့်ပါ။

[473] တစ်နယ်တကျေးမှ ငွေကြေးချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် နေပြည်တော်သို့ သွားရောက်ကာ ခွင့်ပြုမိန့် ရယူလာပြီး ဘီးလင်းမြို့နယ်၊ သထုံခရိုင်တွင် မြေယာများကို သိမ်းယူခဲ့သည်။ Source #203 တွင် ကြည့်ပါ။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင် ခရိုင် ၇ ခုလုံးတွင် မြေယာသိမ်းယူခြင်းကို ပြဿနာတစ်ရပ်အနေဖြင့် ရွာသားများနှင့် KHRG သုတေသီများက တင်ပြခဲ့ကြသည်။[474] မြေယာသိမ်းယူခြင်းကို တပ်မတော်[475]၊ BGF[476]၊ ပြည်တွင်း[477] ပြည်ပ[478] ကုမ္ပဏီများ၊ မြန်မာအစိုးရ အရာရှိများ[479]၊ KPF[480]၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ (KSDDP)[481]၊ KNU[482] နှင့် စီးပွားရေးလုပ်ငန်းရှင်များ[483] တို့က လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း ကျူးလွန်ခဲ့ကြသည်။
မှတ်တမ်းများအရ ရွာသားများ ပိုင်ဆိုင်သော မြေယာဧကေ ထောင်ပေါင်းများစွာတို့ကို အထွက်တိုး စိုက်ပျိုးရေး လုပ်ငန်းများ[484] အထူးသဖြင့် ရာဘာများ စိုက်ပျိုးရန်၊[485] သတ္တုတွင်း တူးဖော်ရန်၊[486] ရေကာတာ ဆောက်လုပ်ရန်[487] နှင့် စစ်စခန်းများ ပြင်ဆင်ဆောက်လုပ်ရန်[488] အတွက် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များက သိမ်းယူခဲ့ကြသည်။

---

[474] သာဓကအနေဖြင့်၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ အတွင်း သထုံခရိုင် (Source # 203တွင်ကြည့်ပါ) ၊ တောင်ငူခရိုင် (Source #261တွင်ကြည့်ပါ။) ၊ ညောင်လေးပင်ခရိုင် (Source #261 တွင်ကြည့်ပါ။) ၊ မြိတ်-ထားဝယ်ခရိုင် (Source #272 တွင်ကြည့်ပါ။) ၊ ဖာပွန်ခရိုင် (Source #245တွင်ကြည့်ပါ) ၊ ဒူးပလာယာခရိုင် (Source #105 တွင် ကြည့်ပါ။) နှင့် ဘားအံခရိုင် (Source #162တွင်ကြည့်ပါ) စသည်တို့၌ မြေယာသိမ်းယူမှုများ ရှိခဲ့သည်။

[475] ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၈၄၊ ၁၂၄ နှင့် ၅၄၆ တို့မှ သံတောင်ကြီး မြို့နယ်၊ တောင်ငူခရိုင်တွင် ဘုရင့်နောင်စစ်အခြေစိုက်စခန်းကို တိုးချဲ့ရန်အတွက် ရွာသားများ၏ မြေယာများကို သိမ်းယူခဲ့သည်။ Source #261 တွင် ကြည့်ပါ။

[476] ၂၀၁၂ ခုနှစ် မတ်လ နှင့် ၂၀၁၃ ခုနှစ် မတ်လအတွင်း BGF တပ်ရင်း အမှတ် ၁၀၁၃၊ နှင့် ၁၀၁၄ တို့မှ ၎င်းတို့၏ အခြေစိုက်စခန်းကို တိုးချဲ့ရန်အတွက် ဖာပွန်ခရိုင်တွင် မြေဧက ၂၀၀၀ ကျော်ကို သိမ်းယူခဲ့သည်။ Source #48 နှင့် 314တွင် ကြည့်ပါ။ ၂၀၁၃ ခုနှစ် မတ်လနှင့် မေလအတွင်း BGF မှ စစ်ဗိုလ်များဖြစ် သော ဗိုးကျော်ငွေးနှင့် ဗိုးကျအေးတို့သည် ပိုင်ကျုံမြို့နယ် ဘားအံခရိုင်ရှိ အမျိုးသမီးတစ်ဦးထံမှ မြေဧက ၆ ဧကကို သိမ်းယူခဲ့သည်။ Source #164 နှင့် 241 တွင်ကြည့်ပါ။ ၂၀၁၃ ခုနှစ် ဧပြီလတွင် BGF မှ စစ်ဗိုလ် ဗိုးကျအေးသည် ရွှေ့ပြောင်းနေထိုင်သူများ ပိုင်ဆိုင်သောမြေယာများကို အသုံးပြုခဲ့သည်။ Source #162 တွင် ကြည့်ပါ။

[477] ၂၀၁၂ ခုနှစ်တွင် ဒေးရှားဝေါလ်ကုမ္ပဏီမှ ထိုဘိုဆည် တည်ဆောက်လုပ်ရန်အတွက် အိမ်ထောင်စု ၁၀၀ ကျော် ထံမှ မြေများကို သိမ်းယူခဲ့သည့်အတွက် ရွာသားများ နေရာ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ Source #23 နှင့် 163 တွင်ကြည့်ပါ။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ နှင့် ဖွန်လအတွင်း သထုံခရိုင်၌ မြန်မာအစိုးရသည် ရွာသားများပိုင်ဆိုင်သောမြေများကို စိုက်ပျိုးမှု မဖြစ်ထွန်းသောမြေဟု သတ်မှတ်ပြီး မြန်မာကုမ္ပဏီများဖြစ်သော ရွှေသံလွင်ကုမ္ပဏီ၊ ဟိန်းနိုင်ဝင်းကုမ္ပဏီနှင့် သိန်းလေးမြိုင် ကုမ္ပဏီတို့ကို ရာဘာနှင့် ကျွန်းစိုက်ပျိုးရန် ခွင့်ပြုမိန့်များ ချပေးခဲ့သည်။ Source #18 တွင်ကြည့်ပါ။

[478] ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ငွေကမ္ဘာဟုခေါ်သော ကိုရီးယားကုမ္ပဏီသည် တနော်သရီးမြို့နယ်၊ မြိတ်-ထားဝယ် ခရိုင်တွင် ရွာသားများ၏ စိုက်ခင်းများကို သိမ်းယူမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ပေးပို့ထားသည်။ Source #272 တွင်ကြည့်ပါ။ ၂၀၁၀ ဖေဖော်ဝါရီလ မှ ၂၀၁၃ အောက်တိုဘာလအတွင်း GSM ဟုခေါ်သော တရုတ်ကုမ္ပဏီတစ်ခုသည်သတ္တုတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာတွင် ရွာသားတစ်ဦး၏ စပါးစိုက်ခင်းနှင့် ကွမ်းစိုက်ခင်းတို့ကို ပျက်စီးစေသည့်အပြင် မြေသိမ်းယူမှုပါ ရှိခဲ့သည်။ Source #105 တွင် ကြည့်ပါ။

[479] သာဓကအနေဖြင့် ၂၀၁၃ခုနှစ်အတွင်း မြန်မာအစိုးရသည် ရွှေကျင်-ကျောက်ကြီး အဝေးပြေးလမ်းတလျှောက်ရှိ ရွာသားများပိုင်ဆိုင်သော မြေယာများကို ရာဘာ အထွက်တိုးစိုက်ခင်းများ လုပ်ကိုင်ရန်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်ရန် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အငှားချပေးခဲ့သည်။ Source #270 တွင် ကြည့်ပါ။

[480] ရွှေတူးဖော်ရေးလုပ်ငန်း ပြုလုပ်ရန်အတွက် မြေယာများ သိမ်းယူရာတွင် KPF ပါ ပါဝင်ပတ်သက်နေသည်။ Source #105 တွင် ကြည့်ပါ။

[481] ၂၀၁၂ ခုနှစ် ဧပြီလမှ စ၍ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ (KSDDP) မှ အဖွဲ့ဝင်များနှင့် မြန်မာကုမ္ပဏီတို့သည် သထုံခရိုင်၊ ဘားအံမြို့နယ်ရှိ ထီးကြူ၊ မဲကနာခီး နှင့် ထီးကျော်ခီး ရွာသားများထံမှ မြေယာဧကေ ၅၀၀ ကို သိမ်းယူခဲ့သည်။ Source #18 တွင် ကြည့်ပါ။

[482] KNU ဘက်မှ ဒွဲလို မြို့နယ် စိုက်ပျိုးရေးဌာနသည် ယခင်က ၎င်းတို့အချင်းချင်း စုပေါင်းလုပ်ကိုင်ခဲ့သော နေရာတွင် ရွာသားများအား ရွှေတူးဖော်ခြင်းကို တားမြစ်ပြီးနောက် မြန်မာစီးပွားရေးသမားများအား ရွှေတူးဖော်ရန် လုပ်ပိုင်ခွင့် ပေးအပ်ခဲ့သည်။ Source #314 တွင် ကြည့်ပါ။

[483] ၂၀၁၃ ခုနှစ် မတ်လတွင် သထုံခရိုင်၊ ဘီးလင်း မြို့နယ်မှ ရာဘာစိုက်ခင်း လုပ်ငန်းရှင်တစ်ဦးသည် ဆာခူ ရွာသားများ၏ မြေယာများ သိမ်းယူမှုတွင် ပါဝင်ပတ်သက်နေသည်။ Source #237 တွင် ကြည့်ပါ။

[484] သာဓကအားဖြင့် BGF တပ်ရင်းအမှတ် ၁၀၁၄ သည် ရာဘာစိုက်ခင်းနှင့် ကျွန်းစိုက်ခင်း ပျိုးထောင်ရန်အတွက် မြေယာသိမ်းယူခဲ့ခြင်းကို Source #15 တွင် ကြည့်ပါ။

[485] သာဓကများအဖြစ် ၂၀၁၃ ခုနှစ်တွင် ညောင်လေးပင် ခရိုင် (Source #270တွင် ကြည့်ပါ)၊ မြိတ်-ထားဝယ် ခရိုင် (Source #272တွင် ကြည့်ပါ) နှင့် ဖာပွန်ခရိုင် (Source #245တွင် ကြည့်ပါ) တို့တွင် ရာဘာစိုက်ခင်းများ ပြုလုပ်ရန်အတွက်မြေယာများကို သိမ်းယူခဲ့သည်။

[486] သာဓကအားဖြင့် ရွှေတူးဖော်ရေးအတွက် မြေယာသိမ်းယူခြင်းကို Source #313 တွင် ကြည့်ပါ။

[487] တောင်ငူခရိုင်တွင် တဘိုးဆည် ဆောက်လုပ်ရန်အတွက် ရွာသားများပိုင်ဆိုင်သော မြေဧကေ ၂၅၀ ကို သိမ်းယူခဲ့သည် ရွာသားတစ်ဦးက သတင်းများ ပေးပို့ထားသည်။ Source #23 တွင် ကြည့်ပါ။

[488] ၂၀၁၂ ခုနှစ် ဖွန်လတွင် နိဖောထီးနှင့် ကတိုင်တိကျေးရွာ အနီးတဝိုက်ရှိ ရွာသားများအား တပ်မတော်နှင့် BGF အင်အားစုများက စစ်သားမိသားစုများအတွက် အိမ်ယာအသစ်ဆောက်လုပ်ရန်အတွက် မြေများ ရောင်းချပေးရန် အကြောင်းကြားခဲ့သည်။ Source #66 တွင်ကြည့်ပါ။ နောက်ထပ် သာဓကတစ်ခုမှာ စစ်အခြေစိုက်စခန်း ဆောက်လုပ်ရန်အတွက် မြေယာသိမ်းယူခြင်း ဖြစ်သည်။ Sources 275 နှင့် 314 တွင်ကြည့်ပါ။

အဆိုပါကိစ္စရပ်များတွင် မြေယာများကို တပ်မြေ သို့မဟုတ် အစိုးရပိုင်မြေ ဟု ပိုင်းခြားသတ်မှတ်ပြီး ရံဖန်ရံခါတွင် နိုင်ငံပိုင် မြေယာအက်ဥပဒေ[489]ကို ညွှန်းဆို၍ သိမ်းယူသည်။ မြေယာသိမ်းယူရာတွင် အများအားဖြင့် စီမံကိန်းကြောင့် ထိခိုက်မှုရှိသော ရပ်ရွာလူထုနှင့် အနည်းအကျဉ်း တိုင်ပင်ဆွေးနွေးခြင်း သို့မဟုတ် လုံးဝ တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ တစ်ဖက်သတ် သိမ်းယူခြင်းမျိုး ဖြစ်သည်။ ဖြစ်စဉ်အချို့တွင် ဒေသခံအာဏာပိုင်များ သို့မဟုတ် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်သူများသည် ရပ်ရွာလူထုများနှင့် အစည်းအဝေးပြုလုပ်၍ ၄င်းတို့၏ ဧရိယာအတွင်းတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့်အကြောင်းကို အသိပေးပြောကြားသော်လည်း တချို့ဖြစ်စဉ်များတွင်မူ ကြိုတင် အသိပေး အကြောင်းကြားခြင်းမျိုး မရှိဘဲ သိမ်းယူမည့် မြေယာများပေါ်တွင် စီမံကိန်းများကို ဦးစွာ အကောင်အထည် ဖော်ခဲ့သည်။ မြေယာများကို သိမ်းယူရာတွင် အများအားဖြင့် လျော်ကြေးငွေ အနည်းငယ် ပေးအပ်ခြင်း သို့မဟုတ် လုံးလုံး ပေးအပ်မှုမရှိခြင်းနှင့် ကတိပြုထားသော လျော်ကြေးငွေများ သို့မဟုတ် အစားထိုး ပြန်ပေးမှုများကို မည်သို့သောအခါတွင်မှ ပေးအပ်မှု မရှိခြင်းများ ရှိကြောင်းကို ဒေသခံရပ်ရွာလူထုများက တင်ပြကြသည်။[490]

*"သူတို့တွေ (KPF နှင့် တရုတ်သတ္တုတူးဖော်ရေး ကုမ္ပဏီ) သတ္တုတွင်း စီမံကိန်းကို မစခင်တုန်းက ရွာသားတွေရဲ့ လယ်မြေတွေ ပျက်ဆီးသွားခဲ့မယ်ဆိုရင် လယ်မြေရဲ့ တန်ဖိုးတစ်ဝက်ကို အလျော်ပေးမယ်ဆိုပြီး ပြောခဲ့တာ။ ရွာသားတွေကလည်း ကြောက်တာနဲ့ သဘောတူလိုက်တယ်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလလောက်မှာ စတင်တူးဖော်ခဲ့တယ်။ ၂၀၁၃ ခုနှစ်အထိ ပျက်စီးသွားတဲ့ လယ်မြေတွေအတွက် ရွာသားတွေဟာ လျော်ကြေးတွေ မရရှိသေးဘူး"*

KHRG ၏ ဒေသခံအဖွဲ့ဝင်မှ ရေးသားထားသော ဖြစ်ပျက်မှု ရေးသား သတင်းပေးပို့ချက်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာ ခရိုင်/ ကရင်ပြည်နယ် တောင်ပိုင်း (၂၀၁၃ ခုနှစ် စက်တင်ဘာလ)[491]

*"ဒီဧဝတ်မှာ ချမ်းသာတဲ့ လူတွေက ထွန်ယက်စိုက်ပျိုးလို့ မရတဲ့ မြေအဖြစ် (မြန်မာအစိုးရ) ကို တင်ပြတယ်။ အစိုးရက သူတို့တွေကို (ဖွံ့ဖြိုးရေး စီမံကိန်းတွေ လုပ်ဆောင်ဖို့) ပါမစ်တွေ ချပေးလိုက်တယ်။ အဲဒီဓလေ့က ၂၀၀၅ လောက်ကနေ စလိုက်တာ ဒီနေ့ထိ အရှိန်အဟုန်နဲ့ ဖြစ်ပွားနေတယ်"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံ၊ သထုံ၊ ဘီးလင်း မြို့နယ်များ၊ သထုံခရိုင် (၂၀၁၃ ခုနှစ် ဇန်နဝါရီ မှ ဇူလိုင် အထိ)[492]

## ဒေသခံတို့၏ တုံ့ပြန်ချက်များ

KHRG မှတ်တမ်းများအရ မြေယာသိမ်းယူခြင်းသည် နေထိုင်မှု အခြေအနေများကို များစွာထိခိုက်မှု ရှိသောကြောင့် ဒေသခံ ရပ်ရွာလူထုအတွက် ခေါင်းခဲစရာ ကိစ္စရပ်တစ်ခုဖြစ်သည်။ ဒေသခံတို့၏ ထွက်ဆိုချက်များအရ အခြေအနေ မငြိမ်မသက် ဖြစ်နေသည့် ကာလအတွင်း မြေယာသိမ်းယူခြင်း ပြဿနာရပ်များကို သတင်းပေးပို့ရန် လူအများစုက ကြောက်ရွံ့ နေကြသော်လည်း အပစ်အခတ်ရပ်စဲရေးနှင့် လုံခြုံရေးအပိုင်းတွင် အပြောင်းအလဲများ ရှိလာခြင်းက ၄င်းတို့၏ ပြဿနာရပ်များကို တင်ပြရန် အခွင့်အရေးများရှိလာသည်ဟု အခိုင်အမာပြောဆိုလာကြသည်။ ရွာသားများ

---

[489] စောတီးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်တွင် အစိုးရသည် ပုဒ်မ ၃၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် စုံညီအစည်းအဝေး၊ မြေယာ နိုင်ငံပိုင်ပြုလုပ်မှု အက်ဥပဒေ (လန ၃၉) အရ မြေယာများကို သိမ်းယူခဲ့သည်။ ၄င်းဥပဒေအရ မြေယာတရားစီရင်ရေးအပေါ်တွင် လွှမ်းမိုးချုပ်ကိုင်ထားသည်။ မြေယာများကို လန ၃၉ နှင့်အညီ ကနဦးကတည်းက သိမ်းဆည်းထားခြင်းဖြစ်ပါကို ပြည်သူများအနေဖြင့် ပြန်ရမည်မဟုတ်ကြောင်းကို အကြောင်းကြားစာ ရရှိထားသည်ဟု ရွာသားများက ပြောကြားလိုက်သည်။

[490] တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ထိုဘိုရွာမှ ရွာသူကြီး စောအောင်ထူးဝင်း၏ပြောကြားချက်အရ ကုမ္ပဏီများက လျော်ကြေးအဖြစ် ရွာသားများကို အိမ်ဆောက်ပေးမည်ဆိုသောစကားကို ဘယ်ရွာသားကမှ မယုံကြည်ကြပေ။ အကြောင်းမှာ လက်ရှိအချိန်ထိ ဘာတစ်ခုမှ ဖြစ်မလာသောကြောင့် ဖြစ်သည်။ Source #23 တွင် ကြည့်ပါ။

[491] Source #105 တွင်ကြည့်ပါ။

[492] Source #260တွင်ကြည့်ပါ။

တင်ပြလာသော မှတ်တမ်းများအရ တပ်မတော်က ယခင်သိမ်းယူသွားသော မြေယာများကို ၎င်းတို့အနေနှင့် ပြန်လည် တောင်းဆိုနိုင်မည့် နည်းလမ်းများကိုမူ မသိကြချေ။[493] ယခင် သိမ်းယူခံထားသော မြေယာများကို ကုမ္ပဏီများနှင့် အခြားသူတစ်ဦးထံသို့ ပုံမှန်အတိုင်း ရောင်းချနိုင်ကြောင်းကို မျက်မြင်ကြုံတွေ့နေကြသောကြောင့် အထူးသဖြင့် မြေယာပိုင်ဆိုင်ခွင့် ပြန်လည်ရယူခြင်းသည် ဒေသခံ ရပ်ရွာလူထုအတွက် အရေးကြီးဆုံး ကိစ္စရပ်ဖြစ်နေသည်။[494] ကုမ္ပဏီများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊[495] မြန်မာအစိုးရ သို့မဟုတ် KNU အရာရှိများထံ[496] တိုင်ကြားစာများ ရေးပို့ခြင်းနှင့် ဆန္ဒပြပွဲများ[497] ပြုလုပ်ခြင်းဖြင့် မြေယာသိမ်းယူခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ရွာသားများမှ တုံ့ပြန်ကြသည်။ ၎င်းတို့ပိုင်ဆိုင်သော မြေယာများကို သိမ်းယူခြင်းမှ ကာကွယ်ရန် မြန်မာအစိုးရ သို့မဟုတ် KNU ထံတွင် မြေယာ မှတ်ပုံတင်ရန် ကြိုးစားလာကြသည်။[498]

ရွာသားများသည် ထိုကြိုးပမ်းမှုအသစ်များနှင့်အတူ တိုးတက်လာသော အခြေအနေများနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများကို တင်ပြလာကြသည်။ ထိုးဘို ရေကာတာ ဆောက်လုပ်ရေးအတွက် အိမ်ထောင်စု ၁၀၀ ထံမှ မြေယာများ သိမ်းယူခဲ့သည်ဟု KHRG တွင် ယခင်က ဖော်ပြထားသည်။[499] နောက်ပိုင်းတွင် ထိခိုက်နစ်နာသော ရွာသားများ၏ တိုင်ကြားစာများကို KNU ထံသို့ တင်ပြခဲ့ကြသည်။ ဧပြီလ ၂၀၁၃ ခုနှစ်တွင် ထိုးဘိုရေကာတာ ဆောက်လုပ်ရေး၌ တာဝန်ရှိသော ရွှေစွမ်းအင်ကုမ္ပဏီနှင့် ဒေသခံ ရွာသားများ တွေ့ဆုံပြီး ရေကာတာ ဆောက်လုပ်မှုကြောင့် လယ်မြေများ ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးငွေများ၊ အစားထိုးပြန်ပေးမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ လျော်ကြေးငွေ ပေးချေမှုကိစ္စကို ကူညီပေးရန်အတွက် KNU သည် လယ်မြေဆုံးရှုံးသွားသော ရွာသားများစာရင်းနှင့် ဆုံးရှုံးသွားသည့် လယ်မြေပမာဏကို စာရင်းကောက်ယူခဲ့သည်။ ထို့ပြင် ရွာသားများအတွက် လယ်မြေအသစ်များ ပိုင်းခြားသတ်မှတ်ပေးပြီး လိုအပ်သော မျိုးစေ့ပမာဏကိုလည်း စိစစ်တွက်ချက်ပေးခဲ့သည်။[500]

သီးခြားဖြစ်စဉ်တစ်ခုတွင် တပ်မတော်၏ မြေယာသိမ်းယူမှုကြောင့် ရွာသားများအကြား မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် တပ်မတော်သည် ရှားစေးဘို၊ ရေရှာ၊ ဇီးဖြူကုန်းနှင့် ပျဉ်းဂါးရွာတို့ရှိ မြေယာများကို သိမ်းယူကာ တပ်ပိုင်မြေအဖြစ် သတ်မှတ်ပြီး နောက်ပိုင်းတွင် ဗမာ ရွာသားများအား အငှားပြန်ချထားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် 'အခုက အခြေအနေ ကောင်းမွန်လာတဲ့အတွက်

---

[493] တပ်မတော်မှ စစ်စခန်းများဆောက်လုပ်ရန်အတွက် မဖြေရှင်းရသေးသည့် မြေယာသိမ်းယူမှုကိစ္စများကို သိရှိလိုပါက Source #262 (၂၀၀၅ ခုနှစ်တွင် တောင်ငူခရိုင်၌ တပ်မတော်သည် မြေယာများကို သိမ်းပိုက်ခဲ့သည်။) တွင် ကြည့်ပါ။ Source #261 (လွန်ခဲ့သောနှစ် ၂၀ ကျော်ခန့်က တောင်ငူခရိုင်တွင် တပ်မတော်သည် မြေယာများ သိမ်းယူခဲ့သည်။) တွင်ကြည့်ပါ။ Source #271 (၁၉၇၄ ခုနှစ် နှင့် ၁၉၇၅ ခုနှစ်တွင် ညောင်လေးပင်ခရိုင်၌ တပ်မတော်မှ မြေယာများကို သိမ်းယူခဲ့သည်။) တွင်ကြည့်ပါ။ Source #265 (၁၉၉၆ မှ ၂၀၀၆ အတွင်းတပ်မတော်သည် ညောင်လေးပင်ခရိုင်တွင် မြေယာများကို သိမ်းယူခဲ့သည်။) တွင်ကြည့်ပါ။ Source #314 (၂၀၁၁ ခုနှစ်တွင် ဖာပွန်ခရိုင်၌ BGF သည် မြေယာများကို သိမ်းယူခဲ့သည်။) တွင်ကြည့်ပါ။

[494] သာဓကအားဖြင့် တပ်မတော်သည် သိမ်းယူထားသော မြေယာများကို ၂၀၀၆ ခုနှစ်တွင် သထုံခရိုင်အတွင်းရှိ ကုမ္ပဏီများကို အငှားချထားပေးခဲ့သည်။ Source #12 တွင် ကြည့်ပါ။ တပ်မတော်သည် တောင်ငူခရိုင်အတွင်း ၂၀၀၅ ခုနှစ်တွင် သိမ်းယူထားသောမြေယာအချို့ကို ၂၀၁၃ ခုနှစ်တွင် အခြားသူတစ်ဦးချင်းထံသို့ အငှားပြန်ချထားခဲ့သည်။ Source #262 တွင်ကြည့်ပါ။ တပ်မတော်သည် ဘားအံခရိုင် နဘူးမြို့နယ် အတွင်းရှိ ရွာသားများထံမှ လွန်ခဲ့သောနှစ် ၂၀ ကျော်က သိမ်းယူခဲ့သော မြေများကို ၂၀၁၃ ခုနှစ်တွင် ဖြူ ဟု အမည်ရသော ကုမ္ပဏီထံသို့ အငှားချထားပေးခဲ့သည်။ Source #157 တွင်ကြည့်ပါ။

[495] ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် တနော်သရီး၊ မြိတ်-ထားဝယ်ခရိုင်မှ အတွင်းရေးမှူး စောထီးဂါးသည် ရွာသားများထံမှ မြေယာများကို သိမ်းယူထားသော ဦးသန်းဌေးနှင့် ညှိနှိုင်းကာ မြေယာသိမ်းယူခံရသော ရွာသားများအတွက် ရက်အနည်းငယ်အတွင်း လျော်ကြေးပေးပါမည်ဟု ကတိရရှိခဲ့သည်။ Source #272 တွင် ကြည့်ပါ။

[496] တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းရှိ ရေရှာရွာ၊ ရှားဆီးဘိုရွာ၊ ဇီးဖြူကုန်းရွာ၊ နှင့် ပျင်ဂါးရွာတို့မှ ရွာသားများသည် အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံကာ KNU နှင့် အစိုးရ သို့ မြေပြန်လည်ရရှိရေးအတွက် တိုင်စာများ ပို့ခဲ့ကြသည်။ ကြိုးပမ်းခဲ့ပါသည်။ Source #262 တွင်ကြည့်ပါ။

[497] ၂၀၁၂ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လယ်ဝါး၊ ကွိုလှ၊ လပေါ်သာ၊ ထီးလာခလေထီးနှင့် လာထာကွီးရွာမှ ရွာသား ၄၀၀ ကျော်တို့ စုရုံးပြီး ညောင်လေးပင်ခရိုင်၊ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ် လထကွီးဇရိယာအနီး ရွှေကျင်မြစ်တွင် ကျောက်နဂါး ဆည်တည်ဆောက်နေမှုကို ဆန္ဒပြကြသည်။ Source #48 တွင် ကြည့်ပါ။

[498] ထန်းတပင်မြို့နယ် တောင်ငူခရိုင်တွင် KNU စိုက်ပျိုးရေးဌာနသည် ရွာသားများအတွက် ကမ္ဘာ့အမှတ်အသားပြစနစ် (GPS) ကိုအသုံးပြု၍ တိုင်းတာထားသော မြေယာပိုင်ဆိုင်မှုအသစ်ကို အကောင်အထည်ဖော်ခဲ့သည်။ ဤအစီအစဉ်၏ ရည်ရွယ်ချက်မှာ ရွာသားများ ပိုင်ဆိုင်သော မြေယာများကို သိမ်းယူခြင်းမှ ကာကွယ်ရန် ဖြစ်သည်။ Source #262 တွင်ကြည့်ပါ။

[499] Photo Set: More than 100 households displaced from Toh Boh Dam construction site in Toungoo," KHRG, August 2012

[500] Source #248 တွင် ကြည့်ပါ။

မြေပိုင်ရှင်တွေက သူတို့ရဲ့ မြေတွေကို ပြန်လိုချင်နေကြတယ်″ ဟု မူလမြေပိုင်ရှင်တစ်ဦးက ရှင်းပြသွားသည်။ ရွာလေးရွာမှရွာသားများသည်မြန်မာအစိုးရနှင့်KNUထံသို့တိုင်ကြားစာများပေးပို့၍မြေတိုင်းစာရင်းရုံးမှမြန်မာအစိုးရအာဏာရှိများနှင့်လည်း တိုက်ရိုက်ညှိနှိုင်းဆွေးနွေးခဲ့သည်။သို့ရာတွင် KNU အဖွဲ့သည် ရွာလေးရွာမှ ရွာသားများကို မြေယာပိုင်ဆိုင်ခွင့်အတွက် နယ်မြေ တိုင်းတာပေးရန် ရောက်ရှိလာသောအခါ ၂၀၀၅ ခုနှစ်ဝန်းကျင်မှ စတင်၍ ယင်းမြေယာများပေါ်၌ဝင်ရောက်လုပ်ကိုင်လာကြသောဗမာရွာသားသည်လည်းမြန်မာအစိုးရဘက်မှမြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ တိုင်စာများ ပေးပို့ထားခဲ့ကြသည်။[501]သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မိုဘောရွာရှိ ရာဘာစိုက်ခင်း ဧက ၂၆၀၀ ကို သိမ်းယူမှုသည် တပ်မတော်နှင့် ဆက်စပ်နေသည်။ ၂၀၁၃ ခုနှစ်တွင် KNU သည် မြေယာပိုင်ဆိုင်မှု အထောက်အထားကိုအသုံးပြု၍ မြေဧက ၂၆၀၀ ထဲမှ ၆၀၀ ကို ပြန်လည်ပေးအပ်ရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။[502]၂၀၀၅ ခုနှစ်တွင် မက်စ်မြန်မာ ကုမ္ပဏီသည် တပ်မတော်တပ်ရင်းတစ်ခုနှင့် ပူးပေါင်းကာ သထုံခရိုင်ရှိ ရွာသားများ၏ မြေယာများကို သိမ်းယူခဲ့သည်။ အဆိုပါ မြေယာများကို ယခုအခါတွင် ရာဘာအထွက်တိုး စိုက်ခင်းများနှင့် တပ်မတော် စစ်ခန်းအဖြစ် အသုံးပြုလျက်ရှိသည်။ ရွာသားအချို့မှ မက်စ်မြန်မာကုမ္ပဏီမှ သိမ်းယူလိုက်သော မြေယာများအတွက် လျော်ကြေးငွေအဖြစ် တစ်ဧကလျှင် ၂၀၀,၀၀၀ ကျပ် (အမေရိကန် ဒေါ်လာ ၂၀၂.၆၃)[503] နှုန်းဖြင့် ၂၀၁၃ ခုနှစ်တွင် လက်ခံရရှိခဲ့သည်။ သို့ရာတွင် ၂၀၀၅ ခုနှစ်တွင် စစ်စခန်းအတွက် သိမ်းယူခြင်းခံခဲ့ရသော မြေယာများအတွက်မူ လျော်ကြေးငွေ တစ်စုံတစ်ရာ ရရှိခဲ့ခြင်း မရှိပေ။[504]

## မြေယာမှတ်ပုံတင်ခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၂ ခုနှစ်မှ စတင်၍ KNU၊ မြန်မာအစိုးရနှင့် အာဏာပိုင်များသည် မြေယာပိုင်းခြားသတ်မှတ်ခြင်း၊ မြေယာပိုင်ဆိုင်ခွင့်များ ထုတ်ပေးခြင်း[505] နှင့် မြေယာလုပ်ပိုင်ခွင့်နှင့် မြေယာသိမ်းယူခြင်းတို့ကို အကာအကွယ်ပေးနိုင်ရန် လိုအပ်သော မြေယာပိုင်ဆိုင်ခွင့်လက်မှတ်များကို ဒေသခံလူထုအား ထုတ်ပြန်ပေးခြင်းတို့ ပြုလုပ်လာပါသည်။ [506] သို့ရာတွင် ဤကဲ့သို့ အခြေအနေများ တိုးတက်လာမှုကြောင့် မြေယာပိုင်ဆိုင်ခွင့် တရားဝင်ဖြစ်မှုအား လုပ်ပိုင်ခွင့် အခွင့်အာဏာ သို့မဟုတ် စီမံကိန်းတစ်ခုအတွက် မြေယာအသုံးပြုမှု ခွင့်ပြုချက်များ အတွက် အာဏာရှိသူများ အကြားတွင် အငြင်းပွားဖွယ် ကိစ္စရပ်များ ဖြစ်ပေါ်လာစေသည်။ [507] ရွာသားများသည် ၎င်းတို့၏ မြေယာများကို မှတ်ပုံတင်ခြင်း သို့မဟုတ် ယခင်က သိမ်းယူခြင်းခံထားရသော မြေယာနှင့် ပတ်သက်၍ တိုင်ကြားစာအမျိုးမျိုးဖြင့် အမှုဖွင့်ခြင်းတို့ကို ပြုလုပ်ကြသော်လည်း မြေယာမှတ်ပုံတင်ခြင်းနှင့် တိုင်ကြားစာများဖြင့် အမှုဖွင့်ခြင်းတို့နှင့် စပ်လျဥ်း၍ KHRG ထံသို့ ပြဿနာရပ်ပေါင်းစုံကိုလည်း တင်ပြပြီး ဖြစ်ပါသည်။ သာဓကအားဖြင့်

---

[501] Source #262 တွင် ကြည့်ပါ။

[502] Source #203 တွင် ကြည့်ပါ။

[503] ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဤမှတ်တမ်းတွင် ပါရှိသော ငွေကြေး လဲလှယ်မှု နှုန်းထားများသည် တရားဝင် ငွေကြေးလဲလှယ်နှုန်း အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာငွေ ၉၈၇ ကျပ်ကို အခြေခံထားပါသည်။

[504] Source #368 တွင် ကြည့်ပါ။

[505] သာဓကအားဖြင့် KNU ၏ မြေယာမှတ်ပုံတင်ခြင်းစနစ်ကို Source #203 နှင့် 262 တွင်ကြည့်ပါ။ သာဓကအားဖြင့် မြန်မာအစိုးရ၏ မြေယာမှတ်ပုံတင်ခြင်းစနစ်ကို Source #164 ၊ 218 နှင့် 346 တွင်ကြည့်ပါ။ သာဓကအားဖြင့် ပြည်တွင်း ရဲအရာရှိများ၏ မြေယာမှတ်ပုံတင်ခြင်းစနစ်ကို Source #166 တွင်ကြည့်ပါ။

[506] သာဓကအားဖြင့် KNU စိုက်ပျိုးရေးဌာနသည် တောင်ငူခရိုင်အတွင်းရှိ ရွာသားများပိုင်ဆိုင်သော မြေယာများကို တိုင်းတာရာတွင် ထိုတိုင်းတာရခြင်း၏ ရည်ရွယ်ချက်မှာ မြေယာသိမ်းယူခြင်းကို ကာကွယ်နိုင်မည့် မြေယာပိုင်ဆိုင်ခွင့်ကို တီထွင်ခြင်းဖြစ်သည်ဟု ရွာသားများအား အသိပေးခဲ့သည်။ Source #262 တွင်ကြည့်ပါ။ NLD မှ တာဝန်ရှိသူများက သစ်တောဧရိယာအချို့ကို ကာကွယ်ရန် KNUမှ သိမ်းယူခဲ့သော မြေယာများကို ပြန်လည်ရရှိအောင်ဆောင်ရွက်ရန် ရွာသားများအား တိုက်တွန်းပြောကြားသွားသည်။ Source #249 တွင် ကြည့်ပါ။ KNU ထံမှ မြေယာပိုင်ဆိုင်ခွင့်ကို ရရှိပါက မြန်မာအစိုးရသည် လွန်ခဲ့သော နှစ် ၂၀ ခန့်က သိမ်းယူခဲ့သောမြေယာများကို ပြန်လည်ပေးအပ်သွားမည်ဟု ညောင်လေးပင်ကွင်း ရွာသားများအား ကတိပေးခဲ့သည်။ Source #248 နှင့် 262 တွင်ကြည့်ပါ။

[507] ဘားအံခရိုင်တွင် KNU/ KNLA-PC တို့သည် မြန်မာအစိုးရမှ ထုတ်ပေးထားသော မြေပိုင်ဆိုင်ခွင့်လက်မှတ်များကို အသိအမှတ်ပြုရန် ငြင်းဆိုခဲ့သည်။ Source #229 တွင် ကြည့်ပါ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဖာပွန်ခရိုင်၌ KNU သည်စီမံကိန်းကို ရပ်ဆိုင်းရန် အကြိမ်ကြိမ် တားမြစ်နေသော်လည်း BGF သည် ထိုကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို ဆက်လက်ပံ့ပိုးသွားခဲ့သည်။ ပထမပိုင်းတွင် KNU သည် ထိုကုမ္ပဏီကို ကျောင်းဆောက်လုပ်ရန် သဲများ ယူခွင့်ပေးထားသည်။ သို့ရာတွင် သဲများကို အခြားရည်ရွယ်ချက်ဖြင့်ပါ အသုံးပြုခဲ့သည်။ Source #307 တွင်ကြည့်ပါ။

ရပ်ရွာအသိုင်းအဝိုင်းတစ်ခုသည် မြန်မာအစိုးရ၏ မြေတိုင်းစာရင်းရုံးတွင် ၎င်းတို့၏ မြေယာအတွက် မြေယာပိုင်ဆိုင်ခွင့်လက်မှတ်များကို ရရှိထားသော်လည်း တပ်မတော်တပ်ရင်းတစ်ခုက ၎င်းတို့၏ မြေယာသည် တပ်ပိုင်မြေအဖြစ်သာ ရှိနေသေးသည်ဟု ထုတ်ဖော်ပြောဆိုခြင်းကို ခံရသည်။[508]

*"မေလ ၂၀၁၃ ခုနှစ်မှာ ရွာသားတွေဟာ စာရွက်စာတမ်းရဖို့အတွက် ကော့ကရိတ်ရုံး (မြန်မာအစိုးရ) ကို သွားကြတယ်။အဲဒီနောက်သူတို့ရဲ့လယ်တွေမှာအလုပ်ပြန်လုပ်ဖို့မြေယာခွင့်ပြုမိန့်တွေယူပြီးပြန်လာကြတယ်။ ဒါပေမယ့် အဲဒီစာရွက်စာတမ်းတွေကို (တပ်မတော် ခြေလျင်တပ်ရင်း) အမှတ် ၅၄၈ တပ်ရင်းမှူးကို သွားပြကြတဲ့အခါခင်ဗျားတို့ရဲ့စာရွက်စာတမ်းတွေဟာ တရားဝင်မဟုတ်တဲ့အတွက် လယ်တွေမှာ အလုပ်လုပ်လို့ မရဘူး။ ဒီမြေတွေက တပ်ပိုင်မြေပဲလို့ တပ်ရင်းမှူးက ပြောလွှတ်လိုက်တယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
နဘူးမြို့နယ်၊ ဘားအံ ခရိုင် (၂၀၁၃ ခုနှစ် မတ်လမှ မေလထိ)[509]

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် ရွာသားတစ်ဦးသည် မြေယာပိုင်ဆိုင်ခွင့်ကို ဒေသခံရဲ ထံမှတဆင့် ရရှိခဲ့သည်။ သို့ရာတွင် KPF က အဆိုပါ ရဲတွင် မြေယာပိုင်ဆိုင်ခွင့် ထုတ်ပေးရန် တရားဝင် အခွင့်အာဏာမရှိဟု ပြောဆိုလိုက်သည်။[510] တတိယဖြစ်စဉ်တွင်ရပ်ရွာအသိုင်းအဝန်းတစ်ခုကမြန်မာအစိုးရ၏တရားဝင်တိုင်စာယန္တရားအားအသုံးပြုပြီးမြေယာနှင့်ပတ်သက်သောတိုင်စာပို့ခဲ့သည်။သို့ရာတွင်အဆိုပါမြေကိုတရားဥပဒေအဟောင်းဖြင့်သိမ်းယူထားသောကြောင့်ထိုမြေကို အစိုးရကသာ ပိုင်သည်ဟု အကြောင်းပြန်ကြားခြင်း ခံခဲ့ရသည်။[511]

*"အဲဒီကိစ္စဖြစ်ပြီးတဲ့နောက်ပိုင်းမှာကျွန်တော်တို့လယ်သမားတွေဟာစစ်အစိုးရလက်ထက်မှာဖြစ်ခဲ့တဲ့(မြေယာသိမ်းယူခြင်း)ကိစ္စတွေနဲ့ပတ်သက်ပြီးဘာမှမပြောရဲကြတော့ဘူး။ဒါပေမဲ့၂၀၁၁ခုနှစ်ရွေးကောက်ပွဲပြီးတော့သမ္မတဦးသိန်းစိန်ကနေလယ်ယာမြေဥပဒေကိုထုတ်ပြန်ခဲ့တယ်၊အဲဒီနောက်လွှတ်တော်အမတ်တစ်ဦးဖြစ်တဲ့ဦးဉာဏ်ရွှေဝင်းကလည်းကျွန်တော်တို့နယ်ထဲမှာ စစ်တပ်က သိမ်းယူထားတဲ့ မြေယာရှိရင် အစိုးရဆီ စာတင်လို့ရတယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့လယ်သမားတွေစုဝေးကြည့်တော့သူတို့ကတောင်းဆိုချင်တယ်လို့ပြောပါတယ်။အသနားခံစာရေးပြီးတော့အဲဒီအမှုကိုသမ္မတရယ်၊ကာကွယ်ရေးဝန်ကြီးရယ်၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရယ်၊တောင်ပိုင်းစစ်ဌာနချုပ်ရယ်၊မြေစာရင်းရုံးရယ်အတွက်အပါအဝင်စုစုပေါင်း၁၁စောင်ကိုအခြားအစိုးရဌာနတွေဆီကိုပေးပို့ခဲ့တယ်။ အဲဒီအထောက်အထားအတိုင်းတာဝန်ရှိသူတွေကဆုံးဖြတ်သွားမှာပဲ။သိမ်းယူခံရတဲ့မြေယာတွေနဲ့ပတ်သက်ပြီးမြို့နယ်အုပ်ချုပ်ရေးမှူးက အစိုးရအနေနဲ့ လန (၃၉) အရသိမ်းယူတာတဲ့။လန(၃၉)ဆိုတာက လယ်/နိုင် ဥပဒေ ၅၈ဂ (လယ်ယာမြေများ စီရင်ပိုင်ခွင့်ကို လွှမ်းမိုးတဲ့ ဥပဒေ) ပါ။ လန (၃၉)ဆိုတာက အစိုးရ၏ အမိန့်အရ လယ်ယာမြေများကိုသိမ်းယူခြင်းလို့ အဓိပ္ပာယ်ရတယ်။အဲဒီတော့လန၃၉ဥပဒေအရ သိမ်းယူထားတယ်ဆိုရင် ပြန်ရမှာမဟုတ်တော့ဘူး "*

စော ----------- (ကျား၊ ၆၃နှစ်) ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်)
(၂၀၁၂ခုနှစ် ဒီဇင်ဘာလ တွေ့ဆုံမေးမြန်းချက်)[512]

နောက်ထပ်ပြဿနာများအဖြစ် မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရှုပ်ထွေးသည့် လုပ်ငန်းစဉ်များပါ ရှိနေကြောင်း ရွာသားများက တင်ပြကြသည်။ အဆိုပါပြဿနာများတွင် သတ်တမ်းရင့် မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်းများကို အသိအမှတ်မပြုခြင်း၊စစ်ဖြစ်နေစဉ်ကာလတွင်းနေရပ်မှထွက်ပြေးတိမ်းရှောင်ရခြင်းကြောင့်ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများဆုံးရှုံးခြင်း၊ [513] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAG)အနေဖြင့်ပုဂ္ဂလိကပါဝင်လှုပ်ရှားသူများအား

[508] Source #164၊ 165 နှင့် 166 တွင်ကြည့်ပါ။
[509] Source #164 တွင်ကြည့်ပါ။
[510] Source #166 တွင်ကြည့်ပါ။
[511] Source # 365 တွင်ကြည့်ပါ။
[512] Source #365 တွင်ကြည့်ပါ။
[513] ဘားအံခရိုင်မှ KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦးပြောကြားချက်အရ ရွာသားအများစုမှာ မြေယာပိုင်ဆိုင်ခွင့်သည် လွန်ခဲ့သည့် နှစ် ၂၀ ခန့် လောက်ကတည်းက ရှိသည် သို့ လက်နက်တိုက်ပွဲများ ပုန်းရှောင်ထွက်ပြေးစဉ်တွင် ၎င်းတို့ပိုင်ဆိုင်ခွင့်များ ဆုံးရှုံးသွားပါသည်။ SOURCE #အမှတ် 170 တွင်ကြည့်ရှုပါ။

လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ခွဲဝေသတ်မှတ်ရာတွင်ရပ်ရွာလူထုအားသတင်းမှားပေးမိခြင်း[514] နှင့် မြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ရွာသားများအကြား အငြင်းပွားမှုများ ဖြစ်ပေါ်ခြင်းတို့ ပါဝင်သည်။[515]

*"(ပုဂ္ဂလိကပါဝင်လုပ်ရှားသူများ)တွေကရာဘာပင်တွေပိုစိုက်လာတဲ့အတွက်မြေယာသိမ်းယူခြင်းနဲ့ဆိုင်တဲ့ကိစ္စရပ်တွေရှိနေတယ်။အဲဒီအတွက်ရွာသားတွေကြားထဲမှာစိတ်မချမ်းသာစရာတွေ၊အချင်းချင်းမနာလိုမှုတွေဖြစ်လာပြီးအငြင်းပွားမှုတွေပိုများလာတယ်။ကျေးရွာအုပ်စုကိုအုပ်ချုပ်တဲ့သူကြီးတွေကတောင်အခြေအနေကိုမထိန်းသိမ်းနိုင်တော့ဘူး။သူတို့အနေနဲ့မြေတိုင်းဌာနကဒီမြေယာပြဿနာတွေကိုပြေလည်အောင်အမြန်ဆုံးဖြေရှင်းပေးနိုင်ဖို့မျှော်လင့်နေကြတယ်။ဘာလို့လဲဆိုရင်မြေယာမှတ်ပုံတင်ခြင်းကိုအဖွဲ့ အမျိုးမျိုးကဆောင်ရွက်နေလို့ လေ။အချို့ မြေယာပိုင်ဆိုင်ခွင့်စာရွက်စာတမ်းတွေကိုKNU၊မြန်မာအစိုးရ၊DKBA၊ (KNU/KNLA) ငြိမ်းချမ်းရေး ကောင်စီနှင့် BGF တို့က ထုတ်ပေးကြတယ်။လွန်ခဲ့တဲ့နှစ် ၂၀လောက်ကပေးထားခဲ့တဲ့မြေယာပိုင်ဆိုင်ခွင့်ကိုတော့အသိအမှတ်မပြုတော့ဘူးထင်တာပဲ။လူတော်တော်များများကလည်းတိုက်ပွဲတွေကြားမှာပြေးရပုန်းရနဲ့ ဆိုတော့မြေယာမှတ်ပုံတင်ထားတဲ့စာရွက်စာတမ်းတွေမရှိကြတော့ဘူး။ရွာသားတွေဟာKNUဒါမှမဟုတ်မြေယာဌာနကအရာရှိတွေကိုဒီပြဿနာအမြန်ဆုံးဖြေရှင်းပေးဖို့ လိုလားနေကြတယ်။ နို့ မိုဆို ပဋိပက္ခတွေက ပိုဆိုးဖို့ ပဲ ရှိတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
နဘူးမြို့နယ်၊ ဘားအံ ခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၃ ခုနှစ် အောက်တိုဘာလ)[516]

*"ခေါင်းဆောင်တွေအပစ်အခတ်ရပ်စဲရေးစာချုပ်မှာလက်မှတ်ရေးထိုးပြီးနောက်ပိုင်းကုမ္ပဏီတွေဟာအစိုးရနဲ့ ပူးပေါင်းပြီးစီးပွားရေးတွေလုပ်ကိုင်လာကြလို့ ဒေသခံတွေအတွက်အခက်အခဲတစ်ရပ်ဖြစ်လာတယ်။ကုမ္ပဏီတွေဟာချမ်းသာတဲ့သူတွေနဲ့ ပေါင်းပြီးစီးပွားရေးတွေလုပ်ကြတယ်။အဲဒီချမ်းသာတဲ့လူတွေကခရိုနီတွေလေ။၂၀၁၀ရွေးကောက်ပွဲမတိုင်ခင်ကသူတို့ တွေဟာစစ်တပ်ကပဲ။သူတို့ကKNUနဲ့ မြန်မာအစိုးရကနေခွင့်ပြုချက်ရထားတယ်လို့ပြောပြီးတော့စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်တယ်။ဆီအုန်းတို့ ရာဘာတို့ စိုက်ကြတယ်။အမှန်တကယ်တော့အဲလိုမဟုတ်ပါဘူး။သူတို့အနေနဲ့အခွင့်အရေးရအောင်လို့ တမင်သက်သက်ပြောကြတာပါ "*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ကဆာဒိုမြို့နယ် မြိတ်-ထားဝယ် ခရိုင်/ တနင်္သာရီဒေသ (၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ)[517]

*" ဒွဲလိုမြို့နယ်ထဲမှာသစ်ခုတ်တဲ့လုပ်ငန်းကရှိနေတုန်းပဲ။ဌာနချုပ်နဲ့ ခရိုင် (ခေါင်းဆောင်တွေ) ကတော့ သစ်ခုတ်ခြင်းကိုယတိပြတ် တားမြစ်ထားတယ် လို့ KNU သစ်တောဦးစီးမှူး ကျော်ဖိုးက ပြောကြားခဲ့ပါတယ်။ ခက်တာက သူ့ အပြောနဲ့ အလုပ်က မညီဘူးဖြစ်နေတယ်။သစ်ခုတ်ခြင်းကိုတားမြစ်တယ်လို့ သူ့ ပါးစပ်က ပြောနေပေမယ့် လူချမ်းသာတွေဖြစ်တဲ့ မောရနှင့် ကေမီးကောတို့ သစ်ခုတ်ဖို့ ခွင့်တောင်းတဲ့အခါ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်ကနေစပြီး သစ်ထုတ်ဖို့ခွင့်ပြုခဲ့တယ်"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
ဒွဲလိုမြို့နယ်၊ ဖာပွန် ခရိုင် (၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၃ မတ်လ)[518]

---

[514] သာဓကအားဖြင့် ဒွဲလိုမြို့နယ် ဖာပွန်ခရိုင်ရှိ KNU အရာရှိကြီးများနှင့် ခရိုင်ခေါင်းဆောင်များသည် ဒေသခံရပ်ရွာလူထုအား သစ်ခုတ်ခြင်းကို တားမြစ်ထားသော်လည်း ချမ်းသာသောစီးပွားရေးလုပ်ငန်းရှင်များအား သစ်ခုတ်ခွင့်ပေးထားလျက် ရှိသည်။ Source # 314 တွင်ကြည့်ပါ။ မြိတ်-ထားဝယ်ခရိုင်ရှိကုမ္ပဏီများသည် KNU နှင့် မြန်မာအစိုးရထံမှ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေယာအသုံးပြုခွင့်များကို လိမ်လည်ရယူထားသည်.Source #273 တွင် ကြည့်ပါ။

[515] ဘားအံခရိုင်မှ KHRG သုတေသီက မြေယာစီမံခန့်ခွဲမှုနှင့် ပက်သက်သော ပြဿနာရပ်များဖြစ်သည့် မြေပိုင်ဆိုင်ခွင့်ကို တစ်ဦးထက်ပို၍ ထုတ်ပေးခြင်း၊ ရွှေ့ပြောင်းခြင်းကြောင့် မြေပိုင်ဆိုင်ခွင့် ပျောက်ဆုံးသွားခြင်းနှင့် မြေပိုင်ဆိုင်မှု အဟောင်းများကို အသိအမှတ်မပြုခြင်းတို့ ဖြစ်သည်။ Source #170 တွင်ကြည့်ပါ။

[516] Source #170 တွင်ကြည့်ပါ။

[517] Source #273 တွင်ကြည့်ပါ။

[518] Source #314 တွင်ကြည့်ပါ။

လက်ရှိတွင် ထိုင်းနိုင်ငံ၌ [519] ခိုလှုံနေထိုင်ကြသော ဒုက္ခသည်များ ပိုင်ဆိုင်သည့် မြေယာများကို မှတ်တမ်းတင်ရန် စသည့် နေရင်းသို့ပြန်လာမည့် ဒုက္ခသည်များအတွက် မြေယာများ ပိုင်းခြားသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများမှ ၎င်းတို့၏ မတတ်သာမှုများကို တင်ပြထားသည်။ သာဓကတစ်ခုအနေဖြင့် မူလ မြေပိုင်ရှင်များကို ဆွေးနွေးတိုင်ပင်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းများ အလျဉ်းမရှိဘဲ တပ်မတော်က ယခင် သိမ်းယူထားသော မြေယာများတွင် ဒုက္ခသည်များအတွက် အိမ်အသစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း ရွာသားများက တင်ပြထားသည်။[520]





ဂဲဘက်မှ ဓာတ်ပုံသည် *KHRG* ၏ ဒေသခံ အဖွဲ့ဝင်မှ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်တွင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ၂၀၁၃ ခုနှစ် မတ်လ ၄ ရက်နေ့တွင် မြန်မာအစိုးရ၏ ငါးလုပ်ငန်း ဦးစီးမှူးက လယ်ဒိုမြစ် *(ချောင်ပိုင်)* နှင့် ဘုတ်ပြင်းမြစ် တို့တွင် ငါးဖမ်းခြင်းနှင့်ဆိုင်သည့် လုပ်ပိုင်ခွင့်ကို ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်များမှ လူချမ်းသာများထံသို့ ရောင်းချခဲ့သည်ဟု သုတေသီက ဖြေရှင်းထားသည်။ ရွာသားများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းကို ဤမြစ်ကြောင်း တစ်လျှောက်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မှီခိုနေရသည်။[521] ယာဘက်မှ ဓာတ်ပုံကို ၂၀၁၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် *KHRG* ဒေသခံ အဖွဲ့ဝင်မှ ထဲဘိုရွာ၊ နိုကွီးကျေးရွာအုပ်စု၊ ပိုင်ကျုံမြို့နယ်၊ ဘားအံခရိုင်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ဖောရည်ပူ ကျေးရွာအုပ်စု၊ ပိုင်ကျုံမြို့နယ်၊ ဘာအံခရိုင်တွင် အခြေစိုက်ထားသော *BGF* မှ တပ်မှူးဖြစ်သူ ဗိုလ်ကြာအေးသည် ပုံတွင်ပြထားသည့် ရွာသားများ၏ မြေယာများကို သိမ်းယူပြီး ရာဘာပင်များစိုက်ပျိုးထားသည်။ *KHRG* သုတေသီ၏ ပြောကြားချက်အရ ထိုတပ်မှူးသည် ထိုနယ်တဝိုက်ရှိ ရွာသားများထံမှ မြေယာများစွာကို သိမ်းယူထားသည်။[522] *(ဓာတ်ပုံ - KHRG)*






ဂဲဘက်မှ ဓာတ်ပုံသည် *KHRG ဒေသခံ အဖွဲ့ဝင်က*၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ထီးဂဘလောရွာ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ဤဓာတ်ပုံတွင် ပြထားသော လယ်မြေများကို တပ်မတော် ခလရ အမှတ် ၅၄၃၊ ၅၄၇ နှင့် ၅၄၈ တို့မှ သိမ်းယူထားခြင်းဖြစ်သည်။ [523] ယာဘက်မှ ဓာတ်ပုံသည် *KHRG ဒေသခံ အဖွဲ့ဝင်က*၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဘီလင်းမြို့နယ်၊ သထုံခရိုင်၊ တွင်ရိုက်ကူးထားခြင်း ဖြစ်သည်။ ဤဓါတ်ပုံသည် ရွာသားများပိုင်ဆိုင်သည့် လယ်မြေပေါ်တွင် ဆောက်လုပ်ထား သော မြန်မာအစိုးရ စာသင်ကျောင်းပုံ ဖြစ်ပါသည်။ ထိုကျောင်းဆောက်လုပ်ခြင်းကြောင့် ရွာသားများပိုင်ဆိုင်သော အုန်းပင် အပင် ၄၀ ခန့် ဖျက်ဆီးပစ်ခဲ့ရသော်လည်း မည်သို့သော လျော်ကြေးငွေမှ ရရှိခဲ့ခြင်း မရှိပေ။[524] *(ဓာတ်ပုံ - KHRG)*

---

[519] Source #35တွင်ကြည့်ပါ။

[520] တောင်ငူခရိုင်အတွင်း ယခင်တပ်မတော် သိမ်းပိုက်ထားသော မြေယာပေါ်တွင် ပြည်တွင်း ရွှေ့ပြောင်းသူများအတွက် Norwegian Refugee Council မှ အိမ်အလုံး ၃၀ ခန့် ဆောက်လုပ်ပေးထားသည်။ Source #249 နှင့် 250 တွင် ကြည့်ပါ။

[521] Source #233 နှင့် 370 တွင်ကြည့်ပါ။

[522] Source #241 တွင်ကြည့်ပါ။

[523] Source #227 တွင်ကြည့်ပါ။

[524] Source #342 တွင်ကြည့်ပါ။

## အကြံပြုတင်ပြချက်များ

ရွာသားများမှ ၎င်းတို့ဒေသတွင်းရှိ အာဏာပိုင်များ အားလုံး အသိအမှတ်ပြုထားကြသော မြေယာပိုင်ဆိုင်မှု လက်မှတ်များ ရရှိပိုင်ဆိုင်ရန်အတွက် မြန်မာနိုင်ငံတော် အစိုးရနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များအားလုံးတို့မှ အတူတကွ ပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်သည်။ မြေယာ မှတ်ပုံတင်ရန်အတွက် ကုန်ကျစရိတ်သည် မှတ်ပုံတင် ပိုင်ဆိုင်မှုမရှိသောသူများ ပါဝင်သော ဒေသခံ ပြည်သူလူထုမှ တတ်နိုင်သည့် နှုန်းထားဖြစ်ရမည်။ တသီးပုဂ္ဂလ ဖြစ်နေသော ဒေသများရှိ အနိုင်အထက် ပြုခံရသော အားနည်းသည့် ရွာသားများနှင့် မြေယာများ ရောင်းချရန် လာဘ်ထိုးခြင်းခံရသော ရွာသားများအတွက် စွမ်းရည် မြှင့်တင်ပေးခြင်းများအား ထိုဒေသတွင် အလေးထား ပြုလုပ်ပေးရမည်ဖြစ်သည်။ ဓလေ့ထုံးတမ်းအရ ဘိုးဘွားဘီဘင်အဆက်ဆက် အားဖြင့်သော်လည်းကောင်း၊ ဒေသခံများ အဖြစ် သို့မဟုတ် ဘာသာရေး အရ ပိုင်ဆိုင်လာသော မြေယာများကို ရှင်းလင်းပြတ်သားစွာ သီးသန့် မြေယာမှတ်ပုံတင်ဖြင့် ဒေသခံများမှ ထိန်းသိမ်းကာကွယ်ထားသော မြေယာအဖြစ် အသုံးပြုနိုင်ရန် သတ်မှတ်ပေးရမည်။ မြေယာမှတ်ပုံတင်ခြင်းတွင် ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များနှင့် သက်ဆိုင်သည့် မြေယာများအတွက်ကိုပါ သေချာစွာ ထည့်သွင်းစဉ်းစားရမည်။ ထို့အပြင် မြေယာပြဿနာ ဖြစ်ပေါ်လာသည့်အခါ မြေယာမှတ်ပုံတင်ပြုလုပ်ပေးသော အာဏာပိုင်မှ မြေယာပြဿနာကို ဖြေရှင်းခြင်းတွင် ပါဝင်ဖြေရှင်းရမည်ဖြစ်သည်။ ပြည်သူလူထုမှလည်း မြေယာပိုင်ဆိုင်ခွင့် ရရှိရန်နှင့် နိုင်ငံတော် အစိုးရမှ မြေပေါ်မြေအောက် ရှိ သယံဇာတ အားလုံးပိုင်ဆိုင်သည်ဟူသော အချက်ကြောင့် မမျှတသော မြေယာ သိမ်းဆည်းမှုများ မဖြစ်ပေါ်စေရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ၂၀၁၂ ခုနှစ် မြေယာဥပဒေများကို ပြန်လည်ပြင်ဆင်ရန် လိုအပ်သည်။ ထိုစနစ်ကြောင့် မြေယာများ အာဏာဖြင့် သိမ်းယူခံရပါက တူညီသော မြေယာပမာဏ သို့မဟုတ် လျော်ကြေးငွေ ပမာဏအား ပိုင်ရှင်ထံ ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။ စစ်ဝါဒ ဆက်လက် ကျင့်သုံးခြင်းသည် ရွာသားများ၏ မြေယာများအား သိမ်းဆည်းမှု ဖြစ်စေသည့်အတွက် ရွာသားများ အနေနှင့် ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရန် စစ်တပ်စခန်းများမှ တပ်ဆုတ်ပေးရမည်ဖြစ်သည်။

ဒေသခံများအနေနှင့် ၎င်းတို့၏ မြေယာများအပေါ် လုပ်ကိုင် ကြီးကြပ်ခွင့် ပိုမို ရရှိရမည်ဖြစ်ပြီး မြေယာအခွင့်အရေးနှင့် ဥပဒေများကို ပိုမို သိရှိနားလည်ရမည်ဖြစ်သည်။ ရွာသားများအနေနှင့် ပိုမို ထိရောက်သော တိုင်ကြားစာများ ရေးသားနိုင်ရန်အတွက် အထောက်အပံ့များ ရှိရန် လိုအပ်ပြီး တိုင်ကြားရန် အခွင့်အလမ်းများကိုလည်း နားလည်း အသုံးပြုနိုင်ရန်လိုသည်။ နောက်ဆုံးအနေနှင့် သတင်းဌာနများနှင့် မြေယာအရေး လှုပ်ရှားသူများမှ ကျေးလက် တောင်ပေါ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော မြေယာသိမ်းဆည်းမှုများကို အစီရင်ခံ တင်ပြသင့်သည်။ ယေဘုယျအားဖြင့် ဒေသခံများ သဘောတူညီမှုကြောင့်ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် သော်လည်းကောင်း ဒေသခံများမှ သဘောတူညီမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် မြေယာများအသုံးပြုမှုနှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ကို အစိုးရမှ ထုတ်ပြန်ရမည်ဖြစ်သည်။

## (ခ) အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများ

ဤအခန်းတွင် ကရင်လူ့အခွင့်အရေး အဖွဲ့မှ သတင်းကောက်ယူသော မြန်မာနိုင်ငံအရှေ့တောင်ဘက်ပိုင်း၌ အကျိုးအမြတ်အတွက်ဖြစ်စေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်စေ ရည်ရွယ်၍လုပ်ဆောင်ပြီး ဒေသခံများ အသက်မွေးရန်အတွက်သုံးစွဲသည့် မြေများအပေါ် သို့မဟုတ် သဘာဝပတ်ဝန်းကျင်အပေါ် အပြောင်းအလဲ သိသိသာသာဖြစ်စေသော အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစီမံကိန်း ဖော်ဆောင်ခြင်းများကြောင့် ရွာသူရွာသားများအပေါ် သက်ရောက်သည့် အကျိုးဂယက်များအကြောင်း ပါဝင်သည်။ မှတ်တမ်းတင်ရာတွင်ပါဝင်သည့် စီမံကိန်း အမျိုးအစားများထဲတွင် သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ စီးပွားဖြစ်အပင်များစိုက်ပျိုးခြင်း၊ ရေအား လျှပ်စစ်၊ လျှပ်စစ်ဓါတ်အားနှင့် ရေကာတာဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်အကောင်အထည်ဖော်ခြင်းတို့ ပါဝင်သည်။ ယခုအခန်းကဏ္ဍသည် ရှေ့တွင်ဖော်ပြခဲ့သော လယ်ယာမြေသိမ်းယူခြင်းအခန်းနှင့် ထပ်နေသည့် အချက်တချို့ရှိသည်။ ယခုကဲ့သို့ အခန်းနှစ်ခန်းအား သပ်သပ်စီခွဲရခြင်းမှာ မြန်မာပြည်အရှေ့တောင်ဘက်ပိုင်းဒေသ၌ လယ်သိမ်း၊ မြေသိမ်းဖြစ်ရပ်များမှာ စီးပွားရေးလုပ်ငန်း ဖော်ဆောင်ခြင်းနှင့်မဆိုင်သည့် အခြားအကြောင်းများကြောင့်လည်း ဖြစ်ပွားလေ့ရှိပြီး ယခုကဏ္ဍတွင် ဖော်ပြမည့် အချက်များအရ စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ခြင်းသည် ရွာသားများအတွက် လယ်မြေသိမ်းခံရခြင်းအပြင် တခြားအကျိုးဆက်အမြောက်အများကိုပါ ဖြစ်ပေါ်စေပါသည်။

အထက်ဖော်ပြပါ စီမံကိန်းများအားလုံး၌ မည်သူကကျူးလွန်သည်ဖြစ်စေ ပုံစံတူကျူးလွန်သည့် မတော် မတရားမှုများကို ရွာသူရွာသားများက ဖော်ပြကြသည်။ သဘာဝသယံဇာတ တူးဖော်ရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို အများအားဖြင့် တစ်ဖက်သတ်သာ အစီအမံချ လုပ်ဆောင်လေ့ရှိပြီး ဒေသခံ အသိုင်းအဝိုင်းများ၏ သဘောထား အမြင်များကို တောင်းခံလေ့မရှိပါ။[525] ဆိုလိုသည်မှာ ဒေသခံရွာသူရွာသားများသည် ဒေသဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ လိုအပ်ချက်မှာ မည်သည့်အရာဖြစ်သည်ကို လာမေးမြန်းခြင်းမခံရသလို ၎င်းတို့၏ မြေများနှင့် အသက်မွေးမှုများအပေါ် အဆိုပါစီမံကိန်းများက မည်သို့ဂယက်ရိုက်မည် ဆိုသည့်အပေါ်တွင်လည်း ၎င်းတို့၏အသံကို ထုတ်ဖော်ပြောပြခွင့် မရရှိကြပါ။ [526] ထို့ပြင် စီမံကိန်းအကောင်အထည်ဖော်ရာ၌ ရှိသင့်သည့် စံချိန်စံညွှန်းများအတွက် သို့မဟုတ် ဆုံးရှုံးနိုင်ဖွယ်ရှိအိုးအိမ်လယ်ယာမြေများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပျက်စီးမှုတို့အတွက် ၎င်းတို့အမြင်တွင် မျှတသည့်နစ်နာကြေးများနှင့် ပတ်သက်၍လည်း ရွာသားများအနေနှင့် စေ့စပ်ညှိနှိုင်းခွင့် မရရှိကြပါ။ [527] မြန်မာပြည်အရှေ့တောင်ဘက်ပိုင်း ကျေးလက်ဒေသနေ ပြည်သူများသည် စိုက်ပျိုးရေးဖြင့် လုပ်ကိုင်စားသောက်ရန် (ဥပမာ - တောင်စောင်းနှင့် မြေပြန့် စပါးစိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူရေး နှင့် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ပင်များစိုက်ခြင်း)အတွက် လယ်ယာမြေများလိုအပ်သည်။[528] စီမံကိန်းကာလများအတွင်း လယ်ယာမြေများကို လက်လွတ်ရသည်ဖြစ်စေ၊ ထိခိုက်ပျက်စီးသည်ဖြစ်စေ ဒေသခံလူထု၏ စားဝတ်နေရေး ဖြေရှင်းနိုင်စွမ်းကို ထိခိုက်စေပါသည်။[529]

---

525 သာဓကအနေဖြင့် Source #1, 2, 11 နှင့် 17 တို့တွင်ကြည့်ပါ။ ယခုပုံစံဖြစ်ရပ်များအကြောင်း ပိုပြီး အသေးစိတ်သည့် ဆွေးနွေးမှုများကိုဖတ်ရှုလိုပါက *Losing Ground: Land conflicts and collective action in eastern Myanmar*, KHRG, March 2013, p. 26 တွင်ကြည့်ပါ။

526 Source #48 တွင်ကြည့်ပါ။

527 Source #66 တွင်ကြည့်ပါ။

528 သာဓကအနေဖြင့် သထုံခရိုင်၊ မဲ့ကနသီး ကျေးရွာအုပ်စု၊ --- ရွာမှ ရွာသားများသည် ဟင်းစားရှာရန်၊ ကျွဲနွားလွှတ် ကျောင်းရန်နှင့် သီးနှံစိုက်ပျိုးရန်မြေယာအပေါ်မှီခိုနေရပြီး ၎င်းမြေကိုရော်ဘာစိုက်ခင်းအတွက် သိမ်းယူခံခဲ့ရသည်။ Source #1 ကိုကြည့်ပါ။

529 သာဓကအားဖြင့် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၌ ဆည်တစ်ခုကြောင့်ရေကြီးသဖြင့် လယ်သမားများ၏ စပါးစိုက်ခင်းများ ဆုံးရှုံးခဲ့ရသည်။ Source #50 တွင်ကြည့်ပါ။

## ၂၀၁၂ ဇန်နဝါရီလမှစ၍ အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးဂယက်များ

၂၀၁၂ခုနှစ်ဇန်နဝါရီလမှစပြီးကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိခရိုင်ခုနစ်ခုစလုံးတွင်စီးပွားရေးလုပ်ငန်းဖော်ဆောင်မှုများကြောင့်၎င်းတို့၏ဘဝများ၊လုပ်ငန်းကိုင်ငန်းများနှင့်သဘာဝပတ်ဝန်းကျင်စသည်တို့အပေါ် သက်ရောက်မှုများနှင့်ပတ်သက်ပြီး ရွာသူရွာသားများနှင့်ကရင်လူ့ အခွင့်အရေးအဖွဲ့(KHRG)ဒေသခံအဖွဲ့ဝင်များကသတင်းပေးပို့အစီရင်ခံကြသည်။ [530] အဆိုပါမတရားမှုများကိုကြည့်လျှင် အကြိမ်ရေအများဆုံး ကျူးလွန်သူများမှာ မိမိဒေသတွင်းမှ လူပုဂ္ဂိုလ်များ သို့မဟုတ် ကော်ပိုရေးရှင်းများ[531] ဖြစ်သလို တပ်မတော် နယ်ခြားစောင့်တပ် (BGFs)၊[532] မြန်မာအစိုးရ၊[533] တပ်မတော်၊ [534] နိုင်ငံတကာကုမ္ပဏီများ၊ [535] KNU၊ [536] DKBA၊ [537] ဘုန်းကြီးများ၊ [538] KPF [539] နှင့် KSDDP တို့လည်းကျူးလွန်ကြသည်ကိုတွေ့ရသည်။ [540] ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့်မြေများပျက်စီးခြင်း၊ [541] သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း၊ [542] အသက်မွေးဝမ်းကြောင်းလုပ်ငန်းကိုင်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုများ [543] ၊ဖွံ့ဖြိုးရေးလုပ်ရန်အတွက်လိုအပ်သည့်မြေများချဲ့ထွင်ရန် လယ်ယာမြေများသိမ်းခြင်း [544] တို့နှင့်ပတ်သက်ပြီး ရွာသူရွာသားများက အကြိမ်ရေအများဆုံး ထုတ်ဖော်ဖွင့်ဟကြသည်။

---

530 သာဓကအားဖြင့် သထုံခရိုင်တွင် --- ရွာပိုင်မြေအများအပြားကို ရွှေတူးဖော်ရေးကုမ္ပဏီတစ်ခုက ဝယ်ယူခဲ့သည်။ Source #247 တွင်ကြည့်ပါ။ တောင်ငူခရိုင်တွင် ထိုးဘိုဆည်ကြောင့် လယ်သမားတို့၏ဘဝများ အကြီးအကျယ် ထိခိုက် ခဲ့ရသည်။ Source #171 တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင်တွင် အပစ်မရပ်မီကဖြစ်ခဲ့သည့် မြေသိမ်းမှု၏ ဂယက်ကို ရွာသားများခံစားနေရဆဲဖြစ်ပြီး လျော်ကြေးကို တောင်းဆိုနေကြရဆဲဖြစ်သည်။ Source #169 တွင်ကြည့်ပါ။ မြိတ်-ထားဝယ်ခရိုင်တွင် စီးပွားရေးလုပ်ငန်းစီမံကိန်းအမျိုးမျိုးကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခဲ့ရသည်။ Source #273 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်တွင် သတ္တုတွင်းလုပ်ငန်းများကြောင့် သဘာဝပျက်ဝန်းကျင်ပျက်စီးခဲ့ရသည်။ Source #367 တွင်ကြည့်ပါ။ ဒူးပလာယာခရိုင်တွင် အစိုးရ၏ တံတားစီမံကိန်းတစ်ခုကြောင့် ရွာသားများအသုံးပြုသည့်ရေသွင်း တူးမြောင်းတစ်ခု ပိတ်ဆို့သွားခဲ့ရသည်။ Source #104 တွင်ကြည့်ပါ။ ဘားအံခရိုင်တွင် ရော်ဘာစိုက်ခင်းအကောင် အထည်ဖော်မှုကြောင့် ရပ်ရွာပိုင်မြေပေါ်ရှိ ရွာသားများသက်ကယ်မိုးရန်သုံးသော အပင်များအဖျက်ဆီးခံခဲ့ရသည်။ Source #199 တွင်ကြည့်ပါ။

531 သာဓကအနေဖြင့် ညောင်လေးပင်ခရိုင်တွင် နေရပ်စွန့်ခွာထွက်ပြေးနေကြရသည့်ရွာသားများ တစ်ဝမ်းတစ်ခါးအတွက် သုံးနေရသည့်မြေကို ငွေကြေးတတ်နိုင်သည့်ရွာသားတစ်ဦးကဝယ်ယူပြီး အစိုးရ၏အကူအညီဖြင့် ရော်ဘာစိုက်ခင်းတစ်ခု ထူထောင်ခဲ့သည်။ Source #50 တွင်ကြည့်ပါ။

532 သာဓကအနေဖြင့် ဘားအံခရိုင်တွင် BGF စစ်သားများက လမ်းဖောက်ရန်အတွက် ကျောက်များထုတ်ယူစုဆောင်း ခဲ့သဖြင့် ရွာသားများ၏ကွင်းပြင်များ ပျက်စီးခဲ့ရသည်။ Source #162 တွင်ကြည့်ပါ။

533 သာဓကအနေဖြင့် ဖာပွန်ခရိုင်တွင် မြန်မာအစိုးရသည် လမ်းဖောက်ရန်အတွက် ရွာသားများ၏ကွင်းပြင်များမှ ကျောက်တုံးကျောက်ခဲများ ထုတ်ယူစုဆောင်းသဖြင့် ၎င်းတို့ကျောက်ထုတ်သည့်နယ်မြေများအတွင်း ရေကြီးရေလျှံဖြစ် ခဲ့သည်။ Source #274 တွင်ကြည့်ပါ။

534 သာဓကအနေဖြင့် ဘားအံခရိုင်တွင် တပ်မတော်တပ်ရင်းတစ်ရင်းက ရွာသားများ၏စိုက်ပျိုးမြေများကိုသိမ်းယူပြီးနောက် ရွာသားများမှာ မတတ်သာသည့်အဆုံး နေ့စားအလုပ်လုပ်သူလုပ်၊ ဘန်ကောက်သို့သွားကာ အလုပ်ရှာသူရှာ ဖြစ်ခဲ့ရ သည်။ Source #199 တွင်ကြည့်ပါ။

535 သာဓကအနေဖြင့် တောင်ငူခရိုင်ရှိ ထိုးဘိုဆည်ကို ထိုင်း၊ တရုတ်ကုမ္ပဏီများနှင့် ပြည်တွင်းမှ ရွှေစွမ်းအင် ကုမ္ပဏီတို့ ပူးပေါင်း အကောင်အထည်ဖော်ရာ ရွာသားများ၏စိုက်ပျိုးမြေများ ရေလွှမ်းခဲ့ရသည်။ Source #23 တွင် ကြည့်ပါ။

536 သာဓကအနေဖြင့် ဒွဲလိုမြို့နယ်၌ ဖာပွန်ခရိုင်အခြေစိုက် KHRG ဒေသခံ အဖွဲ့ဝင်၏အဆိုအရ KNU ၏သတ္တုတူးဖော်ရေးစီမံကိန်းတစ်ခုရှိပြီး ဆိုင်ယာနိုက်ကိုအသုံးပြုခြင်းကြောင့် အကျိုးဆက်အားဖြင့် အနီးအနားရှိချောင်းမြောင်းရေကန်များ အဆိပ်သင့်ခဲ့ရသည်။ Source #73 တွင်ကြည့်ပါ။

537 သာဓကအနေဖြင့် ဒူးပလာယာခရိုင်တွင် DKBA ၏သစ်ထုတ်လုပ်ငန်းတစ်ခုကြောင့် သစ်တောပြုန်းတီးကာ တစ်ဝမ်း တစ်ခါးအတွက် ထိုသစ်တောအပေါ် အားထားနေရသည့် ရွာသားများထိခိုက်နစ်နာခဲ့ရသည်။ Source #113 တွင်ကြည့် ပါ။

538 သာဓကအနေဖြင့် ဘားအံခရိုင်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းအတွက် တံတားဆောက်ရာ၌ အဓမ္မလုပ်အားပေး ခိုင်းခဲ့သည်။ Source #155 တွင်ကြည့်ပါ။

539 သာဓကအနေဖြင့် ဒူးပလာယာခရိုင်တွင် ၂၀၁၀ ပြည့်ကတည်းကစတင်ခဲ့သည့် KPF လက်အောက်ခံ သံတူးဖော်ရေးလုပ်ငန်း တစ်ခုကြောင့် ရွာသားများ၏မြေကိုဖျက်ဆီးခဲ့သည်။ Source #105 တွင်ကြည့်ပါ။

540 သာဓကအနေဖြင့် သထုံခရိုင်တွင် KSDDP သည် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရော်ဘာနှင့်ကျွန်းစိုက်ခင်းများ အတွက် စိုက်ပျိုးမြေများကိုသိမ်းယူခဲ့သည်။ Source #1 တွင်ကြည့်ပါ။

541 သာဓကအနေဖြင့် ဖာပွန် ခရိုင်တွင် ရွှေတူးဖော်မှုကြောင့် ရွာသားများ၏မြေများပျက်စီးခဲ့ရသည်။ Source #313 တွင် ကြည့်ပါ။

542 သာဓကအနေဖြင့် ဖာပွန်ခရိုင်တွင် သတ္တုတူးဖော်ရေးကြောင့် အနီးအနားရှိမြစ်တစ်မြစ် ညစ်ညမ်းခဲ့ရသည်။ Source #80 တွင်ကြည့်ပါ။

543 သာဓကအနေဖြင့် ဒူးပလာယာခရိုင်တွင် ရွာသားများပိုင်မြေကို ရော်ဘာစိုက်ခင်းအတွက်သိမ်းယူခဲ့ရာ ရွာသားများမှာ စားဝတ်နေရေးအတွက်မှီခိုစရာမြေမရှိဖြစ်ခဲ့သဖြင့် နေ့စားအလုပ်သမားများအဖြစ်လုပ်သူများရှိသလို၊ တချို့လည်း ဘန်ကောက်သို့ သွားရောက်ကာ အလုပ်ရှာဖွေခဲ့ရသည်။ Source #152 တွင်ကြည့်ပါ။

**သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း**

ဓာတ်သတ္တုတွင်းများမှ စွန့်ပစ်ပစ္စည်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကောက်ပဲသီးနှံများ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်ကြောင်း ရွာသူရွာသားများက အကြိမ်ကြိမ် ထုတ်ဖော်တင်ပြခဲ့ကြသည်။ ရွှေတူးဖော်ရေး လုပ်ငန်းများကြောင့် ရေအဆိပ်သင့်ခြင်းအပေါ် ရွာသားများ၏ စောဒကတက်မှုများမှာ အများဆုံးဖြစ်သည်။ [545] တစ်ပိုင်တစ်နိုင် ရွှေတူးသူများမှာ ကျောက်များမှ ရွှေကို ခွာယူရာ၌ ဆိုင်ယမ်နိုက်နှင့် ပြဒါးစသည့် အဆိပ်ပါဝင်မှုမြင့်မားသည့် ဓာတ်ပစ္စည်းများကို မကြာခဏအသုံးပြုကြသည်။ ယင်းဓာတ်ပစ္စည်းများကို ရပ်ထဲရွာထဲရှိ ရေအရင်းအမြစ်များထဲသို့ စွန့်ပစ်ခြင်းကြောင့် တိရိစ္ဆာန်များအား အဆိပ်သင့်စေပြီး ရေများသောက်မရဖြစ်ကြသည်။ [546] ထို့ပြင် သံ၊ [547] ကျောက်မီးသွေး [548] နှင့် လမ်းခင်းကျောက်များ ထုတ်ယူမှုများကြောင့် ဖြစ်ရသည့် ရေနှင့်မြေပျက်စီးမှုစသည့် ဆိုးကျိုးများကိုလည်း ရွာသားများက တင်ပြကြ သည်။[549]

> *"ရွှေတူးဖော်ရေးလုပ်ငန်းတွေကြောင့် ရေတွေနောက်လာတယ်။ ဘုလိုမြစ်က ရေသောက်တဲ့ ရွာသားတွေဆို နောက်နေတဲ့ ရေတွေကိုပဲ သောက်သုံးရတယ်။ အဲဒီတော့ ရောဂါတွေပဲ တိုးတိုးပြီးဖြစ်တာပေါ့။ နောက်ပြီး ကျွဲနွား တိရိစ္ဆာန်တွေလည်း ဒီရေတွေပဲသောက်ကြတော့ ရောဂါတွေရကြပြန်ရော။ အဲဒီလိုပဲ မြစ်ထဲက ငါးတွေလည်းဘယ်ပြေးလွတ်မလဲ သေကုန် တာပေါ့ ..."*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒွဲလိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၂ ဇူလိုင်မှအောက်တိုဘာ)[550]

*"ကန်တွေ၊ သစ်ပင်တွေ၊ ဝါးပင်တွေနဲ့ မြစ်ကမ်းပါး တွေဆို ရွှေတွင်းတွေကြောင့် ပျက်စီးကုန်ပြီ။ အဲဒီ ရွှေတွင်းတွေနဲ့နီးတဲ့ မြစ်တွေထဲနေတဲ့ ငါးတွေ၊ ဂဏန်းတွေ၊ ဖားတွေလည်း သေကုန်ပြီ။ အရင်တုန်းကတော့ ဒီဒေသမှာ ဖားတွေ၊ ကဏန်းတွေ၊ ငါးတွေ၊ ကန်တွေ၊ အပင်တွေ၊ ဝါးတွေမှ အများကြီးပေါ့။ ခုတော့ ဒါတွေမမြင်ရတော့ဘူး။ ရွှေတွင်းတွေက သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတယ်။ ဒါတင်မက နောက်မျိုးဆက်တွေ လုပ်ကိုင်စားသောက်နိုင်ဖို့ အတွက်လည်း အခက်အခဲ ဖြစ်စေတယ်။ KNU က ရွှေတူးတာကို ပိတ်ထားမယ်ဆိုတဲ့ ကောလဟာလကြားလို့ အရပ်သားတွေကတော့ အရမ်းပျော်နေတယ်။ ဒါပေမယ့် အခုကတော့ ချမ်းသာတဲ့လူတွေ ပိုရောက်လာတယ်။ ရွှေတွင်းလုပ်ငန်းတွေလည်း ဆက်လုပ်နေကြတာပဲ"*

---

[544] သာဓကအနေဖြင့် ဘားအံခရိုင်တွင် တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့တစ်ဖွဲ့က ရော်ဘာစိုက်ရန်အတွက် ရွာသားပိုင်မြေ ကိုသိမ်းယူခဲ့သည်။ Source #162 တွင်ကြည့်ပါ။

[545] သာဓကအနေဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ်တွင် KNU ထိန်းချုပ်သည့်ရွှေတွင်းကြောင့် ရေအရင်းအမြစ်များ ညစ် ညမ်းခဲ့သည်။ Source #73 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်၊ ဒွဲလိုမြို့နယ်တွင် ဘီးလင်းမြို့နယ်ရှိ KNU၏ စီမံကိန်းတစ်ခုမှ ထွက်လာသောရေဆိုးများကြောင့်သာမက တပ်မတော်ခေါင်းဆောင်ပိုင်းနှင့် ပူးပေါင်းလုပ်ကိုင်သည့် ဒေသခံလူချမ်းသာများ၏ ရွှေတွင်းများကြောင့်ပါ ဒေသရှိ ရေထွက်ရာအရင်းမြစ်များ ညစ်ညမ်းခဲ့ရသည်။ Source #80 တွင်ကြည့်ပါ။ Source #96, 97 နှင့် 98 တို့တွင်လည်းကြည့်ပါ။

[546] သာဓကအနေဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ်တွင် KNU ၏ရွှေတွင်းတစ်ခုကြောင့် ရေထွက်ရင်းမြစ်များ ညစ်ညမ်းခဲ့ရသည်။ Source #73 တွင်ကြည့်ပါ။

[547] သာဓကအားဖြင့် ဒူးပလာယာခရိုင်တွင် ၂၀၁၀ ၌ စတင်ခဲ့သည့် သံတူးဖော်ခြင်းကြောင့် ရွာသားများ၏ မြေယာများ ပျက်စီးခဲ့ရသည်။ Source #318 ကိုကြည့်ပါ။

[548] သာဓကအားဖြင့် လေထု ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော ကျောက်မီးသွေး တူးဖော်ရန်အတွက် မြေယာသိမ်းဆည်းမှု။ Source #318 ကိုကြည့်ပါ။

[549] သာဓကအနေဖြင့် ဖာပွန်ခရိုင်တွင် BGF တပ်က လမ်းခင်းကျောက်များထုတ်ယူသဖြင့် ရွာသားများ၏ကွင်းပြင်များ ပျက်စီးခဲ့ရသည်။ Source #162 တွင်ကြည့်ပါ။

[550] Source # 313 တွင်ကြည့်ပါ။

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒွဲလိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (မေလ ၂၀၁၃ တွင်လက်ခံရရှိသည်။)[551]



*ပုံမှာ ဖာပွန်ခရိုင်အတွင်းရှိ ရွှေတွင်းဖြစ်ပြီး ရွှေကျင်ရန် အတွက် ဆိုင်ယမ်နိုက်နှင့် ပြဒါးတို့ကို အသုံးပြုကြသည်။ ရွှေတူးလုပ်ငန်း စတင်သည့် ၂၀၁၁ ခုနစ်မှစတင်၍ ရွာတွင်းရှိ မြစ်ရေများ ညစ်ညမ်းကုန်ပြီး သောက်မရဖြစ်ကာ လူနှင့် တိရစ္ဆာန်များအတွက် အန္တရာယ် ဖြစ်လာသည်ဟု ရွာသားများမှ တင်ပြထားသည်။[552] [ဓာတ်ပုံ - KHRG]*



*ပုံမှာ လမ်းဖောက်လုပ်သည့် စီမံကိန်းသို့ ရောင်းချရန်အတွက် ဖာပွန်ခရိုင်ရှိ ရွာသားများမှာ မြစ်တစ်မြစ်မှကျောက်များ ထုတ်ယူနေကြပုံ ဖြစ်သည်။ ကျောက်ထုတ်ယူမှုများပါက မြစ်ရေလျှံခြင်း ဖြစ်စေမည်ဖြစ်ပြီး လယ်မြေများပေါ်မှ ကျောက်များထုတ်ယူပါကလည်း စိုက်ပျိုးရေးတွင် အခက်အခဲဖြစ်မည်ကို စိုးရိမ်ကြောင်း ကျေးရွာသူကြီးက KHRG ဒေသခံအဖွဲ့ဝင်ကို တင်ပြခဲ့သည်။[553] [ဓာတ်ပုံ - KHRG]*



သထုံခရိုင်အတွင်း ရိုက်ယူခဲ့သည့် ယခုပုံတွင် အနီးအနားရှိ ရွှေတွင်းမှ ထွက်လာသည့် ရေများကြောင့် စပါးခင်းတစ်ခင်း ညစ်ညမ်းနေသည်ကို ဖော်ပြထားပြီး အကျိုးရလဒ်အနေဖြင့် ယခင် ရခဲ့သည့်အထွက်နှုန်း မရတော့ပေ။[554] *[ဓာတ်ပုံ - KHRG]*

ထိုနည်းတူစွာပင် သစ်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကိုလည်း ရွာသားများက တိုင်တန်းကြသည်။ [555] သစ်ထုတ်ခြင်းကြောင့် ထင်းရှာရခက်ပြီးရင်း ခက်လာသည်ဟု ၎င်းတို့ကဆိုသည်။[556]

*"ဒီလိုသာဆက်ပြီး သစ်ထုတ်နေမယ်ဆိုရင် သစ်တောပြုန်းတီးမှုနဲ့ ရင်ဆိုင်ရလိမ့်မယ်။ မြစ်လည်း ရေခန်းမယ်။ သစ်ပင်အရေအတွက် ကျလာလိမ့်မယ်။ ပိုပိုပူလာပြီး တောတွင်းနေ သတ္တဝါတွေလည်း ရှားပါးကုန်လိမ့်မယ်။ ရေရဲ့ (အမြင့်နဲ့အရည်အသွေး) ကျဆင်းလာတာကြောင့်ဒါကိုသတိပြုမိဖို့ သိပ်ကို အရေးကြီးနေပြီ။ လက်နက်ကိုင် အဖွဲ့တွေအနေနဲ့လည်း သစ်တောတွေကိုထိန်းသိမ်းဖို့ အရေးကြီး တယ်။ "*

[551] Source #80 တွင်ကြည့်ပါ။
[552] Source # 236 တွင်ကြည့်ပါ။
[553] Source #161 တွင်ကြည့်ပါ။
[554] Source # 154 တွင်ကြည့်ပါ။
[555] ဒူးပလာယာခရိုင်တွင် DKBA ခေါင်းဆောင် ဗိုလ်နူတ်ခမ်းမွှေးက ရွာသားများအား သစ်ထုတ်ရန်အမိန့်ပေးသည်။ Source # 113 တွင်ကြည့်ပါ။ ထိုနည်းတူ ဒေသခံလူချမ်းသာများကလည်း KNU ၏ခွင့်ပြုမိန့်ဖြင့် သစ်ထုတ်သည်။ Source # 249 တွင်ကြည့်ပါ။
[556] Source # 249 တွင်ကြည့်ပါ။

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာ ခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၂ မတ်လ)[557]

ကရင်ပြည်နယ်ရှိ ခရိုင်များအနက် လေးခုတွင် အစိုးရက ခွင့်ပြုမိန့်ထုတ်ပေးပြီး ကုမ္ပဏီကြီးများက အကောင်အထည်ဖော်သည့် ရေကာတာစီမံကိန်းများကြောင့် ရွာသားများ၏ စိုက်ပျိုးရေးနှင့် ကျေးရွာကေပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရသည်။ [558] မိမိတို့မြေများအပေါ် ရေလွှမ်းသည့်အတွက် ရွာသားများမှာလည်း နေရာရွှေ့ပြောင်းရသည်။ [559] ရေကာတာတည်ဆောက်သည့် ကုမ္ပဏီများထံမှ နစ်နာကြေးရသည့် ရွာသားအချို့ရှိသော်လည်း [560] နစ်နာကြေး မရသူလည်း အမြောက်အများရှိသည်။ [561] လျော်ကြေးရသော်လည်း ယင်းလျော်ကြေးငွေမှာ လုံလောက်မှုရှိမရှိကိုမူ ဒေသခံများ အနေဖြင့် စောဒကတက်ခွင့် မရကြသည်ကများသည်။[562]

*"၂၀၁၂ခုနှစ် မတ်လ ၁၂ ရက်မှာ လယ်ထာကွီး၊ ကွီးလား၊ လယ်ဝါး၊ လယ်ဖောသနှင့် ထီးလယ်ကလေးခီး ရွာတွေက ရွာသား ၄၀၀ ကျော်တို့ စုဝေးပြီး ညောင်လေးပင်ခရိုင် ဆောထိ (ရွှေကျင်) မြို့နယ်နဲ့ လယ်ဒို (ကျောက်ကြီး) မြို့နယ် မှာရှိတဲ့ ရွှေကျင်မြစ်မှာ တည်ဆောက်နေတဲ့ ကျောက်နဂါးရေကာတာနဲ့ ပတ်သက်ပြီး ကန့်ကွက်ဆန္ဒပြကြတယ်။ ရွာသားတွေ အော်တဲ့ကြွေးကြော်သံသုံးခုက "ဆည်လုံးဝမဆောက်ရေး၊ ဆုံးရှုံးခဲ့ရတဲ့မြေတွေအတွက် နစ်နာကြေး ပေးရေး နဲ့ မြစ်ရေကို သဘာဝအတိုင်းစီးဆင်းခွင့်ပေးရေး" တို့ပဲဖြစ်တယ်။ ရွာသားတွေက အဲဒီ သုံးချက်ကိုတောင်းဆိုခဲ့ပေမယ့် ခုထိ အစိုးရဘက်က ဘာမှမတုန့်ပြန်သေးဘူး။ သူတို့နဲ့ဘာမှမဆိုင် သလို နေနေကြတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ မုန်း၊ ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်။ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းအရှေ့ခြမ်း (ဇူလိုင်လ၂၀၁၂ ခုနှစ်)[563]

## စိုက်ပျိုးရေး အတွက် လယ်ယာမြေများ သိမ်းယူခြင်း၏ ဆိုးကျိုးသက်ရောက်မှုများ

ရွာသားများ၏ စိုက်ပျိုးမြေများစွာတို့မှာ ရော်ဘာစိုက်ခင်းများ စိုက်ပျိုးရန်အတွက် ဒေသခံ ငွေကြေးချမ်းသာသူများ သို့မဟုတ် ကုမ္ပဏီများ၏ ရှင်းလင်းခြင်းကို ခံခဲ့ရသည့် ဖြစ်ရပ်အများအပြားရှိသည်။ [564] အာဏာပိုင်တို့နှင့် အဆက်အသွယ် ကောင်းကောင်းရှိသည့် ငွေကြေးချမ်းသာသူတို့မှာ အကျင့်ပျက် သို့မဟုတ် ညှံ့ဖျင်းသည့်

[557] Source # 113 တွင်ကြည့်ပါ။

[558] မြိတ်-ထားဝယ်ရှိ အညာဖျားဆည်ကြောင့်ထိခိုက်မှုများကို Source # 197၊ ညောင်လေးပင်ခရိုင်ရှိ ရွှေကျင်ဆည်ကြောင့်ထိခိုက်မှုများကို Source # 47၊ တောင်ငူခရိုင်ရှိ ထိုးဘိုဆည်ကြောင့်ထိခိုက်မှုများကို Source #171 နှင့် သထုံခရိုင်ရှိအသေးစားဆည်များကြောင့် ထိခိုက်မှုများကို Source # 10 တို့တွင် အသီးသီးကြည့်ပါ။

[559] ထိုးဘိုဆည်ကြောင့် ဖြစ်သည့်ရေကြီးမှုကြောင့် ရွာမြေများရေမြုပ်ကာ ဒေသခံများနေရာရွှေ့ပြောင်းရသည်။ Source # 358 တွင်ကြည့်ပါ။ ဆည်စီမံကိန်းများ အပါအဝင် စီမံကိန်းလုပ်ငန်းများကြောင့် ဖြစ်ရသည့်နေရာရွှေ့ပြောင်းရခြင်းများ အကြောင်း ပိုမိုအသေးစိတ်သိလိုပါက *Losing Ground: Land conflicts and collective action in eastern Myanmar*, KHRG, March 2013, pp. 31-32 တွင်ကြည့်ပါ။

[560] ရွာမြေများပျက်စီးစေခဲ့သည့် ဆည်စီမံကိန်းဖြစ်ရပ်အတွင်း အချို့နစ်နာကြေးရသည့်သာဓကဖြစ်ရပ်တစ်ခုအနေဖြင့် Source #248 တွင်ကြည့်ပါ။

[561] ရွာမြေများပျက်စီးစေခဲ့သည့် ဆည်စီမံကိန်းဖြစ်ရပ်အတွင်း ရွာသားများနစ်နာကြေးလုံးဝမရခဲ့သည့် သာဓကတစ်ခုအနေ ဖြင့် Source # 359 ကိုကြည့်ပါ။

[562] Source #66 တွင်ကြည့်ပါ။

[563] Source #339 တွင်ကြည့်ပါ။

[564] သာဓက။ ဒေသခံလူချမ်းသာများလုပ်သည့် ဖာပွန်ခရိုင်ရှိ ရော်ဘာစိုက်ခင်းစီမံကိန်းကြောင့် ရွာသားများသုံးသည့် သစ်ပင်များပျက်စီးခဲ့သည်။ Source # 297 တွင်ကြည့်ပါ။ Source #270 တွင်လည်းကြည့်ပါ။

အာဏာပိုင်တို့နှင့်ပေါင်းကာ တခြားသူများပိုင်သည့် မြေကွက်များ သို့မဟုတ် ရပ်ရွာပိုင်မြေများ၏ လုပ်ပိုင်ခွင့် စာရွက်စာတမ်းများကို ရယူခဲ့ကြသည်။[565] ယခုကဲ့သို့ ပိုမိုအကျိုးဖြစ်ထွန်းပြီး အရင်းအနှီးကြီးသည့် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းပုံစံသည် [566] ရော်ဘာစိုက်ခင်း အနည်းငယ်စီကို ရွာသားအများစုထံမှ ဝယ်ယူခဲ့ကြသူများဖြစ်သည့် ပို၍ချမ်းသာသော ရွာသားများကိုသာ အကျိုးဖြစ်ထွန်းစေခဲ့သည်။ [567] ယခုကဲ့သို့ လယ်ယာမြေများ သိမ်းယူသည့်ပုံစံသည် ရွာသားများ၏ အသက်မွေးရပ်တည်နိုင်စွမ်းအပေါ် နက်နက်ရှိုင်းရှိုင်း ဆိုးကျိုး သက်ရောက်သည်ဟု ရွာသားများက ရှင်းပြသည်။ [568] အကြောင်းမှာ စားကျက်မြေ လွှတ်ကျောင်းရန်၊ [569] ထင်း သို့မဟုတ် အစာရှာရန်အတွက်လိုအပ်သည့် အများဆိုင်မြေနေရာများ ဆုံးရှုံးသွား၍ ဖြစ်သည်။[570] သထုံခရိုင်အတွင်း ဖြစ်ခဲ့သည့် ဖြစ်ရပ်တစ်ခုတွင် KSDDP နှင့် BGF တပ်ရင်း အမှတ် ၁၀၁၄ တို့သည် သိန်းလေးမြိုင်၊ ရွှေသံလွင်ကုမ္ပဏီတို့နှင့် ပူးပေါင်းပြီး --- နှင့် --- ကျေးရွာများပိုင်သည့် စားကျက်မြေနှင့် သစ်တောမြေ ဧက ၅၀၀ ကို ရော်ဘာစိုက်ရန်အတွက် သိမ်းယူခဲ့သဖြင့် ရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ အကြီးအကျယ်ထိခိုက်ခဲ့ရသည်။ [571] ရွာသားများအား ရေရှည်ရပ်တည်နိုင်အောင် ကူညီပေးခဲ့သည့် ယခင်က အများဆိုင်ဖြစ်သော အရင်းအမြစ်များမှာ ရော်ဘာစိုက်ခင်းများအတွက် ဖျက်ဆီးခံလိုက်ရသဖြင့် ရွာသူရွာသားများမှာ ၎င်းတို့ပိုင်လယ်မြေများ၊ အများပိုင် သစ်တောမြေများပေါ်တွင် အစားထိုး ဝင်ရောက်လာသည့် ရော်ဘာစိုက်ခင်းလုပ်ငန်းများမှာပင် လုပ်ခစား အလုပ်သမားများအဖြစ် မဖြစ်မနေ ပြန်အလုပ်လုပ်ရသည့်ဘဝသို့ ရောက်ခဲ့ရသည်။[572]

> *"ဒီလောက် ကြီးမားကျယ်ပြန့်တဲ့ဧရိယာကြီးတစ်ခုလုံးက (ရော်ဘာ) စိုက်ခင်းဖြစ်သွားတော့ အနီးအနား က ရွာတွေမှာ ထွန်ရက်စိုက်ပျိုးဖို့၊ ကျွဲနွားလွှတ်ကျောင်းဖို့နဲ့ တောထဲကရတဲ့ ထင်းတို့၊ ဟင်းသီးဟင်းရွက်တို့လို ဟင်းစားလေးတွေရှာဖို့ ဒုက္ခရောက်ကုန်ရော။ လာမယ့်နှစ်တွေမှာ အစားအစာမလုံလောက်တဲ့ ပြဿနာနဲ့ ရွာသားတွေရင်ဆိုင်ရလိမ့်ဦးမယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦးပေးပို့သည့် ဖြစ်ပျက်မှု ရေးသား သတင်းပေးပို့ချက်။
> ဘားအံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ် မြောက်ပိုင်း (ဧပြီလ ၂၀၁၂ခုနှစ်)[573]

> *"ဒါလီ ဘေးမဲ့တောဆိုတာက အရပ်သူအရပ်သားတွေ သူတို့ရဲ့ ဝမ်းစာအတွက် အားကိုးရတဲ့တောပါ။ သူတို့အတွက်ကတော့ ဒီတောက အသက်သွေးကြောပဲ။ ဒါပေမဲ့ ခုတော့ ဒါက ရော်ဘာစိုက်ခင်းဖြစ်သွားတဲ့အခါ ရွာသားတွေက သူတို့အတွက် မရှိမဖြစ်ပစ္စည်းတွေဖြစ်တဲ့ သစ်တို့၊ ဝါးတို့၊ သက်ကယ်တို့၊ မီးသွေးတို့ အရင်လို မရနိုင်တော့ ဝယ်သုံးရရော။ တောင်ကုန်းအတိုင်းစိုက်တဲ့ လယ်ယာတွေအတွက်လည်း မြေမရှိတော့သလို ကျွဲနွားတိရစ္ဆာန်တွေအတွက်လည်း စားကျက်မြေက မရှိတော့ဘူး။ ကျွဲနွားပိုင်တဲ့သူတွေအတွက် စားကျက်မြေ ဆုံးရှုံးကုန်တော့ သူတို့ရဲ့နွားတွေက*

[565] Source #319 တွင်ကြည့်ပါ။

[566] ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏အဆိုအရ ရော်ဘာပင်သည် စတင်စိုက်ပျိုးသည့်အချိန်မှငါးနှစ်အတွင်း အစေးစတင်ထုတ်ယူ၍ရနိုင်သည်။ http://www.fao.org/docrep/006/ad221e/ad221e06.htm တွင်ကြည့်ပါ။

[567] Source #8, 270 နှင့် 297 တွင်ကြည့်ပါ။

[568] Source # 1 တွင်ကြည့်ပါ။

[569] Source # 11 တွင်ကြည့်ပါ။

[570] Source # 152 တွင်ကြည့်ပါ။

[571] Source # 1 တွင်ကြည့်ပါ။

[572] Source # 7 တွင်ကြည့်ပါ။

[573] Source # 1 တွင်ကြည့်ပါ။

*ရော်ဘာပင်တွေကို သွားစားမိကြတယ်။ အဲဒီအတွက် နွားပိုင်ရှင်တွေက ရော်ဘာပင် ပိုင်ရှင်တွေကို ငွေကျပ် ၅,၀၀၀* (၅.၆၃ ဒေါ်လာ) *အလျော်ပေးရတယ်။* [574] *တချို့နွားတွေကကျတော့ လာမစားအောင်ဆိုပြီး စိုက်ခင်းကအလုပ်သမားတွေရဲ့ ပစ်သတ်တာကိုခံရတယ်။ ဒီတော့ (ကျွဲနွားရှင်တွေက) မလုပ်ချင်ပေမယ့်လည်း သူတို့ရဲ့ တိရစ္ဆာန်တွေကို ရောင်းပစ်ရတယ်။ လယ်မြေမရှိတော့တဲ့ရွာသားတချို့ဟာ နေ့စားဘဝနဲ့ အောက်ခြေသိမ်းအလုပ်တွေလုပ်တဲ့သူရှိသလို တချို့လည်း ထိုင်းကိုသွားပြီး အလုပ်လုပ်ကြရတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (ဇူလိုင်လမှ နိုဝင်ဘာလ ၂၀၁၂ခုနှစ်)[575]

*"၂၀၁၂ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ (လုပ်ငန်းရှင်) ဦးကျော်နိုင်နှင့် သူ့ရဲ့သူငယ်ချင်းလေးယောက်တို့ ပေါ်ခလိုး ဒေသ၊ ခေါ်ထီးကျေးရွာကိုရောက်လာပြီးတော့ သူတို့အနေနဲ့ မြေဧက ၄,၀၀၀ ကိုဝယ်ယူပြီးဖြစ်ကြောင်းနဲ့ အဲဒီမြေတွေကိုလာရောက်ကြည့်ရှုတာဖြစ်ကြောင်း၊ ပြီးတော့ မြေတိုင်းဖို့လာတာဖြစ်ကြောင်း ရွာသားတွေကို ပြောပါတယ်။ အဲဒီမြေဟာ ရွာအလယ်မှာရှိပြီး နေအိမ်တွေ ကျောင်းတွေလည်း အဲဒီ မြေကွက်ထဲမှာ ပါဝင်နေတယ်။ ဦးကျော်နိုင်နဲ့သူငယ်ချင်းတွေက အဲဒီမြေအတွက် သူတို့ ငွေအမြောက်အများ ပေးခဲ့ရတယ်လို့ ရွာခေါင်းဆောင်တွေကို ပြောပြပါတယ်။ ရွာခေါင်းဆောင်တွေက မြေကိုအခုလိုလာယူလို့ မရနိုင်ဘူးလို့ ပြောလိုက်တဲ့အခါ အဲဒီ စီးပွားရေးသမားတွေဟာ ရွာကနေ ထွက်ခွာသွားခဲ့သော်လည်းပဲ ပြန်လာခဲ့မယ်လို့ ပြောသွားပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကဆယ်ဒိုမြို့နယ်၊ မြိတ်-ထားဝယ်ခရိုင်/တနင်္သာရီတိုင်းဒေသကြီး (၂၀၁၁ နိုဝင်ဘာမှ ၂၀၁၂ ဖေဖော်ဝါရီ)[576]

*"ဦးလေး ဒါးရွှေ ကျွန်တော်တို့ဆီကို သတင်းပို့တာက သူ့မြေပျက်စီးရတဲ့အတွက် MPC* [Myanmar Pongpipat Company] *ကလုပ်ငန်းရှင်တွေကို* 'အရင် ဒီမြေမပျက်စီးခင်ကဆို အခုလို အလုပ်လုပ်သလိုမျိုး ကျွန်တော် လုပ်စရာမလိုဘူး။ အခုတော့ ကျွန်တော်စိတ်ပူနေရပြီ။ ကျွန်တော့်ကလေးတွေကိုလည်း ကျောင်းဆက်မပို့နိုင် တော့ဘူး။' *လို့ သွားပြောခဲ့ပါတယ်။ ဒါပေမဲ့ MPC ရဲ့ လုပ်ငန်းရှင်တွေက* 'တကယ်လို့ ခင်ဗျားအနေနဲ့ အခက်အခဲရှိတယ်၊ စိတ်ပူတယ် ဆိုရင် ကျွန်တော်တို့ဆီသာလာခဲ့ပါ။ နေ့စားခန့်မယ်' လို့ ပြန်ပြောခဲ့ပါတယ်။ ဒါကြောင့် သူလည်း အိမ်ကို စိတ်ပျက်လက်ပျက်နဲ့ပြန်လာခဲ့ရတယ်။"

ရွာသားတစ်ဦး၏ တိုင်ကြားစာ။ လယ်ဒိုစိုး မြို့နယ်၊ မြိတ်-ထားဝယ် ခရိုင်/တနင်္သာရီတိုင်းဒေသကြီး (၂၀၁၂ ဧပြီတွင် ရေးသားခဲ့သည်)[577]

မိမိပိုင်မြေ မဆုံးရှုံးသည့်သူများနှင့် ရော်ဘာပင်စိုက်ပျိုးပြီးသား သို့မဟုတ် စိုက်ပျိုးနိုင်သည့်သူများအတွက်မူ လတ်တလော ရော်ဘာဈေးတက်ခြင်းကြောင့် ဝင်ငွေတိုးတက်ရရှိခြင်းဆိုသည့် ကောင်းကျိုးတစ်ခုရရခဲ့သည်။ [578]

---

[574] ၂၀၁၄ ဇန်နဝါရီ ၁၃ မှစပြီး ဤအစီရင်ခံစာပါ ကျပ်ငွေနှင့်ဒေါ်လာလဲလှယ်သည့်ဈေးနှုန်းကို တရားဝင်ဈေးကွက် ပေါက်ဈေး အတိုင်း တစ်ဒေါ်လာလျှင် ၉၈၇ ကျပ်ဖြင့် တွက်ချက်ထားသည်။

[575] Source #152 တွင်ကြည့်ပါ။

[576] Source #319 တွင်ကြည့်ပါ။

[577] Source # 196 တွင်ကြည့်ပါ။

မိမိပိုင်မြေ သို့မဟုတ် မိမိလုပ်ငန်းအတွက် အသုံးပြုနေရသည့် မြေကိုဆုံးရှုံး လိုက်ရသည့် ရွာသားများမှာမူ ၎င်းတို့၏ ဝင်ငွေ အခွင့်အလမ်း ထိခိုက်ပြီး အချို့မှာ တခြားနိုင်ငံများသို့ထွက်၍ အလုပ်ရှာရသည် အထိပင်ဖြစ်သည်။ [579] သာဓက အားဖြင့် သထုံခရိုင်ရှိ လားအောခဲ ရွာမှ ကျေးရွာအုပ်ချုပ်ရေး အတွင်းရေးမှူး၏ ပြောကြားချက်အရ လားအောခဲရွာသား လေးပုံတစ်ပုံတွင် ရော်ဘာစိုက်ခင်းများရှိပြီး စီးပွားရေးကောင်းသည်ဟု သိရသည်။ သို့ရာတွင် ရွာ၏ကျန်အပိုင်းများတွင် နေထိုင်သော ရွာသားများမှာမူ ကိုယ်ပိုင်လယ်မြေ သို့မဟုတ် ထင်းရှာနေကျ သစ်တောမြေများ မရှိတော့သည့်အတွက် လုပ်ကိုင်စားသောက်ရန် အခွင့်အလမ်းများ လျော့ကျရသည်ဟု ပြောသည်။ ပိုမိုဆင်းရဲသည့်လူများနှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် အနီးအနားရွာများသို့သွားရောက်ကာ နေ့စားအဖြစ် အသက် မွေးရသူရှိသလို ထိုင်းနိုင်ငံသို့သွားရောက်ကာ အလုပ်လုပ်ရသူများလည်းရှိသည်။[580]

## ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အပစ်အခတ်ရပ်စဲရေးအပေါ် ခြိမ်းခြောက်မှုများ

KHRG သုတေသီများသည် အစီရင်ခံစာ တင်ပြသည့်ကာလအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်ဆက်၍ အငြင်းပွားမှုကြောင့် ဖြစ်ပေါ်လာသော လက်နက်ပါ ပဋိပက္ခဖြစ်ရပ်နှစ်ခုကို သတင်းပေးပို့ခဲ့ကြသည်။ ၂၀၁၃ ခုနှစ် ဧပြီလ ၂၆ နှင့် ၂၇ ရက်နေ့တို့တွင် ဖာပွန်ခရိုင် မြိုင်ကြီးငူမြို့၏အပြင်ဘက်ရှိ ဟက်ကြီးရေကာတာစီမံကိန်းအနီး DKBA ဌာနချုပ်တွင် နယ်ခြား စောင့်တပ်မှ အရာရှိဖြစ်သူ ဗိုလ်ချစ်သူ ကွပ်ကဲသည့် BGF တပ်ရင်းများနှင့် DKBAတို့ အကြားတွင် တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့သည်။ [581] ဒုတိယဖြစ်ရပ်မှာ ဖာပွန်ခရိုင် ဒွဲလိုမြို့နယ်တွင်ဖြစ်ပြီး ဒေသတွင်း၌ ဂရင်းဟေးလ်ကုမ္ပဏီဟု လူသိများသည့် စီးပွားရေးလုပ်ငန်းတစ်ခုမှ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုအတွက် သဲများသယ်ဆောင်လာစဉ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နယ်ခြားစောင့်တပ်ရင်းအမှတ် ၁၀၁၃ နှင့် ၁၀၁၄၊ DKBA နှင့် KNLA တို့အားလုံး ထိုအချိန်က ထိုဒေသအတွင်း၌ တစ်ချိန်ထဲ စစ်ရေးလှုပ်ရှားနေသည့်အချိန်ဖြစ်သည်။ အစဉ်ထိုကုမ္ပဏီအား KNLA က ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် သဲတင်ဆောင်ခွင့်ပြုထားသည်ဟု ရွာသား များက ပြောသည်။ နောက်ပိုင်းတွင် ထိုကုမ္ပဏီသည် သဲများကို စီးပွားရေးလုပ်ငန်းအတွက် ပြောင်းလဲတင်ဆောင်သောအခါ ဒေသတွင်းရှိ KNLA စစ်သားများက ကုမ္ပဏီအား ရပ်တန့်ရန် သတိပေးခဲ့သည်။ ကုမ္ပဏီက ဆက်လက် တင်ဆောင်မြဲ တင်ဆောင်နေခဲ့ရာ ၂၀၁၃ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကုမ္ပဏီပိုင်ထရပ်ကားသည် ယွန်းစလင်းမြစ်အနီး သဲသောင်ပြင် ထဲ၌ မြှုပ်နှံထားသည့် မြေမြှုပ်မိုင်းထိမိသဖြင့် အရပ်သားယာဉ်မောင်းနှင့် အလုပ်သမားလေးဦး သေဆုံးသွားခဲ့သည်။ သေဆုံးသူအလုပ်သမားလေးဦးလေးဦးအနက် သုံးဦးမှာ အသက် ၁၈ နှစ်အောက် အရွယ်များ

---

[578] သထုံခရိုင် ဘားအံမြို့နယ်ရှိရွာသားအချို့မှာ ရော်ဘာပင်တိုးမြှင့်စိုက်ခြင်းကြောင့် ဝင်ငွေတိုးတက်ခဲ့သည်။ Source # 368 တွင်ကြည့်ပါ။ မြင့်မားသော ဆေးကုသစရိတ်ကို ပေးရန်တတ်နိုင်သည့် ရွာသားတစ်ဦးအကြောင်း ပြောပြသည့် သထုံခရိုင်မှ ရွာသားတစ်ဦး၏အဆိုအရ ရော်ဘာပင်ပိုင်ဆိုင်မှုကို ကြွယ်ဝချမ်းသာမှု၏ သင်္ကေတအဖြစ်အသုံးပြုကြသည်။ Source #5 တွင်ကြည့်ပါ။

[579] ညောင်လေးပင်ခရိုင်မှ ရွာသားများမှာ အစိုးရအား ကျောထောက်နောက်ခံပြုထားသော စိုက်ခင်းစီမံကိန်းတစ်ခုကြောင့် ၂၀၀၀ ပြည့်နှစ် အတွင်း ၎င်းတို့ပိုင်မြေပေါ်မှမဖြစ်မနေထွက်ခွာခဲ့ရသည်။ ၎င်းရွာသားအများအပြားမှာ ယခု ထိုင်း သို့မဟုတ် မလေးရှားတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြပြီဖြစ်သည်။ Source #48 တွင်ကြည့်ပါ။ BGF တပ်ရင်း ၁၀၁၂ က ရပ်ရွာပိုင် သစ်တောမြေကိုသိမ်းပြီး လူချမ်းသာများထံရောင်းချခဲ့ပြီးနောက် ဒူးပလာယာခရိုင် ကျုံဒိုးမြို့နယ်မှ ရွာသားများမှာ စားဝတ်နေရေး အခက်အခဲဖြစ်ခဲ့ရသည်။ အဆိုပါလူချမ်းသာများမှာ ရော်ဘာစိုက်ရန်အတွက် ယင်း BGF တပ်ရင်းကို လာဘ်ထိုးခဲ့ခြင်းဖြစ်သည်။ ထိုအကျိုးဆက်ကိုခံရသော ရွာသားအချို့သည် ထိုင်းသို့သွားရောက်အလုပ်လုပ်ကိုင်ကာ ဤပြဿနာကိုဖြေရှင်းခဲ့ သည်။ Source # 152 တွင်ကြည့်ပါ။

[580] Source #12 တွင်ကြည့်ပါ။

[581] အသက်တစ်နှစ်ခွဲရှိ နော် --- နှင့် မွေးကင်းစ ကလေး စော --- တို့ တိုက်ပွဲအတွင်းဒဏ်ရာရခဲ့ကြပြီး BGF တပ်ရင်းမှူးတစ်ဦးက ၎င်းတို့ ဆေးကုသရန် စိုက်ထုတ်ပေးခဲ့သည်။ Source #167 နှင့် 280 တွင်ကြည့်ပါ။ သတင်းများအရ တိုက်ပွဲမှာ နယ်ခြားစောင့်တပ်ရင်း အမှတ် ၁၀၁၁ နှင့်စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်ရင်းအမှတ် ၁၀၁၇၊ ၁၀၁၈ နှင့် ၁၀၁၉ တို့မှ စစ်သားများက နောက်ပိုင်းတပ်ကူပေးခဲ့သည်ဟုသိရ။ "Myaing Gyi Ngo residents flee from DKBA and Government Militia Fighting," Karen News, May 2013 တွင်ကြည့်ပါ။ DKBA ဘက်မှရင်းမြစ်များက တိုက်ပွဲသည် BGF ၏ ဟက်ကြီးရေလှောင်တမံအပေါ်ဆန့်ကျင်မှုကြောင့် ဖြစ်ပွားခဲ့ရသည်ဟု သတင်းစာတစ်စောင်ကို ပြောခဲ့သည်။။ Saw Yan Naing, "Govt troops come, civilians flee, tensions remain in Karen state," The Irrawaddy, May 3rd 2013 တွင်ကြည့်ပါ။

ဖြစ်သည်။ [582] KHRG မှ လက်ခံရရှိသော သတင်းအချက်အလက်များအရ ဂရင်းဟေးလ်ကုမ္ပဏီ၏ ဖွံ့ဖြိုးရေးစီမံကိန်းအား ရပ်တန့်စေရန် KNLA တပ်ရင်းအမှတ် (၁၀၂)က အဆိုပါမြေမြှုပ်မိုင်းကို ထောင်ထားခြင်း ဖြစ်သည်ဟုသိရသည်။ [583] ရွာသားသုံးဦး၏အပြောအရ ဂရင်းဟေးလ်နှင့် နယ်ခြားစောင့်တပ်များအကြား ပတ်သက်ဆက်နွယ်မှု ရှိသောကြောင့် ယင်းဖြစ်ရပ်သည် လက်နက်ကိုင် တပ်အုပ်စုများအကြား ဖြစ်ပွားသည့် ပဋိပက္ခများ၏ သာဓကတစ်ခုဖြစ်နိုင်သည်။[584]

ထို့ပြင် ရွာသားများနှင့် အနီးအနားရှိမြို့များမှ ငွေကြေးချမ်းသာသူများအကြား ညောင်လေးပင်ခရိုင်အတွင်းရှိ ရေကန်အချို့နှင့်ပတ်သက်ပြီး အငြင်းပွားမှုပေါ်ပေါက်ခဲ့သည်ဟုလည်း ရွာသားများက သတင်းပေးပို့သည်။ သတင်းအရ အဆိုပါအငြင်းပွားမှုတွင် KNU နှင့် မြန်မာအစိုးရတို့လည်း ပါဝင်ပတ်သက်သည်ဟု သိရသည်။ ငွေကြေးချမ်းသာသူများသည် စီးပွားရေး လုပ်ကိုင်ရန် အဆိုပါကန်များကို ဒေသန္တရ အစိုးရအရာရှိများ၏ အကူအညီဖြင့် တစ်ဦးတည်းလုပ်ပိုင်ခွင့်ရရှိရန် ကြိုးပမ်းခဲ့သည်။ ရွာသားများသည် KNU ၏အကူအညီဖြင့် အစဉ်အလာအတိုင်း အဆိုပါကန်များကို ငါးဖမ်းရန်ဆက်လက် အသုံးပြုနေခဲ့ကြသည်။ ထိုပြဿနာမှာ ယခု အချိန်ထိတိုင် မပြီးပြတ်သေးပါ။[585]

## စီမံကိန်းများကြောင့်ရရှိလာသည့် ကောင်းကျိုးနှင့် ဆိုးကျိုး မညီမျှခြင်း

ယင်းဒေသ၌ အကောင်အထည်ဖော်နေသည့် စီမံကိန်းများမှ ဒေသခံတို့အတွက် အကျိုးစီးပွား တစ်စုံတစ်ခုမျှ မရရှိဟု ရွာသားများက စိတ်ပျက်လက်ပျက်ဖြင့် အကြိမ်ကြိမ် ပြောကြသည်။ [586] ဖွံ့ဖြိုးရေးလုပ်ဆောင်မှု၏ ဆိုးကျိုးတစ်ခု အကြောင်း တင်ပြပြီးပြီးချင်းမှာပင် ၎င်းတို့က အထက်ပါ စိုးရိမ်ပူပန်မှုကို ဖော်ထုတ်ပြောဆိုကြသည်။ [587] ယင်းကိုကြည့်လျှင် ဒေသခံများအနေဖြင့် ကောင်းကျိုးကသာ ပိုများမည်ဆိုပါက ဆိုးကျိုး တချို့တလေကို လက်ခံရန်ဆန္ဒရှိသည်ဟု သိနိုင်သည်။

> *"ရွှေတူးဖော်ရေးနဲ့ပတ်သက်ပြီးတော့ တကယ်လို့ ရွာသားတွေအတွက် အကျိုးရှိမယ်ဆိုရင် ခေါင်းဆောင်တွေအနေနဲ့ ကုမ္ပဏီကို မရပ်ခိုင်းသင့်ဘူး။ … ရွှေတူးလုပ်ငန်းစကတည်းက ရွာသားတွေအတွက် အကျိုးရှိတာ ဘာမှမရှိဘူး။ အဲဒီအစား ရွာသားတွေပိုင်တဲ့ လယ်မြေတွေ အမြောက်အမြား ထိခိုက်ပျက်စီးတယ်။ ကောက်ပဲသီးနှံတွေ၊ သစ်ပင်တွေနဲ့ ဝါးတွေပဲ ပျက်စီးရတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒွဲလိုမြို့နယ်။ ဖာပွန်ခရိုင်/ကရင် ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၂ ခုနှစ် ဇူလိုင်မှ အောက်တိုဘာလ)[588]

---

[582] Source # 85 တွင်ကြည့်ပါ။

[583] Source # 95, 230, 279 နှင့် 307 တွင်ကြည့်ပါ။

[584] BGF တပ်များနှင့် ကုမ္ပဏီအကြားပတ်သက်မှုကိုမပြောကြားဘဲ ယခင် BGF တပ်ရင်း ၁၀၁၃ နှင့် ၁၀၁၄ တို့ယူထားခဲ့သည့် အဆောက်အအုံတစ်ခုတွင် ဂရင်းဟေးလ် ကုမ္ပဏီက စတည်းချနေကြောင်း ရွာသားတစ်ဦးကထုတ်ဖော်ပြောဆိုခဲ့သည်။ Source # 279 တွင်ကြည့်ပါ။ ရွာသားတစ်ဦးကမူ ဂရင်းဟေးကုမ္ပဏီအား "BGF ကုမ္ပဏီ"ဟု ညွှန်းဆိုခဲ့၊ Source # 84 တွင်ကြည့်ပါ။ နောက်ထပ်ရွာသားတစ်ဦးက ဂရင်းဟေးလ်ကုမ္ပဏီသည် BGF နှင့်နီးစပ်ပတ်သက်သည်ဟု ထုတ်ဖော်ခဲ့သော်လည်း မည်သည့် BGF တပ်ဖွဲ့ ဆိုသည်ကိုမူ အတိအကျမညွှန်းဆိုခဲ့ပေ။ Source #295 တွင်ကြည့်ပါ။

[585] Source # 270 တွင်ကြည့်ပါ။

[586] သာဓကအနေဖြင့် ဖာပွန်ခရိုင်ရှိရွှေတွင်းတစ်ခုကြောင့် ဒေသခံများအတွက်အကျိုးမရှိဟု ရွာသားများကကန့်ကွက်ခဲ့သည်။ Source #236 တွင်ကြည့်ပါ။

[587] Source #236 တွင်ကြည့်ပါ။

[588] Source #313 တွင်ကြည့်ပါ။

## ဒေသခံတို့၏တုံ့ပြန်ချက်



ပုံကို ဇွန်လ ၆ ရက်နေ့ ၂၀၁၃ ခုနှစ်တွင် ရိုက်ယူထားခြင်းဖြစ်ပြီး ပုံတွင် BGF ကသိမ်းယူထားသည့် ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ တော်ဆိုး ကျေးရွာအုပ်စု၊ --- ရွာနေ နော် --- ပိုင် မြေကို တွေ့ရသည်။ BGF တပ်မှူး ဖိုးကြာအေးက ငွေကျပ် ၆၀၀,၀၀၀ (၆၀၇.၉၀ ကန်ဒေါ်လာ) ဖြင့် ထိုမြေကိုအလဲအလှယ် လုပ်မည်ဟု သဘောတူထားသည်။[589]
*[ဓာတ်ပုံ - KHRG]*



ပုံကို ဒီဇင်ဘာလ ၁၀ ရက်နေ့ ၂၀၁၃ ခုနှစ်တွင် ရိုက်ယူထားခြင်းဖြစ်ပြီး ပုံမှာ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်ရှိ မြစ်တစ်မြစ်၏ပုံဖြစ်သည်။ ၎င်းမြစ်သည် ရွှေစွမ်းအင်ကုမ္ပဏီက ဆောက်လုပ်သည့် ထိုးဘိုရေကာတာကြောင့် မြစ်ရေ သိသိသာသာ မြှင့်တက်လာခဲ့သည်။ မြစ်ရေကြီးသဖြင့် ရွာသားများ အသုံးပြုသည့် လမ်းများကို ရေလွှမ်းသောကြောင့် ခရီးသွားလာနိုင်မှုအား ထိခိုက်ရသည်။ ရေကာတာ ဆောက်လုပ်ခြင်းနှင့် မြစ်ရေလျှံခြင်းတို့ကြောင့် ကောက်ပဲသီးနှံများနှင့် စိုက်ပျိုးမြေများလည်း ပျက်စီးရသည်။[590] *[ဓာတ်ပုံ - KHRG]*



ယခုပုံကို ဧပြီလ ၆ ရက်နေ့၊ ၂၀၁၃ ခုနှစ်တွင် နဘူး မြို့နယ်၊ ဖာပွန်ခရိုင်၌ ရိုက်ယူခဲ့ပြီး ပုံတွင် ဖော်ပြထားသည်မှာ လူချမ်းသာလုပ်ငန်းရှင် တစ်ဦးက "ဝယ်ယူ" ထားသည်ဆိုသည့် ရွာသားများတွင် ရောင်းချရန် အတွက် အခွင့်အာဏာ မရှိသော ရပ်ရွာပိုင် သစ်တော တစ်ခု၏ ပုံဖြစ်သည်။ ပုံတွင် ပိုင်ရှင်သစ်က ရော်ဘာစိုက်ရန် အတွက် သစ်ပင်များအား ဖျက်ဆီးထားသည်ကို မြင်ရမည် ဖြစ်သည်။ ယခင်က ရွာသူရွာသား အများအပြားမှ အဆိုပါသစ်တောကို စားဝတ်နေရေး အတွက် အသုံးပြုခဲ့ကြသည်။[591]
*[ဓာတ်ပုံ - KHRG]*

**စီမံကိန်းများကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုများ အပေါ် ရွာသားများက နီးစပ်ရာ အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ် (NLD) ရုံးများသို့ တိုင်ကြားစာများပို့ခြင်း၊ [592] စီမံကိန်းလုပ်ငန်းများ၌ အလုပ်လုပ်နေကြသည့် ရွာသားများထံသို့**

[589] Source # 241 တွင်ကြည့်ပါ။
[590] Source # 163 တွင်ကြည့်ပါ။
[591] Source #232 တွင်ကြည့်ပါ။
[592] ဘားအံခရိုင်ရှိရွာသားများ၏ သတင်းပို့ချက်အရ ခလရ ၅၄၇ နှင့်ပေါင်းလုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခုသည် ရော်ဘာ စိုက်ခင်းလုပ်ရန်အတွက် ၎င်းတို့ပိုင် မြေကိုသိမ်းယူခဲ့သည်။ ရွာသားများက ဒေသခံ NLD ရုံးသို့တိုင်ကြားပြီးနောက် ယင်းစီမံကိန်း လုပ်ကိုင်နေမှု ရပ်သွားသည်။ Source #155 တွင်ကြည့်ပါ။

ကန့်ကွက်စာများ ယူဆောင်လာခြင်း၊ [593] သို့မဟုတ် ဒေသတွင်း KNU နှင့် KNLA ခေါင်းဆောင်များထံ သတင်းပေးပို့တိုင်ကြားခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းများဖြင့် တုံ့ပြန်ခဲ့ကြသည်။ [594] သထုံခရိုင်ရှိ ---၊ --- နှင့် --- ရွာများ၌ သစ်ထုတ်လုပ်မှုများကြောင့် သစ်တောသယံဇာတများ ထိခိုက်မည်ကိုစိုးရိမ်သည့် ရွာသားများ စုပေါင်းပြီး တိုင်ကြားစာတစ်စောင်ကိုရေးကာ ခရိုင် KNU အတွင်းရေးမှူးထံပေးပို့ခဲ့သည်။ [595] စက်တင်ဘာလ ၂၀၁၃ ခုနှစ် တွင် ဖာပွန်ခရိုင်၊ ဒွဲလိုမြို့နယ်၊ မဲ့ဆေကျေးရွာအုပ်စုမှ ရွာသူရွာသားများစုဝေးပြီး ၎င်းတို့နယ်မြေအတွင်း ရွှေတူးဖော်ခြင်းကို ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အသိပေးစာများကိုလည်း ရေးသားခဲ့ပြီး မိမိတို့ဒေသအတွင်း၌ ဖြန့်ဝေကာ သစ်ပင်များပေါ်တွင် စိုက်ထူထားခဲ့သည်။[596]

## အကြံပြုတင်ပြချက်များ

အစိုးရ၊ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီများမှ သဘာဝပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား ထိခိုက်မှုနှင့် ဆိုင်သည့် လုံလောက်သော လေ့လာသုံးသပ်မှုများကို ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ စတင် မလုပ်ဆောင်မီ ဒေသခံများနှင့် ပူးပေါင်းပြီး လုပ်ဆောင်ကာ ပွင့်လင်း မြင်သာစွာ သတင်းအချက်အလက်ကို ထုတ်ပြန်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကြောင့် ထိခိုက်နစ်နာမည့် အကြောင်းအရင်းများအား နားလည်စေရန် အသိပေးထားသော ဒေသခံများ၏ သဘောတူညီချက်မပါပဲ ထိုလုပ်ငန်းများအား ရှေ့ဆက်လုပ်ဆောင်မှု မပြုလုပ်ရန်လိုသည်။ ထိုသို့အသိပေးရာတွင် ထိုလုပ်ငန်းမှ ၎င်းတို့၏ ဘဝနှင့် အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်များအား မည်ကဲ့သို့ သက်ရောက်မည်ဟူသည့် အချက်များပါဝင်သော ဒေသခံများ နားလည်နိုင်မည့် ဘာသာစကား သို့ ပြန်ဆိုထားသည့် လုပ်ငန်းကြောင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုး ဆိုးပြစ်များအပြင် အခြား လိုအပ်သော နည်းပညာ အထောက်အပံ့များအား ပံ့ပိုးပေးရန်လိုအပ်သည်။ အထူးသဖြင့် ရွာသားများမှ ၎င်းတို့လယ်ယာမြေပေါ်တွင် ထိုလုပ်ငန်းကြောင့် လယ်လုပ်ကိုင်ရန် ဖြစ်နိုင်ချေ ရှိတော့မည် မဟုတ်ပါက ဤအရာအား သဘောတူညီမှုမပြုလုပ်မီ သိရှိထားရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း လုပ်ကိုင်သူများ အားလုံး အနေနှင့်လည်း ဖြစ်ပေါ်လာနိုင်မည့် လူမှုရေးနှင့် ဓလေ့ထုံးတမ်းများအား မည်ကဲ့သို့ ထိခိုက်နိုင်မည်ကို ရွာသားများမှ လုပ်ငန်း အား လုပ်ခွင့်မပြုမီ သိရှိနားလည်ထားရန်အတွက် သေချာအောင် ပြုလုပ်ရမည်ဖြစ်သည်။

---

[593] ဖာပွန်ခရိုင်ရှိရွာသားများသည် တခြားဒေသရှိ ရွာသားများမှ လမ်းဖောက်လုပ်ရေးကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးနေသည်ကို မြင်ခဲ့သည်။ ထိုရွာသားများသည် ၎င်းတို့မြေအနီးမှကျောက်များကို လမ်းဖောက်ရန်အတွက်ထုတ်ယူပေးနေသဖြင့် ထိုကဲ့သို့ ကျောက်ထုတ်ယူနေခြင်းကို မြင်ခဲ့သည့်ရွာသားများက ၎င်းတို့ရွာသူကြီးကိုလွှတ်ကာ မိုးတွင်းတွင်ရေကြီးမည်ကို စိုးရိမ်ကြောင်း သွားရောက်ပြောဆိုရန်တောင်းဆိုခဲ့သည်။ Source # 161 တွင်ကြည့်ပါ။

[594] ၂၀၁၂ ဇူလိုင်တွင် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ မော်နေဘွာနယ်၊ --- ရွာမှ ရွာသားများက KNLA ခေါင်းဆောင်များထံ ရွှေတွင်းများကြောင့် ၎င်းတို့မြေများပျက်စီးသည့်အကြောင်း သတင်းပို့ခဲ့သည်။ Source #အမှတ် 358 တွင်ကြည့်ပါ။

[595] Source # 329 တွင်ကြည့်ပါ။

[596] Source #367 တွင်ကြည့်ပါ။

# ၄။ ပြောင်းလဲလာသော ကိစ္စရပ်များ။ လုံခြုံစိတ်ချမှု၊ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် လူမှုရေး ပဋိပက္ခများ

## (က) ဆက်လက်ဖြစ်ပွားနေသော စစ်အုပ်ချုပ်မှု ပုံစံသွင်းခြင်းနှင့် လုံခြုံစိတ်ချမှု မရှိသောခြေအနေအပေါ်တွင် ရွာသားများ၏ ထင်မြင်ယူဆမှုများ

ဤအခန်းတွင် KHRG သတင်းကောက်ယူမှု ပြုလုပ်သည့်ဒေသများရှိ တပ်မတော်၏တည်ရှိမှုကို ထိန်းသိမ်းထားပြီး ပိုမိုအား ကောင်းလာစေရန် ပြုလုပ်သည့် လုပ်ဆောင်ချက်များပါဝင်ပါပြီး ဆက်လက် ဖြစ်ပေါ်နေသော လက်နက်ကိုင်အဖွဲ့များကြားမှ တိုက်ပွဲငယ်များ၊ ရိက္ခာနှင့် လက်နက်ခဲယမ်းများ ထပ်မံ ထောက်ပံ့ပေးနေခြင်းများ၊ တပ်စုများ၏ ဆက်တိုက်ကင်းလှည့်ခြင်းနှင့်တကွ ၂၀၁၂ခုနှစ် ဇန်နဝါရီလ မှစတင်ကာ လက်ရှိတည်ရှိနေသော စစ်ဌာနချုပ်များကို အားဖြည့်ခြင်းနှင့် တပ်မတော် စစ်ဌာနချုပ်အသစ်များ တည်ဆောက်ခြင်း တို့ကိုပါ မှတ်တမ်းတင် အထောက်အထား ပြထားပါသည်။ ဤကဏ္ဍတွင် ထိုကဲ့သို့သော စစ်အုပ်ချုပ်မှု ပုံစံသွင်းခြင်း၏ ရလဒ်တစ်ခုအနေဖြင့် လူမျိုးစုများ အစဉ်မပြတ်နေရာရွှေ့ပြောင်းခံရခြင်းနှင့် ပတ်သက်သည့် KHRG မှမှတ်တမ်းတင်ထားသည့် သတင်းအချက်အလက်များ လည်း ပါဝင်ပါသည်။ အပစ်အခတ်ရပ်စဲထားသော ကာလအတွင်းတွင် တပ်မတော်နှင့် တပ်မတော်နယ်ခြားစောင့်တပ်များ (BGFs) ၏ အနေအထားကို ပိုမိုအားကောင်းစေသော လုပ်ဆောင်ချက်များသည် ရွာသူရွာသားများ၏ ပြင်းထန်သော သံသယမျက်စိဖြင့် ရှုမြင်ခြင်းကို ခံရစေပါသည်။ နေရာဒေသတစ်ခုတွင် တပ်မတော်၏တည်ရှိမှုကို ထိန်းသိမ်းနေသည့် လုပ်ဆောင်ချက်များသည် ယင်းနေရာဒေသများတွင် ပြင်းထန်သော တပ်မတော်၏ တည်ရှိမှုကို ကြိမ်ဖန်များစွာ အသိပေးနေသကဲ့သို့ ဖြစ်သည်။ ဤအခန်းကဏ္ဍသည် တပ်မတော်၏ လုပ်ဆောင်ချက်များကြောင့် ရွာသားများအနေနှင့် မလုံခြုံမှုကို ခံစားရပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များသည် အပစ်အခတ်ရပ်စဲရေး၏ ရေရှည်တည်တံ့မှုအပေါ် ရွာသားများအား မေးခွန်းထုတ်လာစေသည်။

**စစ်ဌာနချုပ်များနှင့် စစ်စခန်းများပြန်လည် အားကောင်းရန် ပြင်ဆင်မှု**

၂၀၁၂ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလကြားကာလတွင် မြိတ်-ထားဝယ် မှလွဲပြီး ကရင် ပြည်နယ်၏ အခြားခရိုင်ဒေသများ တစ်လျှောက်လုံးတွင် စစ်ဘက်ဆိုင်ရာအဆောက်အအုံသစ်များ တည်ဆောက်ခြင်း၊ သို့မဟုတ် တည်ရှိနေဆဲ စစ်ဘက်ဆိုင်ရာအဆောက်အအုံများကို ပိုမိုခိုင်ခံ့စေခြင်း အစရှိသည့် အားဖြည့်လုပ်ဆောင်ချက်များကို ရွာသားများက သတင်း ပေးပို့ထားပါ သည်။ ထိုသတင်းပေးပို့ချက်များတွင် သထုံခရိုင်[597] ဘားအံမြို့တွင် နယ်ခြားစောင့်တပ်ရင်း (၁၀၁၄) တပ်စခန်း အသစ် တည်ဆောက်ခြင်း၊ ညောင်လေးပင်ခရိုင်[598]တွင် တပ်မတော်၏ လက်နက်ကြီးများအတွက် သိုလှောင်ရုံဆောက်လုပ်ခြင်း၊ ဖာပွန်ခရိုင်[599] တွင် တပ်မတော်နှင့် BGF တပ်ရင်းပေါင်းစည်းရန် ဌာနချုပ်အသစ်တစ်ခု တည်ဆောက်ခြင်းများ ပါဝင်ပါသည်။ ဒူးပလာယာ နှင့် ‌ေ တာင်ငူခရိုင်တို့တွင် တပ်စခန်းများ၏ ကိုယ်ထည် တည်ဆောက်မှုများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ဘိလပ်မြေများ၊ ခြံစည်းရိုးခတ်သည့် သံဆူးကြိုးများ၊ ခေါင်မိုး မိုးသည့် သံဖြူနှင့် အခြားသော

[597] သထုံခရိုင်၊ ဖားအံမြို့နယ်၊ လောပူ ရွာရှိ စစ်တပ်စခန်းအသစ် BGF ၁၀၁၄ စခန်း တည်ဆောက်မှု ဖော်ပြခြင်းသတင်းပေးပို့ချက် အတွက် Source # 18 ကိုကြည့်ပါ။ ၂၀၁၂၊ စက်တင်ဘာလ ၁၅ ရက်တွင် တကော်ဘို ရွာတစ်လျှောက်၊ခိုတာကြီး ရွာအနီးတွင် နောက်ထပ် တပ်စခန်းတစ်ခုကို BGF ၁၀၁၄ မှတည်ဆောက်ခဲ့သည်။ Source # 361 ကိုကြည့်ပါ။

[598] ထိုဒေသရှိ ရွာသားများနှင့် KHRG သုတေသီ စကားပြောခဲ့သည့် ၂၀၁၂၊ မတ်လ ၂၉ ရက်နေ့တွင် တပ်မတော် ခမရ 264 တပ်သည် တပ်ရင်းအင်အားတိုးမြင့်စေရန် ကြီးမားသောလက်နက်များအတွက် ရုံးအဆောက်အဦတစ်ခု ဆောက်လုပ်နေဆဲ ဖြစ်ခဲ့သည်ဟု သုတေ သီက သတင်းပေးပို့ခဲ့သည်။ Source #233 ကိုကြည့်ပါ။

[599] ၂၀၁၂၊ ဇန်နဝါရီလ မှ မတ်လ အတွင်း တပ်မတော် တပ်မ ၂၂၊ ခလရ (၈) နှင့် ၉၆ တပ်များသည် ဖာပွန်ခရိုင်ရှိ ကတိုင်တိ တပ်စခန်း၌ စစ်ဌာနချုပ်ထူထောင်ခြင်းကြောင့် BGF တပ်ရင်း 1013 နှင့်တကွ စုစည်းထားရှိရန် သတင်းပေးပို့ခံခဲ့ရသည်။ Source # 35 ကိုကြည့်ပါ။

ဆောက်လုပ်ရေးသုံးပစ္စည်းများအား ကုန်းလမ်း တစ်လျှောက်ပို့ဆောင်မှုနှင့် ပတ်သက်၍ သတင်းပေးပို့ခဲ့သည်။ [600] ဖာပွန်ခရိုင်၊ လူသောမြို့နယ်တွင် စစ်သားမိသားစုများအတွက် အိမ်ရာများဆောက်လုပ်ပေးပြီး စစ်တပ် ဌာနချုပ်များအား ပိုမို ရည်ရှည်တည်တံ့ရန်အတွက် ပြင်ဆင်လာကြသည် ဟူ၍ ရွာသားများက သတင်းပေးပို့ခဲ့သည်။[601] တောင်ငူခရိုင်တွင် တပ်မတော်သည် စစ်လေ့ကျင့်ရေးနှင့် စစ်ရေးပြခြင်းများကို လေးလတစ်ကြိမ် ဆက်လက်လုပ်ဆောင်နေပြီး သာဓက တစ်ခုအနေဖြင့်၊ တပ်မတော်၏ စစ်ရေးပြကာလအတွင်းတွင် လက်ပစ်ဗုံးများ ပစ်ခဲ့ပြီး၊ ထိုလက်ပစ်ဗုံးများသည် ရွာသူရွာသားတို့၏ စိုက်ခင်းများအတွင်းသို့ကျရောက်ခဲ့ကာ စိုက်ခင်းများကို မီးလောင်ကျွမ်း စေခဲ့သည် ဟုရွာသူရွာသားများက သတင်းပေးပို့ခဲ့သည်။ [602]

> *"၂၀၁၃ ခုနှစ် မေလတုန်းက သဝေါသော ကျေးရွာမှာ တပ်ဖြန့်ထားတဲ့ တပ်မတော် ခြေမြန်တပ်မ ၂၃၁ က သူတို့ရဲ့ တပ်စခန်းကို ပြန်လည်ပြုပြင်ဖို့အတွက် ဘိလပ်မြေနှင့် ခြံစည်းရိုးခတ်တဲ့ သံဆူးကြိုးလို ပစ္စည်းတွေ ပို့ဆောင်ခဲ့တယ်။ အခုအချိန် လောက်ဆိုရင်တော့ သူတို့တပ်တွေ ပြုပြင်ပြီးစီးလောက်ပါပြီ။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ် တောင်ပိုင်း။ (၂၀၁၃ မေလမှ ဩဂုတလထိ)[603]

> *"တယဲဒဲ ရွာဘေးက၊ ခေါ်ဒေါခို ရွာမှာ ရိက္ခာသယ်ပို့ဖို့အတွက် တပ်မတော်က တံတားတစ်စင်းကို ပြုပြင်ခဲ့ပါတယ်။ သူတို့တွေက လမ်းလျှောက်စကားပြောစက်ကြီးတွေ၊ မြေရှင်းတဲ့ မြေထိုးစက်နဲ့၊ တခြား ပစ္စည်းကိရိယာတွေကို သွပ်ခေါင်မိုးအဖြူမိုးထားတဲ့တဲထဲမှာ နေရာချထားခဲ့ကြပါတယ်။ သူတို့က သူတို့ရဲ့ တပ်စခန်းပိုင်းကို သံဆူးကြိုးတပ်ထားတဲ့ ခြံစည်းရိုးတစ်ခု၊ ဝါးနဲ့လုပ်ထားတဲ့ နှစ်ထပ်ခြံစည်းရိုးတစ်ခုတို့နဲ့ ပြုပြင်ခဲ့ပါတယ်။ တကယ်လို့ သူတို့တပ်စခန်းကို အမြောက်ကြီးတွေနဲ့ ပစ်ခတ်ခံရရင်လည်း စိတ်ချလုံခြုံမှုရှိစေဖို့အတွက် တပ်စခန်းထဲက တူးမြောင်းကိုလည်း ပြုပြင်ခဲ့ပါတယ်။"*
>
> KHRG ဒေသခံအဖွဲ့ဝင်၏ ဓာတ်ပုံသတင်း ရေးသားတင်ပြချက်။ လူသော မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၂ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလထိ)[604]

> *"အခုလောလောဆယ်မှာတော့ ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း အမှတ် (၆၀) နဲ့ ခြေမြန်တပ်ရင်း အမှတ် (၃၅၁) တို့ဟာ မူသယ် ရွာကနေ ကျောက်ကြီးမြို့နယ်အထိ ရှိနေကြတယ်။ ခလရ အမှတ် ၆၀ ရဲ့ တပ်ရင်းမှူးက ဇာနည်အောင်ဖြစ်ပြီးတော့ သူ့ရဲ့တပ်သားတွေက မူသယ်ရွာ အရှေ့ဘက်ပိုင်းမှာရှိတဲ့ ခူသေစိုး တောင်ပေါ်မှာ သူတို့ရဲ့ တပ်စခန်း ချထားပါတယ်။ ခြေလျင်တပ်ရင်း အမှတ် (၆၀) က တပ်သား တွေက မူသယ် ရွာမှာ အခြေချနေထိုင်ပြီးတော့ စစ်ဆေးရေး ဂိတ်တစ်ခုလည်းချထားပြီးတော့ မူသယ် နဲ့ ကျောက်ကြီးကြားမှာ ဖြတ်သန်းသွားလာနေတဲ့ မော်တော်ဆိုင်ကယ် အငှားယာဉ်တွေကို အသုံးပြုပြီး သွားလာနေကြတဲ့ ပြည်သူလူထုတွေဆီကနေ ပိုက်ဆံတောင်းကြပါတယ်။"*

---

600 သာဓကအနေဖြင့်၊ ဒူးပလာယာခရိုင်တွင် ၂၀၁၃၊ မေလ၌ တပ်မတော် ခလရ ၂၃၁ တပ်သည် ၎င်းတို့၏တပ်စခန်းကို ပြုပြင်ရန် ခြံစည်းရိုးခတ်သည့်သံဆူကြိုးနှင့် ဘိလပ်မြေကဲ့သို့သော ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်ခဲ့သည်။ ၎င်းတို့သည် ပစ္စည်းများ သယ်ယူပို့ဆောင်သောအခါများတွင် ကျူးကလီး ရွာသားများ၏ ကုန်တင်ယာဉ်များကို အသုံးပြုခဲ့ပြီး၊ အသုံးပြုသည့် ဓာတ်ဆီအတွက်သာ ငွေကြေးထောက်ပံ့ခဲ့သည်။ ၎င်းတို့၏ တပ်စခန်းများပြုပြင်မှု ပြီးစီးခဲ့သည်။ Source # 104 ကိုကြည့်ပါ။ တောင်ငူခရိုင်၌ တပ်မ ၆၆ သည် ၂၀၁၂၊ ဖေဖေါ်ဝါရီလတွင် ရိက္ခာများနှင့်တကွ သွပ်အမိုးများကို ပို့ဆောင်ခဲ့သည်။ Source #35ကိုကြည့်ပါ။

601 Source #352 တွင်ကြည့်ပါ။

602 ၂၀၁၂၊ မတ်လ၊ ၂၈ရက်နေ့တွင် တောင်ငူခရိုင်၌ တပ်မတော်သည် စစ်ရေးလေ့ကျင့်မှု စစ်ရေးပြ ပြုလုပ်နေစဉ်အတွင်း ရွာသားများ၏ စိုက်ကွင်းများကို လက်နက်များဖြင့်ပစ်ခတ်ခဲ့ပြီး၊ စိုက်ကွင်းများကို မီးလောင်ကျွမ်းစေခဲ့သည်။ Source # 36 ကိုကြည့်ပါ။

603 Source #104 တွင်ကြည့်ပါ။

604 Source # 352 တွင်ကြည့်ပါ။

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်း အရှေ့ပိုင်း။ (၂၀၁၂ ခုနှစ် မေလ မှ ဇူလိုင်လအထိ)[605]





ဤဓာတ်ပုံများကို ၂၀၁၂၊ ဒီဇင်ဘာလ ၁၅ရက်တွင် ရိုက်ကူးမှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ တပ်မတော် ဘုရင့်နောင်တပ်စခန်းကို ရှုထောင့် နှစ်ဖက်မှမြင်ရပုံကို ဖော်ပြထားပါသည်။ ဤဓာတ်ပုံများကို မှတ်တမ်းတင်ခဲ့သော KHRG ဒေသခံအဖွဲ့ဝင်၏ တင်ပြချက်အရ ထိုတပ်စခန်းများအား ၂၀၀၀ ခုနှစ်၌ စတင်ဆောက်လုပ်ခဲ့ပြီး ရွာသားများထံမှ ထိုအချိန်က အာဏာဖြင့်သိမ်းယူထားသော မြေဧက ၃၀၀၀ ပေါ်တွင် ဆောက်လုပ်ခဲ့ခြင်းသည်။[606] ထိုတပ်စခန်းတွင် တပ်မတော်က လေးလတစ်ကြိမ်ပြုလုပ်နေကျဖြစ်သော စစ်လေ့ကျင့်ရေး အစီအစဉ်များကို ပြုလုပ်သည်။ ဘုရင့်နောင်တပ်စခန်းတွင် တပ်မတော်သည် တပ်စိတ်မှူးများ၊ တပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများကို လေ့ကျင့်ပေးသည်။ ထိုစစ်ရေးလေ့ကျင့်မှုများတွင် ကြီးမားသည့် မြေပြင်ပစ်အမြောက် ကြီးများဖြင့် ပစ်ခတ်မှုလည်းပါဝင်ပြီး ထိုသို့ ပစ်ခတ်မှုများကြောင့် ရွာသားများ၏ ထွန်ရက်စိုက်ပျိုးမြေနေရာများထံ အမြောက်ကျည်ဆန်များ ကျရောက်ပြီး ထိုစိုက်ပျိုးမြေများ ဖျက်စီးခံခဲ့ရသည်။ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်သည် ထိုစစ်ဌာနချုပ်ပတ်ဝန်းကျင်ရှိ နောက်ထပ်မြေများကို တစ်ဝက်ဈေးဖြင့် ရောင်းချရန်အတွက် ရွာသူရွာသားများအား အင်အားသုံးကာ အတင်းအကျပ်စေခိုင်းခဲ့သည်။ စစ်ဌာနချုပ်ကို တိုးချဲ့ရန် အစီအစဉ်တစ်ခုရှိသည်ဟုလည်း သုတေသီက သတင်းပေးပို့ပါသည်။[607] *[ဓာတ်ပုံများ : KHRG]*





ဝဲဘက်ပုံကို ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၉ရက်နေ့၌ မှတ်တမ်းတင်ခဲ့ပြီး သံဘို နှင့် ကျောက်ကြီးမြို့ကြားတွင်ရှိသော ဝက်ညီနောင်ကုန်းတွင် စစ်သားဟောင်းများအတွက် အိမ်ယာများနှင့် စစ်တပ်စခန်းများဆောက်လုပ်ရန်ရည်ရွယ်၍ မြန်မာအစိုးရမှ အာဏာဖြင့်သိမ်းယူခံခဲ့ရသော ဒေသတစ်ခုကို ပြသထားပါသည်။[608] ယာဘက်ရှိပုံမှာ ကျောက်ကြီးမြို့နယ်ထဲတွင်ပင် ၂၀၁၃ခုနှစ် မတ်လ ၂၉ ရက်နေ့က မှတ်တမ်းတင်ထားသော ပုံဖြစ်ပြီး၊ တပ်မတော်မှ ကြီးမားသော လက်နက်များကိုသိုလှောင်ရန် သိုလှောင်ရုံ တည်ဆောက်ရန် အာဏာဖြင့်သိမ်းယူထားသော ကန်ကလေး ရှိ မြေဧက ၃၀၀ ကျယ်သည့် နေရာဖြစ်သည်။ ထိုကဲ့သို့ သိမ်းယူမှုတွင် ရွာတစ်ရွာနှင့် ၎င်း၏ ဘေးချင်းကပ်ရှိ လယ်ကွင်းများ လည်း ပါဝင်သည်။[609] *[ဓာတ်ပုံများ : KHRG]*

---

[605] Source #50 တွင်ကြည့်ပါ။

[606] Source # 163 တွင်ကြည့်ပါ။

[607] Source #260 တွင်ကြည့်ပါ။

[608] Source #343 တွင်ကြည့်ပါ။

[609] Source #233 တွင်ကြည့်ပါ။

ဝဲဘက်မှပုံအား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်၌ မှတ်တမ်းတင်သည်။ ပုံမှာ မဲ့ကလောကျေးရွာအုပ်စုမှ ရွာသားများအား အတင်းအဓမ္မ ခြံစည်းရိုးများတည်ဆောက်ရန်အတွက် ဝါးများထောက်ပံ့စေပြီး ခြံစည်းရိုးဆောက်လုပ်စေခဲ့သည့် ခမရ အမှတ် ၃၄၈၏ စစ်ဌာနချုပ် တစ်ဝိုက်ဆောက်လုပ်ထားသော နောက်ထပ်ခြံစည်းရိုးများ၏ ပုံဖြစ်သည်။[610] ယာဘက်ပုံမှာ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်နေ့က ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် မှတ်တမ်းတင်ထားသောပုံဖြစ်ပြီး၊ တောင်ထိပ်သို့ အစားအစာများ တင်ပို့နေသည့် တပ်မတော်၏ ကုန်တင်ကားများကို ဖော်ပြထားပါ သည်။ ထိုပုံများရိုက်ကူးခဲ့သော သုတေသီ၏ အပြောအရ၊ သံဘို၊ ပေါ်ယေးခို နှင့် မူသယ် စစ်ဌာနချုပ် များသို့ အစားအစာများကို ပို့ဆောင်နေသော ကုန်တင်ယာဉ်အစီးပေါင်း ၄၈ ရှိပါသည်။[611] *[ဓာတ်ပုံများ : KHRG]*

ရေယုက်ထိန်းချုပ်နယ်မြေများတွင် နေထိုင်ကြသည့် ရွာသားများက ၎င်းတို့သည် နောက်ထပ်စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ရှင်းလင်းတင်ပြခဲ့သည်။ ဒူးပလာယာနှင့် ဖားအံခရိုင်၏ အချို့အစိတ်အပိုင်းများတွင် တပ်မတော်၏ တပ်ဖွဲ့ နှစ်ခုနှင့် နှစ်ခုထက်ပိုသော တပ်မတော် အုပ်စုခွဲများ၊ BGF၊ DKBA၊ KNLA၊ KPF နှင့် KPC တို့မှ စစ်ဌာနချုပ်များ နေရာချထားသည်။ အာဏာပိုင်အဖွဲ့များ ထပ်နေသည့် ဒေသများရှိ ဒေသခံ ရွာသူရွာသားများသည် ထိုအဖွဲ့ အသီးသီးအား အခွန်အခများပေးဆောင်နေရပြီး၊ ခရီးသွားလာရန် ခွင့်ပြုချက်စာများကို မည်သည့်အာဏာပိုင်အဖွဲ့ အစည်းထံမှ ရယူရမည်နှင့်၊[612] ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် မည်သည့်အာဏာပိုင်အဖွဲ့ အစည်းအား ယုံကြည် အားထားရမည်ကို မသိရှိကြပါ။[613]

> *"KNU အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့ တွေ၊ ဦးသိန်းစိန် တပ်မတော်၊ BGF၊ DKBA၊ KPF နဲ့ KPC အဖွဲ့တွေက ဒီဒေသကို ထိန်းချုပ်နေပြီး အရပ်သားတွေက ဘယ်အဖွဲ့ကို ယုံကြည်အားထားရမယ်ဆိုတာ မသေချာဘူးဖြစ်နေကြတယ်။ အဖွဲ့တိုင်းက ဘာသာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး အတွက်နဲ့ အရေးပါတဲ့ နေ့ထူးနေ့မြတ်တွေ ကျင်းပဖို့အတွက် လိုအပ်တဲ့ အခွန်အခတွေနဲ့ အလှူအတန်းတွေ တောင်းခံကြတယ်။ ရွာသားတွေက ငွေကြေးတွေ စုဆောင်းကောက်ခံပြီး အဲ့ဒီအဖွဲ့ တွေကို ပေးရပါတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒူးပလာယာ ခရိုင်၊ ကျုံဒိုးမြို့နယ်၊ ကရင်ပြည်နယ်တောင်ပိုင်း (၂၀၁၂ ဇူလိုင် - နိုဝင်ဘာ)[614]

---

[610] Source # 356 တွင်ကြည့်ပါ။

[611] Source #169 တွင်ကြည့်ပါ။

[612] ဤသတင်းပေးပို့ချက်၏ "Restrictions on freedom of movement and trade" တွင်ကြည့်ပါ။

[613] ရွာသူရွာသားများက ၎င်းတို့၏ ဒေသအတွင်း KNU၊ ဦးသိန်းစိန် အစိုးရ၊ BGF, DKBA, KPF (သို့) KPC အဖွဲ့ များအနက် မည် သည့်အဖွဲ့ အား ယုံကြည်အားကိုးရမည်ကို မသိနိုင်ဖြစ်နေကြကြောင်းကို ကျုံဒိုး မြို့နယ်၊ ဒူးပလာယာ ခရိုင်မှ KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး က ရှင်းပြထားပါသည်။ Source #377 တွင်ကြည့်ပါ။ ဖားအံခရိုင်၊ နဘူး မြို့နယ်ရှိ ရွာသားများသည် ကြောက်လန့် နေကြရပြီး DKBA, BGF, KPF နှင့် KNU အဖွဲ့များအားလုံးတို့သည် ၎င်းတို့ဒေသအတွင်း ရောက်ရှိနေချိန်တွင် မည်သည့် လက်နက်ကိုင် အဖွဲ့ ၏ အမိန့်အား နာထောင်ရမည်ကို မသိဖြစ်နေကြကြောင်း ရှင်းလင်းထားပါသည်။ Source # 155 တွင်ကြည့်ပါ။

[614] Source # 152 တွင်ကြည့်ပါ။

ရွာသားများမှ ၄င်းတို့ဒေသရှိ မတူညီသော လက်နက်ကိုင်အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထိထိရောက်ရောက် ဆက်သွယ်မှုမပြုလုပ်ဘဲ၊ ထိုကဲ့သို့ အဆက်အသွယ်ကင်းမဲ့ခြင်းသည် မားယွင်းသော သတင်း ‌ပေးပို့ချက်များနှင့် လက်နက်ကိုင် ပဋိပက္ခဆီသို့ ဦးတည်နေသည်ဟု ရှင်းလင်းပြပါသည်။[615] ထို့အပြင် ရွာသားများမှာ ထိုလက်နက်ကိုင် အုပ်စုများ အကြားရှိ သိသာထင်ရှားသည့် ရန်လိုသော ဆက်ဆံမှုများကြောင့် မလုံခြုံမှုများ ခံစားနေကြရသည်။

*"ဒီဒေသမှာ လှုပ်ရှားနေတဲ့ လက်နက်ကိုင်အဖွဲ့တွေက BGF ၊ DKBA ၊ KPF ၊ ကရင်ငြိမ်းချမ်းရေးကောင်စီ နဲ့ KNLA တို့ဖြစ်ပါတယ်။ သူတို့အင်အား ဘယ်လောက်ရှိတယ်ဆိုတာနဲ့ ဘယ်သူက ဦးဆောင်တယ် ဆိုတာကိုလည်း ကျွန်တော်တို့မသိပါဘူး။ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ အနေအထားက 'တခြားနွားရိုင်း တစ်ကောင်ကို တိုက်ခိုက်ဖို့စောင့်နေတဲ့ နွားရိုင်းတစ်ကောင်' နဲ့ တူနေပါသေးတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ နဘူး မြို့နယ်၊ ဖားအံ ခရိုင်၊ ကရင်ပြည်နယ်အလယ်ပိုင်း (၂၀၁၂ ဩဂုတ်လတွင် လက်ခံရရှိခဲ့သည်။)[616]

ထို့ပြင် ယခင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ(EAGs) မှ BGF တပ်ရင်းများသို့ ကူးပြောင်းခြင်းနှင့် ပတ်သက်၍ ရှုပ်ထွေးမှုအချို့ ရှိနေပါသည်။ ထို BGF တပ်ရင်းများ၏ လုပ်ဆောင်ချက်များကို ကာကွယ်ရေး ဝန်ကြီးဌာန၏ လက်ထဲတွင် တာဝန်လွှဲအပ်ထားပြီး၊ ထိုတပ်ရင်းများကို တပ်မတော်က ဖွဲ့စည်းခဲ့ပြီး စီမံခန့်ခွဲနေပါသည်။ သို့သော်လည်း BGF တပ်ရင်းများသည် ရာထူးအလျောက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အာဏာ တစ်စိတ်တစ်ဒေသရှိခြင်းအား ဆက်လက် အသုံးချလျက်ရှိသောကြောင့် ထိုအရာက ဒေသအတွင်း၌ ၄င်းတို့၏ အပြုအမူများနှင့် ရွာသားများ၏ ၎င်းတို့အပေါ် ထားရှိသော အမြင်များအပေါ်တွင်ပါ သက်ရောက်စေသည်။ ထို့အပြင် ထိုကဲ့သို့ ၎င်းတို့နှင့် တပ်မတော်၏ သေချာမှုမရှိသည့် ပူးပေါင်းဆောင်ရွက်မှုများက ၎င်းတို့တပ်သားများ၏ လုပ်ဆောင်ချက်များအတွက် တာဝန်ယူမှုကို မရေမရာ ဖြစ်စေပါသည်။[617]

*"BGF တပ်သားတွေက သူတို့ဟာ ဗမာ့တပ်မတော်ရဲ့ ထိန်းချုပ်မှု အောက်မှာ မရှိဘူးလို့ပြောတယ်။ 'ကျွန်တော်တို့အနေနဲ့ ဗမာ့တပ်မတော်ရဲ့ လစာကိုရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ နှလုံးသားတွေကတော့ မတူညီကြပါဘူး' လို့ သူတို့ကပြောပါတယ်။ ငြိမ်းချမ်းရေးရလိမ့်မယ်လို့ ကျမ မထင်ပါဘူး။"*

------- (မ, ၃၅)၊ လေးဝါးရွာ၊ ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်။ (၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် တွေ့ဆုံမေးမြန်းချက်)[618]

---

615 ဘားအံခရိုင်အတွင်းရှိ ရွာသူရွာသားများက အမျိုးမျိုးသောလက်နက်ကိုင် အဖွဲ့များတစ်ဖွဲ့နှင့်တစ်ဖွဲ့ ပုံမှန်စကားပြောဆိုခြင်း မရှိသည် ကို လည်းကောင်း၊ ထိုအခြေအနေသည် လက်နက်ကိုင် အဖွဲ့ဝင်များအကြား ပစ်ခတ်တိုက်ခိုက်ခြင်းဆီသို့ ဦးတည်နေသည့် အလားအလာရှိသည်ကို လည်းကောင်း ပူပန်သောက ရောက်နေကြရပါသည်။ ထိုပြဿနာကို ၂၀၁၂ တွင် သတင်းပေးပို့ထားပါသည်။ Source # 199 တွင်ကြည့်ပါ။ ၂၀၁၃ တွင်လည်း ထပ်မံပေးပို့ထားပါသည်။ Source # 159 တွင်ကြည့်ပါ။

616 Source #200 တွင်ကြည့်ပါ။

617 "ကျွန်တော်တို့က ကာကွယ်ရေးဝန်ကြီး ဌာနရဲ့ထိန်းချုပ်မှုအောက်မှာ ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ သူတို့ရဲ့ ဘယ်စကား ကိုမှ ထိထိရောက်ရောက် မလိုက်နာပါဘူး။ ကျွန်တော်တို့ မိခင်တပ်ရင်းဖြစ်တဲ့ KNU ကိုပဲ ကြည့်ပါတယ်။ တကယ်လို့ မိခင်တပ်ရင်းက ရေရှည်တည်မြဲတဲ့ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရင်၊ ကျွန်တော်တို့ဘက်က အရှေ့ကိုခြေတစ်လှမ်းတိုးနှင့်ပြီး ဖြစ်မှာပါ။" ဟုဆိုသော BGF ဝါရင့်တပ်မှူး မောင်ချစ်သူ၏ လတ်တလောမိန့်ခွန်းမှာ တပ်မတော်နှင့် BGF တပ်မှူးများကြားမှ မခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို မီးမောင်းထိုးပေးနေပါသည်။ တပ်မှူး မောင်ချစ်သူက ထိုစကားများကို ၂၀၁၃၊ မေလ ၂၈ ရက်နေ့တွင် ကရင် လက်နက်ကိုင် အဖွဲ့များ အစည်းအဝေးတွင် 'မောင်ချစ်သူတို့ BGF အဖွဲ့သည် ဗမာဘက်ကလူဖြစ်သွားပြီ' ဆိုသော စွပ်စွဲချက်ကို တုံ့ပြန်သည့်အနေဖြင့် ပြောဆိုခဲ့ပါသည်။ 'ရှေ့သို့ တစ်လှမ်းလှမ်းပြီးသား'ဆိုသော စကားက DKBA, BGF, KNU/KNLA နှင့် KNU/KNLA-PC အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်သော အစည်းအဝေးတွင် တိုးတက်မှုကို ရည်ညွှန်းနေပါသည်။

618 Source # 299 တွင်ကြည့်ပါ။

## တပ်စုများ ကင်းလှည့်ခြင်းနှင့် ရိက္ခာထောက်ပံ့ပေးခြင်း

အပစ်အခတ်ရပ်စဲပြီးသည့်အချိန်မှစတင်ကာ တပ်မတော် တပ်ရင်းများသည် ကရင်ပြည်နယ်၏ ခရိုင် ခုနစ်ခုအနက် ခရိုင် ၆ ခရိုင် တလျှောက်လုံးတွင် ဆက်လက် ကင်းလှည့်နေသည်ကို ရွာသားများက သတင်းပေးပို့ပါသည်။ [619] ထို့အပြင် တပ်မတော်သည် ၎င်းတို့၏ တပ်စခန်းများနှင့် ဌာနချုပ်များကို ရိက္ခာများ၊ [620] အမြောက်များ၊ [621] လက်နက်ခဲယမ်းများဖြင့် [622] ပံ့ပိုးပေးပို့ ထောက်ပံ့သည်ကိုလည်း ရွာသားများက မျက်မြင်သက်သေခံခဲ့ကြသည်။ ထိုတပ်စုများသည် အမျိုးမျိုးသော ပစ္စည်းကိရိယာများကို သယ်ယူပို့ဆောင်ရန် လမ်းမကြီးများ တစ်လျှောက် ဒါဇင်နှင့်ချီသော ကုန်တင်ယာဉ်များ၊ [623] မော်တော်ဆိုင်ကယ်များ၊ [624] မြင်းများ အပါအဝင် ရဟတ်ယာဉ်များ [625] ကိုပါ အသုံးပြုလာကြသောအခါ ထိုကဲ့သို့သော ထောက်ပံ့သည့် လုပ်ဆောင်ချက်များသည် တပ်မတော်အား ပေးအပ်ထားပြီးဖြစ်သော ခရိုင်ဒေသတစ်ခုတွင် တပ်မတော်၏အင်အားကို တိုးမြှင့်နိုင်မည်မဟုတ်ပဲ ဆက်လက် ထိန်းသိမ်းနိုင်မည်သာ ဖြစ်သော်လည်း တပ်မတော်၏ လှုပ်ရှားမှုများသည် အလွန်ပင် ထင်သာမြင်သာရှိနေသည်။[626] ၎င်းလုပ်ဆောင်ချက်များအနက် အထင်ရှားဆုံး လုပ်ဆောင်ချက်မှာ သထုံ၊ ညောင်လေးပင်နှင့် ဖာပွန်ခရိုင်များရှိ စစ်တပ်စခန်းတည်နေရာနှင့် မြို့ကြီးများကြားရှိ လမ်းများကို အထူးသဖြင့် ရိက္ခာတင်ပို့မှုအတွက် ဖောက်လုပ်ရန် သို့မဟုတ် ပြုပြင်ရန် တပ်မတော်၏ အားထုတ်ကြိုးပမ်းမှု ဖြစ်ပါသည်။[627]

---

[619] သာဓကအနေဖြင့်၊၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၇ရက်နေ့တွင် တပ်မတော်စစ်ဆင်ရေးတပ်စု ၂ က ဒူးပလာယာ ခရိုင်၊ ဝေါလေ မြို့နယ်တွင် တပ်စခန်းများကို လူစားထိုးရန် စစ်သာ ၈၀ ကျော်ကို ပေးပို့ခဲ့သည်။ Source # 131 တွင်ကြည့်ပါ။ သာဓကအနေဖြင့်၊ တောင်ငူခရိုင်တွင် တပ်မ ၆၆ လက်အောက်ခံ တပ်မတော် ခမရ ၁ သည် ထန်းတပင်မြို့နယ်တွင်ရှိသော သအေးထ စခန်းတွင် စခန်းချထားသော ခမရ ၅ ကို ၂၀၁၂၊ ဖွန်လအစပိုင်း၌ အစားထိုးခဲ့သည်။ Source # 30 တွင်ကြည့်ပါ။ ဒွဲလိုမြို့နယ်၊ ဖားအံ ခရိုင်တွင် KHRG သုတေသီက လေးလတစ်ကြိမ် တပ်မတော် တပ်မ ၄၄ တပ်စုများ ကင်းလှည့်ခြင်းကို သတင်းပေးပို့ခဲ့သည်။ ၂၀၁၂၊ ဖွန်လ တွင် သတင်းပေးပို့ ချက်အတွက် Source #306 တွင်ကြည့်ပါ။ ၂၀၁၃၊ ဖွန်လ အတွက် Source # 80 တွင်ကြည့်ပါ။ ၂၀၁၃ ဇူလိုင် မှ ဩဂုတ်အထိ တ လျှောက်လုံး တပ်မတော် ခမရ အမှတ် ၃၅၁၊ ၅၉၀၊ ၂၆၄၊ ၅၉၉၊ ၅၉၈၊ နှင့် ၃၅၀၊ ခလရ အမှတ် ၅၇၊ ၆၀၊ ၂၀ နှင့် တပ်မတော် စစ်ဆင် ရေးတပ်စု အမှတ် ၈ တို့ ညောင်လေးပင်ရွာတွင် လှုပ်ရှားနေကြပြီး တပ်စုများ ကင်းလှည့်နေကြသည်။ Source # 270 တွင်ကြည့်ပါ။

[620] သာဓကအနေဖြင့်၊ တပ်မတော် တပ်မ ၆၆ သည်၂၀၁၂၊ မတ်လမှ ဖွန်လ အတွင်း ၎င်းတို့၏ တပ်စခန်းများဆီသို့ ရိက္ခာများ တင်ပို့ခဲ့သည်။ Source # 120 တွင်ကြည့်ပါ။

[621] သာဓကအနေဖြင့်၊ တပ်မတော် တပ်မ ၄၄ သည် ၂၀၁၂၊ မေလနှင့် ဖွန်လ ကြားကာလအတွင်း ဖာပွန်ခရိုင်၊ ဒွဲလိုမြို့၌ ၎င်းတို့၏ စစ်ဌာနချုပ်ဆီသို့ ကျည်ဆံများတင်ပို့ခဲ့သည်။ Source # 306 တွင်ကြည့်ပါ။

[622] သာဓကအနေဖြင့်၊၂၀၁၂ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်၊ တပ်မတော် စစ်ကွပ်ကဲအခြေစိုက် အမှတ် ၉ နှင့် ခလရ ၇၂၀တို့သည် ညောင်လေးပင် ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ၈၁ မမ အမြောက်တစ်လက်၊ ၁၂၀ မမ အမြောက်တစ်လက်တို့အပါအဝင် အမြောက် ကိုးခု တင်ပို့ခဲ့သည်။ Source # 221 တွင်ကြည့်ပါ။

[623] သာဓကအနေဖြင့်၊ ၂၀၁၃ ဖေဖော်ဝါရီလ ၂၃ရက်နေ့တွင် တပ်မ ၆၆ သည် နဆိုး မှ ဆာခီး တပ်စခန်းဆီသို့ ရိက္ခာတင်ပို့ရန် ကုန်တင်ကား ၁၅၀ ကျော်ကို အသုံးပြုခဲ့သည်။ တောင်ငူခရိုင်တွင် တောင်ငူမှ ခလယ်လာ တပ်စခန်းဆီသို့လည်း ထပ်မံပို့ဆောင်ခဲ့သည်။ Source #322 တွင်ကြည့်ပါ။

[624] သာဓကအနေဖြင့်၊ တောင်ငူခရိုင်တွင် ၂၀၁၂ ဖေဖော်ဝါရီလ၌ တပ်မတော်စစ်သားများသည် နောက်ထပ်စစ်သားများနှင့် ရိက္ခာများ တင်ပို့ခဲ့သည်။ Source # 20 တွင်ကြည့်ပါ။

[625] ၂၀၁၃ ဇန်နဝါရီလ ၁ ရက် နှင့် ၂ရက်နေ့များတွင် တပ်မတော်သည် ဖာပွန်ခရိုင်၊ လူသော်မြို့နယ်၌ ရှိသော တောင်တန်းဒေသရှိ စစ်တပ်စခန်းများဆီသို့ ရိက္ခာ များကို ရဟတ်ယာဉ်သုံးစင်းဖြင့် တင်ပို့ခဲ့သည်။ Source # 275 တွင်ကြည့်ပါ။

[626] တပ်မတော်သည် ၂၀၁၃ နိုဝင်ဘာလတွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၌ ရိက္ခာများကို မြင်းအကောင်ရေပေါင်း ၁၂၅ ကောင်အသုံးပြုကာ တင်ပို့ခဲ့သည်။ Source # 129 တွင်ကြည့်ပါ။ တပ်မတော်သည် ၂၀၁၂ ဇန်နဝါရီလတွင် ညောင်လေးပင် ခရိုင်၌ မြင်းအကောင်ရေပေါင်း၈၀ အသုံးပြုကာ ရိက္ခာများကို တင်ပို့ခဲ့သည်။ Source # 221 တွင်ကြည့်ပါ။

[627] တပ်မတော်သည် ၂၀၁၂၊ ဖေဖော်ဝါရီ ၉ရက်နေ့တွင် ကျောက်ကြီးနှင့် ဝါလီးကူ တပ်စခန်းအကြားရှိ လမ်းမကြီးကို ပြင်ဆင်ခဲ့ပြီး၊ ၂၀၁၂ ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ထိုလမ်းမတစ်လျှောက် ရိက္ခာ များနှင့် ကားရှစ်စီးပို့လွှတ်ခဲ့သည်။ Source # 302 တွင်ကြည့်ပါ။ အလားတူ ၂၀၁၂ မတ်လတွင်လည်း တပ်မတော် တပ်မ ၅၅ သည် ဖာပွန် ခရိုင်အတွင်းရှိ စစ်ဆေးရေး ဂိတ်များချထားပြီ နောက်ပိုင်းတွင် ထိုလမ်းမတလျှောက် ရိက္ခာများတင်ပို့ခဲ့သော လယ်မူပလော ရွာတလျှောက် ရေဃိုထာ အနီးတွင် လမ်းမအသစ်တစ်ခု ဖောက်လုပ်ခဲ့သည်။ Source # 334 တွင်ကြည့်ပါ။ ညောင်လေးပင် ဒေသရှိ တောင်ပေါ်မြေနေရာများတွင် တပ်စွဲထားသော တပ်မတော် တပ်ရင်းများသည် အစားအစာများတင်ပို့ရန် ရည်ရွယ်ချက်အတွက် သံဘို ရှိ လမ်းမကြီးကို လမ်းဖောက်ရာတွင် အသုံးပြုသည့် စက် ယန္တယား D4 နှင့် D7 တို့ကိုအသုံးပြု ပြင်ဆင်ခဲ့သည်။ Source #52 တွင်ကြည့်ပါ။ သထုံခရိုင်တွင် ၂၀၁၂ ဒီဇင်ဘာလ၌ ပန္နယ်ကလား နှင့် ကတိုင်တိ ရှိ BGF စစ်ဌာနချုပ်များနှင့် တပ်မတော် နှစ်ခုကြားရှိလမ်းတစ်ခုကို ဖောက်လုပ်ခဲ့ပြီ ရိက္ခာ တင်ပို့မှုများပြုလုပ်ခဲ့သည်။ Source # 258 တွင်ကြည့်ပါ။

*"အပစ်အခတ်ရပ်စဲပြီးတဲ့နောက်ပိုင်း တပ်မတော်က တပ်စခန်းများနဲ့ အဲဒီလမ်းကို ပြန်လည်ဖောက်လုပ်ဖို့ စတင်ခဲ့တယ်။ ပြီးတော့ တပ်စခန်းများဆီကို အစားအစာတွေ ပို့ပြီးတင်ပို့ခဲ့တယ်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ၊ ပလာခို စခန်းအထိရောက်အောင် လမ်းမကို ချဲ့ထွင်ဖောက်လုပ်ခဲ့ပြီး သဲဘောပလော ဒေသမှာ ရဟတ်ယာဉ်တစ်စီး ဆင်းသက်ခဲ့တယ်။ ဆေးဒေးတောင်မှာလည်း အစာတွေတင်ဆောင်လာတဲ့ နောက်ထပ်ရဟတ် ယာဉ်တစ်စီး ဆင်းသက်ခဲ့တယ်။ လူသောမြို့နယ်ကို ကြည့်မယ်ဆိုရင် တပ်မတော်ရဲ့လှုပ်ရှားမှုတွေက မလျော့ကျသေးပါဘူး။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ *လူသော* မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၃ ဇန်နဝါရီ)[628]

*"၂၀၁၂ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှာ၊ တပ်မတော်က ကျောက်ကြီးကနေ မူသယ် ကို တိုယိုတာ ကုန်တင်ယာဉ် ၄၁ စီးနဲ့ စားနပ်ရိက္ခာတွေတင်ပို့မှုစတင်ခဲ့ပြီး၊ တပ်မတော်ရဲ့ အကြီးဆုံး ရိက္ခာထောက်ပံ့တဲ့ ဌာနချုပ်ရှိတဲ့ ဘော်ယေးခို ဆီကို ဆက်လက်ပို့ဆောင်ခဲ့တယ်။ ဇန်နဝါရီလ ၂၈ ရက်နေ့မှာ စစ်ကွပ်ကဲအခြေစိုက် အမှတ် ၄ နဲ့ ခြေမြန်တပ်ရင်းအမှတ် (၇၀၂) တို့က အမြောက်ကိုးလက် ပို့ဆောင်ခဲ့တယ်။ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ၊ တပ်မတော်က စားနပ်ရိက္ခာ တင်ပို့ရာမှာ အသုံးပြုဖို့ မြင်းအကောင် ၈၀ ကိုပို့ဆောင်ခဲ့ပြီး၊ မြင်းတစ်ကောင်စီက ဆန်တစ်အိတ်စီ သယ်ယူရပါတယ်။"*

KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ သတင်းတို တင်ပြချက်။ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ ပဲခူးတိုင်း အရှေ့ဘက် (၂၀၁၂ ဇန်နဝါရီ-ဖေဖော်ဝါရီ)[629]

*"၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်နေ့မှာ တပ်မတော်က တောင်ပေါ်ဒေသတွေမှာရှိတဲ့ သူတို့ရဲ့ တပ်စခန်းတွေဆီကို စားနပ်ရိက္ခာ တင်ပို့ရန်အတွက် သံတောင်ကြီးမြို့ကို မြင်း ၁၂၅ ကောင် တင်ပို့ခဲ့တယ်။ သံတောင်ကြီးကို အဲဒီ မြင်းတွေတင်ဆောင်လာတဲ့ ကုန်တင်ကား ၃၈စီး ရောက်ရှိခဲ့ပြီး တခြားစစ်နဲ့ဆိုင်တဲ့ ပစ္စည်းတွေ လက်နက်ခဲယမ်းတွေနဲ့ ရိက္ခာတွေ* သယ်ဆောင်ဖို့အတွက်လည်း ကုန်တင်ကား ၃၂ စီးရှိခဲ့တယ်။"

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်၊ ကရင်ပြည်နယ် မြောက်ပိုင်း။ (၂၀၁၃ ခုနှစ် နိုဝင်ဘာလ)[630]

---

[628] Source #275 တွင်ကြည့်ပါ။

[629] Source #221 တွင်ကြည့်ပါ။

[630] Source # 129 တွင်ကြည့်ပါ။



အထက်တွင်ဖော်ပြထားသောဓာတ်ပုံ နှစ်ပုံမှာ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မှတ်တမ်းတင်ထားသော ပုံများဖြစ်ပြီး၊ အောက်ဘက်မှ ဓာတ်ပုံ နှစ်ပုံမှာ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်နေ့တွင် ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်၌ မှတ်တမ်းတင်ရိုက်ကူးထားသောပုံဖြစ်ပါသည်။ ဤပုံများသည် နော်ဆိုး နှင့် ဘူဆခီး ရှိရှေ့တမ်းစစ်ဌာနချုပ်နှစ်ခုဆီသို့ ရိက္ခာများ၊ ဝန်များတင်ဆောင်လာသော ကုန်တင်ယာဉ် ငါးစီးနှင့် ဆောက်လုပ်ရေးသုံး မြေထိုးစက်နှစ်စီးအား ပို့ဆောင်နေစဉ် ဘောဂလိ တွင် တပ်စွဲ ထားသော အမှတ် ၆၆ ခြေမြန်တပ်မ မှ တပ်သားများကိုပါ ပြသထားပါသည်။ KHRG ဒေသခံ အဖွဲ့ဝင်၏ အဆိုအရ အမှတ် ၆၆ ခြေမြန်တပ်မ လက်အောက်တွင်ရှိသော တပ်မတော် တပ်ရင်းများသည် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ် မရပ်စဲမှီက ၄င်းတို့တင်ပို့ခဲ့သော ရိက္ခာပမာဏထက်ပိုပြီး ရိက္ခာတင်ပို့ခြင်းများကို စတင်ခဲ့ပါသည်။[631] *[ဓာတ်ပုံများ:KHRG]*

## ကန့်သတ် ထားသော စစ်ဆင်ရေး ဒေသများ

ကရင်လူ့အခွင့်အရေး ၏သတင်းအချက်အလက်များအရ တပ်မတော်နှင့် KNU မှ ကန့်သတ်နယ်မြေများကို စတင် သတ်မှတ်လာခဲ့ကြပြီး[632] ထို ကန့်သတ်ချက်များတွင် စစ်သားများမှာ အခြား တပ်ဖွဲ့တစ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ရှိသော နေရာတွင် လှည့်လည်သွားလာသည့်အခါ လမ်းမကြီးမှ ကိုက် ၁၀၀ မှ ၂၀၀ အကွာအဝေး အတွင်း၌သာ ကင်းလှည့်ခွင့်ပြုခြင်း၊ ကျေးရွာများမှ သတ်မှတ်ထားသည့် အကွာအဝေးတွင်သာ နေထိုင်နိုင်ခြင်း၊ တပ်စခန်းများ၏ စည်းရိုးများမှ သတ်မှတ်ထားသည့် အကွာအဝေးတွင်သာ သွားလာနိုင်ခြင်း စသည်တို့ပါဝင်ပါသည်။ [633]

---

[631] Source #322 နှင့် 358 တွင်ကြည့်ပါ။

[632] ဤသတင်းပေးပို့ချက်ရေးသားနေသော အချိန်၌၊ ဖော်ပြပါ စစ်ဆင်ရေးကန့်သတ်နယ်မြေများမှာ တပ်မတော်နှင့် KNLA တပ်များကြား တရားဝင်မဟုတ်သော သဘောတူညီချက်များအပေါ် အခြေခံထားသည်ဟု နားလည်ထားသည်။ ယင်းစစ်ဆင်ရေး ကန့်သတ်နယ်မြေများမှာ ပထဂီ နေရာဒေသ မတူကွဲပြားသည့်အလျှောက် တူညီမည်မဟုတ်ချေ။ ယင်းတို့မှာ တရားဝင်လုပ်ပိုင်ခွင့် ဥပဒေတစ်ရပ်အတွင်း ထည့်သွင်းထားသော ဒေသများ ဖြစ်သည်။

[633] ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လကြား ကာလများတွင် ဖော်ပြခဲ့သည့် ဖာပွန်ခရိုင်မှ သတင်းပေးပို့ချက်အရ၊ တားမြစ်ကန့်သတ်မှုမှာ ကိုက် ၂၀၀ ဖြစ်ခဲ့ပါသည်။ Source # 305 တွင်ကြည့်ပါ။ သထုံ ခရိုင်တွင်၊ ၂၀၁၂ ဇန်နဝါရီ - ဇူလိုင်ကြားကာလအတွင်း ကန့်သတ်အကွာအဝေးမှာ ကိုက် ၁၀၀ ဖြစ်ခဲ့သည်ဟု KHRG သုတေသီတစ်ဦးက သတင်းပေးပို့ထားပါသည်။ Source #18 တွင်ကြည့်ပါ။

ရွာသားများသည် ၄င်းတို့ဒေသရှိ ထိုကန့်သတ်ခြင်းများကို ယေဘူယျအားဖြင့် သတိပြုမိလာပြီး၊ ထိုသို့ ကန့်သတ်ခြင်းသည် လက်နက်ကိုင်အဖွဲ့ဝင်များကြားရှိ ပဋိပက္ခများကို ကာကွယ်ရန်အတွက် သင့်လျော်သောလုပ်ဆောင်မှု ဖြစ်သည်ဟု ရှင်းလင်းတင်ပြခဲ့သည်။

*"အခုလောလောဆယ် အပစ်အခတ်ရပ်စဲထားတဲ့ ကာလအတွင်းမှာ ဦးသိန်းစိန် အစိုးရတပ်မတော်က သူတို့ရဲ့ တပ်စခန်း တစ်ပိုက်မှရှိတဲ့ ခြံစည်းရိုးတွေကနေ ကိုက် ၂၀၀ အကွာအဝေး အထိသာ သွားလာနိုင်ပါတယ်။ သူတို့က ကားလမ်းမကြီးတွေကနေ ကိုက် ၂၀၀ အထိ ရေခတ်ဖို့နဲ့ ထင်းခွေဖို့ ခွင့်ပြုခံထားရပြီး၊ တပ်စခန်းကနေ အပြင်ကိုသွားလာဖို့အတွက် ရွာသားတွေနေတဲ့ရွာကနေ ကိုက် ၂၀၀ အကွာအထိ ခွင့်ပြုခံရပါတယ်။ တကယ်လို့ သူတို့က အဲဒီထက်ဝေးဝေးကို ပိုသွားခဲ့ရင် လက်နက်ကိုင်တပ်ဖွဲ့တွေကြားမှာ နားလည်မှုလွဲတာတွေ ရှိလာနိုင်ပြီး အပစ်အခတ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒွဲလို မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့ မြောက်ဘက်။ (၂၀၁၂ ခုနှစ် ဇန်နဝါရီလ မှ မတ်လအထိ)[634]

*"KNU နဲ့ စစ်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးမှတ်တမ်းတင်ပြီးကတည်းက၊ တပ်နှစ်ခုလုံး သိရှိထားတဲ့ ကန့်သတ် စစ်ဆင်ရေး ဒေသတွေကို ဖွဲ့စည်းခဲ့ရတယ်။ စစ်အစိုးရက တပ်မတော်တပ်စုတွေကို အဓိကလမ်းမကြီးရဲ့ တဖက်တချက်ဆီကနေ ကိုက် ၁၀၀ ထပ်ပိုနီးနီးမသွားဖို့ ခွင့်ပြုထားတယ်။ ဒါပေမယ့်၊ သူတို့တွေက အမိန့်မနာခံပဲ အမိန့်ကို ချိုးဖောက်တယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ၊ တဖေါ မှာ စခန်းချထားတဲ့ အမှတ် ၂၁၁ ခြေမြန်တပ်ရင်း က လယ်ကလော ရွာထဲကို ဝင်လာပေမယ့် အဲဒါကို KNU အဖွဲ့ကို အသိမပေးခဲ့ပါဘူး။ အဲဒီလိုလုပ်ခြင်းက ပဋိပက္ခတွေကို ဖြစ်စေနိုင်ပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံ မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၂ ဇန်နဝါရီ - ဇူလိုင်)[635]

အမှန်စင်စစ်တွင် အာဏာပိုင်များ၏ ညွှန်ကြားထားသောအမိန့်ကို မလိုက်နာခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခစစ်ပွဲများ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာပါသည်။ ၂၀၁၂ခုနှစ် ဇန်နဝါရီလ မှစ၍ KHRG သုတေသန ဒေသများရှိ ရွာသားများက BGF နှင့် DKBA ကြား၊ BGF နှင့် KNLA ကြား၊ တပ်မတော်နှင့် KNLA ကြားတို့တွင် သီးခြားစီ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တိုက်ပွဲ ငါးခုကို သတင်းပေးပို့ခဲ့ပါသည်။ ထိုအဖြစ်အပျက်များသည် စားနပ်ရိက္ခာ သိုလှောင်ရုံများကို အဖွဲ့တစ်ဖွဲ့က တိုက်ခိုက်သိမ်းယူခြင်းကြောင့် သော်လည်းကောင်း၊ လက်နက်ကိုင်အတိုက်အခံ အုပ်စုဘက်က လက်နက် ခိုးယူခြင်းကြောင့်သော်လည်းကောင်း၊ နယ်မြေကန့်သတ်ချက် စည်းမျဉ်းများကို ချိုးဖောက်မှု၏ အကျိုးဆက်အနေဖြင့် သော်လည်းကောင်း ဖြစ်ပေါ်လာသော ဖြစ်ရပ်များလည်း ဖြစ်သည်။

၂၀၁၂ခုနှစ် ဖေဖေါ်ဝါရီလ တွင် BGF စစ်သားများ DKBA စစ်ဌာနကိုဝင်ရောက်ပြီး လက်နက်များခိုးယူပြီး နောက်ပိုင်းတွင် မြိုင်ကြီးငူမြို့ အနီး၌ တပ်မတော် BGF တပ်ရင်းစစ်သားများ သယ်ဆောင်လာသော ကုန်တင်ကားတစ်စီးကို DKBA စစ်သားများက ချုံခိုတိုက်ခိုက်ခဲ့ကြပါသည်။ [636] ၂၀၁၃ ခုနှစ် ဧပြီလတွင် DKBA တပ်သည် မြိုင်ကြီးငူရှိ ကန့်သတ်ထားသော BGF နယ်အတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ထပ်မံ၍ လက်နက်ကိုင် ပဋိပက္ခတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ [637] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဒွဲလို မြို့နယ်၊ ဖာပွန်ခရိုင်ရှိ KNLA ၏ ကန့်သတ်ထားသော နယ်ပယ်သို့ဖြတ်ကျော်၍ ရိက္ခာများကို တပ်မတော်စစ်သားများက ပို့ဆောင်ခဲ့ပါသည်။ ထို့နောက်တွင် KNLA စစ်သားများက တန်ပြန်တိုက်ခိုက်သည့်အနေဖြင့် တပ်မတော်ပိုင် စားနပ်ရိက္ခာများကို

[634] Source #305 တွင်ကြည့်ပါ။

[635] Source # 18 တွင်ကြည့်ပါ။

[636] Source #109 တွင်ကြည့်ပါ။

[637] Source # 167 နှင့် 208 တွင်ကြည့်ပါ။

မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ရွာသားများက ထိုကဲ့သို့ပြုလုပ်ခြင်းသည် ပဋိပက္ခဖြစ်ပေါ်စေရန် KNLA စစ်သားများကို ဆွပေးသည့် တပ်မတော်၏ အားထုတ်မှု ဖြစ်သည်ဟု သတင်းပေးပို့ခဲ့ပါသည်။[638] ၂၀၁၃ခုနှစ် မတ်လတွင်၊ BGF တပ်ရင်းအမှတ် ၁၀၁၄ တပ်သားများသည် ဖာပွန်ခရိုင် ဒွဲလို မြို့နယ်ရှိ ကန့်သတ်ဒေသအတွင်းတွင် KNLA နှင့် ထိပ်တိုက်ရင်ဆိုင် တွေ့ခဲ့ရပြီး လက်နက်ကိုင် ပဋိပက္ခတစ်ခု ဖြစ်ပေါ်ခဲ့သည်။[639]

## နေရာရွှေ့ပြောင်းခံရခြင်း

ဖာပွန်၊[640] တောင်ငူ[641] နှင့် ညောင်လေးပင်[642] ခရိုင်များမှ ရွာသားများက ၎င်းတို့ဆက်လက်နေရာရွှေ့ပြောင်းခံနေရပြီး တပ်မတော်၏ ဆက်လက်လုပ်ဆောင်နေသော စစ်အုပ်ချုပ်မှုပုံစံသွင်းနေခြင်း သို့မဟုတ် တပ်မတော်၏ ဆက်တိုက်တည်ရှိနေခြင်းကြောင့် ၎င်းတို့၏ နေရင်းရွာများသို့ မပြန်နိုင်ကြောင်းကို KHRG သို့ သတင်းပို့ခဲ့ပါသည်။ ရွာသားများသည် လက်ရှိ အပစ်အခတ်ရပ်စဲမှု ပြိုလဲသွားနိုင်သည့် လက္ခဏာများကို တွေ့သောအခါ ယခင်ကတွေ့ကြုံခဲ့ရသော နေရာရွှေ့ပြောင်းခံရသည့် အတွေ့အကြုံများက ၎င်းတို့အား မည်သို့ ကြောက်လန့်စေသည်ကိုလည်း ဖော်ပြခဲ့ပါသည်။

၁၉၉၀ နှောင်းပိုင်း ခုနှစ်များမှ စတင်၍ တပ်မတော်၏ ကျူးကျော်တိုက်ခိုက်မှု၏ အကျိုးဆက်တစ်ခုအနေဖြင့် မူလက ရွှေ့ပြောင်းခံရသော ဖာပွန်ခရိုင်၊ လူသော မြို့နယ်ရှိ ရွာသားများက ၂၀၁၃ ခုနှစ် ဇွန်လတွင် KHRG ထံသို့ တိုင်ကြားစာများပေးပို့ခဲ့ပြီး ထိုတိုင်ကြားစာများထဲမှ အချို့တွင် ၎င်းတို့၏ဒေသတွင်းရှိ တပ်မတော် ဌာနချုပ်များ မပိတ်သိမ်းမချင်း ယင်းတို့၏ နေရပ်သို့ပြန်ရန်ဆန္ဒမရှိကြောင်းကို ရွှေ့ပြောင်းခံရသော ရွာသားအချို့က ရှင်းပြထားခြင်းဖြစ်သည်။[643] ရွာသားတစ်ယောက်က ၂၀၁၃ ခုနှစ်တွင် သူ၏ ရွာသို့ ပြန်သွားခဲ့သော်လည်း၊ ၂၀၁၂ ဇန်နဝါရီလ အပစ်အခတ်ရပ်စဲထားသည်မှစ၍ တိုးမြင့်လာသော တပ်မတော်၏ စစ်ရေး လုပ်ဆောင်ချက်များက အဆိုပါဒေသရှိ ရွာသားများကို အပစ်အခတ်များ ပြန်လည်ဖြစ်ပွားနိုင်သည်ဟူသော စိုးရိမ်စိတ်များ ဖြစ်ပေါ်စေခဲ့ကြောင်း တင်ပြခဲ့သည်။

> *"၁၉၉၈ ခုနှစ်ကထဲက ဒီကနေ ၂၀၁၃ ခုနှစ်အထိ၊ ကျွန်တော်တို့ တခြားလူတွေရဲ့ရွာတွေမှာ ပုန်းအောင်း နေခဲ့ရတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ထပ် သည်းမခံနိုင်တော့ဘူး။ အဲဒါကြောင့် ထောမူပလောမယ် ရွာနဲ့ လယ်မူပလော ရွာတစ်လျှောက် တပ်စွဲထားတဲ့ တပ်မတော်တပ်ရင်းတွေကို အမြန်ဆုံး ရွှေ့ပြောင်းသွားအောင် လုပ်ဆောင်ပေးဖို့ ခင်ဗျားတို့အားလုံးကို တောင်းဆိုချင်ပါတယ်။ ကျွန်တော်တို့ ပိုင်ဆိုင်တဲ့ အရာတွေနဲ့ ကျွန်တော်တို့ မြေကိုစောင့်ရှောက်ဖို့အတွက် ကျွန်တော် ဒါကိုတောင်းဆိုနေတာပါ။"*
>
> စော------၊ ------ ရွာ ၊ လူသော မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၃ ဇွန်လတွင် တွေ့ဆုံမေးမြန်းချက်)[644]

> *"၁၉၉၇ ခုနှစ် မေလမှာ ဖာပွန် ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလော ကျေးရွာမှာ တပ်မတော်ကနေ သူတို့ရဲ့ တပ်စခန်းတွေကို တပ်စွဲ ဖို့ရောက်လာခဲ့ကြတယ်။ အဲဒီ ဒေသက ရွာသားတွေက တခြားနေရာမှာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရတယ်။ အဲဒီနောက်မှာတော့ တပ်မတော်က သူတို့ရဲ့ စစ်ဌာနချုပ်ကို နောက်ထပ်*

---

[638] Source #282 တွင်ကြည့်ပါ။

[639] Source #81 တွင်ကြည့်ပါ။

[640] 2013 ဇွန်လတွင် ဖာပွန်ခရိုင် လူသော မြို့နယ်တွင် နေရာမှ ရွှေ့ပြောင်းခံခဲ့ရသည့် ရွာသားများထံမှ ရွာသားများ အိမ်ပြန်နိုင်လောက်အောင် လုံခြုံစိတ်ချမှု ခံစားနိုင်ရန်အတွက် တပ်မတော် တပ်စခန်းများ ပိတ်သိမ်းရန် လိုအပ်ကြောင်း တိုင်တန်း သည့်စာများကို KHRG ကလက်ခံရရှိခဲ့သည်။ သာဓက အနေဖြင့် Source #180 ကိုကြည့်ပါ။

[641] ၂၀၁၂၊ ဩဂုတ်လမှစ၍၊ တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်ရှိ ရွာသားများသည် ယခုအခါ အစိုးရထိန်းချုပ်ထားသော ဒေသများဖြစ်နေသည့် ၎င်းတို့၏ ယခင်ရွာများထံသို့ပြန်သွားရန် ဆန္ဒမရှိတော့ကြောင်း KHRG ထံသို့ သတင်းပေးပို့ခဲ့သည်။ Source #359 တွင်ကြည့်ပါ။

[642] ၂၀၁၂၊ ဇူလိုင်လမှစတင်၍၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ် ယဲဒါး ရွာတလျှောက်ရှိ ရွာငယ် ၁၆ ရွာမှ လူများသည် ဆက်လက်နေရာရွှေ့ပြောင်းခံခဲ့ရသည်။ Source #40 တွင်ကြည့်ပါ။

[643] Source #177, 178, 180, 181, 182 နှင့် 183 တွင်ကြည့်ပါ။

[644] Source #178 တွင်ကြည့်ပါ။

*ပနာအေဘာယ်ခိုကို ရုတ်တရက် ပြောင်းရွှေ့သွားခဲ့တယ်။ အဲဒါ ကြောင့် ပနာအေဘာယ်ခို က ဒေသခံရွာသားတွေက တခြားတစ်နေရာကို ပြောင်းရွှေ့နေကြရပြန်တယ်။ သူတို့ ကျွန်တော်တို့ရွာကို ဝင်လာတဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့ အိမ်တွေ၊ ကျောင်းတွေ၊ သိုလှောင်ထားတဲ့ ဆန်တွေကို မီးရှို့ခဲ့ကြတယ်။ အဲဒီကထဲက ကျွန်တော်တို့ တခြားရွာတွေမှာ ကာလကြာမြင့်စွာ ရွှေ့ပြောင်း နေထိုင်နေရပြီး ကျွန်တော်တို့အနေနဲ့ ဝမ်းမှတ်ခေါင်းပါးမှုနဲ့ ရောဂါမျိုးစုံကိုလည်း ခံစားခဲ့ကြရတယ်။ ၂၀၀၃ နဲ့ ၂၀၁၃ ကြားကာလမှာ ကျွန်တော်ရွာမှာနေဖို့ ပြန်လာခဲ့ပေမယ့် ကျွန်တော်တို့ အေးအေး ချမ်းချမ်းမနေနိုင်သေးပါဘူး။ ကျွန်တော်တို့ အမြဲတမ်း သတိထားပြီး ကိုယ့်ဘာသာကို ပြင်ဆင်ထားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရွာက တပ်မတော်တပ်စခန်းနဲ့မဝေးလို့ပါ။ ဗမာအစိုးရ KNU နဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီးတဲ့နောက်၊ တပ်မတော်က သူတို့ရဲ့ တပ်စခန်းတွေဆီကို လက်နက်နဲ့ ရိက္ခာတွေ စတင်ပို့ဆောင်ခဲ့တယ်။ ကျွန်တော်တို့ ရွာသူရွာသားတွေက တကယ့်ကို ဘာဖြစ်လာမလဲဆိုတာ ကြောက်ရွံ့နေရပါတယ်။ ကျွန်တော် ခင်ဗျားတို့ဆီက အကြံဉာဏ် လိုအပ်ပြီး ခင်ဗျားတို့အားလုံးနဲ့ အမြဲတမ်း အဆက် အသွယ်ရှိချင်ပါတယ်။"*

စော------၊ ------ ရွာ ၊ လူသော မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။
(၂၀၁၃ ဇွန်လတွင် တွေ့ဆုံမေးမြန်းချက်။)[645]

ဒူးပလာယာ ခရိုင်၊ ကော့ကရိတ် မြို့နယ်မှ ရွာသားတစ်ဦးက ၎င်းတို့၏ လူမှုအဖွဲ့အစည်းတွင် နေထိုင်သော ရွာသားများသည် တပ်မတော်၏ ဆက်လက် တည်ရှိမှုကြောင့် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုများကို မြန်မာနိုင်ငံတွင် အိမ်တစ်လုံး၊ ထိုင်းနိုင်ငံတွင် အိမ်တစ်လုံး၊ အိမ်နှစ်လုံးဆောက်လုပ်ထားခြင်းဖြင့် တုံ့ပြန်ကြသည်ဟု ရှင်းပြပါသည်။

*"မဟုတ်ဘူး။ မငြိမ်းချမ်းပါဘူး။ အေးချမ်းပြီလို့ ခင်ဗျား မပြောနိုင်ပါဘူး။ ကျွန်တော် ခင်ဗျားကို ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ အိမ်နှစ်အိမ်မှာနေရပါတယ်။ ထိုင်းနိုင်ငံမှာ တစ်အိမ်၊ မြန်မာနိုင်ငံမှာ တစ်အိမ်ပါ။ ကျွန်တော်တို့ အိမ်နှစ်လုံး ဆောက်ထားရပါတယ်။ ရွာသားတွေက ကြောက်လန့်နေရပါတယ်။ သူတို့ရဲ့စိတ်ထဲမှာ အခြေအနေက ယာယီမျှသာ တိုးတက်တယ်လို့ သူတို့အားလုံးမြင်ပါတယ်။ ဒါက အမြဲတမ်း မဟုတ်ပါဘူး။ ရွာသားတွေက အခြေအနေကိုမယုံကြည်ကြဘူး။ ဗမာ့ တပ်မတော်ရောက်လာရင် သူတို့ ထိုင်းနိုင်ငံကို ထွက်ပြေးကြတယ်။ ကျွန်တော်တို့ မိသားစုတစ်စုချင်းစီအတွက် ထိုင်းနိုင်ငံမှာ အိမ်သေးသေးလေးတစ်အိမ် ဆောက်လုပ်ရပါတယ်။ တပ်မတော် စစ်သားတွေက မဆုတ်ခွာတဲ့အပြင် စစ်သားအရေ အတွက်ကိုလည်း မလျှော့ချကြပါဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့ သူတို့ကို မယုံကြည်နိုင်ပါဘူး။ သူတို့အားလုံး ပြန်သွားကြရင်တော့ ယုံကြည်နိုင်မှာပါ။ ကျွန်တော်တို့ သူတို့ကို ဘာလို့မယုံလဲဆိုတော့ သူတို့က အဝေးကို ထွက်ခွာသွားကြရင်တောင်၊ အမြဲဘဲ ပြန် ရောက်လာတတ်လို့ပါဘဲ။"*

စော --------၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာ ခရိုင်၊ ကရင်ပြည်နယ်တောင်ပိုင်း။
(၂၀၁၂ခုနှစ် ဩဂုတ်လ တွင် တွေ့ဆုံမေးမြန်းချက်။)[646]

## လုံခြုံမှုမရှိခြင်းနှင့် ပတ်သက်၍ ရွာသားများ၏ သဘောထားအမြင်

တပ်မတော် စစ်ဌာနချုပ်အနီးတွင် နေထိုင်ကြသော ရွာသားများက စစ်တပ်များ မကြာခဏ ကင်းလှည့်ခြင်းများနှင့် ရိက္ခာထောက်ပံ့မှုများကို အထူးတလည် သတိမူမိကြပါသည်။ ထို့အပြင် ရွာသားများက ဥပမာအနေဖြင့် တပ်ရင်းများသည် ထုံးစံအားဖြင့် ဘယ်နှစ်ကြိမ် ကင်းလှည့်ကြသည်[647] သို့မဟုတ် ယခင်က လုပ်ဆောင်ချက်များနှင့်

[645] Source #176 တွင်ကြည့်ပါ။

[646] Source #139 တွင်ကြည့်ပါ။

[647] သာဓကအနေဖြင့်၊ ဖာပွန်ခရိုင် ဒွဲလို မြို့နယ်မှ ဒေသခံ ရွာသားများက တပ်မ ၄၄ သည် လေးလ သို့မဟုတ် ခြောက်လ တစ်ကြိမ် စစ်သားများအလှည့်ကျ ကင်းလှည့်ကျသည်ဟု KHRG သုတေသီတစ်ဦးကို ရှင်းပြခဲ့သည်။ Source # 306 တွင်ကြည့်ပါ။

နှိုင်းယှဉ်ပြီး စစ်တပ်သည် ပိုမိုများပြားသော စစ်တပ် အသုံးအဆောင်ပစ္စည်းများကို ပို့ဆောင်နေသည် စသည်ဖြင့် KHRG ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ [648] ထို့အပြင် အပစ်အခတ် ရပ်စဲမှုနှင့် တပ်မတော်ကို လွတ်လပ်စွာ သွားလာနိုင်ရန် ခွင့်ပြုပေးထားသော KNLA စစ်သားများကြောင့် တပ်မတော်သည် တစ်နေရာမှ တစ်နေရာသို့ ပိုမိုလွတ်လပ်စွာ သွားလာနိုင်သည်ဟု ရွာသားများက ရှင်းလင်းပြောပြခဲ့ပါသည်။

> *"KNU နဲ့ ဗမာ့တပ်မတော်တို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှာ အပစ်အခတ်ရပ်စဲဖို့ ဆွေးနွေးပြီးတဲ့နောက်ပိုင်း၊ ဗမာ့ တပ်မတော်ဟာ ပဲခူး၊ မွန်၊ တနင်္သာရီတိုင်းတို့ အပါအဝင် ကရင်ပြည်နယ်ရဲ့ ခရိုင် ခုနစ်ခုလုံးမှာရှိတဲ့ တပ်စခန်းချရာ နေရာဒေသမျိုးစုံဆီကို ရိက္ခာပို့ဆောင်ဖို့အတွက် အတားအဆီး မရှိတော့ပါဘူး။ ကရင်ပြည်နယ်ရဲ့ ဒေသအမျိုးမျိုးမှာ သူတို့ရဲ့တပ်စုတွေဟာ အလှည့်ကျ လှည့်နေပါတယ်။ ရွာသားတွေက အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ပျက်စီးသွားမှာကို စိုးရိမ်ကြပါတယ်။ ဗမာ့တပ်မတော်က သူတို့ရဲ့တပ်စခန်းတွေဆီကို ရိက္ခာအမြောက်အမြား ပို့ပြီးတဲ့ အတွက်ကြောင့် တစ်ခုခုဖြစ်ခဲ့မယ်ဆိုရင်တောင် သူတို့ရဲ့ စားနပ်ရိက္ခာအတွက် ပူပန်စရာမလိုတော့ဘဲ ရိက္ခာတွေ အဆင်သင့်ရှိနေပြီးဖြစ်တဲ့အတွက် သူတို့ရဲ့ တပ်စုတွေကို အများအပြားပို့ဖို့တော့ လွယ်ကူပါတယ်။ သူတို့ရဲ့ ရိက္ခာတွေကို ပို့ဆောင်တဲ့ အချိန်အတောအတွင်းမှာ KNLA စစ်သားတွေ အနေနဲ့ ကြားဝင်စွက်ဖက်တာမျိုး မရှိပါဘူး။ ဒါကြောင့် ရွာသားတွေက အပစ် အခတ်ရပ်စဲရေးသဘောတူညီမှု ပျက်စီးသွားရင် သူတို့အနေနဲ့ ပိုဆိုးတဲ့ အခြေအနေတစ်ခုနဲ့ ကြုံနိုင်တယ်ဆိုတာကို စိုးရိမ်ပူပန်နေကြတာပါ။"*
>
> KHRG ဒေသတွင်း ညွှန်ကြားရေးမှူး ၏ ဒေသ အခြေအနေကို အတိုချုပ် လေ့လာသုံးသပ်ချက်။ ဒူးပလာယာ၊ သထုံ၊ ဘားအံနှင့် ညောင်လေးပင် ခရိုင်, (ဖေဖော်ဝါရီ ၂၀၁၂ တွင် ရေးသားသည်)[649]

> *"တပ်မတော်မှာ KNLA စစ်သားတွေရဲ့အနှောင့်အယှက် မရှိဘဲ လက်နက်ခဲယမ်းနဲ့ ရိက္ခာတွေပို့ဆောင်ဖို့ အခွင့်အရေးတွေ ရှိပါတယ်။ တပ်မတော်က သူတို့ရဲ့ တပ်စခန်းတွေကို လျှော့ချမဲ့အစား နောက်ထပ် တပ်စခန်းတွေကိုတောင်မှ ပြုပြင် တည်ဆောက်ကြတယ်။ ၂၀၁၃ ခုနှစ် မတ်လ ၁၅ ရက်နေ့မှာ ကလောမီးဒဲ ကျေးရွာနားမှာနေထိုင်တဲ့ ရွာသားတစ်ဦးက နတ်သမီးတောင် လို့ခေါ်တဲ့ ကလောမီးဒဲ ရွာနားက တစ်နေရာမှာ တပ်စခန်းနောက်တစ်ခု တည်ဆောက်ခဲ့တယ် ဆိုတာကို ပြောပြခဲ့ပါတယ်။ စစ်တပ်တပ်စခန်းတွေ ရှိနေတာကြောင့် ရွာသားတွေအနေနဲ့ သက်တောင့်သက်သာ မဖြစ်တဲ့အတွက် တပ်စခန်းတွေ ပိုတိုးလာတာကို သူတို့တွေ အလိုမရှိကြပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် ရွာသားတွေက တပ်မတော်အနေနဲ့ သူတို့ရဲ့တပ်စုတွေကို ရုတ်သိမ်းပေးသွားဖို့တောင် အလိုရှိကြ ပါတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ထန်းတပင်မြို့၊ တောင်ငူခရိုင်၊ ကရင်ပြည်နယ် မြောက်ပိုင်း။ (၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ မှ ဇူလိုင်လအထိ)[650]

KHRG ၏ သတင်းအချက်အလက်များအရ၊ တပ်မတော်နှင့်EAG များကြားရှိ သိသာထင်ရှားသော ဆက်ဆံရေး လိုအပ်ချက် အရသော်လည်းကောင်း၊ ရွာသားများ၏ သတိပြုမှုကို ရှောင်ရှားရန် စီစဉ်နေပုံရသည့် တပ်မတော်၏လှုပ်ရှားမှုကြောင့် လည်းကောင်း ရွာသားများသည် ဆက်လက်ဖြစ်ပေါ်နေသော စစ်အုပ်ချုပ်မှု ပုံစံသွင်းခြင်းများကို သတိပြုမိ လာသောအခါ ၎င်းတို့၏ မလုံခြုံမှု ခံစားချက်များသည် ပိုမို ဆိုးဝါးလာနိုင်သည်။

---

[648] သာဓကအနေဖြင့်၊ KHRG သုတေသီတစ်ဦးက ဖာပွန်ခရိုင် ဘူးသို မြို့နယ်တွင် တပ်မတော် ခြေမြန်တပ်ရင်း ၃၄၁, ၄၃၄, ၃၄၈ နှင့် ၆၄၂ တို့သည် ယာယီစစ်ဌာနချုပ်များတည်ဆောက်ခဲ့ပြီး အပစ်အခတ်မရပ်စဲမီကထပ်ပိုကာ ၂၀၁၂ ဧပြီလတွင် ရိက္ခာပေးပို့ခြင်းကို အကြိမ်အရေအတွက် များများပို့ဆောင်ခဲ့သည်ဟု သတင်းပေးပို့ထားပါသည်။ Source # 304 တွင်ကြည့်ပါ။

[649] Source # 221 တွင်ကြည့်ပါ။ ထိုသတင်းအချက်အလက်ကို ၂၀၁၂ ဇန်နဝါရီ နှင့် ဖေဖော်ဝါရီ တလျှောက်လုံး၌ ဖော်ပြထားသော ခရိုင်လေးခုတွင် တစ်ခုချင်းဆီသို့ သွားရောက်လေ့လာသည့် ခရီးစဉ် တစ်ခုပြီးသည့်နောက် KHRG၏ ကွင်းဆင်းညွှန်ကြားရေးမှူးမှ ရေးသားထားခြင်းဖြစ်ပါသည်။

[650] Source #262 တွင်ကြည့်ပါ။

ဥပမာအနေဖြင့် တောင်ငူခရိုင်တွင် မနက်အစောပိုင်းနှင့် ညပိုင်း၌ တပ်မတော်တပ်စုများသည် လေးလံသော ကျောပိုးအိတ်များကို လွယ်ပြီး သယ်ယူပို့ဆောင်နေကြခြင်းက တပ်မတော်အနေဖြင့် တစ်စုံတစ်ခုကိုဖုံးကွယ်ဖို့ ကြိုးစားနေသကဲ့သို့ ရွာသားများအား မလုံခြုံမှုစိတ်ခံစားချက်များကို ဖြစ်ပေါ်စေသည်။[651] တခြားကိစ္စရပ်တစ်ခုမှာမူ တပ်မတော်တပ်ရင်းတစ်ခုက KNU အာဏာပိုင် အဖွဲ့ဆီသို့ သတင်းပေးပို့ခြင်းမရှိဘဲ သူတို့ဒေသအတွင်းသို့ မည်သို့ ဝင်ရောက်ခဲ့သည်ကို ရွာသားများက ရှင်းပြသည်။

*"တပ်မတော်ခြေမြန်တပ်မ အမှတ် ၆၆ က ခလယ်လာ ရွာကနေ ထွက်ခွာခဲ့ပြီး ဘူဆာခီးရွာကို သွားခဲ့ကြပါတယ်။ တပ်မ ၆၆ က စစ်သားတွေက ရွာသားတွေ သူတို့ကို မြင်မှာစိုးတာကြောင့် တိတ်တဆိတ် သွားနေကြတာပါ။ သူတို့ဟာ မနက် အစောပိုင်းနဲ့ ညဘက်တွေမှာ ခရီးသွားလေ့ရှိပါတယ်။ သူတို့က စားစရာတွေကို ကားနဲ့သယ်ပြီး စစ်သားတွေကတော့ လေးလံတဲ့ ဂန်စည်စလွယ်တွေနဲ့ပေါ့။ ဗမာ့တပ်မတော် စစ်သားတွေ အဲဒီလို လုပ်ကိုင်နေကြတာကို တွေ့မြင်သိရှိလာတဲ့အခါမှာတော့ စိုးရိမ်ပူပန်မှုတွေဟာ ရွာသားတွေရဲ့ စိတ်ထဲကို ရောက်ရှိလာပြီး သူတို့ရဲ့ အနာဂတ်အတွက်ကိုပါ စိုးရိမ်ပူပန်နေကြတော့တာပါပဲ။"*

KHRG ဒေသခံအဖွဲ့ဝင်တစ်ဦး၏ ဓာတ်ပုံသတင်း ရေးသားတင်ပြချက်။ တောင်ငူခရိုင်၊ ကရင်ပြည်နယ်မြောက်ပိုင်း (ဧပြီလ ၂၀၁၃)[652]

အပစ်အခတ် ရပ်စဲရေး ပျက်ပြားသွားခဲ့လျှင် တပ်မတော်သည် ၎င်းတို့၏ တပ်စခန်းများနှင့် တပ်မ အရေအတွက်များကို ကရင်ပြည်နယ်၏ ဒေသအနှံ့အပြားတွင် တိုးမြှင့်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တိုက်ခိုက်မှုကို ဆန့်ကျင်ကာ ၎င်းတို့၏ တပ်စခန်းများကို ပိုမိုခိုင်မာအောင် လုပ်ဆောင်မည့် ကိစ္စများနှင့် ပတ်သက်ပြီး စိုးရိမ်ကြောင်း ရွာသားများက ထုတ်ဖော်ပြသည်။[653] တစ်ချို့သော ရွာသားများကမူ အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း စစ်တပ်အခြေစိုက် စခန်းများကို ခိုင်မာအောင်ပြုလုပ်နေခြင်းက ယင်းတို့၏လုပ်ခြုံရေးအတွက် အန္တရာယ်တစ်ရပ်ဟု ယုံကြည်ထားကြသည်။ အဘယ်ကြောင့်ဆိုသော် အစိုးရမှာ ယေဘုယျအားဖြင့် နယ်မြေထိန်းချုပ်မှုအင်အားကို ချဲ့ထွင်နေခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် တပ်မတော်ဘက်က အင်တိုက်အားတိုက်ဖြင့် ပဋိပက္ခဖြစ်ရန် ပြင်ဆင်နေခြင်းကြောင့်ဟူ၍ ယုံကြည်ထားသည်။[654]

*"ဒေသခံ တပ်မတော်တပ်ရင်းတွေက အခုဆိုရင် ပစ္စည်းတွေနဲ့ အသုံးအဆောင်ကိရိယာတွေကို ပိုပြီး လွတ်လပ်စွာ ပို့ဆောင်နိုင်ပါပြီ။ အဲဒါကြောင့် သူတို့ဟာ များစွာသော ရိက္ခာနဲ့ အသုံးအဆောင်တွေကို ပို့ဆောင်သိုလှောင်ထားပြီးကြပါပြီ။ တကယ်လို့ တိုက်ပွဲတွေ တဖန်ပြန်ဖြစ်လာမယ်ဆိုရင်တောင် တပ်မတော်က စစ်ရေးလှုပ်ရှားမှုတွေကို ပိုပြီးလုပ်နိုင်ပါလိမ့်မယ်။ သူတို့သိုလှောင်ထားတဲ့ သံတွေ၊ ဘိလပ်မြေတွေလို ကုန်ကြမ်းတွေကို ဖာပွန်မြို့မှာရှိတဲ့ သူတို့ရဲ့ တပ်စခန်းတွေကို ပြင်ဆင်ဖို့နဲ့ နောက်ထပ်စခန်းတွေ တိုးချဲ့ ဆောက်လုပ်ဖို့ အသုံးပြုပါလိမ့်မယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသို မြို့နယ်၊ ဖာပွန်ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက် (ဇန်နဝါရီ - မတ် ၂၀၁၂)[655]

*"အခြေအနေကို ကြည့်မယ်ဆိုရင်၊ အစိုးရတပ်မတော်နဲ့ KNU စစ်တပ်ကြားမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြုလုပ်ထားပေမယ့် တပ်မတော်က နောက်ထပ် တိုက်ခိုက်ဖို့အတွက် အမြဲတမ်း ပြင်ဆင်နေ တယ်လို့ ထင်ရပြီး ဒါဟာ ရွာသားတွေကို စိုးရိမ်မှုဖြစ်စေပါတယ်။ အောက်တိုဘာလ ၁၃ ရက်၊ ၂၀၁၂ ခုနှစ်မှာ*

[651] Source # 262 တွင်ကြည့်ပါ။
[652] Source # 262 တွင်ကြည့်ပါ။
[653] Source #221 တွင်ကြည့်ပါ။
[654] Source #131 တွင်ကြည့်ပါ။
[655] Source #304 တွင်ကြည့်ပါ။

*ခလရ အမှတ် (၄၉၈) တပ်ခွဲ အမှတ် (၄) တို့ဟာ စစ်သား ၄၈ နဲ့အတူ ရောက်ရှိလာပြီး မာလာဒေါ စစ်တပ် တပ်စခန်းမှ စစ်သားတွေနဲ့ နေရာလဲကြပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ မုန်းမြို့၊ ညောင်လေးပင် ခရိုင်၊ ပဲခူးတိုင်းအရှေ့ (အောက်တိုဘာ ၂၀၁၂ - ဇန်နဝါရီ ၂၀၁၃)[656]

*"၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် နဲ့ ၇ ရက်နေ့ ညတွေမှာ စစ်ဆင်ရေးအမှတ် ၁၉ မှ တပ်စု (၂) ဟာ တပ်စု (၁) နဲ့ နေရာလဲခဲ့ပါတယ်။ ပြီးတော့ ဝေါလေ စစ်ဆင်ရေး တပ်စုဆီကို လက်နက်တွေပို့ဆောင်ခဲ့တယ်။ ဇူလိုင်လ ၇ ရက်နေ့မှာ စစ်သား ၈၀ ကျော် တို့ဟာ ဝေါလေ မှာရှိတဲ့ စစ်ဆင်ရေးတပ်စုကို အစားထိုးဖို့ ခြေလျင် ရောက်လာကြတယ်။ ရွာသားတွေက တပ်မတော်ဟာ လူနည်းစုအဖွဲ့တွေကို ဖိနှိပ်ဖို့ အစီအစဉ် ရှိတယ်ဆိုတာနဲ့ ပတ်သက်ပြီး သောကရောက်နေကြပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကော့ကရိတ်မြို့၊ ဒူးပလာယာ ခရိုင်၊ ကရင်ပြည်နယ် တောင်ပိုင်း (ဇူလိုင်လ ၂၀၁၂)[657]

အပစ်အခတ်ရပ်စဲရေး ကာလအတွင်း၌ ဆက်လက်ဖြစ်ပွားနေသော စစ်ပုံစံသွင်းခြင်းနှင့် ရံဖန်ရံခါဖြစ်ပေါ်တတ်သည့် လက်နက်ကိုင် တိုက်ပွဲများသည် သတင်းကောက်ယူမှု ပြုနေသည့် ဒေသများတွင် နေထိုင်သော ကရင်ရွာသားများကြားတွင် လုံခြုံမှုမရှိသည့် စိတ်ခံစားချက်များ တိုးပွားစေသည်။ ထို့အပြင် ရွာသားများအအားလည်း တပ်မတော်တပ်ဖွဲ့ဝင်များနှင့် အပစ်အခတ် ရပ်စဲရေးဖြစ်စဉ်အပေါ်တွင်လည်း ယေဘုယျအားဖြင့် မယုံကြည်မှုများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် ရွာသားများက အဘယ့်ကြောင့် စစ်တပ်အခြခံအဆောက်အအုံများကို တိုးချဲ့အားဖြည့်ရန် လိုအပ်သနည်းဆိုသည့် မေးခွန်းကိုမေးကြပါသည်။ များစွာသော ကရင်ပြည်နယ်၏ ခရိုင်ဒေသ အနှံ့တွင် ရှိကြသော ရွာသားများသည် စစ်ဌာနချုပ်နှင့် တပ်စခန်းများ ပိတ်သိမ်းရန်နှင့် တပ်မတော်စစ်သားများ အနေနှင့် အပစ်အခတ်ရပ်စဲသည့် ကာလအတွင်း ၄င်းတို့ဒေသမှ ဆုတ်ခွာ ပေးရန် ဟူ၍ ၄င်းတို့၏ သဘောထားဆန္ဒကို ဖော်ပြကြပါသည်။[658]

*"အပစ်အခတ် ရပ်စဲလိုက်တဲ့ အချိန်ကစပြီး ဒေသခံ အရပ်သားတွေအနေနဲ့ နည်းနည်း ပိုပြီး လွတ်လွတ်လပ်လပ် သွားလာနိုင်ကြပါတယ်။ ဒါပေမဲ့ ဗမာစစ်တပ်က သူတို့ရဲ့ တပ်စခန်းတွေ ပြန်လည်ဆောက်လုပ်နေပြီး အပစ်အခတ်ရပ်စဲထားတဲ့ အတောအတွင်း သူတို့ရဲ့တပ်စခန်းတွေဆီကို အစားအစာတွေပိုမို ပို့ဆောင်နေတာတွေကြောင့် သူတို့အတွက်တော့ ဒီအပစ်အခတ်ရပ်စဲရေးဟာ ခိုင်မာတဲ့ ဖြစ်စဉ်တစ်ခု မဟုတ်ဖူးလို့ ယုံကြည်နေကြပါတဲ့အတွက် အပစ်အခတ်ရပ်စဲရေးဟာ သူတို့စိတ်ကို ကျေနပ်မှုမဖြစ်စေပါဘူး။ သူတို့တွေအနေနဲ့ အမြဲတမ်း သောကရောက်နေကြရပါတယ်။ တပ်မတော်က သူတို့ရဲ့ တပ်စခန်းတွေကို ပယ်ဖျက်ရမယ့်အစား၊ တောင်တွေပေါ်မှာ တပ်စခန်းတွေ ပြန်ပြီး တည်ဆောက်ကြတယ်။ ပြီးတော့ အဲဒီတပ်စခန်းတွေဟာ တပ်မတော်နဲ့ မတွေ့အောင်လို့ ပုန်းအောင်းနေကြတဲ့ ရွာသားတွေရဲ့ လုပ်ငန်းခွင်ဝင်တဲ့နေရာ အနီးအနားမှာပဲဖြစ်ပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘူးသို၊ ဒွဲလိုနှင့် လူသော မြို့နယ်များ၊ ဖာပွန် ခရိုင်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း (၂၀၁၃ခုနှစ် ဇန်နဝါရီလ)[659]

---

[656] Source #266 တွင်ကြည့်ပါ။

[657] Source #131 တွင်ကြည့်ပါ။

[658] ဖာပွန်ခရိုင်တွင် တပ်မတော်တပ်စခန်းများ ပိတ်သိမ်းရန် ရွာသားများ၏ ဆန္ဒကို ဖော်ပြသည့် သတင်းပေးပို့ချက်အတွက် Source #246 တွင်ကြည့်ပါ။ တောင်ငူခရိုင် အတွက်: Source #163, ညောင်လေးပင် ခရိုင်အတွက်: Source #41, ဒူးပလာယာ ခရိုင်အတွက် : Source #106, သထုံခရိုင်အတွက် : Source #258 တွင်ကြည့်ပါ။

[659] Source #275 တွင်ကြည့်ပါ။

*"အပစ်အခတ်ရပ်စဲရေးကြောင့် ရွာသားတွေက သူတို့ရဲ့ ကရင်ပြည်နယ်ဒေသတွေကနေ တပ်မတော်စစ်တပ်တွေ ပြန်ရုတ်သိမ်းသွားဖို့ မျှော်လင့်နေကြပါတယ်။ ဒါပေမဲ့ ယိုကလား တပ်စခန်းကိုကြည့်မယ်ဆိုရင် သူတို့ပြန်မဆုတ်ခွာခြင်း မရှိသေးပါဘူး။ အဲဒီအစား သူတို့ တပ်စခန်းတွေကို ပိုမိုကောင်းမွန်အောင် ပြုပြင်ခဲ့ပြီး စခန်းရဲ့ မြေစည်းရိုးတွေကို ပိုပြီးတိုးချဲ့ခဲ့ပါတယ်။ သူတို့က ဘုန်းကြီးကျောင်း တစ်ကျောင်းလုံးကို ဖယ်ရှားပစ်ပြီး သူတို့တပ်စခန်းကို ပိုကျယ်ပြန့်အောင် ဆောက်လုပ်ကြပါတယ်။ လေးကေးတပ်စခန်းနဲ့ တာပေါ တပ်စခန်းတွေကိုလည်း ပိုမိုကောင်းမွန်အောင်ပြုလုပ်ခဲ့ပါတယ်။"*

KHRG သုတေသီ တစ်ဦး၏ နောက်ဆုံးရ အခြေအနေသတင်းရေးသားချက်၊ ကျိုက်ထို နှင့် ဘီးလင်းမြို့၊ သထုံခရိုင်၊ မွန်ပြည်နယ် မြောက်ပိုင်း (နိုဝင်ဘာ - ဒီဇင်ဘာ ၂၀၁၂)[660]

ရပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် စိုးရိမ်၍ဟူသည့် အချက်ဖြင့် တပ်မတော်စစ်စခန်းများကို ပိတ်သိမ်းပေးရန် ရွာသားများမှ တောင်းဆိုနေချိန်တွင် အချို့ရွာသားများမှာမူ ဗမာလူမျိုးအများစု၏ လွှမ်းမိုးအုပ်ချုပ်မှုမခံလိုသည့် စိတ်ဆန္ဒတစ်ရပ်အပေါ် အခြေခံကာ တောင်းဆိုနေကြသည်။

*"ရွာသားတွေက ဗမာ့တပ်မတော်ကို သူတို့ဒေသမှာ လာရောက်နေထိုင်ဖို့ မလိုလားကြပါဘူး။ သူတို့က ဗမာ့တပ်မတော်ရဲ့ တပ်ရင်းတွေအားလုံးကို သူတို့ဒေသကနေ ဆုတ်ခွာပေးစေချင်ကြတယ်။ တကယ်လို့ ဗမာ့တပ်မတော်က ကျွန်တော်တို့ ဒေသမှာ နေထိုင်မယ်ဆိုရင်၊ ကျွန်တော်တို့အနေနဲ့ အခွင့်အရေးတွေ ရခဲ့မယ်ဆိုရင်တောင် သူတို့နဲ့အတူ မနေထိုင်လိုဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ကျွန်တော်တို့ လူမျိုးမဟုတ်လို့ပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူတို့ကို ကျွန်တော်တို့ ဒေသမှာ မနေထိုင်စေချင်ပါဘူး။"*

KHRG သုတေသီတစ်ဦး၏ နောက်ဆုံးရ အခြေအနေသတင်းရေးသားချက်။ ထန်းတပင်မြို့၊ တောင်ငူ ခရိုင်၊ ကရင်ပြည်နယ် မြောက်ပိုင်း (ဒီဇင်ဘာ ၂၀၁၂)[661]


**အကြံပြုတင်ပြချက်များ**

တပ်မတော်သည် ယခင်က လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည့် ဒေသများတွင် တပ်စုအရေအတွက်များ၊ စစ်တပ်ဌာနချုပ်များ၊ တပ်စခန်းများနဲ့ စစ်ဆေးရေးဂိတ်များကို ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် ကာလနှင့် သင့်တော်သည့် ပမာဏအထိ လျှော့ချခြင်းဖြင့် စစ်တပ်များအား ဖယ်ရှားသင့်ပါသည်။ အထူးသဖြင့် ကျေးရွာများနှင့် နီးစပ်သော အရပ်ဒေသများတွင် ပိုမို လုပ်ဆောင်သင့်ပါသည်။ တပ်မတော်နှင့် KNLA တို့ ကန့်သတ်ထားသည့် စစ်ဆင်ရေးဒေသများကို တရားဝင်ဖြစ်အောင် ထုတ်ပြန်ပြီး ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းချက် (Code of Conduct) တွင် ထည့်သွင်းကာ တပ်သားများမှ ထိုကန့်သတ်ချက်များကို မချိုးဖောက်စေရန် သေချာအောင် လုပ်ဆောင်သင့်ပါသည်။ ဒေသတစ်ခုစီတွင် အာဏာပိုင်အဖွဲ့ တစ်ခုသာရှိသင့်သည်၊ သို့မဟုတ် အာဏာပိုင်အဖွဲ့များသည် အချင်းချင်းသော်လည်းကောင်း၊ ရွာသားများနှင့်သော်လည်းကောင်း ၎င်းတို့၏ အုပ်ချုပ်မှုအခန်းကဏ္ဍနှင့် ပတ်သက်၍ ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ ဆက်ဆံရမည်ဖြစ်ပြီး ရွာသားများအနေနှင့် ပြဿနာများ ကြုံတွေ့သောအခါ မည်သည့် အာဏာပိုင်အဖွဲ့သို့ သတင်းပို့ရမည်ကို သိနားလည်ရမည်ဟု ဒေသခံ အဖွဲ့ဝင်များက အကြံပြုထားပါသည်။

[660] Source #258 တွင်ကြည့်ပါ။

[661] Source #163 တွင်ကြည့်ပါ။

## မြေပုံ (၄)။ ။ တပ်မတော် စစ်စခန်း နှင့် လုပ်ဆောင်မှုများ ၂၀၁၂- ၂၀၁၃




**ကရင်လူ့အခွင့်အရေးအဖွဲ့**

အထက်ပါမြေပုံသည် ၂၀၁၂ ဇန်နဝါရီ မှ ၂၀၁၃ နိုဝင်ဘာလ အတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့သို့ တင်ပြသော စစ်တပ် လုပ်ဆောင်ချက်များသာထည့်သွင်းပါရှိပြီး၊ စစ်တပ်အခြေစိုက် စခန်းအားလုံးနှင့် ထိုကာလအတွင်း တပ်ပိုင်းလုပ်ရှား ဆောင်ရွက်မှုပုံစံ များအားလုံး မပါဝင်ပါ။

## (ခ) ငြိမ်းချမ်းရေးတည်ဆောက်ရန်ကြိုးပမ်းမှုများ

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAGs) သမ္မတဦးသိန်းစိန်တာဝန်ထမ်းဆောင်သည့် ကာလအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်များ ရေးထိုးလာသည့်အချိန်တွင် အစိုးရ၊ EAG များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအားလုံးက အပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မြဲရန်အတွက် ဦးဆောင်ဦးရွက်ပြု ကြိုးပမ်းကြသကဲ့သို့ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်လည်း ကြိုးပမ်းအလုပ်လုပ်ခဲ့ကြသည်။ တပ်မတော်၊ တပ်မတော်နယ်ခြားစောင့်တပ်ဖွဲ့၊ အရပ်သားအစိုးရတာဝန်ရှိသူများနှင့် EAG အဖွဲ့များ အားလုံးတို့က KHRG ၏ သတင်းကောက်ယူသည့် နယ်မြေဒေသများအတွင်းရှိ ရွာသားများနှင့် တွေ့ဆုံကာ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်း၊ တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းများကို အောက်တွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း ပြုလုပ်ခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး များမကြာမီမှာပင် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်ကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် ပြည်တွင်းမှ ငြိမ်းချမ်းရေးအကျိုးဖော်ဆောင်သူများအား အကူအညီပေးရန်အတွက် အစီအစဉ်များကို ရေးဆွဲခဲ့ကြသည်။ ၂၀၁၂ ခုနှစ် မတ်လအတွင်း မြန်မာငြိမ်းချမ်းရေးအထောက်အကူပြု အကျိုးဆောင်အဖွဲ့ (MPSI) ကို မြန်မာအစိုးရ၏ မေတ္တာရပ်ခံမှုအရ နော်ဝေးအစိုးရက ဖွဲ့စည်းပေးခဲ့သည်။ [662] MPSIသည် "အပစ်ရပ်စဲရေး သဘောတူညီမှုများအပေါ် ယုံကြည်မှုတည်ဆောက်ရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို စမ်းသပ်ရန်အတွက် ရေးဆွဲထားသည့်" စီမံကိန်းများတစ်ခုပြီးတစ်ခု စတင်ခဲ့သည်။ ထိုရည်မှန်းချက်များပြည့်မြောက်ရန်အတွက် MPSIသည် အပစ်ရပ်ကာလအတွင်း ယာယီဝန်ဆောင်မှုများအတွက် ပံ့ပိုးပေးသူအဖြစ် ဆောင်ရွက်ပေးရန် ရည်ရွယ်ခဲ့ပြီး ယင်းတာဝန်ကို ထာဝရငြိမ်းချမ်းရေးရရှိပြီးနောက်တွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများထံ လက်လွှဲပြောင်းပေးမည် ဖြစ်သည်။ ထို့ပြင် ယခင်ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခဲ့သည့် အင်အားစုများအကြား ဆက်သွယ်ရေးနှင့် အပြန်အလှန် ဆက်ဆံရေးကဏ္ဍတွင်လည်း အကူအညီပေးရန် ရည်ရွယ်ခဲ့သည်။ [663] MPSI ၏ ပထမဦးဆုံးသော စမ်းသပ်လုပ်ငန်း စီမံကိန်းကို ၂၀၁၂ ခုနှစ် ဖွန်လတွင် ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ဂါဒါး ကျေးရွာအုပ်စု၌ စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုလမှာပင် နော်ဝေးကယ်ဆယ်ရေးကော်မတီ (Norwegian Relief Committee) သည် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့်ပူးပေါင်း၍ MPSI၏ အကူအညီဖြင့် ဒေသတွင်း၌ သတ်မှတ်ထားသည့် ကရင်ခရိုင်ခုနစ်ခုမှ တစ်ခုချင်းစီ၏ အစိတ်အပိုင်းများ အပါအဝင် အပစ်ရပ်ဒေသများအတွင်းရှိ နိုင်ငံသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြား [664] များ ထုတ်ပေးရန်အတွက် အကြီးစားစီမံကိန်းတစ်ခုကို စတင်ခဲ့သည်။ [665] MPSI ထံမှသိရသည်မှာ ၂၀၁၂ခုနှစ် ဖွန်လမှ

[662] ၂၀၁၂ ခု ဖွန်လတွင် ယခုအခန်းတွင် ပါဝင်သည့် အဖြစ်အပျက်အများစုကို ပြန်လည်အစီရင်ခံပြီးသည့်နောက်တွင် နီပွန်းဖောင်ဒေးရှင်း ဆောင်ရွက်ချက်များ စသည့် အခြားသော ငြိမ်းချမ်းရေးအကျိုးဆောင် လုပ်ငန်းများနှင့်အတူ MPSI ၏ရန်ပုံငွေတို့ကို "ငြိမ်းချမ်းရေး အလှူရှင်အထောက်အကူပြုအဖွဲ့" ခေါင်းစဉ်အောက်သို့ တစ်စုတစ်စည်းတည်းဖြစ်အောင် ထည့်သွင်းခဲ့သည်။ အဆိုပါအဖွဲ့တွင် မူလက နော်ဝေး၊ ဩစတြေးလျ၊ ဥရောပ၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ပါဝင်ခဲ့ရာမှ ၂၀၁၃ မေလတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဆွစ်ဇာလန်တို့လည်း နောက်ထပ်ထပ်တိုးလာခဲ့သည်။ "Myanmar Peace Support Initiative" Peace Donor Support Group တွင်ကြည့်ပါ။

[663] "Lessons learned from MPSI's work supporting the peace process in Myanmar," MPSI, March 2014. p. v

[664] "Lessons learned from MPSI's work supporting the peace process in Myanmar," MPSI, March 2014. p. 18

[665] "Projects—Myanmar Peace Support Initiative", Peace Support Donor Group.

၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း KHRG ၏ သတင်းကောက်ယူသည့် နယ်မြေဒေသများအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပေါင်း ၈၀,၀၀၀ နီးပါးကို ထုတ်ပေးနိုင်ခဲ့သည်။[666]

၂၀၁၂ခုနှစ် ဧပြီလနှင့် မေလတို့တွင် တပ်များ၏ လှုပ်ရှားမှုအား ကြီးကြပ်မှုပြုလုပ်ရန်နှင့် ပြဿနာတစ်စုံတစ်ခု ပေါ်လာပါက ပစ်ခတ်သည့်အဆင့်သို့ မရောက်မီ ဖြေရှင်းနိုင်ရန်အတွက် ရည်ရွယ်ပြီး အစိုးရနှင့် KNU တို့ပူးပေါင်းကာ ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ပြည်နယ်ခရိုင် ခုနစ်ခုအနက် ခရိုင် ငါးခုတွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခဲ့သည်။ [667] ၂၀၁၂ နိုဝင်ဘာလတွင် မြန်မာအစိုးရသည် အားလုံးသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် တွေ့ဆုံဆွေးနွေးသည့် နေရာအဖြစ်နှင့် မြန်မာ့ငြိမ်းချမ်းရေးအတွက် အကူအညီပေးလိုသည့် နိုင်ငံတကာမှပုဂ္ဂိုလ်/ အဖွဲ့များအတွက် တစ်ခုတည်းသော ဆက်သွယ်ရန်လိပ်စာအဖြစ် ရည်ရွယ်၍ မြန်မာပြည်ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ကိုရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့သည်။ [668] ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ၏ နိပွန်ဖောင်ဒေးရှင်းသည် "ဖွံ့ဖြိုးတိုးတက်မှု အကူအညီများမှ တစ်ဆင့် တိုင်းရင်းသား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူပေးခြင်း" ဟူသည့် ဆောင်ပုဒ်ဖြင့် ကရင်နယ်မြေဒေသများ၌ ဆန်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာပစ္စည်းများကို စတင်ဖြန့်ဖြူး ပံ့ပိုးပေးခဲ့သည်။ [669] ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီသည် "ငြိမ်းချမ်းရေး ထွန်းကားရန်အတွက် ဖွံ့ဖြိုးရေးဦးတည်ချက်" နှင့်ပတ်သက်၍ အကြံပြုချက်များပါဝင်သော မြန်မာပြည်အရှေ့တောင်ပိုင်း ဖွံ့ဖြိုးရေးအတွက် "ကနဦးဆန်းစစ်ချက်" ကိုထုတ်ပြန်ခဲ့သည်။[670] ဤစီမံချက်တွင် သက်ဆိုင်သောသူ အားလုံးနှင့် ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခြင်းမရှိဟု ဒေသခံ ရပ်ရွာအဖွဲ့တစ်ဖွဲ့က ဝေဖန်ထားသည်။[671]
ဤခေါင်းစဉ်အောက်တွင် မြန်မာအစိုးရ၊ KNU/KNLA၊ တပ်မတော်၊ တပ်မတော်နယ်ခြားစောင့်တပ်များ၊ ဒေသခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှပုဂ္ဂိုလ်/ အဖွဲ့အစည်းများက အကြမ်းဖက်လုပ်ဆောင်မှု ဖြစ်ရပ်များကို ရှောင်ကြဉ်ရန် သို့မဟုတ် လက်နက်ကိုင်အဖွဲ့များနှင့် အရပ်သားများအကြား ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ကြိုးပမ်းလုပ်ဆောင်နေမှုများအပေါ် ရွာသားများ၏ သတင်းပေးပို့ချက်များ ပါဝင်သည်။

## ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုများ

၂၀၁၂ ဇန်နဝါရီလမှစတင်၍ မြန်မာအစိုးရနှင့် KNU အကြား ပဏာမ လက်မှတ်ရေးထိုးခဲ့ပြီးသည့် အချိန်မှစ၍ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသတွင်းသတ်မှတ်ထားသော ကရင်ပြည်နယ် ခရိုင် ခုနစ်ခုအနက် ငါးခုတွင် ဖြစ်ပွားခဲ့သော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စများကို ရွာသူရွာသားများနှင့်

[666]"Identity Card Programme," Peace Support Donor Group; Lessons learned from MPSI's work supporting the peace process in Myanmar," MPSI, March 2014. Appendix 1, p. ix.

[667]"Peace," The Official Website of the Karen National Union; MPSI provided some support to help establish these liaison offices, Lessons learned from MPSI's work supporting the peace process in Myanmar," MPSI, March 2014. Appendix 1, p. xxiii တွင်ကြည့်ပါ။

[668]"Myanmar Peace Center," Myanmar Peace Monitor.

[669] "Nippon Foundation," Myanmar Peace Monitor.

[670] "Preparatory Survey for the integrated regional development for ethnic minorities in the South-east Myanmar: Summary (*sic*)" Japan International Cooperation Agency et. al. October 2013 p 20.

[671] "Japanese government plan for development of Southeast Burma: A briefing by Karen environmental and social action network" KESAN February 19, 2014.

KHRG ၏ ဒေသခံ အဖွဲ့ဝင်များက သတင်းပေးပို့ခဲ့ကြသည်။ [672] အပစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား သိရှိနားလည်မှု တိုးတက်စေရန်နှင့် သိရှိလိုသည်များကို ဖြေကြားနိုင်ရန်အတွက် နယ်ခြားစောင့်တပ် [673]၊ KNU [674]၊ အခြားတိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ [675] ၊ မြန်မာအစိုးရ [676] နှင့် ဒေသခံရပ်ရွာအခြေပြုအဖွဲ့များ [677] ဦးစီးကျင်းပသည့် အစည်း အဝေးပွဲများသို့ ရွာသားများတက်ရောက်ခဲ့ကြောင်းကိုလည်း ၎င်းတို့ကအစီရင်ခံကြသည်။ ထို့အပြင် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း KNU နှင့်မြန်မာအစိုးရတို့အကြား ဖွင့်လှစ်ထားရှိသည့် ဆက်ဆံရေးရုံးများနှင့် ပတ်သက်၍ ကျေနပ်မှုရှိကြောင်းလည်း ရွာသူရွာသားများက ဆိုကြသည်။[678] ယင်းအပြင် ဒေသခံတို့အတွက် ပစ္စည်းပစ္စယများ ထောက်ပံ့ခြင်းများ ပါဝင်သည့် MPSI ၏ စမ်းသပ်စီမံကိန်းများနှင့် နော်ဝေးအစိုးရ ကိုယ်စားလှယ်များ၏ လာရောက်လည်ပတ်မှုကဲ့သို့သော ရုပ်ဝတ္ထုပိုင်းနှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးခြင်းအားဖြင့် ငြိမ်းချမ်းရေး ထွန်းကားအောင် ဆောင်ရွက်ရန်စီစဉ်ထားမှုများ နှင့်ပတ်သက်၍ အားရကျေနပ်မှု ရှိသည်များနှင့် စိုးရိမ်ပူပန်မှုများကိုလည်း ရွာသူရွာသားများက ဖော်ထုတ်တင်ပြကြသည်။[679]

> *"KNU အတွင်းရေးမှူးတစ်ဦးနဲ့ ကိုယ်စားလှယ်တွေပါဝင်တဲ့ လူကိုးဦး လယ်ဒို ရွာကို ၂၀၁၂ခုနှစ် ဧပြီလ ၉ ရက်နေ့မှာ ရောက်လာပြီး လယ်ဒို (ကျောက်ကြီး) မှာ KNU ဆက်ဆံရေးရုံးတစ်ရုံးလာဖွင့်တယ်။ KNU နဲ့ အစိုးရဘက်က ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်မင်းတို့လာပြီး ကြံ့ခိုင်ရေးပါတီရုံးခန်းထဲမှာ KNU ဆက်ဆံရေး ယာယီရုံးတစ်ရုံးဖွင့်သွားခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ ရွာသားတွေက တကယ့်ဒီမိုကရေစီကို လိုချင်တဲ့စိတ်နဲ့ KNU နဲ့ အစိုးရခေါင်းဆောင်တွေကို လာစောင့်ကြိုကြတယ်။ အရင်တုန်းကတော့ ဒီဒေသထဲမှာ တိုက်ပွဲတွေ အမြဲဖြစ်နေခဲ့တာဆိုတော့ ရွာသားတွေဟာ အမြဲစိတ်ညစ်ရ၊ စိတ်ဓာတ်ကျနေခဲ့ရတယ်။ အဲဒီအတွက်ကြောင့် ရွာသားတွေက လွတ်လပ်မှုကို လိုချင်နေတယ်။ ဒီမိုကရေစီတကယ့်အစစ်ကိုမျှော်လင့်ပြီးတော့ နှစ်ဖက်ခေါင်း ဆောင်တွေဆီမှာ သူတို့ရဲ့ လိုအပ်ချက်တွေ၊ ဆက်ဆံရေးရုံးဖွင့်တာနဲ့ပတ်သက်ပြီးတော့ သူတို့အမြင်တွေ ကို တင်ပြတောင်းဆိုကြတယ်။ နှစ်ဖက်ခေါင်းဆောင်တွေကိုစောင့်နေတုန်းမှာ ရွာသားတွေဟာ* "လယ်ဒို နယ်မြေတွင် တိုက်ပွဲများ လွတ်ကင်းရန် ဆုတောင်းပါသည်" *ဆိုတဲ့ဆိုင်းဘုတ်တွေကိုင်လာကြတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင် ခရိုင်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း (ဇန်နဝါရီမှ ဖွန်၊ ၂၀၁၂)[680]

---

[672] တောင်ငူခရိုင်ရှိ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များအကြောင်း KRHG ၏မှတ်တမ်းများအတွက် Source #249၊ ညောင်လေးပင် ခရိုင် အတွင်းဆောင်ရွက်ချက်များအတွက် Source #48၊ ဖာပွန်ခရိုင်အတွင်းဆောင်ရွက်ချက်များအတွက် Source #281၊ ဒူးပလာယာခရိုင် အတွင်း ဆောင်ရွက်ချက်များအတွက် Source #377၊ ဘားအံခရိုင်အတွင်း ဆောင်ရွက်ချက်များအတွက် Source #362 တို့တွင်ကြည့်ပါ။

[673] BGF တပ်ရင်းတစ်ရင်းက ဘားအံခရိုင်အတွင်း ကျင်းပသည့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲအကြောင်းကိုဖတ်ရှုလိုလျှင် Source #362 တွင်ကြည့်ပါ။

[674] KNU က တောင်ငူခရိုင်အတွင်း ဒေသခံရပ်ရွာ အသိုင်းအဝိုင်းအား အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများအကြောင်း ရှင်းလင်းတင်ပြမှုကို သိလိုပါက Source #331 တွင်ကြည့်ပါ။

[675] KPC ပါဝင်သည့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတစ်ခုအကြောင်း သိလိုပါက Source #362 တွင်ကြည့်ပါ။

[676] အစိုးရ၊ KNU နှင့် MPSI တို့ညှိနှိုင်းကျင်းပသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စ စစ်ပြေးဒုက္ခသည်များနှင့် တွေ့ဆုံပွဲတစ်ခုအကြောင်း Source #48 တွင်ကြည့်ပါ။

[677] တောင်ငူခရိုင်တွင် ကရင်အမျိုးသမီးရေးရာအဖွဲ့ (KWO) ကဆောင်ရွက်သည့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များအကြောင်း သိလိုပါက Source #331 တွင်ကြည့်ပါ။

[678] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ဖွင့်လှစ်သည့် ဆက်ဆံရေးရုံးအပေါ် ရွာသားများ၏တုံ့ပြန်မှုများကို Source #48 တွင် ကြည့်ပါ။

[679]Source #250 တွင်ကြည့်ပါ။

[680] Source #48 တွင်ကြည့်ပါ။

## တပ်မတော်နှင့် EAG များ၏ငြိမ်းချမ်းရေးတည်ဆောက်မှု

အပစ်အခတ်ရပ်စဲချိန်မှစပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဒေသခံရပ်ရွာအသိုင်းအဝိုင်းများ ပိုမို သိရှိနားလည်ရန် အတွက် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စု (EAG) များ၏ ဆောင်ရွက်မှုများ အကြောင်းကို ရွာသားများက သတင်းပေးပို့ကြသည်။ KNU အနေဖြင့် အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်၏ အခြေအနေနှင့် ပတ်သက်၍ သော်လည်းကောင်း၊ KNU နှင့် မြန်မာအစိုးရတာဝန်ရှိသူများအကြား ဆက်ဆံရေး နှင့် ပတ်သက်၍ လည်းကောင်း အသိပေးတင်ပြရန်အ တွက် တစ်ခါတစ်ရံ ကရင် CBO များနှင့် ပူးပေါင်းပြီး ရွာသူရွာသားများနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ [681]





*အထက်ပါဓာတ်ပုံများမှာ ၂၀၁၂ ခုနှစ် မေလ ၁၄ ရက်နေ့တွင် တောင်ငူခရိုင်၌ KNU က လုပ်ဆောင်ခဲ့သည့် အပစ်အခတ် ရပ်စဲရေးကိစ္စ ဆွေးနွေးပွဲပုံများဖြစ်သည်။ ဝဲဘက်ပုံတွင် ဗဟို KNU ခေါင်းဆောင်တစ်ဦးနှင့် နယ်မြေခံ KNLA ညွှန်ကြားရေးအရာရှိ တစ်ဦးတို့ တောင်ငူခရိုင် ကလေဆောခီးရွာ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အပစ်အခတ် ရပ်စဲရေးအကြောင်း ဆွေးနွေးနေပုံကို မြင်ရမည်ဖြစ်သည်။ ထိုအစည်းအဝေးတွင် ကျေးရွာခေါင်းဆောင်များကမူ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ကို သဘောတူသော်လည်း ၎င်းတို့နယ်မြေအတွင်းရှိ မြန်မာစစ်တပ်စခန်းများကို ဖျက်သိမ်းပြီး တပ်များပြန်ဆုတ်သွားရန် လိုလားသည်ဟု တင်ပြခဲ့ကြသည်။ စစ်တပ်က ရိက္ခာနှင့်စစ်သားများပိုမိုစေလွှတ်ခြင်းနှင့် ပတ်သက်၍ ရွာသူရွာသားများက အထူးပင် စိတ်ပူနေကြသည်။ [682] ယာဘက်မှပုံမှာ ရွာသားများနှင့် KNUအဖွဲ့ဝင်များ အပစ်အခတ်ရပ်စဲရေး ကိစ္စဆွေးနွေးရေး တွေ့ဆုံပွဲတစ်ခုအား တောင်ငူခရိုင် ကော်သေးဒဲရွာ၌ တက်ရောက်ရန် စုဝေးရောက်ရှိလာပုံဖြစ်သည်။[683] [ဓာတ်ပုံ - KHRG]*



ပုံမှာ စွပ်ကျယ် အမည်းဝတ်ထားသူ BGF တပ်ရင်း အမှတ် ၁၀၁၃ မှ ဒုတပ်ရင်းမှူးကျော်ဝင်း နှင့် ဘူးသိုမြို့နယ်ဆိုင်ရာဌာန၏ BGF အတွင်းရေးမှူးတို့ KNLA တပ်ရင်း ၁၀၂၊ တပ်ခွဲ(၄) တပ်ခွဲမှူးနှင့် ဖာပွန်ခရိုင်၊ မဲပရီးကျေးရွာအုပ်စု၊ မဲကလားကျေးရွာ ဘုန်းကြီးကျောင်း၌ တွေ့ဆုံနေစဉ် ဖြစ်သည်။ ထိုသို့ တွေ့ဆုံရာတွင် ဘာသာရေး ခေါင်းဆောင်များ၊ ဘုန်းတော်ကြီး များလည်း ပါဝင်ခဲ့ပြီး စစ်သားများမှ အတိတ်က ၎င်း၏ ပဋိပက္ခများအကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သည်။ ပဋိပက္ခများချုပ်ငြိမ်းပြီး ပိုမိုကောင်းမွန်သည့် အနာဂတ် တည်ဆောက်ရေးနှင့် အချင်းချင်း ထိတွေ့ဆက်ဆံကာ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရေး ဆွေးနွေးခဲ့ကြသည်။[684] *[ဓာတ်ပုံ KHRG]*

---

[681] ဘားအံခရိုင်၌ KNLA တပ်ရင်း ၁၉ နှင့် ၂၂ တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လူ့အခွင့်အရေးခေါင်းစဉ်တို့အကြောင်း ရွာသားများ သိရှိမှုရှိစေရန် သင်တန်းတစ်ခုပေးခဲ့သည်။ Source #362 တွင်ကြည့်ပါ။ ၂၀၁၂ မေလ ၁၄ ရက်တွင် တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ KNU နှင့် KWO တို့သည် ရွာသားများငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း နားလည်နိုင်စေရန်အတွက် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ် အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ Source #331 တွင်ကြည့်ပါ။

[682] Source #331 တွင်ကြည့်ပါ။

[683] Source #331 တွင်ကြည့်ပါ။

[684] Source #245 တွင်ကြည့်ပါ။

၂၀၁၃ ဧပြီလတွင် တပ်မတော်နယ်ခြားစောင့် တပ်ရင်းအမှတ် ၁၀၁၃ နှင့် ဖာပွန်ခရိုင်ရှိ KNLA တပ်ဖွဲ့များ ပူးပေါင်း၍ နယ်မြေခံဘာသာရေး ခေါင်းဆောင်များနှင့် တွေ့ဆုံကာ အတိတ်က ပဋိပက္ခများအကြောင်း ဆွေးနွေးခြင်း၊ ရှေ့လျှောက် ယုံကြည်မှုတည်ဆောက်ရေး[685] ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။ ဘားအံခရိုင် အတွင်း၌ လည်း BGF တပ်ရင်းတစ်ရင်း၊ KNLA နှင့် တခြား EAG များ တွေ့ဆုံ စည်းဝေးကာ အပစ်အခတ်ရပ်စဲရေးကိစ္စ ဆွေးနွေး ခဲ့သည်။ ယင်းသို့ ဆွေးနွေးရာတွင် လူ့အခွင့်အရေးကိစ္စ ကိုလည်း ထည့်သွင်းခဲ့ကြောင်း သိရသည်။[686] အစိုးရ နှင့် KNU ကိုယ်စားလှယ်များသည် ၂၀၁၃ ဖွန်လ အတွင်း ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်၌ ကျင်းပသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လူငယ် ညီလာခံတစ်ခုသို့ တက်ရောက်ခဲ့သည်။[687] ယင်းကြိုးပမ်းမှုများမှ အသီးအပွင့်များ ထွက်ပေါ်ခဲ့သည် ဟု ရွာသားအချို့က သတင်းပေးပို့သည်။ သာဓက အားဖြင့် တောင်ငူခရိုင်ရှိ အသိုင်းအဝိုင်းတစ်ရပ်မှ ရွာသားများက ၂၀၁၂ ခုနှစ်၏ ပထမသုံးလအတွင်း တင်ပြသည်မှာ အပစ်အခတ် ရပ်စဲသည်မှစပြီး ၎င်းတို့နယ်မြေရှိ နယ်မြေခံ တပ်မတော်တပ်ဖွဲ့များနှင့် စကားပြောဆိုရသည်မှာ စိတ်ပေါ့ပါးမှု ပိုရှိလာသည်ဟုဆိုသည်။[688] သို့ရာတွင် ငြိမ်းချမ်းရေး စကားပြောနေစဉ်အတွင်း တပ်မတော် ခေါင်းဆောင်များ၏ အပြုအမူကြောင့် အပစ်ရပ်စဲမှုအပေါ် ၎င်းအနေဖြင့် သံသယဝင်မိသည်ဟု ၂၀၁၂ ခုနှစ် မေလအတွင်း၌ တောင်ငူခရိုင်မှ အခြားရပ်ရွာတစ်ခု၏ အဖွဲ့ဝင်တစ်ဦးက ဖော်ပြခဲ့သည်။[689]

> *"တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ် ---ရွာမှာ ပြုလုပ်ခဲ့တဲ့ အရပ်သားနဲ့မြန်မာစစ်တပ်ခေါင်းဆောင်တွေ တွေ့ဆုံပွဲ တစ်ခုမှာ သူတို့က (မြန်မာစစ်တပ်ခေါင်းဆောင်တွေက) လက်နက်တွေယူလာတယ်။ မြန်မာစစ်တပ်အနေနဲ့ အပစ်အခတ်ရပ်ဖို့ လက်မှတ်တော့ထိုးတယ်၊ ဒါပေမဲ့ အရပ်သားတွေကြားထဲကျတော့ လက်နက်တွေ အမြဲဆောင်ထားကြတယ်။"*
>
> KHRG ဒေသခံအဖွဲ့ဝင်၏ ဓာတ်ပုံသတင်း ရေးသားတင်ပြချက်။ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်။ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၂ မေလ)[690]

**ဆက်ဆံရေးရုံးများနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးခြင်း**

အပစ်အခတ်ရပ်ပြီး နောက်ပိုင်းလများအတွင်း နယ်မြေခံတပ်မတော်နှင့် KNLA တပ်ဖွဲ့များအနေဖြင့် ဒေသတွင်းရှိ ကားလမ်းမမှ ကိုက် ၁၅၀ ထက်ကျော်ပြီး မည်သည့်တပ်ဖွဲ့မျှ ခရီးမသွားပါဆိုသော သဘောတူညီမှု ရယူခဲ့သည်ဟု တောင်ငူခရိုင် ထန်းတပင်မြို့နယ်မှ KHRG သုတေသီတစ်ဦးက သတင်းပေးပို့သည်။[691] မကြာမီမှာပင် အလားတူ သဘောတူညီချက်ကို လိုက်နာရန်အတွက် အထောက်အကူပြုမည့် ပိုမိုစနစ်ကျသည့် အစီအစဉ်များ တခြားခရိုင်များ၌ ရေးဆွဲခဲ့သည်။ ၂၀၁၂ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် KNU နှင့် မြန်မာအစိုးရတို့သည် ပထမဆုံးသော အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ဆက်ဆံရေးရုံးတစ်ရုံးကို ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။[692] ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာပြည်ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန၏ ဥက္ကဋ္ဌဦးအောင်မင်း အပါအဝင်

[685] အဆိုပါဆွေးနွေးပွဲအကြောင်းကိုအသေးစိတ်ကို Source #245 တွင်ကြည့်ပါ။

[686] Source #362 တွင်ကြည့်ပါ။

[687] Source #270 တွင်ကြည့်ပါ။

[688] Source #34 တွင်ကြည့်ပါ။

[689] Source #331 တွင်ကြည့်ပါ။

[690] Source #331 တွင်ကြည့်ပါ။

[691] Source #34 တွင်ကြည့်ပါ။

[692] KNU ၏အဆိုအရ ယခု ဆက်ဆံရေးရုံးခြောက်ရုံးရှိပြီဖြစ်ပြီး ဒူးပလာယာခရိုင်၌ နှစ်ရုံး၊ ညောင်လေးပင်၊ သထုံ၊ ဘားအံနှင့် မြိတ်-ထားဝယ် ခရိုင်တို့တွင် တစ်ရုံးစီရှိပြီဖြစ်သည်။ http://www.knuhq.org/liaison-office.html တွင်ကြည့်ပါ။

အစိုးရအရာရှိများနှင့် KNU အရာရှိများ တက်ရောက်ခဲ့ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်တကွ ဆက်ဆံရေးရုံး၏ အခန်းကဏ္ဍတို့နှင့် စပ်လျဉ်းပြီး ရွာသားများနှင့် တွေ့ဆုံရှင်းလင်းပွဲတစ်ခုကိုလည်း တစ်ဆက်ထဲတွင်ကျင်းပခဲ့သည်။[693] ရွာသားများနှင့် KHRG ဒေသခံအဖွဲ့ဝင်များ၏ ဖော်ပြချက်အရ ကျောက်ကြီးနှင့် တခြားမြို့နယ်များ၌ မြန်မာအစိုးရနှင့် KNUတို့အကြား ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်းကြောင့် တာဝန်ရှိသူများ၏ထိတွေ့ဆက်ဆံနိုင်မှု အခွင့်အလမ်းနှင့် ရွာသားများမှ ၎င်းတို့၏ပြဿနာများကို တင်ပြနိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။[694]

> *"လက်ရှိမှာတော့ KNUနှင့်မြန်မာစစ်တပ်တို့အကြားမှာ အပစ်အခတ်ရပ်စဲထားတဲ့အတွက် အရပ်သားတွေ လွတ်လွတ်လပ်လပ် သွားလာနိုင်ကြပြီး ရွာသားတွေအနေနဲ့လည်း အဲဒီအပေါ် ဝမ်းသာနေကြတယ်။ အစိုးရအဖွဲ့နဲ့KNU တို့တွေ့ဆုံတဲ့အတွက် အချိန်တော်တော်ကြာအောင် ဒုက္ခရောက်ခဲ့ကြပြီး ပြည်ထောင်စု ဒီပဋိပက္ခတွေကြောင့် ရွာသားတွေဟာ သူတို့အရမ်းပျော်နေကြတယ်။ အခက်အခဲ တစ်စုံတစ်ရာ ရှိရင်လည်း သူတို့က KNU ဆက်ဆံရေးရုံးမှာ သွားတင်ပြနိုင်ကြပြီ။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်၊ပဲခူးတိုင်းအရှေ့ခြမ်း (၂၀၁၃ နိုဝင်ဘာ)[695]

[693] Source #48 တွင်ကြည့်ပါ။
[694] ကျောက်ကြီးဆက်ဆံရေးရုံးနှင့် ပတ်သက်သည့် အချက်အလက်များကို Source # 48 နှင့် 52 တို့ တွင်ကြည့်ပါ။
[695] Source #52 တွင်ကြည့်ပါ။



အထက်ပါပုံကို ၂၀၁၃ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရိုက်ကူးခဲ့သည်။ ပုံမှာ ရွာသားများနှင့် အပစ်ရပ်ကိစ္စ တွေ့ဆုံဆွေးနွေးပွဲတစ်ခုတွင် တောင်ငူခရိုင်မှ KNUခေါင်းဆောင်တစ်ဦးမှ အမှာစကား ပြောကြားနေစဉ် ဖြစ်သည်။။[696] *[ဓာတ်ပုံ - KHRG]*



ဤပုံကို ၂၀၁၂ ခုနှစ် မေလ ၁၅ ရက်နေ့က ရိုက်ယူခဲ့ပြီး တပ်မတော် စစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ်မှ ကွပ်ကဲရေးမှူး ဗိုလ်မှူးဝင်းဗိုလ်ရှိန်က KNUနှင့်တပ်မတော်မှ ပူးပေါင်းပြုလုပ်သော အပစ်ရပ်ကိစ္စ တွေ့ဆုံဆွေးနွေးပွဲ တစ်ခုတွင် ရွာသားများအား မိန့်ခွန်း ပြောနေစဉ် ဖြစ်သည်။ မိန့်ခွန်းတွင် ဗိုလ်မှူးဝင်းဗိုလ်ရှိန်က ၎င်း၏စစ်သားများမှ ရွာသားများအား အဓမ္မ အလုပ်စေခိုင်းပါက ၎င်းကိုတိုင်ကြားရန် ပြောကြားခဲ့သည်။ ၎င်းသည် ၎င်း၏ စစ်ဝတ်စုံအပေါ်တွင် ကရင်အကျီကို ဝတ်ဆင်ထားသည်။ အကျီ၏ ဝဲဘက်ရင်အုံ ပေါ်တွင် ကရင်အလံကို မြင်ရမည်ဖြစ်သည်။"[697] *[ဓာတ်ပုံ KHRG]*










အထက်ပုံများကို ၂၀၁၂ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် မြဝတီမြို့၌ KNU ကဖွင့်လှစ်သည့် ဆက်ဆံရေးရုံး ဖွင့်ပွဲ၌ ရိုက်ကူးထားခြင်းဖြစ်သည်။ KNU ဘက်မှ KNU ထိပ်ပိုင်းခေါင်းဆောင်များ၊ KNLA အရာရှိအရာခံများ အပါအဝင် လက်ရှိဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမူတူးစေးဖိုး တက်ရောက်ပြီး ယာဘက်အပေါ်ပုံတွင် ၎င်းမှ မိန့်ခွန်းပြောနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဝဲဘက်အောက်ပုံတွင် အစိုးရဘက်မှ မြန်မာပြည်ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန ဥက္ကဋ္ဌဖြစ်သူ သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းအပါအဝင် ပြည်ထောင်စုဝန်ကြီးများတက်ရောက်ခဲ့ကြသည်။ ယာဘက်အောက်ပုံမှာ ဖွင့်ပွဲသို့တက်ရောက် လာကြသူများ၏ ပုံဖြစ်သည်။[698] *[ဓာတ်ပုံ - KHRG]*

---

[696] Source #249 တွင်ကြည့်ပါ။

[697] Source #249 တွင်ကြည့်ပါ။

[698] KHRG ဓာတ်ပုံများနှင့် ဓါတ်ပုံမှတ်စု ဖိုင်တွဲ။






အထက်ပါပုံများကို ၂၀၁၂ခုနှစ် မေလ ၉ ရက်နေ့တွင်ရိုက်ယူခဲ့သည်။ ပုံတွင် ကျောက်ကြီးမြို့၌ ဆက်ဆံရေးရုံးဖွင့်လှစ်ရန် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြမည့် KNU ခေါင်းဆောင်များနှင့် မြန်မာအစိုးရအရာရှိများကို စောင့်ဆိုင်း နေကြသည့် ရွာသူရွာသားများကို ကရင်တိုင်းရင်းသားဝတ်စုံဖြင့် မြင်ရမည်ဖြစ်သည်။ ရွာသားများ လက်ထဲတွင် ငြိမ်းချမ်းရေး နှင့် လွတ်လပ်မှုကိုတောင်းဆိုသည့် ပိုစတာများကို ကိုင်ဆောင်ထားကြသည်။ ဝဲဘက်ပုံတွင် ရွာသားများက ကရင်အလံများကိုလည်း ကိုင်ဆောင်ထားကြသည်ကိုမြင်ရသည်။ ဝဲဘက်ရှိ ဆိုင်းဘုတ်ပေါ်တွင် KNUအား စတင်တည်ထောင်သူ စောဘဦးကြီး၏ "အခြေခံမူလေးချက်" ကို စကောကရင်ဘာသာဖြင့် ရေးသားထားပြီး အလယ်မှဆိုင်းဘုတ်မှာ အဆိုပါမူများကို အင်္ဂလိပ်ဘာသာဖြင့် "(၁) လက်နက်ချစကားအလျှင်း မပြောရ ။(၂) ကရင့်လက်နက် ကရင့်လက်ထဲရှိရမည် (၃) ကရင်ကံကြမ္မာ ကရင်ဖန်တီးမည်။ (၄) ကရင်ပြည်ကို အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်" ဟု ရေးသားထားသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် ဆိုင်းဘုတ်တွင် "ပျော်စရာနေ့ဖြစ်ပါစေ" ဟု အဆုံးသတ်ထားပြီး စကောကရင်ဆိုင်းဘုတ်တွင်မူ ရေးမထားပေ။ ညာဘက်အစွန်ဆုံးမှဆိုင်းဘုတ်တွင်မူ စကောကရင်ဘာသာဖြင့် "ညီညွတ်ရေး။ KNU ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုကြိုဆိုသည်။ ညောင်လေးပင်ခရိုင်" ဟု ရေးထားသည်။ ယောက်ျားလေးနှစ်ဦးကိုင်ထားသည့် မြန်မာဘာ သာဆိုင်းဘုတ်တွင်မူ "ငြိမ်းချမ်းရေးကိုယ်စားလှယ်များကို ကြိုဆိုပါ၏" ဟု ရေးထားသည်။ စကောကရင် ဘာသာဖြင့် အခြေခံမူလေးချက်အား ရေးထားသည့် ဆိုင်းဘုတ်၏နောက်ကျောကို လက်ယာဘက် ဓာတ်ပုံတွင်လည်း မြင်ရသည်။[699] *[ဓာတ်ပုံများ - KHRG]*





အထက်ပါဓာတ်ပုံများကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မူသယ်ကျေးရွာ၌ ရိုက်ယူခဲ့ပြီး ပုံတွင် ကျောက်ကြီးမြို့နယ်၌ ဆောင်ရွက်နေသည့် MPSI စမ်းသပ်စီမံကိန်းတစ်ခုမှ ပေးပို့သည့်ဆန်များကို ဖြန့်ဖြူးနေသည်ကို မြင်ရမည်ဖြစ်သည်။ ပုံများတွင် လက်ခံရရှိသည့် ဆန်များကို သိုလှောင်ထားနိုင်ရန်အတွက် ဒေသခံ ကျေးရွာကော်မတီနှင့် အခြားကျေးရွာခေါင်းဆောင်များမှ ဆောက်လုပ်ထားသည့် သိုလှောင်ရုံကို တွေ့ရသည်။[700] [*ဓာတ်ပုံများ - KHRG*]

[699] Source #339 တွင်ကြည့်ပါ။

[700] Source #355 တွင်ကြည့်ပါ။

## မြန်မာပြည်ငြိမ်းချမ်းရေးအထောက်အကူပြုအစီအစဉ်အပေါ် ရွာသားများ၏တုံ့ပြန်မှုများ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် အစိုးရတို့အပစ်အခတ်ရပ်စဲရန်သဘောတူသည့်အချိန်တွင် မြန်မာ အစိုးရ၏ မေတ္တာရပ်ခံချက်အရ မြန်မာပြည်ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုစေရန်အတွက် နော်ဝေအစိုးရက MPSI ထူထောင်ရန်အကြံပြုခဲ့သည်။ [701] ၂၀၁၂ ဧပြီလအတွင်း ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်၌ KNU ခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံရန် အတွက် နော်ဝေအစိုးရက ကိုယ်စားလှယ်များကို စေလွှတ်ခဲ့ပြီး၊ နောက်တစ်လအကြာတွင် စမ်းသပ်စီမံကိန်း တစ်ခုကိုစတင်ခဲ့သည်။ အဆိုပါစမ်းသပ်စီမံကိန်းကို မြန်မာအစိုးရ၊ KNU၊ ရပ်ရွာအခြေပြု အဖွဲ့ အစည်းများ၊ CIDKP၊ KORD တို့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသည်။ [702] KHRG ကတွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားတစ်ဦး၏ တင်ပြချက်အရ အဆိုပါအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များကို ရွာသားများမှ အောက်ပါအတိုင်းပြောခဲ့သည်။

> *"ကျွန်တော်တို့မှာ လိုအပ်ချက်တွေရှိတယ်။ ပထမဆုံး အနေနဲ့ ကျွန်တော်တို့ အရင်နေခဲ့တဲ့ရွာကိုပြန်ရမယ်။ ဒုတိယလိုအပ်တာက လွတ်လွတ်လပ်လပ် အလုပ်လုပ်ခွင့် ရှိဖို့လိုတယ်။ ဒါ့ပြင် လွတ်လွတ်လပ်လပ် ခရီးသွားလာနိုင်ရမယ်။ ကျွန်တော်တို့ အနေနဲ့ နေရထိုင်ရတာ ကောင်းရင် ဒါဟာ ကျွန်တော်တို့အတွက် ငြိမ်းချမ်းတဲ့ လမ်းစဉ်ပဲ။"*
>
> စော---(ကျား၊၃၀)၊---ကျေးရွာ၊ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း
> (၂၀၁၂ ဇွန်လတွင် တွေ့ဆုံမေးမြန်းချက်)[703]

၂၀၁၂ခုနှစ် မေလ ၂၈ ရက်နေ့တွင် ကျောက်ကြီးမြို့နယ်အတွင်းရှိ IDP များ နေထိုင်သည့် ကျေးရွာ ၁၆ ရွာမှ စုစုပေါင်း ကျေးရွာ ကိုယ်စားလှယ် အယောက် ၃၀ အား KNU ကိုယ်စားလှယ်များ၊ တပ်မတော်၊ နော်ဝေအစိုးရနှင့် မြန်မာအစိုးရ ကိုယ်စားလှယ်များနှင့် ကျောက်ကြီးမြို့၌ တွေ့ဆုံရန် ဖိတ်ကြားခဲ့သည်။ ယင်းတွေ့ဆုံမှုကို မြန်မာအစိုးရက စီစဉ်ကျင်းပသည်ဟု ယူဆရသည်။ ယင်းပွဲကို MPSI က စီစဉ်ခြင်း မဟုတ်သော်လည်း KHRG ကို တက်ရောက်ခဲ့သည့် ရွာသားများ ပြောပြချက်အရ နော်ဝေကိုယ်စားလှယ်များ ရှိနေခြင်းကြောင့် ရွာသားများအတွက် အပစ်အခတ် ရပ်စဲရေးအပေါ် စိတ်ချယုံကြည်မှု လုံလောက်သည့် အတိုင်းအတာအထိ ရှိခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် တက်ရောက်ခဲ့သည့် ရွာသားတစ်ဦးချင်း၏ ဓာတ်ပုံကို အစိုးရဘက်မှ ကိုယ်စားလှယ်များက ရိုက်ယူခဲ့ပြီး အစိုးရမှ ထိုရွာသားများအား မှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးခဲ့ရာ အဆိုပါကတ်ပြားများမှာ ယင်းဒေသအတွင်း ထုတ်ပေးလေ့ရှိသည့် မှတ်ပုံတင်ကတ်ပြားများနှင့် ကွဲပြားသည်ကိုတွေ့ရသည်။ [704] ရွာသားတစ်ဦးက KHRG ကိုပြောပြသည်မှာ ၎င်းအား ယခင်က ပေးထားသည့် ကတ်ပြားကို အစည်းအဝေးမပြုလုပ်မီတွင် သိမ်းဆည်းခဲ့ပြီး နိုင်ငံခြားသား ဂုဏ်သရေရှိ ပုဂ္ဂိုလ်များရှေ့တွင် တဖန် ပြန်လည် ပေးအပ်ခဲ့သည်။ [705] ၎င်းတို့အနေနှင့် ထိုကတ်ပြားများအားဖြင့် ပိုမိုလွတ်လပ်စွာ ခရီးသွားလာနိုင်မည်ဟု အစည်းအဝေးပွဲတွင် ရွာသားများကို ပြောသော်လည်း [706] KHRG သုတေသီတစ်ဦးမှ သီးခြား မေးမြန်းခဲ့သည့် ရွာသားနှစ်ဦးက ထိုကတ်ပြားများကြောင့်

---

[701] http://www.mmpeacemonitor.org/stakeholders/mpsi တွင်ကြည့်ပါ။

[702] Source #49 တွင်ကြည့်ပါ။

[703] Source #41 တွင်ကြည့်ပါ။

[704] ကတ်ပြားများမှာ အစိမ်းရောင်စာအုပ်အသေးများဖြစ်သည်။ ပုံမှန်ထုတ်ပေးနေကျ မှတ်ပုံတင်ကတ်များမှာမူ အနီရောင်ကတ်များဖြစ်သည်။ KHRG သုတေသီတစ်ဦးက အဆိုပါစာအုပ်အစိမ်းများကို "ယာယီမှတ်ပုံတင်ကတ်ပြား" ဟု မှတ်ချက်ပြုသည်။ Source #48 တွင် ကြည့်ပါ။

[705] ဘာသာမပြန်ရသေးသည့် KHRG အင်တာဗျူး မှတ်တမ်းဖိုင်။

[706] Source # 40၊ 41 နှင့် 43 တွင်ကြည့်ပါ။

အကျိုးကျေးဇူးရှိမည်ဟု မထင်ကြောင်းနှင့် အစိုးရသည် ရေရှည်တွင် ထိုကတ်ပြားများကို အသိအမှတ်ပြုမည်ဟု မထင်ကြောင်းပြောသည်။ ထို့ပြင် အစိုးရက ထိုကတ်ပြားများ ထုတ်ပေးသည့်အပေါ် ၎င်းတို့က နိုင်ငံရေးအရ ဆန့်ကျင်ကြောင်းပြသခဲ့ပြီး ကရင်လူမျိုးများအား နိုင်ငံသားကတ်ပြား ထုတ်ပေးသူမှာ KNU သာဖြစ်သင့်သည်ဟု ပြောခဲ့သည်။[707] ၎င်းတို့အနက် တစ်ဦးမှာ ၎င်းသည် နတ်ကိုးကွယ်သူဖြစ်သော်လည်း ကတ်ပြားပေါ်တွင် ဗုဒ္ဓဘာသာဟု ဖော်ပြထားသည့် အပေါ် ကျေနပ်မှု မရှိကြောင်းပြောသွားခဲ့သည်။[708]

> *"ကျွန်တော်တင်ပြချင်တာက သူတို့က ကျွန်တော်တို့အတွက် ဒီကတ်ပြား ကိုထုတ်ပေးခဲ့ပေမယ့် ဒီကတ် ထုတ်ပေးတဲ့ အဓိပ္ပာယ်ကို ကျွန်တော်တို့နားမလည်ဘူး။ အကြောင်းရင်းကို တိတိကျကျသိချင်တယ်။ သူတို့က ပြောတော့ ခင်ဗျားတို့ဒီကတ်ကို မြို့ပေါ်သွားရင် ယူသွားနိုင်တယ်တဲ့။ ခင်ဗျားတို့အတွက် ဘာ ပြဿနာမှ မရှိစေရဘူးတဲ့။ လွတ်လွယ်ကူကူပဲ သယ်သွားနိုင်တယ်တဲ့။ ခင်ဗျားတို့ကို အန္တရာယ်ပြုမှာ၊ ဖိနှိပ်မှာ၊ ဖမ်းထားမှာ ပူစရာမရှိဘူးတဲ့။ ဒီကတ်ပြားရဲ့အဓိပ္ပာယ်ကို ကျွန်တော်တို့ မသိတဲ့အတွက် သိချင်တာပဲ ရှိတယ်။ သိလို့ရှိရင် ဒီကိစ္စကို စဉ်းစားနိုင်မှာပေါ့။"*
>
> စော --- (ကျား၊ ၅၄) --- ကျေးရွာ၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း (၂၀၁၂ ဇူလိုင်လတွင် တွေ့ဆုံမေးမြန်းချက်)

၂၀၁၂ခုနှစ် ဩဂုတ်လတွင် ခဲဒါး ကျေးရွာအုပ်စုမှ ရွာသားများသည် နော်ဝေးပြည်သူ့အကူအညီ (Norwegian People's Aid) မှတစ်ဆင့် နော်ဝေအစိုးရ၏ ရန်ပုံငွေဖြင့်ပေးသည့် ဆန်များကို စတင်လက်ခံရရှိခဲ့ပြီး သုံးလဆက်လက်ရရှိခဲ့သည်။ [709] ၂၀၁၃ ဩဂုတ်လတွင် ကွီးလား ရွာသားများသည် ယင်းအစီအစဉ်ကို တိုးချဲ့ရန်စဉ်းစားနေသည့် နော်ဝေး အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ [710] ဖာပွန်ခရိုင် ဘူသိုမြို့နယ်မှ ရွာသားများသည်လည်း နီပွန်ဖောင်ဒေးရှင်းထံမှ ဆန်များလက်ခံရရှိသည်ဟု သတင်းပေးခဲ့ပို့သည်။[711]

## (ဂ) ကျန်းမာရေးနှင့် ပညာရေး အခွင့်အလမ်း

ဤအပိုင်းတွင် ရွာသူရွာသားများမှ ၎င်းတို့နေထိုင်ရာဒေသရှိ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးပိုင်း (သို့မဟုတ်) အသုံးပြုခွင့်ရမှု အနေအထားနှင့် ပတ်သက်ပြီး တင်ပြထားသည့် တိုင်ကြားချက်များ ပါဝင်သည်။ ယခင်က မြန်မာအစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ (သို့မဟုတ်) သီးခြားပုဂ္ဂိုလ် တစ်ဦးဦးမှ အဆိုပါ ဝန်ဆောင်မှုများကို ဥပမာ- စာသင်ကျောင်းများ သို့မဟုတ် ဆေးခန်းများကို ဖျက်ဆီးပစ်ခဲ့သည့် တိုက်ခိုက်မှုများကဲ့သို့ တိုက်ရိုက်နှောင့်ယှက်ခြင်း အားဖြင့်သော်လည်းကောင်း၊ ရွာသူရွာသားများအား အဆိုပါ ဝန်ဆောင်မှုများ ရရှိနိုင်သည့် နေရာဒေသများမှ အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ ရွာသားများအား ထိုဝန်ဆောင်မှုများ မရရှိစေရန်အတွက် သွားလာမှုအား ပိတ်ပင်ခြင်းများ အားဖြင့်လည်း အဟန့်အတားများ ပြုလုပ်ကြသည်။ ထို့ပြင် အာဏာပိုင် အဖွဲ့အစည်းတစ်ခုမှ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်သော်လည်း ဝန်ဆောင်မှု အပိုင်းများတွင် အရည်အသွေး စံချိန်စံညွှန်း မပြည့်မီသည့် ဖြစ်စဉ်များလည်း ပါဝင်နိုင်ပါသည်။ အချို့သော ဖြစ်ရပ်များတွင် ဝန်ဆောင်မှုများသည် စံချိန်စံညွှန်း မပြည့်မီကြောင်း ရွာသူရွာသားများမှ အစီရင်ခံ သတင်းပေး ပို့ကြသော်လည်း တာဝန်ရှိသူ မည်သူတစ်ဦးတစ်ယောက်ကမျှ ၎င်းတို့ကို ကူညီဆောင်ရွက်ပေးမှု မရှိကြချေ။

[707] Source #41 နှင့် 43 တွင်ကြည့်ပါ။
[708] Source #43 တွင်ကြည့်ပါ။
[709] Source #52 တွင်ကြည့်ပါ။
[710] Source #270 တွင်ကြည့်ပါ။
[711] Source #245 တွင်ကြည့်ပါ။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း KHRG သည် ဒေသတွင်း သတ်မှတ်ထားသည့် ကရင်ခရိုင် (၇)ခုရှိ ရွာသူရွာသားများအပေါ် သက်ရောက်နေသော ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အတားအဆီးများကို စာရင်းပြုစုခဲ့ပါသည်။ ပဋိပက္ခကာလ အတောအတွင်း တပ်မတော်မှ ရွာများအပေါ် တိုက်ခိုက်မှုများနှင့် တမင်ရည်ရွယ်၍ဖြစ်စေ၊ ထိုးစစ်ဆင်တိုက်ခိုက်မှုများ၏ ရလဒ်အနေနှင့်ဖြစ်စေ ဖြစ်ပေါ်လာသော ‌ေ ရွှ့ပြောင်း နေထိုင်ရခြင်းများသည် ရွာသားများ၏ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ လက်ခံရရှိခြင်းတွင် ကြီးမားသော သက်ရောက်မှုတစ်ခု ဖြစ်လာခဲ့သည်။ [712] လက်နက်ကိုင် ပဋိပက္ခများဖြင့် ကျန်းမာရေးနှင့်ပညာရေး ရရှိနိုင်မည့် အခွင့်အလမ်းများအား နှောင့်ယှက်မှု မရှိသော်လည်း အစိုးရ၏ ကျန်းမာရေးနှင့် ပညာရေးစနစ်များအတွက် အသုံးစရိတ်သည် ကာလအချိန်ကြာမြင့်စွာ လုံလောက်မှုမရှိဖြစ်နေသည်။ ထို့ကြောင့် ရလဒ်အနေနှင့် ကျန်းမာရေး နှင့် ပညာရေးဆိုင်ရာ အဆောက်အအုံများ လုံလောက်စွာ မဆောက်လုပ်နိုင်ခြင်း၊ ဆောက်လုပ်ထားသော အဆောက်အအုံများအတွက် လုံလောက်သော ဝန်ထမ်းနှင့် ကရိယာ တန်ဆာပလာများ မရှိခြင်း သို့မဟုတ် လုံးဝ လည်ပတ်နိုင်မှု မရှိခြင်းများ ဖြစ်ပေါ်လာပါသည်။ [713]

### ကျန်းမာရေး အခွင့်အလမ်း

၂၀၀၈ ခုနှစ် မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံသားအားလုံး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးရရှိရမည်ဟု အာမခံပေးထားပါသည်။ [714] သို့သော် မြန်မာအစိုးရသည် ၎င်း၏ကျန်းမာရေးနှင့် ဆိုင်သည့်လုပ်ငန်းများက အထူးသဖြင့် ကျေးလက်ဒေသများတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အလွန်ဝေးကွာပြီး အရည်အသွေးနိမ့်ကျနေသည်ကို ဝန်ခံအသိအမှတ်ပြုခဲ့ပါသည်။ [715] ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များတွင် နိုင်ငံသား (၁၀၀၀) အတွက် ဆရာဝန် (၂.၃) ယောက်နှုန်း ထားရှိရန် အကြံပြု တောင်းဆိုသော်လည်း မြန်မာနိုင်ငံတွင်မူ စစ်တပ်မှ ဆရာဝန်များအပါအဝင် (၁.၄၉) ယောက်နှုန်းသာ ရှိပါသည်။[716] ထိုမျှမက ကျေးလက်ဒေသများတွင် နေထိုင်သူများသည် နိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံ ရှိသော်လည်း ခန့်မှန်းချေအားဖြင့် တစ်နိုင်ငံလုံးရှိ ဆရာဝန်နှင့် ဆေးဖက်ဆိုင်ရာဝန်ထမ်းများအားလုံး၏ တစ်ဝက်ခန့်သည် မြို့ပြတွင် နေထိုင်သူများအတွက် တာဝန်ထမ်းဆောင်နေပါသည်။ [717] မြန်မာအစိုးရက "ဆင်းရဲမွဲတေမှု လျှော့ချရေး၏ အဓိက အခန်းကဏ္ဍသည် ကျန်းမာရေးဖြစ်သည်" ဟု ကတိကဝတ်ပြုခဲ့ပြီး မကြာသေးခင်နှစ်များအတွင်းတွင် ပြည်တွင်း ကုန်ထုတ်လုပ်မှု စွမ်းအား (ဂျီဒီပီ)၏ ရာခိုင်နှုန်းသတ်မှတ်ချက်ဖြင့် ၎င်းတို့၏ ကျန်းမာရေးကဏ္ဍအတွက် အသုံးစရိတ် ခွဲတမ်းချမှုများကို လေးဆ မြှင့်တင်သုံးစွဲခဲ့ပါသည်။[718] ဤကဲ့သို့တိုးမြှင့်သုံးစွဲခဲ့သော်လည်း မြန်မာနိုင်ငံ၏ ကျန်းမာရေး အသုံးစရိတ်သည် အရှေ့တောင်အာရှတွင် အနိမ့်ဆုံးအဆင့်တွင် ကျန်ရှိနေသေးပါသည်။[719]

---

[712] ဥပမာ *Self-protection under strain: Targeting of civilians and local responses in Northern Karen State*, KHRG, August 2010, pp. 64-81 တွင်ကြည့်ပါ။

[713] *Growing up under militarisation: Abuse and Agency of children in Karen state*, KHRG, April 2008, pp. 14-59, 85-117 တွင်ကြည့်ပါ။

[714] မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၈) ပုဒ်မ - ၃၆၇ တွင်ကြည့်ပါ။

[715] *Health Workforce Strategic Plan 2012-2017* မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန၊ ၂၀၁၂ စာမျက်နှာ ၆-၇။ ကလေးသူငယ်နှင့် မိခင်ကျန်းမာရေး တို့နှင့်ဆက်စပ်သည့် MDG ရည်မှန်းချက်များကို အောင်မြင်စေဖို့ရာ"ဝန်ဆောင်မှု လုပ်ငန်းသည် ကျေးလတ်ဒေသ၊ ဝေးလံခေါင်ဖျားပြီး ပိုမိုကျယ်ပြန့်သော ဒေသများတွင် အားကောင်းရန် လိုအပ်မည်ဖြစ်သည်"၊ *Millennium Development Goals Report*, Republic of the Union of Myanmar 2013, စာမျက်နှာ ၆၀ တွင်ကြည့်ပါ။

[716] *Health Workforce Strategic Plan 2012-2017*ကျန်းမာရေး ဝန်ကြီးဌာန၊ ၂၀၁၂ စာ ၆-၇ တွင်ကြည့်ပါ။

[717] *Health Workforce Strategic Plan 2012-2017* ကျန်းမာရေး ဝန်ကြီးဌာန၊ ၂၀၁၂ စာ ၂ တွင်ကြည့်ပါ။

[718] Steven Lanjouw & Nwe Nwe Aye,*SDC Health Assessment in Southeast Region of Myanmar* ***ဆွစ်ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ၂၀၁၃၊ ဩဂုတ်လ၊ စာ ၁၄*** *တွင်ကြည့်ပါ။*

[719] အထက်တွင်ဖော်ပြထားသည့်အညွှန်း

ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေသည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် သိသိသာသာ ချို့တဲ့လျက်ရှိပါသည်။ မကြာသေးမီက အကဲဖြတ်မှတ်တမ်းတစ်ခုတွင် အနှစ်ချုပ်သုံးသပ်ထားသည်မှာ "သမိုင်းနှင့်ချီ၍ ရှည်ကြာနေသည့် ပြည်တွင်းပဋိပက္ခ၊ ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးတိုးတတ်မှုနောင့်နှေးခြင်းတို့၏ အကျိုးဆက်တစ်ခုအဖြစ် မြန်မာနိုင်ငံ၏ အရှေ့ တောင်ပိုင်းဒေသရှိ ကျန်းမာရေး အခြေအနေသည် ကျန်ဒေသများထက် ပိုမိုဆိုးရွားနေသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု စရိတ်စခကြီးမြင့်ခြင်း နှင့် အသိပညာဗဟုသုတမရှိခြင်းတို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှုအား လက်ခံရရှိရန် ခက်ခဲခြင်းများ အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းများ၊ အခြေခံအဆောက်အဦးနှင့် ကိရိယာတန်ဆာပလာများ မလုံလောက်ခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် အခွင့်အလမ်း နည်းပါးနေခြင်း ၊ ဘာသာ စကား အခက်အခဲ၊ ကောင်းမွန်စွာ ဆက်ဆံနိုင်မှု အားနည်းခြင်းနှင့် ဒေသဆိုင်ရာ ထုံးတမ်းဓလေ့များနှင့် ယုံကြည်သက်ဝင်မှုတို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု ရယူနိုင်ရန် အားနည်းနေခြင်း ဖြစ်သည်။"[720]

အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုအား ရရှိနိုင်သည့် နေရာဒေသများတွင်ပင်လျှင် အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှု၏ ကုန်ကျစရိတ်များက အတားအဆီးသဖွယ် ရှိနိုင်နေပါသေးသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် အကြမ်းဖျင်းအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ကုန်ကျစရိတ်များ၏ ခန့်မှန်းခြေ ၈၂ ရာခိုင်နှုန်းသော ကျန်ကုန်ကျစရိတ်များမှာ အများပြည်သူများ၊ ပြင်ပ INGOများနှင့် CBOများ၏ ရန် ပုံငွေ အထောက်အပံ့များမှ ရရှိခြင်းဖြစ်သည်။ ။[721]

ထိုင်းနိုင်ငံ နယ်စပ်တလျှောက်ရှိ နယ်စပ်ဒေသရှိ အုပ်စုများမှ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ခြင်း ပြုလျက်ရှိသည့် ဝေးလံခေါင်ဖျားသည့် ကျေးလက်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်မှု အောက်တွင်ရှိသည့် ဒေသများ၏ အခြေအနေမှာ ပိုမိုပြီးခက်ခဲပါသည်။ KNU ၏ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) နှင့်အတူ လွတ်လပ်သော မြန်မာနိုင်ငံ ဆရာဝန်အသင်း(BMA)၊ Free Burma Rangers (FBR)၊ နယ်လှည့် ဆေးဝန်ထမ်းအဖွဲ့ (BPHWT) အပါအဝင် နယ်စပ်အဖွဲ့အစည်းများမှ စုစုပေါင်း သမားတော် ၄ ဦး၊ ဆရာဝန် ၁၇၆ ဦးနှင့် လူမှုအဖွဲ့အစည်းတွင်းမှ ကျန်းမာရေးလုပ်သားများနှင့်ဝမ်းဆွဲများ စုပေါင်းထားသည့် စေတနာ့ဝန်ထမ်း ၉၇၀ ခန့်ဖြင့် အတူတကွပူးပေါင်း၍ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများရှိ ခန့်မှန်းခြေ လူဦးရေ ၁.၃၅ သန်းခန့်ကို ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးနေကြပါသည်။ အဆိုပါ ကျန်းမာရေးဆိုင်ရာ အုပ်စုများသည် အပစ်အခတ်ရပ်စဲပြီးသည့်အချိန်မှစ၍ ၎င်းတို့၏ရန်ပုံငွေများ လျော့နည်းလာနေသည်ကို တွေ့ရှိနေကြပါသည်။[722]

အပစ်အခတ် ရပ်စဲပြီးအချိန်မှစ၍ မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနနှင့် "Health Convergnece Core Group" ဟုခေါ်သည့် နယ်စည်းမခြား အုပ်စုများ၏ ယာယီပူးပေါင်း အဖွဲ့အစည်းတစ်ခုတို့မှ နောက်ပိုင်းတွင် အစိုးရနှင့် နယ်စပ်ဖြတ်ကျော် အုပ်စုများ၏ ကျန်းမာရေး စောင့်ရှောက်သူများမှ နယ်မြေအနှံ့အပြားသို့ အာဏာခွဲဝေ သက်ရောက်စေမည့် ဖက်ဒရယ် ကျန်းမာရေးစနစ်တစ်ခုကို ဖန်တီးတည်ထောင်ရန် ဦးတည်ရည်ရွယ်သည့် ဆွေးနွေးမှုများကို စတင်ပြုလုပ်ခဲ့ကြပါသည်။[723] ဤလုပ်ဆောင်ချက်နှင့်အတူ အထက်တွင် ဖော်ပြခဲ့သည့် အစိုးရ၏မူဝါဒ အပြောင်းအလဲများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများရှိ ကျေးရွာများကို ပိုမိုအဆင့်မြင့်မားသည့် ဝန်ဆောင်မှုများ ဆက်လက်ပေးဆောင်သွားရန်အတွက် အထောက်အကူပေးနိုင်သည့် အလားအလာ ရှိပါသည်။

[720] Source #6 တွင်ကြည့်ပါ။
[721] Source #၁၂ တွင်ကြည့်ပါ။
[722] Source #၂၂ တွင်ကြည့်ပါ။
[723] Source #၁၆ တွင်ကြည့်ပါ။

## *၂၀၁၂ ခုနှစ် အပစ်အခတ် ရပ်စဲပြီးချိန်မှစ၍ ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်း*

ရွာသူရွာသားများသည် သမာရိုးကျအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ၎င်းတို့နေထိုင်ရာ ကျေးရွာ သို့မဟုတ် နယ်ပယ်ဒေသရှိ သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်မှ စီမံအုပ်ချုပ်သည့် သို့မဟုတ် အထောက်အကူပေးသည့် ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုနေလေ့ရှိပြီး ၎င်းဝန်ဆောင်မှုများသည် မြန်မာအစိုးရထံမှ ဖြစ်နိုင်သကဲ့သို့ EAGများ ထံမှလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ နိုင်ငံရေးထိန်းချုပ်မှုပုံစံသည် ရှုပ်ထွေးနေလေ့ရှိပြီး KHRG သုတေသနပြုရာ ဒေသများရှိ ရွာသူရွာသားများထဲမှ အတော်များများသည် တစ်ဖွဲ့ထက်ပိုသော အုပ်ချုပ်သူ အာဏာပိုင်အဖွဲ့များ ရောယှက်ထိန်းချုပ်သော နေရာများတွင် နေထိုင်နေကြရသည်။ ထိုအခြေအနေများကို ပိုမိုရှုပ်ထွေးစေသည်မှာ ရွာသူရွာသားများသည် မကြာခဏဆိုသလို ကျန်းမာရေး စောင့်ရှောက်မှုရရှိရန်အတွက် ခရီးသွားလာကြရပြီး ထိုသို့ပြုလုပ်ရာတွင် အုပ်စုတစ်စု၏ ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေတစ်ခုမှ အခြားအဖွဲ့အုပ်ချုပ်သော ဒေသတစ်ခုသို့ သွားလာကြရသည်။ မြန်မာပြည် တောင်ပိုင်းရှိ မည်သည့် ဒေသအား မည်သည့် အာဏာပိုင်အစိုးရမှ ထိန်းချုပ်မှု ပြုလုပ်ထားသည်ကို သေချာ၍ လက်ခံနိုင်သည့် စစ်တမ်းကောက်ယူမှု ပြုလုပ်ထားခြင်းမရှိသည့်အတွက် KHRG အနေနှင့် ဒေသအတွင်း၌ နေထိုင်ပြီး ဒေသခံများ၊ ထိုဒေသသည် မည်သူတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်ကို သေချာစွာ သိရှိရန်အတွက် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် ရှိသော သူများနှင့် ဆွေးနွေးတိုင်ပင်လေ့ရှိသော ဒေသခံ အဖွဲ့ဝင်များ၏ အဆုံးအဖြတ်အပေါ် တွင်သာ အားထားမှု ပြုသည်။

မတူညီသည့် နေရာဒေသများမှ ရွာသားများအနေနှင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန်အတွက် တွေ့ကြုံရသည့် အခက်အခဲအမျိုးမျိုးသည်၎င်းတို့အပေါ်မည်ကဲ့သို့သက်ရောက်မှုရှိကြောင်းဘားအံခရိုင်ရှိKHRGသတင်းကောက်ယူသူ များမှ၂၀၁၃ခုနှစ်မတ်လပိုင်းလောက်ကထုတ်ဖော်ပြောကြားခဲ့ကြပါသည်။လှုသောမြို့နယ်အတွင်းရှိKNUထိန်းချုပ်ရာ နယ်မြေများတွင် ဆေးဝါးနှင့် ကုသမှုများသည် KNU မှအထောက်အပံ့ပေးသည့် အချိန်တွင် အခမဲ့ ရရှိသော်လည်း အမြဲတမ်း မရနိုင်ပါ။ တစ်ဖက်တွင်မူ အဆိုပါဒေသရှိ အစိုးရထိန်းချုပ်ရာ နေရာများတွင် ကျန်းမာရေး စောင့်ရှောက်မှုသည်ပုံမှန်အားဖြင့်လက်ခံရရှိရန်လွယ်ကူသော်လည်းဆေးပေးခန်းများသည်လက်လှမ်းမမှီလောက် အောင် ဈေးနှုန်းကြီးမြှင့်ပြီး အချိန် လုံလောက်စွာ ဖွင့်လှစ်ခြင်းမရှိပါ။[724] အလားတူပင် တောင်ငူခရိုင်မှ သတင်းကောက်ယူသူများကKNUအထောက်အပံ့ဖြင့်လည်ပတ်နေသည့်ဆေးပေးခန်းများသည်ပြည့်စုံလုံလောက်မှုမရှိ သည့်အချိန်တွင်အစိုးရဆေးရုံးများကလည်းကုန်ကျစရိတ်ကြီးမြှင့်ကြောင်းကို သတင်းပေးပို့ ပြောကြားခဲ့ပါသည်။[725]





အထက်ပါဓာတ်ပုံများကို *KNU* ထိန်းချုပ်ရာ နယ်မြေတစ်ခုရှိ ဖာပွန်ခရိုင်၊ *လှုသော* မြို့နယ်၊ *ခေးပူ* ကျေးရွာအုပ်စုတွင်ရှိသည့် *တယူပယ်ခို တပီးထ* ရွာတွင် *KHRG* သတင်းကောက်ယူသူတစ်ဦးက ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် ရိုက်ကူးခဲ့သည်။ ၎င်းပုံကတွင် ပါရှိသည့် "*လှုသောဖောဒေး သေဂီဝါဆဲ"အဖွဲ့* ကို "ဗိုင်းရင်းဆေးအဖွဲ့" ဟုဘာသာပြန်ဆိုသည်။ ၎င်းအဖွဲ့တွင် အဖွဲ့ဝင်*(၂၄)* ဦးနှင့် ကော်မတီဝင်*(၉)* ဦးပါဝင်ပြီး တိုင်းရင်းဆေးဝါး *(၁၀)* မျိုးကို ဖော်စပ်ထုတ်လုပ်ပါသည်။ အဆိုပါ အဖွဲ့ဝင်များအဆိုအရ ၎င်းတို့ထုတ်လုပ်နေသည့် ဆေးဝါးပုံစံ အမျိုးအစားများကို တိုးတတ်ကောင်းမွန် လာစေရန်အတွက် ကျွမ်းကျင်သူ ပညာရှင်များကို ၎င်းတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်လိုသည်ဟု ဆိုပါသည်။[726] *[Photos: KHRG]*

---

[724] Source #81 တွင်ကြည့်ပါ။

[725] Source #262 တွင်ကြည့်ပါ။

[726] Source #354 တွင်ကြည့်ပါ။

## ၁။ ရောယှက်ထိန်းချုပ်ရာ နေရာဒေသများရှိ ကျန်းမာရေး အခွင့်အလမ်း

ခရိုင် (၆)ခုမှ ရွာသူရွာသားများက အစိုးရနှင့် လက်နက်ကိုင်အုပ်စု ရောယှက်ထိန်းချုပ်ရာဒေသများမှ ရွာသူရွာသားများသည် သမားရိုးကျအားဖြင့် အစိုးရထိန်းချုပ်ရာနေရာရှိ အနီးစပ်ဆုံး အစိုးရဆေးရုံများဆီသို့ ပြင်းထန်သည့် နာမကျန်းမှုများကို ကုသမှုခံယူရန်အတွက် သွားရောက်ကြလေ့ ရှိကြောင်းကို သတင်းပေးပို့ပါသည်။[727] ပြင်းပြင်းထန်ထန် ဆေးကုသရန်မလိုအပ်သည့် ကိစ္စရပ်များအတွက် ရွာသားများမှ ဒေသဆိုင်ရာ အစိုးရဆေးပေးခန်းများ [728] ၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ၎င်းတို့နေရာဒေသသို့ အစိုးရမှ တာဝန်ချထားပေးသည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ[729]နှင့် ၎င်းတို့နေထိုင်ရာ ကျေးရွာများ သို့မဟုတ် အနီးအနား မြို့နယ်များ [730] ရှိ ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ အပေါ်တွင်သာ မှီခိုနေရလေ့ ရှိပါသည်။ [731] ရွာသူရွာသားများသည် ၎င်းတို့နေထိုင်ရာနေရာဒေသသို့ ရောက်ရှိလာပြီး လိုအပ်သော သင်တန်းများ [732] နှင့် ဆေးကုသမှုများကို [733] ထောက်ပံ့ပေးနိုင်သည့် အစိုးရမဟုတ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ် မယူသည့် အဖွဲ့အစည်းများ အပေါ်တွင်လည်း မှီခိုနေရပါသည်။

အဆိုပါ နှစ်ဖက်ထိန်းချုပ်ရာ နေရာဒေသများမှ ရွာသူရွာသားများက ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်မှု လမ်းကြောင်းကို ရေရှည်အနှောင့်အယှက် ပြုနေသည့်အတားအဆီးများ နှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အမျိုးအစား (၃)မျိုး ခွဲခြားထားသည်ကို သတင်းပေးပို့ပါသည်။ အဆိုပါသတင်းပို့ အစီရင်ခံမှုများသည် (၁) ရုပ်ပိုင်းဆိုင်ရာအရ ရရှိအသုံးပြုနိုင်မှု၊ (၂) ငွေကြေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်လင့်တကူဖြစ်မှု နှင့်/သို့မဟုတ် (၃) ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေး တို့နှင့်ဆက်နွယ်နေပါသည်။

### ရုပ်ပိုင်းဆိုင်ရာအရ ရရှိအသုံးပြုနိုင်မှု

ရောယှက်ထိန်းချုပ်ဒေသများမှ ရွာသူရွာသားများက ၎င်းတို့ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု မရှိကြောင်းကို သတင်းပေးပို့ခဲ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ဒေသများတွင် ဆေးပေးခန်း သို့မဟုတ် ဆေးရုံမရှိခြင်း၊[734]

[727] သထုံခရိုင်အတွက် ဥပမာအဖြစ် Source #10 ကိုကြည့်ပါ၊ တောင်ငူခရိုင်အတွက် ဥပမာအဖြစ် Source #36 and 262 ကိုကြည့်ပါ၊ ညောင်လေးပင်ခရိုင်အတွက် Source #269 ကိုကြည့်ပါ၊ ဖာပွန်ခရိုင်အတွက် Source #81 ကိုကြည့်ပါ၊ ဒူးပလာယာခရိုင်အတွက် Source #106 ကိုကြည့်ပါ၊ ဘားအံခရိုင်အတွက် Source #326 ကိုကြည့်ပါ။

[728] သထုံခရိုင်အတွက် Source #5 ကိုကြည့်ပါ၊ ဘားအံခရိုင်အတွက် Source #199 ကိုကြည့်ပါ၊ ဖာပွန်ခရိုင်အတွက် Source #147 ကိုကြည့်ပါ။

[729] သထုံခရိုင်အတွက် Source #6 ကိုကြည့်ပါ၊ ညောင်လေးပင်ခရိုင်အတွက် Source #265 ကိုကြည့်ပါ။

[730] ကဒီးကျေးရွာ၊ ကဒီးကျေးရွာအုပ်စု၊ သထုံမြို့နယ်၊ သထုံခရိုင်မှ စစ်ဆေးဖက်ဆိုင်ရာ အမှုထမ်းဟောင်းတစ်ဦးက ရွာသူရွာသားများကို အခကြေးငွေနည်းနည်းဖြင့် ကုသပေးသည်ကို Source #11 တွင်ကြည့်ပါ။

[731] ညောင်လေးပင်ခရိုင် မုန်းမြို့နယ် အောင်စိုးမိုးရွာမှ ရွာသားများသည် ဆေးကုသမှု ခံယူရန်အတွက် ကျောက်ကြီးမြို့နယ်ရှိ ပုဂ္ဂလိကဆေးပေးခန်းတစ်ခုသို့ သွားရပါသည်၊ Source #39 တွင်ကြည့်ပါ။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် မြို့နယ်များတွင်ရှိသည့် ပုဂ္ဂလိကဆေးပေးခန်းများသို့ မုန်းမြို့နယ်မှ ရွာသူရွာသားများက သွားကြရသည် ဆိုသည်ကို KHRG မှသုတေသနသမားတစ်ဦး၏ အထွေထွေ ထုတ်ပြန်ချက်ကို သိရှိရန် Source #269 တွင်ကြည့်ပါ။

[732] ဥပမာ တောင်ငူခရိုင် ထန်းတပင်မြို့နယ်ရှိ နှစ်ဖက်ထိန်းချုပ်မှု ရောထွေးနေသော နယ်မြေများမှ ရွာသူကြီးတစ်ဦးက အမည်မဖော်လိုသော ကျန်းမာရေး NGO တစ်ခုက ကျန်းမာရေး ပညာပေးလုပ်ငန်း လုပ်ဆောင်ရန်အတွက် တစ်နှစ်လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် ရွာသို့လာရောက်ခဲ့သည်ဟု သတင်းပေးပို့သည့် အကြောင်းကို Source #25 ကိုကြည့်ပါ။

[733] BPHWT ဆေးအဖွဲ့များက စောင့်ရှောက်မှု ပေးသောနေရာဖြစ်သည့် ညောင်လေးပင်ခရိုင်ရှိ နှစ်ဖက်ထိန်းချုပ်မှု ရောထွေးနေသော နယ်မြေတစ်ခုနှင့် ပတ်သက်သည့် ဥပမာအတွက် Source #47 တွင်ကြည့်ပါ။ BPHWT ဆေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု ပေးသောနေရာဖြစ်သည့် သထုံခရိုင်ရှိ ရောယှက်ထိန်းချုပ်ရာ နယ်မြေတစ်ခုနှင့် ပတ်သက်သည့် ဥပမာအတွက် Source #8 တွင်ကြည့်ပါ။ KNLA ဆေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် တောင်ငူခရိုင်မှ ဥပမာအတွက် Source #36 တွင်ကြည့်ပါ။

[734] တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်တွင် နေထိုင်သော ရွာသားတစ်ဦးက ၎င်းတို့ကျေးရွာတွင် မည်သည့်ဆေးပေးခန်းမျှ မရှိကြောင်းနှင့် အာဏာပိုင်များက ထိုအခြေအနေကို အဆင်ပြေရန် မည်သည့်အရာမျှ မပြုလုပ်ကြောင်း သတင်းပေးပို့သည့် ဥပမာအတွက် Source #29 တွင်ကြည့်ပါ။ သထုံခရိုင် ဘီးလင်းမြို့နယ် အေးဆုမီး ကျေးရွာအုပ်စုတွင် ၂၀၁၂ ခုနှစ်ဝန်းကျင်၌ မည်သည့်အစိုးရ ကျန်းမာရေးဝန်ဆောင်မှုမှ မရှိခဲ့ပါဆိုသည့် ဥပမာအတွက် Source #17 တွင်ကြည့်ပါ။ ၂၀၁၃ ခုနှစ်တွင် သထုံခရိုင် ဘားအံမြို့နယ်တွင် ကျေးရွာအခြေခံ ဆေးပေးခန်း မရှိခဲ့သည်နှင့် ပတ်သက်၍ KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦးက သတင်းပေးပို့ခဲ့သည်ကို သိလိုပါက Source #361 တွင်ကြည့်ပါ။

ကျန်းမာရေး စောင့်ရှောက်မှု ပေးမည့် ကျန်းမာရေး လုပ်သားများမရှိခြင်း သို့မဟုတ် ကျန်းမာရေးလုပ်သား အရေအတွက် လုံလောက်မှုမရှိခြင်း၊ [735] ရွာသားများအနေနှင့် နေ့စဉ်လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက်သည့် မည်သည့်သင်တန်းပေးမှုမျှမရှိခြင်း [736] အပြင် အချို့ ဆေးရုံဆေးခန်း မရှိသောဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်သည့် အဖွဲ့အစည်းများမှလည်း ထိုဒေသများသို့ သွားရောက်ရန် အတားအဆီးများ ရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။[737]

> *"ကျွန်တော်တို့ ရွာမှာ ဆေးပေးခန်းမရှိပါဘူး။ စျေးဆိုင်တွေမှာပဲ ကျွန်တော်တို့ဆေးဝယ်နေရတယ်.. ငှက်ဖျားပိုး စစ်ဆေးတဲ့ ကိရိယာတွေလိုမျိုး ဘာမှမရှိဘူး။ တကယ်လို့ ရှိမယ်ဆိုရင် တချို့ငှက်ဖျား အမျိုးအစားကို ရှိမရှိစစ်ဆေးနိုင်မှာ ဖြစ်တဲ့အပြင် ကျန်းမာရေး လုပ်သားတွေအနေနဲ့လည်း စနစ်ကျတဲ့ ကုသမှုအစီအစဉ်နဲ့ ရောက်လာပြီးတော့ ရွာသူရွာသားတွေအတွက် ပိုမိုကောင်းမွန်တဲ့ အခြေအနေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ရောဂါရှာဖွေတဲ့ ကိရိယာတွေမရှိလို့ ကျန်းမာရေးလုပ်သားတွေက တစ်ခါတစ်လေ လူနာတွေကို ဆေးကုသမှုမှားတာတို့ ဒါမှမဟုတ် ဆေးပေးမှားတာတို့ ဖြစ်တတ်ပါတယ်။ ဥပမာဆိုရင် ကျောက်ကပ်ရောဂါ ဖြစ်နေတဲ့ လူနာတစ်ယောက်က ငှက်ဖျားဖြစ်နေတဲ့ လူနာနဲ့ ခပ်ဆင်ဆင်တူတာမျိုးတွေ ရှိတတ်တယ်၊ ဒါကြောင့် ငှက်ဖျားရောဂါပိုး စစ်ဆေးတဲ့ ကိရိယာတန်ဆာပလာတွေ မရှိဘူးဆိုရင် သူတို့တွေလည်း မှားယွင်းကုသတာတွေ ခံရနိုင်ပါတယ်။"*
>
> စော....(ကျား၊ ၅၀)၊ .......ကျေးရွာ၊ မုန်းမြို့နယ်၊ ညောင်လေးပင် ခရိုင်/ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်(၂၀၁၂ ခုနှစ်၊ ဖွန်လ တွင်တွေ့ဆုံမေးမြန်းချက်)[738]

ရေယုက်ထိန်းချုပ် ဒေသအတော်များများရှိ မြန်မာအစိုးရမှ တည်ထောင်ထားသည့် ကျန်းမာရေးဆေးပေးခန်းများတွင် ဝန်ထမ်းလုံလောက်မှုမရှိကြောင်း [739] နှင့် ထိုကဲ့သို့မရှိရခြင်းမှာ အစိုးရကျန်းမာရေးဌာန ဝန်ထမ်းများက ဆေးပေးခန်းများကို ဂရုစိုက်မှုမရှိခြင်း [740] သို့မဟုတ် ဆေးပေးခန်းသည် တစ်ပတ်လျှင် တစ်ရက်သာ ဖွင့်လှစ်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ရွာသူရွာသားများက သတင်းပေးပို့တင်ပြကြပါသည်။ [741] ရေကာတာစီမံကိန်း တစ်ခုကြောင့် တောင်ငူခရိုင် --- ကျေးရွာတွင် နေထိုင်သူများ၏ နေအိမ်များကို ၂၀၀၆ ခုနှစ်တွင် ရေလွှမ်းမိုးသည့်အခါ ထိုဒေသခံများကို ပြန်လည်နေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ ရေကာတာစီမံကိန်းသည် ကျေးရွာကျန်းမာရေး ဆေးပေးခန်းတစ်ခုနှင့် ကပ်လျက် ရှိပါသည်။ ၂၀၁၂ ခုနှစ်တွင် ၎င်းကျေးရွာသို့ KHRG မှ သတင်းကောက်ယူသူက လာရောက်လည်ပတ်သည့်အခါ အသစ်နေရာ ချထားပေးထားသည့် နေရာတွင်လည်း ရွာသားများအတွက် အခြေခံ

ညောင်လေးပင်ခရိုင်မှ ရွာသူရွာသားများက ၎င်းတို့သည် ဒေသတွင်းရှိဆေးဆိုင်များတွင် လိုအပ်သောဆေးဝါးကို ဝယ်ယူခဲ့ရကြောင်းမှာ တရားဝင် ဆေးကုသမှု ဂန်ဆောင်မှုလုပ်ငန်း လမ်းကြောင်းမရှိခဲ့သည့်အတွက် ဖြစ်ကြောင်းနှင့် ပတ်သက်၍ သိရှိလိုပါက Source #37 တွင်ကြည့်ပါ။

[735] သထုံခရိုင်၊ သထုံမြို့နယ်တွင် ၂၀၁၃ ခုနှစ် ဖွန်လမှ နိုဝင်ဘာလအထိ အစိုးရမှ နေ၍ ကျေးရွာအတွက် ဆေးပေးခန်းတစ်ခုကို တည်ထောင်ပေးခဲ့သော်လည်း ရွာသားများအတွက် ဆေးဝါးစောင့်ရှောက်မှု အထောက်အကူပေးမည့် ဝန်ထမ်းတစ်ဦးမှ မရှိခဲ့ပေ။ Source #368 တွင်ကြည့်ပါ။

[736] တောင်ငူခရိုင် .......ရွာနှင့် ..........ရွာတို့မှ ရွာသူရွာသားများက ၂၀၁၂ ခုနှစ်တွင် ၎င်းတို့၏ ကျန်းမာရေးနှင့် ဆက်နွယ်သည့် အသိပညာဗဟုသုတ မရှိကြောင်းနှင့် အချို့သောလူများမှာ တိုင်းရင်းဆေးဝါးများအပေါ်သာ မှီခိုနေကြရကြောင်းကို သတင်းပေးပို့ခဲ့ပါသည်။ Source #36 တွင်ကြည့်ပါ။

[737] သထုံခရိုင် သထုံမြို့နယ်ရှိ ရွာသူရွာသားများက သတင်းပေးပို့သည်မှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအထိ ဒေသန္တရ အစိုးရ၏ ကျန်းမာရေးအဖွဲ့တွင် ဆေးဝါးပြတ်လပ်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာလူမှုအဖွဲ့အစည်းများကလည်း အဆိုပါဒေသသို့ မရောက်နိုင်ခဲ့ပေ။ Source #15 တွင်ကြည့်ပါ။

[738] Source #37 တွင်ကြည့်ပါ။

[739] ဘားအံခရိုင်တွင် ရွာသူရွာသားများ နာမကျန်းဖြစ်သည့်အချိန်တွင် ဒေသဆိုင်ရာ ဆေးပေးခန်းတစ်ခုလုံး လူနာအပြည့် ဖြစ်နေလေ့ရှိသည်ဟု ရွာသူရွာသားများက သတင်းပေးပို့ပါသည်။ Source #199 တွင်ကြည့်ပါ။

[740] သထုံခရိုင် သထုံမြို့နယ် ကဒီးပိုးကျေးရွာအုပ်စု .......ရွာမှ တစ်နာရီခန့်သွားရသောနေရာတွင် ဆေးပေးခန်းတစ်ခုရှိသော်လည်း ဆရာဝန် ထွက်သွားပြီး နောက်ပိုင်းတွင် ဝမ်းဆွဲသည်သာ ကျန်နေလေ့ရှိသည်ဟု ရွာသူရွာသားများက သတင်းပေးပို့ပါသည်။ Source #9 တွင်ကြည့်ပါ။

[741] Source #326 တွင်ကြည့်ပါ။

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆိုင်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် မည့်သည့်ဆေးပေးခန်းမျှ မရှိသေးသည်ကို တွေ့ရှိခဲ့ရပါသည်။[742]

> *"ကျွန်တော်တို့ကတော့ ပန္နယ်ကလား၊ ကျိုက်ကော် ဒါမှမဟုတ် သထုံ ကို သွားတယ်။ သထုံမှာ သူတို့မကုနိုင်ရင် ဘားအံဆေးရုံကို သွားတယ်။ လူနာကို ဘာဆေးထိုးထားတယ် ဒါမှမဟုတ် ဘာဆေးတိုက်ထားတယ် ဆိုတာကိုရှင်းပြဖို့ သထုံက သူနာပြုဒါမှမဟုတ် ဆရာဝန်လည်း ဘားအံကို အတူလိုက်ပေးတယ်။ ဘားအံဆေးရုံမှာမှ မကုပေးနိုင်သေဘူး ဆိုရင်တော့ ရန်ကုန်က မင်္ဂလာဒုံဆေးရုံကြီးကို သွားပါတယ်။"*
>
> ဦး......၊ (ကျား၊ ၅၂ နှစ်)၊ သထုံမြို့နယ်၊ သထုံခရိုင်/မွန်ပြည်နယ်မြောက်ပိုင်း (၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တွေ့ဆုံမေးမြန်းချက်)[743]

တောင်ငူ၊ သထုံနှင့် ဘားအံခရိုင်များအတွင်းရှိ နှစ်ဖက်ရောယှက်ထိန်းချုပ်ရာဒေသများရှိ ရွာသူရွာသားများက ၎င်းတို့ကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများ တည်ဆောက်ထားခြင်းအားဖြင့် အဆိုပါအခက်အခဲများကို တုန့်ပြန်ဖြေရှင်းခဲ့ကြပါသည်။ကျေးရွာတစ်ခုတွင် ပဋိပက္ခကာလတွင်း ဖျက်ဆီးခံခဲ့ရသည့် အဆောက်အအုံများကို အစားထိုးသည့်အနေဖြင့် IDP များက ၎င်းတို့ကို ပြန်လည်နေရာချထားသည့် နေရာများတွင်ပင် ကျန်းမာရေးဆိုင်ရာ အဆောက်အဦးသစ်များကို တည်ဆောက်ခဲ့ပြီး [744] တောင်ငူခရိုင်တွင် ဆေးပေးခန်းတစ်ခု တည်ဆောက်ရန်အတွက် နိုင်ငံခြားတွင် အလုပ်လုပ်နေသည့် ရွာသူရွာသား များမှ လွှဲပြောင်းပေးပို့သောငွေများကို အသုံးပြုခဲ့သည်။ [745] သထုံခရိုင် ဘားအံမြို့နယ်တွင်လည်း ADRA ဆိုသည့် အဖွဲ့အစည်းနှင့် အမည်မသိသော ဂျပန်လူမှုအဖွဲ့အစည်းတစ်ခုတို့က ဆေးရုံးတစ်ရုံ တည်ဆောက်ရန်အတွက် အကူအညီ ပေးခဲ့ကြောင်း ရွာသူရွာသားများက သတင်းပေးပို့ကြပါသည်။[746]

နှစ်ဖက်ရောယှက်ထိန်းချုပ်ရာ နယ်မြေများတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ခြင်းအပေါ် အပြုသဘော ဆောင်သော အပြောင်းအလဲများကိုလည်း ရွာသူရွာသားများက သတင်းပေးပို့သည်။ အပစ်အခတ်ရပ်စဲပြီး အချိန်မှစ၍ အစိုးရက ဘားအံခရိုင်၊ ဘူးသိုမြို့နယ်တွင် ကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့ပြီး [747] လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက သထုံခရိုင်တွင် [748] ဆေးရုံတစ်ရုံကို တည်ဆောက် ပေးခဲ့ပါသည်။[749] ဒေသတစ်ခုကို စီးပွားရေးစီမံကိန်းများဖြင့် ရောက်ရှိလာသည့် အချို့သောကုမ္ပဏီများကလည်း ဒေသခံ ပြည်သူများအတွက် ဆေးပေးခန်းများကို တည်ဆောက်ပေးကြပါသည်။ သထုံခရိုင်၊ ဘားအံမြို့နယ်ရှိ လက်နက်ကိုင်များရောယှက်ထိန်းချုပ်ရာ နယ်မြေများမှ ရွာသူရွာသားများက ဆေးပေးခန်းအသစ်တစ်ခု [750]

---

[742] Source #20 တွင်ကြည့်ပါ။

[743] Source #5 တွင်ကြည့်ပါ။

[744] ဘားအံခရိုင် ပိုင်ကျုံမြို့နယ် ..........ရွာမှ ရွာသူရွာသားများသည် ပဋိပက္ခကာလ အတွင်း ဖျက်ဆီးခံခဲ့ရသည့် ဆေးပေးခန်းတစ်ခုနေရာတွင် တိုင်းရင်းဆေးပေးခန်းတစ်ခုကို အစားထိုးရန်အတွက် အသစ်တည်ဆောက်ခဲ့ကြပါသည်။ Source #198 တွင်ကြည့်ပါ။ ဘားအံခရိုင်ရှိ ကိုယ်အားကိုယ်ကိုး ကျန်းမာရေး ဆေးပေးခန်းကို တည်ဆောက်ခဲ့သည့် ရွာသူရွာသားများနှင့် ပတ်သက်သော အခြားဥပမာအတွက် Source #160 တွင်ကြည့်ပါ။

[745] Source #25 တွင်ကြည့်ပါ။

[746]Source #361 တွင်ကြည့်ပါ။

[747] Source # 193 တွင်ကြည့်ပါ။

[748] သထုံခရိုင် ဘားအံမြို့နယ်တွင် ADRA က အမည်မဖော်လိုသူ ဂျပန်လူမျိုး အလှူရှင်တစ်ဦး၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ်တွင် ဆေးရုံတစ်ရုံကို တည်ဆောက်ခဲ့ပါသည်။ Source #361 တွင်ကြည့်ပါ။

[749] သထုံခရိုင်မှ ရွာသားတစ်ဦး သတင်းပေးပို့သည်မှာ ဇင်ယော်ထွန်းတောက် ကုမ္ပဏီက ဘားအံခရိုင် အီဟဲ ကျေးရွာအုပ်စုမှ ..........ရွာရှိ ရွာသူရွာသားများအတွက် ဆေးပေးခန်းတစ်ခုကို ဆောက်လုပ်ပေးခဲ့သည်ဟု ဆိုပါသည်။ Source #361 တွင်ကြည့်ပါ။ အဆိုပါဆေးပေးခန်းနှင့် ပတ်သက်သည့် နောက်ထပ် သတင်းအချက်အလက်ကို KHRG မှထပ်မံမရရှိသေးပေ။

[750] သထုံမြို့နယ်တွင်းရှိ နဲဖောထ ကျေးရွာအုပ်စုဝင်ဖြစ်သော ဝါးပူ၊ နဲဖောထ နှင့် တမော်ဒေါ ကျေးရွာများတွင် ဆေးပေးခန်းအသစ်များကို ဖွင့်လှစ်ထားပါသည်။ Source #260 တွင်ကြည့်ပါ။

ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သတင်းပေးခဲ့သည့်အပြင် မြိတ်-ထားဝယ် ဒေသတွင်ရှိသော ရွာသားများကလဲ အပစ်အခတ် ရပ်စဲသည့် အချိန်မှ စ၍ BPHWT ၏ ဆေးဝန်ထမ်းများ ဒေသအတွင်းသို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူလာကြောင်း အကြောင်းကြားခဲ့ပါသည်။[751]

နစ်ဖက်လက်နက်ကိုင်များ ရောယှက်ထိန်းချုပ်သော နယ်မြေအနှံ့အပြားရှိ ရွာသူရွာသားများက အထူးသဖြင့် FBR[752] နှင့် BPHWT[753] တို့ကဲ့သို့သော CBO များမှ ပံ့ပိုးပေးသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၏ အဓိကကျသော အခန်း ကဏ္ဍကို ထုတ်ဖော်တင်ပြကြပါသည်။ [754] သို့သော် ဤသို့ချီးကျူးဂုဏ်ပြုမှုနှင့် အတူ ထိုအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများသည် ရွာသူရွာသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးရန်အတွက် လုံလောက်မှု မရှိသည်ကိုလည်း ပူးတွဲတင်ပြကြသည်။ အလားတူပင် ရွာသားများအနေနှင့် မြန်မာအစိုးရ[755]က ခန့်အပ်ထားသည့် အချို့သောဝန်ထမ်းများ အပါအဝင် လူမှုအဖွဲ့အစည်းမှ ကျန်းမာရေးလုပ်သားများ သို့မဟုတ် အခြေခံဆေးပညာသင်တန်း တက်ရောက်ထားသည့် ဝမ်းဆွဲများအား ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်ခြင်း သို့မဟုတ် ၎င်းတို့တာဝန်ယူထားသော နယ်မြေဧရိယာ ကျယ်ပြန့်လွန်းအားကြီးနေခြင်းတို့ကြောင့် [756] ရွာသားများအတွက် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်းကို ရွာသားများမှ တင်ပြခဲ့သော်လည်း ထိုကျန်းမာရေး လုပ်သားများအား ရွာသားများမှ ရိုးသားစွာပင် ချီးကျူးဂုဏ်ပြုကြပါသည်။

> *"ကျွန်တော်တို့ရဲ့ ကျေးရွာအုပ်စုကို ကြည့်ရှုစောင့်ရှောက်ပေးဖို့ တာဝန်ရှိတဲ့ အဲဒီ့ဝမ်းဆွဲတွေက အခြားရွာမှာ နေကြတာပါ။ အဲဒါကြောင့် အရေးကိစ္စ တစ်စုံတစ်ရာ ဖြစ်လာပြီဆိုရင် သူတို့ကို အချိန်မှီခေါ်ဖို့မဖြစ်နိုင်ဘူး"*
>
> စော……(ကျား၊ ၅၀ နှစ်)၊ ………ရွာ၊ မုန်းမြို့နယ်၊ ညောင်လေးပင် ခရိုင်/ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်(၂၀၁၂ ခုနှစ် ဖွန်လတွင် တွေ့ဆုံမေးမြန်းချက်)[757]

### *ကျန်းမာရေးအတွက် ငွေကြေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များ*

ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဆောက်အအုံများရှိသည့် နစ်ဖက်ရောယှက် ထိန်းချုပ်ရာ နေရာဒေသများတွင် ပင်လျှင် ရွာသူရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုကို လွယ်လင့်တကူ မရရှိပေ။ အကြောင်းမှာ အချို့သောရောဂါများအတွက် အစိုးရမှ အခမဲ့ကုသပေးရန်အတွက် ကတိကဝတ်ပြုထားပြီးဖြစ်သော်လည်း ငွေကြေး တောင်းခံခြင်းများ ဆက်လက်တည်ရှိနေခြင်း၊ အဆမတန် ကုန်ကျမှုများပြားခြင်း၊ [758] ဆေးရုံများ နှင့်

---

[751] Source #272 တွင်ကြည့်ပါ။

[752] ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်ရှိ ရောယှက်ထိန်းချုပ်နယ်မြေတစ်ခုတွင် ဖြစ်သည်။ Source #265 တွင်ကြည့်ပါ။

[753] မြိတ်-ထားဝယ်ခရိုင် အတွက် Source #272 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်ရှိ ဘူသိုမြို့နယ်အတွက် Source #308 တွင်ကြည့်ပါ။ သထုံခရိုင်အတွက် Source #17 တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင်အတွက် Source #47 တွင်ကြည့်ပါ။

[754] ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်အတွက် Source #47 တွင်ကြည့်ပါ။ ဖာပွန်ခရိုင် ဘူးသို မြို့နယ်အတွက် Source #81 နှင့် 308 တွင်ကြည့်ပါ။ သထုံခရိုင် သထုံမြို့နယ်အတွက် Source #8 နှင့် 368 တွင်ကြည့်ပါ။

[755] ဥပမာ သထုံခရိုင် သထုံမြို့နယ်တွင် အစိုးရမှ လေ့ကျင့်ထောက်ပံ့ပေးထားသည့် ဝမ်းဆွဲသည်များက ဒေသဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုလောက်ကိုသာ အထောက်အကူပြုခဲ့သည်။ Source #11 တွင်ကြည့်ပါ။

[756] Source #37 တွင်ကြည့်ပါ။

[757] Source #37 တွင်ကြည့်ပါ။

[758] ညောင်လေးပင်ခရိုင် မုန်းမြို့နယ်မှ စော…..ဆိုသူက ၎င်းနေထိုင်ရာဒေသရှိ ရွာသူရွာသားများသည် နာမကျန်းဖြစ်လာလျှင် ဆေးရုံတစ်ခုရှိ ဆရာဝန်ဆီသို့ သွားကြရပြီး ဆင်းရဲသူများမှာ ဆေးကုသစရိတ် မတတ်နိုင်ကြသည့်အတွက် ဆေးကုသမှုမခံယူနိုင်ကြပါဟု ထုတ်ဖော် ပြောဆိုပါသည်။ Source #39 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်မှ KHRG ဒေသခံအဖွဲ့ဝင်တစ်ဦးက သတင်းပေးပို့သည်မှာ ၂၀၁၃ ခုနှစ် ဧပြီလမှ ဖွန်လအထိ ဘူးသိုမြို့နယ်တွင် အစိုးရက အခမဲ့ဆေးပေးခန်းတစ်ခုအဖြစ် ဖွင့်လှစ်ထားခဲ့သော ဆေးခန်းတစ်ခု၌ ရွာသားများမှ ဆေးကုသစရိတ်များ ဆက်လက် ပေးဆောင်နေခဲ့ရပါသည်။ Source #281 တွင်ကြည့်ပါ။

ဆေးပေးခန်းများသို့ ရောက်ရှိရန်ကြိုးပမ်းရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေခြင်းတို့ကြောင့်ဖြစ်ပါသည်။[759]

> *"ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်းနဲ့ ပတ်သက်လို့ကတော့ ရွာသားတွေမှာ ဘာအာမခံချက်မှ မရှိဘူး။ ရောဂါပိုပြီးဖြစ်တာနဲ့ ဆေးဝါးအတွက် ကုန်ကျစရိတ်ကလာတော့တာပဲ၊ ရွာသားတွေရဲ့ ကျန်းမာရေးအတွက် လမ်းပမ်းဆက်သွယ်ရေး ရှိမှမရှိတာ။ ရောဂါတွေကို ကုသပေးဖို့ ကြားဝင်ဆောင်ရွက်ပေးတယ် ဆိုတာကလဲ လုံးဝမရှိဘူး။ ......အဲလိုအခြေအနေအတွက် ရွာသူရွာသားတွေအနေနဲ့ လုပ်နိုင်တာဘာမှ မရှိဘူးလေ။ မြန်မာအစိုးရကတော့ အရပ်သားတွေ ဆေးဝါးကုသဖို့ ဆေးရုံသွားတဲ့အခါ အလှူငွေထည့်ဝင်ဖို့အတွက် သတ်မှတ်ပေးထားပြီး အလှူငွေဆိုပေမယ့်လည်း အနည်းဆုံး ငွေ ၅၀၀၀ လောက်တော့ ပေးရတာပါပဲ။"*[760]
>
> ဘူးသို မြို့နယ်၊ ဘားအံခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ဘက်ပိုင်းမှ KHRG သုတေသနသမားတစ်ဦး ရေးသားသည့် နောက်ဆုံးအခြေအနေ (၂၀၁၂ ခုနှစ် ဇွန်လတွင် လက်ခံရရှိ)[761]



အထက်ပါဓာတ်ပုံကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ရိုက်ကူးခဲ့ပြီး ဘားအံခရိုင် နဘူးမြို့နယ်၊ ထီးဖိုးကျော်ကျေးရွာအုပ်စု၊ ကောပေါရ ကျေးရွာမှ အမွှာကလေးနှစ်ဦး၏ မိခင်ဖြစ်ပါသည်။ သူမသည် အဆိုပါအမွှာကလေးနှစ်ဦးကို မမွေးဖွားခင် (၇)ရက်ခန့်ကြာအောင် နာကျင်မှုခံစားခဲ့ရပါသည်။ သို့သော် သူမတွင် ငွေကြေးလုံလောက်စွာ မရှိသည့်အတွက် ကလေးမွေးဖွားရန် ဆေးရုံတတ်ရောက်နိုင်ခြင်း မရှိခဲ့ချေ။ KHRG သတင်းကောက်ယူသူက သူမကဲ့သို့ မြန်မာအစိုးရ၏ ဆေးရုံတွင် ဆေးကုသမှု ခံယူရန်လိုအပ်နေသည့် ရွာသူရွာသားများ ရှိသော်လည်း ၎င်းတို့တွင် ထိုကဲ့သို့ သွားရောက် ကုသမှုခံယူရန် အတွက် လုံလောက်သည့် မရှိဟု တင်ပြခဲ့ပါသည်။ *[Photo: KHRG]*[762]

ခရိုင် (၅)ခုတွင် နေထိုင်သည့် ရွာသူရွာသားများက ရောယှက်ထိန်းချုပ်ဒေသများရှိ လူများကို အတွက် အစိုးရကျန်းမာရေး ဝန်ဆောင်မှု အတွက် အခကြေးငွေ ပေးနေရခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကို ဖော်ထုတ်ပြောဆိုခဲ့ကြသည်။[763] ဖြစ်ရပ်တစ်ခုတွင် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ထီးဖိုးကျော်ကျေးရွာအုပ်စုမှ အမွှာကလေးနှစ်ဦးအား ကိုယ်ဝန်ဆောင်ထားသော အမျိုးသမီးတစ်ဦးသည် မီးဖွားရန် (၇) ရက်မျှ နာကျင်ခံစားရသော်လည်း အဆမတန် များပြားသည့် ကုန်ကျစရိတ်ကြောင့် ဆေးရုံတတ်ရောက်နိုင်စွမ်း မရှိခဲ့ဟု KHRG မှ သတင်းကောက်ယူသူတစ်ဦးက သတင်း ပေးပို့ခဲ့ပါသည်။[764]

ရွာသူရွာသားများသည် ရောယှက်ထိန်းချုပ် နယ်မြေများရှိ ကျန်းမာရေးစောင့်ရှောက်မှု အသုံးပြုနိုင်ခွင့်ရရှိခြင်းနှင့် ပတ်သက်သည့် အပြုသဘောဆောင်သော

[759] သထုံခရိုင် ကဒီပူး ကျေးရွာအုပ်စု ........ရွာမှ စော............က ဆေးရုံတွင်ဆေးကုသမှု ခံယူရန်လိုအပ်သည့် လူနာများသည် တစ်နာရီခန့်ကြာအောင် ဆိုင်ကယ် သိုမဟုတ် ကားဖြင့် သွားလာရသည်ဟု ထုတ်ဖော်ပြောကြားခဲ့ပါသည်။ Source #8 တွင်ကြည့်ပါ။
[760] ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဤအစီရင်ခံစာအရ မြန်မာကျပ်ငွေအတွက် ခန့်မှန်းခြေဈေးနှုန်းကို တရားဝင်ဈေးကွက်တွင် သတ်မှတ်ထားသည့် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၉၈၇ ကျပ်နှုန်းအပေါ် အခြေခံထားပါသည်။
[761] Source #308 တွင်ကြည့်ပါ။
[762] Source #241 **တွင်ကြည့်ပါ။**
[763] အရည်အသွေး နိမ့်ပါးသည့် အစိုးရကျန်းမာရေး စောင့်ရှောက်မှုသည်လျှင် သထုံခရိုင်အတွင်း၌ ငွေကြေးမလိုအပ်ဘဲ ရရှိနိုင်သည်ဆိုသော တိုင်းတန်းချက်အတွက် Source #308 တွင်ကြည့်ပါ။ Source #361 တွင်လည်းကြည့်ပါ။ အစိုးရ ဆေးရုံးများသည် စရိတ်စကကြီးမြင့်ကြောင်းနှင့် ငွေကြေးမတတ်နိုင်သည့် ရွာသူရွာသားများသည် တောင်ငူခရိုင်တွင် အရည်အသွေး နိမ့်ပါးသည့် စောင့်ရှောက်ကုသမှုသည် ရရှိကြသည်ဆိုသည့် အစီရင်ခံစာတစ်ခုအတွက် Source #262 တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင်တွင် ဆေးရုံးများသည် အဆမတန် စရိတ်စကကြီးမြင့်ကြသည်ဆိုသော အစီရင်ခံမှုအတွက် Source #37 တွင်ကြည့်ပါ။ မြိတ်ခရိုင် ကော့ကရိတ်မြို့နယ်ရှိ အစိုးရစစ်တပ်နှင့် DKBA တပ်တို့ ရောနှောထိန်းချုပ်ရာ နယ်မြေတစ်၌ ဆေးရုံးဆေးကုသစရိတ် မြင့်မားနေမှုနှင့် ပတ်သက်သည့် ဥပမာအတွက် Source #106 တွင်ကြည့်ပါ။
[764] Source #241 တွင်ကြည့်ပါ။

ပြောင်းလဲမှုများကို မှတ်တမ်းတင် ပေးပို့ကြပါသည်။[765] တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်မှ ရွာသူရွာသား များက ဆေးဝါးများကို သယ်ယူပို့ဆောင်ရာတွင် ပိုမိုလွတ်လပ်မှု ရှိလာကြောင်းကို သတင်းပေးပို့ ထားပါသည်။ ဘားအံခရိုင် နဘူးမြို့နယ်တွင် ဆေးပေးခန်းတစ်ခုမှ တစ်ပတ်တစ်ကြိမ် အခမဲ့ဆေးကုသမှု ပေးနေပါသည်။ [766] သထုံခရိုင်တွင်မူ KHRG သတင်းကောက်သူတစ်ဦးကသတင်းပေးပို့သည်မှာဒေသဆိုင်ရာအစိုးရဆေးပေးခန်းသည်ပြင်းထန်သည့်ရောဂါ အခြေအနေမျိုးတွင်အနီးစပ်ဆုံးဆေးရုံသို့အဆိုပါလူနာအား လွှဲပြောင်းပေးလေ့ရှိပြီး ထိုကဲ့သို့ လွှဲပြောင်းပေးခြင်းဖြင့် ရွာသားများအတွက် ဆေးကုသစရိတ် လျော့နည်းစေသည်ဟု ဆိုပါသည်။[767]

### *အရည်အသွေး*

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏အရည်အသွေးကိုကြည့်သည့်အခါရွာသူရွာသားများကသတင်းပေးပို့သည်မှာ အစိုးရမှခန့်အပ်ထားသည့် ကျန်းမာရေးဝန်ထမ်းများသည် အချိန်ပြည့်လစာ ပေးအပ်ထားသော် လည်းလက်တွေ့တွင်မူ အချိန်ပိုင်းသာတာဝန်ကိုထမ်းဆောင်ကြသည်ဟုဆိုပါသည်။ [768] ထို့အပြင်အစိုးရကလည်း ကျန်းမာရေး စောင့်ရှောက်မှုအတွက်လိုအပ်သောဆေးဖက်ဆိုင်ရာပစ္စည်းကိရိယာများကိုမထောက်ပံ့ပေးသည့်အတွက်အခြေခံကျန်းမ ၁ ရေးဆိုင်ရာ သင်တန်းလောက်သာ တတ်မြောက်ထားသည့် ကျန်းမာရေး ဝန်ထမ်းများအပေါ်တွင် အလွန်အကျံ့ အားထားမှီခိုနေသည့်အပြင် ဆေးဝါးပစ္စည်း ပြတ်လပ်မှုများနှင့် လည်း ကြုံတွေ့ရစေပါသည်။[769]

> "*ကျွန်တော်တို့မှာဆေးပေးခန်းတစ်ခုတော့ရှိတယ်။ဒါပေမဲ့အဆင့်မြင့်သင်တန်းပေးထားတဲ့ကျန်းမာရေးဝန်ထမ်းတွေ မရှိဘူး။*...ကျွန်တော်တို့လည်းမတတ်နိုင်ဘူးလေ။ကျွန်တော်တို့ရွာမှာတော့အခြေခံဆေးဘက်ဆိုင်ရာသင်တန်း လောက်ပဲတတ်မြောက်ထားတဲ့သွားဖွားဆရာမတစ်ယောက်ပဲရှိတယ်။ဒါပေမဲ့တစ်ခုခုမမာမကျန်းဖြစ်ရင်ဘာဆေး ကိရိယာမှမရှိတော့ကျောက်ကြီးမြို့နယ်ကလယ်ဒိုကိုပဲသွားရတာပဲ။အဲဒီမှာတချို့ဆရာဝန်တွေကပုဂ္ဂလိက ဆေးပေးခန်းတွေဖွင့်ထားလို့လေ။အဲဒီဆရာဝန်တွေကကျွန်တော်တို့ကိုအစိုးရဆေးရုံတက်ရင်ပေးရနိုင်တဲ့ဆေးဝါး တွေအတွက်ကုန်ကျစရိတ်နဲ့ ရောဂါစစ်ဆေးစမ်းသပ်တာတွေ အပါအဝင် ဆေးညွှန်းတစ်ခုကိုပါ ပေးပါတယ်။ နောက်ထပ်ကုသမှုဒါမှမဟုတ်ဆေးဝါးထပ်ပြီးလိုအပ်တယ်ဆိုရင်တော့အဲဒီပုဂ္ဂလိကဆေးပေးခန်းက ခင်ဗျားကို ထပ်ပြီး ကုသပေးလိမ့်မယ်။ တကယ်လို့များ ခင်ဗျားမတတ်နိုင်ဘူး ဆိုရင်တော့ ကျောက်ကြီးမြို့ထဲက ဘယ်ဆေးခန်းကမှခင်ဗျားကိုကုပေးမှာမဟုတ်ဘူး။ဆင်းရဲတဲ့သူတွေတောင်မှဆေးဝါးအတွက်ပေးရတာပဲ၊သူတို့ပို က်ဆံမရှိလို့ကတော့သူများဆီကချေးရငှားရတော့တာပဲ။တစ်ခါတလေဆိုရင်ကျွန်တော်တို့ရွာတွေမှာစုပေါင်း စပ်ပေါင်းလုပ်ပြီးအချင်းချင်းကူညီထောက်ပံ့ကြရတယ်။အဲဒီဆေးဖိုးတွေနဲ့ကုသစရိတ်တွေကို။ဘာဖြစ်လို့လဲ ဆိုတော့ အစိုးရကမှကျွန်တော်တို့ကိုမထောက်ပံ့တာ။"

[765] အင်တာဗျူးတစ်ခုတွင် တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်မှ စော...... ဆိုသူဖြေဆိုသည်မှာ အပစ်အခတ် ရပ်စဲပြီးသည့်နောက် ရွာသူရွာသားများသည် ဆေးဝါးရောင်းဝယ် ဖောက်ကားရန်အတွက် ပိုမိုလွတ်လပ်လာကြသည်ဟု ဆိုပါသည်။ Source #26 တွင်ကြည့်ပါ။ အပစ်အခတ်ရပ်စဲမှု မပြုလုပ်ခင်မတွင်မူ KHRG သည် တပ်မတော်မှနေ၍ KNLA တိုက်ခိုက်ရေးသမားများဆီသို့ ဆေးဝါးအထောက်အကူများ ပေးဖို့မည်ကိုတားဆီးသည့် အနေဖြင့် လိုအပ်သော ဆေးဝါးပစ္စည်းများ ရွှေ့ပြောင်းသယ်ယူမှုကို တားမြစ်ပိတ်ပင်ခဲ့သည်ဆိုသော တိုင်းကြားမှုများကို လက်ခံရရှိခဲ့ပါသည်။ *All the information I have told you I faced it myself*, KHRG, ဒီဇင်ဘာလ၊ ၂၀၁၁ ခုနှစ်၊ စာမျက်နှာ ၅၂ တွင်ကြည့်ပါ။

[766] ဘားအံခရိုင်မှ KHRG သုတေသနသမားတစ်ဦးက နဘူးမြို့နယ်တွင် ၂၀၁၂ ခုနှစ် မေလမှ ဇူလိုင်လအထိ တစ်ပတ်လျှင်တစ်ကြိမ် အခမဲ့ကုသပေးသည့် ဆေးပေးခန်းတစ်ခု ရှိခဲ့ကြောင်းသတင်း ပေးပို့ပါသည်။ Source # 199 တွင်ကြည့်ပါ။

[767] Source #5 တွင်ကြည့်ပါ။

[768] ဖာပွန်ခရိုင် နဘူးကျေးရွာမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးက ရွာသူရွာသားများကို ဆေးဝါးကုသပေးရန်အတွက် တစ်ပတ်လျှင်တစ်ကြိမ်သာ ဆေးပေးခန်းသို့ လာရောက်လေ့ရှိသည်။ Source #326 တွင်ကြည့်ပါ။

[769] ညောင်လေးပင်ခရိုင် .......ကျေးရွာမှ စော............ ဆိုသူနှင့် အင်တာဗျူးတစ်ခုတွင် ၎င်း၏ရွာတွင် ဆေးပေးခန်းတစ်ခုနှင့် ဝမ်းဆွဲသည်တစ်ဦးရှိပါသည်။ သို့သော် ၎င်းဝန်းထမ်းတွင် ဆေးပေးခန်းနှင့် ရွာသူရွာသားများအတွက် လုံလောက်သောဆေးဝါးနှင့် ပစ္စည်းကိရိယာ အစုံအလင်မရှိ ဟုဆိုပါသည်။ Source #39 တွင်ကြည့်ပါ။

စော.......(ကျား၊ ၅၀ နှစ်) အောင်စိုးမိုး ကျေးရွာ၊ မုန်းမြို့နယ်၊
ညောင်လေးပင်ခရိုင်/ပဲခူးတိုင်းဒေသကြီးအရှေ့ဘက်(၂၀၁၂ ခုနှစ် မေလတွင် တွေ့ဆုံမေးမြန်းချက်)[770]

## ၂။ KNU *ထိန်းချုပ်နယ်မြေများအတွင်းရှိကျန်းမာရေးစောင့်ရှောက်မှု*

KHRGသည် KNU ထိန်းချုပ်နယ်မြေများ အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဖော်ပြထားသော အစီရင်ခံစာ အနည်းငယ်ကို လက်ခံရရှိထားပါသည်။ အဆိုပါအစီရင်ခံစာများအရ ရွာသူရွာသားများအနေနှင့် အခြားနယ်မြေများတွင် ရရှိနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအနေအထားထက် KNU ထိန်းချုပ်နယ်မြေတွင် ရွေးချယ်ခွင့်အနည်းအကျဉ်းသာ ရှိသည်ကို ဖော်ပြလိုသည့်သဘောရှိပါသည်။ KHRG သတင်းကောက်ယူသူတစ်ဦး အစီရင်ခံပေးပို့သည်မှာ ညောင်လေးပင်ခရိုင် မုန်းမြို့နယ်ရှိ KNU ထိန်းချုပ်ရာ ကျေးလက်နယ်မြေတွင် အခမဲ့ဆေးပေးခန်း တစ်ခုသာရှိကြောင်းနှင့် အဆိုပါနယ်မြေများမှ ပြည်သူများသည် ပုံမှန်အားဖြင့် ဒေသတွင်းရှိ ဆေးဆိုင်များတွင် လွယ်လင့်တကူရရှိသည့် ဆေးဝါးများနှင့်သာ ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ကုသရလေ့ရှိသည်ဟု ဆိုပါသည်။[771] တောင်ငူခရိုင်အတွင်းရှိ KNU ထိန်းချုပ်နယ်မြေတစ်ခုမှ ရွာသူရွာသားများက KNU ဆေးပေးခန်းတစ်ခုကိုသာ မှီခိုအားထားနေရသည်ဟု ဆိုပါသည်။[772] KNU နယ်မြေများမှ ရွာသူရွာသားများက KNU၏ စီစဉ်ပေးသော ကာကွယ်ဆေးထိုးခြင်း[773] နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များအကြောင်းကို သတင်းပေးပို့ခဲ့ကြပါသည်။[774] ထို့အပြင် KNUသည် ကျေးရွာလူထုအတွက် ဆေးရုံများနှင့်ဆေးပေးခန်းများကို ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေသည်ဟူ၍လည်း သတင်းပေးပို့ပါသည်။ KNU ထိန်းချုပ်နယ်မြေ အတွင်းရှိ ရွာသူရွာသားများက FBR ၏ အဓိကအခန်းကဏ္ဍမှနေ၍ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုကို အကြောင်းနှင့် ပတ်သက်၍လည်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။[775] အခြားသောဆေးဝါးများ မရရှိနိုင်သည့်နေရာတွင် ရွာသူရွာသားများအနေဖြင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်မှ အခမဲ့ ထုတ်လုပ်ရရှိနိုင်သည့် တိုင်းရင်းဆေးဝါးများ အပေါ်တွင်သာ မှီခိုနေရပြီး ၎င်းတို့၏ လူမှုအဖွဲ့အစည်းမှ ဆေးဝါးဗဟုသုတရှိသူများက ပြင်ဆင်ပေးစီမံပေးရလေ့ ရှိပါသည်။[776] နောက်ဆုံးအနေနှင့် ဖာပွန်ခရိုင် လူသောမြို့နယ်ရှိ KNU ထိန်းချုပ်နယ်မြေတစ်ခုတွင် ရွှေ့ပြောင်း နေထိုင်နေသည့် ရွာသူရွာသားများမှ သတင်းပေးပို့သည်မှာ တပ်မတော်စစ်ကြောင်းများ တည်ရှိနေမှုကြောင့်

[770] ရွာသူရွာသားများနှင့် ကျေးရွာအတွင်း နေထိုင်သူများသည် ဖြစ်နိုင်ပါက ဆေးရုံသို့သွား၍ ပုဂ္ဂလိကဆရာဝန်နှင့်သာ ပြသလိုကြသည်မှာ အဘယ်ကြောင့်ဖြစ်သည်ကို ရှင်းလင်းမှုမရှိချေ။ ပုဂ္ဂလိက ဆရာဝန်များသည် စရိတ်စကသက်သာသည် သို့မဟုတ် ကုသစောင့်ရှောက်မှုက ပိုမိုကောင်းမွန်သည် ဟူ၍ ရွာသားများက ဖော်ပြခြင်း မရှိသည့်အတွက်ကြောင့် အဆိုပါကိစ္စသည် တစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုက်နှစ်သက်မှုနှင့်သာ သက်ဆိုင်သော ကိစ္စဖြစ်ပါသည်။ Source #39 တွင်ကြည့်ပါ။

[771] Source #269 တွင်ကြည့်ပါ။

[772] တောင်ငူခရိုင်အတွင်းရှိ KNU ထိန်းချုပ်ရာနယ်မြေမှ ရွာသူရွာသားများက ၎င်းတို့သည် KNU ဆေးရုံတစ်ခုကိုသာ မှီခိုအားထားနေရကြောင်း ပြောကြားခဲ့သည်။ ရွာသူရွာသားများအနေဖြင့် ၎င်းဆေးရုံကို အခြေခံကျသည့် ကျန်းမာရေး စောင့်ရှောက်မှု ဌာနတစ်ခုအဖြစ် ဖော်ပြကြသော်လည်း ဆေးပေးခန်းတစ်ခုအဖြစ် ပိုမိုသတ်မှတ်ကြပါသည်။ ရွာသားများ ပြောကြားသည့် ဆေးရုံဆိုသည်မှာ KNU ကျောထောက် နောက်ခံဖြစ်သည့် KDHW မှလုပ်ဆောင်နေသော ဆေးပေးခန်းများအား ရွာသူရွာသားများက ရည်ညွှန်းဆိုပြောဆိုခြင်း ဖြစ်နိုင်ဖွယ်ရှိပြီး BMA အဖွဲ့မှ လုပ်ကိုင်လည်ပတ်နေသည့် ဆေးပေးခန်းများအား ရည်ညွှန်းခြင်းလည်း ဖြစ်နိုင်ဖွယ် ရှိသည်။ Source #262 တွင်ကြည့်ပါ။

[773] ဖာပွန်ခရိုင် ဘူးသို မြို့နယ်မှ ရွာသူရွာသားများက KNLA နှင့် KNU တို့မှ ၂၀၁၂ ခုနှစ် ဇူလိုင်နှင့် အောက်တိုဘာလအတွင်း ရွာသူရွာသားများအား ဆေးဝါးအထောက်အပံ့များကို နှစ်ကြိမ်တိတိ ဖြန့်ဖြူးပေးခဲ့ကြောင်းကို သတင်းပေးပို့ကြသည်။ Source #147 တွင်ကြည့်ပါ။

[774] ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် ဧပြီလတွင် KNU ခေါင်းဆောင်များနှင့် FBR အဖွဲ့ဝင်များသည် တောင်ငူခရိုင်တွင် ဆေးရုံအသစ်တစ်ခုကို တည်ဆောက်ရန်အတွက် ပူးတွဲသဘောတူညီခဲ့ကြပါသည်။ Source #262 တွင်ကြည့်ပါ။

[775] ဖာပွန်ခရိုင် မဲ့ပရီ ကျေးရွာအုပ်စုမှ တယောခို ကျေးရွာရှိ KNU ထိန်းချုပ်ရာနယ်မြေတွင် ဖြစ်ပွားခဲ့သော ဥပမာအတွက် Source #245 တွင်ကြည့်ပြီး ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်အတွင်းမှ နှစ်ဖက်ရောနှော ထိန်းချုပ်ရာ နယ်မြေ တစ်ခုတွင် ဥပမာကို Source #265 တွင်ကြည့်ပါ။

[776] Source #354 တွင်ကြည့်ပါ။

ၚင်းတို့အနေနှင့် ၚင်းတို့အသစ်ပြောင်းရွှေ့နေထိုင်သောကျေးရွာတွင် ဆေးပေးခန်းအသစ်တစ်ခုကို တည်ဆောက်ရန် ကြောက်ရွံ့နေခြင်း ဖြစ်သည်ဟုဆိုပါသည်။[777]



အထက်ပါဓာတ်ပုံကိုဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်၊ မဲ့ပရီးကျေးရွာအုပ်စု၊ ---ကျေးရွာတွင် ၂၀၁၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ရိုက်ကူးခဲ့သည်။ ပုံမှာ ရွာသူရွာသားများကို FBR အဖွဲ့ဝင်များ က ဆေးဝါးများ ဖြန့်ဖြူးပေးနေပုံဖြစ်သည်။*[Photo: KHRG]*[778]



အထက်ပါဓာတ်ပုံကို ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ ဆေးပေးခန်းတစ်ခုကို ၂၀၁၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရိုက်ကူး ခဲ့သည်။ နဘူးမြို့နယ်၊ ---ကျေးရွာမှ အစိုးရဆေးဘက် ဝန်ထမ်း ဖြစ်သည့် ---သည် အချိန်ပြည့်ဝန်ထမ်းလစာကို ရရှိနေသော်လည်း တစ်ပတ်လျှင် တစ်ကြိမ်သာအဆိုပါ ဆေးပေးခန်းသို့ လာရောက်လေ့ ရှိသည်။ ထို့အပြင် ကလေးများကို အခမဲ့ ကုသပေးသော်လည်း အရွယ်ရောက်သူလူကြီးအား အဆိုပါ ဆေးပေးခန်းတွင် ငွေကြေး တောင်းခံပါသည်။ အဆိုပါ ဆေးခန်း နားတွင် နေထိုင်သည့် ရွာသားများပြောစကားအရ ရွာသူရွာသားများအတွက် လုံလောက်သည့် ဆေးဝါး ပမာဏမရှိဟု ဆိုပါသည်။*[Photo: KHRG]*[779]



အထက်ပါဓာတ်ပုံကို ဘားအံခရိုင်၊ ဒွဲလိုမြို့နယ်၊ မဲ့ချော ကျေးရွာအုပ်စု၊ ကွီးတမကျေးရွာတွင် KHRG သတင်း ကောက်ယူသူ တစ်ဦးက ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့ တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဤကလေး၏ ခြေထောက် ဒဏ်ရာကို ကားမတော်တဆတိုက်မှုတစ်ခုတွင် ရရှိခဲ့ပြီး ဆေးဝါး ကုသရန် အတွက် သထုံဆေးရုံကြီးသို့ သွားရောက်ခဲ့သည်။ ထိုဆေးရုံတွင် ငွေကြေးအမြောက်အမြား ကုန်ကျခဲ့သော်လည်း ဒဏ်ရာသက်သာလာခြင်း မရှိသောကြောင့် သူသည် မိမိကျေးရွာသို့သာ ပြန်လာခဲ့ပြီး တိုင်းရင်းဆေးဝါး အဆီဖြင့် ကုသမှု ခံယူခဲ့ရသည်။ *[Photo: KHRG]*[780]

[777] ဖာပွန်ခရိုင် လူသော မြို့နယ်တွင် ရွာသူရွာသားများက ၚင်းတို့သည် ၚင်းတို့ကျေးရွာတွင် ဆေးပေးခန်းများ မဆောက်လုပ်ကြကြောင်း အဘယ်ကြောင့်ဆိုသော် တပ်မတော်မှ အဆိုပါနယ်မြေတွင် အမြဲတမ်းလှုပ်ရှား သွားလာနေသည့် အတွက်ကြောင့် ဖြစ်သည်ဟု သတင်းပေးပို့ခဲ့ပါသည်။ Source #366 တွင်ကြည့်ပါ။

[778] Source #245 **တွင်ကြည့်ပါ။**

[779] Source #326 တွင်ကြည့်ပါ။

[780] Source #236 **တွင်ကြည့်ပါ။**

**ပညာရေး အခွင့်အလမ်း**

၂၀၀၈ ခုနှစ် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည်မှာ *"နိုင်ငံတော်သည်.....အခမဲ့ ပညာသင်ကြားရေး ကို ကျင့်သုံးရမည်*[781] ဖြစ်ပြီး *"နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားခွင့်ရှိရမည်။"*[782] *ဟူ၍ဖြစ်သည်။* မည်သို့ပင်ဖြစ်စေ အစိုးရ၏ တင်ပြချက်အရ အခြေခံပညာရေးအား ရရှိပိုင်ခွင့်နှင့်ဆိုင်သည့် တိုးတက်မှုသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် နေးကွေးနေသည်ဟု ဆိုပါသည်။[783] အစိုးရက ကျေးလက်ဒေများရှိ ကျောင်းအပ်နှံမှုသည် ၂၀၁၀ ခုနှစ်တွင် ကလေးသူငယ်အားလုံး၏ ၈၆.၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်ဟု ပြောကြားနေချိန်တွင် အမှန်တကယ်အသက်ပြည့်ပြီး အသားတင် ကျောင်းအပ်နှံသည့် အရေအတွက်မှာ ၄၉.၆ ရာခိုင်နှုန်းသာ ရှိပါသည်။[784] အခြေခံပညာရေးနှင့် ပတ်သက်သည့် အခြေခံဥပဒေမှ အာမခံချက်များအရ အစိုးရသည် ၂၀၁၁- ၂၀၁၂ခုနှစ် စာသင်နှစ်များတွင် အခြေခံပညာ မူလတန်းကျောင်းများအတွက် ငွေကြေး ထောက်ပံ့မှု အပြည့်အဝပေးအပ်ခြင်း အပါအဝင် ကျောင်းများအတွက် လိုအပ်သော အထောက်အပံ့များ ထောက်ပံ့ရမည့် မူဝါဒတစ်ခုကို စတင်အကောင်အထည် ဖော်ခဲ့ပါသည်။[785] သို့သော် လည်း အစိုးရက ၂၀၁၃ ခုနှစ်တွင် အသိအမှတ်ပြုထုတ်ပြန်ခဲ့သည်မှာ ပညာသင်စရိတ်များသည် ကျေးလက်ဒေသများတွင် အခြေခံပညာ သင်ကြားမှုအတွက် သိသာထင်ရှားစွာ တားဆီးနေသည်ဟု ဆိုပါသည်။ အထူးသဖြင့် -

> *"အခြေခံပညာရေးတွင် မည်သည့်ငွေကြေးပေးသွင်းရမှုများ မရှိသော်လည်း အိမ်ထောင်စုများသည် ၎င်းတို့၏ ကလေးများ ကျောင်းအပ်နှံခွင့်အတွက် ပုံစံပေါင်းစုံဖြင့် ငွေကြေးကိုပေးအပ်နေကြရပါသည်။ ဤသို့ပြုလုပ်ရာတွင် (၁) တစ်ဦးချင်းစီနှင့်ဆိုင်သည့် တိုက်ရိုက်ကုန်ကျစရိတ်များ သို့မဟုတ် ညွှန်ကြားချက်အရ ပေးအပ်ရသည့် ကုန်ကျစရိတ်များ (ဥပမာ သင်ကြားမှုဆိုင်ရာ ပစ္စည်းကိရိယာများအတွက် ကုန်ကျစရိတ်) နှင့် ညွှန်ကြားထားမှုမရှိသည့် ကုန်ကျစရိတ်များ (ဥပမာ ကျောင်းဝတ်စုံများ) (၂) ကျောင်းဆောင် ထိန်းသိမ်းစောင့်ရှောက်ခ ကဲ့သို့သော အိမ်ထောင်စုများ၏ ထည့်ဝင်ကြေးများ (၃) တိုက်ရိုက်မဟုတ်သည့် ပုဂ္ဂိုလ်ရေးအရ ပေးရသော ကုန်ကျစရိတ်များ (၎င်းမှာ ကျောင်းတတ်ရောက်မည့် ကလေးငယ်က ကျောင်းတွင်ရှိနေမည့်အချိန်တွင် အလုပ်လုပ်ကိုင်မည်ဆိုပါက မြေကြီးလက်ခတ်မလွဲ ရရှိနိုင်မည့် ဝင်ငွေများကို ဆိုလိုပါသည်။ အထူးသဖြင့် ဆင်းရဲသည့်မိသားစုများတွင် အဆိုပါကိစ္စရပ်မျိုးက သိသာထင်ရှားလျက် ရှိပါသည်။"*[786]

မြန်မာနိုင်ငံရှိ စာသင်ကျောင်းများသည် ကျောင်းသားများကို အရည်အသွေးပြည့်ဝသည့် ပညာရေး ရရှိနိုင်ခြင်းမှ အတားအဆီးပြုနေသော ချို့ယွင်းအားနည်းချက် တချို့ကိုလည်း ခံစားနေရပါသည်။ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ပညာရပ်ဆိုင်ရာ လေ့လာမှုတစ်ခုတွင် တွေ့ရှိရသည်မှာ မြန်မာအစိုးရကျောင်းများကို ငွေကြေးထောက်ပံ့မှု ဆိုးဆိုးဝါးဝါး နည်းပါးနေပြီး ပညာရေးကဏ္ဍအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုစွမ်းအား (ဂျီဒီပီ) အရ ASEAN စံနှုန်း သတ်မှတ်ချက်၏ ထက်ဝက်ထက်နည်းပါးသော ငွေးကြေးပမာဏကိုသာ အစိုးရက အသုံးပြုနေကြောင်း တွေ့ရှိရသည်။ [787] ဤငွေကြေးထောက်ပံ့မှုလျော့နည်းခြင်း၏ ရလဒ်များတွင် ဆရာ/မများ၏ လစာနည်းပါးနေမှုလည်း

[781] ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ - ၂၈(ဂ) တွင်ကြည့်ပါ။

[782] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ ပုဒ်မ(၃၆၆) တွင်ကြည့်ပါ။

[783] ထောင်စုနှစ် ရည်မှန်းချက်များ အစီရင်ခံစာ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ၂၀၁၃ ခုနှစ်၊ စာမျက်နှာ ၃၄ တွင်ကြည့်ပါ။

[784] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ ၃၄-၃၆ တွင်ကြည့်ပါ။

[785] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ ၃၈ တွင်ကြည့်ပါ။

[786] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ ၄၀ တွင်ကြည့်ပါ။

[787] မြန်မာနိုင်ငံသည် ASEAN ၏ ပုံမှန်အသုံးစရိတ်နှုန်း ၃.၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် စုစုပေါင်း ဂျီဒီပီ၏ ၁.၇ ရာခိုင်နှုန်းကိုသာ ပညာရေးကဏ္ဍတွင် အသုံးပြုပါသည်။ Martin Hayden and Richard Martin, *Recovery of the education system in Myanmar*, Journal of International and Comparative Education 2013, Vol.2, Issue 2, စာမျက်နှာ ၅၁ တွင်ကြည့်ပါ။

ပါဝင်နေပြီး ဤသို့ဖြစ်နေခြင်းက ထိပ်ပိုင်းတက္ကသိုလ်များမှ ဘွဲ့ရပညာတတ်များအား စာသင်ကြားမှုဖြင့် အသက်မွေးလုပ်ကိုင်ရန် ဆွဲဆောင်နိုင်မှုအား တားဆီးထားသကဲ့သို့ ဖြစ်နေသည်။ [788] ဤကဲ့သို့သော အကြောင်းကြောင့် အရည်အချင်းပြည့်မီသော ဆရာ/မများ ခေါ်ယူရာတွင် ချို့ယွင်းအားနည်းချက်ရှိသည့်အပြင် ဗဟိုချုပ်ကိုင်မှုရှိပြီး ပုဂ္ဂိုလ်ရေးအပေါ်အခြေခံသည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးစနစ်က အောင်မြင်သော ဆရာ/မများကောင်းများကို ချီးမြှင့်မြောက်စားရန် သို့မဟုတ် အရည်အသွေး မပြည့်မီသည့် ဆရာ/မများကို တိုးတက်ကောင်းမွန်လာစေရန် ဖန်တီးရာတွင်ပါ အခက်အခဲများကို ဖြစ်စေပါသည်။ [789] ထို့အပြင် အဆိုပါစနစ်သည် ထူးချွန်ထက်မြက်မှု အရှိဆုံးဖြစ်သည့် ကျောင်းသားကိုသာ ခွဲခြားစိစစ်၍ တိုးတက်ဖြစ်ထွန်းစေပြီး အခြားကျောင်းသားများ၏ အကျိုးစီးပွား အခွင့်အလမ်းများအတွက်မူ အလေးထားမှု အလွန်နည်းပါးသည်။ ဤပြဿနာကို မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေဆိုသူအားလုံးပေါင်း၏ သုံးပုံနှစ်ပုံ ကျရှုံးနေမှုက ဥပမာပြနေပါသည်။[790]

အစိုးရစာသင်ကျောင်းများအပြင် KNU ထိန်းချုပ်ရာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နယ်မြေများရှိ ကျောင်းများနှင့် နစ်ဖက်ရောယှက် ထိန်းချုပ်ရာနေရာများမှ ကျောင်းတချို့ကို KNU၏ ကရင်ပညာရေးဌာန(KED) မှနေ၍ စီမံအုပ်ချုပ်ပြီး သို့မဟုတ် အထောက်အပံ့ပေးပါသည်။ [791] KED သည် "ဌာနေတိုင်းရင်းသား ကရင်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ဗဟုသုတအသိပညာတို့ကိုပေါင်းစပ်ထားသော သင်ကြားမှု အကူအညီများပါဝင်သည့် ယဉ်ကျေးမှုအရသင့်လျော်သော သင်ရိုးညွှန်းတမ်းကို" ရေးဆွဲထုတ်လုပ်ထားပါသည်။[792]

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် KED၊ ကရင်ကျောင်းဆရာများသမဂ္ဂ (KTWG) နှင့် ကရင်အမျိုးသမီး အစည်းအရုံး (KWO)တို့သည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဘာသာစကားများကို ပညာရေးတွင် မြှင့်တင်လုပ်ဆောင်ရန် အတွက် မြန်မာနိုင်ငံဌာနေတိုင်းရင်သားများ ပညာရေးကွန်ရက် (MINE)ကို ဖွဲ့စည်းတည်ထောင်ရန် နိုင်ငံအနှံ့အပြားမှ အခြားတိုင်းရင်းသား(၁၉)ဖွဲ့နှင့် ပူးပေါင်းခဲ့ပါသည်။[793] KED မှထောက်ပံ့ပေးထားသည့် ကျောင်းများနှင့် ပတ်သက်သည့် စာရင်းအင်း ထုတ်ပြန်မှုများအနေဖြင့် လွယ်လင့်တကူမရှိသော်လည်း KED သည် ကရင်ပြည်နယ် ပညာရေး အကူအညီပေးမှု အဖွဲ့(KSEAG) အဖြစ်လူသိများသော ယာယီအဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းဖြစ်ပါသည်။ ၎င်းအဖွဲ့ကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး KTWG နှင့် နိုင်ငံတကာ NGO လုပ်ဖော်ကိုင်ဖက်များ သက်သာ ကယ်ဆယ်ရေး၊ ဖွံ့ဖြိုးမှုအဖွဲ့တို့လည်း အတူပါဝင်နေပါသည်။[794]

KSEAG အရ KSEAG မှ အထောက်အပံ့ပေးထားသော ကျောင်းများတွင် ၂၀၁၃-၁၄ ပညာသင်နှစ်၌ ကျောင်းသားပေါင်း (၁၄၀၀၀၀)ကျော် ကျောင်းအပ်နံစာရင်းသွင်းခဲ့ပါသည်။ အဆိုပါကျောင်းသားများ၏ ၄၀ ရာခိုင်နှုန်းကျော်မှာ ဒူးပလာယာခရိုင်ရှိ ကျောင်းများတွင် အပ်နံကြသည်။ [795] ဤအရေအတွက် စုစု ပေါင်းထဲမှ ကျောင်းသားအတော်များများသည် KSEAG နှင့် မြန်မာအစိုးရ နှစ်ဖက်စလုံးမှ ရန်ပုံငွေအထောက်အပံ့ကို လက်ခံရယူသည့် ကျောင်းများတွင် တတ်ရောက်ပညာသင်နေကြပါသည်။ [796] KSEAG သည် ပူးပေါင်း ထောက်ပံ့

[788] Martin Hayden and Richard Martin, *Recovery of the education system in Myanmar*, Journal of International and Comparative Education 2013, Vol.2, Issue 2, စာမျက်နှာ ၅၁ တွင်ကြည့်ပါ။

[789] အထက်တွင်ဖော်ပြထားသည့်အညွှန်း ၏ စာမျက်နှာ ၅၂ တွင်ကြည့်ပါ။

[790] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ ၅၂-၅၃ တွင်ကြည့်ပါ။

[791] ကရင်ပညာရေး website ဖြစ်သည့် "What we do" ရှိ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ထုတ်ပြန်ချက်တွင် ကြည့်ပါ။

[792] အထက်တွင်ဖော်ပြထားသည့်အညွှန်း

[793] Samantha Michaels "Pan-ethnic network launches to promote multilingual education in Burma," The Irrawaddy, ၂၀၁၂ ဖေဖော်ဝါရီလထုတ်တွင် ကြည့်ပါ။

[794] Marie Lall and Ashley South Education, *Conflict and Identity: Non-state ethnic education regimes in Burma,* March 2012 စာမျက်နှာ ၁၉ တွင်ကြည့်ပါ။

[795] *KSEAG narrative report October 2013,* Karen State Education Assistance Group, slide 6 တွင်ကြည့်ပါ။

[796] KSEAG စာရင်းဇယားများကနေ၍ ပြသနေသည်မှာ ၂၀၁၃-၁၄ ခုနှစ်ပညာသင်နှစ်အတွက် KSEAG အထောက်အပံ့ပြု စာသင်ကျောင်းများမှ ကျောင်းသူ/သားများ၏ ၄၂ ရာခိုင်နှုန်းကို မြိတ်ခရိုင်တွင် စာရင်းသွင်းထားကြောင်း တွေ့ရပါသည်။ ၁၇ ရာခိုင်နှုန်းကို သထုံခရိုင်တွင်လည်းကောင်း၊

ထားသည့် ကျောင်းများ၏ အရေအတွက်ကို လူသိထင်ရှား သတင်းထုတ်ပြန်မှု မပြုလုပ်သေးချိန်တွင် KSEAG အထောက်အပံ့ပေးသည့် ကျောင်းများမှ ဆရာ/မများအားလုံး၏ ၃၂ ရာခိုင်နှုန်းမှာ အစိုးရမှပေးအပ်ထောက်ပံ့ထားသည့် လစာများကို ရရှိကြသည်ဟု ခန့်မှန်းရပါသည်။ [797] KSEAG ကအစီရင်ခံထုတ်ပြန်သည်မှာ အပစ်အခတ်ရပ်စဲပြီးကတည်းက နိုင်ငံတကာ လူမှုအဖွဲ့အစည်းပေါင်းများစွာက စာသင်ကျောင်းများကို အထောက်အကူပေးရန်နှင့် KSEAG အနေနှင့် ထောက်ပံ့နိုင်စွမ်း မရှိသည့် လစာအနေအထားမျိုးဖြစ်သော မူရင်းလစာ၏ ၁၀ဆအထိ ဆရာ/မများကို တိုးမြှင့်ထောက်ပံ့ပေးရန်အတွက် ၎င်းတို့၏ လက်ရှိစီမံကိန်းနေရာဒေသများသို့ ဝင်ရောက်လာကြသည့်အတွက်ကြောင့် KSEAGမှ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ခဲ့ရသည်ဟု ဆိုပါသည်။ တစ်ဆက်တည်းတွင် ငွေကြေးထောက်ပံ့သူတချို့က နယ်စပ်ဒေသအုပ်စုများမှ ၎င်းတို့၏ငွေကြေးထောက်ပံ့မှုကို မြန်မာနိုင်ငံအတွင်း အထူးသီးသန့် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများဆီသို့ ရွှေ့ပြောင်းလိုက်ကြသောကြောင့် KSEAG အတွက် ရန်ပုံငွေအထောက်အပံ့နှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို တွေ့ကြုံရပါသည်။[798]

အစိုးရနှင့် KED/KSEAG တို့က လည်ပတ်လုပ်ဆောင်နေသည့် စာသင်ကျောင်းအပြင် KHRG သုတေသန ပြုလုပ်ရာ နယ်မြေများမှ ကျောင်းသားအတော်များများသည် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် ရရှိနိုင်သော ပညာရေး အခွင့်အလမ်းများကို ရယူအသုံးချရန်အတွက် အဆိုပါနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက် သွားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသည်စခန်းများမှ စာသင်ကျောင်းများအတွက် ရေရှည်တည့်တံ့သည့် ငွေကြေးထောက်ပံ့မှု လမ်းကြောင်းရှိသည့်အပြင် နိုင်ငံတကာ NGO များနှင့် ပြည်တွင်း အစိုးရ အဖွဲ့အစည်းများမှ အခြားသော ပညာရေးဆိုင်ရာ အရင်းအမြစ်များကိုပါ ရရှိနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။[799] ၎င်းတို့အား မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒေသများမှ ပြည်သူများက အခြားရရှိနေသော ရွေးချယ်စရာ အခွင့်အလမ်းများထက် သာလွန်သည့်အရာများအဖြစ် ရှုမြင်ထားကြပါသည်။ မြန်မာနိုင်ငံအတွင်းရှိ KED စာသင်ကျောင်းများနှင့်အတူ ဤကျောင်းများကို မြန်မာ့သမိုင်းနှင့် ပတ်သက်၍ ကရင်လူမျိုးတို့၏ အနက်ပြန်ပို့ချမှုများကို အလေးထား ရိုက်သွင်းခြင်းကြောင့်သော်လည်းကောင်း၊ ဗမာဘာသာစကား ကျွမ်းကျင်မှုကို အလေးမထားခြင်းကြောင့်သော်လည်းကောင်း "သီးခြားနိုင်ငံခွဲထွက်မည့် လက္ခဏာရပ်တစ်ခု" ကို အားပေးလုပ်ဆောင်နေသည်ဟု ဝေဖန်မှုများ ရှိပါသည်။[800]

### *၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စ၍ ပညာရေး အခွင့်အလမ်း ရရှိနိုင်မှု*

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ ရွာသူရွာသားများနှင့် KHRG သတင်းကောက်ယူသူများသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်ပြည်နယ် ခရိုင် (၇) ခုလုံးမှ ပညာရေးကဏ္ဍနှင့် ပတ်သက်ဆက်နွယ်သော စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့ပါသည်။ [801] အစီရင်ခံစာ ပြုစုနေစဉ် ကာလအတွင်း ရွာသူရွာသား များသည်

---

၁၆ ရာခိုင်နှုန်းကို ဖာပွန်ခရိုင်တွင် လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို မြိတ်-ထားဝယ် ခရိုင်တွင်လည်းကောင်း၊ ၉ ရာခိုင်နှုန်းက ဘားအံခရိုင်တွင်လည်းကောင်းနှင့် ၃ ရာခိုင်နှုန်းကို ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စာရင်းသွင်းထားသည်။ *KSEAG narrative report October 2013*, Karen State Education Assistance Group, slide 8 တွင်ကြည့်ပါ။

[797] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ 7 တွင်ကြည့်ပါ။

[798] အထက်တွင်ဖော်ပြထားသည့်အညွှန်း၏ စာမျက်နှာ 13 တွင်ကြည့်ပါ။

[799] Marie Lall and Ashley South, *Education, Conflict and Identity: Non-state ethnic education regimes in Burma,* March 2012 ထုတ် စာ ၂၂ တွင်ကြည့်ပါ။

[800] အထက်တွင်ဖော်ပြထားသည့်အညွှန်း။

[801] ဥပမာ သထုံခရိုင်အတွင်းမှ ရွာသူရွာသားများက စာသင်ကျောင်းများတွင် ဆရာ/ဆရာမ လုံလုံလောက်လောက် မရှိကြောင်းကို သတင်းပေးပို့ပါသည်။ Source #19 တွင်ကြည့်ပါ။ တောင်ငူခရိုင်မှာ အတွင်းရေးမှူးတစ်ဦးဖြစ်သူ ရွာသားက ၎င်း၏နယ်မြေတွင် အခြေခံပညာ စာသင်ကျောင်းသည် နေရာလွတ်မရှိဖြစ်နေပြီး ထိုကဲ့သို့ဖြစ်နေခြင်းက ကလေးများအတွက် ကျောင်းတတ်ရောက်ရန် အခက်အခဲဖြစ်အောင် လုပ်နေပါသည်ဟု သတင်းပေးပို့ပါသည်။ Source #28 တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင်မှ ကျေးရွာသားတစ်ဦးက ဒေသတွင်စာသင်ကျောင်းများသည် ငွေကြေးထောက်ပံ့ခံရမှု နည်းပါးကြပြီး အချို့သောကျောင်းသား/သူများသည် ကျောင်းမနေနိုင်ကြကြောင်းနှင့် အကြောင်းမှာ ကျောင်းစရိတ်စက ကြီးမြင့်နေသည့်အတွက်ကြောင့် ဖြစ်သည်ဟု သတင်းပေးပို့ပါသည်။ Source #38 တွင်ကြည့်ပါ။ မြိတ်-ထားဝယ် ခရိုင်တွင် ပညာရေးစရိတ်သည် အလွန်မြင့်မားနေပြီး မိဘများသည် ၎င်းတို့ကလေးများကို ကျောင်းမထားနိုင်ကြကြောင်းကို Source #272 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်အတွင်းမှ စာသင်ကျောင်းတစ်ခုတွင် ဆရာ/မများသည် အကျိုးသက်ရောက်သော သင်ကြားမှုတစ်စုံတစ်ရာမရှိဘဲ ကလေးများကိုပစ်ထားကြပြီး ၎င်းတို့ အလုပ်ကို လုပ်ကိုင်ခြင်းမရှိချေ။ ၎င်းကို Source #333 တွင်ကြည့်ပါ။ မြိတ်ခရိုင်တွင်

မြန်မာအစိုးရ [802]၊ KNU [803] နှင့် အခြားလက်နက်ကိုင်အုပ်စုများ [804] အပါအဝင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးပိုင်းမှ အရာရှိဝန်ထမ်းများမှာ ၎င်းတို့ဒေသတွင်း ပညာရေး အရင်းအမြစ်၏ အရည်အသွေး မပြည့်မီမှုကို ဖြစ်စေသည်ဟု မှတ်ယူကြသည်ဟု တင်ပြထားပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများသည် အစိုးရစာသင်ကျောင်းများ၊ KED မှတစ်ဆင့် KNU မှ လည်ပတ်လုပ်ဆောင်နေ သော စာသင်ကျောင်းများ[805]၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထောက်ပံ့နေသည့် စာသင်ကျောင်းများ [806]၊ တချို့နေရာများတွင် ရွာသူရွာသားများက ကိုယ်ထူကိုယ်ထပုံစံဖြင့် တည်ထောင်ထားပြီး ၎င်းစာသင်ကျောင်းတွင်သင်ကြားပေးမည့်ဆရာ/မကိုလည်း ၎င်းတို့ကိုယ်ပိုင် ငွေကြေးဖြင့် လစာပေး ငှားရမ်းထားသည့် စာသင်ကျောင်းများ[807] အပေါ်တွင်ကျောင်းနေရွယ်ကလေးများ၏ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေး ရန် အတွက် မှီခိုနေရသည်။ [808] အစိုးရနှင့် ရောယှက်ထိန်းချုပ်မှု နယ်မြေများတွင် အခြေခံပညာကျောင်းသည် စတုတ္ထတန်းအထိရှိချိန်တွင် အစိုးရထိန်းချုပ်မှု အပြင်ဘက်နယ်မြေများရှိ စာသင်ကျောင်းများမှာမူ သမာရိုးကျအားဖြင့် တတိယတန်းအထိသာ ရှိတတ်ပြီး ၎င်းစာသင်ကျောင်းများကို အများအားဖြင့် ပြင်ပအကူအညီ တစ်စုံတရာ မယူပဲ ရွာသူရွာသားများက တည်ထောင်ထားခြင်း ဖြစ်သည်။

> *"အစိုးရထိန်းချုပ်မှုအောက်က ရွာတွေမှာ အများအားဖြင့်တော့ စတုတ္ထတန်းအထိရှိတဲ့ စာသင်ကျောင်း တွေရှိတယ်.......အစိုးရထိန်းချုပ်မှုနယ်မြေ အပြင်ဘက်တွေမှာနေထိုင်တဲ့ ပြည်သူတွေအတွက်တော့ စာသင်ကျောင်း အများစုက တတိယတန်းအထိပဲ ရှိတာများတယ်။ ကလေးတွေကို စာဖတ်၊ စာရေးတတ် အောင် လုပ်ဖို့အတွက် မိဘတွေဟာ စာသင်ကြားပေးမယ့် ဆရာတစ်ယောက်ကိုရှာပြီး ကိုယ့်ဟာကိုယ် စာသင် ကျောင်းကို ဆောက်ရပါတယ်။ ပြီးတော့ မိဘတွေဟာ ကျောင်းပစ္စည်းကိရိယာတွေကို ဝယ်ဖို့ အတွက်လည်း စုပေါင်းပြီး ငွေကြေးထည့်ဝင်ကြတယ်။ ကျောင်းပညာသင်ကြားမှု ဆုံးခန်းတိုင်သွားတဲ့ ကျောင်းသားတွေအတွက်က အခြားကျောင်းတွေကို သွားပြီးဆက်ကျောင်းတတ်ဖို့ဆိုတာက လွယ်တဲ့ ကိစ္စမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီအတွက် သူတို့မှာ ကျောင်းပြောင်းရွှေ့တာနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ရှိထားရအုံးမယ်။ အဲဒါတွေရဖို့ကလည်း မလွယ်ကူပြန်ဘူး။ ဒီတော့ တချို့ ကျောင်းသားတွေဟာ ကျောင်းထွက်ပြီး သူတို့မိဘတွေရဲ့ အိမ်အလုပ်ကိုပဲ ကူညီဖို့ပဲ ဖြစ်သွားကြ ရတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> ထန်းတပင်နှင့် သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်/ကရင်ပြည်နယ် မြောက်ပိုင်း(ဇွန်၊ ၂၀၁၂)[809]

---

အချို့စာသင်ကျောင်းများသည် အထောက်အပံ့မရရှိကြသည့်အပြင် ဆရာ/မများသည် လစာအဖြစ် ဆန်ကိုသာ ရရှိကြပါသည်။ ၎င်းကို Source #240 တွင်ကြည့်ပါ။ ဖာပွန်ခရိုင်တွင် ရွာသူရွာသားများ သတင်းပေးပို့သည်က ဒေသတွင်း စာသင်ကျောင်း များသည် တတိယတန်းအထိသာ ရှိပြီး ငယ်ရွယ်သောကလေးများအတွက် ရေရှည်ဆက်လက်သွားရမည့် အနေအထား တစ်ခု လိုအပ်နေပါသည်။ ၎င်းကို Source #199 တွင်ကြည့်ပါ။

[802] ဥပမာ ဒူးပလာယာခရိုင်မှ ရွာသူရွာသားများက ၎င်းတို့သည် ဒေသတွင်းစာသင်ကျောင်းရှိ ဆရာ/မများအတွက် ရေရှည်တည်တံ့ရမည့် အထောက်အပံ့ပမာဏတစ်ခု ထောက်ပံ့ပေးအပ်ရန် လိုအပ်နေခဲ့ပြီး အစိုးရထံမှ မည်သည့်အထောက်အပံ့မှ မရရှိခဲ့ကြောင်းကို ပြန်ပြောင်းပြောပြကြပါသည်။ Source #240 တွင်ကြည့်ပါ။

[803] ဥပမာ ဖာပွန်ခရိုင် ဘူးသို မြို့နယ် ထီးသဒေါထ ကျေးရွာအုပ်စုမှ ရွာသူရွာသားများက KNU သည် ဒေသတွင်းကလေးငယ်များ၏ လိုအပ်ချက်များကို ပေးအပ်ရန်အတွက် စာသင်ကျောင်းအနည်းငယ်လောက်ကိုသာ လည်ပတ်လုပ်ကိုင်ပေးနိုင်ခဲ့သည်ဟု သတင်းပေးပို့ပါသည်။ Source #312 တွင်ကြည့်ပါ။

[804] ဥပမာ အရက်သောက်စားထားသော DKBA စစ်သားတစ်ဦးက ဘားအံခရိုင်ရှိ စာသင်ကျောင်းများအတွက်ဟု ဆိုပြီး ရံပုံငွေများကို တောင်းခံခဲ့ပါသည်။ Source #241 တွင်ကြည့်ပါ။

[805] ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်ရှိ အခြေအနေနှင့် ပတ်သက်သော ဥပမာအတွက် Source #147 တွင်ကြည့်ပါ။

[806] ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်တွင် KNU က KED မှတစ်ဆင့် လည်ပတ်လုပ်ကိုင်နေသော စာသင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ထားပါသည်။ Source #312 တွင်ကြည့်ပါ။

[807] တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ရွာလူကြီးတစ်ဦးက ဒေသတွင်းရှိ စာသင်ကျောင်းများကို ဘုန်းကြီးကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်းများကနေ၍ ထောက်ပံ့ပေးနေသည်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ Source #22 တွင်ကြည့်ပါ။

[808] တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းတစ်ခုသည် ဆရာ/မများကို လစာအဖြစ် ဆန်ကို ပေးအပ်ပါသည်။ Source #240 တွင်ကြည့်ပါ။

[809] Source #32 တွင်ကြည့်ပါ။

## *နှစ်ဖက်ရောယှက် ထိန်းချုပ်မှု နယ်မြေများရှိ အစိုးရစာသင်ကျောင်းများ*

အပစ်အခတ်ရပ်စဲပြီး ချိန်မှစ၍ နှစ်ဖက်ရောယှက်ထိန်းချုပ်ရာနယ်မြေများတွင် နေထိုင်သည့် ရွာသူရွာသားများက အစိုးရစာသင်ကျောင်းများတွင် ပညာသင်ကြားခြင်း အခွင့်အလမ်းနှင့် ပတ်သက်၍ ကောင်းမှု၊ ဆိုးမှု ပေါင်းများစွာကို သတင်းပေးပို့ တင်ပြကြပါသည်။[810] ၂၀၁၂ ခုနှစ်တွင် တောင်ငူခရိုင်မှ ရွာသူရွာသားများက ဒေသတွင်းရှိ အစိုးရ အခြေခံပညာကျောင်းတွင် ကျောင်းလခများကို ဆက်လက်ပေးဆောင်ရန် မလိုအပ်တော့ဟု သတင်းပေးပို့ပါသည်။[811] ၂၀၁၂ ခုနှစ်အတွင်း၌ပင် သထုံခရိုင် ဘားအံမြို့နယ်မှ ရွာသူရွာသားများက အစိုးရမှနေ၍ ကျောင်းများအားလုံး သင်ကြားခွင့်အခမဲ့ဖြစ်စေမည်ဟု ကတိပြုခဲ့ကြောင်းကို သတင်းပေးပို့ပါသည်။ ၂၀၁၃ ခုနှစ်တွင် အဆိုပါခရိုင်မှ KHRG သတင်းကောက်ယူသူများကလည်း မြန်မာအစိုးရနှင့် နိုင်ငံတကာ NGO များမှ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတတ်လုပ်ဆောင်လာကြသည်ဟု အစီရင်ခံကြပါသည်။[812]

နှစ်ဖက်ရောယှက် ထိန်းချုပ်ရာနယ်မြေများရှိ ရွာသူရွာသားများက ပညာရေးအခွင့်အလမ်း အတွက် လမ်းကြောင်းကို ရေရှည် ပိတ်ပင်တားဆီးနေသည့် အတားအဆီးများကို အစီရင်ခံတင်ပြခဲ့ပြီး ၎င်းအချက်များက ကျန်းမာရေး စောင့်ရှောက်မှုကို တားဆီးနေသည့်အချက်များနှင့် အတူတူဖြစ်နေပါသည်။ ဤအစီရင်ခံရှိ သတင်းအချက်အလက်များသည် - (၁) ရုပ်ပိုင်းဆိုင်ရာအရ ရရှိအသုံးပြုနိုင်မှု၊ (၂) ငွေကြေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်လင့်တကူဖြစ်မှုနှင့်/ သို့မဟုတ် (၃) စာသင်ကျောင်းများ၏ အရည်အသွေး တို့ဖြစ်သည်။

## *ရုပ်ပိုင်းဆိုင်ရာအရ ရရှိအသုံးပြုနိုင်မှု*

နှစ်ဖက်ရောယှက် ထိန်းချုပ်နယ်မြေများမှ ရွာသူရွာသားများ၏ သတင်းပေးပို့ချက်များက မြန်မာအစိုးရမှ လည်ပတ်သော ကျေးရွာအဆင့် အခြေခံပညာကျောင်းများသည် စတုတ္ထတန်း အထိသာ ရှိသည်ဟူ၍ ဖော်ပြနေသည်။ [813] ထိုကျောင်းများသည် ကျောင်းသားများ လွယ်လင့်တကူ လက်ခံရရှိနိုင်သည့် စာသင် ကျောင်းများဖြစ်သော်လည်း ထိုထက်ပို၍ အဆင့်မြင့်သော ကျောင်းများမှာ ကျောင်းသားများနေထိုင်ရာ ကျေးရွာမှ (၆)နာရီခန့်ကြာအောင် ပုံမှန်ခြေကျင်လမ်းလျှောက်သွားရခြင်းကဲ့သို့သော လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များ ရှိပါသည်။ [814] စာသင်ကျောင်း လုံးဝမရှိသည့် အချို့ကျေးရွာများတွင် စတုတ္ထတန်း အထိသာ ရှိသည့်ပညာရေး အခွင့်အလမ်းရရှိရန်အတွက်ကိုပင် ကျောင်းသားများမှာ ခရီးရှည်လမ်းလျှောက်၍ ကျောင်းတက်ရန် လိုအပ်နေပါသေးသည်။[815]

---

[810] တောင်ငူခရိုင် ချောင်းနှစ်ခွ ကျေးရွာမှ စော........ဆိုသူက ကျောင်းသူ/သားများသည် အစိုးရအခြေခံပညာ ကျောင်းအတွက် ကျောင်းစရိတ်စခကို ပေးရန် မလိုကြောင်းနှင့် အဆိုပါကျောင်းသူ/သားများကို စာသင်ကြားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပေးအပ်ထားကြောင်းကို ပြောကြားခဲ့ပါသည်။ ၎င်းက ကျောင်းသား/သူများသည် UNHCR တံဆိပ်ပါသော ကျောင်းလွယ်အိတ်များကို လွယ်လေ့ရှိသည်ဟုလည်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။ Source #25 တွင်ကြည့်ပါ။

[811] Source #18 တွင်ကြည့်ပါ။

[812] သထုံခရိုင် ဘားအံမြို့နယ်တွင် အစိုးရက ဆရာ/မများ၏ လစာနှင့် ကျောင်းသား/သူများအတွက် စာရေးကိရိယာ အထောက်အပံ့များကို စတင်ပံ့ပိုးပေးခဲ့သည်။ Source #361 တွင်ကြည့်ပါ။

[813] အစိုးရမှနေ၍ ဦးစီးဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် တတိယတန်းအထိသာ ရှိသည်ဆိုသည်ကို KHRG၏ ဒေသခံ အဖွဲ့ဝင်များနှင့် ရွာသူရွာသားများက အတည်ပြုခဲ့ကြပါသည်။ ဘားအံခရိုင် နို့ကေး ကျေးရွာအုပ်စုတွင် ထိုကျောင်းများရှိသည်ဆိုသည်ကို Source #199 တွင်ကြည့်ပါ။ သထုံခရိုင် ကဒီး ကျေးရွာအုပ်စု သရောမဲ့ ရွာ၏ ဥပမာအတွက် Source #11 တွင်ကြည့်ပါ။ တောင်ငူခရိုင်မှ ဥပမာများအတွက် Source #26၊ 32 နှင့် 262 တို့တွင်ကြည့်ပါ။ ညောင်လေးပင်ခရိုင် မုန်းမြို့နယ်မှ ဥပမာများအတွက် Source #37နှင့် 38 တွင်ကြည့်ပါ။

[814] တောင်ငူခရိုင် သံတောင်ကြီးမြို့နယ်တွင် ကျောင်းသား/သူများသည် (၄)တန်းအောက်သာ သင်ကြားပေးသည့် စာသင်ကျောင်းများသို့ ရောက်ရှိရန်အတွက် (၆)နာရီခန့် သွားကြရပါသည်။ Source #26 တွင်ကြည့်ပါ။

[815] ဘားအံခရိုင် နဘူးမြို့နယ် နိုကေး ကျေးရွာအုပ်စုတွင် တတိယတန်းအထိသာရှိသော စာသင်ကျောင်းများသည် ကျေးရွာအတော်များများနှင့် အလွန်အလှမ်းဝေးကွာသော နေရာတွင် ရှိနေပါသည်။ Source #199 တွင်ကြည့်ပါ။

*ကျောင်းနေနိုင်ရေးအတွက် ဘဏ္ဍာရေးလိုအပ်ချက်*

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ ရေယုက်ထိန်းချုပ်ထားရာဒေသများရှိ ရွာသူရွာသားများက စတုတ္ထတန်းအထိရှိသော အစိုးရကျောင်းတစ်ချို့တက်ရောက်ရန်အတွက် အတန်အသင့်များပြားသော ကျောင်းလခများ ပေးသွင်းကြရသည်ဟု အစီရင်ခံကြသည်။[816] စတုတ္ထတန်းလွန် ပညာရေးကို ပေးအပ်နေသည့် အစိုးရကျောင်းများအကြောင်းဖော်ပြသည့် အစီရင်ခံစာ အားလုံးနီးပါးတွင် ကျောင်းလခကြီးမားခြင်း(သို့) ငွေကုန်ကြေးကျများပြားခြင်းဆိုင်ရာ တိုင်ကြားချက်များ ပါရှိသည်။ [817] ရွာသားများက မိဘများအနေနှင့် ၎င်းတို့၏ ကလေးများကို လေးတန်း [818] ထက်လွန်၍ ပညာသင်ယူစေခြင်းဌာ မတတ်နိုင်ကြခြင်းမှာ ကျောင်းလခ မတတ်နိုင်ခြင်း[819]၊ ကျောင်းတက်ရန်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ မထောက်ပံ့နိုင်ခြင်း [820] (သို့) မိမိတို့၏အသက် မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ကလေးများ၏အကူအညီလိုအပ်ခြင်း[821] တို့ကြောင့်ပင် ဖြစ်သည်။

> *"အစိုးရကျောင်းတွေမှာတက်တဲ့သူတွေဟာ ရွာမှာလေးတန်းပြီးလို့ ကျောင်းဆက်တက်ချင်ပေမယ့် အရမ်းဈေးကြီးတဲ့အတွက် မလွယ်ပါဘူး။ ဒါ့အပြင် သူတို့ဟာ အဆောင်မှာလည်းနေရမှာ ဖြစ်တဲ့အတွက် နေစရိတ်ပါတက်တဲ့အတွက် ပိုလို့တောင် ဈေးကြီးသွားသေးတယ်။ ဒါ့ကြောင့် လေးတန်းကျောင်းပြီးတဲ့ ကလေးတွေဟာ မိဘတွေက ကျောင်းဆက်ထားမပေးနိုင်တော့တဲ့ အတွက် ကျောင်းထွက်လိုက်ကြရတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> ထန်းတပင်နှင့် သံတောင်ကြီးမြို့နယ် တောင်ငူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း။ (၂၀၁၂ ခုနှစ် ဇွန်လ)[822]

*ကျောင်းများ၏အရည်အသွေး*

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ရေယုက်ထိန်းချုပ် ထားသော ဒေသများရှိ အစိုးရ ကျောင်းများအတွက် ရရှိသော ရန်ပုံငွေများမှာ လုံလောက်မှုမရှိကြောင်း ရွာသားများက အစီရင်ခံကြသည်။ [823] ရလဒ်အနေနှင့်

[816] တောင်ငူမြို့နယ်၊ ---ကျေးရွာတွင် ရွာရှိကျောင်းဆရာနှစ်ဦးအနက် တစ်ဦးအတွက်ကိုသာ အစိုးရကလခပေးပြီး အခြားသူတစ်ဦးအတွက်မူ ရွာသားများ ကိုယ်တိုင် ရန်ပုံငွေပေးကျခံစေသည်။ Source #26 ကိုကြည့်ပါ။ ညောင်လေးပင်ခရိုင်မှ ရွာသားတစ်ဦးကပြောသည်မှာ လေးတန်းအထိသာရှိသော စာသင်ကျောင်းသည် အစိုးရထံမှအကူအညီရရှိသည့်တိုင် ရွာသူရွာသားများထံမှသာ ရန်ပုံငွေတိုက်ရိုက်ရယူနေရကြောင်း သိရသည်။ Source #38 ကိုကြည့်ပါ။ ဒူးပလာယာခရိုင်တွင် ရွာသားများက ကော့ကရိတ်မြို့နယ်ရှိ လန်ပခယောင်း ပြစာသင်ကျောင်းသည် အစိုးရထံမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိသိရှိရသမျှ ရန်ပုံငွေလုံးဝရရှိခြင်းမရှိဟု ဆိုကြသည်။ Source #240 ကိုကြည့်ပါ။

[817] သထုံခရိုင်၊ ---ကျေးရွာမှ ဤမကျေနပ်ချက်အတွက် Source #5 ကိုကြည့်ပါ။ လေးတန်းလွန် ကျောင်းများသည် အခကြေးငွေပေးမှ တက်ခွင့်ရှိကြောင်း ဖော်ပြသည့် တောင်ငူ ခရိုင်ရှိ အစီရင်ခံစာတစ်ခုအတွက် Source #32 ကိုကြည့်ပါ။ တောင်ငူရှိ ကျေးရွာတစ်ရွာမှ အခြား ဖြစ်ရပ်တစ်ခုကိုမူ Source #၂၉ ကိုကြည့်ပါ။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ သာကေတစ်ရပ် အတွက် Source # 147 ကိုကြည့်ပါ။ ညောင်လေးပင်ခရိုင်၊ အောင်စိုးမိုးကျေးရွာရှိ ဆယ်တန်းအထိအခကြေးငွေပေးရခြင်းမရှိသည့် ခြွင်းချက် သတင်းအချက်အလက် တစ်ခုအတွက်မူ Source #39 ကိုကြည့်ပါ။

[818] သထုံခရိုင်၊ သထုံမြို့နယ်၌ ရွာသားတစ်ဦးက မိဘတစ်ချို့သည် ၎င်းတို့ကလေးများ၏ လေးတန်းအထက် ဆက်တက်ရန် ပညာသင်ကြားစရိတ်ကို မတတ်နိုင်ကြတော့ကြောင်း ရှင်းပြ ပြောဆိုသည်။ Source #10 ကိုကြည့်ပါ။

[819] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၌ ခရစ်ယာန်ဘုရားကျောင်းမှ ကော်မတီအဖွဲ့ဝင်တစ်ဦးက မိဘတစ်ချို့သည် ၎င်းတို့သားသမီးများအတွက် ကျောင်းပညာသင်ကြားစရိတ် ကို မပေးနိုင်ကြကြောင်း ရှင်းပြပြောဆိုသည်။ Source #29 ကိုကြည့်ပါ။

[820] တောင်ငူခရိုင်၊ သံတောင်ကြီးနှင့် ထန်းတပင်မြို့နယ်များ၌ KHRG သုတေသနပြုသူတစ်ဦးက မိဘများသည် ကျောင်းသုံးစာရွက်စာတမ်းကြေးကို ကိုယ်တိုင် ကုန်ကျခံကြရသည့်အတွက် ရံဖန်ရံခါ၌ ၎င်းတို့၏ကလေးများကို ကျောင်းမထားနိုင်တော့ကြောင်း ရှင်းပြပြောဆိုသည်။ Source #36 ကိုကြည့်ပါ။

[821] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၌ တောင်သူလယ်သမားတစ်ဦးက ကလေးတစ်ချို့သည် ကျောင်းတက်ရမည့်အစား မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်ကြရကြောင်း ရှင်းပြပြောဆိုသည်။ Source #10 ကိုကြည့်ပါ။

[822] Source #32 ကိုကြည့်ပါ။

စာသင်ကျောင်းများတွင် ဆရာမရှိခြင်း(သို့) လုံလောက် သည့် ဆရာ၊ဆရာမ အရေအတွက် မရှိခြင်းများ ဖြစ်ရသည်။[824] ရွာသားများကလည်း အစိုးရ စာသင်ကျောင်းများ၌ စာသင်ကြားပေးရန် ကတိကဝတ် ပြုထားသည့် ဆရာ၊ ဆရာမများ သည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းခြင်းမရှိပဲ၊ လပေါင်း များစွာ ကျောင်းသို့မလာခြင်း[825] (သို့မဟုတ်) တစ်ပတ်လျှင် ၂ ရက် ၃ ရက်[826]မျှသာ ကျောင်းသို့ လာခြင်းတို့ရှိကြောင်း ပြောဆိုကြသည်။ အစိုးရ၏ အထောက်အပံ့ခံ ဆရာများသည် ကရင်ဘာသာ စကားကို သင်ကြားပေးခြင်းမရှိကြောင်းလည်း ရွာသားများက ပြောသည်။[827]

> *"စာသင်ကျောင်းတွေက ပုံမှန်မဖွင့်ပါဘူး။ အချို့မိဘတွေက ဆရာတွေကိုလစာမပေးနိုင်ကြတာရယ်၊ တစ်ခါတစ်ခါကျတော့လည်း ကျောင်းမှာစာသင်ပေးဖို့ ဆရာရှာမရတာတွေရယ်ကြောင့် ကျွန်တော်တို့ ဒေသက ကျောင်းတွေဟာ ဒီနှစ်ဖွင့်လိုက်၊ နောက်နှစ်ပိတ်လိုက်ဖြစ်နေရတယ်။ ကျောင်းသား မိဘတွေက အစိုးရ ဆရာဆရာမတွေဟာ ကျောင်းကို မှန်မှန်မလာကြဘူးလို့ ပြောကြတယ်။ ကိုယ့်သားသမီးကို ကျောင်းမထားနိုင်ကြတဲ့ ကျောင်းသားမိဘတွေလည်းရှိတယ်။ တချို့ကျောင်းသားတွေဟာ လေးတန်း ပြီးတာနဲ့ အိမ်အလုပ်တွေမှာ မိဘကို လုပ်ဖို့ ကျောင်းထွက်သွားကြ တယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> သံတောင်ကြီးနှင့် ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်/ ကရင်ပြည်နယ်မြောက်ပိုင်း (၂၀၁၃ ခုနှစ် သြဂုတ်)[828]

> *"ကျောင်းသားတွေလိုအပ်တဲ့ ကျောင်းအတွက်လိုအပ်တဲ့ ပစ္စည်းတွေကိုလည်း မိဘတွေက ကိုယ့်ဟာကိုယ် ပေးကြရတယ်။ ဒီ့အပြင် ထောထစောဒေသမှာ စာသင်ကြားရမယ်လို့ တာဝန်ကျတဲ့ အစိုးရဆရာ၊ ဆရာမတွေဟာ (စာသင်နှစ်ဝက်ကြီးမှာ ထွက်သွားကြပြီး) နှစ်ကုန်တဲ့အထိ စာမသင်ပေးခဲ့ကြဘူး။ ကျန်နှစ်တစ်ဝက်မှာ သူတို့က မြို့ကိုပြန်သွားခဲ့ကြပြီး ပြန်မလာကြတော့တဲ့အတွက် ရွာမှာကျန်ခဲ့တဲ့ ကလေးတွေ အတွက် အခက်အခဲတွေဖြစ်ခဲ့ရတယ်။ တောင်ငူခရိုင်၊ သံတောင် ကြီးမြို့နယ်က ---ရွာမှာဆိုရင် ဆရာ တစ်ယောက်မှကို မရှိသေးဘူး။ အဲဒီနှစ်အတွက် ကျောင်းတက်ကြရမယ့် ကလေးတွေဟာ အစိုးရကို ကျောင်းလခပေးပြီးကြပေမယ့် ဆရာတွေက ပေါ်မလာခဲ့တော့ ခုချိန်ထိကို ဘာစာသင်ခန်းရယ်လို့မှ ရှိမလာသေးပါဘူး။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> သံတောင်ကြီးနှင့် ထန်းတပင်မြို့နယ်များ၊ တောင်ငူခရိုင်/ကရင်ပြည်နယ်မြောက်ပိုင်း။(၂၀၁၂ ခုနှစ် ဇွန်လ)[829]

---

[823] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲ့ပရီးကျေးရွာအုပ်စု၊ ---ကျေးရွာရှိ စာသင်ကျောင်းတစ်ကျောင်းသည် မည်သည့်အဖွဲ့အစည်းထံမှ ထောက်ပံ့မှုမရရှိကြောင်း သိရသည်။ Source #350 ကိုကြည့်ပါ။

[824] သထုံခရိုင်၊ ---ကျေးရွာတွင် အစိုးရကျောင်းတစ်ကျောင်းရှိဆရာများသည် လုံလောက်သည့်လစာမရရှိကြသလိုပင် လုံလောက်သည့်ထောက်ပံ့မှုများလည်းမရှိချေ။ Source #5 ကိုကြည့်ပါ။ သထုံခရိုင်၊ ဘားအံမြို့ကနယ်တွင် အစိုးရက ဆရာများအား ကျောင်းလခများ ပေးသော်လည်း ရွာသားများက ဆရာများ၏အစားအသောက်နှင့် သွားလာစရိတ်ကို ပေးရန်တာဝန်ယူကြရသည်။ Source #361 ကိုကြည့်ပါ။ တောင်ငူခရိုင်၊ သံတောင်ကြီးနှင့်ထန်းတပင်မြို့နယ်များ၌ ရွာများရှိ ကျောင်းတစ်ချို့၌ ဆရာများမရှိကြောင်း ရွာသားများက အစီရင်ခံကြသည်။ Source #262 ကိုကြည့်ပါ။ သထုံခရိုင်၊ ဘားအံမြို့နယ်၌ အစိုးရက ဆရာများအားကျောင်းလစာပေးသော်လည်း ရွာသူရွာသားများက ဆရာများ၏အစားအသောက်နှင့် သွားလာစရိတ်ကိုတာဝန်ယူကြရသည်။ Source #361 ကိုကြည့်ပါ။ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်တွင်ဆရာတစ်ချို့ သည် လုံလောက်သည့်ကျောင်းလစာမရရှိကြသည့်အတွက် တစ်ပတ်လျှင် ၂ ရက် ၃ ရက်မျှသာ လာရောက်သင်ကြားကြသည်။

[825] သထုံခရိုင်၊ ဘားအံမြို့နယ်မှရွာသားများက အစီရင်ခံခဲ့သည်မှာ ၎င်းတို့၏ဒေသခံရွာကျောင်းရှိဆရာများသည် ကျောင်းလစာရယူရန်အတွက် မြို့သို့သွားခဲ့ကြပြီး အကြောင်းရင်းမသိရပဲ ရက်သတ္တပတ်တစ်ပတ်(သို့) နှစ်ပတ်မျှပျောက်သွားကြသည်ဟု သိရသည်။ Source #368 နှင့် 361 ကိုကြည့်ပါ။

[826] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် အစိုးရစာသင်ကျောင်း ငါးကျောင်းတည်ဆောက်ပြီးဖြစ်ကြောင်း KHRG သုတေသနပြုသူတစ်ဦးက ဆိုသည်။ ယင်းကျောင်းများ၏ဆရာများသည် ယခင်ဆရာများထက် လစာငွေပိုမိုရရှိသော်လည်း အများအားဖြင့် တစ်ပတ်လျှင် နှစ်ရက်သုံးရက်မျှသာစာသင်ကြသည်။ Source #308 ကိုကြည့်ပါ။

[827] Source #361 ကိုကြည့်ပါ။

[828] Source #262 ကိုကြည့်ပါ။

[829] Source #32 ကိုကြည့်ပါ။

ယင်းသို့သော အဟန့်အတားများကြောင့် ကျောင်းသားများအကြား ပညာရေးကိုအလေးထားမှု လျော့နည်းလာစေပြီး ကျောင်းမှထွက်ကြသည်အထိဖြစ်ကြရသည်။[830]



အထက်ပါဓာတ်ပုံကို ဖာပွန်ခရိုင်၊ မေကလောကျေးရွာအုပ်စု၊ ---ကျေးရွာ၌ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့က ရိုက်ကူးထားခြင်းဖြစ်သည်။ ပုံတွင် ပါရှိသည့် စော---က အစိုးရကျောင်းများရှိ အစိုးရက တာဝန် ပေးထားသော ဆရာ၊ဆရာမများသည် အကြောင်းအရင်းမသိရှိရပဲ ကာလကြာမြင့်စွာပင် ကျောင်းမှ ပျက်ကွက်ကြကြောင်းကို အစီရင်ခံခဲ့သည်။[831] [ဓာတ်ပုံ- KHRG]





အထက်ပါဓာတ်ပုံများကို KHRG သုတေသနပြုသူတစ်ဦးက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရိုက်ကူးထားခဲ့ခြင်းဖြစ်သည်။ လက်ယာဘက်မှဓာတ်ပုံတွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ အနောက်ဒေးလိုကျေးရွာအုပ်စု၊ ---ကျေးရွာမှ စာသင်ခန်းတစ်ခု၏ပုံဖြစ်သည်။ ယင်းစာသင်ကျောင်းကို မြန်မာအစိုးရက ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း ဒေသတွင်းရှိရွာသားများ၏ အဆိုအရ ကျောင်းကိုပုံမှန်လည်ပတ်ရန် လုံလောက်သည့် ငွေကြေးထောက်ပံ့မှု မရှိကြောင်းသိရသည်။ လက်ဝဲဘက်မှ ဓာတ်ပုံတွင် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်၊ အထူးဒေသကျေးရွာအုပ်စု၊ ---ကျေးရွာမှ စာသင်ကျောင်းတစ်ခုကို တွေ့ရသည်။ ယင်းကျောင်းကို အစိုးရက တည်ထောင်ထားသော်လည်း စာသင်ကြားပေးမည့် ဆရာ၊ဆရာမများ လာရောက်ခြင်းမရှိသည့်အတွက် ကလေးများမှာ ကျောင်းသို့မသွားနိုင်ကြချေ။ ကျေးရွာသည် ဆရာများ၏ လစာကို အစိုးရထံသို့နှစ်စဉ်ပေးသွင်းရသော်လည်း ယမန်နှစ်စာသင်နှစ်ကမူ ဆရာ၊ဆရာမများမှ ရွာသို့ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း ကျေးရွာသူကြီးကပြောခဲ့သည်။[832] [ဓာတ်ပုံ- KHRG]

[830] သံတောင်ကြီးနှင့် ထန်းတစ်ပင်မြို့နယ်များရှိ KHRG သုတေသနပြုသူတစ်ဦးက တောင်ငူခရိုင်ရှိ ကျောင်းသားများသည် ကျောင်းအတွက် အလေးအနက်ထားမှု မရှိကြတော့ကြောင်း အစီရင်ခံခဲ့သည်။ Source #262 ကိုကြည့်ပါ။

[831] Source #333 ကိုကြည့်ပါ။

[832] Source #320 ကိုကြည့်ပါ။

### *ရောယှက်ထိန်းချုပ် ဒေသများတွင် EAG နှင့် NGO များ၏ ပညာရေးဝန်ဆောင်မှုများ*

> *"ပညာရေးအနေနဲ့ နေပြည်တော်အစိုးရက ဘယ်ကျောင်းကိုမှ ဖွင့်လှစ်ထူထောင်ထားတာမရှိတဲ့အတွက် စာတတ်မြောက်မှုနှုန်းက အရမ်းနည်းပါတယ်။ KNU အဖွဲ့ ကရင်ပညာရေးဌာန (KED)ကနေ အကူအညီအချို့ ရယူပြီး ကျောင်းတွေ ထူထောင်ထားပါတယ်။ ဒါပေမယ့် အစိုးရ အဖွဲ့အစည်းတွေကတော့ ဘယ်ကျောင်းကိုမှ ထောက်ပံ့ပေးတာမရှိပါဘူး။ ဒီဒေသမှာ ကလေးတွေပညာသင်ကြားရေးအတွက် စာသင်ကျောင်းတွေ မရှိဘူးဆိုတာမမှန်ပါဘူး။ ကလေးတွေအတွက် စာသင်ကြားဖို့ကျောင်းတွေရှိနေပါတယ်။ ကျောင်းပညာရေး အဆင့်အနေနဲ့ လေးတန်းအဆင့်အထိ သင်ကြားပေးတဲ့ မူလတန်း စာသင်ကျောင်းတွေကို ရွာသားတွေက ကမကထပြုပြီး ထူထောင်ကြတယ်။ သက်ဆိုင်ရာရွာက ကျောင်းတွေမှာ လေးတန်းအထိသင်ယူပြီးရင် ကလေးတွေဟာ ပညာဆက်သင်ဖို့အတွက် နေပြည်တော်အစိုးရက ဖွင့်လှစ်ထားတဲ့ စာသင်ကျောင်းတွေကို သွားဖို့ ကြိုးစားကြပေမယ့် နေပြည်တော်အစိုးရကျောင်းတွေက သူတို့ကိုလက်မခံပါဘူး။ သူတို့အနေနဲ့ KED စာသင်ကျောင်းတွေကိုလည်း သွားနိုင်ကြပြီး KED ကျောင်းဆရာ၊ဆရာမတွေက သူတို့ကို လက်ခံကြပါတယ်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။
> ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ)[833]

ရောယှက်ထိန်းချုပ်ခံဒေသများရှိ ပညာရေးတွင် EAG ၏ ကူညီပံ့ပိုးမှုများအကြောင်းကို ရွာသားများက အစီရင်ခံထားကြသည်။ တောင်ငူခရိုင်[834] ရှိ ရောယှက်ထိန်းချုပ်ခံဒေသများတွင် အထက်တန်းကျောင်းနှစ်ကျောင်းကိုဆောက်လုပ်ရန် KNU မှ ကြိုးစားလျက်ရှိပြီး၊ KNU ၏ ပူးပေါင်းပါဝင်မှုဖြင့် ညောင်လေးပင်ခရိုင်တွင် ကောလိပ်ကျောင်းတစ်ကျောင်းကိုလည်း ထူထောင်ခဲ့သည်။ [835] ရွာသားများ၏အဆိုအရ DKBA နှင့် BGF တပ်ဖွဲ့များ၏ နိုင်ငံရေးအရ အာဏာခွဲဝေရယူထားသော ဒေသများရှိ စာသင်ကျောင်းတစ်ချို့သည် ကျောင်းပစ္စည်း၊ ဆရာ၊ဆရာမများနှင့် ငွေကြေးပံ့ပိုးမှုများ စသည့် အကူအညီများကို ထိုအဖွဲ့များထံမှ လက်ခံရရှိထားကြောင်း သိရသည်။ [836] သို့ရာတွင် အစိုးရအထောက်အပံ့ မရရှိသည့်ဒေသများဖြစ်သော ရောယှက်ထိန်းချုပ်ခံဒေသများရှိ ကျောင်းအချို့အတွက် အကြီးမားဆုံးအခက်အခဲများမှာ KED [837] ထံမှ အကူအညီများရရှိသည့်တိုင် ငွေကြေးလိုအပ်ဆဲဖြစ်ကြောင်း ရွာသားများက ပြောကြားသည်။ ဖာပွန်ခရိုင်၊ လူသော်မြို့နယ်ရှိ ကျောင်းတစ်ကျောင်းမှဆရာများကို KED က လစာပေးထားသော်လည်း ဒေသခံများက ယင်းလစာငွေသည် စားဝတ်နေရေးအတွက် လုံလောက်မှုမရှိဟု ယူဆထားကြောင်း ရွာသားများကဆိုသည်။ [838] ထို့အပြင် အစိုးရကျောင်းမှမဟုတ်သည့် ပညာရေးများကို အစိုးရက အသိအမှတ်မပြုသည့် အတွက်ကြောင့် KED က မ,တည်ပေးသောကျောင်းများ၊ ဒုက္ခသည် စခန်းများမှ ကျောင်းများနှင့် ရွာသားများ ကိုယ်ထူကိုယ်ထ တည်ထောင်ထားသည့်ကျောင်းများမှ ကျောင်းသားများသည် အစိုးရကျောင်းများတွင် ပညာဆက်လက်သင်ယူခွင့်မရှိကြချေ။[839]

---

[833] Source #312 ကိုကြည့်ပါ။

[834] ၂၀၁၃ ခုနှစ်တွင် KNU ခေါင်းဆောင်များက အထက်တန်းကျောင်းနှစ်ကျောင်းကိုထူထောင်ခဲ့သည်။ တစ်ကျောင်းမှာ ထန်းတပင်မြို့နယ်တွင်ရှိပြီး၊ အခြားတစ်ကျောင်းမှာ သံတောင် ကြီးမြို့နယ်တွင်ရှိသည်။ Source #262 ကိုကြည့်ပါ။

[835] ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ခလယ်လွီထူ (ညောင်လေးပင်) ကောလိပ်ကျောင်းတစ်ခုကို ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၌ ဒေသခံများနှင့် KNU ခေါင်းဆောင်တို့က ဖွင့်လှစ်ခဲ့သည်။ Source #252 ကိုကြည့်ပါ။

[836] ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ သမိန်ဒေါကျေးရွာမှ စာသင်ကျောင်းတစ်ကျောင်းကို ပြုပြင်ရန်အတွက် ဒေသတွင်းရှိလက်နက်ကိုင်အာဏာပိုင် BGF နှင့် DKBA တို့က ရွာသားများကို ကျပ် ၁၀ သိန်း (ဒေါ်လာ၁၃၀၃) ထောက်ပံ့ခဲ့သည်။ Source #377 ကိုကြည့်ပါ။

[837] ဥပမာအားဖြင့်- ဒူးပလာယာခရိုင်ရှိ ကျေးရွာတစ်ရွာ၌ KED သည် ကျောင်းလိုအပ်ချက်များအတွက် ငွေကြေးပံ့ပိုးသော်လည်း ကျောင်းဆရာများ၏လစာငွေကိုမူ ပံ့ပိုးပေးခြင်းမရှိချေ။ Source #240 ကိုကြည့်ပါ။

[838] ဖာပွန်ခရိုင်၊ လူသောမြို့နယ်မှ ကျောင်းဆရာများသည် တစ်နှစ်စာအတွက် ဘတ်ငွေ ၃၀၀၀ (ဒေါ်လာ ၉၃.၄၀) ရရှိကြပြီး၊ ယင်းငွေသည် သက်ဆိုင်ရာမိသားစုများ၏ စားဝတ်နေရေးအတွက် လုံလောက်မှုမရှိချေ။ Source #82 ကိုကြည့်ပါ။

[839] KED ကထူထောင်ထားသော ဒေသခံကျောင်းများတွင် လေးတန်းအထိသာသင်ကြားပြီး၊ ယင်းကျောင်းမှ ပညာဆက်လက်သင်ယူလိုသော ကျောင်းသားများသည် အစိုးရကျောင်းများတွင် ဆက်လက်သင်ကြာခွင့်မရကြကြောင်း ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ KHRG သုတေသနပြုသူတစ်ဦးက ပြောသည်။ Source #312 နှင့် 331 ကိုကြည့်ပါ။

IDP များသည်လည်း ပညာသင်ယူရေးအတွက် သီးခြားပြသနာများနှင့်ရင်ဆိုင်နေရသည်။ သာဓကတစ်ခုအနေဖြင့်- ဖွံ့ဖြိုးရေးစီမံကိန်းများ (သို့) စစ်ကြောင်းတိုးချဲ့ခြင်းများကြောင့် ရွာသားများ အဝမ္မနေရာရွှေ့ပြောင်းခံရသောအခါ ထိုဒေသရှိ စာသင်ကျောင်းများအား အတင်းပိတ်ပစ်ခံရပြီး၊ ပြန်လည်နေရာချထားခြင်း ခံရသည့် နေရာများ၌လည်း စာသင်ကျောင်းသစ်ကို ချက်ချင်းတည်ဆောက်ပေးခဲ့ခြင်းမရှိချေ။[840]

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အပြုသဘောဆောင်သော လုပ်ဆောင်ချက်များကိုလည်း ရွာသားများကထုတ်ဖော်ပြောဆိုကြသည်။ အပစ်အခတ်ရပ်စဲသည့်သဘောတူညီချက်အပြီးတွင် အဖွဲ့အစည်းများမှ ရောယှက်ထိန်းချုပ်ခံဒေသများရှိ ကျေးလက်ဒေသများသို့ လူသားချင်းစာနာထောက်ထားသည့်အဖွဲ့အစည်းများ ပိုမိုသွားလာနိုင်ကြသည့်အတွက် ယင်းအဖွဲ့အစည်းများမှ ရွာသားများ၏ ပညာရေး အဆင့်အတန်းမြင့်မားလာစေရန် ကျောင်းပစ္စည်းများ၊ ရွာသားများအတွက် ကျောင်းဆောက်ပေးခြင်းများနှင့် ငွေကြေးထောက်ပံ့ ပေးခြင်းများပြုလုပ်ပေးခြင်းဖြင့် ကူညီလျက်ရှိပါသည်။ [841] ထို့ပြင် အချို့သောအဖွဲ့အစည်းများသည် ရွာသားများအတွက် စာသင်ကျောင်းသစ်များ တည်ဆောက်ပေးကြသည်ဟုသိရသည်။[842]



အထက်ပါဓာတ်ပုံကို ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ သဒါးဒဲကျေးရွာ၌ KHRG သတင်းကောက်ယူသူတစ်ဦးက ၂၀၁၂ ဇွန်လ ၁၆ရက်နေ့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင်- ကလေးငယ်များသည် ၎င်းတို့၏ မိဘများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ကူညီလျက်ရှိသည်ကို တွေ့ရသည်။ ဤရွာတွင် ကျောင်းသားတချို့သည် ကျောင်းလစာ ပေးနိုင်ရန်အတွက် အလုပ်လုပ်ကြရသည်။[843] [ဓာတ်ပုံ- KHRG]

## ဒေသခံများ၏ တုံ့ပြန်ချက်

ရောယှက် ထိန်းချုပ်ခံဒေသများရှိ ရွာသားများသည် အားလုံးတက်ရောက်နိုင်သော စာသင်ကျောင်းများနှင့် ရယူနိုင်မည့်ပညာရေးဖြစ်စေရန် ကိုယ်ထူကိုယ်ထ ကျောင်းများတည်ဆောက်ခြင်း [844] နှင့် အစိုးရက ငွေကြေးပံ့ပိုးမှုမရှိသော [845] စာသင်ကျောင်းများ၌ အစိုးရကခန့်ထားသည့် ဆရာ၊ဆရာမများကို [846] အစားအစာနှင့်

---

[840] တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ---ကျေးရွာတွင် ရွာသားများသည် အပစ်အခတ်မရပ်စဲမီ ရွာအနီးရှိ တပ်မတော်စခန်း တစ်ခုကို ကြောက်လန့်၍ ပြောင်းရွှေ့ကြသဖြင့် ကျန်ရှိနေသောရွာသားများသည် ဒေသခံစာသင်ကျောင်းကို ပိတ်ခဲ့ကြရသည်။ Source #27 ကိုကြည့်ပါ။ အလားတူပင် တောင်ငူခရိုင်မှာပင် ---ကျေးရွာမှ ရွာသားများသည် ဆည်စီမံကိန်းတစ်ခုကြောင့် ၂၀၀၆ ခုနှစ်တွင် အတင်းပြောင်းရွှေ့ခြင်းခံကြရပြီး ၎င်းတို့၏ စာသင်ကျောင်းကိုမူ ၂၀၁၂ ခုနှစ်အထိသိရှိရသလောက် ပြန်လည် တည်ဆောက်ပေးခြင်းမရှိချေ။ Source #20 ကိုကြည့်ပါ။

[841] ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိအတွက် သထုံခရိုင်၊ သထုံမြို့နယ်မှ KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်အရ KSEAG သည် ဒေသအ တွင်းရှိစာသင်ကျောင်းကို မှတ်စုစာအုပ်များ၊ ဖောင်တိန်များ၊ ခဲတံများနှင့် ကစားစရာများကို ထောက်ပံ့ပေးသည်ဟု သိရသည်။ ကျောင်းဆရာများကိုလည်း မုန့်ဖိုးငွေပေး ခဲ့ကြသည်။ Source #19 ကိုကြည့်ပါ။

[842] Lucky Deparoma Company သည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ မေခလောကျေးရွာအုပ်စု၊ ဘွေးပေါ်(နေပူဆန်း) ကျေးရွာအတွက် စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးခဲ့သည်။ Source #242 ကိုကြည့်ပါ။

[843] Source #333 ကိုကြည့်ပါ။

[844] ကိုယ်ထူကိုယ်ထကျောင်း၏ သာဓကတစ်ခုကို ဘားအံခရိုင် နဘူးမြို့နယ်၌တွေ့ရှိနိုင်သည်။ Source #160 ကိုကြည့်ပါ။ သထုံခရိုင်၊ ဘားအံမြို့နယ်မှ အခြားသာဓက တစ်ခုအတွက် Source #18 ကိုကြည့်ပါ။

[845] ညောင်လေးပင်ခရိုင် မုန်းမြို့နယ်တွင် ဒေသခံစာသင်ကျောင်းကို ရွာသားများက ပါဝင်တည်ဆောက်ထားကြောင်း လယ်သမားတစ်ဦးက ရှင်းပြပြောဆိုသည်။ Source #38 ကိုကြည့်ပါ။

သွားလာစရိတ်ပံ့ပိုးပေးခြင်း များဖြင့် တုံ့ပြန် ဆောင်ရွက်ထားကြသည်။ ရွာသားများ သည် အစိုးရကျောင်းများ တစ်ကျောင်းမျှမရှိပဲ ရွာတစ်ရွာ၌ ကိုယ်ထူကိုယ်ထ ကျောင်းတစ်ကျောင်း တည်ဆောက်ရန် ကြိုးစားခဲ့ကြသော်လည်း ၎င်းတို့မှ ထိုကျောင်းအား တည်ဆောက်ပြီးချိန်တွင် အစိုးရ အာဏာပိုင်များက အဆိုပါ အဆောက်အဦးကို အစိုးရနာမည်ခံ၍ အစိုးရစာသင်ကျောင်းအဖြစ် ပြောင်းခဲ့ကြကြောင်း ရွာသားတစ်ဦးက ဆိုသည်။ [847] ကျောင်းသားတစ်ချို့သည် ကျောင်းလခပေးရန် ကျောင်းအားလပ်ချိန်အတွင်း အလုပ်လုပ်ကြရသည်။[848]





အထက်ပါဓာတ်ပုံကို ဖာပွန်ခရိုင်၊ နဘူးမြို့နယ်၊ ---ကျေးရွာ၌ ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင် ဒေသခံရွာသားများ တည်ဆောက်ထားသည့် စာသင်ကျောင်းတစ်ကျောင်းကို တွေ့ရသည်။ ထိုစာသင်ကျောင်း တည်ဆောက်မှုအပြီးတွင် အစိုးရမှ လာရောက်ကာ ကျောင်း၏ပုံကိုရိုက်ယူခဲ့ကြပြီး၊ ၎င်းတို့သည် စာသင်ကျောင်းတစ်ဆောင်အား အောင်မြင်စွာ ဆောက်လုပ်ပြီးစီးကြောင်း အထက်အရာရှိများကို တင်ပြခဲ့ကြသည်။[849] [ဓာတ်ပုံ- KHRG]




ဤဓာတ်ပုံကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ ဒေ ညာင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ တကေကျေးရွာ၌ ညောင်လေးပင် ဒေ ကာလိပ်ကျောင်း ဖွင့်ပွဲအခမ်းအနားတွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ဤကောလိပ် ကျောင်းကို ဒေသခံများနှင့် KNU ခေါင်းဆောင်များက ဒေ ထောက်ပံ့ ထားခြင်းဖြစ်သည်။[850] [ဓာတ်ပုံ- KHRG]



ဤဓာတ်ပုံသည် ၂၀၁၃ ခုနှစ်စ် မတ်လ ၂၆ ရက်နေ့တွင် ရိုက်ယူထားသော ဒေ ညာင်လေးပင် ခရိုင်၊ ဒေ ကျာက်ကြီးမြို့နယ်ရ ကျွန်းကြီးမူလတန်းကျောင်း၏ ပုံဖြစ်သည်။ ဓာတ်ပုံရိုက်ယူခဲ့သည့် အချိန်တွင် မြန်မာအစိုးရနှင့် ဒေ ဒသခံရွာသားများမှ စာသင်ကျောင်းကို အတူတည်ဆောက်နေဆဲ ဖြစ်သည်။[851] [ဓာတ်ပုံ- KHRG]

[846] သထုံခရိုင်၊ ဘားအံမြို့နယ်၊ ---ကျေးရွာ၌ ရွာသားများသည် အစိုးရကျောင်းဆရာများ၏ အစားအသောက်နှင့် ကုန်ကျစရိတ်ကိုကျခံကြရသည်။ Source #361 ကို ကြည့်ပါ။

[847] ဤအဖြစ်အပျက်သည် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ---ကျေးရွာ၌ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ Source #235 ကိုကြည့်ပါ။

[848] ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ သဒါးဒဲ၊ သေမူဒဲနှင့် လယ်မူပလောကျေးရွာအုပ်စုများ၌ ကျောင်းသားတချို့သည် ကျောင်းစရိတ်အတွက် အလုပ်လုပ်ကြ ရသည်။ Source #334 ကိုကြည့်ပါ။

[849] Source #235 ကိုကြည့်ပါ။

[850] ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်။ Source #252 ကိုကြည့်ပါ။

[851] ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်။ Source #233ကိုကြည့်ပါ။

**အကြံပြုတင်ပြချက်များ**

KNU ဖြစ်စေ၊ အစိုးရဖြစ်စေ(သို့) အခြားအာဏာပိုင်ဖြစ်စေ၊ ဒေသတွင်းအုပ်ချုပ်မှုအာဏာပိုင် အဖြစ်သတ်မှတ်သော မည်သည့်အဖွဲ့အစည်းမဆို အရည်အသွေးမြင့် ဝန်ဆောင်မှုများပေးနိုင်သည့် ကျန်းမာရေးနှင့်ပညာရေး ဝန်ထမ်းများ စေလွှတ်ခြင်း အပါအဝင် ရွာသားများ ရယူနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုကို လုံလောက်စွာ ကူညီထောက်ပံ့ပေးသင့်ပေသည်။ အစိုးရ၊ KNU နှင့် CBO ဆေးခန်းများ(သို့) စာသင်ကျောင်းများ၌ တာဝန်ထမ်းဆောင်ကြသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအတွက် လုံလောက်သည့်လစာငွေကို အချိန်မှန် ပေးသင့်ပေသည်။ ကျန်းမာရေးနှင့် ပညာရေးကိုကူညီပံ့ပိုးပေးနေသော မြန်မာအစိုးရ အာဏာပိုင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ဒေသခံများ ဦးစီးထူထောင်ထားသည့် ကိုယ်ထူကိုယ်ထ ကျန်းမာရေးနှင့်ပညာရေး လုပ်ငန်းများကို အသိအမှတ်ပြုကာ ထောက်ပံ့ပေးသင့်ပေသည်။ အစိုးရ၊ KNU နှင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ဒေသတွင်း အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများသည် ကရင်ဒေသများတွင် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများပေးရန်အတွက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။ နိုင်ငံတကာရှိ အစိုးရများနှင့် အဖွဲ့အစည်းများသည် ဤဒေသတွင်းရှိအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်စေရန် မြှင့်တင်ပေးရမည်။ ရွာသားများ ဆေးကုသမှုမခံမီ ၎င်းတို့၏ ရောဂါအခြေအနေများ၊ ကုသမည့်ပုံစံများနှင့် ဆေးဝါးများအကြောင်းကို ကျန်းမာရေးဝန်ထမ်းများက ရွာသားများအား အပြည့်အစုံ ရှင်းလင်း ပြောကြားအပ်သည်။ လိုအပ်သည့်အရည်အချင်းများနှင့် သင်တန်းများတက်ရောက်ထားကြသော ဒုက္ခသည်စခန်းနှင့် ရွှေ့ပြောင်းစာသင်ကျောင်းများမှ ဆရာ၊ဆရာမများနှင့် ဆေးပညာရှင်များ၏ အရည်အချင်းကို အစိုးရက အသိ အမှတ်ပြုသင့်သည်။

## (ဃ) ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှု

ဘာသာရေးနှင့်လူမျိုးရေး အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်ခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း [852] နှင့် ကုလသမဂ္ဂပဋိညာဉ် [853] အပါအဝင် များစွာသောလူ့အခွင့်အရေး သဘောတူညီမှုများတွင် ထည့်သွင်းထားသည်။ လွန်ခဲ့သော အနှစ် ၂၀ အတွင်း ဗလီများအားဖျက်ဆီးခြင်းနှင့် မွတ်ဆလင်ရွာသားများကို အဓမ္မ ရွှေ့ပြောင်းခိုင်းခြင်းများ အပါအဝင် မွတ်ဆလင်လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများကို KHRG မှ တင်ပြခဲ့သည်။ DKBA မှ မွတ်ဆလင်ရွာသားများကို ဗုဒ္ဓဘာသာဘုန်းကြီးများအား ရှိခိုးခိုင်းခြင်း၊ ဗုဒ္ဓဘာသာ ဘုရားစင်များ ဆောက်ခိုင်းခြင်းများနှင့်ပတ်သက်၍လည်း KHRG က မှတ်တမ်းတင်ခဲ့သည်။[854]
အစီရင်ခံစာ တင်ပြသည့် ကာလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင် မွတ်ဆလင်များနှင့်ပတ်သက်၍ အကြမ်းဖက်ခြင်းနှင့် ညှင်းပမ်းနှိပ်စက်ခြင်းများကြောင့် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရရှိခဲ့သည်။ ထိုအကြမ်းဖက်ခြင်းနှင့် ပတ်သက်၍ အပြင်းထန်ဆုံး၊ ဖြစ်ပွားမှုအကြိမ်ရေအများဆုံးနှင့် တင်ပြမှုအများဆုံးမှာ မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင် ဖြစ်သည်။ [855] ထိုကဲ့သို့သော အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ ရှမ်းနှင့်ကချင် တိုင်းရင်းသားများ၏ ဒေသများတွင်လည်း ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။ အဆိုပါဖြစ်ရပ်များမှာ ဒေသတွင်း အခြေအနေပေါ်တွင် အခြေခံသော်လည်း[856] ဘုန်းကြီးများ ဦးဆောင်သည့် လူသိများသည့် အမျိုးသားရေးဆိုင်ရာ မွတ်ဆလင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် တစ်ချိန်ထဲတွင်ဖြစ်ပေါ်ခဲ့သည်။ [857] KHRGသို့ တင်ပြခဲ့သည့် ကရင်ပြည်နယ်တွင် ဖြစ်ပွားသော

---

[852] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၊ အပိုဒ် ၇။

[853] ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် ၁(၃)၊ ၅၅ (ဂ)၊ ၅၆ တို့ကိုကြည့်ပါ။

[854] *Easy targets: The persecution of Muslims in Burma*, KHRG, November 2011ကိုကြည့်ပါ။

[855] လက်ရှိ ရခိုင်ပြည်နယ်တွင် မွတ်ဆလင်များကို အကြမ်းဖက်မှုများ၏ နောက်ခံ အကြောင်းအရာ နားလည်ရန်အတွက် *Policies of Persecution*, Fortify Rights, February 25th 2014 ကိုကြည့်ပါ။

[856] ရခိုင်ပြည်နယ်နှင့် မြန်မာပြည်အလယ်ပိုင်း မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သည့် မွတ်ဆလင် ဆန့်ကျင်ရေး အသေးစိတ်အချက်အလက်များအတွက် "Q & A: Communal Violence in Burma," BBC, January 24th 2014 ကိုကြည့်ပါ။အဆိုပါ တိုက်ခိုက်မှုများအပြင် ရှမ်းနှင့် ကချင်ပြည်နယ်တွင် ဖြစ်ပျက်ခဲ့သည့် အသေးစိတ်အချက်အလက်ကို "Are invisible forces orchestrating Myanmar anti-Muslim violence?," Al-Jazeera, October 9th 2013 တွင်ကြည့်။

[857] "Buddhist monk uses racism and rumours to spread hatred in Burma," The Guardian, April 18th 2013 ကိုကြည့်ပါ။

ဘာသာရေးဆိုင်ရာ ချိုးဖောက်မှုများမှာ မြန်မာနိုင်ငံရှိ အခြားဒေသများတွင် ဖြစ်ပွားသကဲ့သို့ မပြင်းထန်သော်လည်း ၎င်းတို့သည် ကရင်ပြည်နယ်တွင် မွတ်ဆလင်ဆန့်ကျင်ရေးအား စနစ်တကျ စည်းရုံးလှုံ့ဆော်မှုပြုနေသည်ကို ဖော်ညွှန်းသည်။

ဤအခန်းကဏ္ဍတွင် နယ်မြေခံ စစ်တပ်၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေး ခေါင်းဆောင်များက ဘာသာရေး သို့မဟုတ် လူမျိုးစုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံရေးကို မြှင့်တင်ခြင်းနှင့် အစိုးရ သို့မဟုတ် လက်နက်ကိုင်တပ်များက ဘာသာရေး သို့မဟုတ် တိုင်းရင်းသားလူနည်းစုများကို လူများစုအဖွဲ့ဝင်များအဖြစ် အမှတ်အသားပြုရန် ဖိအားပေးခြင်းများ ပါဝင်သည်။

## ၂၀၁၂ ဇန်နဝါရီလမှစ၍ ဖြစ်ပေါ်ခဲ့သော ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှု

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ ရွာသားများနှင့် KHRG သတင်းကောက်ယူသူများက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ညောင်လေးပင်၊[858] ဖာပွန်၊[859] ဒူးပလာယာ[860] နှင့် ဘားအံ[861]ခရိုင်တို့တွင် ဖြစ်ပေါ်ခဲ့သည့် ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှု ပြဿနာများကို တင်ပြခဲ့ကြသည်။ အစီရင်ခံစာတင်ပြသည့် ကာလအတွင်း ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံမှုများကို တပ်မတော် နယ်ခြားစောင့်တပ်များ၊ [862] ဘာသာရေးခေါင်းဆောင်များ [863] နှင့် မြန်မာအစိုးရ အရာရှိများက [864] ကျူးလွန်ခဲ့ကြသည်။ အထင်ရှားဆုံးမှာ ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများက မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များ အချင်းချင်း နေ့စဉ်လူနေမှုဘဝတွင် ကူးလူးဆက်ဆံမှုများကို တားမြစ်ခြင်းဖြင့် ဘာသာရေး ခွဲခြားဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်ကြသည်။[865] ဘာသာရေးခွဲခြားဆက်ဆံမှု ပုံစံတစ်ခုအနေဖြင့် နတ်ကိုးကွယ်သည့် နိုင်ငံသားများအား ဗုဒ္ဓဘာသာဟု အမှတ်အသားပြုထားသည့် အစိုးရ၏ နိုင်ငံသားစိစစ်ရေးကတ်များကို လက်ခံခိုင်းခြင်း [866] နှင့် လူနည်းစုဖြစ်သော လူမျိုးစုများကို မြန်မာနိုင်ငံ၏ လူများစုဖြစ်သည့်ဗမာ့ယဉ်ကျေးမှုများသို့ ပြောင်းလဲရန်ဖိအားပေးခြင်း များကိုလည်း တွေ့ရသည်။[867]

---

[858] ညောင်လေးပင်ခရိုင်တွင် ရွာသားများအား ၎င်းတို့၏ မှတ်ပုံတင်များတွင် နတ်ကိုးကွယ်သူအစား ဗုဒ္ဓဘာသာဟု မှတ်တမ်းတင်ကာ ဘာသာရေးအရ ခွဲခြားဆက်ဆံမှု ဥပမာအဖြစ် Source #43 ကိုကြည့်ပါ။

[859] ဖာပွန်ခရိုင်တွင် ဘာသာရေး ခွဲခြားဆက်ဆံမှု ဥပမာအဖြစ် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား ဆက်ဆံရေးကို တားမြစ်သည့် ဥပဒေများကို ဗုဒ္ဓဘာသာ ရွာသားများအကြား ဖြန့်ဝေမှုကို Source #276 တွင်ကြည့်ပါ။

[860] ဒူးပလာယာခရိုင်တွင် ဘာသာရေး ခွဲခြားဆက်ဆံမှု ဥပမာ တစ်ခုအဖြစ် မှတ်ပုံတင်မရှိသော မွတ်ဆလင် ရွာသားတစ်ဦးကို ရဲက ဖမ်းဆီးကာ အကြွမ်းဖက်ခဲ့ခြင်းကို Source #112 တွင် ကြည့်ပါ။

[861]ဘားအံခရိုင်တွင် မွတ်ဆလင် ဈေးသည်တစ်ယောက်ကို ဘာသာရေးခွဲခြားခြင်းဥပမာအဖြစ် Source #149 ကိုကြည့်ပါ။

[862] ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် နယ်ခြားစောင့်တပ် တပ်ခွဲမှူး စောဘယိက ဗုဒ္ဓဘာသာဝင်များ မွတ်ဆလင်များနှင့် ဆက်ဆံရေးကို တားမြစ်သည့် ဥပဒေများကို သစ်ပင်များတွင် လိုက်ကပ်သည်။ နောက်ပိုင်း အစည်းအဝေးတစ်ခုတွင် ဘုန်းတော်ကြီးများက အဆိုပါ ဥပဒေများကို ချိုးဖောက်လျှင် ဒဏ်ငွေ ပေးဆောင်ရမည်ဟု ရွာသားများကို ပြောသည်။ Source #89 ကိုကြည့်ပါ။

[863] ၂၀၁၂ ဒီဇင်ဘာ ၇ ရက်နေ့တွင် ဘားအံမှ ဘုန်းကြီးများသည် ---- နှင့် ---- ရွာသားများကို ၎င်းတို့နှင့် မွတ်ဆလင်များ ဆက်ဆံရေးနှင့် ပတ်သက်သော စည်းမျဉ်းလေးချက်ကို ပြန်လည်သုံးသပ်ရန်အတွက် ဘုန်းကြီးကျောင်းတွင် စုခိုင်းသည်။ ရွာသား ၄၁ ဦးတက်ရောက်ပြီး ဆွေးနွေးမှု ၃၇ မိနစ် ကြာသည်။ Source #202 ကိုကြည့်ပါ။

[864] ၂၀၁၂ ခုနှစ်တွင် အစိုးရက ရွာသားများကို မှတ်ပုံတင်များ ထုတ်ပေးရာတွင် အချို့သော ရွာသားများ၏ မှတ်ပုံတင်တွင် နတ်ကိုးကွယ်သူ အစား ဗုဒ္ဓဘာသာဟု ဖြည့်ခဲ့သည်။ Source #43 ကိုကြည့်ပါ။

[865] Source #276 နှင့် 149 ကိုကြည့်ပါ။

[866] Source #43 ကိုကြည့်ပါ။

[867] ဒူးပလာယာခရိုင်မှ ကရင်များသည် အလုပ်ရရန် ၎င်းတို့၏အမည်များကိုဗမာအမည်ပြောင်းရန် ဖိအား ခံစားကြရသည်။Source #304 ကိုကြည့်ပါ။

## ဘားအံ၊ ဖာပွန်နှင့် ညောင်လေးပင် ခရိုင်များတွင် မွတ်ဆလင်များကို ခွဲခြားဆက်ဆံခြင်း

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ဖာပွန်ခရိုင်နှင့် ဘားအံခရိုင်တို့တွင် မွတ်ဆလင်များအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် ပတ်သက်၍ အသေးစိတ် တင်ပြချက်များအပြင် ညောင်လေးပင်ခရိုင်တွင် မွတ်ဆလင်များအပေါ် ခွဲခြားဆက်ဆံမှုများ ရှိကြောင်း KHRG က အတည်မပြုနိုင်သေးသည့် သတင်းအချက်အလက်များ ရရှိခဲ့သည်။ [868] ၂၀၁၂ ခုနှစ် ဩဂုတ်လက ဘားအံခရိုင် မဲဘော ဘုန်းတော်ကြီးကျောင်းတွင် အစည်းအဝေးတစ်ခု ကျင်းပကာ မွတ်ဆလင်များအား ဆန့်ကျင်သည့် "စည်းမျဉ်းစည်းကမ်းလေးခု" ကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ချမှတ်ခဲ့သည်။[869]

"စည်းမျဉ်းစည်းကမ်းလေးခုမှာ" (၁)။ ဗုဒ္ဓဘာသာဝင်များ ပိုင်ဆိုင်သော ဘိုးဘွားပိုင် အိမ်၊ ခြံ၊ လယ်ယာ မြေများကို မွတ်စလင်ကို မရောင်းချရ၊ မငှားရမ်းရ၊ မပေါင်နှံရ။ (၂)။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ မွတ်စလင်နှင့် အိမ်ထောင်မပြုရ။ (၃)။ ဗုဒ္ဓဘာသာဝင် များသည် ဗုဒ္ဓဘာသာဝင်များ ရောင်းချသော ဆိုင်မှာသာ ဝယ်ယူအားပေးပါ။ (၄)။ ဗုဒ္ဓဘာသာဝင်များသည် မွတ်စလင်များအတွက် အိမ်၊ ခြံ၊ လယ်ယာမြေ၊ အဆောက်အဦးတို့ကို နာမည်ခံကာ ဝယ်ယူပေး၊ ဆောက်လုပ်ပေး၊ ငှားရမ်းပေးခြင်း မပြုရ။ [870] တို့ဖြစ်သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ဖာပွန်ခရိုင်ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ဗုဒ္ဓဘာသာများနှင့် မွတ်ဆလင်များ၏ ဆက်ဆံရေးကို တားဆီးရန် "စည်းမျဉ်းစည်းကမ်းလေးခု" ကို ထုတ်ပြန်ခဲ့ကြသည်။ ကတိုင်တီ ကျေးရွာတွင် "စည်းမျဉ်းစည်းကမ်းလေးခု" ကို နယ်ခြားစောင့်တပ် အမှတ် ၁၀၁၃ တပ်မှူး စောဘားယို အမိန့်ဖြင့် သစ်ပင်များတွင် ကပ်ကြသည်။[871]

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဘားအံခရိုင်၌လည်း ထိုစည်းမျဉ်းစည်းကမ်းလေးခု၏ ဂယက်များကို ခံစားလာရသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် KHRG သတင်းကောက်ယူသူသည် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ သရက်တောင် ကျေးရွာအုပ်စု၊ သရက်တောင် ကျေးရွာမှ မွတ်ဆလင်ရွာသား သုံးဦးကို စုပေါင်းအင်တာဗျူး ပြုလုပ်ခဲ့သည်။ ၎င်းတို့ထဲက တစ်ယောက်သည် ဈေးဆိုင်ပိုင်ရှင်ဖြစ်ပြီး ယခင်က ၎င်း၏ ဈေးဆိုင်သို့ မကြာခဏ လာရောက်ဈေးဝယ်ကြသော လူကြီးလူငယ်များသည် ၂၀၁၂ နိုဝင်ဘာမှစ၍ ရုတ်တရက် မလာကြတော့ကြောင်း တင်ပြခဲ့သည်။ ၎င်း၏ဆိုင်တွင် ဆက်လက် ဈေးဝယ်သူ တစ်ဦးက ၎င်းတို့သည် ဒေသခံဘုန်းကြီးများ၏ ဒဏ်ရိုက်ခံရနိုင်သည့်ကြားမှ ဆက်လက်လာရောက် ဝယ်ယူနေခြင်းဖြစ်ကြောင်းပြောသည်။ မွတ်ဆလင် ရွာသားများကိုလည်း ဗုဒ္ဓဘာသာရေး ပွဲများတွင် ဈေးမရောင်းရန်တားမြစ်ထားပြီး မွတ်ဆလင်ရွာသားတစ်ဦးမှ ၎င်းအား ဗုဒ္ဓဘာသာမိတ်ဆွေဟောင်းတစ်ဦးက ရှောင်ဖယ်ခဲ့ကြောင်းပြောသည်။ [872] ထိုခွဲခြားဆက်ဆံမှုမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသော မွတ်ဆလင်ဆန့်ကျင်ရေးနှင့် ပတ်သက်သည့် ပဋိပက္ခများနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိကြောင်း ရွာသားများက ပြောသည်။ မွတ်ဆလင်ဆန့်ကျင်ရေး ဝါဒဖြန့်သည့် ဗီဒီယိုခွေများသည် ရခိုင်မှတစ်ဆင့် ကျေးရွာများသို့ ရောက်ရှိခဲ့ပြီး ရွာရှိဘုန်းတော်ကြီးများနှင့် ရွာသားများကကြည့်ကာ ခွဲခြားဆက်ဆံရေး စည်းမျဉ်းများကို ထုတ်ကြသည်။ [873] အချို့သော ရွာသားများ၊ ဘုန်းတော်ကြီးတစ်ပါးနှင့် KNLA အရာရှိတစ်ဦးတို့က ရွာသားများ အကြားတွင် ခွဲခြားဆက်ဆံခြင်းအား ဆန့်ကျင်ကြောင်း နှင့်ပတ်သက်၍ ပြောကြားခဲ့သည်ဟု ရွာသားများက ပြောပြခဲ့သည်။[874]

> *"(မွတ်ဆလင်ဆိုင်တွေမှာ) ဈေးဝယ်ရင် ဒဏ်ရိုက်မယ်လို့ ပြောတာ ကျွန်တော်တို့ ကြားခဲ့ရပါတယ်။ တကယ် ဒဏ်ရိုက်၊ မရိုက်တော့ ကျွန်တော်တို့လည်း မသိပါဘူး။ ကျွန်တော့်ဆိုင်မှာ လူတစ်ယောက် ပစ္စည်းတစ်ခုကို လာဝယ်တယ်။ သူဈေးဝယ်နေတဲ့အချိန်မှာ သူ့သူငယ်ချင်းကို "ငါကတော့ ဒီဆိုင်မှာ ဈေးဝယ်တယ်။ အဲဒီအတွက် လူကြီးတွေက ဒဏ်ရိုက်မယ်ဆိုလဲ ရိုက်ပစေ" လို့ ပြောပါတယ်။ (အခြားရွာသားတွေကလဲ)*

[868] ညောင်လေးပင် ခရိုင်မှ မွတ်ဆလင် ရွာသားများကို အစိုးရက မှတ်ပုံတင်ထုတ်ပေးရန် ငြင်းဆိုသည့် သတင်းများကို KHRG သုတေသနပြုသူ တစ်ယောက်က ရရှိခဲ့သော်လည်း အဆိုပါ သတင်းများကို အတည်မပြုနိုင်ပေ။

[869] Source #202 ကိုကြည့်ပါ။

[870] Source #202 ကိုကြည့်ပါ။

[871] Source #276 ကိုကြည့်ပါ။

[872] ဘားအံခရိုင်၊ နဘူးမြို့နယ်၊ --------- ကျေးရွာအုပ်စု၊ ----- ရွာသားများ။ Source #149 ကိုကြည့်ပါ။

[873] Source #202 ကိုကြည့်ပါ။လက်ရှိ ရခိုင်ပြည်နယ်တွင် မွတ်ဆလင်များကို အကြမ်းဖက်မှုများ နောက်ကြောင်းအတွက် *Policies of Persecution*, Fortify Rights, February 25th 2014 ကိုကြည့်ပါ။

[874] Source #149 ကိုကြည့်ပါ။

*ကျွန်တော့်ဆိုင်မှာ သူတို့ကို ဈေးဝယ်ခွင့် မပြုဘူးလို့ အချင်းချင်း ပြောနေကြပါတယ်။ သူတို့က ကရင်လို ပြောတာပါ။ ကျွန်တော်တို့က အရင်ကလိုပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေချင်တာပါ။ ကျွန်တော်တို့က ကရင်တွေနဲ့ မိသားစုတွေလို နေချင်တာပါ။ ဟိုးအရင်က ကရင် (KNLA) တပ်မှူးတစ်ယောက်က ကျွန်တော့်ဆိုင်မှာ လက်ဖက်ရည် လာသောက်ပြီး ကျွန်တော်တို့ အနေနဲ့ ဘယ်လိုစည်းလုံးသင့်ကြောင်း နဲ့ ခွဲခြားဆက်ဆံမှု မပြုဘဲ ဘယ်လိုနေသင့်ကြောင်း လာပြောပါတယ်။ အဲဒါကြောင့် ကျွန်တော်က သူပြောတဲ့အတိုင်းပဲ နေချင်တယ်လို့ ပြောချင်ပါတယ်။"*

-------- ရွာသားများ၊ -----ရွာ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (အဖွဲ့လိုက် တွေ့ဆုံမေးမြန်းချက်၊ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်)[875]

မြန်မာနိုင်ငံသားအချင်းချင်းအကြားတွင် ဘာသာရေးကို အခြေခံကာ ခွဲခြားအုပ်ချုပ်ခြင်းသည် ပဋိပက္ခကာလ၏ နည်းဗျူဟာတစ်ခုဖြစ်ပြီး ၎င်းတို့ အနေနှင့် ကြုံတွေ့ခဲ့ဖူးပြီဖြစ်ကြောင်း ရွာသားများက ပြောသည်။

*"KNU က ကရင်တွေက ခရစ်ယာန်တွေဖြစ်ပြီး DKBA က ကရင်တွေက ဗုဒ္ဓဘာသာတွေပါ။ ... တပ်မတော်က အားလုံးကို ထိန်းချုပ်ချင်တဲ့အတွက် သူတို့က (ကရင်လူမျိုးတွေကို ဘာသာရေးအရ ခွဲပါတယ်)။[876] သူတို့ စီစဉ်တဲ့အတိုင်း ကရင်လူမျိုးတွေကို ခွဲနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် တပ်မတော်ရဲ့ ထိန်းချုပ်မှုကို မခံရအောင် ကျွန်တော်တို့အနေနဲ့ ညီညွတ်ဖို့ လိုပါတယ်။ သူတို့အချင်းချင်း ကွဲပြားလေ တပ်မတော်က ပျော်လေပါပဲ။ ဘာသာရေးနဲ့ မဟုတ်ရင် သူတို့ ကျွန်တော်တို့ကို ကွဲအောင်လုပ်လို့ မရပါဘူး။ မြန်မာနိုင်ငံမှာ မွတ်ဆလင်က လူနည်းစုပါ။ လက်ကမ်းစာစောင်တွေ မဖြန့်ခင်က ဘာပြဿနာမှ မရှိခဲ့ပါဘူး။ ...တစ်ယောက်ယောက်က မကောင်းတာ တစ်ခုလုပ်ရင် အဲဒီလူကိုပဲ အပြစ်ပေးသင့်ပါတယ်။ အဲဒီလူနဲ့ ဘာသာတူသူတွေကိုပါ အပြစ်မဆိုသင့်ပါဘူး။ ...အဲလိုသာ လုပ်မယ်ဆို ဘာသာကွဲတွေကြားမှာ ဘာပြဿနာမှ မရှိပါဘူး။ ဒါပေမယ့် လူတစ်ယောက်လုပ်တဲ့ အပြစ်အတွက် ဘာသာတစ်ခုလုံးကို အပြစ်တင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးဆိုတာ ရှိမှာ မဟုတ်ပါဘူး။"*

-------- ရွာသားများ၊ -----ရွာ၊ နဘူးမြို့နယ်၊ ဘားအံခရိုင်၊ ကရင်ပြည်နယ် အလယ်ပိုင်း (၂၀၁၂ ဒီဇင်ဘာ၊ အဖွဲ့လိုက် တွေ့ဆုံမေးမြန်းချက်)[877]

ဤတွေ့ရှိချက်များအရ အစိုးရ၏ ငြိမ်းချမ်းရေးအတွက်ထားရှိသည့် ရည်ရွယ်ချက်နှင့် ကတိကဝတ်များအပေါ် သံသယရှိနေသည့် အခြေအနေတွင် ခွဲခြားဆက်ဆံခြင်းကို တရားဝင်လက်ခံထားခြင်းသည် ဘာသာရေးဆိုင်ရာ ပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည့် အလားအလာရှိသည်။

မွတ်ဆလင်များနှင့် အဖွဲ့လိုက် အင်တာဗျူးသည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် ------- ကျေးရွာ၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် အနီးအနား ရွာများမှ ဗုဒ္ဓဘာသာ ရွာသားများကို အစည်းအဝေးခေါ်ကာ ၎င်းတို့၏ မွတ်စလင်များနှင့် ပတ်သက်၍ လူမှုရေးနှင့် စီးပွားရေးများကို ကန့်သတ်သည့် "စည်းမျဉ်းလေးချက်" ကို ညွှန်ကြားခဲ့သည်။[878] အစည်းအဝေးတွင် ဘုန်းတော်ကြီးများက စည်းမျဉ်းစည်းကမ်း တစ်ခုချင်းစီကို အသေးစိတ်ရှင်းပြကာ ရွာသားများအား

[875] Source #149 ကိုကြည့်ပါ။

[876] ရွာသားများသည် ၁၉၉၄ ခုနှစ်က KNU နှင့် DKBA ကွဲထွက်ကာ မကြာမီ DKBA က KNU ကို ဆန့်ကျင်ရန် အစိုးရနှင့် ပူးပေါင်းခြင်းကို ရည်ညွှန်းပုံပေါ်သည်။ ယခင် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော် ဖြစ်သော ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA) သည် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလက KNU/KNLA မှ ခွဲထွက်ကာ ဗမာအစိုးရနှင့် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပြီး တစ်ခါတစ်ရံ တပ်မတော်နှင့် တိုက်ရိုက်ပူးပေါင်းသည်။ DKBA ကို ဆရာတော ဦးသုဇနက ထိုအချိန်က စစ်အစိုးရဖြစ်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကူအညီဖြင့် ဖွဲ့စည်းခဲ့သည်။ DKBA ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များကို "Inside the DKBA,"KHRG, 1996 တွင်ကြည့်။ ယခုအခါ DKBA သည် တပ်မတော်နယ်ခြားစောင့်တပ်များအဖြစ် ပြောင်းလဲခဲ့သော အဖွဲ့များမှ ခွဲထွက်သော အဖွဲ့ကို ရည်ညွှန်း ပြီး KNLA မှ လွတ်လပ်စွာ နေသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် DKBA သည် ဘာသာရေး ကင်းရှင်းမှုကို ပြသရန် ၎င်းတို့၏ အမည်ကို "ဗုဒ္ဓဘာသာ" မှ "အကျိုးပြု" သို့ ပြောင်းခဲ့သည်။

[877] Source #149 ကိုကြည့်ပါ။

[878] ၂၀၁၂ စက်တင်ဘာ ၁၀ ရက်က ဘားအံမြို့မှ ဘုန်းတော်ကြီး တစ်ပါးသည် ရွာသားများအား အစည်းအဝေးခေါ်ကာ မွတ်ဆလင် ဆန့်ကျင်ရေးစည်းမျဉ်းလေးချက်ကို ချမှတ်ခဲ့သည်။ Source #276 ကိုကြည့်ပါ။

လိုက်နာရန် တိုက်တွန်းပြီး စည်းမျဉ်းများကို မလိုက်နာသည့် ဗုဒ္ဓဘာသာဝင်များကို ဒဏ်ငွေရိုက်ရန် ခြိမ်းခြောက်သည်။ [879] ၂၀၁၃ ခုနှစ် အစောပိုင်းလများအထိ ထိုကဲ့သို့သော ခွဲခြားဆက်ဆံခြင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း နှင့် ပတ်သက်သည့် တင်ပြချက်များကို KHRG သတင်းကောက်ယူသူများမှ လက်ခံရရှိခဲ့သည်။[880]

*"တကယ်လို့ မင်းကို ဘုန်းကြီးတွေနဲ့ ရွာလူကြီးတွေက မပြောထားလို့ (မွတ်ဆလင်ဆိုင်တွေက ဈေးဝယ်တာ တားထားတာကို) မသိလို့ ကျူးလွန်ရင် ငွေ ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၀.၆၆) [881] ကျပ်သာ ဒဏ်ရိုက်ခံရမယ်။ အခု မင်းကို ငါအသိပေးပြီးသွားပြီ။ လူတွေက မင်းကို (မွတ်ဆလင်ဆိုင်က ဈေးဝယ်နေတာတွေ့ရင်) မင်းက သာမန်လူဆိုရင် ကျပ် ၁၀၀၀၀၀ (ဒေါ်လာ ၁၀၀.၃၂) ပေးရမယ်။ မင်းက ဘုန်းကြီးဖြစ်ပြီး မွတ်ဆလင်ဆိုင်မှာ ဈေးဝယ်ရင် ကျပ် ၃၀၀၀၀၀ (ဒေါ်လာ ၃၀၃.၉၅) ပေးရမယ်။"*

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး၊ နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ဗီဒီယို ရိုက်ယူချက်)[882]

*"၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်က ------- ဘုန်းကြီးကျောင်းမှာ ကျေးရွာလေးရွာကို ------ ဘုန်းကြီးတွေက အစည်းအဝေးခေါ်တယ်။ အစည်းအဝေးမှာ ရွာသား ၄၁ ယောက် တက်တာတွေ့ရတယ်။ ဘုန်းကြီးက တစ်ပါးတည်းပါတယ်။ သူက စည်းမျဉ်းလေးချက်နဲ့ အမိန့်စာတစ်စောင် ထုတ်တယ်။ သူတို့ အစည်းအဝေးမှာ စည်းမျဉ်း လေးချက်ကို ဆွေးနွေးကြတယ်။ အစည်းအဝေးပြီးတော့ အမိန့်စာနဲ့ ပတ်သက်ပြီး သူတို့ရဲ့ အမြင်နဲ့ ပတ်သက်ပြီး ရွာသား တစ်ယောက်ကို တိတ်တိတ်လေး မေးကြည့်တော့ "လူတွေက ကျွန်တော်တို့ကို အချင်းချင်း ရန်တိုက်ပေးလိမ့်မယ်။ အရင်ကတော့ နှစ်ခြင်းတွေနဲ့ ဗုဒ္ဓဘာသာဝင်တွေကို ရန်တိုက်ပေးခဲ့တယ်။[883] အခုတော့ မွတ်ဆလင်တွေနဲ့ ဗုဒ္ဓဘာသာဝင်တွေကို ရန်တိုက်ပေးတယ်" လို့ သူက ပြောပါတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ နဘူးမြို့နယ်၊ ဘားအံခရိုင်/ ကရင်ပြည်နယ် အလယ်ပိုင်း၊ (၂၀၁၂ ခုနှစ် ဒီဇင်ဘာလ)[884]

ခရိုင်နှစ်ခုတွင် ဒေသခံခေါင်းဆောင်များက ထိုကဲ့သို့ခွဲခြားဆက်ဆံခြင်းကို တိုက်ဖျက်ရန် ကြိုးပမ်းကြကြောင်း KHRG သတင်းကောက်ယူသူများက တင်ပြကြသည်။ ဖာပွန်ခရိုင်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလက အချို့သော ဘုန်းတော်ကြီးများ၊ တပ်မတော်နှင့် KNU ခေါင်းဆောင်အချို့ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များသည် ဘာသာရေးအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံခြင်းများ မပြုရန် ပြည်သူများကို တိုက်တွန်း၍ "စည်းမျဉ်းလေးချက်"ကို ဆန့်ကျင်ခဲ့ကြသည်။ [885] သို့သော် မွတ်ဆလင်ရွာသားများမှာ သံသယ အဝင်ခံနေခဲ့ရဆဲဖြစ်သည်။ ဖာပွန်မြို့နယ်၊ ကျောဖကျေးရွာအုပ်စု၊ ----- ကျေးရွာတွင် သောက်သုံးရေများ အစိမ်းရောင်ပြောင်းသောအခါ ရေထွက်သည့်နေရာနားတွင် မွတ်ဆလင် သုံးယောက်ကို တွေ့ကြောင်း ကောလဟာလများ ထွက်ပေါ်ခဲ့သည်။ ၎င်းတို့ကို ရွာသားအချို့က အဆိပ်ခပ်သူများအဖြစ် အပြစ်ဆိုကြသည်။[886]

*"အစည်းအဝေး တစ်ခုမှာ တပ်မတော်တပ်မှူးတစ်ယောက်က လူတစ်ယောက်ဟာ မွတ်ဆလင်ဖြစ်ဖြစ် ဗုဒ္ဓဘာသာဖြစ်ဖြစ် လူတိုင်းဟာ အချင်းချင်း အရင်ကဆက်ဆံသလိုပဲဆက်ဆံရမယ်လို့ ရွာသားအားလုံးကို*

[879] Source #151 ကိုကြည့်ပါ။

[880] Source #276 ကိုကြည့်ပါ။

[881] ဤအစီရင်ခံစာပါ ငွေလဲနှုန်းများကို ၂၀၁၄ ဇန်နဝါရီ ၁၃ ရက် တရားဝင် ငွေလဲနှုန်း အမေရိကန်တစ်ဒေါ်လာ ၉၈၇ ကျပ်ဖြင့် တွက်ချက်သည်။

[882] ဤဗီဒီယို စာသားများကို Source #151 တွင်ကြည့်ပါ။

[883] ဤအချက်သည် ၁၉၉၄ ခုနှစ်က KNU/KNLA နှင့် DKBA ကွဲခြင်းကို ရည်ညွှန်းထားခြင်း ဖြစ်နိုင်သည်။


[884] Source #202 ကိုကြည့်ပါ။

[885] ဒေသခံရွာသားများအရ ဥပဒေလေးချက်ကို ရွာသားများအကြား ဖြန့်ဝေပြီးနောက် မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များ အချင်းချင်း ဆက်ဆံရန် ကြောက်ရွံ့လာကြသည်။ သို့သော် KNU နှင့် တပ်မတော်သည် ရပ်ရွာလူထုကို ယခင်ကအတိုင်း ငြိမ်းချမ်းစွာနေရန် အားပေးပြီးနောက်တွင် မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာဝင်များ အချင်းချင်း ဆက်ဆံရေး ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ Source #276 ကိုကြည့်ပါ။

[886] Source #360 ကိုကြည့်ပါ။

*ပြောပါတယ်။ သူတို့ဟာ အရင်ကရှိခဲ့တဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို ပြန်သွားပြီး အရင်ကလိုပဲ ငြိမ်းချမ်းစွာ နေထိုင်ရမယ်။ သူတို့က ရွာသားတွေကို အချင်းချင်း မမုန်းကြဖို့လဲ ပြောတယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဒွဲလိုမြို့နယ်၊ ဖာပွန်ခရိုင်/ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း။ (၂၀၁၂ ဧပြီလ)[887]





ဝဲဘက်မှပုံသည် ဘားအံခရိုင်မှ ဘုန်းတော်ကြီးများ ထုတ်ပြန်ခဲ့သော ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား လူမှုရေး၊ စီးပွားရေးဆက်ဆံမှုများကို ကန့်သတ်ထားသည့် "စည်းမျဉ်းလေးချက်"အား မြန်မာဘာသာဖြင့် ရိုက်နှိပ်ထားသော စာဖြစ်ပြီး ထိုစာကို KHRG သတင်းကောက်ယူသူ တစ်ဦးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့က ဓာတ်ပုံရိုက်ယူထားခြင်းဖြစ်သည်။ အဆိုပါ စာရွက်တွင် *အထက်ပါ စည်းမျဉ်းများကို မလိုက်နာသူများကို ထိရောက်စွာ အရေးယူသွားမည်"* ဟု စည်းမျဉ်းများအောက်တွင် ရေးထားသည်။ ယာဘက်မှပုံကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် ရိုက်ကူးထားပြီး ၎င်းသည် နဘူးမြို့နယ်၊ နိကေးကျေးရွာအုပ်စု၊ နိကေးကျေးရွာ ဘုန်းကြီးကျောင်းတွင် အစည်းအဝေး ကျင်းပနေသည့်ပုံဖြစ်သည်။ အစည်းအဝေးတွင် ဘုန်းကြီးက စည်းမျဉ်းလေးချက်ကို ဖတ်ပြပြီး စည်းမျဉ်းများကို မလိုက်နာပါက ဒဏ်ရိုက်သွားမည်ဟု ပြောခဲ့သည်။[888][ဓာတ်ပုံ - KHRG]




အထက်ပါ ဓာတ်ပုံများကို KHRG သတင်းကောက်ယူသူမှ ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် ၂၀၁၃ ခုနှစ် ဖွန်လ ၁ ရက်နေ့က ရိုက်ယူခဲ့သည်။ ဒေသခံ ရွာသားများနှင့် ဘုန်းတော်ကြီးများသည် ရွာသားများအကြား ဖြန့်ဝေခဲ့သည့် ဗုဒ္ဓဘာသာများ၏ မွတ်ဆလင်များနှင့် ဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းများ ထုတ်ဝေပြီးနောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးကြသည့် ပုံဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့ဒေသတွင်း အခြေအနေကို လူ့အခွင့်အရေးရှုထောင့်မှ ဆွေးနွေးခဲ့ကြပြီး လူ့အခွင့်အရေးဆိုင်ရာ ပြဿနာအားလုံးကို အဖြေရှာရန် ဆောင်ရွက်နေကြသည်။ အစည်းအဝေးတွင် လူများသည် အဖွဲ့အစည်းများ၊ မီဒီယာများကို သတင်းပေးနိုင်မည့် ရုံးတစ်ရုံးဖွင့်ရန် အဖြေတစ်ခု ထွက်ခဲ့သည်။[889] [ဓာတ်ပုံ - KHRG]

[887] ဤအဖြစ်အပျက်တင်ပြမှုမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလက တပ်မတော် စစ်ဆင်ရေးမှူး တစ်ဦးမှ ပြုလုပ်သော အစည်းအဝေး တစ်ခုကို ရည်ညွှန်းသည်။ Source #89 ကိုကြည့်ပါ။

[888] Source #360 ကိုကြည့်ပါ။

[889] Source #241 ကိုကြည့်ပါ။

၂၀၁၃ ခုနှစ် ဖွန်လက ဘားအံခရိုင် နဘူးမြို့နယ်တွင် ရွာသားများနှင့် ဘုန်းတော်ကြီးများသည် ဘာသာရေးအရ ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန် အစီအစဉ်ဆွဲရန်အတွက် အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်။[890] ဘားအံမှ KHRG သုတေသန ပြုသူအဆိုအရ အဆိုပါ မွတ်ဆလင် ခွဲခြားဆန့်ကျင်မှုကို တိုက်ဖျက်သည့်လုပ်ငန်းမှာ အတိုင်းအတာအထိ အောင်မြင်မှုရရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရွာသားများမှ ထိုစည်းမျဉ်းများကို မည်သူကချမှတ်သည်၊ ချိုးဖောက်လျှင် သူတို့အား မည်သည့်အတွက်ကြောင့် ဒဏ်ကြေးပေးဆောင်ရန် ဖိအားပေးသည်တို့ကို နားမလည်သောကြောင့် ဖြစ်သည်။ "စည်းမျဉ်းလေးချက်" ကို ချိုးဖောက်ပါက ရွာသားများသည် ဘုန်းတော်ကြီးများကို ဒဏ်ကြေးပေးဆောင်ရမည် ဆိုသော်လည်း ဘုန်းတော်ကြီးများသည် အဆိုပါဒဏ်ကြေးကို မကောက်ခံကြချေ။ ဖွန်လတွင် ပြုလုပ်ခဲ့သော အစည်းအဝေး နောက်ပိုင်း ခွဲခြားဆက်ဆံခြင်းများ ဆက်လက် ဖြစ်ပေါ်ကြောင်းပါရှိသည့် သတင်းအချက်အလက်များကို KHRG သတင်းကောက်ယူသူများမှ လက်ခံရရှိခြင်း မရှိတော့သောကြောင့် အဆိုပါ ဒေသတွင် ခွဲခြားဆက်ဆံခြင်းမှာ ပြဿနာ မဟုတ်တော့ကြောင်း ၎င်းတို့က ရှုမြင်ကြသည်။[891]

**ပြောင်းလဲမှု ဖိအားကို ခံစားနေကြရသော လူနည်းစုများ**

ညောင်လေးပင်ခရိုင်တွင် နတ်ကိုးကွယ်သော ရွာသားတစ်ဦးသည် ၎င်းကို အစိုးရက ၎င်း၏ဆန္ဒမပါဘဲ ဗုဒ္ဓဘာသာဟု အမှတ်အသားပြုထားသော မှတ်ပုံတင်ကဒ်ပြားကို ထုတ်ပေးခဲ့ကြောင်း သတင်းပေးသည်။ အဆိုပါ ဆောင်ရွက်ချက်ကို ရွာသားများ များနိုင်သမျှ များများကို ဗုဒ္ဓဘာသာဟု အမှတ်အသားပြုလုပ်ရန် ကြိုးပမ်းမှုဟု ရွာသားက ရှုမြင်သည်။[892]

> *"သူတို့က ကျွန်တော်တို့ရဲ့ ဘာသာကို ပပျောက်စေချင်ပြီး ကျွန်တော်တို့ကို ဗုဒ္ဓဘာသာထဲ ထည့်လိုက်တာပါ။ အဲဒါကြောင့် မှတ်ပုံတင်မှာ "ဗုဒ္ဓဘာသာ" လို့ရေးတာပါ။ ဒါဟာ လုပ်ရိုးလုပ်စဉ် မဟုတ်ပါဘူး။ ဒါ ကျွန်တော်တို့ရဲ့ ဘာသာရေးနဲ့ လူမျိုးရေး အခွင့်အရေးကို ထိခိုက်ပါတယ်။ ကရင်လူမျိုးတစ်ယောက်အနေနဲ့ ကျွန်တော်တို့တွေရဲ့ အခွင့်အရေးကို ထိခိုက်တာမျိုး ကျွန်တော်တို့ မလိုလားပါဘူး။ တစ်စုံတစ်ယောက်က ကျွန်တော်တို့ကို ကူညီပြီး (ကျွန်တော်တို့ရဲ့ မှတ်ပုံတင်မှာ) နတ်ကိုးကွယ်သူ လို့ ပြန်ပြင်ပေးစေချင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ဘာသာရေးဆိုင်ရာ အခွင့်အရေးကို မထိခိုက်စေချင်ပါဘူး။"*
>
> စော--------၊ (ကျား၊ ၄၀)၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ တွေ့ဆုံမေးမြန်းချက်)[893]

ကရင်အမည်များနှင့် နတ်ကိုးကွယ်သူများတွင် ၎င်းတို့၏ လူမျိုး ဘာသာများမှ ပြောင်းရန် ဖိအားကို ခံစားနေရသူများရှိသည်။ ၂၀၁၂ ခုနှစ် ဧပြီလက ဒူးပလာယာခရိုင်မှ ရွာသားများက ၎င်းတို့ကို ကရင်ဘာသာစကား သင်ကြားခြင်းအား ခွင့်မပြုကြောင်း သတင်းပေးခဲ့သည်။ [894] အပစ်အခတ် ရပ်စဲရေး အစောပိုင်း ကာလများတွင် ဖာပွန်ခရိုင်မှ ရွာသားများက ၎င်းတို့ဒေသတွင် အစိုးရကျောင်းများသာ ရှိသည့်အတွက် ၎င်းကျောင်းများတွင် ဗမာစာဖြင့်သာ သင်ကြားသဖြင့် ကရင်များသည် မိမိတို့ ဘာသာစကားဖြင့် မသင်ကြားနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် လူနည်းစု တိုင်းရင်းသားလူမျိုးဖြစ်သော ကျောင်းသားများသည် အလုပ်ရရန်အတွက် ၎င်းတို့၏ တိုင်းရင်းသား အမည်များကို ဗမာအမည်များ ပြောင်းရသည်ဟု ယုံကြည်ကြသည်။[895]

---

[890] ၂၀၁၃ ဖွန် ၁ ရက်နေ့တွင် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ထီးဖိုးကျော် ကျေးရွာအုပ်စု၊ ထီးဖိုးကျော်ကျေးရွာတွင် ရွာသားများ၊ ရွာလူကြီးများနှင့် ဘုန်းတော်ကြီးများသည် စည်းမျဉ်းလေးချက်နှင့် ပတ်သက်ကာ အစည်းအဝေးတစ်ရပ် ကျင်းပပြီး ဘာသာရေး မုန်းတီးမှုပြဿနာကို မည်သို့ ဖြေရှင်းမည်ကို ဆွေးနွေးခဲ့ကြသည်။ Source #241 ကိုကြည့်ပါ။

[891] ဤသတင်းအချက်အလက်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက KHRG သုတေသနပြုသူများနှင့် တွေ့ဆုံစဉ်က ရရှိသည်။

[892] ၂၀၁၂ ခုနှစ်တွင် မြန်မာအစိုးရသည် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်မှ ရွာသားများကို မှတ်ပုံတင် ထုတ်ပေးပြီး အချို့သော ရွာသားများကို မှတ်ပုံတင်တွင် နတ်ကိုးကွယ်သူ အစား ဗုဒ္ဓဘာသာဟု ဖြည့်ခဲ့သည်။ Source #43 ကိုကြည့်ပါ။

[893] Source #43 ကိုကြည့်ပါ။

[894] ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ ---------- ကျေးရွာတွင် တပ်မတော် စစ်သားများက ကျောင်းများတွင် ကရင်ဘာသာမသင်ခိုင်းကြောင်း ဆရာတစ်ယောက်က ပြောသည်။ Source #128 ကိုကြည့်ပါ။

[895] ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ ကရင်လူမျိုးများသည် မြန်မာအစိုးရကျောင်းများမှ ဘွဲ့ရပြီး သို့မဟုတ် မူလတန်းပြီးလျှင် ဆက်လက်ပညာသင်ရန် သို့မဟုတ် အလုပ်ရှာဖွေရန် ဗမာနာမည်များ ပြောင်းကြသည်။ Source #304 ကိုကြည့်ပါ။

အစိုးရလက်နက်ကိုင်အဖွဲ့အစည်းများက ဗုဒ္ဓဘာသာယုံကြည်ကွယ်ကွယ်မှု ပိုမို အားကောင်းလာစေရန်အတွက် ဥပမာတစ်ခုအနေဖြင့် သထုံခရိုင် ဘီလင်းမြို့နယ်ရှိ နတ်ကိုးကွယ်ရာ အဆောက်အအုံများတည်ရှိရာနေရာတွင် ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ရန် စီမံကိန်းကြီးတစ်ခုကို ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးများက ဦးစီးနေသည်နှင့် ပတ်သက်၍ တင်ပြမှုတစ်ခုကို KHRG က ရရှိခဲ့သည်။ ဘုန်းတော်ကြီးများက တပ်မတော်တပ်မှူး ချစ်သူ[896] နှင့် ပူးပေါင်းကာ ၎င်းတို့သည် အဆောက်အဦးကို ပြင်ဆင်နေခြင်း ဖြစ်ကြောင်း ပြောသည်။[897]

**အကြံပြုတင်ပြချက်များ**

လူအားလုံးသည် ၎င်းတို့၏ဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့် ရသင့်သည်။ ထို့ပြင် ဝတ်ပြုရန်နေရာများဖြစ်သော ခရစ်ယာန်ဘုရားကျောင်းများ၊ ဘုရားကျောင်းများ၊ ဗလီများ၊ နတ်ကိုးကွယ်သူများ ဝတ်ပြုရာ နေရာများကို လွတ်လပ်စွာ ဆောက်လုပ်ခွင့်ရှိသင့်သည်။ အစိုးရနှင့် အစိုးရမဟုတ်သော အာဏာပိုင်များသည် ဘာသာရေးဆိုင်ရာ တင်းမာမှုများသော နေရာများကို ဖော်ထုတ်ကာ အကြမ်းဖက်ခံရနိုင်သောသူများကို အကာအကွယ်ပေးသင့်သည်။ ဒေသခံများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရသည် လူတိုင်းအတွက် လွတ်လပ်သော ဘာသာရေးဆိုင်ရာ အသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ၊ အခြေအနေတင်းမာခြင်းနှင့် အကြမ်းဖက်မှုမှကာကွယ်ရန် အခြားသော ဘာသာရေးများအပေါ် သည်းခံနိုင်စွမ်း မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သင့်သည်။ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဘာသာရေးဆောင်ရွက်သူများသည် ဘာသာရေး သို့မဟုတ် လူမျိုးရေး ကို အခြေခံသည့် ဆက်ဆံရေးကို တားမြစ်ခြင်းများ မပြုလုပ်သင့်ပေ။ ရွာသားများသည် မှတ်ပုံတင်ရရန် အဟန့်အတားရှိခြင်း၊ သို့မဟုတ် ၎င်းတို့၏ ဘာသာ သို့မဟုတ် လူမျိုးရေးများကြောင့် လာဘ်ထိုးရခြင်းများ မရှိသင့်ပေ။

## (င) မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းနှင့် လူမှုရေးအကျိုးဆက်များ

အပစ်အခတ် ရပ်စဲပြီးသည့် အချိန်မှစ၍ KHRG သည် မက်သဖက်တမင်း ရောင်းချခြင်း၊ သုံးစွဲခြင်းနှင့် ဆိုင်သည့် တင်ပြချက်များကို ပိုမိုရရှိခဲ့သည်။ မြန်မာနိုင်ငံအခြေစိုက် လုပ်ကိုင်ဆောင်ရွက်သူများသည် နိုင်ငံတကာ မူးယစ်ဆေးဝါးဈေးကွက်တွင် အဓိကလူများအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ပါဝင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များမှစတင်ကာ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံဆုံရာ "ရွှေတြိဂံ နယ်မြေ" သည် ကမ္ဘာပေါ်တွင် ဘိန်းဖြန့်ဖြူးရောင်းဝယ်ရာ အဓိကနေရာ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၏ ရွှေတြိဂံ နယ်မြေသည် ရှမ်းပြည်နယ် အစိတ်အပိုင်းတစ်ချို့ ပါဝင်ပြီး KHRG သုတေသနပြုသည့် ဒေသ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ရာပေါင်းများစွာ ဝေးသောနေရာတွင် တည်ရှိသည်။ မြန်မာအစိုးရသည် နိုင်ငံအတွင်းတွင် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ခြင်း ရှိကြောင်းကို အသိအမှတ်ပြုပြီး ဒေသတွင်းနှင့် နိုင်ငံတကာတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်း နှိမ်နင်းရန် ကတိပြုထားသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းကို တားမြစ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရန် " စိတ်ကို ပြောင်းလဲ ရှုးသွပ်စေသည့် မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်ခြင်း

[896] ချစ်သူဟု အခေါ်များသော မောင်ချစ်သူသည် ၂၀၁၀ တွင် နယ်ခြားစောင့်တပ်အဖြစ် DKBA မပြောင်းမီက ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော် DKBA တပ်ရင်း ၉၉၉ ၏ စစ်ဆင်ရေးတပ်မှူး ဖြစ်သည်။ ပြောင်းလဲပြီးနောက် ၎င်း၏ အခန်းကဏ္ဍမှာ မှတ်သားလောက်ဖွယ်ကောင်းအောင် တိုးတက်ခဲ့သည်။ ယခုအခါ ၎င်းသည် ဘားအံခရိုင် ကိုကို အခြေစိုက် နယ်ခြားစောင့်တပ်ရင်း ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉ နှင့် ၁၀၁၂ တို့ကို ဦးစီးသည့် နယ်ခြားစောင့်တပ်များ၏ ဒုတိယ အကြီးဆုံး ပုဂ္ဂိုလ် ဖြစ်လာသည်။ ၂၀၁၁ ဇူလိုင်လက လှုိင်းဘွဲ့မြို့နယ်ရှိ ကျေးရွာရှစ်ရွာမှ ရွာသားများကို အင်အားသုံးကာ ရွှေ့ပြောင်းခိုင်းခြင်းအပြင် နယ်ခြားစောင့်တပ်မှူးအဖြစ် မောင်ချစ်သူ ကျူးလွန်ခဲ့မှုများကို ယခင် KHRG အစီရင်ခံစာများတွင် ဖော်ပြပြီးဖြစ်သည်။"Pa'an Situation Update: June to August 2011," KHRG, October 2011 ကိုကြည့်ပါ။
[897] ဘုန်းတော်ကြီးများသည် ဝတ်ပြုကျောင်းအတွင်းမှ ကျောက်မျက်ရတနာများကို ခိုးယူနိုင်ခဲ့ကြောင်းလည်းရွာသားများက တင်ပြကြသည်။ Source #203 ကိုကြည့်ပါ။

တားမြစ်သည့် ကုလသမဂ္ဂ၏ သဘောတူညီချက်" ကို ၁၉၉၁ ခုနှစ် ဇွန်လတွင်လက်ခံခဲ့သည်။[898] မြန်မာအစိုးရသည် "မူးယစ်ဆေးဝါး တိုက်ဖျက်ရေး" သည် ငြိမ်းချမ်းရေးသို့ ကူးပြောင်းခြင်း၏ ရည်ရွယ်ချက်များထဲမှ တစ်ခုဖြစ်ကြောင်း ထပ်ကာထပ်ကာ ပြောခဲ့သည်။[899] ထိုကဲ့သို့ပြောဆိုခြင်းသည် အလွန်သတိပြုစရာဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ယခင်က အပစ်အခတ်ရပ်စဲရေးဆိုသည်မှာ လက်နက်ကိုင် အဖွဲ့အစည်းများအတွက် မူးယစ်ဆေးဝါး လုပ်ငန်းလုပ်ဆောင်ရန် နိုင်ငံတော်တပ်ဖွဲ့များ၏ အနှောင့်အယှက်ပေးမည်ကို စိုးရိမ်စရာ မလိုစေသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။[900]

မကြာမီ နှစ်များက ရွှေတြိဂံမှ မူးယစ်ဆေးဝါး ဖြန့်ချိသူများသည် မက်သမ်ဖက်တမင်း ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိခြင်းကို တိုးချဲ့ လုပ်ကိုင်လာကြသည်။[901] ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ၏ နှစ်စဉ် ခန့်မှန်းခြေ မက်သမ်ဖက်တမင်း နှင့် ဘိန်း စုစုပေါင်း ထုတ်လုပ်မှုမှာ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်မှ သန်းနှစ်ထောင် အထိ ရှိကြောင်း ခန့်မှန်းသည်။[902] မကြာသေးမီက ခန့်မှန်းချက်များအရ မူးယစ်ဆေးဝါး တင်ပို့မှုသည် မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းတန်ဖိုးစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းသည်။[903] ၂၀၀၉ ခုနှစ်တွင် ဒေသတွင်း အကြီးဆုံး မူးယစ်ဆေး ရောင်းဝယ်သည့် အဖွဲ့ဖြစ်သည့် ဝပြည်ထောင်စုပါတီ ထိန်းချုပ်သော တရုတ်မြန်မာ နယ်စပ်ဒေသသည် မြန်မာနိုင်ငံတွင် မက်သမ်ဖက်တမင်း အဓိက ထုတ်လုပ်ရာ ဒေသဖြစ်သည်။ ထိုအချိန်က အချို့သော နိုင်ငံတကာ အဖွဲ့အစည်းများသည် မူးယစ်ဆေး ရောင်းချမှုတွင် မြန်မာလက်နက်ကိုင်တပ်များ ပါဝင်သည်ဟု ဆုံးဖြတ်ခဲ့သည်။[904] မြန်မာအစိုးရသည် မူးယစ်ဆေးဝါး၏ အကျိုးဆက်များကို နှိမ်နင်းရာတွင် မအောင်မြင်ခြင်း သက်သေအဖြစ် အမေရိကန် အစိုးရသည် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် တစ်ကြိမ်" ပြီးခဲ့သော ၁၂ လအတွင်း မြန်မာအစိုးရသည် နိုင်ငံတကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် ထားရှိသည့် ကတိများကို ပြည့်မီသည့် အားထုတ်မှုပြုရန် ရှင်းလင်းစွာ ပျက်ကွက်ခဲ့သည်" ဟု ကြေငြာခဲ့သည်။[905] ဤအခြေအနေများတွင် KHRG သည် သုတေသနပြုသည့် နေရာများတွင် မက်သမ်ဖက်တမင်း ၏ လူမှုရေးအကျိုးဆက်များနှင့် ပတ်သက်သည့် တင်ပြမှုများကို ရရှိခဲ့သည်။

တစ်ချိန်တည်းတွင် အချို့သော KHRG သုတေသနပြုရာ နေရာများနှင့် ဆက်စပ်သည့် မွန်လူမျိုးများ၏ ဒေသတွင် လူ့အခွင့်အရေး လှုပ်ရှားသူများက အဆိုပါ ဒေသများတွင် မူးယစ်ဆေး သုံးစွဲမှု ရုတ်တရက် မြင့်မားနေခြင်း၏ လူမှုရေး အကျိုးဆက်များကို တင်ပြခဲ့ကြသည်။[906] ယခင်က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ဖြန့်ဖြူးသော

---

[898] မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများ တရားမဝင် ရောင်းချခြင်း တိုက်ဖျက်ရေး ကုလသမဂ္ဂ သဘောတူညီချက်ကို ကြည့်ပါ။

[899] Adam Cooper, *Peacemaking in Myanmar: Progress to date and challenges ahead*, Oslo Forum, 2012; Increasing Drug Trade, Myanmar Peace Monitorကိုကြည့်ပါ။

[900] Joshua Kurlantzick, *Myanmar's Drug Problem*, Council on Foreign Relations, February 2012

[901] Phil Thornton, "*Myanmar's rising drug trade*", The Bangkok Post, February 12th 2012. ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး မက်သမ်ဖက်တမင်းထုတ်လုပ်သည့် နိုင်ငံဖြစ်လာကြောင်း အထောက်အထားများကို US Congressional Record Service က ကိုးကားခဲ့သည်။ Liana Sun Wyler, *Burma and Transnational Crime*, Congressional Record Service, p.10, August 2008 တွင်ကြည့်ပါ။

[902] Liana Sun Wyler, *Burma and Transnational Crime*, Congressional Record Service, p. 10 August 2008

[903] Phil Thornton, "*Myanmar's rising drug trade*", The Bangkok Post, February 12th 2012

[904] Tom Kramer, *Neither war nor peace: the future of the ceasefire agreements in Burma*, Transnational Institute, July 2009 စာမျက်နှာ ၂၉။

[905] ၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် *Memorandum of justification for major illicit drug transit or illicit drug producing countries* ကိုကြည့်ပါ။ ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် *Presidential Determination -- Major Drug Transit and Drug Producing Countries* ကိုကြည့်ပါ။ ဤအဖြစ်အပျက်တိုင်းတွင် သမ္မတ အိုဘားမားသည် မြန်မာနိုင်ငံကို ဤဆုံးဖြတ်ချက် ရရှိရန် ရည်ရွယ်သည့် ပိတ်ဆို့မှုများကို ဖယ်ရှားရန် ၎င်း၏ အခွင့်အာဏာကို သုံးခဲ့သည်။ ဤဆုံးဖြတ်ချက်များကို ထောက်ပံ့ရန် ရှာဖွေတွေ့ရှိချက် အသေးစိတ်ကို အမေရိကန်က မထုတ်ပြန်ခဲ့သော်လည်း ဆုံးဖြတ်ချက်သည် ပိတ်ဆို့မှုကို မသက်ရောက်စေခြင်းသည် မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဖေဖန်မှုသည် မြန်မာနိုင်ငံကို အပြစ်ပေးလိုသည့် နိုင်ငံရေးနှင့် မဆိုင်မှုကို ပြသည်။

[906] *Bitter pills: Breaking the silence surrounding drug problems in the Mon community*, Human Rights Foundation of Monland-Burma, June 2013

မက်သမ်ဖက်တမင်း များ စျေးသက်သက်သာသာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာမှုကြောင့် အဆိုပါ ဒေသများတွင် အသုံးပြုမှု များပြားလာခဲ့သည်။[907]
ကရင်နယ်များတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည်လည်း မူးယစ်ဆေး ရောင်းဝယ်ရာတွင် ပါဝင်ကြောင်း ဆိုကြသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် ထိုင်းအစိုးရသည် ၂၀၀၃ [908] ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တစ်ခုကို အခြေခံကာ DKBA ခေါင်းဆောင် ဗိုလ်ချုပ် နှုတ်ခမ်းမွေး[909]ကို အလိုချင်ဆုံး ရာဇဝတ်ကောင်စာရင်းတွင် ထည့်သွင်းပြီး ဆုကြေး ထိုင်းဘတ် ၂,၀၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆၂,၅၀၀) [910] ထုတ်ခဲ့သည်။ [911] ထိုဆောင်ရွက်ချက်မှာ ဘက်မလိုက်သော မူးယစ်ဆေးဝါး စုံစမ်းစစ်ဆေးရေးကြောင့်လား သို့မဟုတ် နိုင်ငံရေး ပါသလားဆိုသည့်အချက်မှာမူ မရှင်းလင်းပေ။ [912] ထိုကြေညာချက်ထုတ်ပြီး မကြာမီ DKBA သည် ထင်ထင်ပေါ်ပေါ်ဖြင့် ၎င်းတို့ ထိန်းချုပ်သော ဒေသများတွင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး လုပ်ခဲ့ပြီး ဘားအံခရိုင်၊ မြဝတီမြို့နယ်၏ အပိုင်းတစ်ပိုင်းကို "မူးယစ်ဆေးဝါးကင်းမဲ့ဇုန်" အဖြစ် ကြေညာ ခဲ့သည်။[913]

## ၂၀၁၂ မှစကာ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့် လူမှုရေး အကျိုးဆက်များ

၂၀၁၂ ခုနှစ် ဇန်နဝါရီမှစကာ မူးယစ်ဆေးဝါး ရောင်းချခြင်း၊ အသုံးပြုခြင်းနှင့် ၎င်းတို့ နှစ်ခု၏ အကျိုးဆက်များကို ဘားအံခရိုင် [914] နဘူးနှင့် ပိုင်ကျုံမြို့နယ်များမှ အများဆုံး တင်ပြပြီး ညောင်လေးပင် [915] နှင့် ဖာပွန်ခရိုင် [916] များမှ အနည်းငယ် တင်ပြသည်။ အစီရင်ခံစာ တင်ပြသည့် ကာလအတွင်းတွင် တပ်မတော် နယ်ခြားစောင့် တပ်မှူးများနှင့် စစ်သားများမှာ [917] မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပြစ်မှုများကို ကျူးလွန်သူများအဖြစ် အများဆုံး တင်ပြခံရပြီး တပ်မတော်၊ [918] DKBA၊ [919] KPF၊ [920] KNU/KNLA [921] နှင့် KNU/KNLA-PC [922] တို့လည်း ကျူးလွန်ကြောင်း

[907] *Bitter pills: Breaking the silence surrounding drug problems in the Mon community,* Human Rights Foundation of Monland-Burma, June 2013 ၊ စာမျက်နှာ ၂၂။

[908] Francis Wade, "The curious case of Thailand's 'Most Wanted', "Asian Correspondent, May 11th 2012။

[909] နှုတ်ခမ်းမွေး (နာမည်အရင်းမှာ စောလာပွယ်) သည် ဒီမိုကရက်တစ် ကရင်အကျိုးပြုတပ်မတော် (DKBA) ၏ တပ်မှူးဖြစ်သည်။ ၎င်းသည် KNU/KNLA မှ ၁၉၉၇ တွင် ထွက်ခဲ့ကာ DKBA တပ်ရင်း ၉၀၇ ၏ တပ်မှူးဖြစ်လာသည်။ ၂၀၀၇ ခုနှစ်တွင် ၎င်းကို DKBA တပ်ရင်းလေးခု ဖြစ်သည့် ၉၀၁၊ ၉၀၆၊ ၉၀၇ နှင့် လုံခြုံရေးတပ်ရင်း တို့၏ ခေါင်းဆောင် ကလို့ထူးဘော (ရွှေစည်) ဗျူဟာမှူး အဖြစ် ရာထူးတိုးခဲ့သည်။ ၂၀၁၉ ခုနှစ် မေလတွင် ထိုတပ်ကို DKBA တပ်မဟာ ၅ အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဗိုလ်နှုတ်ခမ်းမွေးက တပ်ရင်း အမှတ် ၉၀၁၊ ၉၀၅၊ ၉၀၆၊ ၉၀၇ နှင့် ၉၀၉ တို့ကို အုပ်ချုပ်သည်။ တပ်မဟာ ၅ သည် ဒူးပလာယာ နှင့် ဘားအံခရိုင်များမှ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်နှင့် မြဝတီ နယ်များတွင် လှုပ်ရှားသည်။ နှုတ်ခမ်းမွေးကို ထိုင်းနိုင်ငံက မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြင့် အလိုရှိသည်။

[910] ဤအစီရင်ခံစာတွင် သုံးသော ထိုင်းဘတ်ငွေလဲနှုန်းမှာ ၂၀၁၄ ခုနှစ် မတ်လ ၁၈ ရက်နေ့၏ တရားဝင် ငွေလဲနှုန်း တစ်ဒေါ်လာ ၃၂ ဘတ်ဖြစ်သည်။

[911] Saw Yan Naing, 'DKBA leader on Thailand's most-wanted list,"Irrawaddy, April 25th 2012။

[912] Francis Wade, "The curious case of Thailand's 'Most Wanted', "Asian Correspondent, May 11th 2012

[913] "DKBA (KKO) declares Myawaddy Township a drug free zone," Democracy for Burma, May 24th 2012

[914] ဥပမာ ဘားအံခရိုင် နဘူးမြို့နယ်တွင် ရွာသားများသည် မူးယစ်ဆေးဝါး ကျယ်ပြန့်စွာ ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းကြောင့် ၎င်းတို့ ကလေးများ၏ ကျန်းမာရေးနှင့် ဘဝများအပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်ပေါ်နေသည်ကို ဖော်ပြရန်အတွက် Source #164, 241, 155 နှင့် 159 ကိုကြည့်ပါ။

[915] ဥပမာ ၂၀၁၃ ခုနှစ်က တပ်မတော်သည် ညောင်လေးပင် ခရိုင်မှ ရွာသားများကို ဖာပွန်မှ ညောင်လေးပင်သို့ ဆေးခြောက် ကုန်ကူးခိုင်းသည်။ တပ်မတော်သည် ရွာသားများကို ဖာပွန်နှင့် ညောင်လေးပင် ခရိုင်များတွင် ဆေးခြောက် စိုက်ခိုင်းသည်။ Source #275 ကိုကြည့်ပါ။

[916] ဥပမာ ၂၀၁၃ ခုနှစ်က တပ်မတော်သည် ရွာသားများကို ဖာပွန်နှင့် ညောင်လေးပင် ခရိုင်များတွင် ဆေးခြောက် စိုက်ခိုင်းသည်။ ၎င်းတို့သည် တယောထ ဒေသမှ မက်သမ်ဖက်တမင်း များကို တင်သွင်းပြီး ဖာပွန်ခရိုင်တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန် ဆက်လက် တွန်းအားပေးသည်။ Source #275 ကိုကြည့်ပါ။

[917] KHRG သည် ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် နယ်ခြားစောင့်တပ်များက မက်သမ်ဖက်တမင်း ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို လုပ်ဆောင်ကြောင်း သတင်းများစွာကို ရရှိသည်။ Source #199 ကိုကြည့်ပါ။

[918] ဥပမာ တပ်မတော်သည် ရွာသားများကို ဖာပွန်နှင့် ညောင်လေးပင် ခရိုင်များတွင် ဆေးခြောက် စိုက်ခိုင်းသည်။ Source #275 ကိုကြည့်ပါ။

[919] ဥပမာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက DKBA စစ်သားတစ်ယောက်သည် ဆေးသုံးစွဲမှုကြောင့် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ -------- ကျေးရွာတွင် သေနတ်ကို အဆင်အခြင်မဲ့ ပစ်ခတ်ခဲ့သည်။ Source #155 ကိုကြည့်ပါ။

[920] ဥပမာ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ နိထဘော ကျေးရွာအုပ်စု၊ -------- ကျေးရွာတွင် KPF မိသားစုများသည် တစ်ခါတစ်ရံ မက်သမ်ဖက်တမင်းများ ရောင်းချသည်။ Source #241 ကိုကြည့်ပါ။

[921] Source #164 ကိုကြည့်ပါ။

တင်ပြကြသည်။ KHRG သည် မြိတ်-ထားဝယ် ခရိုင်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် KNU တို့ ပူးပေါင်းကာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းအဖြစ် မူးယစ်ဆေးတစ်မျိုးဖြစ်သော kratom ရွက်များ [923] အများအပြားကို မီးရှို့ခြင်းနှင့် သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် KNU သည် လောင်းကစားဝိုင်းတစ်ခုကို ၎င်းနှင့် ဆက်စပ်အကျိုးဆက်များကို တိုက်ဖျက်ရန် ပိတ်ခဲ့ကြောင်း သတင်းရရှိသည်။[924]
အပစ်အခတ် ရပ်စဲပြီးကတည်းက မူးယစ်ဆေးနှင့် ပတ်သက်သော အခွင့်အရေး ချိုးဖောက်မှုနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ပိုမိုရရှိခဲ့သည်။[925] ထိုသတင်းအချက်အလက်များသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ရွာသားများ ကြုံတွေ့ခဲ့ရသည့် ကျူးလွန်မှုများ၏ ရာခိုင်နှုန်း အနည်းငယ်ကိုသာ ကိုယ်စားပြုသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ရွာသားများသည် အခြား ကျူးလွန်မှုများကို တင်ပြခြင်းထက် မူးယစ်ဆေးဝါးဆိုင်ရာ ကျူးလွန်မှုများအကြောင်းကို တင်ပြပြောဆိုရန် တွန့်ဆုတ်နေတတ်ကြောင်း KHRG ၏ သတင်းကောက်ယူသူများထံမှ ထပ်ကာထပ်ကာ ကြားရသည်။ အောက်ပါ သတင်းအချက်အလက်အပြင် သတင်းကောက်ယူသူများသည် ရွာသားများနှင့် အကြိမ်များစွာ စကားပြောဆိုခဲ့ပြီး ထိုပြောဆိုချက်များအားလုံးကို အများပြည်သူသို့ မတင်ပြရန် တောင်းဆိုခဲ့ကြသည်။

သတင်းကောက်ယူသူတစ်ယောက်က ၎င်းနှင့် ထိုကိစ္စ စကားပြောရန် ဆန္ဒရှိသူတစ်ယောက်သည်ပင်လျှင် အလွန် စိုးရိမ်နေခဲ့ပြီး *"ဒါကို ကျွန်တော်ပြောမှန်း လူတွေသိရင် ကျွန်တော့်ကို သူတို့ သတ်မှာ"* ဟုပြောခဲ့ကြောင်း ပြောသည်။[926] မူးယစ်ဆေးဝါး အသုံးပြုခြင်း၊ [927] ထုတ်လုပ်ခြင်း [928] နှင့် လက်နက်ကိုင် အဖွဲ့များကိုယ်တိုင် သို့မဟုတ် ထိုအဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းများကြောင့် ၂၀၁၂ မှ ၂၀၁၃ ခုနှစ်တွင် ရွာသားများအပေါ် ဖြစ်ပေါ်သော မကောင်းသော သက်ရောက်မှုများ သုံးခုကို ရွာသားများက တင်ပြခဲ့ကြသည်။ [929] ထို အနုတ်သဘောဆောင်သော သက်ရောက်မှုများမှာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် [930] လူသတ်မှုများ၊ လူငယ်များနှင့် လူ့အသိုင်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှု၊ ဆေးစွဲခြင်းနှင့် စိတ်ကျန်းမာရေး ပြဿနာများ ပါဝင်သည်။ [931] KHRG သည် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်သည့် အဓမ္မပြုကျင့်မှုတစ်ခု [932] နှင့် မူးယစ်ဆေးဝါးကြောင့် လက်နက်ကိုင်များက

[922] ဥပမာ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ယောခူကျေးရွာအုပ်စု၌ မက်သမ်ဖက်တမင်း ရောင်းဝယ်မှုတွင် KNU/KNLA ပါဝင်သည်။ Source # 164 ကိုကြည့်ပါ။

[923] ကရင်တွင် ဘယ်ထိဟု ခေါ်သော ခရာတွန် ရွက်ကို ဂါးလျှင် အနည်းငယ် မူးယစ်သည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် ခရာတွန် ကို တရားမဝင် အပင်အဖြစ် သတ်မှတ်ထားသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့က မြိတ်-ထားဝယ်၊ တနင်္သာရီမြို့နယ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် KNU ခေါင်းဆောင်များသည် ဒေသအခေါ် ဘယ်ထိ (သို့) ခရာတွန် မူးယစ်ဆေးဝါး ထုတ်လုပ်မှု အများအပြားကို ဖျက်ဆီးရန် စတင်ခဲ့သည်။ Source #272 ကိုကြည့်ပါ။

[924] ဥပမာ သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် လူမှုရေးဆိုးကျိုးများကို တားဆီးရန်အတွက် လောင်းကစားဝိုင်းတစ်ခုကို KNU က ပိတ်ခဲ့သည်။ Source #203 ကိုကြည့်ပါ။

[925] KHRG သည် အပစ်အခတ် ရပ်စဲခြင်း မပြုလုပ်မီက မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အစီရင်ခံစာများကို ငါးနှစ်အတွင်း တစ်စောင်မျှ မထုတ်ပြန်ခဲ့ပေ။ သို့သော် အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်းတွင် သတင်းအချက်အလက်များစွာ ရရှိခဲ့သည်။

[926] Source #164ကိုကြည့်ပါ။

[927] ဘားအံခရိုင် နဘူးမြို့နယ်တွင် မူးယစ်ဆေးဝါး ကျယ်ပြန့်စွာ သုံးစွဲမှုနှင့် ၎င်း၏ ဆိုးကျိုးများအတွက် Source #155 ကိုကြည့်ပါ။

[928] ဥပမာ ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် ဒေသတွင်း မူးယစ်ဆေး ထုတ်လုပ်မှုသည် မူးယစ်ဆေးသုံးစွဲမှုနှုန်း တိုးမြင့်လာစေပြီး လူမှုရေး ဆိုးကျိုးများဖြစ်ပေါ်စေခြင်းကို Source #155 ကိုကြည့်ပါ။

[929] ၂၀၁၂-၂၀၁၃ ခုနှစ်များ အတွင်း ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် မူးယစ်ဆေး ကျယ်ပြန့်စွာရောင်းဝယ်ရေး အစီရင်ခံစာနှင့်ပတ်သတ်၍ Source #155 ကိုကြည့်ပါ။

[930] ဘားအံခရိုင်၊ နဘူးမြို့နယ်တွင် ၂၀၁၃ ခုနှစ် မတ်လ တစ်လတည်းတွင် လူသတ်မှု သတင်းကို KHRG ရရှိခဲ့သည်။ Source #164 ကိုကြည့်ပါ။

[931] ဥပမာ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ နိကေးကျေးရွာအုပ်စု၊ ------ ကျေးရွာတွင် လူငယ်များသည် မက်သမ်ဖက်တမင်း အလွန်အကျွံသုံးစွဲခြင်းကြောင့် ဆေးမူးကာ လူငယ်တစ်ဦးက ရွာသားများ၏ ပစ္စည်းများစွာကို ဖျက်ဆီးခဲ့သည်ကို Source #155 ကိုကြည့်ပါ။

[932] ၂၀၁၂ ခုနှစ် အောက်တိုဘာလက ဘားအံခရိုင်၊ နဘူးမြို့နယ်၊ --------- ကျေးရွာမှ အသက်၂၀ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မက်သမ်ဖက်တမင်း သုံးစွဲသည့် စော------ (၂၃ နှစ်) က အဓမ္မပြုကျင့်ကာသတ်ဖြတ်ခဲ့သည်။

ရွာသားများ၏ လုံခြုံရေးကို ခြိမ်းခြောက်မှုတစ်ခုတို့ကို တင်ပြထားသည့် သတင်းအချက်အလက်များ ရရှိခဲ့သည်။ [933] ထို့ပြင် မူးယစ်ဆေးဝါးများအား ဖျက်ဆီးသည့် သတင်းတစ်ခုကိုလည်း KHRG က ရရှိခဲ့သည်။[934]
မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် အဆိုးဆုံး ပြဿနာများမှာ ဘားအံခရိုင် နဘူးနှင့် ပိုင်ကျုံမြို့နယ်များတွင် ဖြစ်ပွားခဲ့သည်။ ထိုမြို့နယ်များမှ ဈေးဆိုင်ငယ်လေးများတွင် မက်သမ်ဖက်တမင်း ဆေးပြားများ အလွယ်တကူရပြီး ဆေးစွဲခြင်းနှင့် လူမှုရေး ပြဿနာများဖြစ်ပေါ်စေကြောင်း ရွာသားများက ပြောသည်။[935] KNU/KNLA, KNU/KNLA-PC, တပ်မတော်၊[936] KPF[937] နှင့် နယ်ခြားစောင့် တပ်များနှင့် ဆက်စပ်သော ရွာသားများသည် မူးယစ်ဆေးဝါးများ ရောင်းချ၊ အသုံးပြုသော်လည်း နယ်ခြားစောင့်တပ် စစ်သားများမှာ ဒေသအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဒေသတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် အကြမ်းဖက်မှုများ [938] တွင် အဓိက တာဝန်ရှိသူများဖြစ်သည်။[939]

> *"အသက် ၁၆နှစ်အရွယ် [မက်သမ်ဖက်တမင်း] သုံးစွဲသော ကျောင်းသားတစ်ယောက်သည် ပိုက်ဆံအားလုံးကို မူးယစ်ဆေးဝါး သုံးပစ်ပြီး [နယ်ခြားစောင့်တပ်များရောင်းသော မက်သမ်ဖက်တမင်း ဆေးပြားများဝယ်ရန်] ၎င်း၏ ဆိုင်ကယ်ကို ပေါင်နှံခဲ့သည်။ ၎င်း၏ မိဘများက "မင်းဆိုင်ကယ်ကို ဘယ်မှာ သိမ်းထားလဲ" ဟုမေးခဲ့ကြသည်။ ၎င်း၏ အဖေသည် ထပ်ကာထပ်ကာ မေးခြင်းကြောင့် သူ့အဖေကို ပြောပြခဲ့သည်။ အဖေက "သား အဖေက မင့်အတွက် အဲဒီ ဆိုင်ကယ်ကို ဘတ် ၃၈၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၈၇)[940] ပေးပြီး ဝယ်ခဲ့တာ မင်းက ကသီကသေ [မက်သမ်ဖက်တမင်း ဆေးပြား] ၃၀ နဲ့ ရောင်းခဲ့တယ်။ ဒီမှာ ပိုက်ဆံယူသွား။ ဆိုင်ကယ်သွားပြန်ရွေးချေ" ဟု ပြောကြားခဲ့သည်။ ထို့နောက် ကလေးသည် ဆိုင်ကယ်ပေါင်ခဲ့သည့် နေရာတွင် သူသည် ဆေးပြားရောင်းသည့် [နယ်ခြားစောင့်တပ်စစ်သား]နှင့် တွေ့ကာ သူ့ဆိုင်ကယ်ကို ပြန်တောင်းခဲ့သည်။ ၎င်းတို့ကို ပိုက်ဆံ ပြန်ပေးသောအခါ ထိုသတင်းကို လူများသိမည်စိုးသဖြင့် ကောင်လေးကို ဖမ်းကာ အုတ်ခဲဖြင့် ရိုက်သတ်ခဲ့သည်။"*
>
> KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံ ခရိုင်၊ နဘူးမြို့နယ်၊ -------- ကျေးရွာ/ ကရင်ပြည်နယ် အလယ်ပိုင်း၊ (၂၀၁၃ ခုနှစ် မတ်လမှ မေလ)[941]

အခြားဖြစ်ရပ်တစ်ခုမှာ နဘူးမြို့နယ်တွင် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၆ ၏ တပ်သားများ မူးယစ်ဆေးဝါး ရောင်းဝယ်ကြောင်းကို လူသိရှင်ကြားပြောဆိုခဲ့သော အသက် ၆၂ နှစ်အရွယ် အဘွားအို တစ်ယောက်အား ၎င်းတို့၏ လုပ်ငန်းများအကြောင်း တိုင်ကြားမည်ကို စိုးရိမ်သဖြင့် စစ်သားများက သတ်ပစ်ခဲ့ကြောင်း တင်ပြကြသည်။[942] အဆိုပါ မြို့နယ်မှ ရွာသားများသည် ၎င်းတို့၏ ရပ်ရွာလူထု အပေါ် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် မကောင်းသော အကျိုးဆက်များကို မတင်ပြရန် အစိုးရနှင့် ပတ်သက်သူများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ ခြိမ်းခြောက်မှုများကို ခံရကြောင်း တင်ပြကြသည်။ ထို့ကြောင့် ရွာသားများသည် ကြောက်ရွံ့ကာ မလုံမခြုံ ခံစားကြရပြီး

---

[933] ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီက DKBA စစ်သားတစ်ယောက်သည် မူးယစ်ဆေးဝါးအသုံးပြုပြီး ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ------- ကျေးရွာတွင် သေနတ်ကို အဆင်အခြင်မဲ့ ပစ်ခဲ့သည်။ Source #155 ကိုကြည့်ပါ။

[934] ၂၀၁၃ ခုနှစ် ဇန်နဝါရီလက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် KNU ခေါင်းဆောင်များသည် မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီ မြို့နယ်တွင် ဘယ်ထိပင်များကို ဖျက်ဆီးခဲ့သည်။ Source #272 ကိုကြည့်ပါ။

[935] ရပ်ရွာတွင်းရှိ စတိုးဆိုင်များတွင် မူးယစ်ဆေးဝါးများ ရရှိခြင်းနှင့် ထိုသို့ ရရှိခြင်းကြောင့် ဆေးစွဲခြင်း၏ ဆိုးကျိုးများကို Source #360 ကိုကြည့်ပါ။

[936] တပ်မတော်၊ KNLA နှင့် KNU-PC တို့ မူးယစ်လုပ်ငန်းများတွင် ပါဝင်မှုအညွှန်းအတွက် Source #164 ကိုကြည့်ပါ။

[937] Source #241 ကိုကြည့်ပါ။

[938] ဥပမာ နဘူးနှင့် ပိုင်ကျုံ မြို့နယ်များတွင် နယ်ခြားစောင့်တပ် အမှတ် ၁၀၁၆ တပ်မှူး မြခိုင်က မက်သမ်ဖက်တမင်း ထုတ်လုပ်ပြီး သကြားလုံးကဲ့သို့ ထုတ်ပိုးကာ နေရာတိုင်းတွင် ရရှိနိုင်ခြင်းသည် အကြီးမားဆုံး ပြဿနာအဖြစ် ရွာသားတစ်ဦးက တင်ပြထားသည်။ Source #336 ကိုကြည့်ပါ။

[939] ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ယောခူကျေးရွာအုပ်စုတွင် အချို့သော ရွာသားများက နယ်ခြားစောင့်တပ်အား မက်သမ်ဖက်တမင်း ရောင်းချကြောင်း ရွာသားများက ၂၀၁၃ ခုနှစ် မေလက ပြောခဲ့သည်။ Source #164 ကိုကြည့်ပါ။

[940] ဤအစီရင်ခံစာတွင် သုံးသော ထိုင်းဘတ်ငွေလဲနှုန်းမှာ ၂၀၁၄ ခုနှစ် မတ်လ ၁၈ ရက်နေ့၏ တရားဝင် ငွေလဲနှုန်း တစ်ဒေါ်လာ ၃၂ ဘတ်ဖြစ်သည်။

[941] Source #164 ကိုကြည့်ပါ။

[942] Source #164 ကိုကြည့်ပါ။

NGO များ၊ ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများ၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို တိုင်ကြားနိုင်စွမ်းများ ကျဆင်းရသည်။[943]

*"ကျွန်တော်တို့ သတိလက်လွတ် မပြောရဲဘူး။ ကျွန်တော်တို့ ပြောရင် ကျွန်တော်တို့ကို လာသတ်မှာ ကြောက်တယ်။ ကျွန်တော်တို့ အဲဒီ [မူးယစ်ဆေးဝါး ရောင်းဝယ်တာနဲ့ သုံးစွဲတာကို] မကြိုက်ဘူး။ ဒါပေမယ့် [ဘာမှ]လဲ မလုပ်နိုင်ဘူး"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ----------- ကျေးရွာ/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၃ ခုနှစ် မတ်လမှ မေလထိ)[944]

အဖြစ်အပျက်တစ်ခုတွင် မူးယစ်ဆေးရောင်းသော နယ်ခြားစောင့်တပ်သားတစ်ဦးသည် နဘူးမြို့နယ်မှ ရွာသားများကို သတင်းပေးခြင်းမှ တားမြစ်ရန် လူသိရှင်ကြား ခြိမ်းခြောက်ခဲ့သည်။

*"မူးယစ်ဆေးဝါး ထုတ်လုပ်သူ၊ သုံးစွဲသူ၊ ရောင်းချသူကို ငါတို့က ဘယ်လို အပြစ်ပေးမှုမျိုး၊ ထောင်ချမှုမျိုးကိုမှ မလုပ်ဘူး။ ဒါပေမယ့် ဒီအကြောင်းကို လျှောက်ပြောသူ၊ တိုင်ကြားသူတွေကို ပြင်းပြင်းထန်ထန် အပြစ်ပေးသွားမယ်။"*

KHRG ဒေသခံ အဖွဲ့ဝင်တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်း အခြေအနေ တင်ပြချက်။ ကရင်ပြည်နယ် အလယ်ပိုင်း ဘားအံခရိုင်၊ နဘူးမြို့နယ်/ ကရင်ပြည်နယ် အလယ်ပိုင်း။ (၂၀၁၃ ခုနှစ် စက်တင်ဘာလ)[945]



ဤဓာတ်ပုံကို KHRG သုတေသနပြုသူတစ်ယောက်က ၂၀၁၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့က နဘူးမြို့နယ်၊ နိုးခေး ကျေးရွာအုပ်စု၊ --------- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် မက်သဖက်တမင်း ဆေးပြားများကို လက်လီရောင်းရန် ထုတ်ပိုးထားပုံဖြစ်သည်။ ထိုဆေးများ ရောင်းချခြင်းကြောင့် ထိခိုက်ခဲ့ရသည့် ရွာသားများနှင့် စကားပြောခဲ့သော KHRG သုတေသနပြုသူအရ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ထိုဆေးများကို ထုတ်လုပ်ပြီး နဘူးနှင့် ပိုင်ကျုံမြို့နယ်များမှ ရွာများစွာတွင် ရောင်းချသည်။ ဆေးပြားများကို နဘူးနှင့် နိုထဘော တောင်စောင်းများတွင် ထုတ်လုပ်သည်။ ဆေးကို နယ်ခြားစောင့်တပ် စစ်သားမိသားစုများက ကျယ်ကျယ်ပြန့်ပြန့် ရောင်းချခြင်းကြောင့် အခြားရွာသားများက ထိုဆေးကို ရောင်းရန် ကြောက်ရွံ့ကြကြောင်း ၂၀၁၂ ခုနှစ် ဇူလိုင်လက ------- ကျေးရွာမှ အခြားရွာသားတစ်ဦးက ပြောသည်။[946][ဓာတ်ပုံ - KHRG]

နဘူးမြို့နယ်မှ ရွာသားများကလည်း ၎င်းတို့သည် ဆေးဝါးများ ကျယ်ပြန့်စွာ သုံးစွဲခြင်း[947] ကို မရပ်တန့်နိုင်ဘဲ ရွာသားများစွာသည် ၎င်းတို့ သုံးစွဲခြင်းဖြင့်လည်းကောင်း မိသားစုဝင်များ သုံးစွဲခြင်းဖြင့်လည်းကောင်း ပိုမိုဆင်းရဲလာကြသည်။[948] စစ်သားများသည်ပင် ကြားဝင်ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ရှိသည်။ KNLA အဖွဲ့ဝင်တစ်ယောက်က ၎င်း၏တပ်သည် မူးယစ်ဆေးဝါး ရောင်းကားသူများကို ရင်ဆိုင်ခြင်းဖြင့် အခြားလက်နက်ကိုင် အဖွဲ့များနှင့် ပဋိပက္ခ မဖြစ်လိုကြောင်း KHRG သုတေသနပြုသူကို ပြောသည်။[949] သို့သော် အခြားဒေသများတွင်

[943] Source #155 ကိုကြည့်ပါ။

[944] Source #164 ကိုကြည့်ပါ။

[945] Source #170 ကိုကြည့်ပါ။

[946] Source #235 ကိုကြည့်ပါ။

[947] ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ------ နှင့် ------- ကျေးရွာများမှ ရွာသားများသည် ၎င်းတို့ဒေသရှိ မူးယစ်ဆေး၏ အကျိုးဆက်များကို မနှစ်သက်ပေ။ သို့သော် မူးယစ်ဆေး ရောင်းချသူများမှာ လက်နက်ကိုင်များ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် မည်သို့မျှ မတတ်နိုင်ပေ။ Source #159 ကိုကြည့်ပါ။

[948] ဘားအံခရိုင်၊ နဘူးမြို့နယ်မှ ရွာသားများက ရွာသားများစွာသည် မူးယစ်ဆေးကြောင့် ပိုဆင်းရဲလာကြောင်း တိုင်ကြားခဲ့သည်။ Source #199 နှင့် 144 ကိုကြည့်ပါ။

[949] ဘားအံခရိုင် နဘူးမြို့နယ်တွင်ဖြစ်သည်။ Source #159 ကိုကြည့်ပါ။ ဤဖော်ပြချက်သည် မူးယစ်ဆေးဝါး ရောင်းဝယ်မှုအား တိုက်ဖျက်ရန်အတွက် ဆန္ဒမည်မျှ ရှိကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးသည် ပြဿနာကို ဖြေရှင်းခြင်းမပြုရန် ဆင်ခြေတစ်ခုအဖြစ် မည်သည့် ပမာဏအထိ တည်ရှိနေသည်မှာ မရှင်းလင်းပေ။ အလားတူဖြစ်ရပ်အတွက် KNLA အရာရှိတစ်ယောက်က ၎င်း၏အဖွဲ့သည် မူးယစ်ဆေးဝါးကို

အာဏာပိုင်များသည် မူးယစ်ဆေးဝါးဆန့်ကျင်ရန် ဆန္ဒရှိကြပြီး မြိတ်-ထားဝယ် ခရိုင်တွင် ပြည်သူ့ရဲနှင့် KNU ခေါင်းဆောင်များသည် မူးယစ်ဆေးဝါးဖြစ်သော ခရာတွန် အရွက် အများအပြားကို မီးရှို့ခဲ့ကြသည်။[950]







ဤဓာတ်ပုံ နှစ်ပုံကို KHRGမှ သတင်းကောက်ယူသူတစ်ယောက်က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဘားအံခရိုင်၊ နဘူးမြို့နယ်၊ ယော်ခူးကျေးရွာအုပ်စု၊ ----- ကျေးရွာ၌ ရိုက်ယူခဲ့သည်။ ဘယ်ဘက်မှပုံသည် ဖရဲသီး၊ မုန့်များအပြင် မက်သမ်ဖက်တမင်းပါ ရောင်းချသည့် ဆိုင်တစ်ဆိုင်ဖြစ်သည်။ ညာဘက်မှ ပုံသည် အဆိုပါ ဆိုင်အနီးမှ စာသင်ကျောင်း ဖြစ်ပြီး ကျောင်းသားများသည် ထိုဆိုင်မှ မူးယစ်ဆေးဝါး များ ဝယ်ယူကြောင်း ပြောကြသည်။[951][ဓာတ်ပုံ - KHRG]






ဤဓာတ်ပုံ နှစ်ပုံကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့က ဘားအံခရိုင် နဘူးမြို့နယ်၊ မြပတိုင်နီး ကျေးရွာအုပ်စု၊ ------- ကျေးရွာတွင် KHRG သုတေသန ပြုသူတစ်ယောက်က ရိုက်ယူခဲ့သည်။ ဓာတ်ပုံများသည် နယ်ခြားစောင့်တပ်ရင်း ၁၀၁၆၏ တပ်မှူး မြခိုင်၏ စစ်သားများက ထုတ်လုပ်သော မက်သမ်ဖက်တမင်း ဆေးပြားများပုံဖြစ်သည်။ KHRG သုတေသနပြုသူအရ ဆေးပြားများကို သကြားလုံးပုံစံ ထုတ်ပိုးထားပြီး နဘူးနှင့် ပိုင်ကျုံမြို့နယ်များတွင် နေရာတိုင်းတွင် ရသည်။[952][ဓာတ်ပုံ - KHRG]



ဤဓာတ်ပုံကို KHRG သုတေသနပြုသူက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့က ဘားအံခရိုင် နဘူးမြို့နယ် နိတဖွေး ကျေးရွာအုပ်စု၊ -------- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ဓာတ်ပုံတွင် အုပ်ခံ သွပ်မိုး အဆောက်အဦးနှစ်လုံးပါရှိသည်။ အဆိုပါ တိုက်များကို နယ်ခြားစောင့်တပ် ၁၀၁၆ တပ်မှူး စောတိုနီက ပိုင်ဆိုင်ပြီး အဆိုပါ တိုက်တွင် မူးယစ်ဆေးဝါးများ ရောင်းချသည်။ နယ်ခြားစောင့်တပ် ၁၀၁၆ ကို မြခိုင်က အုပ်ချုပ်ပြီး ကျေးပေါ်ခလားကိုးတွင် အခြေစိုက်သည်။[953] [ဓာတ်ပုံ - KHRG]

---

ဆန့်ကျင်ပြီး အပစ်အခတ်ရပ်စဲရေးကို ထိခိုက်မည်စိုးသဖြင့် မဆောင်ရွက်နိုင်ကြောင်းကို *Bitter pills: Breaking the silence surrounding drug problems in the Mon community,* Human Rights Foundation of Monland-Burma, June 2013 ၏ စာမျက်နှာ ၅၄ တွင်ကြည့်။

[950] ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့က မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် KNU ခေါင်းဆောင်များသည် ဒေသအခေါ် ဘယ်ထိ၊ ခရာတွန် မူးယစ်ဆေး ထုတ်လုပ်မှု အများအပြားကို ဖျက်ဆီးခဲ့သည်။ Source #272 ကိုကြည့်ပါ။

[951] Source #272 ကိုကြည့်ပါ။

[952] Source #336 ကိုကြည့်ပါ။

[953] Source #360 ကိုကြည့်ပါ။

**အကြံပြုတင်ပြချက်များ**

တပ်မတော် နယ်ခြားစောင့်တပ်များ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းအတွက် အစိုးရတွင် တာဝန်ရှိပြီး လက်ရှိ ဥပဒေများကို အကောင်အထည်ဖော်ရန်နှင့် တပ်မှူးများကို တာဝန်ခံခိုင်းရန် တာဝန်ရှိသည်။ မူးယစ်ဆေးဝါးများကို များသောအားဖြင့် လက်နက်ကိုင် အဖွဲ့အစည်းများက ထုတ်လုပ်သောကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် တိုင်ကြားချက်များကို ကြားနာခြင်းနှင့် ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ ထို့ပြင် ပြည်တွင်းပြည်ပမှ မူးယစ်ဆေးစွဲခြင်းနှင့် ပြန်လည်ကုသခြင်း ကျွမ်းကျင်သူများသည် မက်သမ်ဖက်တမင်း ဆေးဝါးများ သုံးစွဲခြင်းကြောင့် သုံးစွဲသူ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ရေရှည်နှင့် ရေတို အကျိုးဆက်များကို ပြောပြပေးနိုင်ပြီး ဆေးစွဲပြီးသူများကိုလည်း ပြန်လည်ကုသပေးနိုင်သည်။ ဘာသာရေး ခေါင်းဆောင်များသည် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို တိုက်ဖျက်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် မူးယစ်ဆေးဝါးပြဿနာများကို တင်ပြခြင်းအတွက် တပ်မတော် နယ်ခြားစောင့်တပ်များ၏ ပေါ်တင်ခြိမ်းခြောက်မှု အန္တရာယ် နည်းပါးခြင်းကြောင့်ဖြစ်သည်။



၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးအကြား အပစ်အခတ်ရပ်စဲရေး ပဏာမသဘောတူညီချက် လက်မှတ်ထိုးပြီးသည့်နောက် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျေးလက်ဒေသများတွင် လူ့အခွင့်အရေး အခြေအနေများ ပြောင်းလဲလာပါသည်။ လူ့အခွင့်အရေးအခြေအနေများကို ၎င်းတို့၏ကိုယ်ပိုင် လူ့အဖွဲ့အစည်းတွင် စောင့်ကြည့်မှတ်သားရန် လေ့ကျင့် ပေးထားသော ရွာသားများမှ လွန်ခဲ့သော နှစ်နှစ်အတွင်း ကောက်ယူထားသော နှုတ်ဖြင့်မေးမြန်းခြင်း ၃၈၈ ခု နှင့် စာရွက်စာတမ်း စုစုပေါင်း ၁၄၀၄ ခု ပါဝင်သည့် သတင်းအချက်အလက်များအား စိစစ်ရေးဆွဲပြီး လူ့အခွင့်အရေးချိုးဖောက်မှု (သို့) ချိုးဖောက်မှုနှင့် ဆက်နွယ်သော အကြောင်းအရာအမျိုးအစား ၁၆ ခုကို တင်ပြထားပါသည်။ ဤစီစစ်ချက်သည် နှစ်ပေါင်း ၂၀ အတွင်း KHRG ၏ သုတေသနပြုရာနေရာ ၇ ခု၌ ဖြစ်ပွားခဲ့သော ချိုးဖောက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ မကြာသေးမီက ထုတ်ဖော်ပြောဆိုချက်များကို တင်ပြထားခြင်း ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီး နောက်ပိုင်းတွင် ပြောင်းလဲလာသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ဒေသခံများ၏ တုံ့ပြန်ချက်များအား လည်း စနစ်တကျ မှတ်တမ်းတင်ခြင်း မရှိသေးပါ။ အပစ်အခတ် ရပ်စဲရေးလုပ်ငန်းစဉ်အပေါ် ဒေသခံရွာသားများထားရှိသည့် သဘောထားများ စိုးရိမ်မှုများသည်လည်း အလားတူပင် မှတ်တမ်းတင်ရန် ကျန်ရှိနေပါသေးသည်။ ထို့ကြောင့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်ကျေးလက်ဒေသများတွင် နေထိုင်သော ဒေသခံများ၏ အခြေအနေကို တင်ပြပေးခြင်းဖြင့် ဒေသတွင်းရှိအဖွဲ့များ၊ ပြည်တွင်းနှင့် နိုင်ငံတကာရှိ လုပ်ဆောင်မှု ပြုသူများမှ လုပ်ငန်းလုပ်ဆောင်ရာနှင့် မူဝါဒများ ချမှတ်ရာတွင် ဒေသတွင်းရွာသားများ၏ အခြေအနေကို အခြေခံပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့် ဦးစားပေးမှုများကို နားလည်သဘောပေါက်ကာ ပြုလုပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

> *"ငြိမ်းချမ်းစွာ နေထိုင်ရဖို့ဆိုရင် တပ်မတော် နဲ့ KNU ကြား အပစ်ခတ်ရပ်စဲရေး နှင့် ပတ်သက်တဲ့ သဘောတူညီချက်များမှာ လက်မှတ်ရေးထိုးဖို့ ကျွန်တော်တို့လိုချင်ပါတယ်။ တိုက်ခိုက်ခြင်း မရှိဘဲ....သူတို့သာ လက်တွဲမယ်ဆိုရင် ပြည်သူလူထုရဲ့ ဘဝတွေဟာ တိုးတက် မှာပါ... လွတ်လပ်စွာ သွားလာ နိုင်ခြင်း အပါအဝင်ပေါ့..."*
>
> အောင်.... (ကျား ၄၂), ...... ကျေးရွာ၊ သထုံ မြို့နယ်၊ သထုံ ခရိုင် (၂၀၁၂ မေလ တွေ့ဆုံမေးမြန်းချက်)

> *"၁၉ ၉ ၈ ကနေ ယခု ၂၀၁၃ အထိ၊ ကျွန်တော်တို့ အနေနဲ့ တစ်ခြားရွာတွေမှာနေ နေရတယ်။ ဘယ်လိုမှ ဆက်မနေ နိုင်တော့ဘူး၊ ဒါကြောင့် ကျွန်တော် ခင်ဗျားတို့ အပါအဝင် အားလုံးကိုတောင်းဆိုချင်တာ ကတော့ တပ်မတော်စစ်တပ်တွေ ကျွန်တော်တို့ ရွာတွေ နားကနေ ပြောင်းရွှေ့ပေးဖို့ပါပဲ။ ကျွန်တော်တို့ရဲ့ ပစ္စည်းတွေ၊ မြေတွေ ကို ပြန်ကြည့်ပြီး ရွာမှာပြန်လည်လုပ်ကိုင် နေထိုင်နိုင်ဖို့ အတွက် တောင်းဆိုခြင်းလည်း ဖြစ်ပါတယ်။"*
>
> စော......၊ ...... ကျေးရွာ၊ လူသော်မြို့နယ်၊ ဖာပွန် ခရိုင် (၂၀၁၃ ဇွန်လ တွေ့ဆုံမေးမြန်းချက်)

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့အစည်းသည် လွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် တွေ့ကြုံခံစားနေရသော အဖြစ်အပျက်များနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို စုဆောင်းမှတ်တမ်းယူနိုင်စေရန် သင်တန်းပို့ချပေးခြင်းနှင့် လိုအပ်သည့် ထောက်ကူပစ္စည်းများ ပံ့ပိုးပေးလျှက်ရှိသည်။ ထို့အပြင် ရရှိသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျှက်ရှိသည့် ရွာသားများ၏ နည်းဗျူဟာများ ပိုမိုကောင်းမွန်စေရန် ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်းဖြင့် မြန်မာပြည်ရှိ လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများကို အသေးစိတ် သိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

KHRG Karen Human Rights Group

Documenting the voices of villagers in rural Burma